

ကျေးဇူးတော်ရှင် အဂ္ဂမဟာရဟန္တာ

ပိုးကုတ်ဆရာတော်တုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဘေတ်အစဉ်

အပရဟူရန္ဒြ၊ မဂ်လာတိုက်ဟောင်း၊ မိုးထုတ်သရာတော် ဦးဝိမလစ်
ပဋိစ္စသမုပ္ပါဒ် ဖြတ်လစ်ကြည့်ရှုရာ ဂေါ်ပိုင်းဒေသနာ၊


ဝိပါကဝင်္ဂ (၈) ပါး
ကိလေသ ဝင်္ဂ (၃)
ဝဋ္ဋ (၆) ပါး
ဝေဒနာ ဝိုရော်-တဏှာ ဝိုရော်
ပဋိစ္စသမုပ္ပါဒ်လယ်လမ်း
ဝေဒနာ (၅) ပါး
ဝိညာဏ်-နာမ်-ရူပ-သဠာယတန-ဖဿ
ဇရာ-မရဏ
ဇာတိ
ဘဝ
ဥပါဒါန်
ဥပါဒါန်-ဘဝ-ကြောင့်
ဥပါဒါန်-ဘဝ-ကြောင့်
ဥပါဒါန

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

မဟာထေရ်

အဋ္ဌမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

မိုးကုတ်မြို့ မင်္ဂလာတိုက်၌

ဟောကြား-ဆုံးမတော်မူသော

(၀ိပဿနာလုပ်ငန်းစဉ်)

ပြည် အာလုပ်ပေး တရားတော်

(အပ္ပတ်စဉ် - ၂၃)

ရန်ကုန်မြို့
မီးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့၏ကိုယ်စား ထုတ်ဝေဖြန့်ချိသူ
ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (၀၅၅၀)
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပဌမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၂၅၀၀
၁၉၆၇-ခု၊ နိုဝင်ဘာလ

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ဥာဏ်အမြင်အနတ္တတွေ့ပါမှ အတ္တဒိट्ठိပြုတ်မည့် အကြောင်းညအလုပ်ပေးတရားဘော် (၁)	၁
၂။	ဥာဏ်အမြင်အနတ္တတွေ့မှအတ္တဒိट्ठိပြုတ်မည်(၂)။	၃၀
၃။	လူတို့ခြမ်းသာရှာပေမဲ့ ဆင်းရဲတွေ့နေကြရပုံ အကြောင်းရင်း .... ။	၈၀
၄။	ပုထုဇန်နဲ့ အရိယာဝေဒနာခံစားကြပုံ၊ဝေဒနာ လာယင် ထိုးစစ်ဆင်မှုမည် .... ။	၁၂၃
၅။	တရားဆုံးအောင်မနာ၊တရားဆုံးအောင် အား မထုတ်ယင် အကျိုးဆုတ်ယုတ်တတ်ပုံ ။	၁၄၃
၆။	သေနိယနဲ့ပုဏ္ဏချတ်ခန်း-ကံလေးမျိုးခွဲပြခြင်း ။	၁၇၂
၇။	သေနိယကျတ်တမ်းဝင်တဲ့တရား ။	၁၉၆
၈။	နိဗ္ဗာန်အကြောင်းအဂ္ဂိဝစ္ဆသုတ်ဒေသနာ ။	၂၂၁
၉။	တဏှာမာနဒိट्ठိချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားတုံး ။	၂၅၁
၁၀။	ကံကို အတ္တစွဲလမ်းထားကြပုံ ။	၂၈၂
၁၁။	ချို့ယွင်းချက် ၃-မျိုးဖြစ်ခဲ့လျှင်တရားထူး မရနိုင်ပုံ ....။	၃၀၇
၁၂။	ငရဲမီးငြိမ်းသွတ်နည်း ။	၃၅၂
၁၃။	ခန္ဓာစွဲလမ်းမှကြောင့် တဏှာ,မာန,ဒိट्ठိဖြစ်ပုံ ။	၃၈၄
၁၄။	မွေးကတည်းကခန္ဓာကြီးအိုနာသေဆိုသို့ခြားပုံ ။	၄၁၂
၁၅။	လူမိုက်နဲ့ လူလိမ်မာထူးခြားပုံ ။	၄၄၄
၁၆။	နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရမည် ။	၄၇၇

ဓမ္မသဘော ငါမနောရင် သက္ကာယဒိट္ဌိပြုတ်မည်။
ဖြစ်တာသိရင် ဥစ္ဆေဒဒိट္ဌိ စင်မည်။
ပျက်တာသိရင် သဿတဒိट္ဌိ စင်မည်။
ပဋ္ဌိစ္စသမုပ္ပါဒ် သိနေတာသည် ခန္ဓာသိနေတာဖြစ်သည်။

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃ - ဆင်းဒွစ်လမ်းဌ
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

မဂ်လေးပါး-ဖိုလ်လေးပါးဟူရှိရာတွင် ပဌမအဆင့်ဖြစ်သော သောတာပတ္တိမဂ်သည် သက္ကယဒိट्ठि,ဝိစိကိစ္ဆာ,သီလဗ္ဗတ ပရာမာသ ဟု ဆိုအပ်သော တရားခု-ပါးကို ပယ်သတ်ရမည် ဖြစ်သည်ဟု လောကုတ္တရာလိုက်စားသူတိုင်း သိရှိကြသည်။ သို့ရာတွင် ယခုခေတ်၌ ဤလောကုတ္တရာဘက်တွင် လိုက်စားသူများ နည်းပါးလာသည်နှင့်အမျှ ခန္ဓာငါးပါးကိုပင် သိရှိကြသူ ဒုတိယအရှယ်အသက်တော်တော်ကြီးကြီးပိုင်းရောက်ကြသောသူများပင် သိသူအတော်ပင်နည်းပါးလာကြရာ တမျိုးအားဖြင့်ဆိုသော် ဗုဒ္ဓဘာသာဝင်ဟု အမည်ခံပြီးလျှင် ဤမျှလောက်မှ မသိရှိကြသေးသူ ဒုနဲ့ဒေးရှိနေကြမည်ဆိုတာ တဘက်မှနေ၍ ကြည့်မည်ဆိုပါက သာသနာတော်ဘက်ကအားရကျေနပ်ဘွယ်တိုးတက်ခြင်းမတွေ့ရ၊ ဆုတ်ယုတ်ခြင်းသာ တွေ့ရသည်ဟု ဆိုရပေမည်။

ဤမျှ သာသနာတော်ကြီးဝယ် ဆုတ်ယုတ်၍ ခန္ဓာငါးပါးမှ မသိသူတွေ ဒုနဲ့ဒေးရှိနေပါလျှင် တဆင့်တက်၍ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ဟူ၍ ခွဲခြားပြီး သိရှိလိမ့်မည်ဟု ယူဆရန် ခဲယဉ်းကြောင်းထင်ရှားပါသည်။ အာယတနဆိုသည် လူလား-နတ်လား-ထင်ရောင်,ထင်မှားဖြစ်ချင်ဖြစ်ကြပေလိမ့်မည်။ ဓာတ်ဆိုသည်မှာ, အောက်ဆီဂျင်, နိုက်ထရိုဂျင်ဟု ထင်ချင်လျှင်လည်း ထင်ကြပေလိမ့်မည်။သစ္စာဆိုသည်မှာ ကျမ်းကျိမ်၍ ပြော

ခြင်းဖြစ်မလားဟု ထင်ကောင်းထင်ကြပေမည်။ ပဋ္ဌိစ္စသမုပ္ပါဒ်ဆိုတာ ဘုရားရှိခိုးမှာထည့်၍ အန္တရာယ်ကင်းအောင် ရွတ်ရသော ဂါထာတပုဒ်အနေဖြင့် နားလည်ချင် နားလည်ကြပေလိမ့်မည်။

ဗုဒ္ဓဘာသာဦးရေ ရာခိုင်နှုန်း အများဆုံးဟုဆိုသော မြန်မာပြည်တွင် ဤမျှအနှစ်ဖြစ်သော သာသနာဘက်က ချို့ယွင်းချက်တွေ ဝမ်းနည်းဘွယ် တွေ့ရပါသည်။

ရှင်းပါဦးအုံ၊ သာသနာတော်မှာ အဆင့်အားဖြင့် လေးဆင့်ရှိသည် ဆိုကြပါစို့၊ ၎င်းလေးဆင့်မှာ- အပေါ်းတမျိုး, အကာတမျိုး, အသားတမျိုး, အနှစ်တမျိုးဟူ၍ ရှိကြရာ အပေါ်းဟူသည် မိဘက ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဗုဒ္ဓဘာသာအခေါ်ခံပြီး သာမည ဘာသာနှင့် ဆိုင်ရာ ဝတ္ထုရားများ တနှစ်တခါလောက်မျှသာ ဘုရားသွား- ကျောင်းတက်ခြင်း ပြုကြပြီးလျှင် နတ်ဂိုဏ်း, ဓာတ်ဂိုဏ်း, ဝိဇ္ဇာဂိုဏ်း-စသည်တို့နှင့်ဆိုင်သော ပွဲတင်ခြင်း၊ ပွဲပေးခြင်းစသော အလေ့အထများကို အိမ်ဦးခန်းဌ ကျင်းပပြီးလျှင် ဘုရားထက်ပိုမို၍ ကိုးကွယ်ယုံကြည် ပသကြသည်မှာ မြို့ပေါက်အောင် ယခုခေတ်၌ ပေါများကြပါသည်။ ၎င်းတို့ကို လောကုတ္တရာ အသုံးအနှုန်းအားဖြင့် ဆိုပါလျှင် အသုတဝါ ပုထုဇဉ်နော-ဟု ခေါ်နိုင်ပါသည်။ ခေတ်ပညာ အဘယ်မျှလောက် တတ်မြောက်သည်ဆိုစေကာမူ အကြားအမြင်မရှိသော ပုထုဇန် (ဝါ) အန္ဓပုထုဇန်ခေါ်ဆိုပါသည်။

ဘုရားဟောတော်မူသော ဒေသနာအရ ပြောဆိုရပါလျှင် အရိယာပုဂ္ဂိုလ်များကို ဖူးမြင်လေ့မရှိသော်, အရိယာတို့၏

တရားကို နာလေ့မရှိသော,အရိယာတရား၌ မလိမ်မာသောသူကို အနှစ်ပုထုဇဉ်ခေါ်ပါသည်။

ဤသို့ အရိယာတရားကို နာကြားခြင်း မရှိသောကြောင့် ရုပ်ကို ငါ-ဟု စွဲယူမှတ်ထင်သည်။ ရုပ်သည်လည်း ငါပင်၊ ငါသည်လည်း ရုပ်ပင်၊ရုပ်သည်လည်းငါ့ဥစ္စာ-ငါပိုင်သည်ဟုစွဲယူမှတ်ထင်သည်။ဝေဒနာ၊သညာ၊သင်္ခါရ၊ထိုနည်းအတိုင်းပင်စွဲယူသည်၊ ဝိညာဏ်ကိုလည်းငါ့စိတ်၊ငါ့စိတ်ငါပိုင်သည်ဟုထင်မှတ်သည်-စွဲယူသည်။ ဤကဲ့သို့ စွဲယူထင်မှတ်သော အထင်အမြင် အစွဲယုံကြည်မှုရှိသောသူကို သက္ကာယဒိဋ္ဌိရှိသူဟူ၍ ခေါ်ဆိုသည်။ သောတာပန်ဖြစ်လိုသူသည် သက္ကာယဒိဋ္ဌိ-ဝိစိကိစ္ဆာကိုပယ်မှသာလျှင် သောတာပန်ဖြစ်နိုင်သည်။

သာသနာတော်၌ အကာဆိုသည်မှာလည်း အပေါ်သမားနှင့် သိပ်မထူးခြားလှပါ၊ ဘုရား-တရား သံဃာ-စသော ရတနာ သုံးပါးကို ကိုးကွယ်ယုံကြည်မှု အနည်းငယ် ပိုရုံမျှသာ ရှိပါသည်။ သာသနာတော်၌ အသားဆိုသည်မှာ နေ့စဉ်မှန်မှန် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ ဥပုသ်သီတင်း ဆောက်တည်ခြင်း စသော သီလ၊ ကျွေးမွေးလှူဒါန်းခြင်း စသော ဒါန-စသည်တို့ကို အမြဲမပြတ် ပြုလုပ်ဆောင်ရွက်၍ ကံ-ကံ၏ အကျိုးကို ယုံကြည်ပြီးလျှင် ကောင်းမှုပြုလျှင် ကောင်းကျိုးခံစားရမည်ဆိုသော ကမ္မသကတာ သမ္မာဒိဋ္ဌိကို ဦးစီးပြီး ဒါနပြု, သီလဆောက်တည်လျက်ရှိသော ပုဂ္ဂိုလ်မျှားဟု ခေါ်ဆိုနိုင်ပါသည်။

ဤ ဗုဒ္ဓမြတ်စွာသာသနာတော်မှာ ကမ္မသကတာ သမ္မာဒိဋ္ဌိသည် ပဌမအရေးကြီးသောအင်္ဂါကြီးတရပ်ဖြစ်ရာ ၎င်းဂုဏ်အင်္ဂါကို လက်မလွှတ်ရချေ။ ဥပါသကာဂုဏ်အင်္ဂါ ၅-ပါးတွင်လည်း

" ကမ္မ ပစ္စေတိ၊ နော မဂ်လံ " ဟူ၍ အင်္ဂါတရပ် ပါဝင်ရာ အဓိပ္ပါယ်မှာ ဒိဋ္ဌသုတ မုတ-ဟု ဆိုအပ်သော ဒုမင်္ဂလာ- သုမင်္ဂလာများကို မယုံကြည်မူ၍ ကံ·ကံ၏အကျိုးကိုသာယုံကြည်ခြင်း၊ ထိုမှတပါး ကုသလကမ္မပထ တရား (၁၀) ပါးတွင်မူလည်း နောက်ဆုံး ဖြစ်သော " ဒိဋ္ဌိဇုကမ္မ " ဖြောင့်မှန်သော အယူဆိုသည်မှာလည်း ,ကမ္မဿကတဉာဏ်၊ သို့မဟုတ် ကမ္မဿကတာ သမ္မာဒိဋ္ဌိခေါ်ဆိုသည်။ ၎င်း သမ္မာဒိဋ္ဌိမရှိလျှင် အကရိယ ဒိဋ္ဌိ အဟေတုက ဒိဋ္ဌိဘက်သို့ ယိုင်ကြပြီးလျှင် ကုသိုလ်·အကုသိုလ်ကို ပယ်သည့်အယူသို့ တိမ်းစောင်း ယိမ်းယိုင်သွားဘွယ်ရှိသာ ရှိပေသည်။

သာသနာတော်၌ အနှစ်ဆိုသည်မှာ သစ္စာကို လျော်စွာသိသော သစ္စာနုလောမိကဉာဏ်၊ သို့မဟုတ် ....သစ္စာနုလောမိက သမ္မာဒိဋ္ဌိတည်းဟူသော ဝိပဿနာပညာနှင့် ပြည့်စုံသော အစိတ်အပိုင်းကို ခေါ်ဆိုပါသည်။ သစ္စာ လျော်စွာ သိသောဉာဏ်၊ သို့မဟုတ် သမ္မာဒိဋ္ဌိ ရရှိစေခြင်းအကြောင်းမှာ သူတော်ကောင်း ဆည်းကပ်ခြင်း၊ သူတော်ကောင်းတရား နာကြားခြင်းဖြစ်သည်။ ဆည်းကပ်နာကြားခြင်းမရှိဘဲ သစ္စာနှင့် လျော်သော ဉာဏ် မရနိုင်ပါ။ (ယခုခေတ် တရားစာအုပ်ဘတ်ခြင်းသည်လည်း ဓမ္မသဝနကိုစွမြောက်ပါသည်။

သူတော်ကောင်းတရား နာကြားခြင်းမရှိပါဘဲလျက် ယောနိသော မနသိုကာရ·ဟု ဆိုအပ်သော အသင့်အားဖြင့် နှလုံးသွင်းမှု မဖြစ်နိုင်ချေ။ 'ယောနိသော မနသိကာရ' ဆိုသည်မှာ ခန္ဓာအရှိကို ဉာဏ်အသိနှင့်လျော်ညီစွာ သိမှုဆိုပါသည်။ မိမိ ဆိုတဲ့ " ငါ "သည် ရူပ်နာမ် ခန္ဓာငါးပါးမျှသာတည်း။ ငါ

နိဒါန်း

မဟုတ်- ငါ့ကိုယ်လည်းမဟုတ် ဆိုသောအသိဉာဏ်သည် နှလုံးသွင်းမှုလျှော့စွာရရှိမှသာလျှင် ကလျာဏပုထုဇဉ်အဖြစ်သို့ရောက်သည်မည်ပါသည်။

ထိုကြောင့် ဤသာသနာတော်မှာ အပေး, အကာ, အသား မဖြစ်မှု၍ အနှစ်ဖြစ်အောင် မိမိတို့ကိုယ်ကို မိမိတို့မြှင့်တင်ခြင်းဖြင့် ယောနိသော မနသိကာရဖြစ်အောင် ကျိုးစားကြပါကုန်။

ဤ 'ယောနိသော မနသိကာရ' မရှိဘဲ ဟုတ်တိုင်းမှန်စွာ သိသောပညာကို ရနိုင်သည်ဆိုသည်မှာ မဖြစ်နိုင်သော ကိုစ္စဟူ၍သာ မှတ်ယူရမည် ဖြစ်ပေမည်။ အဘယ်ကြောင့် ဆိုသော် အကြောင်းတခုနှင့်တခုသည် ဆက်စပ်၍ တခုပေါ်တခုအမှီပြု၍ နေသောကြောင့်ပင်တည်း။ ဟုတ်တိုင်းမှန်စွာသိသော ဉာဏ်ပညာဆိုသည်မှာ ယထာဘူတဉာဏ်၊ ဥင်းယထာဘူတဉာဏ်ရဘို့ ရန်မှာ စိစစ်မှုရှိရန်လိုပါသည်။ စိစစ်မှုဆိုသည်မှာလည်း ယောနိသော မနသိကာရရှိမှ ရနိုင်ပါသည်။ ယောနိသော မနသိကာရသည်လည်း ကလျာဏမိတ္တ တည်းဟူသော လမ်းညွှန်ကောင်းရမှသာ ဖြစ်နိုင်သည်။မိမိတို့ခန္ဓာမှာ တကယ်အရှိကို တကယ် အမှန်ဉာဏ်ဖြင့် သိမှုပင်တည်း။တကယ်အရှိမှာ ခန္ဓာငါးပါးမျှသာရှိရာ ၎င်းခန္ဓာငါးပါးသည်လည်း ခုပေါ်- ခုပျက်လျက် ပေါ်လိုက်, ပျောက်လိုက်၊ ပေါ်လိုက်, ပျက်လိုက်ဆိုသော ဖြစ်ပျက်အစဉ်တွေ့ တန်းလျက်နေသော,သက်သက်သော ဓမ္မအစဉ်တန်းနေခြင်းသာ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ မပါမရှိ။ "ငါ"ဝင်စရာမရှိ။ခန္ဓာငါးပါးစလုံး၌ "ငါ"ဟု ဆိုအပ်သောပညတ်ဘရား သွင်းစရာနေရာ၊ ငါဝင်စရာနေရာ တကွက်မျှမရှိဟူ၍ သိသောပညာကို ယထာဘူတဉာဏ်ဆိုသည်။ ၎င်းဉာဏ်ရရှိရန်မှာ ပဋ္ဌိစ္စသမုပ္ပါဒ်

သဘောတရားကို နားလည်မှုသာလျှင်ရရှိရန်ဖြစ်နိုင်ပေလိမ့်မည်၊ ပဋ္ဌိစ္စသမုပ္ပါဒ်မသိဘဲ, နားမလည်ဘဲ၊စာသိ,တရားနာသိမျှသာဖြစ်မည်။

ပဋ္ဌိစ္စသမုပ္ပါဒ် ခန္ဓာဖြစ်ကြောင်း- ခန္ဓာချုပ်ကြောင်း သိမှုသာလျှင် ဒိဋ္ဌိဝိသုဒ္ဓိဟုဆိုအပ်သော အယူစင်ကြယ်ခြင်း အရည်အခြင်း၊ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ဆိုအပ်သော ယုံမှားသံသယမှုလွန်မြောက်ခြင်းဟုဆိုအပ်သောအရည်အခြင်း၊ဉာဏ်စဉ်အားဖြင့် ဆိုသော် နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ ဥဒယဗ္ဗယဉာဏ်စသော အရည်အချင်းများ ပြည့်စုံနိုင်မည်။ သို့မှသာ သစ္စာနှင့်လျော်သောဉာဏ် ရရှိနိုင်ပါမည်။

တရားနာသည်- တရားနာသည် ဆိုသည်မှာလည်း ကုသိုလ်ဖြစ်ရုံဟောသောတရားတမျိုး၊ ဒိဋ္ဌိခွါသောတရားတမျိုး (သစ္စာပဋ္ဌိစ္စသမုပ္ပါဒ်ကို အခြေခံ၍ဟောသည်)ဟူ၍ အကျဉ်းအားဖြင့် ဝေဘန်နိုင်ရာ သစ္စာတရား ပဋ္ဌိစ္စသမုပ္ပါဒ်ပါသော တရားများမှာ ယခင် နှစ် ၁၀၀- ၂၀၀- လောက်အတွင်း (လယ်တီဆရာတော်မှတပါး) ဟောပြောသူမရှိသလောက် ကွယ်လုမတတ်ဖြစ်လျက်ရှိရာ ဝေနေယျတွေ့ ကုသိုလ်အလျောက် သစ္စာတရား၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရား ဟောတော်မူသည့် ပုဂ္ဂိုလ်ကြီး အမရပူရမြို့၌ ထိုးထိုးထွင်းထွင်း ပေါ်ပေါက်ခဲ့ရာ နေ့စဉ်နှင့်အမျှ အမရပူရမြို့၌ သီတင်းသုံးတော်မူစဉ် အမရပူရမြို့၌ရင်း၊ မိုးကုတ်၌ သီတင်းသုံးတော်မူစဉ် မိုးကုတ်၌ရင်း၊ မန္တလေး၌ သီတင်းသုံးတော်မူစဉ် မန္တလေး၌ရင်း၊ ဝိပဿနာတရားတည်းဟူသော ခန္ဓာဉာဏ်ရောက် သစ္စာတရား၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်များကို အနားမရှိ နေ့စဉ်တနေ့ကိုနှစ်ကြိမ်မျှ ဟောကြားတော်မူခဲ့ရာ ကံအားလျော်စွာစာ

ရေးသူသည် ယင်းတရားတော်များကိုကောင်းစွာနာယူလိုက်ရလေသည်။တရားအရသာများကိုလည်း မိမိထိုက်တန်သည့်အားလျော်စွာ ခန္ဓာဥာဏ်ရောက် တွေ့ကြုံခံစားလိုက်ရသည်မှတပါး ဤမည်သောအဆင့်၊ ဤမည်သောအဆင့် ရောက်ခဲ့ပါသည်။ ဤမည်သော တရားတွေ့ တွေ့မြင်ပါသည်ဟူ၍ မဆိုလိုပါ။ မိမိသန္တာန်မှာလည်း ဖြစ်ပြီးပျက်နေတဲ့ တရားမှလွဲ၍ ပရမတ်သဘောဖြင့် တခြားဘာမှတွေ့မြင်စရာမရှိ၊ဖြစ်ပျက်သာ တက်ယ်ရှိ၍ဖြစ်ပျက်ဘဲ တွေ့သည်၊ မြင်သည်၊ ထိုမှတပါး တွေ့စရာ မြင်စရာမရှိ။ ထိုမှတပါး တွေ့မြင်သည်ဟု ဆိုပါလျှင်လည်း အလကားဘာမှမဟုတ်သမဘဆန်မိတ်တွေ့ဟူ၍သာ ဆုံးဖြတ်ရန်ဖြစ်ပါသည်။

ယင်းသို့သော တရားတော်များကို ထိုအခါ အသက်၅၀-ကျော်ခါမှပင် နာကြားရသည်မှာအင်မတန်မှအတွေ့နောက်ကျလေခြင်းဟု ယူကြုံးမရဖြစ်ခဲ့သည်၊ကွယ်လွန်သူဘိုးဘွားမိဘများမနာကြားလိုက်ရလေခြင်းဟု အထူးဝမ်းနည်းမိသည်။ မိတ်ဆွေသင်္ဂဟများကိုများစွာ ဤတရားမျိုးနာကြားစေလိုသော စေဘနာပြင်းပြစွာပေါ်လာသည်။ ဤသို့ရေးသားရခြင်းမှာမိမိကိုးကွယ်သော ဆရာသမားဖြစ်၍ချီးမြှောက်လို၍မဟုတ်ပါ၊နာကြားဘူးသူတိုင်းသိရှိ၍ မိမိတို့ကိုယ်တိုင် တရားအရသာများ ခံစားဘူးသူတိုင်း သဘောပေါက် နားလည်နိုင်ကြပါသည်။ထိုဆန္ဒများပေါ်ပေါက်သူများ ကြပါသည်၊အချို့.အချို့.က တရားဆိုတာ အဘူတူချည့်ပါဘဲဟူ၍ ပြီးစလွယ်ပြောဆိုတတ်ကြသူတွေ့ ယခုခေတ်၌ များကြပါသည်။ နာကြည့်ကြပါ၊ မနာဘူးကြသေးလျှင် နာကြည့်ကြပါ တရားချင်းတူ·မတူ သိရှိကြပါလိမ့်မည်။ ဤစကား အပိုမပါ ရိုးသားစွာ ပြောဆိုခြင်းဖြစ်ပါသည်။ သစ္စာနှင့်လျော်တဲ့ ဥာဏ်ရအောင်

ဟောခြင်းက တမျိုး၊ ပဋ္ဌိစ္စသမုပ္ပါဒ် သစ္စာမပါတဲ့ တရားက တမျိုး၊ ထူးခြားချက်မည်မျှရှိသည်ကို နာ၍ ကြည့်ကြစေလိုပါသည်။ ဤအဖွဲ့ကြီးကလည်း အနယ်နယ်အရပ်ရပ်မှာ နာကြားနိုင်စေရန် တိပ်ရီကော်တာစက်များနှင့် ဖုန်းလှစ်နာကြားနိုင်ကြရန် သက်ဆိုင်ရာ အဖွဲ့ခွဲများဖြင့် အစီအစဉ်ပြုလုပ်ထားပါသည်။ မိမိလက်လှမ်းမှီရာ နာယူနိုင်ကြပါသည်။

ဤအဖွဲ့ကြီးက ဤကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံသွင်းတရားများကို ဤမျှအရပ်ရပ်အနယ်နယ်မှာ ကြားနာနိုင်အောင် ဖြန့်ဖြူးဆောင်ရွက် နေသည်မှာ ဝေနေယျတွေ့ အနည်းဆုံး အပါယ်တံခါးပိတ်ပြီး ဝိနိပါတဘေးမှ လွတ်ပြီးလျှင် အောက်ထစ် သောတာပန်ပုဂ္ဂိုလ်တွေဖြစ်ကြပါစေဆိုသော ဖြူစင်သန့်ရှင်းသော စေတနာနှင့် ဌေကုန်လူပန်းခံကာ ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရန်ကိစ္စများကိုဆောင်ရွက်၍ ပဋ္ဌိပတ် သာသနာတော်ကြီး စည်ပင်တိုးတက်အောင် တဘက်တလမ်းမှ ပြုစုကျိုးပန်းရခြင်းသာ ဖြစ်ပါကြောင်း။ ဤသစ္စာတရားတွေ၊ ခန္ဓာဥာဏ်ရောက်တရားတွေ ကွယ်မသွားခင် နာနိုင်ကြပါစေ သိနိုင်ကြပါစေ- သာသနာတော်ကြီး မကွယ်ပါစေနှင့်ဦး- ဆိုသော စေတနာနှင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤမျှ ကျေးဇူးရှင်ဆရာတော်ကြီး အပင်ပန်းခံကာ ဟောကြားတော်မူသော ခန္ဓာဥာဏ်ရောက်တရားများကို နာလည်းနာကြပါ။ နာသည့် အတိုင်းလည်း ခန္ဓာဥာဏ်ရောက်နားလည်အောင် ကျိုးစားကြပါ၊ နားလည်သည့်အတိုင်း အလုပ်ခွင်သို့ ဝင်ရောက်လုပ်ကိုင်ကြပါ၊ အလုပ်ခွင်ဆိုသည်မှာ ဝိပဿနာ

အလုပ်ခွင်ကိုဆိုပါသည်။ ဆရာတော်ကြီး သင်ပြဟောကြားတော်မူသော အလုပ်စဉ် တရားများမှာ ကမ္မဋ္ဌာန်းကျောင်း ရှာစရာမလိုပါ၊ တောကျောင်း- တောင်ကျောင်း သွားရောက်နေစရာမလိုပါ၊ သွားရင်း-လာရင်းဖြစ်စေ၊ ယုတ်စွအဆုံး မီးဖိုချောင်မှာ ဖြစ်စေ၊ ချက်ရင်း ပြုတ်ရင်းလည်း လုပ်နိုင်ပါသည်။

အချို့ အချို့သော ပုဂ္ဂိုလ်များမှာ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိကို မဘတ်ရရှိ ဆရာတော်ကြီး၏ အကြောင်းကို စုံလင်စွာ သိချင်မှ သိကြပေမည်။ အကျဉ်းအားဖြင့် ဘော်ပြရသော်— ဆရာတော်ဘုရားကြီးသည် ၈-နှစ်၊ ၉-နှစ်သား အရွယ်က သာမဏေစရှိ ဝတ်ပြီးလျှင် ၁၂-နှစ်သားအရွယ်မှာ မင်္ဂလာတိုက်တွင် ညဝါပို့ချလျက်ရှိသော မြန်မာဘုရင် နှစ်ဆက်မြောက် တံဆိပ်တော်နှစ်ကြိမ်ရ ဆရာတော်လူထွက် ဆရာကြီး ဦးအုန်းဆိုသော အဘိဓမ္မာပါရဂူ ပုဂ္ဂိုလ်ကြီးနှင့် တွေ့ရှိ ဆရာကြီးက မေးစားသားကဲ့သို့ အမှတ်ပြုပြီးလျှင် အဘိဓမ္မာကျမ်းတွင် ပဋ္ဌာန်း, ယမိုက်, ဓမ္မသင်္ဂဏီ စသော ကျမ်းများကို ပါရဂူမြောက် သင်ကြားပေးခြင်းကို ခံယူရှိ ၁၇-နှစ်သား အရွယ်မှ စ၍ ညဝါ ပဋ္ဌာန်း, ယမိုက် စသော အဘိဓမ္မာများကို နှစ်ပေါင်း ၃၀-ကျော်မျှ ပို့ချတော်မူခဲ့ပြီးမှ သံဃရတော်မူပြီးလျှင် ပဋ္ဌိပတ်သာသနာဘက်သို့ကူးပြောင်းရှိမိမိကိုယ်တိုင်တွေ့ရှိပေါက်မြောက်သော တရားများကို ဝေနေယျသတ္တဝါများအား အလွန်ကရုဏာတရား ထားတော်မူပြီးလျှင် သတ္တဝါဖော့ သေလျှင် တသိန်းသေ၍ သုဂတိတယောက်တလေ ခဲတောင့်ခဲယဉ်းရောက်ကြသည်။ ထိုမျှ အပါယ်ဒုက္ခသို့ အကျအရောက် များနေသည်မှာ တဏှာ, မာန, ဒိဋ္ဌိစသော တရားများသာ အရင်းခံ ရှိသည်ဟူ၍

ရင်း၊ ယင်းသုံးပါးတွင်လည်း ဒိဋ္ဌိအရင်ဖြုတ်ပေးမှသာ အပါယ်လေးပါးမှ လွတ်ကြရမည်ဟူ၍ရင်း သန္ဓေဌာန်ချ ဆုံးဖြတ်တော်မူပြီးလျှင် သစ္စာ၊ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ဒိဋ္ဌိပြုတ်တရားများသာ ဟောကြားတော်မူသည်။

ဒိဋ္ဌိပြုတ်အောင် ဆိုသည်မှာလည်း ပဋ္ဌိစ္စသမုပ္ပါဒ်ဒေသနာကို နားမလည်ကဒိဋ္ဌိကဘယ်နည်းနှင့်မျှမပြုတ်နိုင်ဆိုသည်ကို စာတတ်ပုဂ္ဂိုလ်ကြီး၊ အဘိဓမ္မာပါရဂူကြီး ဖြစ်တော်မူသော်လည်း စာသိမဟုတ်ဘဲ ဘာဝနာမယဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိတော်မူသော ပဋ္ဌိစ္စသမုပ္ပါဒ် သံသရာပြုတ်တရားများကိုသာ ဟောကြားခြင်းအားဖြင့် သတ္တဝါဝေနေယျတွေကို ကယ်ယူပို့ဆောင်တော်မူမည်ဟု ဆုံးဖြတ်ပြီးလျှင် ဟောကြားသော တရားတော်များဖြစ်ရာ သာမည စာသိကလေးမျှနှင့် ဟောတော်မူသော တရားများ မဟုတ်မူ၍ အပြားအားဖြင့် သိတော်မူသော ဉာဏ်၊ ပိုင်းခြားရှု၍ သိတော်မူသောဉာဏ်၊ ထိုးထွင်းရှု၍ သိတော်မူသော ဉာဏ်, မဂ်, ဖိုလ်နှင့်ဆင်ခြင်ရှု၍ သိတော်မူသော ဉာဏ်တော်နှင့် ဟောကြားတော်မူသော တရားများဖြစ်သဖြင့် ကြိုးစား၍ နာကြည့်တော်မူကြပါ။ ပဌမတကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်အထိ နားမလည်သေးပါလျှင် ဆက်၍နာကြားပါ၊ မိမိကိုယ်ကျိုးဖြစ်ပါသည်။ တရားနာခြင်းသည် မိမိအကျိုး အစစ်သာ ဖြစ်သည်ဟု၍ မိမိကိုယ်ကို မိမိနားလည်အောင် ပြောပြကြစမ်းပါ ဓမ္မ အဆွေတော်တို့။

ယခုလို တိုက်တွန်းနေသည်မှာ အဖွဲ့ကြီး၏ အကျိုးမဟုတ်၊ စာရေးသူ၏ အကျိုးအတွက် မဟုတ်၊ မိမိတို့ အကျိုးအလျဉ်းမရှိ၊ ဆရာတော်ကြီး ဘုန်းကြီးအောင်၊ ပရိသတ်များအောင် လုံးပန်း

နေခြင်းလည်း မဟုတ်၊ အဘိုးအဘွားမိဘများ မကြားမနာလိုက်ရသောတရားတော့ကိုနာကြားရစေချင်လွန်းလို့ပင် ဤမျှကြိုးစားလုံးပမ်းနေကြခြင်းဖြစ်ပါသည်။ ဤ စေတနာမှတပါး အခြားဘာရည်ရွယ်ချက်မျှ မပါမရှိ-ဟု ရိုးသားစွာ ဝန်ခံပါသည်။ ဤစကားမှန်ပါသည်။ လောဘတရား, ဒေါသတရား, ဣဿာ-မစ္ဆရိယတရား ထူပြောသော ခေတ်၊ မောဟ အဝိဇ္ဇာတရားများ လွှမ်းမိုးသောခေတ် ဖြစ်၍ သာသနာ နောက်ပိုင်းတွင် သစ္စာတရားတိမ်မြုပ်နေသော အခြေမှ ထိုအမှန်သစ္စာတရားများ သိမြင်နိုင်ကြပါစေ၊ ဒိဋ္ဌိပြုတ်တရား၊ ပဋ္ဌိစ္စသမုပ္ပါဒ်တရားများ ထင်ရှားပေါ်လွင်ပါစေ။ ထိုတရားတွေ သတ္တဝါဝေနေယျတို့ သန္တာန်၌ ကိန်းအောင်းနိုင်ပါစေဆိုသော မေတ္တာစေတနာတို့ကို သန်သန်ထွားထွား မွေးမြူလျက် ကွယ်ပျောက်ကာနီး ဖြစ်သော ဤတရားမျိုးတွေကို မျှားမျှားနာယူကြပါ။ နာယူသည့်အတိုင်း သဘောပေါက်နားလည်အောင် ကြိုးစားကြပါ။ နားလည်သည့်အတိုင်း ဝိပဿနာလုပ်ငန်းစဉ်အားဖြင့် မိမိတို့ကိုယ်ကို မိမိတို့ ကယ်တင်ကြပါဟု နိဂုံးချုပ်အနေဖြင့် နှိုးဆော် တိုက်တွန်းလိုက်ရပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ချုပ်

အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ဖြစ်သည် ၅ ယောက်

၁။ လျောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလျောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးစိတ် တောစိတ်

အတွင်းဖြစ်သည် ၆ ယောက်

၁။ လေကိုထုတ်သောစိတ်
၂။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
ဤ (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းငံနှစ်မျှ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ။
အိမ်သည်မပေါ်ပါကအပြင်ဖြစ်သည်ပေါ်လျှင်အပြင်ဖြစ်သည်၊
အတွင်းဖြစ်သည်ပေါ်လျှင် အတွင်းဖြစ်သည် ပေါ်ရာကို ရှုပါ
ဖြစ်သည်မပေါ်ပါက အိမ်သည်ကို အမြဲထား၍ ရှုပါ။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ဥာဏ်အမြင်အနတ္တတ္တေပါမှ အတ္တဒီဋ္ဌိပြုတ်မည့်အကြောင်း
ည အလုပ်ပေး တရားတော်

(၁၈ - ၄ - ၆၂)

ဇကာတကာမတော့ ဒီခန္ဓာကြီး ရနေတော့ ဒီခန္ဓာကြီးက အိုလိုက်,နာလိုက်,သေလိုက်၊ အိုလိုက်,နာလိုက်,သေလိုက်ဆိုတော့ သူ့ကို မအိုပါစေနဲ့ မနာပါစေနဲ့ မသေပါစေနဲ့.... လို့လဲ တောင့်တ ကြောင့်ကြလို့ကလဲ ဆုတောင်းက မပြည့်၊ မပြည့်တော့ မောင်နှိုင်တို့က မှတ်ရမှာက သြော်.... မပိုင်တာကြီးနဲ့ အတူတူနေရတာကိုး...(မှန်ပါ)။

ဘယ်လိုဆိုကြပါ့မယ် .... (မပိုင်တာကြီးနဲ့ အတူတူနေရပါမယ်ဘုရား)။

မပိုင်တာကြီးနဲ့ အတူတူနေရတော့ အိုတာလဲ တားလို့မရ၊ နာတာလဲ တားလို့မရ၊ ရောဂါဝေဒနာတွေ့ ပေါက်လာပြန်လဲ မဖြစ်ပါစေနဲ့လို့ ကိုပေါ်တို့ တားလို့ရပါ့မလား.... (မရပါ) ဘယ်လိုမှ ပြောလို့ ဆိုလို့...(မရပါဘုရား)။

ဒါဖြင့် ဒီတကာတကာမတို့ ဒီခန္ဓာကိုယ်ကြီးဟာ ကိုယ့်

အလို ကိုယ့် အကြိုက်ကို တစက်မှ မလိုက်ဘူးဆိုတာ သေချာပလား...(သေချာပါတယ်ဘုရား)။

ကိုယ့်အလို ကိုယ့်အကြိုက်ကို တစက်မှ မလိုက်တာ သေချာတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ဒီခန္ဓာကိုယ်ကြီး ကိုယ့်အလို ကိုယ့်အကြိုက် တစက်မှ မလိုက်သောကြောင့် ဒီခန္ဓာကိုယ်ကြီးဟာ အစိုးမရတဲ့ အနတ္တလို့ ... မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

အစိုးမရတဲ့ အနတ္တလို့ မှတ်ထားလိုက်တော့ကို ဒီအတိုင်းလဲ အိုမှု နာမှု သေမှုနဲ့ တွေ့ရတယ်၊ ထိုင်ရင်းမတ္တနဲ့လဲ ကိုယ်က မနာချင်ဘဲနဲ့ နာလို့ တွေ့ရ၊ တွေ့တော့ တွေ့တဲ့ဘက် ဆက်ပြီးသကာလ အနာလိုက်လာပြန်၊ အနာဖြစ်ပေါ်လာပြန်တော့ ပြောင်းရွှေ့ရန်ဆိုတော့ သူ့ကိုယ် ဘယ်လိုတောင့်တ, ဘယ်လိုကြောင့်ကြ, ဘယ်လိုပြုစု, ဘယ်လို ယုယငြားသော်လဲ ကိုယ့်အလိုက် ကိုယ့်အကြိုက် ပါကြရဲ့လား....(မပါပါဘုရား)။

ဒါ့ကြောင့် ဒီခန္ဓာကိုယ် တကိုယ်လုံးထဲမှာ ခန္ဓာငါးပါး ရှိတယ်၊ ငါးပါးစလုံးကို တကာတကာမတွေ့ အနတ္တလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ငါးပါးစလုံးဟာ ဘာတဲ့....(အနတ္တပါဘုရား) ငါးပါးစလုံး အနတ္တနော်... (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးက အသိ အနတ္တ ကို မလိုချင်ဘဲနဲ့ ဉာဏ်အမြင်အနတ္တကို ဦးဘရှင်းတို့... ရစေချင်တယ်....(မှန်လှပါဘုရား)။

အသိအနတ္တလောက်တော့ စာကျက်ထားယင် ရတာပါဘဲ (မှန်ပါ့ဘုရား) ဉာဏ်အမြင်အနတ္တ မောင်နိုင်... အရေးကြီးတယ် (မှန်ပါ)။

ဒါ့ကြောင့် ဉာဏ်အမြင်အနတ္တ ပိုင်ကြလို့ရှိယင် သိပ်ကောင်းတယ်....(မှန်ပါ့ဘုရား)။

ဉာဏ်အမြင်အနတ္တဆိုတဲ့ ဒီခန္ဓာကြီးထဲမှာ တပါးပါးကြည့်ရမယ်၊ သတိပဋ္ဌာန်လေးပါးရှိတယ် မောင်နိုင်....(မှန်ပါ့ဘုရား) ကာယာနုပဿနာသတိပဋ္ဌာန်ကြည့်လဲ အနတ္တတွေ့ရမယ်.... (မှန်လှပါဘုရား) ဝေဒနာနုပဿနာကြည့်လဲ (အနတ္တတွေ့ရပါမယ်ဘုရား) စိတ္တာနုပဿနာကြည့်လဲ.... (အနတ္တတွေ့ရမှာပါဘုရား) ဓမ္မာနုပဿနာကြည့်လဲ....(အနတ္တတွေ့ရမှာပါဘုရား)။

အဲဒီဉာဏ်နဲ့ တွေ့တဲ့အနတ္တမှ ဘုန်းကြီးတို့ တကာတကာမ တွေ့အား အတ္တဒိဋ္ဌိပြုတ်ပါတယ်....(မှန်ပါ့)။

ဉာဏ်နဲ့ တွေ့တဲ့ အနတ္တရပါမှ- (အတ္တဒိဋ္ဌိပြုတ်ပါတယ်ဘုရား) အတ္တဒိဋ္ဌိပြုတ်ပါတယ်။

အဲဒီတော့ အတ္တဒိဋ္ဌိဆိုတာ တကာတကာမတွေ့ သက္ကာယဒိဋ္ဌိဆိုတာပါ....(မှန်ပါ့)။

အတ္တဒိဋ္ဌိဆိုတာ...(သက္ကာယဒိဋ္ဌိဆိုတာပါဘုရား)။

တော်တော်ကြာ စာထဲတွေ့တော့ အတ္တဒိဋ္ဌိက တမျိုးလား ဟာ၊ သက္ကာယဒိဋ္ဌိက တမျိုးလားဟ....လို့ လုပ်နေမှာစိုးတဲ့အတွက် ဦးအောင်ဇ ဝေတို့ ဦးဘသန်းတို့ အတူတူဘဲလို့မှတ်... (မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိဟာ... (အတူတူပါဘုရား) အတူတူ ဘဲတဲ့။

အဲဒီတော့ ဒီခန္ဓာကြီးထဲမှာ အနတ္တမြင်မှ အတ္တဒိဋ္ဌိက ပြုတ်တယ်နော်.... (မှန်ပါ့) အနတ္တမြင်မှ အတ္တဒိဋ္ဌိက ပြုတ်တယ်လို့ ဆိုတော့ သြော်....ဒါဖြင့် အတ္တဒိဋ္ဌိပြုတ်ဘို့ရာ အနိစ္စလဲ အရေးကြီးတာဘဲ၊ ဒုက္ခလဲ အရေးကြီးတာဘဲ၊ အနတ္တလဲ အရေးကြီးတာဘဲ၊ တခုမြင်မှ အကုန်မြင်ကြမှာချည့်ဘဲ.... (မှန်ပါ့)။

တခုမြင်မှ.... (အကုန်မြင်မှာပါဘုရား) အနိစ္စမြင်မှ ဒုက္ခ, အနတ္တမြင်တာဘဲ၊ အနတ္တမြင်ပြန်တော့လဲ အနိစ္စနဲ့ ဒုက္ခအတွင်းဝင်သွားတာ.... (မှန်ပါ့)။

အဲဒီလို မှတ်ထားတော့ အခု တကာတကာမတွေ့ ခန္ဓာကိုယ်ကြီးဟာ အကြမ်းဖျင်းပြောကြပါစို့ ဆိုတော့ ခန္ဓာငါးပါးစလုံး အနတ္တပေါ့ဗျာ.... (မှန်ပါ့)။

သို့သော်....ဒါက သညာအနတ္တဖြစ်ပြီးသကာလ ပညာအနတ္တဖြစ်ဘို့ရာ အရေးကြီးပြန်တော့လဲ ပညာအနတ္တဖြစ်ဘို့ဆိုတော့ ဉာဏ်နဲ့ ခန္ဓာနဲ့တည့်မှ ဖြစ်မယ်.... (မှန်ပါ့)။

ပညာအနတ္တဖြစ်အောင် ဉာဏ်နဲ့ ခန္ဓာနဲ့တည့်မှ ဖြစ်ပါတယ် (မှန်ပါ့)။

သေသေချာချာမှတ်ပါ ပညာအနတ္တ ဖြစ်အောင် ဆိုတော့ ဘယ်နှယ်...ဟဲ့.... (ဉာဏ်နဲ့ခန္ဓာနဲ့ တည့်ရပါမဲ့ယ်ဘုရား) ဉာဏ်နဲ့ ခန္ဓာနဲ့ တည့်ရမယ်...၊ ဉာဏ်နဲ့ ခန္ဓာနဲ့ တည့်မှ ဦးဘရှင်းတို့ ကိုပေါ်တို့ ဒါက အနတ္တအစစ် ရမယ်နော်... (မှန်ပါ့) အဲဒါက ပညာအနတ္တဖြစ်ပါတယ်လို့ မှတ်ထားကြပါ.... (မှန်ပါ့)။

အဲဒီတော့ ဉာဏ်နဲ့ တည်တဲ့ ခန္ဓာနဲ့ အဲဒီခန္ဓာက အနတ္တ၊ ဉာဏ်က မဂ္ဂသွားဖြစ်တယ်....(မှန်ပါ)။

ခန္ဓာက....(အနတ္တပါဘုရား) ဉာဏ်က....(မဂ္ဂပါဘုရား) ဪ....ဒါဖြင့် ဘယ်ဟာမဆို အနိစ္စနဲ့မဂ္ဂနဲ့ ကိုက်ယင် အတူတူ ဘဲ....(မှန်ပါ) ဒုက္ခနဲ့မဂ္ဂကိုက်ယင်လဲ ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တာဘဲ.... (မှန်ပါ) အနတ္တနဲ့ မဂ္ဂကိုက်ယင်လဲ....(ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်ပါတယ် ဘုရား)။

ဪ.... ဒါ့ကြောင့် သုံးခုစလုံး နိဗ္ဗာန် ရောက်တာဘဲ.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ္ဂနဲ့ သွားသွားကိုက်တာကို .. (မှန်ပါဘုရား) မဂ်ရဘို့သာ ဦးအောင်ဇ ဝေ လိုရင်းပါလား....(မှန်ပါ)။

အဲဒီတော့မှ မဂ်ကမှ သောတာပန်ဖြစ်နိုင်တော့ အနိစ္စမှ နိဗ္ဗာန်ရောက်တယ်မယူနဲ့၊ အနိစ္စရှုလိုက်လို့ ဉာဏ်က မြင်ပြန်လို့ ရှိယင်လဲ မဂ္ဂဖြစ်တာဘဲ....(မှန်ပါ)။

ဒုက္ခကလေးတွေဖြစ်ပြီး ပျက်တဲ့ဒုက္ခကလေးတွေ မြင်လိုက်ပြန်လဲ ဒုက္ခသစ္စာနဲ့ မဂ္ဂနဲ့ ကိုက်ပြန်လဲ ပဋ္ဌိစ္စသမုပ္ပါဒ် ပြတ်တာဘဲ (မှန်ပါ) မပြတ်ဘူးလား... (ပြတ်ပါတယ်ဘုရား)။

အနတ္တဆိုတဲ့ ရုပ်နာမ်ဓမ္မနဲ့ ရှုတဲ့ဉာဏ်နဲ့ ကိုက်ပြန်လဲ မဂ်နဲ့ ကိုက်တာဘဲ .. (မှန်ပါ) မဂ်နဲ့ ကိုက်သ၍ကာလပတ်လုံး တရား မှန်ချည့်မှတ်.... (မှန်ပါ) နိဗ္ဗာန်မရောက်တဲ့တရား တခုမှ မရှိ... (မှန်ပါ)။

ဘယ့်နှယ်ကြောင့် ဘုရားက အနိစ္စ,ဒုက္ခ,အနတ္တလို့ သုံးမျိုးပြား ဟောထားပါလိမ့်မတုံးလို့ မောင်နိုင်တို့က မေးလို့ရှိယင်

တချို့က အနိစ္စ လေ့လာပါမျှားတဲ့ ပုဂ္ဂိုလ်ကျတော့ အနိစ္စနဲ့ သောတာပန်တည်အောင် ဟောလိုက်ကယ်....(မှန်ပါ့)။

တချို့ ဒုက္ခအလေ့အလာမျှားတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုမြင့် ဒုက္ခနဲ့ ဟောလိုက်တယ်....(မှန်ပါ့) သောတာပန်တည်တာဘဲ...(မှန်ပါ့)။

တချို့ အနတ္တ အလေ့အလာမျှားတဲ့ ပုဂ္ဂိုလ်ကျတော့ ဘုရားက ဘာဟောမယ်...(အနတ္တ ဟောပါတယ်ဘုရား)။

အနတ္တဘဲ ဟောလိုက်တယ်...၊ အနတ္တ ဟောလိုက်တော့ အနတ္တနဲ့ သူသည် သောတာပန်,သကဒါဂါမ်,အနာဂါမ် ဖြစ်တာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ့ထုံရာ ဝါသနာအလိုက် သုံးပါးပြားနေတယ်လို့ မှတ်လိုက်....(မှန်လှပါဘုရား) နိဗ္ဗာန်မဂ်ဖိုလ်မရတဲ့တရားတော့ ဒီသုံးခု တခုမှ မရှိဘူး...(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာ အကိုးအကားထားပြီး ဆရာဘုန်းကြီး ဟောပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ စိတ်ကလေးတွေ ရှုတဲ့အခါလဲ ဖြစ်ပျက်မြင်တော့ ဖြစ်ပျက်က ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်ဆိုတာသည် အနိစ္စလဲ ဖြစ်ပျက်၊ ဒုက္ခလဲ ဖြစ်ပျက်၊ အနတ္တလဲဖြစ်ပျက်၊ တသဘောတည်း....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အနိစ္စလဲ....(ဖြစ်ပျက်ပါဘဲ) ဒုက္ခလဲ... (ဖြစ်ပျက်ပါဘုရား) အနတ္တလဲ... (ဖြစ်ပျက်ပါဘဲဘုရား)။

ဒီဖြစ်ပျက်ဟာ တသဘောတည်းဘဲ၊ သြော်....ဒီဖြစ်ပျက်ကို ငါအနိစ္စလို့ မှတ်မယ် ဆိုလို့သာ ငါ ဒုက္ခလို့ မှတ်မယ်ဆိုလို့သာ ငါ-အနတ္တလို့ မှတ်မယ်ဆိုလို့သာ မှတ်တဲ့ ပုဂ္ဂိုလ်ကြောင့်သာ ပြားသွားတယ်၊ သူတို့ကဘော့ဖြင့် အနိစ္စ, ဒုက္ခ, အနတ္တ သုံးခု တပြိုင်နက် ပြတာဘဲ....(မှန်ပါ့)။

သူတို့ကတော့ - (အနိစ္စ,ဒုက္ခ,အနတ္တ သုံးခု တပြိုင်နက် ပြပါတယ်ဘုရား) တပြိုင်နက်ပြတယ်၊ အနိစ္စဆိုတာ ကျုပ်ပါဘဲ၊ ဒုက္ခဆိုတာလဲ ကျုပ်ပါဘဲ ဖြစ်ပျက်ပါဘဲ....၊ အနတ္တဆိုတာလဲ ကျုပ်ပါဘဲလို့ တပြိုင်နက်ပြတယ်နော်.... (မှန်ပါ့) ရှုတဲ့ပုဂ္ဂိုလ် ကြောင့် သုံးပါးပြားရတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အကြောင်းကြောင့် ပြားတာလား- အကျိုးကြောင့် ပြားတာလား... လို့ မေးတဲ့အခါကျတော့ ရှုသောပုဂ္ဂိုလ်က အကျိုးဖြစ်နေလို့ အကျိုးကြောင့် ပြားတယ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါကလေးတွေကိုလဲ သေသေချာချာမှတ်၊ ကချို့ တရားတစောင်းကို ဟောနေတာရှိသေးတယ်၊ အနိစ္စ,ဒုက္ခဟာ နိဗ္ဗာန်မရဘူး၊ အနတ္တမှ ရတယ်လို့ ဟောနေကြတယ် မစုံပြီဆိုမှဖြင့်နော် (မှန်ပါ့)။

စင်စစ်တော့ မောင်နိုင်တို့ အားလုံး တရားတပ်လုံးက မှတ်ပါ၊ ဖြစ်ပျက်နဲ့မင်္ဂ ကိုက်လို့ရှိယင် အနိစ္စထင်လဲ ရောက်မှာဘဲ (မှန်ပါ့) ဒုက္ခထင်လဲ....(ရောက်ရမှာပါဘုရား) ဘာဖြစ်လို့တုံး

မဂ်ပေါ်တာချည့်ဘဲကိုး....(မှန်ပါ့) အနတ္တထင်လဲ....(ရောက်မှာ ပါဘုရား)။

အဲဒီတော့ အနိစ္စ,ဒုက္ခ,အနတ္တကြောင့် တကာတကာမတွေ့ ပုဂ္ဂိုလ်ပြားတာလားဆိုတော့ သြော်... ယောဂီပုဂ္ဂိုလ်၏ ဉာဏ်က အလေ့အလာတွေ့လိုက်ပြီး ပြားသွားတာ....(မှန်ပါ့) အနိစ္စ အလေ့အလာများဘဲ့ပုဂ္ဂိုလ်ဟာ အနိစ္စထင်ပြီး မဂ်ဝင်တယ်... (မှန်ပါ့)။

ဒုက္ခအလေ့အလာများတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခထင်ပြီး မဂ်ဝင်တယ်....(မှန်ပါ့) အနတ္တ အလေ့အလာများတဲ့ပုဂ္ဂိုလ်က .... (အနတ္တထင်ပြီး မဂ်ဝင်ပါတယ်) အနတ္တထင်ပြီး မဂ်ဝင်လာတော့ သြော်... ဒါဟာတော့ဖြင့် ပုဂ္ဂိုလ်အလိုက် ပြားတာဘဲ၊ စင်စစ်ကဖြင့် ဒါ့ကြောင့် ဒို့ဆရာဘုန်းကြီးဟောနေတာ ဥဒယဝယကို ဟောနေတယ်- ဥပဂါဒနဲ့ ဝယ,ကိုဘဲ ဟောနေတယ်၊ ဖြစ်ပျက်တလုံးမြင်ယင် အကုန်ပိုင်တယ်ကွ....လို့ဆိုတာ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဖြစ်ပျက်ဟာလုံးမြင်ယင်.... (အကုန်ပိုင်ပါတယ်ဘုရား) မဂ်ရတာချည့်ဘဲလို့ ဦးဘသန်းတို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်တဲ့လုံးမြင်ယင်... (မဂ်ရတာချည့်ပါဘုရား) မဂ်ရတာချည့်ဘဲ၊ လောကီမှဉ် ရယင် လောကုတ္တရာ မဂ်ရတာချည့်ဘဲ၊ လောကီမဂ်မှ မရသေးလို့ရှိယင် လောကုတ္တရာမဂ် မရသေးဘူး (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီတကာတကာမတွေ့ ဒီနေ့ပြောလိုတာက တော့ အနတ္တကို ဦးစီးပြီးသကာလ အဓိကထားပြီး ပြောလိုပါတယ်....(မှန်ပါ့)။

အဲဒီတော့ အနတ္တဆိုတာလဲ ဦးအောင်ဇံ ဝေတို့, ဦးဘသန်းတို့က တခြားမှတ်မနေနဲ့၊ သြော်....ဒို့ရှေ့နေတဲ့ ဖြစ်ပျက်ဆိုတာကိုး (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒို့ရှေ့နေတဲ့ဖြစ်ပျက်ဟာ ဘာပါလိမ့်...(အနတ္တပါဘုရား)ဖြစ်ပျက်ဟာ အနတ္တဘဲဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဘယ်နှယ်ကြောင့် အနတ္တတုံးလို့ မေးတဲ့အခါကျတော့မှ ဖြစ်တာလဲ ကိုယ်သဘောမဟုတ်ဘူး .... (မှန်ပါ့) ပျက်တာလဲ ကိုယ်သဘောမဟုတ်ဘူး....(မှန်ပါ့) အင်း.... တရားသဘောဘဲ-(မှန်ပါ့ဘုရား)။

ဖြစ်တာလဲ ကိုယ်သဘောမဟုတ်၊ ပျက်တာလဲ .... (ကိုယ်သဘောမဟုတ်ပါ) ဘယ်သူ့သဘောပါလိမ့်.... (တရားသဘောပါဘုရား)။

သြော်...ဒါဖြင့် ဒါဟာ တရားသဘောအတိုင်း ဖြစ်နေတဲ့အတွက် တရားသဘောအတိုင်း သာလျှင် ဥာဏ်က ကြည့်ပြီးသကာလ တရားသဘောအတိုင်း ဖြစ်နေတာကို ငါဝင်မရှုပ်ယင် ဒါဟာ အနတ္တဖြစ်သွားတာဘဲ...(မှန်ပါ့ဘုရား)။

တရားသဘောအတိုင်း ဖြစ်နေတာကို ငါဝင်မရှုပ်ယင် ... (အနတ္တဖြစ်သွားပါတယ်ဘုရား)။

ငါဘာဖြစ်ပါလိမ့်မတုံးလို့ သွားလုပ်မနေနဲ့... (မှန်ပါ့) ဖြစ်နေတာကလေးဟာလဲ ငါလို့သွားမစဲ့လိုက်နဲ့ ... (မှန်ပါ့)

ငါဖြစ်ပြီ ငါပျက်ပြီလို့သွားမလုပ်နဲ့၊ မရှုပ်ဘဲနေယင် အနတ္တ၊ ရှုပ်ယင် အတ္တ....(မှန်ပါ့ဘုရား)။

မရှုပ်ဘဲနေယင်....(အနတ္တပါ) ရှုပ်ယင်... (အတ္တပါဘုရား) ဒါကလေးဟာ ဦးဘရှင်း မှတ်စမ်းပါ... (မှန်ပါ) သြော်... ငါတို့သည် အောက်ဆုံးဖြစ်တဲ့ သောတာပတ္တိမဂ်ကလေးတောင်မှ ငါတို့မရတာ ဘယ်နှယ်ကြောင့်ပါလိမ့်မလဲလို့ မေးတော့မှ သြော်.. ဖြစ်မှုထဲလဲ ငါဝင်ရှုပ်လို့.... (မှန်ပါ့)ပျက်မှုထဲလဲ .... (ငါဝင်ရှုပ်လို့ပါဘုရား)။

ကိုမြင့် မရှုပ်ကောင်းတဲ့နေရာ သွားရှုပ်တယ်....(မှန်ပါ့) ဓမ္မသဘောဖြစ်နေတဲ့ဥစ္စာ ဓမ္မသဘောထဲမှာငါ့သဘောဝင်သွားလို့ (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဓမ္မသဘောထဲမှာ... (ငါ့သဘောဝင်သွားလို့ပါဘုရား) ကြပ်ကြပ် နားထောင်စမ်းပါ ဒီအရေးဟာက အလွန်ကြီးတဲ့အရေးဆိုတာကို ခင်ဗျားတို့ သေသေချာချာမှတ်ပါ၊ ဓမ္မသဘောထဲ ငါနှောနေတယ်....(မှန်ပါ့ဘုရား)။

ဓမ္မသဘောထဲမှာ .... (ငါနှောနေပါတယ်) ငါနှောနေလို့ ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိရှိပြီ (မှန်ပါ့) ငါမနှောလို့ ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိပြုတ်တယ်... (မှန်ပါ့ဘုရား)။

ငါနှောလို့ရှိယင် .... (သက္ကာယဒိဋ္ဌိရှိပါတယ်) ငါ့မနှောလို့ ရှိယင်....(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်) သက္ကာယဒိဋ္ဌိပြုတ်တယ်။

သြော်—ဒါဖြင့် ဘုန်းကြီးတို့ ကကာတကာမတွေ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ့ဆိုတဲ့ သောတာပတ္တိမဂ်ကလေးလောက်တောင်မှ မရကြဘဲနဲ့ ဒီလိုဘဲ အပါယ်လေးပါး မိတ်ဆွေလုပ်ပြီးသကာလ

နေကြရတဲ့ အဖြစ်ဟာ ဓမ္မသဘောထဲ ငါနှောနေလို့ကိုး .... (မှန်ပါ) ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား) ဓမ္မသဘောထဲ ငါရောနေတယ်, ငါနှောနေတယ်.... (မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဓမ္မသဘောထဲ....(ငါနှောပြီးငါရောနေပါတယ်ဘုရား)ဒါကို မောင်နှိုင်တို့က ဆရာကောင်း သမားကောင်းမတွေ့တဲ့ အခါကျတော့ စိတ်ကလေးတခုပေါ်လာတယ်၊ ဟာ.... ငါဘာဖြစ်ပြန်ပါလိမ့် ...(မှန်ပါဘုရား)။

စိတ်ကလေးပျက်သွားကော.... (ငါဘာဖြစ်ပြန်ပါလိမ့်) ငါဘာဖြစ်ပြန်ပါလိမ့်မတုံးဆိုတော့ဓမ္မသဘောအတိုင်းဖြစ်နေတာ ငါဝင်ပြီးရောလိုက်တဲ့ အတွက် သက္ကာယဒိဋ္ဌိ သွားဖြစ်တယ် .... (မှန်ပါ) ပြုတ်သေးရဲ့လား....(မပြုတ်ပါဘုရား)။

ဩော်....ဒါဖြင့် ဓမ္မသဘောထဲ ငါမရောဘူး အရေးဟာက အနတ္တပိုင်ဘူးအရေး....(မှန်ပါဘုရား)။

ဓမ္မသဘောထဲ ငါမရောဘူး အရေးဟာက .... (အနတ္တပိုင်ဘူး အရေးပါ) အနတ္တပိုင်ဘူး အရေးလို့ဆိုတာ ဦးအောင်ဇ ဝေတို့-ဦးဘသန်းတို့ သေသေချာချာမှတ်ပါ....(မှန်ပါ) ရှင်းကြပလား-(ရှင်းပါပြီ) နောက်က တကာတကာမတွေကော .... (ရှင်းပါပြီဘုရား)။

နားကြီးကြီးနဲ့ ထောင်ပေးပါ၊ သမာဓိရှိရှိနဲ့ ထောင်ပေးလိုက်ပါ၊ကြားရခဲလို့ ဦးဘရှင်း-ပြောနေတယ် .... (မှန်ပါ) ဒီတလုံးပိုင်ယင် သောဘာပန်တည်တော့မယ်.... (မှန်ပါ) အဲဒီတော့ ဦးညိုကြီး အထူးဂရုစိုက်ရလိမ့်မယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကဲ...ဓမ္မသဘောထဲ ဘာမရောဘို့ အရေးကြီးပါလို့မ့်... (ငါ မရောဘို့ အရေးကြီးပါတယ်ဘုရား)။

တော်တော်ကြာ ဝေဒနာကလေး ပေါ်လာတယ်၊ တကာ တကာမတွေက ငါနာပြန်ပြီဆိုတော့ ဓမ္မဖြစ်နေတဲ့အထဲ ငါ သွားရောတယ်... (မှန်ပါ့)ဝေဒနာကလေးက ပျက်သွားပြန်တော့ ငါ-ပျက်သွားပြီဆိုပြန်တော့လဲ ပျက်တဲ့အထဲ ငါသွားရောတယ် (မှန်ပါ့) ဘယ်နှယ်တုံး ခင်ဗျားတို့ဟာ ဓမ္မသဘောထဲ ငါချည့် သွားရောတယ်....(မှန်ပါ့ဘုရား)။

ဦးဆောင်ဇ ဝေ သေသေချာချာမှတ်ပါ၊ နာလာပြန်တော့ ငါ- ဘာဖြစ်ပြန်ပါလိမ့်မတုံးဆိုတော့ ဝေဒနာထဲ ဘာသွားရော သတုံး... (ငါသွားရောပါတယ်ဘုရား)။

ဒီနာတာကလေး ပျောက်သွားပြန်တဲ့အခါကျတော့ ဝေဒနာ ပျောက်တာကို ငါ-ပျောက်ပြီဆိုပြီး ပျက်တဲ့အထဲလဲ ငါဝင် ရောပြန်တယ်....(ရောပါတယ်ဘုရား)။

ဩော်... ဒါ့ကြောင့် ခင်ဗျားတို့ဟာက ဓမ္မသဘောထဲ ငါဝင် ရောနေလို့ သောတာပန်မတည်တာ....(မှန်ပါ့ဘုရား)။

ကိုမြင့် ဘာတဲ့ဗျာ... (ဓမ္မသဘောထဲ ငါဝင်ရောနေလို့သော တာပန် မတည်တာပါဘုရား)။

အင်း....သုခဝေဒနာကလေး ဖြစ်ပြန်လဲ ငါ-ကောင်းစားပြန် ပြီတဲ့....(မှန်ပါ့) ဓမ္မထဲ မောင်အောင်သိန်း ရောပြန်ပြီ(မှန်ပါ့) သုခဝေဒနာကလေး ပျောက်သွားပြန်တော့လဲ ငါဆင်းရဲပြန် ပြီတဲ့၊ ဓမ္မထဲဘာဝင်ရောနေသလဲ(ငါဝင်ရောနေပါတယ်ဘုရား)။

ဟာ....တကာတကာမတွေက ရှေးကြဲ ကုလားကျောက်ဝယ် သလိုဖြစ်နေပြီကွ မောင်နိုင်.... (မှန်ပါ) ကုလားကျောက်တည့်တော့ ဘာဖြစ်သတုံး· ရောပစ်လိုက်တယ်၊ ရိပ်မိပလား (မှန်ပါ) ကုလားကျောက်တည့်တော့ ဦးဘရှင်း ဘာလုပ်ပစ်လိုက်သလဲ.... (ရောပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ဟာက တယ်အရောက ဝါသနာပါတာ ကိုး.... (မှန်ပါ) တယ်ရောတာ ဝါသနာပါတော့ကို ဩော်... ငါတို့ရောပြစ် သင့်နေတာဟ....(မှန်ပါဘုရား)။

သောတာပန် မတည်တာဟာ... (ရောပြစ်သင့်နေတာပါ) မပု- ဘာအပြစ်သင့်နေသလဲ....(ရောပြစ်သင့်နေပါတယ်ဘုရား)။

ခင်ဗျားတို့ဟာက ပါးစပ်က ထွက်လာတာနဲ့ ဟိုဓမ္မက ဖြစ်နေတာနဲ့ဟာ ကျုပ်ဝမ်းသာလိုက်တာဆိုတော့ ဟာ· သောမနဿဝေဒနာထဲ ကျုပ်သွားရောပစ်တယ်.... (မှန်ပါ)ကျုပ်ဝမ်းနည်းလိုက်တာဆိုတော့ ဒေါမနဿထဲ ကျုပ်သွားရောတယ် (မှန်ပါ) မရောဘူးလား.. (ရောပါတယ်) ကိုပေါ်ဦးဘရှင်းတို့ (ရောပါတယ်ဘုရား)။

ဒါ ခင်ဗျားတို့ဟာက အကျင့်ထုံးစံဝါသနာကြီး ဖြစ်နေတယ် . (မှန်ပါ) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဓမ္မသဘောကတော့ သူ့ဟာသူ သောမနဿဖြစ်တယ်၊ သောမနဿချုပ်တယ်၊ ကြည့်နေဘို့ပါ၊ငါမရောပါနဲ့.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးညိုကြီး အရောဝါသနာပါသလား.... (မပါ-ပါ) မပါဘူး မပြောနဲ့ ခင်ဗျားသာဆိုးသေးတယ်... (မှန်ပါ)ဒီရောနေလို့ သောတာပန်မတည်တာ... (မှန်ပါဘုရား)။

နောက်က တကာ တကာမတွေ ဘယ်နှယ်ကြောင့် သော တာပန် မတည်တာပါလိမ့်...(ငါ-ရောနေလို့ သောတာပန်မတည် တာပါဘုရား) ဓမ္မသဘောထဲ ငါရောနေလို့....(မှန်ပါ!) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဓမ္မသဘောထဲ ငါရောနေတော့ တော်တော်ကြီးကျနေတာ့ ငါရောရုံတွင် မကဘူး၊မောင်နှိုင် တက်လာတယ်.... (မှန်ပါ!) ငါရောရုံတွင် မကဘူး....တဲ့၊ ဥပမာမယ် သုခဝေဒနာကလေး ဖြစ်တော့ ဟာ....နေကောင်းပြီဆိုတော့ သုခဝေဒနာနဲ့ ငါနဲ့ ရောသွားတယ်...(မှန်ပါ!ဘုရား)။

ဦးဘအုန်းကြီး ရောပစ်လိုက်တယ်....(မှန်ပါ) မရောဘူးလား (ရောပါတယ်ဘုရား) ခင်ဗျားလဲ အရောဝါသနာပါတဲ့ အထဲက ပါဦးမှာပါဘဲ....၊အတော်ခက်နေပြီ။

ဒါ!ကြောင့် သုခဝေဒနာကလေး ပျောက်သွားတဲ့အခါကျ လို့ရှိယင် ငါသည်ကားလို့ ဆိုလို့ရှိယင် ဘာဖြစ်ပါလိမ့်မတုံး၊ ဟော... သုခဝေဒနာပျောက်သွားတာ ငါ ဘာဖြစ်ပါလိမ့်မတုံး- ဖြစ်သွားတယ်...(မှန်ပါ!) ပျောက်တဲ့အထဲ ရောပြန်ပြီ.... (မှန်ပါ! ဘုရား)။

ကိုမြင့်....(ပျောက်တဲ့အထဲ ရောပါတယ်ဘုရား) ပျောက်တဲ့ အထဲ ရောတာ ခင်ဗျားတို့က ဆရာကောင်း, သမားကောင်းတွေ နဲ့လဲ မတွေ့၊ ဓမ္မသဘောတွေ ပေါ်လောကြီး ပေါ်လာအောင် က ပြောမည့်လူက မရှိ၊ ထုံးစံကို တခါကြည့်တော့လဲ မိဘရှိ၊ရှု တ ဒါတွေကို အရောသင်ထားပြန်ဆိုတော့ နောက်က တကာ တကာမတွေ့ မရောရယင်လဲ ခင်ဗျားတို့က မ့ကျေနပ်တဲ့သဘော တွေ ဖြစ်နေတော့ မရောရယင် မကျေနပ်တဲ့ သဘောတွေကို

ဘုန်းကြီး ရှင်းရှင်းပြောပါ့မယ်၊ ရောလိုက်တော့ သက္ကာယဒိဋ္ဌိ စင်သွားတယ်...(မှန်ပါ)ဝေဒနာကို ငါထင်တဲ့အတွက် သက္ကာယဒိဋ္ဌိ မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ 'ဝေဒနံ အတ္တာတော သမနုပဿတိ'မလာဘူးလား (လာပါတယ်)စိတ်ကလေးကို ရောလို့ရှိယင်လဲ 'ဝိညာဏ' အတ္တာတော သမနုပဿတိ' ဝိညာဏ'=ဝိညာဏ်ကို၊ အတ္တာတော=ငါဟူ၍၊ သမနုပဿတိ=ရှု၏တဲ့၊ မပု ကဲ...ပေါ်လာပြီ...(ပေါ်လာပါပြီဘုရား) ဒါ ရောပစ်လိုက်ဘယ်...(မှန်ပါ့)။

တကာတကာမတွေ ရောကောင်း-မရောကောင်း ... (မရောကောင်းပါဘုရား)။

သို့သော် ရောပြစ်ကလေးတော့ ကိုပေါ်....ပြောပါရစေ....(မှန်ပါ့) ရောပြစ်ကလေး ပြောပါရစေ၊ ဟော....မောင်ထွန်းအောင်တို့ သေသေချာချာ နားထောင်ကွ...(မှန်ပါ့)။

ဝေဒနာမှာ ငါ သွားရောလိုက်တယ်၊ ရောလိုက်တဲ့အခါကျတော့ သက္ကာယဒိဋ္ဌိ သွားရောလိုက်တာကိုး မောင်နိုင်ရ...(မှန်ပါ့ဘုရား)။

ရောလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ချမ်းသာတာကလေးဟာ ငါဘဲလို့ဆိုတော့ သုခဝေဒနာကလေးကို ငါနဲ့ သွားမရောလိုက်ဘူးလား...(ရောလိုက်ပါတယ်ဘုရား)။

ဦးအောင်ဇံဝ....သုခဝေဒနာကို.... (ငါနဲ့ သွားရောပါတယ်ဘုရား)။

ကဲ..ဒါဖြင့် ဒီ ဝေဒနာကလေးခြောင့် ဝေဒနာနဲ့ ငါနဲ့ သွားရောတော့ .သက္ကာယဒိဋ္ဌိ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဒီဋ္ဌိဖြစ်တော့ ပဋ္ဌိစ္စသမုပ္ပါဒ်ဆက်လိုက်တော့ ကိုပေါ — ဒီဋ္ဌိက တကျွာဘဲ မဟုတ်လား...(မှန်ပါ့) ဒိဋ္ဌိ-ဒိဋ္ဌပါဒါန်ဘက် လှည့်မယ်နော်....(မှန်ပါ့)။

ဒီဋ္ဌိပြီးတော့ ဘာလာမယ်....(ဥပါဒါန်လာပါတယ်) ဒိဋ္ဌပါဒါန် မလာဘူးလား....(လာပါတယ်) ဥပါဒါနပစ္စယာ....(ဘဝေါ)ကမ္မဘဝပစ္စယာ... (ဇာတိပါ) ဒီ ဇာတိကို ရိုးရိုးမဆိုနဲ့ ရောတဲ့ ဇာတိ ဖြစ်သောကြောင့် အပါယ်ဇာတိ— (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ--(အပါယ်ဇာတိပါ)ကဲ... ခင်ဗျားတို့က သြော်....အခြားသော ဆရာတော်ဟောတော့ တခြားသော ပုဂ္ဂိုလ်တွေ ပြောတာဟာ ရောတာဟာကွာ .... မကောင်းဘူး လေးက် ပြောတယ်၊ အခုဟာက မကောင်းတာက အပါယ် ရောက်သွားတယ် (ရောက်ပါတယ်ဘုရား)။

ဒါကြောင့် ဒီဋ္ဌိက အပါယ်ချပါတယ်ဆိုတာ မောင်နိုင်.... ပေါ်ပလား....(ပေါ်ပါပြီ) ဒီဋ္ဌိက အပါယ်ချတာကိုး....(မှန်ပါ့ ဘုရား)။

တစာတကာမတို့ ခင်ဗျားတို့ ရောချက်ဟာ သေးသလား၊ ကြီးသလား .. အကဲခတ်ကြည့်.... (ကြီးပါတယ်ဘုရား)။

ကဲ .. ချမ်းသာတာကလေးဟာ အို.... ကျုပ်ဖြင့် ချမ်းသာ လိုက်တာ၊ ရောပလား မောင်နိုင်....(ရောပါပြီ) ချမ်းသာတာနဲ့ ငါနဲ့ ဘယ်နှယ်နေသလဲ....(ရောသွားပါတယ်) ရောတော့ ဒီဋ္ဌိ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ချမ်းသာတာကို ငါ လုပ်ပစ်လိုက်ပြီ....(မှန်ပါ့) ဒီဋ္ဌိဖြစ်တော့ ကို ဒိဋ္ဌပါဒါန်လာရမှာလား၊ မလာရဘူးလား— (လာရမှာပါ) ဥပါဒါနပစ္စယာ....(ကမ္မဘဝေါပါ)ကမ္မဘဝပစ္စယာ....(ဇာတိပါ

ဘုရား) ရှိုးရှိုးမဆိုနဲ့ ကိုပေါ်ရ-ဒီဌိုက လာတာ အပါယ်ဇာတို့... (မှန်ပါ)။

ကမ္မဘဲ့ဝပစ္စယာ... (အပါယ်ဇာတိပါ) သဘောကျပလား.... (မှန်ပါ) ကဲ... တကာတကာမတို့ ဒီဌိုက အပါယ်ချတယ်ဆိုတာ ယုံကြည်ကြပလား....(ယုံကြည်ပါတယ်)ပေါ်ကြ့ပလား...(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ အရောဝါသနာပါပါနဲ့ ဒီဌိုက လဲ အပါယ်ကို တကယ်ချတတ်တာနဲ့တော့ဖြင့် မောင်နိုင်- တွေ့ကြပေါ့....(မှန်ပါ) တကာတကာမတွေ့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

နားကြီးကြီးနဲ့ ထောင်စမ်းပါ၊ ဦးအောင်ဇ ဝ သတိပေးရတယ်....(မှန်ပါ)သာမည်ဆိုတော့ သြော်....သက္ကာယဒိဋ္ဌိဖြစ်တာ မကောင်းဘူးလောက်သာ မှတ်နေတယ်၊ မကောင်းရုံတွင်လား.... ကိုမြင့်....အပါယ်ရောက်သွားတာလား .... (အပါယ်ရောက်သွားတာပါဘုရား)။

ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်က မောင်နိုင်ဘဲ စဉ်းစားကြည့်၊ နောက်ကတကဲ့ကာတကာမတွေ့ဘဲ စဉ်းစားကြည့်၊ ဖြတ်လို့ ရမသေးသလား- (မရပါ) ငါဆိုတဲ့ ဒိဋ္ဌိဝင်လာလို့ ရှိယင်ဖြင့် စဲ့လမ်းတဲ့ ဥပါဒါန် မလာပေဘူးလား....(လာပါတယ်) စဲ့လမ်းတဲ့ ဥပါဒါန်လာယင် ဦးဘုရင်း...ကံက လိုက်မှာလား....၊ မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

ရှတ်ကြည့်ပါ ခင်ဗျားတို့ ပါဠိကို၊ ဥပါဒါနပစ္စယာ....(ကမ္မဘဝေါပါ)ဟော....မလာဘဲ နေရသလား၊ လာရသလား....(လာရပါတယ်)ကမ္မဘဝပစ္စယာ အပါယ်ဇာတိကော မလာဘူးလား၊ လာမလား....(လာမှာပါဘုရား)။

ဒါ ဘာပြစ်သင့်တာတုံးလို့ ဦးဘအုန်းကြီး ...မေးယင် ဘယ့်နှယ်ဖြေမလဲ....(ဖောပြစ်သင့်တာပါဘုရား)။

သြော်....ခင်ဗျားတို့ ဒီလို ဆရာကောင်း, သမားကောင်းနဲ့ ပြောပေးမည့်သူ ခလေးဆုံးမ,သလို ဆရာသမားက ဆုံးမ,မပေးလို့ရှိယင်ဖြင့် တရောထဲ ရောနေကြမှာဘဲ....(မှန်ပါ)။

မောင်နိုင်....ဘယ့်နှယ်ဆိုမလဲ.... (တရောထဲ ရောနေမှာပါ) ဦးဘသန်းကြီး ဘယ့်နှယ်ဆိုမလဲ.... (တရောထဲ ရောနေမှာပါ) တရောထဲ ရောနေမှာဘဲ၊ နောက်က တကာတကာမတွေကော ဘယ်လိုမျှား ထင်ကြသတုံး....(တရောထဲ ရောနေမှာပါဘုရား)။

ဒါဖြင့် တရောထဲ ရောနေတဲ့ အပြစ်ဟာ ခင်ဗျားတို့ ပမတ္တဿနာမ စတ္တာရော အပါယာ သကဂေသဒိသာ" ပမတ္တဿနာမ=မ့ရောပါနဲ့ဆိုတာမေ့-မေ့ပြီးရောတဲ့ပုဂ္ဂိုလ်အား၊ စတ္တာရောအပါယာ = အပါယ်လေးဘုံ တို့သည်၊ သကဂေဟာ သဒိသာ= မိမိနေရာ အိမ်ဂေဟာကြီးနှင့်တူလှကုန်၏၊ မရောနဲ့ ဆိုတာကို သွားရောလို့ရှိယင် အပါယ်လေးပါးဟာ ခင်ဗျားတို့ အိမ် ဖြစ်သွားပြီ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

မရောနဲ့ ဆိုတာ ရောက်လိုက်ယင်.... (အပါယ်လေးပါးဟာ မိမိတို့အိမ်ဖြစ်သွားပါတယ်ဘုရား)။

မောင်နိုင် ဒီနေ့တရား သိပ်အဘိုးတန်ပါလား.... (မှန်ပါ့) နောက်ကလဲ တန်ခဲ့ပါတယ်၊ တန်ပင် တန်ငြားသော်လဲ ဒီနေ့ ဥစ္စာမှာ ဒီဌိုနဲ့ ပတ်သက်ပြီးသကာလ ပိုပြီး တန်ပြန်တယ်ဆိုတာ သေသေချာချာမှတ်ကြစမ်းပါ....(မှန်ပါ့)။

ကဲ....ဒီဥစ္စာ ခင်ဗျားတို့ သူမျှားပစ္စည်းခိုးလို့ အပါယ်ရောက်ရတာလား- သီလပျက်လို့ အပါယ်ရောက်ရတာ့လား-ဟုတ်လား၊ ဘယ်နှယ်ကြောင့် ရောက်ရပါလိမ့်မတုံးဆိုတော့ ဘာဝနာပျက်လို့ ရောက်ရတာ...(မှန်ပါ့ဘုရား)။

ကိုင်း...ဘယ်နှယ်ကြောင့်တုံး... (ဘာဝနာပျက်လို့ ရောက်ရတာပါဘုရား)။

သီလပျက်လို့လဲ ရောက်တာမဟုတ်ဘူးကွ....(မှန်ပါ့)သမာဓိပျက်လို့လဲ ရောက်တာမဟုတ်ပါဘူး... (မှန်ပါ့) ဘာဝနာ ပျက်သွားလို့....(မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဘယ်နှယ်ကြောင့်ပါလိမ့်....(ဘာဝနာပျက်သွားလို့ ရောက်ရတာပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေကို ခဏခဏလဲ သတိပေးလိုက်ပါတယ်၊ ကျုပ်တို့တော့ ရှစ်သီတင်း-ကိုးသီတင်းတော့ သေချာပါတယ်၊ အပါယ်စိတ်ချရပြီ....တဲ့၊ ဟိုမှာ ဘာဝနာပျက်လို့ အပါယ်ရောက်တာတော့ သူသိမှ မသိဘဲ-(မှန်ပါ့ဘုရား) သူ့သီလကလေးကို သူအသားယူပြောနေတယ်- (မှန်ပါ့ဘုရား)။

တခါ လူဒါန်း,ပေးကမ်းထားတာကလေးတွေလဲ ကိုပေါ်တို့ လူစု ဦးဘရှင်းတို့က အသားယူချင်ယူနေတာ.... (မှန်ပါ့) ဘာ ဝနာပျက်တာ ထည့်မိရဲ့လား....(မထည့်မိပါဘုရား)။

အခု ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ သေသေချာချာကြည့်လိုက်တော့ ဘာ ဝနာပျက်လို့ ကြည့်စမ်း သွားရောလိုက်တဲ့အတွက် မပု·အပါယ် ရောက်သွားတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား) ဒါ....ဘာပျက်တာတုံး....(ဘာဝနာပျက်တာပါဘုရား)။

သီလလဲ မပျက်ပေါင်ဗျာ၊ သမထလဲ....(မပျက်ပါဘုရား) ဘာဖြစ်သတုံး....(ဘာဝနာပျက်ပါတယ်ဘုရား) အဲ.... ဘာဝနာ ပညာပျက်သွားတယ်...(မှန်ပါ့ဘုရား) ရှင်းပလား _ (ရှင်းပါပြီ ဘုရား)။

ပညာပျက်သွားတော့ ပညာဆိုတာ ဘာဝနာကို ဆိုပါတယ် (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဦးဘရှင်း ဘာပျက်သွားသတုံး·(ဘာဝနာပျက်သွားပါတယ် ဘုရား) ဘာဝနာ ပျက်သွားတယ် (မှန်ပါ့)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေလဲ ဖေါ်ပြောနေရ တာကလဲ ခဏခဏ၊ မဖေါ်လို့ရှိပြန်လဲ ကိုယ့်အားကိုးတာ ကလေးဟာ တကယ့် အခိုင်အမြဲထင်ပြီးသကာလ အားကိုးချင် ကိုးပစ်လိုက်တာ....(မှန်ပါ့)။

တပည့်တော်တို့ မပြုဘူးတဲ့ဒါန ဘယ်မှာရှိမတုံး၊ ရေတွင်း, ရေကန်,ကျောင်း,ကန်,ဘုရားဆိုတာ စုံနေတာဘဲ.... (မှန်ပါ့) ကျုပ်တို့တော့ သေယင် ဘာပူစရာရှိသတုံး.... (မှန်ပါ့) ငါရော

တာတော့ မသိလိုက်ဘူး....(မှန်ပါ့)သိလိုက်ကဲ့လား....(မသိလိုက်ပါဘုရား)။

ကျုပ်တို့တော့.... ငယ်ငယ် ကတည်းက ဝါသနာလဲ ပါ-ပါတယ်၊ အမေမိဘတွေ အထုံနဲ့ ငါးပါး အိမ်မှာ လုံပါ့တယ်၊ ရှစ်ပါးဆိုတာတော့ တလ ရှစ်သီတင်းလောက်, လေးသီတင်းဆိုတာတော့ မပျက်ပါဘူး၊ အဲဒီတော့ ကျုပ်တို့တော့ဖြင့် သေပျော်ပြီလို့ မပုတ်ဆိုချင်လဲ ဆိုလိုက်မယ်.... (မှန်ပါ့) မဆိုပေဘူးလား....(ဆိုပါတယ်ဘုရား)။

ဟုတ်ကဲ့လားလို့ မေးပြန်တော့ ဘယ်နှယ် ဖြေကြပါ့မလဲ.... (မဟုတ်သေးပါဘုရား) အပါယ်လွတ်ပလား.... (မလွတ်ပါ) ဘာပျက်နေသတုံး.... (ဘာဝနာပျက်နေပါတယ်ဘုရား) ပညာဘာဝနာပျက်သွားတယ်....(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဘယ်နှယ်ဗျာ....တကာတကာမတွေ တိသရဟန်းကြီးဟာ ဘုရားနဲ့ ဇေတဝန်ကျောင်းမှာနေပြီး သီလလုံလိုက်တာလွန်လို့ ကျောင်းတော်ပေါ်မှာ အတူတူနေတာ - (မှန်ပါ့) ဖျတ်ကနဲ ဘာဝနာပျက်လိုက်တာ သန်းကြီးသွားဖြစ်တယ် .. (မှန်ပါ့ဘုရား) ဘာဝနာပျက်တာနဲ့ ဘာဖြစ်သွားသတုံး.... (သန်းကြီး သွားဖြစ်ပါတယ်ဘုရား) သေချာပလား....(သေချာပါပြီဘုရား)။

သေချာပြီနော်....အဲဒါ့ကြောင့် ဝတ္ထုသက်သေသာဓကတွေ ထုတ်နေလို့ ရှိယင်ဖြင့် တရားသားကြီး နည်းသွားမှာ စိုးလို့ မထုတ်တော့ပါဘူး မောင်နိုင်.... (မှန်ပါ့) ရှင်းအောင်, လင်း

အောင်ဘဲ မောင်အောင်သိန်း ငါပြောတော့မယ်နော်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ့ အခု ခင်ဗျားတို့ အပါယ်တံခါး ပွင့်နေတာ ဘာပါလိမ့်မတုံးလို့ လက်သည် ယနေ့ဖမ်းပေးတယ် ဆရာဘုန်းကြီးက၊ ဘာတုံးဗျ.... (ရောပစ်လို့ပါဘုရား) ခန္ဓာနဲ့ ငါနဲ့ ရောရောပစ်တယ်....(ရောပစ်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (ခန္ဓာနဲ့ ငါနဲ့ ရောရောပစ်ပါတယ်ဘုရား) ဝေဒနာနဲ့ ငါနဲ့ လဲ ရောလိုက်တာဘဲ... (မှန်ပါ့) ရုပ်နဲ့ ငါနဲ့ကော....(ရောပါတယ်ဘုရား) ငါပူလိုက်တာဆိုတာ ရုပ်နဲ့ သွားရောတယ်... (မှန်ပ်ါ့) တေဇောဓါတ်နဲ့ သွားရောတယ်....(မှန်ပါ့)။

ငါပူပြီ. ငါ ဘာဖြစ်ပါလိမ့်မတုံးဆိုတော့ ရုပ်နဲ့ ငါနဲ့ သွားရောတယ်....(မှန်ပါ့)။

ငါ အေးလိုက်တာ သေးတောင် ရှိတယ်မထင်ဘူး၊ တေဇောနဲ့ သွားရောပြန်ပြီ....(မှန်ပါ့ဘုရား) ဦးဘရှင်း ဘယ့်နှယ်တုံး....(ရောပါတယ်ဘုရား)။

ရောတော့ ဘာဖြစ်သတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ၊ ရောတော့ ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ့) ဒိဋ္ဌိဖြစ်တော့ ဒိဋ္ဌုပါဒါန် လာလိမ့်မယ်၊ ဒိဋ္ဌိလာယင် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံက.... (လာပါတယ်ဘုရား) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ဟော.... အပါယ် ဇာတိလာပြီ...(မှန်ပါ့)။

ဒါဟာ ဦးညိုကြီး အာပြစ်သင့်တာတုံး... (ရောပြစ်သင့်ပါတယ်ဘုရား) ရောပြစ်သင့်တယ်။

ယနေ့ တရားမှာ တကာတကာမတို့ ဘာပြစ်သင့်ပါသတုံး.... (ရောပြစ်သင့်ပါတယ်ဘုရား)။

ရောပြစ်သင့်တယ်ဆိုတာ ခင်ဗျားတို့က ဥပုသ်စောင့်နေလဲ ဒီအရောက လျှော့တာမဟုတ်ဘူး....(မှန်ပါ) ဒါနလုပ်နေကော (မလျှော့ပါဘုရား)။

မလျှော့တော့ အင်း....ဒါနကုသိုလ်ဟာ သူ့ဟာသူ အကျိုးပေးတာက တခြား၊ ဒိဋ္ဌဆွဲချမှာက တဖုံပေါ့ဗျာ.... (မှန်ပါ) သီလကုသိုလ်က သူ့ဟာ အကျိုးပေးမှာက စာခြား၊ ဒိဋ္ဌဆွဲချမှာက တဖုံ.... (မှန်ပါဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဒိဋ္ဌမပြုတ်ယင် အပါယ်လေးပါး ဘယ်တော့မှ စိတ်မချနဲ့တဲ့... (မှန်ပါ)ဟောသင့်သလား....(ဟော့သင့်ပါတယ်ဘုရား)။

ဒါန,သီလတွေဟာ နတ်ရှာသုဂတိတွေ ရောက်မှာဘဲ၊ ဒိဋ္ဌတန်းလန်းနဲ့ ပါသွားတဲ့အတွက် ပြန်ရောက်ဦးမှာဘဲ အပါယ်လေးပါး....(မှန်ပါဘုရား) ဆိုနိုင်ကြသလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဒါ- ဘယ်ကလာတဲ့ အပြစ်ပါလိမ့် မတုံးဆိုတော့ ခန္ဓာနဲ့ငါနဲ့ရောတယ်....(မှန်ပါ)။

ဘာပါလိမ့်-(ခန္ဓာနဲ့ ငါနဲ့ ရောပစ်လိုက်တယ်နော်- (မှန်ပါ့) တကာတကာမတွေက အရောက ဝါသနာပါလိုက်တာ၊ ကိုယ့် ခန္ဓာနဲ့ ရောတဲ့အပြင်မှာ ငါ့သား-ဆိုတဲ့ သားသမီး ခန္ဓာနဲ့ လဲ ငါနဲ့ သွားရောလိုက်တယ်.... (ရောပါတယ်) ငါ့သမီးဆိုတော့.... (သမီးခန္ဓာနဲ့ ရောပါတယ်ဘုရား) ငါ့ပစ္စည်းဆိုတော့ကော.... (ပစ္စည်းနဲ့ရောပါတယ်ဘုရား) ငါ့အမျိုးဆိုတော့.... (အမျိုးနဲ့ ရောပါတယ်ဘုရား)။

ဩော်....ခင်ဗျားတို့ကလဲ အပါယ်သွားဘို့ရာတော့ဖြင့် ရော စာတ်ပါပေ....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (အပါယ်သွားဘို့ရာ ရောတတ်ကြပါ တယ်ဘုရား)။

ရောတတ်ပါပေ ဆိုတာ ဦးဘရှင်း ဘုန်းကြီးပြောတာက ကြီးသလား- ခင်ဗျားတို့ရောတာက များသလားလဲ အကဲခတ် ပါဦး....(ရောတာက များပါ့တယ်)ရောတာက များတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဦးဘအုန်းကြီး မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဘုန်းကြီးက သိပ်ပြောတာဘဲ- ဒို့ကိုဖြင့် မညှာမတာ ပြော စာဘဲ ဆိုချင်သလား- ကိုယ်လုပ်ထားတာက ပိုနေသေးသလား- (ကိုယ်လုပ်ထား်းတာက ပိုနေပါသေးတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို ဖေါ်ပြောနေပါတယ်တဲ့၊မောင်နှိုင် ဒီလိုမပြောယင် ရပါ့မလား....(မရပါဘုရား)။

ကဲ... ကိုမြင့် နောက်အရောတော့ဖြင့် သတိထားပါ....(မှန်ပါ့ဘုရား)အရောတော့ဖြင့်... (သတိထားရမှာပါ) ရောချင်ယင် ပညာနဲ့ ရောပစ်ပါ.. (မှန်ပါ့ဘုရား)။

ရောချင်ယင်....(ပညာနဲ့ရောရမှာပါ) ပညာနဲ့တော့ဖြင့် စာခါတည်း ဖြစ်ပျက်နဲ့ မဂ်နဲ့ဖြင့် ရောချင်ရောလိုက်· (မှန်ပါ့) သဘောကျပလား...(ကျေပါပြီ) ဖြစ်ပျက်လာတိုင်း မဂ်နဲ့သွားသွားပြီးတော့ အာရုံပြုလိုက်....(မှန်ပါ့)။

ဖြစ်ပျက်လာတိုင်း....(မဂ်နဲ့ အာရုံပြုရပါမယ်)သွားသွားပြီး အာရုံပြုသောအားဖြင့် ရောလိုက်....(မှန်ပါ့) ဦးဘရှင်း ဒီလိုဆိုတော့ ဒီဌီချုပ်တယ်....(ချုပ်ပါတယ်ဘုရား)။

ဒီဌီချုပ်တော့ ဥပါဒါန်.... (ချုပ်သွားပါတယ်) ဥပါဒါန်ချုပ်သွားတော့....(ကံ့ချုပ်သွားပါတယ်) ကံ့ချုပ်တော့ အပါယ်ဇာတိကော....(ချုပ်သွားပါတယ်ဘုရား)။

သြော်....ရောတတ်ပြန်တော့လဲ ဟင်... (မှန်ပါ့) မဂ်နဲ့ရောရမယ်....(မှန်ပါ့) ဖြစ်ပျက်နဲ့ မဂ်နဲ့ရောရမယ်(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်နဲ့ မဂ်နဲ့ရောယင်ဖြင့် အပါယ်ဇာတိချုပ်ပါတယ်....(မှန်ပါ့) ခန္ဓာနဲ့ဝါနဲ့ ရောယင်ဖြင့် အပါယ်ဇာတိ ပေါ်ပါလိမ့်မယ်....(မှန်ပါ့) ဆိုနိုင်ကြမလား....(ဆိုနိုင်ပါတယ်ဘုရား)။

သြော်....ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟာ စာတွေ့ သေသေချာချာမှတ်ပါ၊ မင်းတို့ကွာ တဲ့၊ သောတာပန်စာည်အောင် မြန်မြန်လုပ်စမ်းပါ၊ မြင့်မိုရ်တောင်ကြီးဟာ သဲမှုန့်

ကလေးတွေ ဘယ်လောက်ရှိသုတုံး-ဆိုလို့ရှိယင် မရေတွက်နိုင်ဘူး ဖြေရမှာဘဲ....(မှန်ပါ့ဘုရား)။

ငါ့လက်သည်းပေါ် တင်တဲ့ သဲမှုန့်နဲ့ ဘယ်သူမျှားသတုံး မေးယင် မပြောလောက်ပါဘူး ဖြေရမှာဘဲ....(မှန်ပါ့) အဲ.... သောတာပန်တည်အောင် လုပ်လိုက်ယင် ငါနဲ့မရောလို့ရှိယင် လက်သည်းပေါ်တင်တဲ့ မြေမှုန့်လောက် မင်းတို့ဒုက္ခကျန်ပါတော့ တယ်ကွာ၊ မြင်းမိုရ်တောင်နဲ့အမျှ သဲမှုန့်နဲ့အမျှ ဒုက္ခတွေ မင်းတို့ ကုန်ပါပြီတဲ့... (မှန်ပါ့ဘုရား)။

ငါနဲ့မရောတဲ့ဥစ္စာ ဘယ်လောက်ထိအောင် ဒုက္ခကင်းသွားသတုံး....(မှန်ပါ့) မြင်းမိုရ်တောင်နဲ့အမျှ သဲမှုန့်နဲ့အမျှ ဒုက္ခတွေ ဦးဘရှင်း ကုန်သွားတယ်....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ကုန်သွားသတုံးဆိုတော့ တကာတကာမတွေ ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘယ်လိုကြောင့်ပါလိမ့်... (ငါနဲ့မရောလို့ပါ) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

အံမာလေး .... တရားတွေ့ဘယ်လိုပင် ဘုန်းကြီးက စကားတတ်လို့ ခင်ဗျားတို့ကို အမျိုးမျိုးအဖုံဖုံနားလည်မှုကို တန်ဆာဆင်ပြီး ပြောနေပြားသော်လဲ ယနေ့တရားမှာ ငါနဲ့မရောဘို့ အရေးကြီးတယ်... (မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား)။

ငါနဲ့ မရောလို့ရှိယင်ဖြင့် ဘယ်သူနဲ့ရောရမှာတုံး မေးတော့ ပညာနဲ့ရော... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ပညာနဲ့ရောပါ၊ ငါနဲ့မရောပါနဲ့(မှန်ပါ့ ဘုရား)။

အခုတော့ ပညာနဲ့တော့ ခင်ဗျားတို့က မရောဘူး၊ မတော်နိုင်ဘာန်မြင်သူး မခက်ဘူးလား၊ ဒီသား, ဒီသမီးတွေနဲ့ ခဲ့ရလိမ့်မယ်၊ ဒီကျအောင် ကြောင့်ကြတယ်_(မှန်ပါ့)။

ကိုပေါ် အရုပ်ဆိုးလိုက်တာ.... (ဆိုးပါတယ်) မဆိုးကြဘူးလား....(ဆိုးပါတယ်ဘုရား)။

ခင်ဗျားတို့က ဟို· မရှိတဲ့ကျောက် ရမ်းပြီးတူးနေတဲ့အလုပ်ကိုဘဲ ကျေနပ်နေသလို ဖြစ်နေတယ်(မှန်ပါ့) ကျောက်တူးတယ်ဆိုတာ ရမ်းတူးတာရယ်၊ ပြောသံကြားနဲ့တူးတာရယ်.... (မှန်ပါ့ဘုရား)။

ဘယ်သူက ဒီနေရာမတူးဘူးဘူး၊ ဒီနေရာမှာ အခိုင်မြဲရှိတယ်ဆိုပြီး ဦးဘရှင်း အရမ်းလုပ်နေတာ(မှန်ပါ့) တကယ်ရှိတာတော့ ဟုတ်ကဲ့လား....(မဟုတ်ပါ) ပြောတဲ့လူကကော တကယ်သိတာလား....(မသိပါဘုရား)။

အဲဒီတော့ အရမ်းအလုပ်ကိုတော့ ခင်ဗျားတို့သည် ရဲတယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) အခုဟာက အရမ်းလုပ်ရမှာလားတဲ့၊ ဒီခန္ဓာထဲရှိတာကို ငါနဲ့မရောဘဲနဲ့ ဝေဒနာပေါ်ယင် ဉာဏ်နဲ့ရောလိုက်၊ စိတ်ပေါ်ယင်ကော.... (ဉာဏ်နဲ့ရောရမှာပါဘုရား)။

ဉာဏ်နဲ့ရောလိုက်တယ်ဆိုတော့ တွေ့တာချည့်ဘဲ မနေဘူးလား....(နေပါတယ်) တွေ့လို့ရှိယင် အပါယ်လေးပါး တံခါးပိတ်တဲ့ ဉာဏ်ကြီးမရဘူးလား (ရပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အရမ်းတော့ တူးရဲတယ်၊ တကယ်တွေ့မှာကျတော့ ရှောင်ဖယ် ရှောင်ဖယ်ဆိုတော့ ဦးညိုကြီးတို့

ပြန်ချင်တာဟာ အရမ်းတူးချင်လို့ ပြန်ချင်တာ... (မှန်ပါ့) နောက်ပိုင်း ပြန်ပါရစေဦး၊ ဘာလုပ်မလို့တုံး အရမ်းသွားတူးမလို့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာလုပ်သွားကြမှာတုံး.... (အရမ်းသွားတူးကြမှာပါဘုရား) နက်ဖြန်သဘက်. လ,ပြည့်ထားပါဦး၊ တကာတကာမတွေက လ, ပြည့်ကျော်တရက်နေ့ ကျလို့ရှိယင်ဖြင့် တပည့်တော်တို့ စီးပွားရှာရလိမ့်မယ် ဆိုတော့ တကယ်ရမှာ ရှာရမှာလား၊ အကြောင်းညီညွတ်မှ ရမှာလားမေးယင်ကော .... (အကြောင်းညီညွတ်မှရမှာပါဘုရား)။

အဲ .... ကေန်ရမှာကို လက်လွှတ်ပြီး အကြောင်းညီညွတ်မှ ရမှာကို အတော်အားကိုးတယ်....(မှန်ပါ့)အတော်မဆိုးဘူးလား (ဆိုးပါတယ်)ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် မောင်နှိုင် ကိန်းသေကို လိုက်စမ်းပါကွာ ... (မှန်ပါ့) ဘယ်လိုလုပ်ကြမယ်... (ကိုန်းသေကို လိုက်ရပါမယ်) ကိန်းသေလိုက်စမ်းပါကွ၊ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိန်းသေကိုလိုက်စမ်းပါ၊ မင်းတို့ပတ္တမြားတပွင့်ရလို့ ဘယ်လောက်ရရ, တဘဝတနပ်စာပါဘဲ၊ ဆယ်သိန်းတန်ထားပါတော့ မောင်နှိုင် တဘဝတနပ်စာဘဲ.... (မှန်ပါ့) ဒီဒီဌိလွှတ်သွားလို့ ရှိယင် တဘဝလားတဲ့ တသံ့သရုလုံး အပါယ်လေးပါးလွှတ်မှာလား-(တသံ့သရုလုံး အပါယ်လေးပါးလွှတ်ပါတယ်)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဦးညို ရမ်းမတူးချင်ပါနဲ့၊တကယ်ရှိတာ တကယ်ရှုလိုက်စမ်းပါ ... (မှန်ပါ့) ဘယ့်နှယ်တုံး ... (တကယ်ရှိတာ တကယ်ရှုရမှာပါဘုရား)။

အခုဟာက တွင်းရှိတဲ့ပုဂ္ဂိုလ်က တွင်းကြောင့် ပြန်ချင်တာက ရမ်းတူးချင်တာ ... (မှန်ပါ့) သေချာပလား .... (သေချာပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် အရမ်းအလုပ်တော့ မလုပ်တော့ပါဘူး... ၊ တကယ်ရှိတာကို တကယ်အမြတ်ထွက်အောင် လုပ်ပါတော့မယ် ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ ချမ်းသာစစ်ကဖြင့် မရောတာဟာ အကောင်းဆုံး....(မှန်ပါ့ဘုရား)။

ချမ်းသာစစ်ကဖြင့် .. (မရောတာဟာ အကောင်းဆုံးပါ) ဟို တူးရှင်းကြီးနဲ့ ထွက်ရတာကတော့ ဘယ့်နှယ်တုံး၊ တူးရှင်း ပေါက်ပြားတွေနဲ့ ထွက်ရတာကတော့ ဟုတ်ချင်မှဟုတ်တာ .... (မှန်ပါ့ဘုရား)။

တို့တိုပြောတော့ မဟုတ်တာကများတယ်....(မှန်ပါ့) မများ ဘူးလား....(များပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မရောစေနဲ့နော်....(မှန်ပါ့ ဘုရား)။

ကဲ....ဒါဖြင့် မြင်တယ်- ငါမြင်တယ်ဆိုတော့ မြင်စိတ်နဲ့ငါနဲ့ ရောပြီ-(ရောပါပြီ)မရောစေနဲ့ တခါတည်း မြင်တဲ့စိတ်ကလေးကို ဖြစ်ပျက်လိုက်လိုက်....(မှန်ပါ့)

ကြားတာကလေးဟာ ငါကြားတယ်လို့ မရောစေနဲ့ .... (မှန်ပါ့)ဘယ်လိုလိုက်ရမလဲ .... (ဖြစ်ပျက်လိုက်ရပါမယ်) အဲ.... ဖြစ်ပျက်သိတဲ့ ဉာဏ်နဲ့ ရောပေးလိုက်... (မှန်ပါ့)။

ဒီလိုဆိုတော့ ဒီဌီမပြုတ်ဘူးလား....(ပြုတ်ပါတယ်) ဥပါဒါန် ကော....(ပြုတ်ပါတယ်)ကံကော--(ပြုတ်ပါတယ်) သြော်....ဒါက ကေန် ချမ်းသာရတဲ့ အလုပ်ပါလား....(မှန်ပါ့)ပေါ်ကြပလား-- (ပေါ်ပါပြီဘုရား)။

ဒါက ဘာတဲ့....(ကေန်ချမ်းသာရတဲ့ အလုပ်ပါဘုရား) ရှင်း ပြီနော်....(ရှင်းပါပြီဘုရား)။

အခုတော့ တကာတကာမတွေ မြင်စိတ်နဲ့လဲ ငါနဲ့ မရောနဲ့၊ ကြားစိတ်နဲ့လဲ ငါနဲ့ မရောစေနဲ့.... (မှန်လှပါဘုရား)။

နံစိတ်,မွှေးစိတ်နဲ့လဲ (ငါနဲ့ မရောရပါ) ငါးစားတယ်ဆို တာနဲ့လဲ....(မရောစေရပါ) ငါ ယားတာနဲ့ကော....(မရောစေ ရပါ)ငါ ကုသိုလ်လုပ်ချင်တာနဲ့ကော....(မရောရပါ)ငါလောဘ ဖြစ်တယ်ဆိုတာနဲ့ကော....(မရောရပါ) ငါ လိုချင်တယ်နဲ့လဲ မရောစေနဲ့....(မှန်ပါ့)။

ငါ စိတ်ဆိုးတာနဲ့ကော....(မရောရပါ) ငါ တွေ့ဝေတယ်ဆို တာနဲ့ကော်....(မရောရပါ)ငါ ကုသိုလ်ပြုဦးမယ်ဆိုတာနဲ့ကော (မရောရပါ)ငါ သနားတယ်ဆိုတာနဲ့ကော....(မရောရပါ)မရော စေနဲ့ သနားတာဟာ ကရုဏာ၊ ဒီ ကရုဏာဖြစ်ပျက်ကို လိုက် ရပေးမယ်... (မှန်ပါ့)။

ဦးညိုကြီး....မရောစေနဲ့နော်....၊ တကာတကာမတွေ ဘယ်လို တုံး....(မရောရမှာ) မရောခစနဲ့.နော်....ရောယင် ဘာဖြစ်မတုံး.... (အပါယ်ကျမှာပါဘုရား)ရောယင် အပါယ်ကျမယ်၊ပေါ်ပလား- (ပေါ်ပါပြီဘုရား)။

ကိုင်း....အတော်သတိထားရဦးမှာဘဲ....(မှန်ပါ့) တကာ တကာမတွေ ယနေ့ တရားနာရတော့ ခုနင်က အသံဟာ မထွက် ပေဘူးလား....(ထွက်ပါတယ်)ဘယ်လိုထွက်လာသတုံး....အဘော် သတိထားရလိမ့်မယ်....(မှန်ပါ့)အဲဒီ အတော်သတိထားမှ သတိ ပဋ္ဌာန်အလုပ်က ပေါ်လာတာ....(မှန်ပါ့)။

အတော်သတိထားမှ....(သတိပဋ္ဌာန်အလုပ်က ပေါ်ပါတယ်) နဂိုရ်တုန်းက သတိပဋ္ဌာန်ကို မရှိဘူး....(မှန်ပါ့) နိဗ္ဗာန်ရောက်တဲ့ တရားကို ခင်ဗျားတို့မှာ မရှိဘူး....(မှန်ပါ့) အခုမှ ယနေ့မှ စပြီး အတော်သတိထားရမယ်... (မှန်ပါ့) မလာဘူးလား....(လာပါ တယ်ဘုရား)။

ဦးဘရှင်း....ဘယ်လိုမျှား အသံထွက်လာမယ် ထင်သတုံး....၊ မရောရအောင် အတော်သတိထားရဦးမယ်....(မှန်ပါ့)။

မပု....ဘယ်လိုသတိထားရမှာတုံး.... (မရောရအောင် သတိ ထားရပါမယ်) နဂိုရ်က ဘယ်နှယ်တုံး၊ နဂိုရ်က သတိပါသေး သလား....(မပါ-ပါဘုရား) ဒါဖြင့် သတိပဋ္ဌာန် မရှိပါဘူး ခင်ဗျားတို့....(မှန်ပါ့)။

နဂိုရ်က အပါယ်သွားဘို့ချည့် လုပ်နေတာ....(မှန်ပါ့) ဒီခနမှ စ,ပြီးသကာလ အင်း... ဆရာဘုန်းကြီးကတော့ ဟောတယ်၊ပဋ္ဌိစ္စ

သမ္ပပ္ပါဒ်နဲ့. ကြည့်လိုက်ပြန်တော့လဲ မှန်လိုက်တာ၊ ဩော်.... အတော်သတိုထားရဦးမှာဘဲဆိုတာ ပေါ်လာကြတယ်- (ပေါ်လာပါတယ်ဘုရား)။

အင်း... ဒီ့အရင်တုန်းကတော့ သတိထားသလား မေးတော့ (မထားပါ)ဒါဖြင့် ဒီ့အရင်တုန်းက သတိပဋ္ဌာန်ဘယ့်နှယ်တုံး-- (မရှိပါ)အခုမှ စ,ပြီး ဘာလုပ်ကြမယ်....(သတိပဋ္ဌာန် လုပ်ရမှာပါဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ....ဦးဘရှင်း....ဒီစကားဟာ မပေါ်ဘူးလား... ပေါ်သလား....(ပေါ်ပါတယ်) အတော်သတိထားရဦးမယ်၊ ကျုပ်တို့ ဒီနေ့ တရားထူးနာလိုက်ရတော့ ရောတဲ့အပြစ်ကတယ်ကြီးသကိုး၊ အဲဒီတော့ ကျုပ်တို့ အတော်သတိထားရမယ်- (မှန်ပါ) အံမာ....ခင်ဗျားတို့ချင်း လက်တို့ပြီး ပြောကြဦးမှယ်- (မှန်ပါ)။

အတော်သတိထားရဦးမှာလို့ မပြောပေဘူးလား.... (ပြောမှာပါ)ပြောတဲ့အခါကျလို့ ရှိယင်ဖြင့် ကိုယ့်ကိုယ် ကိုယ်သိသွားပြီ....(မှန်ပါ)။

ဩော်- နဂိုရှိက သတိပဋ္ဌာန် လုံးဝ မရှိပါကလား....(မှန်လှပါ) သတိပဋ္ဌာန်မရှိတော့ တိရစ္ဆာန်တွေလို ဖြစ်နေတာပေါ့... (မှန်ပါ)မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြပါစို့...၊ ဒီ သတိပဋ္ဌာန် လက်လွှတ်ပြီဆိုမှဖြင့် ရောမိပြီဆိုမှဖြင့် တခါတည်း ဝေဒနာနဲ့ စိတ်

နဲ့ ငါနဲ့ ရောမိပြီ၊ ရုပ်နဲ့ ငါနဲ့ ရောမိပြီဆိုမှဖြင့် မောင်နှိုင်ရေ ဘယ်လိုဖြစ်လာသတုံး....အားကိုးလာတယ်....(မှန်ပါ)။

ရောမိယင် ဘာဖြစ်လာသတုံး...(အားကိုးလာပါတယ်) သြော်... ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ဒီအိမ်မှာ ကျုပ် ခေါင်းဆောင်၊ ကျုပ်မာမှ အားလုံး မျှတကြမှာ၊ အင်း....တကိုယ်လုံးကို တခါတည်း ငါမာမှ နင်တို့ ဝဝဖြိုးဖြိုး စားကြရ, သောက်ကြရမယ်၊ လူချင်းတူတူ သူချင်းမျှမျှ ဖြစ်ကျမယ်၊ အဲဒီတော့ကို ကျုပ်ဟာလဲ ကျုပ်ကိုယ်ကို ကျုပ်အားကိုးပါတယ်၊ သူတပါးတော့ အားမကိုးပါဘူး၊ ကိုယ်မာမှ ကိုယ်ရှာနိုင်တယ် ဆိုပြီးသကာလ ကိုယ်ကလဲ လူကြီးဖြစ်နေတယ်၊ ကိုယ်ကမှ ဝေဘန်နိုင်တာ ဖြစ်နေတော့.... အံမာလေး... ငါနဲ့ ရောတဲ့ နေရာမှာ ရောပါမျှားတော့ အားကိုးလုံး ဖြစ်လာတယ်....(မှန်ပါ)။

ဘာတဲ့....(ရောပါမျှားတော့ အားကိုးလုံး ဖြစ်လာပါတယ် ဘုရား)။

ခက်ပကော...။ ကြည့်ပါ တချို့ တကာတကာမတွေ အိမ်ပေါ်မှာ လေပြေမျှား ထိုးတဲ့ပြီးသကာလ ရောနေတယ်၊ ကျုပ်ခေါင်းဆောင်လုပ်နေတာ၊ ဟော့ဒီအိမ်လဲ ကျုပ်ကြောင့် ဖြစ်ရတာ၊ ဒီ အဆောက်အဦတွေ ကျုပ်ကြောင့်၊ ဒီ ပရိဘောဂတွေ ကျုပ်ကြောင့်၊ ဒီအိမ်မှာ ဝတ်စားနေတာက စပြီး အလုံးစုံ အကုန်ဟာ ကျုပ်ကိုကျုပ် အတော်မာအောင် လုပ်ရတယ်၊ကျုပ်ဘဲ အားကိုးနေကြရတယ်၊ ဒါ့ကြောင့် ကျုပ်ကိုလဲ ကျုပ်စောင့်ရှောက်ပါတယ်၊ ကျုပ်ကို ကျုပ် အားကိုးတာပေါ့၊ သားသမီး

လုပ်စာမျှား ကျုပ် မမြှောလင့်ပါဘူး၊ ကိုယ့်ကိုယ် အားကိုးသတဲ့၊ အံမာ... ငါထင်တဲ့အပြစ် ဘာဖြစ်လာပြန်သတုံး....(အားကိုးပါတယ်ဘုရား) သွားပကောကွ...(မှန်ပါ့)။

သွားပြီ... တကာတကာမတို့ အနတ္တကို တခါတည်း တောင်ကြီးပမာ အားကိုးပစ်လိုက်တယ်__(မှန်ပါ့)။

ဘယ့်နှယ်ဖြစ်သွားသတုံး.... (အနတ္တကို တောင်ကြီး ပမာ အားကိုးပစ်လိုက်ပါတယ်ဘုရား) တောင်ကြီးပမာ အားကိုးပစ်လိုက်တဲ့အဓိပ္ပါယ်ကော မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါ့ကြောင့်.... ဘုန်းကြီးတို့ တကာတကာမတွေ ရောပါများယင် အားကိုးလုံးလာလိမ့်မယ်....(မှန်ပါ့)။

တရားမများသေးဘူး ဦးဘအုန်း,ရေ.... မရောနဲ့ တလုံး....(မှန်ပါ့) ရောယင် အားကိုးလုံး လာလိမ့်မယ် (မှန်ပါ့) အားကိုးလုံးလာလို့ရှိယင်ဖြင့် အိုတတ်, နာတတ်, သေတတ်တဲ့ ခန္ဓာကြီး အားကိုးပစ်လိုက်တယ်....(မှန်ပါ့)။

အိုတတ်,နာတတ်,သေတတ်တဲ့ အနတ္တကို အားကိုးပစ်လိုက်တဲ့အတွက် နောက်ကျတော့ အားကိုးမှားပြီးသကာလ ခြေကမသန်မျက်လုံးကဂ္ဂာရဲ့၊ ကြည့်စရာ,ရှုစရာ မျက်လုံးတွေကလဲ မဲ့တော့မှ ရှောင်.... ခဲယဉ်းပါပေါ့ဆိုပြီး မျက်ရည်ကြီးငယ် ကျတယ်....(မှန်ပါ့) အားကိုးလိုက်တာ အားကိုးလဲ့သွားလို့.... (မှန်ပါ့) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ မပုတ္တို့ မလိုက်ဘူးလား__(လိုက်ပါတယ်ဘုရား)။

ဒါ-ဘာဖြစ်လို့တုံး....နဂိုရိုက ရောခဲ့တယ်၊ ရောပါမျှားတော့ ဘာလိုက်လာသတုံး....(အားကိုးလုံး လိုက်လာပါတယ်ဘုရား) အာကိုးလုံးက အနတ္တသဘောလဲ ပြောလိုက်ပါရော သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ တကာတကာမတွေ့ လိုက်လာတယ်.... (မှန်ပါ့) မလိုက်ဘူးလား....(လိုက်ပါတယ်ဘုရား)။

ဩော်....အမှားသုံးချက်ဆင့်ပြီ....(မှန်ပါ့) မရှေ့ကောင်းတာ ရောတာက အမှားတချက်....(မှန်ပါ့) ရောပါမျှားလို့ အားကိုးတာက.... (တချက်ပါဘုရား) အားကိုးမခံလို့ သောက ပရိဒေဝ,ဒုက္ခ,ဒေါမနဿအမှားတွေလိုက်တာက(တချက်ပါဘုရား) ဘယ်နှစ်ချက်ရှိပြီလဲ... (သုံးချက်ရှိသွားပါပြီ) ရော-သိပ်ကြောက် စရာကောင်းပါကလား....(မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတွေ့ ကိုယ့်အတွက်ကိုဖြင့် မျက်ရည်ကျတယ်....(မှန်ပါ့) သူမျှားအားကိုးနေလို့လဲ မျက်ရည်ကျ တယ်....(မှန်ပါ့) မြင်ဘူးကြပြီ....(မှန်ပါ့)။

ဒါဟာ မောင်နိုင် လက်သည်ပေါ်ပြီ.... (ပေါ်ပါပြီဘုရား) အစက ဘာအပြစ်သင့်တာတုံး.... (ရောပြစ်သင့်တာပါဘုရား) ရောပြစ်ကြောင့် ဘာဖြစ်လာသတုံး-(အားကိုး လိုက်လာပါတယ် ဘုရား)။

ဒီခန္ဓာကြီး အားကိုးတယ်... (မှန်ပါ့) ကိုယ့်ခန္ဓာဖြစ်စေ-သူတပါးခန္ဓာဖြစ်ဇစ အားကိုးတယ်.... (မှန်ပါ့) အားကိုးဘဲ့ အတွက် နောက်ဆုံးပိတ် အားကိုးမခံတော့ ဘာဖြစ်သွားသတုံး

(သောက ပရိဒေဝလိုက်ပါတယ်ဘုရား) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿလိုက်တယ်....(မှန်ပါ)။

ဒါ့ကြောင့် ဘယ် တကာမတွေ ငိုနေတယ်....၊ ဘယ်တကာတွေ စိတ်မချမ်းမသာ မျက်စိမျက်နှာ မသာမယာဖြစ်နေတယ် ဆိုတာအားကိုးပြုတ်လို့....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီအားကိုး ဘယ်ကလာသတုံးဆိုခဲ့လို့ ရှိယင်ဖြင့် တကာတကာမတို့ အားမကိုးကောင်းတာ အားကိုးထားလို့....(မှန်ပါ့ဘုရား) ဒီအားကိုးက ဘယ်က လာသတုံး ဆိုလို့ ရှိယင် ဦးဘရှင်း ရောပြစ်သင့်တယ်....(မှန်ပါ့-ရောပြစ်သင့်ပါတယ်ဘုရား)။

ဒါဖြင့် ရောပါမျှားတော့ အားကိုးလုံး လာတယ်-(မှန်ပါ) အားကိုးလုံးပြုတ်သွားတော့ ဒုက္ခ,ဒေါမနဿလိုက်တယ်(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါ....ဝတ္ထုမထုတ်နိုင်ပါဘူး·နာရိုက စေ့နေလို့.... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ကစ,ပြီးသကာလ စိတ်နဲ့ ငါနဲ့ မရောစေနဲ့.... (မှန်ပါ) သဘောကျပလား... (ကျပါပြီ) စိတ်နဲ့ ပညာနဲ့ ရောပါစေ....(မှန်ပါ)။

စိတ်နဲ့ ငါနဲ့-(မရောရပါဘုရား) စိတ်နဲ့ ဘာတုံး....(ပညာနဲ့ ရောစေရပါတယ်ဘုရား)။

ဒါဖြင့် ဖြင်စိတ်နဲ့မဂ်နဲ့ရော....(မှန်ပါ့ဘုရား) ကြားစိတ်နဲ့....(မဂ်နဲ့ ရောရပါမယ်ဘုရား) ဒါဖြင့် ကြားစိတ်ဝင်ယင် ကိုယ် ကိုယ် မဂ်နဲ့ လိုက်....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နံစိတ်လာယင်.... (မဂ်နဲ့ရောရပါမယ်) ဖြစ်ပျက်သိတဲ့မဂ်နဲ့ ရောပစ်လိုက်.... (မှန်ပါ့) စားစိတ်လာယင်.... (ဖြစ်ပျက်သိတဲ့ မဂ်နဲ့ ရောရပါမယ်) ယားစိတ်,ယံစိတ်လာယင်....(ဖြစ်ပျက်သိတဲ့ မဂ်နဲ့ ရောရပါမယ်) လောဘကလေးလာယင် ... (မဂ်နဲ့ရောရ ပါမယ်) ဖြစ်ပျက်နဲ့မဂ်နဲ့ရောပေး....(မှန်ပါ့) ဒေါသလာယင် (မဂ်နဲ့ရောရပါမယ်ဘုရား)မောဟလာယင်....(မဂ်နဲ့ရောရပါမယ် ဘုရား)။

အလောဘဆိုတဲ့ လှူချင်,တန်းချင်,ပေးချင်,ကမ်းချင်တဲ့ စိတ် ကလေးလာပြန်ယင် ... (မဂ်နဲ့ရောရပါမယ်ဘုရား) အဒေါသဆိုတဲ့ မေတ္တာလာပြန်ပြီ....(မဂ်နဲ့ရောရပါမယ်ဘုရား)။

ဘာမှ မရှိလို့ရှိယင် ရှုစိတ်,ရှိုက်စိတ်လာပြန်လို့ရှိယင် ငါ-ရှုတယ်လို့ မရောလိုက်ပါနဲ့ ... (မှန်ပါ့)သူလဲ ဖြစ်ပျက်ဘဲ... (မှန်ပါ့) ရှိုက်စိတ် လာယင်လဲ ငါ-ရှိုက်ကောင်းတယ်လို့ မလုပ်လိုက်ပါနဲ့....(မှန်ပါ့) သူ့ကိုလဲ ဘယ်လိုမှတ်ကြမယ်... (ဖြစ်ပျက်ပါဘဲဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်နဲ့ မဂ်နဲ့သာ ရောပေးလိုက်လို့ ရှိယင် တဏှာ,ဥပါဒါန်,ကံတွေ အကုန်ချုပ်ပြီးသကာလ ဇာတိ,ဇရာ, မရဏ ချုပ်ငြိမ်းရုပ်သိမ်းတဲ့နိဗ္ဗာန် ကေန်ရတဲ့တရားလို့ မှတ်လိုက် ပါ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု...

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဗုံးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
ဥာဏ်အမြင့်အနတ္တတ္တေ့ဝပါမှ အတ္တဒိဋ္ဌပြုတ်မည် (၂)
သစ္စကပရိဗိုရ်ဝတ္ထု
ညအလုပ်ပေး တရားတော်
(၁၉ - ၄ - ၆၂)

မနေ့ကတရားဘဲ ဆက်ပြီးတော့ သက်သေသာဓကနဲ့ တကွ ပြရမယ်... တဲ့။

တကာတကာမတွေ အရေးကြီးတာက ရုပ်ကို ငါထင်တာ၊ ဝေဒနာ ငါထင်တာ, သညာ ငါထင်တာ၊ ဝေဒနာတွေ ငါထင်တာ, စိတ်ကို ငါထင်တာသည် သက္ကာယဒိဋ္ဌလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ခန္ဓာငါးပါးကို ငါထင်ယင်....(သက္ကာယဒိဋ္ဌပါဘုရား)။

သက္ကာယဒိဋ္ဌဆိုတာ သက္ကာယက ခန္ဓာငါးပါး....(မှန်ပါ့) ဒိဋ္ဌက အဲဒီအထဲ ငါဝင်ရှုပ်တာကို ဆိုနေတာယ်....(မှန်ပါ့)။

ဒါဖြင့် သက္ကာယက ခန္ဓာငါးပါး၊ဒိဋ္ဌက အဲဒီ ခန္ဓာ တပါးပါးထဲကို ငါဝင်သွားလို့ ရှိယင် သက္ကာယနဲ့ ဒိဋ္ဌနဲ့ ရောသွားတယ်.... (မှန်ပါ့) မောင်နိုင် သဘောကျပလား....(ကျေပါပြီ ဘုရား)။

သက္ကာယက ဘာပါလိမ့်.... (ခန္ဓာငါးပါးပါဘုရား) အဲဒီ့ တပါးပါးထဲမှာ ရုပ်ဟာ ငါဘဲ·ဟုတ်လား၊ ပူတာဟာ ငါဘဲ ဆိုတော့ တေဇောကို ငါလုပ်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

တေဇောရုပ် ငါလုပ်ပစ်လိုက်တော့ကို ဩော်....ဒါဖြင့် ရုပ်တရား ငါဝင်ရောလိုက်တဲ့အတွက် ရုပ်က သက္ကာယ- ရောလိုက်တာက ဒိဋ္ဌိပေါ့လေ....(မှန်ပါ့) ပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝေဒနာဆိုတော့ ကောင်းစားတာဘဲ၊ ဆင်းရဲတာလဲ ငါဘဲ၊ ကျေပ်တော့ ဘဝစုံနေပြီ၊ ဆင်းရဲချမ်းသာဖြင့် ကျေပ်ချည့်ဘဲ၊ ကျေပ်ဟာ ဆင်းရဲတာလဲ ကျေပ်ဘဲ၊ ချမ်းသာတာလဲ ကျေပ်ဘဲ ဆိုတော့ ကိုပေါ်ရေ- ဝေဒနာကို ငါထင်နေတယ်....(မှန်ပါ့)။

ဝေဒနာက သက္ကာယ၊ ငါကလေးဝင်ရောလိုက်တာက ဒိဋ္ဌိ-(မှန်ပါ့) သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ပေါင်းလိုက်တော့ .... (သက္ကာယဒိဋ္ဌိပါ)ဩော်-သက္ကာယဒိဋ္ဌိဆိုတာ ဒါပါကလားလို့ ဦးဘသန်းတို့၊ ဦးအောင်ဇံ ဝေတို့ မှတ်ရလိမ့်မယ်... (မှန်ပါ့ဘုရား)။

ကောင်းပြီ၊ မှတ်တာကို သူမှတ်ထားတာ, ငါမှတ်ထားတာ၊ ငါ့ပစ္စည်းကလေး ဘယ်သူယူသွားပါလိမ့် ငါမှတ်ထားတာ၊မှတ်တာက သညာ၊ သညာက သက္ကာယနော်...(မှန်ပါ့) အဲဒီ့အထဲ ငါကလေးဝင်ရှုပ်လိုက်တော့ ဘာဖြစ်သွားသတုံး....(ဒိဋ္ဌိဖြစ်သွားပါတယ်)ပေါင်းလိုက်တော့ (သက္ကာယဒိဋ္ဌိပါဘုရား)။

ဩော်....တကာ့တကာမတွေ့ မသိမှာစိုးလို့ ခလေးကလေးတွေ့ ပြောသလို ပြောနေရတယ်လို့ မှတ်ကြရမယ် ... (မှန်ပါ့)

သက္ကာယနဲ့ ဒိဋ္ဌိနဲ့သွားသွားပြီး ရောတယ် ဦးညိုကြီးတို့နော်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် စေတနာကလဲ စေတနာသခ်ၢိရက္ခန္ဓာ၊ ငါ့စေတနာဆိုတော့ စေတနာက သခ်ၢိရက္ခန္ဓာကိုး အဲဒီထဲမှာ ငါကလေးသွားရောလိုက်တယ်- ငါ့စေတနာလို့၊ ငါ့စေတနာနဲ့ ငါလုပ်တာဆိုတော့ စေတနာက သက္ကာယမောင်နိုင်....(မှန်ပါ့) ငါက....(ဒိဋ္ဌိပါ) ပေါင်းလိုက်....(သက္ကာယဒိဋ္ဌိပါဘုရား)။

ဩော်....သက္ကာယဒိဋ္ဌိဆိုတာ ကိုမြင့် ဒါဘဲ.... (မှန်ပါ့ဘုရား) ဦးဘအုန်းကြီး ဒါဘဲ.... (မှန်ပါ့) ခင်ဗျားတို့ ဘာမှ စာတွေ့ပေတွေ့ ကြည့်မနေနဲ့တော့ ဩော်....သက္ကာယဒိဋ္ဌိဆိုတာ ဒီနှစ်ခု ပေါင်းဆိုတာကိုး....(မှန်ပါ့) ခန္ဓာနဲ့ငါနဲ့ ရောတာကိုဆိုတာကိုး (မှန်ပါ့)ဆိုတော့ ရှင်းမသွားဘူးလား....(ရှင်းသွားပါတယ်)။

ဦးအောင်ဇံဝေ ခန္ဓာနဲ့ဘာနဲ့ရောသလဲ .... (ခန္ဓာနဲ့ငါနဲ့ရော ပါတယ်ဘုရား)။

အဲဒါ ခန္ဓာက တခြား-ငါက မရှိတဲ့ --(မှန်ပါ့ဘုရား)မရှိတဲ့ ငါကြီးကို ရှိတဲ့ခန္ဓာထဲ သွားရောတယ်၊ ငါဆိုတာ စမ်းသပ်ရှာ ဖွေလို့ တွေ့တာမဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

အဲဒါ သွားရောလိုက်တဲ့အတွက် ဘုန်းကြီးတို့ တကာတကာမ တွေ့ဘို့ သက္ကာယဟာ သူ့ဟာသူနေယင် မောင်နိုင်က မှတ်လိုက် ဘာအပြစ်မှုမရှိဘူး....(မှန်ပါ့) ဒိဋ္ဌိနဲ့သွားရော့လို့ အပြစ်ရှိတယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သက္ကာယဟာ သူ့ဟာသူနေယင်....(ဘာပြစ်မှုမရှိပါ) ဒီဌိုနဲ့ သွားရောယင်....(အပြစ်ရှိပါတယ်) ဒီဌိုနဲ့ သွားရောယင် ပဋ္ဌိစ္စသမုပ္ပါဒ်အလယ်က ဖေါက်စ,တယ်...(မှန်ပါ့ဘုရား)။

အလယ်ဖေါက်ပြီး စ,လိုက်တယ်၊ ဒီဌိုလာလဲ ဒီဌုပါဒါန်, ကံ မလာပေဘူးလား .. (လာပါတယ်)ကဲ့ဒါဖြင့် သက္ကာယကြောင့် လာတာလား- ဒီဌိုကြောင့်လာတာလား.... (ဒီဌိုကြောင့်လာတာ ပါ့ဘုရား)။

မောင်အောင်သိန်း ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား) နောက်က တကာတကာမတွေကော...(ကျေနပ်ပါပြီဘုရား)။

ဩော်....သက္ကာယ သူ့ဟာသူနေယင် ဘာမှုမဖြစ်ဘူးနော်.... (မှန်ပါ့) မြေဆိုးပါတယ်ဆိုပေမဲ့ ဒုတ်နဲ့သွားမတို့လို့ရှိယင် ပါးပျဉ်းကိုထောင်ပြီး ဘာမှ လူလိုက်ဘို့လဲ မရှိဘူး .... (မှန်ပါ့) တောထဲ သူ့ဟာသူနေတာနော်....(မှန်ပါ့) ကိုယ်ကသွားပြီး သကာလ ဆော့မိတဲ့အတွက်,ထိမိတဲ့အတွက်ဖြစ်ရတာ.... (မှန်ပါ့ဘုရား)။

ဒီမှာလဲ တကာတကာမတွေ ခန္ဓာဟာ သူ့ဟာသူနေလို့ ရှိယင် ဘာပြစ်မှုမရှိဘူး....(မှန်ပါ) ခင်ဗျားတို့က ဒီဌိုနဲ့သွားသွားတို့လိုက်တဲ့ အခါကျတော့ အပါယ်ရောက်ရောက်သွားတယ် .... (မှန်ပါ့) မရောက်ပေ့ဘူးလား.... (ရောက်ပါတယ်) 'တယ်လဲဆိုးတယ် ...(ဆိုးပါတယ်ဘုရား)။

ဒါ့ကြောင့် အခုလို ရှင်းရှင်းလင်းလင်းပြောနေတဲ့ ဆရာသမားနဲ့ ကြုံနေတုန်းကို ဩော်...မရောစေဘူးကွာ၊အပြောသာ

ရောစေမယ်ဟေ့၊ အထင်တော့ မရောစေ့ဘူးဟေ့၊ ဒါကလေးတော့ ခွဲခြားမှတ်ကြပါ....(မှန်ပါ့ဘုရား)။

အပြောတော့ ရောချင်ရောပေါ့...(မှန်ပါ့)ငါလုပ်ဘာ· ငါကိုင်တာ ပြောချင်ပြောတာပေါ့.... (မှန်ပါ့) သို့သော်လဲတဲ့ အထင်ကတော့ သြော် ဒါငါလုပ်တာ မဟုတ်ဘူး၊ဒါစေတနာကလုပ်တာ.. (မှန်ပါ့ဘုရား)။

ငါ မှတ်ထားတာမဟုတ်ဘူး၊ သည်ဘက် မှတ်ထားတာလို့ ဥာဏ်ထဲက ခွဲခြားထားတော့ ကိစ္စမရှိပါဘူး....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိလာလို့ရှိယင် မောင်နိုင် မနေ့ကလဲ ငါဘဲ၊ ယနေ့လဲငါဘဲလို့ ဒီလိုထင်နေတယ်....(မှန်ပါ့)မနေ့ကလဲ ကျုပ် လာသေးတာဘဲ....၊ ဒီနေ့လဲ ကျုပ်လာသားဘဲဆိုတော့ ငါနဲ့ကျုပ်နဲ့ အတူတူဖြစ်တော့ သက္ကာယဒိဋ္ဌိ လာလို့ရှိယင်ဖြင့် ကိုပေါ် သဿတဒိဋ္ဌိက လာပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိလာတော့·(သဿတဒိဋ္ဌိလာပါတယ်)မနေ့ကလဲ ကျုပ်ဘဲ ဒီတွေ့ကြတာ၊ ယနေ့လဲ ကျုပ်လာလို့တွေ့ကြပြန်တာ ပေါ့ဆိုတော့ မနေ့ကလဲ ငါပါဘဲ၊ ယနေ့လဲ ငါပါဘဲ၊ မှားနေစရာမလိုဘူးဆိုတော့ ဘာဒိဋ္ဌိဝင်သွားသတုံး.... (သဿတဒိဋ္ဌိဝင်သွားပါတယ်ဘုရား)။

မနေ့ကဟာလဲ မပျက်စီးဘူး၊ ယနေ့တိုင်အောင်လဲ ရှိသေးတယ်ဆိုတော့ ဦးဘအုန်းကြီး ဘာဒိဋ္ဌိဝင်လာသတုံး... (သဿတဒိဋ္ဌိဝင်လာပါတယ်ဘုရား)။

ညြော်.... ခင်ဗျားကို သက္ကာယဒိဋ္ဌိမူတည်မိတာနဲ့ သဿတ ဒိဋ္ဌိပါလိုက်လာတယ်....(မှန်ပါ့) တယ်လဲ ကြောက်စရာကောင်း ပါကလား....(ကောင်းပါတယ်ဘုရား)။

အဲဒီတော့ ကိုပေါ်တို့က မှတ်တာပေါ့၊နောက်က တကာ တကာမတွေက မှတ်လိုက်တာပေါ့ ညြော်.... သက္ကာယဒိဋ္ဌိဟာ အမြစ်မပြတ်သ၍ ကာလပတ်လုံး ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိ တွေဟာ အကုန်လာမှာဘဲ.... (မှန်ပါ့) တယ်လဲကြောက်စရာ ကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိတလုံးကို ပယ်လိုက်ပြန်တော့လဲ ခြောက်ဆဲ့နှစ် ပါးသော ဒိဋ္ဌိဘွေ့ ကုန်ပြန်တာဘဲ ...(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ သက္ကာယ ဒိဋ္ဌိချုပ်ဘို့ အရေးသည် အင်မတန်ကြီးတဲ့အရေးဆိုပြီး ဘုရားက ဦးခေါင်းမီးလောင်တာ မြန်မြန်ငြိမ်းသလို သက္ကာယဒိဋ္ဌိဖြုတ်ပါ ကွ....(မှန်ပါ့)။

ရင်ဝလှ,နဲ့ ထိုးလိုက်တာ မြန်မြန်ရှောင်သလို သက္ကာယဒိဋ္ဌ ကို မြန်မြန်ရှောင်ပါကွ....လို့ သံယုတ်ပါဋ္ဌိဘော်ကြီးမျှားမှာ ဟောထားတယ်နော်....(မှန်ပါ့)။

ကိုမြင့်....ဘုရားဟောထိုက် - မဟောထိုက်....(ဟောထိုက်ပါ တယ်ဘုရား) ခင်ဗျားတို့ ဥာဏ်ကခေါ်နဲ့ဘဲ ကြည့်လိုက်ပြန် တော့ ဒိဋ္ဌိဖြစ်လို့ရှိယင် ဒိဋ္ဌိ·ဒိဋ္ဌပါဒါန်- ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ ဆိုတာက ကိုပေါ်....ပဋိစ္စသမုပ္ပါဒ် နိယာမကိုးဗျ....(မှန်ပါ့) နေပါ

ဦးမလား....(မနေပါဘုရား)မနေတော့ ကမ္မဘာဝပစ္စယာ အပါယ်ဇာတိ....(မှန်ပါ့)အပါယ်ဇာတိက လာလာပစ်လိုက်တယ်(မှန်ပါ့ဘုရား) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ့ကြောင့် သာသနာတော်မှာမှ မောင်နှိုင်တို့ ပြောတတ်ဆိုတတ်တဲ့ ဆရာနဲ့ တွေ့တုန်းမှာ သူ့ကို မဖြုတ်လို့ရှိယင်ဖြင့် ဥာဏ်ထဲမှာပေါ့လေ... (မှန်ပါ့)။

ဘယ်တော့ပြုတ်စရာရှိသေးသလဲ... (မရှိပါ) ဘယ်တော့မှ ပြုတ်စရာမရှိဘူးဆိုတာ ဦးဘသန်းကြီး... သေသေချာချာမှတ်ပါ (မှန်ပါ့)။

ဒါ့ကြောင့် ဦးအောင်ဇံဝေတို့ ကံကောင်း အကြောင်းသင့်လို့ တော်သေးရဲ့၊ အပါယ်တံခါးပိတ်အောင် သူ့ ဖြုတ်လိုက်ယင် ပိတ်တာဘဲ....(မှန်ပါ့)။

သူ့ဖြုတ်လိုက်ယင်....(အပါယ်တံခါး ပိတ်ပါတယ်)စဉ်းစားကြည့်ပါတဲ့၊ ငါ မရှိတဲ့အခါကျတော့ ငါမဟုတ်ပါဘူးလို့ သိထားတဲ့အခါကျတော့ ငါ့သားစားဘို့ဆိုတဲ့ လိမ်လည်မှုတွေလဲ မလာဘူး... (မှန်ပါ့)။

ငါ့သမီး ပြင်ဘို့ ဆင်ဘို့ဆိုတဲ့ အကြောင်းတွေကော လာသေးရဲ့လား... (မလာပါ)ဩော်....ဘယ်သူ့ပြုတ်သွားလို့ပါလိမ့် (သက္ကာယဒိဋ္ဌိပြုတ်သွားလို့ပါဘုရား)သက္ကာယဒိဋ္ဌိပြုတ်သွားလို့-(မှန်ပါ့)။

ဩော်....အခုတော့ ဟိုလူနဲ့ ဒီလူနဲ့ မတ်ညီ၊ ဟိုလူနဲ့ ဒီလူ စကားများ၊ ဒီလူနဲ့ ဟိုလူ စကားများ ဘာ့ကြောင့်ပါလိမ့်မလဲ

တေ့ားတော့ ငါ့ဆီတော့ အို....မချိအောင်နာလို့ .... (မှန်ပါ့ ဘုရား)။

သက္ကာယဒိဋ္ဌိက ငါပြောလာတယ်....(မှန်ပါ့) ငါ့သမီးထိလို့ မချိအောင်နာတယ်၊ ဟော....မလာဘူးလား.... (လာပါတယ်) ဒါ ဘယ်သူ့ မှုတည်ပါလိမ့် .... (သက္ကာယဒိဋ္ဌိ မှုတည်ပါတယ် ဘုရား)။

ဒါဖြင့် သူရှိနေလို့ရှိယင် အကုသိုလ်မျိုးစုံ ဖြစ်နိုင်-မဖြစ်နိုင် (ဖြစ်နိုင်ပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိရှိတော့ ဘုန်းကြီးက ရှင်းရှင်းပြောပါတယ် အဇာတသတ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ အဖေတောင် သတ်တယ်....(မှန်လှပါဘုရား)။

ငါ ရှင်ဘုရင်လုပ်ချင်လို့....(မှန်ပါ့) ဦးအောင်ဇံဝေ....အဖေ မှသတ်ဘူးလား.... (သတ်ပါတယ်ဘုရား) ဘာဖြစ်လို့ပါလိမ့်.... (သက္ကာယဒိဋ္ဌိရှိလို့ပါဘုရား)။

အဲဒါ အဇာတသတ်ကြောင့် သတ်တာမဟုတ်ဘူး၊ သက္ကာယ ဒိဋ္ဌိကြောင့် သတ်ပစ်တာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ ဘုရား)။

ဒေဝဒတ် ဘုရားလုပ်ချင်တဲ့အခါကျတော့ ဘုရား ကျောက် မောင်းဆင်ပြီး ချလို့ ဘုရားမှာ သွေးစိမ်းတည်တဲ့ လောဟိ တုပ္ပါဒက ကံကြီး ထိုက်သွားတာလဲ မောင်နိုင်-ဘယ်သူ့ကြောင့် တုံး မေးယင်....(သက္ကာယဒိဋ္ဌိကြောင့်ပါ) သက္ကာယဒိဋ္ဌိကြောင့် ဆိုယင် လဲ့ပါ့မလား....(မှလဲ့ပါဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ သြော်... သက္ကာယဒိဋ္ဌိ ရှိလို့ နိုယင်ဖြင့် တခြားသော အမှုကလေးတွေ အသာထားပါ။ အမေ,အဖေ,ဘုရားကိုတောင် သတ်နိုင်တယ်-(မှန်ပါ့)။

ဒါ လက်သည်မီပြီ... (မိပါပြီ) ဘယ်သူပါလိမ့်....(သက္ကာယဒိဋ္ဌိပါ)သက္ကာယဒိဋ္ဌိဘဲ မောင်အောင်သိန်းရ...သက္ကာယဒိဋ္ဌိက... (မှန်ပါ့)။

အဲဒါ ယနေ့ ဖြုတ်ပေးတယ်တဲ့....၊ သက္ကာယဒိဋ္ဌိကိုနော်.... (မှန်ပါ့)ဝေဒနာနဲ့ ငါနဲ့ မောင်နိုင်- မရောစေနဲ့...(မှန်ပါ့) ဝေဒနာဟာ ဝေဒနာဘဲ....(မှန်ပါ့)။

သညာနဲ့ ငါနဲ့ကော... (မရောရပါ)မရောစေနဲ့၊ စေတနာနဲ့ ငါနဲ့... (မရောစေရပါ) ဒါ သင်္ခါရက္ခန္ဓာဆိုတာ မရောစေနဲ့.... (မှန်ပါ့)စိတ်နဲ့ ငါနဲ့ကော (မရောရပါ)အပြောတော့ ပြောပါတဲ့၊ အရောတော့ ရောမပစ်လိုက်ပါနဲ့လို့ ဦးဘအုန်းကြီးတို့ သေသေချာချာမှတ်....(မှန်ပါ့)။

ဒါ မပြုတ်သေးလို့ရှိယင် ဘုန်းကြီးက စကားကြီးကြီးပြောတယ်လို့ ဘုန်းကြီးပြောတဲ့ စကားလို့ မယူနဲ့၊ ဘုရားဟောတဲ့ တရားလို့ ယူပြီးသကဿလ သြော်....သူ့ မပြုတ်လို့ ရှိယင်ဖြင့် ဘာလုပ်နေနေ အပါယ်ကျ မလွတ်သေးဘူး....(မှန်ပါ့) ဗြဟ္မာကြီး ဖြစ်နေလဲ... (အပါယ်ကျ မလွတ်သေးပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူက သက်သေခံသတုံး ဆိုတော့ ကိုပေါ် - ပဋ္ဌိစ္စသမုပ္ပါဒ်က သက်သေခံတယ်....(မှန်ပါ့)မောင်နိုင်-(ပဋ္ဌိစ္စသမုပ္ပါဒ်က သက်သေခံပါတယ်ဘုရား)။

ကဲ .. ဒီဋ္ဌိပြီး ဘာလာသတုံးကွာ...(ဒီဋ္ဌပါဒါန်လာပါတယ်) ဒီဋ္ဌပါဒါန်ပြီး ဘာလာသတုံး .... (ဒီဋ္ဌိအုပ်ချုပ်တဲ့ကံလာပါတယ်)ဒီဋ္ဌိအုပ်ချုပ်တဲ့ကံ လာတော့ ကမ္မဘဝပစ္စယာ....(အပါယ်ဇာတိပါဘုရား)။

အကုသိုလ်က ဖြစ်စေတဲ့ ဇာတိဆိုတော့ အပါယ်ဇာတိပေါ့-(မှန်ပါ့) ဒါဖြင့် သြော်....ဒီဋ္ဌိမပြုတ်သေးလို့ ရှိယင်ဖြင့် အပါယ်ကျ မလွတ်သေး၊ သံသရာထဲက မထွက်နိုင်သေးဆိုတာလဲ တကာတကာမတွေ့ ဘယ်သူ့မှ မေးမနေနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မရှိလဲ ဒီ ပဋ္ဌိစ္စသမုပ္ပါဒ်ရှိတာဘဲ...(မှန်ပါ့)ရှိနေလဲ ဘုရားက ထုတ်ဖေါ်ဟောတာဘဲ(မှန်ပါ့ဘုရား)။

ဘုရားမရှိခင်ကလဲ ဒီပဋ္ဌိစ္စသမုပ္ပါဒ်ရှိတာဘဲ....(မှန်ပါ့)ဘုရားရှိတော့ကော .... (ဟောတော်မူပါတယ်)ဘုရားရှိတော့လဲ ဟောတော်မူတာဘဲ... (မှန်ပါ့ဘုရား)။

ဒါက မှတ်လိုက်စမ်းပါ ဓမ္မနိယာမ.... (မှန်ပါ့)ဓမ္မနိယာမဆိုတာ ဘုရားမပွင့်လဲ...(ရှိတာပါဘဲ) ဘုရားပွင့်လဲ(ရှိပါတယ်) ဘုရားပွင့်ဘော့ နာမည်တပ်ပြီး ဟောဖေါ်ရတယ် ဦးညိုရေ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သက္ကာယဒိဋ္ဌိကအိမ်ထဲမှာနေတယ်၊ ဘုရားရှေ့မှာနေလို့ ငါအပါယ် မကျဘူးလို့ မအောက်မေ့လိုက်ပါနဲ့ ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဘုရားရှေ့မှာ ကျုပ်ဖြင့် တံမြက်စီးလွှဲပြီးနေတာဘဲ၊ပန်းတင်ရေတွေ လဲနေတာဘဲ-(မှန်ပါ)သြော်....ဒါက ကုသိုလ်တမျိုးဘဲ-(မှန်ပါဘုရား)။

ငါလုပ်လို့ ငါရတယ်ဆိုတဲ့ဒီဋ္ဌိ မပြုတ်လို့ရှိယင် မောင်နှိုင်အပါယ်နဲ့ လွတ်ပါ့မလား....(မလွတ်ပါ)ဟိုကုသိုလ်ကလဲ အကျိုးပေးမှာဘဲ....(မှန်ပါ) နတ်ရှာသုဂတိ အကျိုးပေးမှာဘဲ၊ဒီဋ္ဌိကလဲ ဆွဲချမှာဘဲ....(မှန်ပါ) မချပေဘူးလား.... (ချပါတယ်ဘုရား)။

အဲဒီတော့ကို တကာတကာမတို့ ဒီဋ္ဌိပြုတ်ဘို့ အရေးဟာ သာမည်ကြီးတယ်လို့ မယူလိုက်ပါနဲ့.... (မှန်ပါ) အလွန်ကြီးတယ်ဆိုတာ ဦးဘသန်းတို့၊ဦးအောင်ဇံ ဝေတို့၊ မောင်ထွန်းအောင်တို့ မှတ်ကြပါ....(မှန်) အရေးကြီးတာသိပလား-(သိပါပြီဘုရား)။

အဲဒါကြောင့် ဒီဒီဋ္ဌိကို ဘုန်းကြီးဖြုတ်ပေးပါမှယ်တဲ့၊ ဖြုတ်ပေးတော့ ဘာနဲ့ဖြုတ်ရမတုံး ဆိုတော့ သူက မိစ္ဆာဒီဋ္ဌိကိုးသက္ကာယဒီဋ္ဌိဆိုတာ....(မှန်ပါ)သမ္မာဒီဋ္ဌိဝင်လိုက်ယင် သူ နေနိုင်သေးရဲ့လား....(မနေနိုင်ပါဘုရား)။

သြော်.... ဒါဖြင့် သက္ကာယဒီဋ္ဌိဆိုတာ မိစ္ဆာဒီဋ္ဌိနော်....(မှန်ပါ) သမ္မာဒီဋ္ဌိနေရာမှာ ခန္ဓာကိုယ် သမ္မာဒီဋ္ဌိ ဝင်လိုက်ပြန်တော့လဲ ပြီးသွားပြီ....(မှန်ပါ)။

နဂိုရ်က သူ့ခန္ဓာထဲ မိစ္ဆာဒီဋ္ဌိဝင်နေတယ်.... (မှန်ပါဘုရား) သက္ကာယဒီဋ္ဌိဆိုတာ မိစ္ဆာဒီဋ္ဌိ....(မှန်ပါ)။

ကဲ....သမ္မာဒီဋ္ဌိ ဘုန်းကြီးက သွင်းပေးလိုက်တဲ့အခါကျတော့ ဒီဋ္ဌိနေနိုင်သေးရဲ့လား.... (မနေနိုင်ပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကဲ.... ဒါဖြင့် ဒီလိုလုပ်လိုက်၊ ရုပ်ကို ငါမထင်နဲ့၊ ရုပ်ဟာ ရုပ်ဘဲ အနိစ္စဘဲလို့ ထင်ပါ.... (မှန်ပါ့) ရုပ်ဟာ ရုပ်ဘဲလို့ လဲ သိပါ.... (မှန်ပါ့) ကြည့်ပေး—ဖြစ်ပျက်တဲ့သဘောကလေး မြင် အောင်ကြည့်ပေးလိုက်... (မှန်ပါ့) ရုပ်ဟာ ရုပ်လဲဟုတ်တယ်၊ အနိစ္စလဲ ဟုတ်တယ် ဆိုတော့ ကိုမြင့် သက္ကာယဒိဋ္ဌိ နေနိုင်သေး သလား-(မနေနိုင်ပါဘုရား) ဘာသင်းလိုက်လို့ ပံ့ါလိမ့်....(သမ္မာ ဒိဋ္ဌိ သင်းပါတယ်ဘုရား) သမ္မာဒိဋ္ဌိ သင်းလိုက်တယ်.... (မှန်ပါ ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဝေဒနာကလေးဟာ ကောင်းတာ ငါဘဲလို့ နဂိုရိကထင်တယ်၊ ကောင်းတာ ဝေဒနာဘဲ၊ ဒီဝေဒနာ ကလေးဟာလဲ ဖြစ်ပျက် အနိစ္စဘဲလို့ ဆိုတော့ သက္ကာယဒိဋ္ဌိ ဘယ်နှယ်ဖြစ်သွားသတုံး.... (ပြုတ်သွားပါတယ်ဘုရား) ပြုတ် သွားတယ်။

ဒါ့ကြောင့် ဝိပဿနာလုပ်မှ တကာတကာမတွေ့ဒိဋ္ဌိဟာ အ ပြုတ်ကြီးပြုတ်မယ်ဆိုတာကော ကျေနပ်ပလား(ကျေနပ်ပါပြီ)။

အဲ....ဝိပဿနာ ကြပ်ကြပ်လုပ်ကြပါဆိုတော့ မှတ်ထားတာ ကလေးဟာ ငါဘဲ၊ ငါမှတ်ထားတဲ့ကျောက်ကလေးဘဲ၊ ဒီဥစ္စာ သူများက တံဆိပ်ထိုးသွားတယ်၊ ဟာ....မဟုတ်ပါလား၊ ဒီဥစ္စာ သည်ပါလား၊ မှတ်တယ်ဆိုတာ သည့်သဘောပါလား...၊ သည်ဟာ အနိစ္စပါလားလို့ ဉာဏ်နဲ့ ဦးလှည့်လိုက်ပြန်တော့လဲ ကိုမြင့် သက္ကာယဒိဋ္ဌိပြုတ်တယ်...(ပြုတ်ပါတယ်ဘုရား)သမ္မာဒိဋ္ဌိ ဝင်တယ်...(မှန်ပါ့) ကဲ....ကိုသောင် ကျေနပ်ပလား...(ကျေနပ် ပါပြီဘုရား)။

စေတနာကလေးဟာလဲ ဥပမာမယ် ဘုရားရှေ့ တံမြက်စီးလို့, ပန်းတွေလဲ ရေတွေလဲကြ၊ သြော်... ဒီဥစ္စာသည်ကားလို့ ဆိုယင်ဖြင့် စေတနာ့အလုပ်တွေပါလား၊ ၎င်းစေတနာကလေးလဲ ဖြစ်လိုက်, ပျက်လိုက်- ဖြစ်လိုက်, ပျက်လိုက်နဲ့ နေတာပါကလား လို့သိပြီး နေကြမယ်ဆိုတော့လဲ အင်း... သူလဲ အထ, မြောက်တာဘဲ မောင်နိုင်, ရေ... (မှန်ပါ) ဒီဌိလဲ ပြုတ်တာ...(မှန်ပါ) ဦးအောင်ဇံ ဝေ သေသေချာချာမှတ်...(မှန်ပါ) သေသေ ချာချာမှတ်ပါ ထွန်းအောင်တို့လဲနော်...(မှန်ပါ)။

ငါ့စိတ်မစမ်းနဲ့လို့ တခါတလေ ဒေါသစိတ်ကို ငါလုပ်တယ် (မှန်ပါ) ငါ မစ့ဲကြဘူးလား...(စ့ဲပါတယ်ဘုရား) ကိုပေါ်.... မစ့ဲဘူးလား... (စ့ဲပါတယ်ဘုရား)။

ဟာ....ဒါ ဘယ်မှာ ငါဟုတ်ရမလဲ.... ဒါဟာ ဒေါသစိတ်ပါလား၊ ဒေါသစိတ်ဟာ အခုမှ ပေါ်လာတာ၊ အာရုံ့ဒ္ဌါရတို့ကလို့ ပေါ်လာတာ၊ ဖြစ်ပြီးပျက်တာဘဲလို့ တကာတကာမတွေ့ကနှလုံးသွင်းလိုက်တော့ သက္ကာယဒိဋ္ဌိ ပြုတ်သွားတယ်.... (မှန်ပါ) သမ္မာဒိဋ္ဌိဝင်လိုက်တယ်... (မှန်ပါ)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ဒါဟာ သက္ကာယဒိဋ္ဌိကို ဖြုတ်ပေးလိုက်တဲ့အတွက်တဲ့ ဒါက အသိပြုတ်နော်... (မှန်ပါ)။

အသိနဲ့ပြုတ်တာ တမျိုး, အကျင့်နဲ့ ပြုတ်တာတမျိုး, အပယ်နဲ့ ပြုတ်တာ ၀ မျိုး· (မှန်ပါ) ဘယ်နှစ်မျိုးပါလိမ့်... (သုံးမျိုးပါ)။

အသိနဲ့ပြုတ်တာ.... (တမျိုးပါဘုရား) 'အကျင့်နဲ့ပြုတ်တာ.... (တမျိုးပါ) အပယ်နဲ့ပြုတ်တာ .... (တမျိုးပါဘုရား) အပြုတ်

ဘယ်နှစ်မျိုးရှိသလဲ.... (သုံးမျိုးရှိပါတယ်ဘုရား) သုံးမျိုးရှိတယ်နော်...(မှန်ပါ့)။

ယနေ့ ရှင်းရှင်းလင်းလင်းကလေး ပြောပါတယ် တကာတကာမတို့၊ အသိနဲ့ပြုတ်တာ တမျိုးနော်... (မှန်ပါ့)။

ယခု ဘုန်းကြီးဟောနေတော့ တကာတကာမတွေက သြော်-ခန္ဓာငါးပါးထဲ ငါမရှိလို့ရှိယင်ဖြင့် ဒါ....သက္ကာယဒိဋ္ဌိ ပြုတ်နေတာဘဲဆိုတာ အသိနဲ့ပြုတ်တာ....(မှန်ပါ့)။

တခါ ကမ္မဋ္ဌာန်းကျောင်း သွားတဲ့ပြီးသကာလ စိတ်ရှည်ဘဲ့ ပုဂ္ဂိုလ်က စိတ် ဖြစ်ပျက်ကလေးတွေရှု၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်က ဝေဒနာဖြစ်ပျက်ကလေးတွေ ရှုနေတော့ အင်း.... ဖြစ်ပျက်သာ မြင်တော့တယ်ဆိုတော့ ဖြစ်ပျက်နဲ့သမ္မာဒိဋ္ဌိနဲ့ သွားတဲ့နေတယ် (မှန်ပါ့)။

အဲဒီကျတော့ အကျင့်နဲ့ပြုတ်တယ်... (မှန်ပါ့) သက္ကာယဒိဋ္ဌိ ဝင်သေးရဲ့လား....(မဝင်ပါဘုရား) ဘာနဲ့ပြုတ်သလဲ... (အကျင့်နဲ့ ပြုတ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် 'ဥတပရိညာ, တီရဏပရိညာ'လို့ နှစ်ခု ဟော့ပြန်တယ် ဘုရားက... (မှန်ပါ့)။

ကိုင်း ...ဒါဖြင့် အပယ်နဲ့ဖြုတ်ကြဦးစို့နော် ... (မှန်ပါ့) ကောင်းတာကတော့ အပယ်နဲ့ပြုတ်တာသာ ကောင်းဘယ်....၊ ပယ်ပြီးပြုတ်တာ သာကောင်းတယ်... (မှန်ပါ့)။

အဲဒီတော့ တခါတည်း ဖြစ်ပျက်ကလေးတွေတောင် မရှိဘူး မောင်နိုင်,ရေ၊ ဖြစ်ပျက် ဒုက္ခသစ္စာကြီးဟာ ချုပ်ပျောက်ပြီး

သွားတဲ့အခါကျတော့ အင်း....ဒါဟာ ဒုက္ခချုပ်ဆုံးတာ နိဗ္ဗာန်ပါလားလို့ ဉာဏ်ထဲမျှား မြင်နေတဲ့အခါပေါ့လေ...(မှန်ပါ) တွေးလုံးမှန်နေတဲ့ အခါကျတော့ အဲဒါ အပယ်နဲ့ပြုတ်တာ.... (မှန်ပါဘုရား) အဲဒီ အပယ်နဲ့ပြုတ်လို့ရှိယင်ဖြင့် ဦးဘသန်းနောက် ဘယ်တော့မှ မလာတော့ဘူး....(မှန်ပါ)။

ဒါဖြင့် အပြုတ်ဘယ်နှစ်မျိုးပါလိမ့်....(သုံးမျိုးပါဘုရား) အသိနဲ့ပြုတ်တာ.... (တမျိုးပါဘုရား) အကျင့်နဲ့ပြုတ်တာ.... (တမျိုးပါဘုရား) အပယ်နဲ့ပြုတ်တာ .... (တမျိုးပါဘုရား)။

အဲ....အပယ်နဲ့ ပြုတ်လို့ရှိယင်တော့ဖြင့် တဏှာတကာမတို့ ဘယ်အချိန်ပြုတ်မှာတုံးဆိုတာ ဘုန်းကြီး မေးလို့ရှိယင် ခုနင်ကခန္ဓာရှုလျက်နဲ့ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်တွေ့ရှာမတွေ့ဘူး....၊ စိတ်ရှာ ရှုပ်ရှာ ရှာမတွေ့ဘူး၊ အကုန်ဒုက္ခတွေကို မလိုချင်လို့ ဒုက္ခတွေ အကုန်ဆုံးသွားတဲ့ အခါကျတော့ ဒုက္ခဆုံးရာကလေးမြင်နေတဲ့ ဒုက္ခဆုံးပေါ့လို့ သိနေတဲ့ပုဂ္ဂိုလ်ဟာ ဒါ... အပယ်နဲ့ ပြုတ်ဘာ....(မှန်ပါ)။

ဒါ့ကြောင့် ဒီတကာတကာမတွေ အပယ်နဲ့ ပြုတ်တာဖြင့် ပယ်ပြီးပြုတ်တာကိုဖြင့် လိုက်ဖြစ်အောင် လိုက်ပါဆုံတာ လေးစားစွာနဲ့ဘဲ တိုက်တွန်းရပြန်တယ်.... (မှန်ပါ) မတိုက်တွန်းသင့်ဘူးလား...(တိုက်တွန်းသင့်ပါတယ်ဘုရား)။

အဲဒီလိုဖြစ်သွားတော့နေရာကျပြီဆိုတော့ အပယ်နဲ့ပြုတ်ပြီးပြီဆိုပါတော့ မောင်နိုင်....(မှန်ပါ)။

အပယ်နဲ့ ပြုတ်ပြီးနေတော့ **မဟာနဝမ်မင်းကြီး မေးတာ**

ကလေး မဟာဝဂ္ဂသံယုတ် ထုတ်လိုက်တော့ ထင်ရှားသွားတယ်.... (မှန်ပါ့)။

မဟာနာမ်မင်းကြီးက အရှင်ဘုရားတို့ တပည့်တော် ဘုရားကျောင်းတော်မှာတော့ ဒါတွေဟာ တပည့်တော် အပယ်နဲ့ ပြုတ်နေတာဘဲ ဒီဌိတွေ ဘာတွေ မရှိပါဘူး၊ သို့သော်.... မြို့ထဲရှာထဲ သွားပြန်တော့လဲ ကြောက်တဲ့စိတ်တွေ, ခင်တဲ့စိတ်တွေ မင်တဲ့စိတ်တွေက လာပြန်တယ်ဘုရား၊ မောင်နှိုင် မဟာနာမ်မင်းကြီးကလေ....(မှန်ပါ့) ဘုရားကို လျှောက်တယ်.... (မှန်ပါ့ဘုရား)။

ကြောက်တဲ့စိတ်တွေ,ခင်တဲ့စိတ်တွေ,မင်တဲ့စိတ်တွေဟာဘုရား၊ သာဝတ္ထိပြည်ထဲ သွားတဲ့အခါ လာပြန်တာဘဲဘုရာ့၊ အဲဒီတော့ တပည့်တော် သေတဲ့အခါမျှား ညြော် - အပါယ်မျှား ကျဉ်းမှာလား မပြောတတ်ပါဘုရားလို့ သူက လျှောက်တယ်.... (မှန်ပါ့ဘုရား) သို့သော်....သူ အပယ်နဲ့ ပြုတ်ပြီးသား .. (မှန်ပါ့ဘုရား)။

အဲဒီတုင် ကိုပေါ် ဘုရားက ဖြေလိုက်တာ သိပ်ကောင်းတယ်နော် .. (မှန်ပါ့)။

တကာကြီး... တဲ့ တကာကြီး သေလို့ ရှိယင်ဖြင့် အသားတွေ အရိုးတွေကတော့ဖြင့် ,မြေဖြစ်ကြမှာဘဲ၊ ဥာဏ်ကတော့ အထက်သာ တက်မှာဘဲ - (မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

အသားတွေ အရိုးတွေကတော့ (မြေဖြစ်ကြမှာပါဘုရား) ဥာဏ်ကတော့....(အထက်တက်မှာပါဘုရား)။

တနည်းလဲတဲ့ ထောပတ်အိုးတွေ, ဆီအိုးတွေ ရေထဲကဲ့တဲ့ အခါကျတော့ အိုးခြမ်းပဲ့သာလျှင် ရေမြုပ်တယ်ကွာ....တဲ့၊ ဆီတွေကတော့ ရေပေါ်တက်လာတာဘဲတဲ့ . (မှန်ပါ) အပယ်နဲ့ ပြုတ်ပြီးသားပုဂ္ဂိုလ်ကျတော့ သုဂတိ,နိဗ္ဗာန်သာတက်တော့တယ် ကွာ...တဲ့၊ အိုးခြမ်းပဲ့လို အပါယ်လေးပါးမှာ မမြုပ်တော့ပါ ဘူးတဲ့....(မှန်ပါ)။

ဒါ့ကြောင့် မပုတ့်လူစု အပယ်နဲ့ပြုတ်တာဖြင့် စိတ်ချကြ တော့....(မှန်ပါ)။

အပယ်နဲ့ပြုတ်အောင် မပြုတ်သေးတဲ့ပုဂ္ဂိုလ်က ပြုတ်အောင် လုပ်မဟဲ့....ဆိုပြီး အားတက်ကြပါဆိုတာ သတိပေးလိုက်ပါ တယ်....(မှန်ပါ့ဘုရား) မပေးထိုက်ဘူးလား....(ပေးထိုက်ပါတယ် ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီး ခဏခဏပြောတယ်၊ ခင်ဗျားတို့ကို သားနဲ့-သမီးနဲ့ ပစ္စည်းကလေး ရတဲ့အခါ ပြုံးမနေပါနဲ့ဦး၊ တော်တော်ကြာ မဲ့ခဏ်းဆိုတဲ့ အပါယ်လေးပါး ရောက်သွား ယင် ခက်ပါလိမ့်မယ်...(မှန်ပါ့) ဒါပြုတ်ပြီးတော့မှ ပြုံးပါ၊ ဒုက္ခချုပ်တာမြင်ပြီးတော့မှ ငါဖြင့် အိုခြမ်းပဲ့သာ ရေထဲမြုပ် မယ် ဆိုလို့ ဖြစ်ပေါ့ဆိုတော့ ဆီကတော့ ဘယ်ဘော့မှ မမြုပ် ဘူး... (မှန်ပါ့)။

အဲဒီကိုရောက်တဲ့ အခြေအနေရောက်မှ ပြုံးကြစမ်းပါ,ရှင်ကြ စမ်းပါဆိုတာ နောက်က တကာတကာမနဲတွဲလဲ သတိပေးရ တယ်....(မှန်ပါ့ဘုရား)။

ပြုံးချိန်မဟုတ်ဘဲနဲ့ ပြုံးတော့ အရှုံးပြုံးမကျပေဘူးလား- (ကျပါတယ်) သေခါနီးပြုံးကော....(မှန်ပါ့ကျပါတယ်) ကိုယ် သွားရမည့် ဂတိက ကောင်းမှု- မကောင်းဘဲနဲ့ ပြုံးနေတော့ ဒါ အပြုံးလွဲတယ် ဆိုထိုက်တယ် .. (ဆိုထိုက်ပါတယ်) မဆိုထိုက်ဘူး လား....(ဆိုထိုက်ပါတယ်) ကဲ....ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

ကိုင်း-တကာတကာမတွေ့ ဒါဖြင့် ဘယ်စိတ်ရှုရှု။စိတ်ဆဲ့နှစ်ခု ရှိတဲ့အနက်က ဖြစ်ပျက်မြင်အောင် ကြည့်လို့ရှိယင် အကျင့်နဲ့ ပြုတ်တာဘဲ....(မှန်ပါ့) ဖြစ်ပျက်တွေ့ ဆုံးသွားလို့ရှိယင် .... (အပယ်နဲ့ဖြုတ်ပါတယ်) အပယ်နဲ့ဖြုတ်တာ၊ ပယ်ချလိုက်တာ- (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ နိဗ္ဗာန်ကို အမှီရမှ ဉာဏ်ကလဲ စပါးရိတ်တာနဲ့တူ သကဲ့သတ်ဲ့၊ အပယ်နဲ့ဖြုတ်တာကို သူပြောချင်တော့နော်(မှန်ပါ့ ဘုရား)။

စပါးရိတ်တဲ့ပုဂ္ဂိုလ်များ မောင်နှိုင်တို့ ထိုက်တန်သလောက် မြင်ဘူးမှာပေါ့၊ တဖက်ကနေပြီး စပါးပင်တွေ့စုရသေးတယ်... (မှန်ပါ့)စုပြီးဆဲ့ထားရတယ် ...(မှန်ပါ့) တဖက်ကဘာတုံး-ရိတ်ရ တယ်.... (မှန်ပါ့ ရိတ်ရပါတယ်) ဒီအတိုင်းရိတ်လို့တော့ ရပါ့ မလား ...(မရပါဘုရား)။

ဒါ့ဖြင့် တဖက်ကဆဲ့ တဖက်ကရိတ်လို့ ပြုတ်သွားတယ် ... (မှန်ပါ့) နို့မဟုတ်ယင် ပြုတ်ပါ့မလား....(မပြုတ်ပါဘုရား)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့ အပယ်နဲ့ပြုတ် ဆိုတာလဲတဲ့

ခင်ဗျားတို့မင်ဉာဏ်က နိဗ္ဗာန်တည်းဟူသော စပါးပင်ကိုဆဲ့ကိုင်ရုရမှ ခင်ဗျားတို့ဒုက္ခချုပ်တာ သိတဲ့ဉာဏ်က သက္ကာယဒိဋ္ဌိတည်းဟူသော တရားတွေကို ဖြတ်ချလိုက်တယ်...(မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိတည်းဟူသော စပါးပင်တွေကိုလေ.... (မှန်ပါ့) နိဗ္ဗာန်တည်းဟူသော ဆဲ့ကိုင်ရုရတော့မှ တခါတည်းမင်ကနေပြီးကဲ....သွားတော့ကွာ အပါယ်လေးပါး သွားတဲ့တရားတွေ ပြတ်ကြပေတော့၊ ပြုတ်ကြပေတော့ ဆိုပြီးသကာလ ဖြတ်တယ်.... (မှန်ပါ့)ဒီတော့ မောင်အောင်သိန်းရေ ဆဲ့ကိုင်ရုရမှ ဖြတ်တယ်နော်...(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် နိဗ္ဗာန်ဆဲ့ကိုင်ရု ဒုက္ခချုပ်တဲ့ သဘောကိုမြင်တဲ့ ပုဂ္ဂိုလ်သာလျှင် မင်က ဆဲ့ကိုင်ရုရသည် ဖြစ်လေသောကြောင့် မင်ဉာဏ်သည် တခါတည်း စပါးပင်နဲ့ တူတဲ့ ဒိဋ္ဌိတွေဖြုတ်ချလိုက်တယ်...(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဆဲ့ကိုင်ရု မရသေးယင်... (မပြုတ်သေးပါ) မပြုတ်နိုင်ဘူးကိုသောင်ရေ....(မှန်ပါ့) ဦးညို ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ ဒီသင်္ကြီတွင်းကလေး နက်ဖြန်ဆိုလဲ လ,ပြည့်ဟုတ်လား၊ ဒါကလေး ဒီနေ့ညဖြစ်စေ၊ တညနှစ်ညကြိုးစားလိုက်၊ ကြိုးစားလိုက်တဲ့အခါကျလို့ ရှိယင် ကျုပ်ဖြင့် နိဗ္ဗာန်ဆဲ့ကိုင်ရုရပြီ မင်ဉာဏ်က ဒိဋ္ဌိဖြတ်လို့ ဒိဋ္ဌိကိုဖြုတ်ချလိုက်ပြီ ကျုပ်အတ္တက်ဖြင့် စိတ်အေးရပြီဆိုတဲ့ဉစ္စာ ကိုယ်တိုင်သိဖြစ်အောင် မောင်နိုင် လုပ်လိုက်ပါ....(မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ဘယ့်နှယ်လုပ်ကြမယ် ...

(ကိုယ်တိုင်သိဖြစ်အောင် လုပ်ကြပါမယ်ဘုရား) ကိုယ်တိုင်သိဖြစ်အောင် လုပ်လိုက်စမ်းပါ။

ငါ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့တရားသည် သူများပြောသံကြားနဲ့ ငါပြောတာမဟုတ်ဘူး၊ မင်းတို့ကိုယ်တိုင် သိပါလိမ့်မယ်ကွတဲ့၊ သန္ဒိဋ္ဌိကော = ကိုယ်တိုင်မြင်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

ချုပ်တာလဲ ကိုယ်တိုင်သိတာဘဲ.... (မှန်ပါ့) မသိဘူးလား.... (သိပါတယ်)ချုပ်ဆုံးတာဟာ နိဗ္ဗာန်ဘဲဆိုတာကော .... (သိပါတယ်ဘုရား) သိတဲ့အခါကျတော့ ဒီဋ္ဌိကရှိသေးရဲ့လား(မရှိပါ) ဒီဋ္ဌိပယ်တာလဲ ကိုယ်တိုင်သိတာဘဲ....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တစာတကာမတွေ့မှာ ဒီအခွင့်တွေ့ဟာ ဆရာသမားကလဲ ကျန်းမာ တကာတကာမတွေ့ကလဲ ထောင်နှိုင်တဲ့နားနဲ့ ကျောင်းလာနိုင်တုန်းအရေးကြီးတဲ့အချက်ကို ဆရာဘုန်းကြီးက ပြောနေတော့ သြော်.... ဒါကလေးတော့ဖြင့် ပိုင်အောင်လုပ်မှာဘဲ၊ ဒါမပိုင်လို့ သိန်းဘရာချမ်းသာတယ်ထားပါနော်.... (မှန်ပါ့ဘုရား)။

ကိုမြင့် သိန်းတရာချမ်းသာတယ် ဆိုပါတော့.... (မှန်ပါ့) သိန်းတရာချမ်းသာလဲ သိန်းတရာ ချမ်းသာတာသာ ရှိတာဘဲ ငါက မပြုတ်တော့ ဒီဋ္ဌိ- ဒိဋ္ဌုပါဒါန် ဒီဋ္ဌိအုပ်ချုပ်တဲ့ကံ၊ ကမ္မဘဝပစ္စယာ ဇာတိ· အ၊ပါယ်ဇာတိလာဦးမှာဘဲ__(မှန်ပါ့)မလာပေဘူးလား__(လာပ်ါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က သြော်....ပစ္စည်းလဲ ရှာရတယ်ဘုရား၊ အရှင်ဘုရားမျှားလို လွယ်လွယ်ကူကူက စားရ သောက်

ရတာ မဟုတ်တော့ တပည့်တော်များအတွက်က အပါယ်ကျ မှာ ကြောက်ပါတယ်ဘုရား၊ ကိုယ့်ကိုယ်လဲသနားပါတယ်၊ သို့သော်လဲသားနဲ့သမီးနဲ့, ဆွေနဲ့,မျိုးနဲ့ဆိုတော့ စားဘို့,သောက်ဘို့,နေဘို့ထိုင်ဘို့, လုပ်ဘလယ်မှာလဲ လှဘင့်တယ်ကလေး ဖြစ်အောင် လုပ်ရသေးတယ်ဆိုပြီး အရေးမကြီးတဲ့ဘက် လှည့်လှည့်ကြည့်တယ်-(မှန်ပါ) မကြီးဘူးလား....(ကြီးပါတယ်) အဲဒါ အပါယ်ကျခံ မိုက်ပါပေတယ်လို့ဘဲ စဲ့ချက်တင်လိုက်တယ် .... (မှန်ပါ)။

ဘယ်နှယ်ဆိုမလဲ-(အပါယ်ကျခံမိုက်ပါပေတယ်ဘုရား)မောင်အောင်သိန်း မပြောထိုက်ပေဘူးလား... (ပြောထိုက်ပါတယ်) အပါယ်ကျခံ မိုက်ပါတယ်ဆိုတဲ့ စကားဟာ သေးတဲ့စကား မဟုတ်ဘူး၊ သူ့ဒုက္ခအကြီးဆုံးကိုး၊ သူသည်ဘားလို့ ဆိုလို့ရှိ ရှိယင်ဖြင့် မထွက်နိုင်တဲ့ နေရာရောက်ရှာတော့မယ်၊ မဆုံးနိုင်တဲ့ နေရာရောက်ရှာတော့မယ်၊ ဘယ်သူမှ မကယ်ယူနိုင်တဲ့ နေရာရောက်ရှာတော့မယ်ဆိုပြီး အကြီးဆုံးမိုက်ပြီးသကာလ နေလေရဲ့ ဆိုယင်ကော လဲ့ပါ့မလား...(မလဲ့ပါဘုရား)။

အဲဒါကြောင့် ရင်ဝလှ,စူး ဦးခေါင်း မီးလောင်တာထက် အရေးတကြီး ဒိဋ္ဌိဖြုတ်လို့ ဘုရားက ဟောထားထာ ဦးဘအုန်းတို့ အေးစက်စက်လုပ်လို့ တော်ပါ့မလား....(မတော်ပါဘုရား)။

ဒါ ဘုရားဟောပါဋ္ဌိတော်တော့ကိုး ပြုနေပါတယ်၊ ပါဋ္ဌိရှုတ်နေယင် ခင်ဗျားတို့ မသိမှာစိုးလို့ပါ၊ ရှင်းကြပလား-(ရှင်းပါပြီ ဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတွေက ဆရာဘုန်းကြီးက ခင်ဗျားတို့ကို မြည်တယ်, တွန်တယ်လို့ ဒီလို ဆရာဘုန်းကြီး အပေါ်မှာလဲ စဲ့ချက်မတင်လိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

မတင်လိုက်ပါနဲ့တဲ့၊ ကိစ္စကလေး ရှိသေးတယ်ဘုရား၊ ဘာကိစ္စတုံး·ရစရာ-ယူစရာကိစ္စမှတပါး မောင်နိုင် ဘာမှမရှိဘူး .... (မှန်ပါ့)ရစရာ,ယူစရာ, ပေးစရာကိစ္စမှတပါး ဘာရှိသေးသတုံး· (မရှိပါဘုရား)။

အဲဒီကိစ္စဟာ ဘယ်အချိန်ယူယူ,ဘယ်အချိန်ပေးပေး မပြီးနိုင်တဲ့အလုပ်တွေ....(မှန်ပါ့) ဒါကလေးခလေးက်နဲ့ ကိုယ့်ဒိဋ္ဌပြုတ်တဲ့အလုပ်ကို မလုပ်ဘဲနဲ့ တကာတကာမတွေက ဟိုကိစ္စဘက်ကို လှည့်သွားမယ်ဆိုယင်ဖြင့် အပါယ်ကျခံ မိုက်ပါပေတယ်-(မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ဒါဟာ မြည်တာ,တွန်တာလား၊ အမှန်ပြောတာလား.... (အမှန်ပြောတာပါ) အမှန်ပြောတာလို့ ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

ဦးညို ဆင်ခြေလဲချင်သေးသလား... (မှန်ပါ့) မောင်အောင်သိန်း ဆင်ခြေလဲယင် လဲ့လိမ့်မယ်ကွနော်...(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် စိတ်ဆဲ့နှစ်မျိုးရှိဘဲ့အနက်ကရှုစိတ်ရှိုက်စိတ်ပြန်ပြီးသကာလရှု၊ ခ့ဲပါရာလိုက်ရှုဆိုတဲ့ ဥစ္စာတော့ နေ့တိုင်းပြောလို့ သိတော့နော်...(မှန်ပါ့) ဒါ ဘာလုပ်နေတာတုံး ဆိုလို့ ရှိယင်ဖြင့် ကျင့်မှုနဲ့ ဖြုတ်နေတာ... (မှန်ပါ့) သဘောကျပလား (ကျွပါပြီဘုရား)။

ဖြစ်ပျက်ကလေးတွေ မြင်တော့ ဘာနဲ့ ဖြုတ်မလဲ....(ကျင့်မှု-နဲ့ ဖြုတ်ရပါမယ်)အပါယ်သွားတဲ့ တရားကို ကျင့်မှုနဲ့ ဖြုတ်နေတာ....(မှန်ပါ) ဆုံးတာင်းနဲ့ ဖြုတ်တာ မဟုတ်ဘူး....(မှန်ပါ ဘုရား)။

ဖြစ်တာနဲ့ ပျက်တာ မြင်တဲ့ တကာတကာမတွေ.ကျတော့ သြော်....ဘယ်မှာသာလျှင် ငါဟုတ်ရမတုံးဆိုတာ သေချာသွားတယ်....(သေချာပါတယ်ဘုရား)။

အဲဒီတော့ ငါ မပြုတ်ဘူးလား....(ပြုတ်ပါတယ်ဘုရား) ဘာနဲ့ ဖြုတ်တာပါလိမ့်....(ကျင့်မှုနဲ့ ဖြုတ်တာပါဘုရား)။

နောက်ကျတော့ ဖြစ်ပျက်ကို မရှိတော့ပါဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာကြီး ဆုံးသွားပါပြီဆိုတဲ့ အခါကျတော့ တကာတကာမတွေ ဖြစ်ပျက်မလိုချင်လို့ ဆုံးသွားပေါ့ဘဲဆိုတော့ ဒီဌိုနေစရာကို ရှိသေးသလား ..(မရှိပါဘုရား)။

အဲဒါကျတော့ မင်က ပယ်ချလိုက်တယ် ဒီဌိုကို.... (မှန်ပါ) အပယ်နဲ့ ပြုတ်သွားတယ်... (မှန်ပါ) ပယ်မှုနဲ့ ပြုတ်သွားတာလို့ မှတ်လိုက်စမ်းပါ .... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အပြုတ်ဘယ်နှစ်မျိုးပါလိမ့်.... (သုံးမျိုးပါဘုရား) တရားနာတုန်း ပြုတ်တာက .. (အသိနဲ့ ပြုတ်ပါတယ်ဘုရား) ကမ္မဋ္ဌာန်းကျောင်းသွားထိုင်လို့ ပြုတ်တာက ..(အကျင့်နဲ့ ပြုတ်တာပါဘုရား)။

ရှုရင်းမတ္တာနဲ့ ဒီစိတ်ရှုနေတာ စိတ်တွေ အကုန်ပျောက်ပြီး ဒုက္ခသစ္စာတွေဘဲဆိုပြီး သိပြီး ချုပ်သွားတဲ့အခါကျတော့ ပြုတ်တာက....(အပယ်နဲ့ ပြုတ်တာပါဘုရား)။

အဲ့ဒီလို ပယ်မှုနဲ့ ပြုတ်အောင် ဦးညိုကြီးတို့.... ကြိုးစားလိုက်ပါ၊ တိုက်တွန်းတယ်နော်...(မှန်ပါ့)။

ကိုမြင့်တို့ ဒီဥစ္စာနည်းနည်းနောနော တိုက်တွန်းတာ မဟုတ်ပါဘူးဆိုတာကော ပေါ်လာကြပလား .... (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ရှင်းသွားပြီဆိုတဲ့ အခိုပ်ပါယ်ဖြင့် ဘာမှ ပြောဘို့ မလိုဘူး....(မှန်ပါ့ဘုရား)။

သက္ကာယဒိट्ठိ မပြုတ်လို့ ရှိယင် ဘုရားက တရားဟောနေပြီးသော်လဲ မရဘူး....(မှန်ပါ့ဘုရား) မဂ်ဉာဏ် ဖိုလ်ဉာဏ် မရဘူး၊ ကိုယ်က သက္ကာယဒိट्ठိ မပြုတ်ယင်လေ... (မှန်ပါ့ဘုရား) ဘုရားက တရားဟောပြီးသော်လဲ....(မရပါဘုရား)။

မရတာကလေး ဝတ္ထုသက်သေသာဓကကလေး ထုတ်ပြပါမယ်နော်....(မှန်ပါ့လိုရား)။

ဝေသာလီပြည်မှာ တကာ တကာမတို့ တပည့်ပေါင်း တထောင်ရှိတဲ့ သစ္စကပရိုင်ဆိုတာ ဘုန်းကြီး ထုတ်ပြမယ်၊ သူ့မှာ တပည့်ပေါင်း တထောင်ရှိတယ် လို့ဆိုစီမင်းသားပေါင်းနော် (မှန်ပါ့ဘုရား)။

အဲ့ဒီပေါ်မှာ သူ ကျောင်းဆရာကြီး လုပ်ပြီးသကာလ သူနေတယ်....(မှန်ပါ့) တနေ့လျှင် သူ့ဆီမှာ ထမင်းပို့တာချည့် ထမင်းအုပ်ပေါင်း ကိုပေါ်ရေ- တထောင်ရှိတယ်နော်....(မှန်ပါ့ဘုရား)။

အဲ့ဒါလောက်ဘဲ သူသည် ပညာတွေ သင်၊ သူကလဲ စကားတတ်,စာတတ်ဖြစ်ပြီးသကာလ နေတော့ ကိုးကွယ်ကြ,ဆည်းကပ်ကြနဲ့. ဒီလိုနေတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီ့ပြင် တိတ္ထိဆရာကြီး ခြောက်ယောက်တွေ မေးလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် မောင်နိုင်.... သူကသာမေးယင် တိတ္ထိဆရာကြီးတွေ ချာချာလည်သွားတာဘဲ....(မှန်ပါ့)။

စကားကလဲ တတ်ပြန် ပုစ္ဆာတွေကလဲ သူ့မှာ တထောင်ကျော်လောက် ရှ-ထားတယ်....(မှန်ပါ့) အဲဒီ ပုစ္ဆာတွေနဲ့ မေးလိုက်ပြီဆိုယင် တိတ္ထိဆရာကြီးတွေ ချာချာလည်သွားတာဘဲ....(မှန်ပါ့)၊

အဲဒီတော့ သူ့မှာ ဘဝင်မြင့်တဲ့ရောဂါ ကိုမြင့် .... ကပ်နေတယ်...(မှန်ပါ့)ငါလိုလူ လောကမှာ မရှိတော့ဘူးဆိုပြီး ဘဝင်မြင့်တဲ့ ရောဂါ ကပ်နေတယ်...(မှန်ပါ့)။

ဆရာကြီးကလဲ ဖြစ် လိစ္ဆဝီမင်းသားတွေကလဲ ရှင်ဘုရင်တွေကိုး ရှင်ဘုရင့်ပေါ် ဆရာလုပ်ရတယ်ဆိုတော့ စားမှ,သောက်မှ,ကလဲ အလုံးစုံ ပြည့်စုံနေတော့ အင်မတန် ဘဝင်မြင့်နေတာ....(မှန်ပါ့ဘုရား)။

တနေ့သဋ္ဌကျတော့ ရှင်သာရိပုတ္တာ၏ဆရာ ရှင်အဿဇိဆိုတဲ့ ရဟန္တာမထေရ်မြတ်ဟာ လိစ္ဆဝီနယ်ထဲမှာ လာပြီး ဆွမ်းခံတယ်--(မှန်ပါ့ဘုရား)။

ဆွမ်းခံလ်ာတဲ့အခါကျတော့ သူက လိစ္ဆဝီမင်းသားတို့ အိမ်ကို အညောင်းခြေ အညာခြေ လျှောက်လည်တာနဲ့ ဒီ ကိုယ်တော်နဲ့ သွားတွေ့တယ်...(မှန်ပါ့)။

တွေ့တော့ အရှင်ဘုရား ခေတ္တရပ်စမ်းပါဦးဆိုပြီး သစ္စက

ပရဗိုဇ်က သွားတယ်၊ အရှင်ဘုရားတို့ ဂေါတမဘုရားက အရှင်ဘုရားတို့ကို ဘယ်လိုမျှား ဆုံးမ-သတုံး....။

ဟာ...ရုပ်ဟာ အနိစ္စ, ဝေဒနာ အနိစ္စ, သညာအနိစ္စ, သင်္ခါရ အနိစ္စ, ဝိညာဏ် အနိစ္စ၊ တနည်း ရုပ်ဟာ အနတ္တ, ဝေဒနာ အနတ္တ, သညာ အနတ္တ, သင်္ခါရ အနတ္တ, ဝိညာဏ်ဆိုတဲ့... စိတ် အနတ္တ၊ နောက်ဆုံးပိတ် တနေ့ကျတော့ သဗ္ဗေသင်္ခါရ အနိစ္စာ, သဗ္ဗေသင်္ခါရ ဒုက္ခာ-လို့ ဟောတယ်၊ ဒါကို ကျုပ်တို့ဘုရားက ဟောလဲ ဟောတယ်၊ ဒီလို ကျင့်ကြရမယ်လို့လဲ ဆုံးမတယ် ကိုပေါ....နော်....(မှန်ပါ)အဲဒီလို အဃဇီမထေရ်က ပြောတယ် ဦးညိုရ...(မှန်ပါ)။

ဩော်....အရှင်ဘုရားတို့ ဂေါတမကိုယ်တော်ကြီး ပြောတဲ့ စကား တပည့်တော် ကြားရတာကို မကောင်းသဖြင့် ကြားရတာဘဲတဲ့၊ သူ့စိတ်ထဲ မဇကျနပ်ဘူး...(မှန်ပါ)။

ဘယ်တော့မျှား ဒီ ဂေါတမကိုယ်တော်ကြီးနဲ့ အမေး အပြေမျှား လုပ်ရပါ့မတုံး....။ သူ့အယူ ပြင်ပေးချင်တယ်။ သူက အလုံးစုံ အနိစ္စ, အလုံးစုံ အနတ္တလို့ ဟောနေတယ်။ ဒီအယူကို သူနဲ့ တွေ့တဲ့အခါ ပြင်ပေးချင်တယ်တဲ့....(မှန်ပါ) မောင်နှိုင် ဘယ်လောက်ထိအောင် ဘဝင်မြင့်နေတယ်ဆိုတာ....(မှန်ပါ-မြင့်ပါတယ်ဘုရား)။

ဒါနဲ့ ကဲ...အရှင်ဘုရား....ကြည်ပေတော့ အရှင်ဘုရားပြောတဲ့ စကား ကြားရဘာ အယူဝါဒတော့ သိပြီ....။ သို့သော်လဲ

မကောင်းသဖြင့် ကြားရတာဘဲလို့ သူ့စိတ်ထဲမှာ မချမ်းသာ ဘူး-(မှန်ပါ)။

အနိစ္စနဲ့ အနတ္တ ကြားရတာကို ကိုမြင့်....မချမ်းသာဘူးတဲ့-(မှန်ပါ) သူက အတ္တဒိဋ္ဌိသမားကိုး....(မှန်ပါ)။

သူက ဘာသမားပါလိမ့်....(အတ္တဒိဋ္ဌိသမားပါဘုရား) အတ္တ ဒိဋ္ဌိ-သဿတဒိဋ္ဌိသမား၊ သူက ရုပ်ခိုင်တယ်၊ ဝေဒနာခိုင်တယ် ဆိုတဲ့ဘက်က... (မှန်ပါ)။

ဒီလိုနဲ့ သူ့ လိစ္ဆဝိမင်းသားတွေဆီသွား၊ ဒီကနေပြန်ပြီး သွားတဲ့အခါကျတော့ လိစ္ဆဝိတို့- သတိထားကြဟေ့ .... ရှေး တုန်းကတော့ ဂေါတမဘုရားကို စောဒကတက်ချင်ငြားသော်လဲ သူ့ဆီက စကားသံတွေဘာမှမကြားရသေးလို့ ဘယ်လိုမေးလို့ ဘယ်လိုပြောရမှန်းမသိဘူး။

ယနေ့တော့ဖြင့် သူ့တပည့် ရှင်အဿဇိဆိုတဲ့ ကိုယ်တော် ဆီက ခန္ဓာငါးပါး အနိစ္စ, ခန္ဓာငါးပါးအနတ္တ, အလုံးစုံအနိစ္စ, အလုံးစုံအနတ္တတွေ ကြားရတဲ့အခါ ဒီစကားတွေ လက်ကိုင်ရတဲ့ အတွက် မေးလိုက်ရလို့ ရှိယင် ချာချာလည်သွားတော့မှာဘဲကွာ။

ဒါ့ကြောင့် ဒီနေ့ ဂေါတမဘုရားဆီ သွားရအောင် လိစ္ဆဝိတို့ လိုက်ခဲ့ကြဟေ့....၊သူ ပုစ္ဆာထုတ်သွားတော့မယ်နော်.... (မှန်ပါ ဘုရား)။

ဒါနဲ့ဘဲ တနေ့သဋ္ဌကျတော့ သွားတယ်၊ ဘုရားသခင် ကိုယ် တော်မြတ်ကြီးကလဲ စောင့်နေတော်မူတယ်၊နံနက်မိုးလင်း ဥာဏ်နဲ့ ချိန်လိုက်တဲ့အခါ သစ္စကာဘဲပေါ်လာတယ်...(မှန်ပါဘုရား)။

ဩော်-ဒီသစ္စကဟာ ငါ့ဆီ အမေးအမြန်းလာမှာပါကလား၊ လာလို့ရှိယင် သူသည်ကားလို့ဆိုလို့ရှိယင်ဖြင့် အရှုံးပေးလိမ့်မယ်၊ အရှုံးပေးပြီးသကာလ မင်ဥာဏ်, ဖိုလ်ဥာဏ်တော့ သူ့အတွေ့ဒီဋ္ဌိ မပြုတ်တဲ့အတွက် မရပေဘူး။

သို့သော်လဲ နောင် ဝါသနာပါအောင်တော့ဖြင့် ငါပြင်ပေးရလိမ့်မယ်... (မှန်ပါ့)။

ကဲ....ဟောပေမဲ့ မပြုတ်ဘူး - တဲ့.... (မှန်ပါ့) မပြုတ်တဲ့အတွက် ဝါသနာပါရုံဘဲ ရမယ်တဲ့ - (မှန်ပါ့)။

ဦးညို,ရေ... ခင်ဗျားတို့ကတော့ ဘုရားကို လက်ဦးစွာ ဖူးတွေ့ရတော့ ဟုတ်လိမ့်မယ်လို့ ထင်နေတယ်...(မှန်ပါ့ဘုရား) ဟိုမှာကိုယ်တိုင် အတွေ့ကြီး တွေ့တာတောင်မှ ဘယ့်နှယ်နေသတုံး.... (မရပါဘုရား) မရနိုင်ဘူး....တဲ့ ဒီဋ္ဌိခံနေလို့ရှိယင်....(မှန်ပါ့)။

တကာတကာမတို့ ဒီဋ္ဌိခံနေယင် - (မရနိုင်ပါဘုရား)။

ခင်ဗျားတို့ကတော့ဖြင့် ဘယ်သူက ပြောထားတယ်မသိဘူး၊ ဘယ်လိုရယ်တော့ မသိဘူး၊ သူများပြောသံကြားတဲ့နဲ့ လက်ဦးစွာ ဖူးတွေ့ရဘို့ဘဲ စိတ်ကူးနေကြတယ်နော်....(မှန်ပါ့)။

ဖူးတွေ့ရပေမဲ့လဲ ဖူးတွေ့ရတာကို ကုသိုလ်မရဘူးလို့ ဆရာဘုန်းကြီးက မဟောပါဘူး....၊ ဗုဒ္ဓါနုဿတိကုသိုလ်ရတာပေါ့၊ သို့သော်....ဒီဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်မှယ်....(မှန်ပါ့)။

ဘယ်လိုပါလိမ့်...(ဒီဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်မှာပါဘုရား) ဒီဋ္ဌိပြုတ်မှ ကျွတ်တမ်းဝင်မယ်ဆိုတာ မှတ်ထားလိုက်ကြစမ်းပါ.... (မှန်ပါ့)။

ခင်ဗျားတို့ လျှာကြ,တန်းကြ,ပေးကြ,ကမ်းကြတာတွေ နိဗ္ဗာန်လိုချင်လို့....(မှန်ပါ့) မောင်နှိုင် ဘာလိုချင်လို့တုံး.... (နိဗ္ဗာန်လိုချင်လို့ ပါဘုရား)။

နိဗ္ဗာန်လိုချင်လို့ ရှိယင်ဖြင့် *သူချည့် သက်သက်နဲ့ မရဘူး....၊ သူ့ကိုလဲလုပ် ဒီဌိလဲ ဖြုတ်ရလိမ့်မယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူ့လဲလုပ်... (ဒီဌိလဲ ဖြုတ်ရပါမယ်ဘုရား) မပြုတ်ဘဲနဲ့တော့ ဖြင့်....(မရပါဘုရား) သူ့ချည့်လုပ်နေလို့ ဝိပဿနာ မပါတော့ဘူးဆိုယင်တော့ ရပါ့မလား... (မရပါဘုရား)။

အဲဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ မသိသေးတဲ့ ပုဂ္ဂိုလ်ကပြင်ပြီး သြော်.... ဒါန,သီလလဲ လုပ်ရမှာဘဲ....၊ ဒီဌိလဲ့ ဖြုတ်ရမှာဘဲ၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒီဌိမဖြုတ်ယင်တော့ဖြင့်....(မရပါဘုရား) မရဘူး၊ သူ့ချည့် သက်သက်လောက်နဲ့ဖြင့် အကူအညီတော့ ရမယ်၊ ဒီဌိတော့ အဓိကထားပြီး ဖြုတ်ရဦးမှာဘဲဆိုတဲ့ဥစ္စာ ဒီဌိဖြုတ်ရမယ်ဆိုတာ ခုနင်က ဝိပဿနာသုံးမျိုးနဲ့ ဖြုတ်ရမယ်(မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကိုင်း...ဒါနဲ့ဘဲ လိစ္ဆဝိမင်းသားတွေနဲ့ ဘေးကလူတွေကလဲ သြော်... ဒီပုဂ္ဂိုလ်ကလဲ သစ္စကဆိုတာ ပညာရှိ၊ ဟိုမှာ ဂေါဘမ မြတ်စွာဘုရားဆိုတာကလဲ အတုမရှိ၊ ပညာရှိနှစ်ပါး မေးတာ မြန်းတာမှာ့ဖြင့် ကြားရအောင်ဆိုပြီး ပြုံပြီး လိုက်ကြတာ ပေါ့... (မှန်ပါ့)။

---

* ဒါန,သီလချည်းလုပ်လို့ မရဘူး ဆိုလိုတော်မူသည်။

ဝေသာလီပြည် မဟာဝုန်ကျောင်းမှာ ဘုရားက မနေဘဲနဲ့ သစ်ပင်တပင်မှာ သွားနေလိုက်တယ်၊ နေလိုက်တော့ သစ္စကလာပြီးသကာလ ဘုရားကို မေးတယ်၊ ရဟန်းတွေကလဲ စကြံ့သွားနေကြတယ်၊ အရှင်ဘုရား.... ဂေါတမဘုရားနဲ့ တွေ့ချင်တယ်၊ ဟာ....ဒီမှာမရှိဘူး- မဟာဝုန်တောထဲမှာ အဲဒီကို သွားရဲ့....တဲ့။

ဒါဖြင့် အရှင်ဘုရားများ ညွှန်ပြပါ ဘုရား....ဘယ်နေရာမှာ ဆိုတာ၊ အေးအေးဆိုပြီး ဘယ်နေရာနေတယ်လို့ ညွှန်ပြလိုက်တော့ သူရောက်သွားပြီး ဘုရားနဲ့ အာလာပ, သလ္လာပဆိုတဲ့ ကျန်းမာကြရဲ့လား- ချမ်းသာကြရဲ့လားဆိုတာတွေ အမျိုးမျိုး မေးခွန်းတွေထုတ်ပြီး အမျိုးမျိုးပြောတယ်_(မှန်ပါ့)။

ပြောတော့ သူက ရှင်ကြီးဂေါတမ....တဲ့ ပုစ္ဆာကလေးတခု မေးပါရစေ....တဲ့၊ သူကဘဲ စ,လိုက်တယ် ကိုမြင့်.... (မှန်ပါ့ ဘုရား)။

ဟာ... မေးသာ မေးပါကွာ ငါဖြေပါ့မယ်၊ မေးသာမေး ဖြေမယ်လို့ လာတယ်....(မှန်ပါ့ဘုရား)။

ဒီပြင်ပုဂ္ဂိုလ်တွေကတော့ ဘုရားအောက်က သာဝကကြီးတွေကတော့ သိယင် ဖြေရတာပေါ့(မှန်ပါ့) ဘုရားကတော့ မဟုတ်ဘူး-မေးသာမေး ဖြေမယ်ဆိုတော့ ခွင့်ပေးပုံချင်းမကွာဘူးလား (ကွာပါတယ်ဘုရား)။

တခြားသောပုဂ္ဂိုလ်များကတော့ သိယင် ဖြေတာပေါ့ဗျာ၊ ဒီလိုသာ ဖြေလေ့ရှိတယ်....တဲ့၊ ဘုရားမှတပါး ကျန်တဲ့ ပုဂ္ဂိုလ်တွေကတော့....(မှန်ပါ့)။

ဘုရားကတော့ ဘာတုံး.... (မေးသာမေးပါ) မေးသာမေး-ဖြေမဟေ့ ၊ မင်း သံသယရှိတာ အကုန်ဖြေမဟေ့ ... ၊ ဒီလိုဘဲ ဘိတ်ကြားနိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

အဲဒါနဲ့ ဘဲ ကဲ....မေးသာမေးပါကွာ ဖြေပါ့မယ်ဆိုတော့ တောကြီးထဲမှာ သစ်ပင်တွေ,ဘာတွေ ပေါက်ကြရတယ်၊ မြေ မရှိ မပေါက်နိုင်ဘူး၊ မြေပေါ်,ရေပေါ်မှာ သစ်ပင်တွေပေါက်ရတယ်၊ ဒါက တမျိုးပါ၊ မြေအစိုင်ရှိမှသစ်ပင်တွေက ပေါ်နိုင်တယ်၊ ဒါက တမျိုး။

တနည်း ဥပမာကတော့ အားခွန်ဗလရှိတဲ့ ပုဂ္ဂိုလ်တွေ ထင်းပေါက်မယ်၊ ကျောက်တူးမယ်၊ မြေတခုပေါ်မှာ ရပ်ပြီးသကာလ ခိုင်ခိုင်မာမာပေါ်မှာ ရပ်ပြီးသကာလမှ ပေါက်ပြားပေါက်လို့ ပုဆိန်ပေါက်လို့ ရမှာကိုး .... (မှန်ပါ့) နို့မဟုတ်ယင် ရပါ့မလား . (မရပါဘုရား)။

အဲဒီလိုဖြစ်နေတော့ ဒီမှာလဲတဲ့ ခန္ဓာငါးပါးတည်းဟူသော မြေအတွင်းခိုင်တာ,မြဲတာရှိမှ ကုသိုလ်တွေ,အကုသိုလ်တွေ လုပ်လို့ ဖြစ်တယ်....တဲ့... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ ဘုရား)။

ခန္ဓာငါးပါးဟာ ခိုင်မြဲတဲ့ မြေသဖွယ်လဲ့၊ ခန္ဓာငါးပါးကို သူက ခိုင်တဲ့ဘက်က ထားတယ်....(မှန်ပါ့)။

အဲဒီ ခန္ဓာငါ့ားပါးခိုင်မှ ကုသိုလ်လဲ လုပ်နိုင်တယ်၊ အကုသိုလ်လဲ လုပ်နိုင်တယ်... ၊ ဒီခန္ဓာငါးပါး မခိုင်ခဲ့သော် ကုသိုလ်လဲ

လုပ်စရာမရှိတော့ဘူး....၊ အကုသိုလ်လဲ လုပ်လို့မဖြစ်တော့ဘူး၊ ဒါ့ကြောင့် ခန္ဓာငါးပါးကို သူက အတ္တ-တဲ့၊ ရှင်းပလား.... (ရှင်းပါပြီဘုရား) အနတ္တမဟုတ်တော့ဘူး ...(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါ... ဘယ်သူ့အယူပါလိမ့် မောင်နိုင်... (သစ္စာ အယူပါဘုရား) နောက်က တကာတကာမတွေ....(သစ္စာ အယူပါ) သစ္စာ အယူ။

ခင်ဗျားတို့လဲ သစ္စာ အယူသာ ပြောတယ်၊ ခင်ဗျားတို့လဲ တခါတခေါ သစ္စာ ဖြစ်နေတာ ပါသေးတယ်.... (ပါ-ပါတယ်ဘုရား)။

ကျုပ်အိမ်-ကျုပ်မာမှ၊ အကုန် ကျုပ်ဘဲ သွားလာပြီး ကျွေးနေရတယ်၊ အံမာ ... တခါတခါ သစ္စာကသံ ထွက်လာတယ်... (မှန်ပါ)မထွက်လာဘူးလား(ထွက်လာပါတယ်ဘုရား)ကျုပ်အိမ် ကျုပ်မာမှဆိုတော့ ခန္ဓာငါးပါး ခိုင်မြဲမှုပေါ့လေ.... (မှန်ပါ့ဘုရား)။

ကျုပ်မာမှဆိုတာ ကျုပ်လူကြီးဘဲ-ကျုပ်ဘဲ ခေါင်းဆောင်ဘဲ ကျုပ်ဘဲ မန်နေဂျာဘဲ့ အဲဒီတော့ ကျုပ်မရှိ မခက်ဘူးလား ...၊ ကျုပ်မာနေလို့ အဪ ဒီတခုလုံး တပြုံလုံးကို ကျွေးမွေးပြီး နေနိုင်တာပေါ့ ဆိုတော့ ခန္ဓာငါးပါးကို သူက မြေသဖွယ် ခိုင်တယ် မြဲတယ်မယူလိုက်ဘူးလား....(ယူပါတယ်) သဘောပါကြပလား....(ပါ ပါပြီဘုရား)။

ဒီအထဲ သစ္စကတွေမျှား ပါသေးသလား ကိုမြင့်....(ပါ-ပါ တယ်ဘုရား)သစ္စကတွေ ပါနေသေးတယ်....(မှန်ပါ)ရှင်းပလား- (ရှင်းပါပြီဘုရား)။

အဲဒီလို ပြောလိုက်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟေ....ဒါဖြင့် သစ္စက မင်းဟာကွာတဲ့....ရုပ်ကို အတ္တဆိုတာ ပေါ့.. (မှန်ပါ) ဝေဒနာ အတ္တဆိုတာပေါ့တဲ့၊ ကဲ- ခိုင်တယ်ပေါ့ လေ....(မှန်ပါဘုရား)။

သညာအတ္တဆိုတာပေါ့၊ သင်္ခါရအတ္တဆိုတာပေါ့၊ စိတ်ကို အတ္တဆိုတာပေါ့၊ အကုန်အတ္တဆိုဘာပေါ့ကွာ၊ မင်းဟာ ခိုင်တာ မြဲတာချည့်ပေါ့ မင်းဒီလိုယူသလားလို့ ဆိုတော့ သူတွင်မကပါ ဘူးတဲ့ အားလုံးလဲ ဒီလိုယူကြတာဘဲတဲ့၊ အားလုံးပေါ်လွှဲဘင် လိုက်တယ်... (မှန်ပါ့ဘုရား)။

သူလဲ ယူတာပေါ့လေ.... (မှန်ပါ) အားလုံးပဋိုလ်တွေလဲ.... (ယူပါတယ်) ဒီတကာတကာမတွေပါ ဆွဲထည့်တဲ့အဓိပ္ပါယ် ပါပြီ....(ပါ-ပါပြီ) မပါဘူးလား (ပါ-ပါတယ်ဘုရား)။

ဒါနဲ့ ဘုရားက ဟေ....သစ္စက- မင်းနဲ့ ငါနဲ့ အမေး,အဖြေ လုပ်နေတာ ဘေးကလူဆွဲမထည့်နဲ့ ဘုရားက....(မှန်ပါ) မင်းနဲ့ ငါနဲ့ အမေး, အဖြေလုပ်နေတာ ဘေးကလူ ဆွဲမထည့်နဲ့ မင်းယူတာသာပြောပါဆိုပြီး ဘုရားကမေးလိုက်တဲ့အခါကျတော့ သူတယောက်တည်း ဒါဖြင့် သူဟာ ရုပ်ကိုအတ္တဆိုပါတယ်။

ခိုင်တယ် မြဲတယ်ယူပါတယ်၊ ဝေဒနာကို ခိုင်တယ် မြဲတယ် ယူပါတယ်ဆိုတော့ ခန္ဓာငါးပါးကို အတ္တယူပါတယ်၊ကောင်းပြီ

ဒါကို မင်းမှတ်ထား၊ ဘုရားက ဖြေလိုက်တယ်၊ မင်းခန္ဓာငါးပါး ကို မင်းအတွေ့ယူတယ်။

ကောင်းပြီ၊ ကဲ....ကွာတဲ့ ငါပြောမယ်၊ ကောသလမင်းကြီး ရှိတယ်ကွာတဲ့၊ ကောသလမင်းကြီးက တိုင်းနိုင်ငံအုပ်ချုပ်တယ်၊ အဇာတသတ်တို့လဲ တိုင်းနိုင်ငံအုပ်ချုပ်တာဘဲ၊ ဒါဖြင့် မင်းတွေဟာ တိုင်းနိုင်ငံအုပ်ချုပ်တော့ ဒီတိုင်းပြည်နေတဲ့ပုဂ္ဂိုလ်တွေကိုတဲ့ တချို့ရာဇဝတ်သင့်တဲ့အခါကျတော့ နှင်ထိုက်တဲ့ပုဂ္ဂိုလ်ကို နှင်ရတယ်ကွ၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သတ်ထိုက်တဲ့ပုဂ္ဂိုလ်ကို(သတ်ရပါတယ်)ပစ္စည်းသိမ်းယူထိုက်တဲ့ ပုဂ္ဂိုလ်ကို .. (သိမ်းယူရပါဘယ်) ဒဏ်ရိုက်ပြီးယူရတယ်၊ မီးရှို့ပြီး သတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကော.... (သတ်ရပါတယ်ဘုရား)။

အဲဒီတော့ကွာတဲ့ အဲဒီအသတ်ခံရတဲ့ ပုဂ္ဂိုလ်တွေက ငါ့ကိုယ် ငါပိုင်တယ်· ငါဖြစ်ချင်သလိုဖြစ်မယ်ဆိုလို့ ရသလား....တဲ့၊ မေးလိုက်တယ်ဘုရားက .. (မှန်ပါ့) ဘယ့်နှယ်ဖြေကြမလဲ.... (မရပါ) ဒါဖြင့် မပိုင်လို့ပေါ့... (မှန်ပါ့) ကိုယ့်ကိုယ် ကိုယ်ပိုင်တဲ့သဘော ပါသေးသလား....(မပါ-ပါဘုရား)။

ဒါဖြင့် ရှင်ဘုရင်က စီမံသလိုဘဲ ရာဇဝတ်သင့်လာတော့ တကာတကာမတွေ့မခံကြရဘူးလား....(ခံကြရပါဘယ်)။

ဒါဖြင့် အားလုံးသောပုဂ္ဂိုလ်တွေ ကိုယ့်ကိုယ်·ကိုယ်မပိုင်ဘူးပေါ့... (မှန်ပါ့ဘုရား)အနတ္တဘဲ - သဘောကျပလား....(ကျပါပြီဘုရား)။

မင်းမှာလဲ ဒီ့ပြင်မင်းက တိုက်ယူသွားယင် ပါသွားပြန်တာ ဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် လောကကြီးထဲမှာ ဘာတွေသာရှိသတုံး (အနတ္တသာ ရှိပါတယ်) အနတ္တတွေသာရှိတယ်၊ နိဗ္ဗာန်လဲ အနတ္တပါဘဲ၊ လောကအပြင်ဘက်မှာလဲ အနတ္တဘဲရှိတယ်၊ လောကကြီးထဲမှာလဲ (အနတ္တဘဲရှိပါတယ်) အနတ္တဘဲရှိတယ်ဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

အဲဒီတော့ကာ-တဲ့၊ မင်းက အခုငါပြောတဲ့ ဥပမာအတိုင်း သတ်ထိုက်တဲ့ပုဂ္ဂိုလ်သတ်တယ်၊မီးရှို့ထိုက်တဲ့ပုဂ္ဂိုလ်မီးရှို့၊ပစ္စည်း သိမ်းယူထိုက်တဲ့ပုဂ္ဂိုလ် သိမ်းယူပြီး ရှင်ဘုရင်တွေက ယူသွားတဲ့ အခါကျတော့ ခုနင်က ခံရတဲ့ပုဂ္ဂိုလ်က ငါ့ကိုယ်ငါပိုင်တယ်ဆိုပြီး ငါထင်သလိုရှုန်းလို့ ငါထင်သလို ထွက်သွားမယ်၊ ငါအသက် မခံဘူး၊ ငါ့ပစ္စည်းမပေးဘူးဆိုလို့ ရရဲ့လား ....(မရပါ)ဒါဖြင့် ပိုင်လို့လား- မပိုင်လို့လား...(မပိုင်လို့ပါ)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတွေ ခန္ဓာကိုယ်ဘယ်နှယ်နေကြသလဲ (မပိုင်ပါဘုရား) မပိုင်ပါဘူး အကုန်အနတ္တဘဲ... (မှန်ပါ့) ကိုယ့် သဘောကို ပါကြသေးရဲ့လား(မပါ-ပါ)မပါဘူး၊ ဒါအနတ္တဘဲ အစာမစားဘဲနေယင် ခိုင်းရသေးရဲ့လား ... (မရပါ) ပိုင်သေး ရဲ့လား....(မပိုင်ပါဘုရား)။

ဝေဒနာကလေး ဖြစ်လာယင် တောင်းပန်လို့ရသေးရဲ့လား- လား....(မရပါ)ဒါဖြင့် ဘယ်နှယ်ဆိုကြမလဲ- (အနတ္တပါဘုရား)

အနုတ္တတွေဆိုတာ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)။

အဲဒါတွေ သေသေချာချာသိတော့မှ သြော်....ဒါဖြင့်အနုတ္တ ချည့်ဘဲဆိုတာ တကာတကာမတွေ့ ရှုနေတဲ့ပုဂ္ဂိုလ်မျိုးမှာ သာ ထင်ရှားသေးတယ်... (ထင်ရှားပါတယ်) မထင်ရှားဘူးလား.... (ထင်ရှားပါတယ်ဘုရား)။

အဲဒီလို ထင်ရှားပြီးနေတော့မှ ခုနင်က ဥပမာနဲ့ ဘုရားက ဆုံးမလိုက်တဲ့အခါကျတော့ သစ္စက ငိုင်သွားတယ် .... (မှန်ပါ) သြော် .. ငါတော့လွဲကုန်ပြီ- ငါတော့လွဲကုန်ပြီတဲ့၊ ငါက အတ္တ လို့ ဆိုထားတယ် လွဲကုန်ပြီ၊ သူ့ဟာသူရိပ်မိသွားပြီ .... (မှန်ပါ ဘုရား)။

အဲဒီတော့ ငါ့နောက်ကလိုက်လာတဲ့ ပုဂ္ဂိုလ်တွေကိုလဲ ငါင့် ရတော့မယ်၊ ဘယ်လိုတုံးဆိုလို့ ရှိယင် ငါပိုင်တယ်ဆိုလို့ ရှိယင်ဖြင့် ငါ့ကိုယ်လဲ ရှေ့တုံးရှေ့ခဲဖြစ်စေသတည်း၊

ငါ၏ တပည့်သားမြေးဆိုတဲ့ လိစ္ဆဝီတထောင်တို့လဲ တာဝ တိ သာနတ်ပြည်ကဲ့သို့ နတ်ကောင်တွေ နတ်ရုပ်တွေ,ပဒေသာပင် တွေ ပေါက်စေဆိုယင် ဖြစ်ရတော့မယ်.... (မှန်ပါ) အခုဒီလိုလဲ မဖြစ်တော့ ငါပြောတာတွေ အကုန်လွဲကုန်ပြီဘဲ....(မှန်ပါ)။

တကာတကာမတွေ့ အတ္တလို့ ဆိုထားတာတွေ့ ဘယ်နှယ်ဖြစ် ကုန်ပလဲ....(လွဲကုန်ပါတယ်) အကုန်လွဲကုန်ပြီ။

ဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးလိုက်တယ်၊ ဟေ့-ဘယ်နှယ်တုံးကွ၊ မင်းကိုယ် မင်းပိုင်တယ်ဆိုပြီး ရှင်ဘုရင်

တွေ့က အမျိုးမျိုးစိမ်တာ ခံနေရတယ်မဟုတ်လား၊ အဲဒီတော့ ရုပ်ဟာ အနတ္တလား-အတ္တလားကွဲ့မေးတယ်၊ မဖြေဘူးသူက-(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးတွင် ဝေဒနာဟာ အတ္တလား- အနတ္တလားဆို မဖြေဘူး၊ ပေခံနေတယ်....(မှန်ပါ့ဘုရား)။

ပေခံနေတော့မှ တာဝတိံသာ နတ်ပြည်က သိကြားက ဘီလူးယောင်ဖန်ဆင်းပြီး သကာလ အင်မတန် မီးဟုန်းဟုန်း တောက်နေတဲ့တင်းဘုတဲကြီးကို ကိုင်ပြီးသကာလ သူ့အပေါ်က ရှယ်ရတယ်၊ရှယ်တဲ့အခါကျတော့ ဘုရားနဲ့သူဘဲမြင်တယ် ဘေးက ပရိသတ်တွေ့မမြင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီတော့ သူကြက်သီးမွေးညင်းထလာပြီး ကြောက်လာ တယ်၊ငါဟာ စကားတွေ့လဲလှန်ကုန်ပြီ၊အမှန်ကိုမဖြေလို့ရှိယင်လဲ ငါ့ကို ဒီဘီလူးက ငါ့ကို ရိုက်သတ်တော့မယ်၊ ကြောက်စရာလဲ ကောင်းတာလှန်လို့ ချွေးတွေ့ကျကုန်ပြီ၊ဝမ်းထဲကလဲ မြည်ကုန်ပြီ၊ ဝူဝူဝူဝူနဲ့. မြည်ကုန်ပြီ။

အဲဒီတုန်းမှ ငါဘယ်သူ့ အားကိုးရပါ့မတုံးဆိုတော့ သြော်... ဘုရားမေးတာ ဖြေမှာဘဲ၊ မဖြေယင်တော့ ငါ သေတော့မှာဘဲ.... (မှန်ပါ့)။

ဒါ ဘယ့်နှယ်ကြောင့် သိကြားက ဆင်းလာရသတုံး မေးတဲ့ အခါကျတော့ တကာတကာမတွေ့ ရှင်းပေးပါဦးမယ် နည်း နည်းနော်....(မှန်ပါ)။

ဘုရား တရားမဟောတော့ဘူးလို့ အဌမသတ္တာဘစံစဉ်က စီတ်ကူးတယ်၊ တရားတွေက နက်လွန်းလို့နော်....(မှန်ပါ့)။

တကာတကာမတွေ့ကလဲ ရာဂ,ဒေါသ,မောဟတွေ ထူလွန်းလို့ တရားမဟောချင်တဲ့စိတ် ပေါ်လာတယ်၊ တရားနက်လို့ ပေါ့ဗျ....(မှန်ပါ့)။

အဲဒီတုန်း သိကြားနဲ့တကွ သဟမ္ပတိပြဟ္မာက နှစ်ယောက်စလုံး ဆင်းလာတယ်၊ အရှင်ဘုရားဟောတော်မူပါ ဒီအတွင်း ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေလဲ အများကြီးရှိပါသေးတယ်၊ မကျွတ်ထိုက်တဲ့ ပုဂ္ဂိုလ်တွေအတွက် တပည့်တော်တို့ မတောင်းပန်ပါဘူး ကျွတ်ထိုက်ဘဲ့ ပုဂ္ဂိုလ်ဘေ့ တရားမှ မနာရယင် အကုန် ဆုံးရှုံးကုန်တော့မယ်....(မှန်ပါ့)။

အဲဒီတော့ ဓမ္မစက်ကို အရှင်ဘုရားက ဟောပါ၊ အာဏာစက် တပည့်တော်တို့က ကူပါ့မယ်၊ အဲဒီမှာ ကတိထားဘူးတယ် .... (မှန်ပါ့)။

ဒါ့ကြောင့် သစ္စာက ပေနေမယ်လုပ်လို့ ဆင်းလာတာ ဟိုက အာဏာစက်နဲ့ ဆင်းလာတယ်။

အဲဒီတုန်းမှ ကြောက်လဲကြောက်တာနဲ့ ချေးဘွဲ့က ထွက် အမျိုးမျိုးအဖုံဖုံ ဖြစ်နေတာနဲ့ ဟေ...သစ္စာက ရုပ်ဟာ အနတ္တလား၊ အတ္တလားကွ....မေးတယ်၊ အနတ္တပါဘုရားလို့ 'ဖြေရော-- (မှန်ပါ့)။

ဝေဒနာဟာ အနတ္တလား....၊ အတ္တလား.... မေးပြန်တော့.... (အနတ္တလို့ ဖြေပါတယ်)ကဲ...သွားကြစို့ရဲ့ စိတ်ဟာ အနတ္တလား၊ အတ္တလားလို့ မေးတယ်...(အနတ္တပါဘုရား)။

ဟော....သစ္စာ မင်း နဂိုရ်က ပြောထားတာနဲ့ မင့်ဟာ ရှေ့စကား နောက်စကား မည်သို့ကွ၊ ဘုရားက ပြောပြန်တယ်.... (မှန်ပါ့)။

ရှေ့စကား နောက်စကား မည်သို့ကွ....၊ စဉ်းစားဖြေမှ ပေါ့ကွ....ဆိုတော့ ဒါဖြင့် မင်း အလုံးစုံ သခ်ါရမမှတ္တေ ဘယ့်နှယ် ဆိုမတုံး....(အနတ္တပါဘုရား)သဗ္ဗေသခ်ါရာ အနိစ္စ....၊သဗ္ဗေဓမ္မာ အနတ္တာဘဲလို့ သူ အကုန်ဘဲ ဖြေတော့တာဘဲ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို သူဟာ နောက်ဆုံးပိတ်တနေ့ကျတော့ ဒီအနတ္တ ဖြေပြီး အရှုံးပေးတော့တာဘဲ....(မှန်ပါ့) အရှုံးပေးပြီးနေ တော့မှ သူ့မှာ ချွေးတွေလဲ အကုန်စီးကျကုန်တော့မှ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သြော် .... သစ္စာကတော့ အတော် ဆင်းရဲနေရှာတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သစ္စာမှာ ချွေးတွေ ဒီးဒီးကျ၊ ရုပ်တွေက အကုန်ပျက်ပြီး မှိုင်နေတယ်၊ ဘုရားက သက်နှီးလှန်ပြတယ် ငါ့မှာ ချွေးမရှိဘူးတဲ့ မင့်မှာသာ ချွေးတွေ များနေတယ်တဲ့... သူများ မြင်အောင်လို့ ပေါ့လေ .... (မှန်ပါ့)။

ဒီတွင်မှ နောက်က တပည့် ဒုမ္မုခ·လိစ္ဆဝီကဟာ သစ္စာကြီး တော့ ပုဇ္ဇန်ခြေကျိုးဖြစ်ပြီနဲ့ လျှောင်ရာပေါ့လေ... (မှန်ပါ့ ဘုရား)။

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ သူနဲ့ စကား ပြောတာဟော...။ ငါ့ကို လျှောင်မနေကြနဲ့ မင်းတို့နဲ့ စကား

ပြောတာ မဟုတ်ဘူးနဲ့ ပြောပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီး က ကိုင်း....ဒါဖြင့် အကုန်တရားနာဆိုပြီး "သဗ္ဗေ သခ်ါရာ အနိစ္စာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ" တွေ့ ဟောတော့တာဘဲ...(မှန်လှပါဘုရား)။

ဟောတဲ့အခါ သူ သဘောကျတယ်၊ သဘော့ကျပေမဲ့ သူ့သဿတဒိဋ္ဌိနဲ့ အတ္တဒိဋ္ဌိက မပြုတ်ဘူး .... (မှန်ပါ) မပြုတ်တော့ကို သူ သောတာပန် မတည်နိုင်ဘူး....(မှန်ပါ့) မတည်နိုင်ဘဲနဲ့ တရားက အမေး-အဖြေသာ ဆုံးသွားတယ်ဆိုကြပါစို့....(မှန်ပါ့)။

ဒါပါဘဲ အနတ္တနဲ့ အတ္တမေးတာပါဘဲ၊ အမေး အဖြေ ဆုံးသွားပြီး နက်ဖြန်ဆွမ်းစံားကြွပါဆိုပြီး သူ ပင့်တယ်။ ပင့်ပြီး သကာလ ဆွမ်းတို့ ဘာတို့ ကျွေးဘို့ ပြင်နေတုန်း ဘုရားလဲ ကြွလာတာဘဲ။

ဘယ့်နှယ်ကြောင့် ဟောသတုံးလို့ မောင်နိုင်က မေးဘို့ လို့လာတယ်....(မှန်ပါ့) ဒီပုဂ္ဂိုလ်ဟာတဲ့ ဝေနေယျကလဲ ငါနဲ့ အမေး-အဖြေလုပ်မှ သူ ကျေနပ်မည့် ပုဂ္ဂိုလ်တဲ့ ပြီးတော့လဲ အတ္တဒိဋ္ဌိ, သဿတဒိဋ္ဌိကို သူ မဖြုတ်ဘူးတဲ့။ မဖြုတ်တဲ့အတွက် နောင်ဝါသနာပါရုံလောက်သာ သူ့ကို တက်နိုင်တယ်။ အခု ကျွတ်ဟမ်းဝင်ဘို့ ငါဘုရား မ,ဝ်တက်နိုင်ဘူးတဲ့....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာမပြုတ်လို့တုံး...(အတ္တဒိဋ္ဌိပါ) အတ္တဒိဋ္ဌိဆိုတဲ့ သက္ကာယဒိဋ္ဌိမပြုတ်လို့ တကာတကာမတို့ ဘုရားကိုယ်တော်တိုင်တွေ့ပေမဲ့

လဲဥာဏ်ထဲကပ္ဌားပြီးမဖြုတ်,ပယ်ပြီးမဖြုတ်လို့ ရှိယင်လဲ ဦးညိုကြီး ရပါ့မလား....(မရပါ)ကိုင်း...သစ္စကဝတ္ထု မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဘုရားကို ဆွမ်းကျွေးတယ်တဲ့။ ဆွမ်းကျွေးပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကဲ....နောက် မင်း ဝါသနာပါလေရော့ ဆိုပြီးသကာလသ၁ ဆွမ်းကို လက်ခံလိုက်တယ်....(မှန်ပါ့)။

အမေး-အဖြေထုတ်လိုက်တော့ ဒီဌိမပြုတ်တဲ့အတွက် ပညာရှိနိုင်ငံကျော် ပုဂ္ဂိုလ်ထူးကိုဘဲ ကိုသောင်....မရဘူး.... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားနဲ့ တော့ဝတာက ဟောမှုတော့ ရတယ်....(မှန်ပါ့) ခင်ဗျားတို့က ဟောမှုကို မှတ်ပြီး ကျင့်မှုနဲ့ ကျင့်ပြီး ပယ်မှု မလုပ်သ၍ကာလပတ်လုံး ငါ စိတ်မချရသေးဘူးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဟောမှုလဲ နာရပါလိမ့်မယ်။ ကျင့်မှုကော....(ကျင့်ရမှာပါ) ကျင့်ရုံကလေးနဲ့လဲ မပြီးသေးဘူး ပယ်မှုကျအောင်ကော-(လိုက်ရမှာပါ) လိုက်ရလိမ့်မယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင် ကြည့်ပါဆိုတာ အနတ္တအကြည့်ခိုင်းတာ... (မှန်ပါ့)။
အနတ္တမြင်တော့ အတ္တပြုတ်ကရော.... (မှန်ပါ့) အတ္တပြုတ်ဘော့ ဒီဌိကွာသွားပြီ....(မှန်ပါ့ဘုရား)။

ဒီဌိုကွာသ့ားတော့ ဒီဌုပါဒါန်လာသေးရဲ့ လား-(မလာပါ) ဒီဌိုအုပ်ချုပ်တဲ့ကံကော.... (မလာပါ) မလာတော့ အပါယ်ဇာတိတွေ ဘယ့်နှယ်တုံး....(မလာတော့ပါ) မလာတော့ ဒါ အပါယ်လေးပါ။ တံခါးပိတ်တယ်(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတွေ စိတ်ရှုတဲ့ပုဂ္ဂိုလ်လဲ ဖြစ်ကျက်သာရှု၊ အနိစ္စလဲသူဘဲ- ဒုက္ခလဲသူဘဲ- အနတ္တလဲသူဘဲလို့ ရှုသာရှုတည့်နေတာဘဲ....(မှန်ပါ့ဘုရား)။

သို့သော် အနိစ္စ,ဒုက္ခ,အနတ္တ အမည်ရတာကျတော့ သြော်-ဖြစ်ပြီးပျက်တာဘဲ- ဖြစ်ပြီး ပျက်တာဘဲလို့ ဥဒယဗ္ဗယနဲ့သာ ရှုလိုက်....(မှန်ပါ့)ပြီးတာပါဘဲ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

လူတိုင်းချမ်းသာရှာပေမဲ့ ဆင်းရဲတွေ့နေကြရပုံ အကြောင်းရင်း

ညအလုပ်ပေး တရားတော်

(၁၉ - ၄ - ၆၂)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်....တဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးပြီးနေတဲ့အချိန်မှာ ရဟန်းတွေက ဝိုင်းပြီးသကာလ တရားနာမလို့ လာကြတယ်... ။ တရားနာမလို့ လာကြတဲ့အခါကျတော့ ဘုရားကဘဲ ဆီးပြီး မေးလိုက်တယ်။

ဘယ်လိုမေးလိုက်သတုံးဆိုတော့ အားလုံးသော ပုဂ္ဂိုလ်တို့ကွာ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အလိုရှိကြတယ်၊ ဒါ... ထုံးစံဘဲနော် (မှန်ပါ့)။

အားလုံးသော ပုဂ္ဂိုလ်တို့ အလိုရှိတာ ဘာပါလိမ့်....(ကိုယ်၏ချမ်းသာခြင်း, စိတ်၏ ချမ်းသာခြင်းပါဘုရား) ကိုယ်၏ ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အလိုရှိကြတယ်။

ထိုကဲ့သို့ အလိုရှိပြီးသကာလ နေပြားသော်လဲတဲ့ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းတွေက ပေါ်ပေါက်-ပေါ်ပေါက် လာတယ်....(မှန်ပါ့)။

ကဲ-ကဲ....တဲ့ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အများကြီး အလိုရှိကြတယ်၊ ထိုကဲ့သို့ အလိုရှိပြီးသကာလ နေ့ခြားသော်လဲ အားလုံးသော ပုဂ္ဂိုလ်တို့မှာ တော်တော်ကြာ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်းတွေ လာကြတာဘဲ.... (မှန်ပါ့)။

အဲဒါ....မင်းတို့ ဘယ်အကြောင်းကြောင့် အလိုရှိတာ မလာဘဲနဲ့ အလိုမရှိတာတွေ လာနေပါလိမ့်မလဲ...၊ မင်းတို့ ပြောကြစမ်းပါလို့ ရဟန်းတွေကို မေးလိုက်တယ်....(မှန်ပါ့) မမေးသင့်ဘူးလား (မေးသင့်ပါတယ်ဘုရား)။

တကာတကာမတွေလဲ ဒီအတိုင်းဘဲ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းဆိုပြီး ရှာကြတာဘဲ....(မှန်ပါ့)ရှာတဲ့အထဲက နေပြီးသကာလ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းတွေ ဖြစ်ကြတယ်နော်....(မှန်ပါ့)။

ဒါ....ဘယ်နှယ်ကြောင့် တွေ့ကြ,ကြုံကြပါလိမ့်မလဲလို့ ဆိုတာ မေးရမယ်....(မှန်ပါ့)။

မေးတော့ ရဟန်းတွေဘဲ ဘုရားက မေးလိုက်တယ်၊ ဘယ်နှယ်ကြောင့် ဒီအဖြစ် ကြုံကြသတုံးကဲ့....တဲ့၊ မေးတဲ့အခါကျတော့ ရဟန်းတွေက အရှင်ဘုရား....တဲ့ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံကတည်းက တရားဆိုတာ ကွယ်သွားပါပြီ....တဲ့။

အဲဒီတော့ တပည့်တော်တို့လဲ ကြားဘူးနားဝကလဲ ဘာမှ မရှိ၊ ဘာမှ မသိပါဘုရား...တဲ့၊ အရှင်ဘုရားဘဲ အားကိုးရာ၊ အရှင်ဘုရားဘဲ အားထားရာ၊ အရှင်ဘုရား ဆုံးမမှုဘဲ တပည့်

တော်တို့ သိရမည့်ပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်ဆိုတဲ့ဥစ္စာ ရဟန်းတွေက လျှောက်ကြတယ်....(မှန်ပါ့)။

ကဲ... တရားကျယ်တာဟာ ကဿပဘုရား လက်ထက်ကတည်းက ကျယ်တာ အခုပေါ်လာတာဘဲနော် .. (မှန်ပါ့)။

ကဲ....ဒါဖြင့် သေသေချာချာနာကြကွာ...တဲ့၊ ငါ့သေသေချာချာ ရှင်းပြမယ်လို့ဆိုပြီး ဘုရားက တရားဟော်တယ်လို့ ကိုပေါ် မှတ်ရမယ်နော်....(မှန်ပါ့)။

ငါ....သေသေချာချာ ရှင်းပြမယ်၊ တခြားအကြောင်းကြောင့် မဟုတ်ပါဘူးကွာ....တဲ့၊ မှီဝဲရမည့်တရားကို မမှီဝဲ, မမှီဝဲရမည့်တရားကို မှီစဲ့, ဆည်းကပ်ရမည့်တရားကို မဆည်းကပ်, မဆည်းကပ်ရမည့်တရားကို ဆည်းကပ်နေလို့ ဖြစ်ရတာတဲ့၊ အဖြေထွက်လာပြီ....(မှန်ပါ့)။

မှီဝဲရမည့်တရားကို....(မမှီဝဲပါဘုရား) ဆည်းကပ်ရမည့်တရားကို...(မဆည်းကပ်ပါဘုရား) မမှီစဲရမည့်တရားကို....(မှီဝဲပါတယ်ဘုရား) မဆည်းကပ်ရမည့် တရားကို.... (ဆည်းကပ်ပါတယ်ဘုရား)။

ဩော်.... ဒီလေးချက်ကြောင့် ချမ်းသာခြင်း အလိုရှိပြားသော်လဲ ညီးညိုကြီး ဆင်းရဲဒုက္ခရမတဲ့....(မှန်ပါ့) ဦးဘကလေး မှတ်မိပလား....(မှတ်မိပါပြီဘုရား)။

ဒါ...မဟောဘူးသေးပါဘူး၊ တကာတကာမတွေ ဂရုစိုက်နားထောင်ပါ၊ နောက် အလုပ်ပေါ်လာလိမ့်မယ်လို့ သာမှတ်ပါ

(မှန်ပါ့) မောင်နိုင် ရှင်းပလား.... (ရှင်းပါပြီ) ဒါ-အရေးကြီး ပါတယ်လို့ ဆိုတာ ကိုမြင့် မှတ်စမ်းပါ... (မှန်ပါ့)။

သတ္တဝါတွေဟာ ချမ်းသာတော့ လူတိုင်းအလိုရှိကြတယ်နော် (မှန်ပါ့) ချမ်းသာအလိုရှိပြီး နောက် သူတို့ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခတွေနဲ့ မတွေ့ကြဘူးလား.... (တွေ့ကြ ပါတယ်ဘုရား)။

တွေ့ကြတဲ့အခါကျတော့ ဩော်.... အလိုရှိတာက တမျိုး, တွေ့တာက တဖုံဖြစ်ပြီးသကာလနေတာ ဘယ့်နှယ်ကြောင့် တွေ့ တယ်ဆိုတာ သူတို့ လက်သည်ရှာမတွေ့ဘူး....(မှန်ပါ့) ဘုရားက လက်သည်ဖေါ်လိုက်ပြီ တကာတကာမတို့... (မှန်ပါ့) မှီဝဲရမည့် တရားကို.... (မမှီဝဲပါဘုရား) မဆည်းကပ်ရမည့်တရားကို.... (ဆည်းကပ်ပါတယ်ဘုရား)။

ဒါဖြင့် မှီဝဲရမည့်တရားကို မှီဝဲမှ....(မှန်ပါ့) ဆည်းကပ်ရမည့် တရားကို....(ဆည်းကပ်ရပါမယ်ဘုရား) ဒါမှသာလျှင် ကိုယ်က ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အလိုရှိတယ်ဆိုလို့ ရှိယင်ဖြင့် ကိုယ်၏ချမ်းသာမှ, စိတ်၏ချမ်းသာမှကို ရကြမှာဘဲ.... (မှန်ပါ့)။

ဒါဖြင့် နောက်က တကာတကာမတွေ ဒီလိုဆိုကြစို့, ဒို့ဖြင့် ဟေ့ အပေါင်းအသင်းလွဲလို့သာ ဖြစ်ရလေခြင်းလို့ မှတ်ပေ တော့....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်....(အပေါင်းအသင်းလွဲလို့ဖြစ်ရပါတယ် ဘုရား)။

အပေါင်းအသင်းလဲ့တာနဲ့ မမှီဝဲရမည့်တရား မှီဝဲ၊ မပေါင်းသင်းရမည့်တရား ပေါင်းသင်းတာနဲ့ ဒီ့ဖြင့် ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို တွေ့ရပြီ.... (မှန်ပါ့) တယ်အဖြေကောင်းတယ်.... (မှန်ပါ့) မောင်နိုင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဖြေတာ တယ်အဘိုးတန်ပါကလား...(တန်ပါတယ်ဘုရား)။

ကဲ.... နောက်က တကာတကာမတွေ့ သုံးခါရှိအောင် ပြောပါ့မယ်၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို အမြဲအလိုမရှိကြဘူးလား... (ရှိပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် အခုတော့ဖြင့် ကိုယ်၏ဆင်းရဲခြင်း,စိတ်၏ဆင်းရဲခြင်းတွေ တနေ့မှ ဘဝင်အေးအေးနှင့် ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ အသက်လေး မှန်မှန်ရှူပြီး နေရတယ်မရှိဘူး၊ လုပ်လိုက်ရတာ,ကိုင်လိုက်ရတာ ဆင်းရဲလိုက်တဲ့ဖြစ်ခြင်း၊ သားပူ,ဆွေပူ,မျိုးပူတွေကရှုပ်၊ မင်းပူ,စိုးပူကရှုပ်၊ ပရိယေသန မပြည့်စုံလို့ ပူဆွေးရ ဦးဘအုန်းကြီးတို့....နော်....(မှန်ပါ့)အလိုရှိတာက တခြား,တွေ့နေတာက တဖုံ....(မှန်ပါ)။

အလိုရှိတာက....(တခြားပါ) တွေ့နေတာက.... (တဖုံပါ ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့်တုံး....လို့ဆိုတော့ ကိုပေါ် အဖြေ ပေါ်ပါပြီ... (ပေါ်ပါပြီဘုရား) မှီဝဲရမည့်တရားကို မမှီဝဲလို့.... (မှန်ပါ့) မမှီဝဲရမည့်တရားကို....(မှီဝဲလို့ပါ) မဆည်းကပ်ရမည့်တရားကို....(ဆည်းကပ်လို့ပါဘုရား) ဆည့်းကပ်ရမည့်တရားကို (မဆည်းကပ်လို့ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ့ ဒါကလေး ပြင်လိုက်ယင် သိပ်ကောင်းတယ်....(မှန်ပါ့) အခုပြောတဲ့ လေးချက် ပြင်လိုက်ယင် သိပ်ကောင်းတယ်....(မှန်ပါ့)။

တကာတကာမတွေလဲ ပေတေတေတွေဖြစ်နေတော့ ဒါတွေတော့ ပြင်မယ် စိတ်မကူးဘူး.. ၊ ဘယ့်နှယ်ကြောင့် ဆုတောင်းမပြည့်ပါလိမ့်မတုံး .. တဲ့၊ အံမာလေး.... အလဲ့သံ့ားပြီး ကိုပေါ်ရေ.. စဲ့ချက်တင်လိုက်ပြီ....(မှန်ပါ့)။

ဦးဘကလေး ဘယ်လိုတင်လိုက်ပါလိမ့်.... (အလဲ့သ့ားပြီး စဲ့ချက်တင်လိုက်ပါတယ်ဘုရား)။

ကျုပ်·ဆုတောင်းလိုက်တာ ဘုရားရှေ. ပန်းတွေလဲ, ရေတွေလ, မီးတွေထ့န်း၊ ဘယ်အခါကာလမှ အပူဟူသ၍ မြူမျှ မခ, ပါရစေနဲ. ၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း ကြောက်လ့နှ်းလို. မတွေ့ပါရခစေနဲ့လို. ဘုရားရှေ.ဆုတောင်းပြီးထားပေမဲ့ ကျုပ်ဖြင့် မပြည့်ဘူး....၊ သားဆိုး·သမီးဆိုး- ဆွေဆိုး မျိုးဆိုးနဲ့ တွေ့ရလေခြင်း....(မှန်ပါ့)။

ဟ....မောင်နိုင် ဒီလိုဖြစ်နေတယ်.... (မှန်ပါ့) အဲဒါ လက်သည် ပေါ်ကြပလား တကာတကာမတို့.... (ပေါ်ပါပြီဘုရား) အင်း....ဘယ်လိုပါလိမ့်.... (မမြဲဝဲအပ်တဲ့တရား မြဲဝဲလို.ပါဘုရား) မဆည်းကပ်ရမည့်တရ်ား (ဆည်းကပ်လို.ပါဘုရား)။

ဟော.....အခုတော့ အဖြေထ့က်လာပြီ၊ တပ်ဲလုံး အဖြေထ့က်လာပြီ....(မှန်ပါ့). အားကြီး အဘိုးတန်သ့ားပြီ.... (တန်ပါပြီဘုရား)။

တကာ တကာမှတ်ဦ.... လက်သည် ဖမ်းပေးတယ် ဘုရားက၊ မဟာဓမ္မသမာဒါနသုတ်-မူလပဏ္ဏာသပါဠိတော်မှာဟောခဲ့တော်မူ တယ်လို့ မောင်နိုင်တို့က မှတ်ရမယ်နော်... (မှန်ပါ့)။

တကာတကာမတို့ အလိုရှိတာ ပြည့်ကြရဲ့လား (မပြည့်ပါ ဘုရား)ဘယ်နှယ်ကြောင့် မပြည့်ပါလိမ့်ဗျာ ... (မမှီဝဲအပ်သည့် တရား မှီဝဲလို့ပါဘုရား) မဆည်းကပ်ရမည့်တရား (ဆည်းကပ် လို့ပါဘုရား)။

အခုမှာဘဲ လက်သည်ဖမ်းမိပေတော့တယ်၊မောင်နိုင်မိပလားကွ (မိပါပြီဘုရား) မမှီဝဲရမည့်တရား မှီဝဲနေကြတယ်... (မှန်ပါ့) မပေါင်းသင်းရမည့်ပုဂ္ဂိုလ်ကို(ပေါင်းသင်းပါတယ်) မဆည်းကပ် ရမည့်ပုဂ္ဂိုလ်ကို....(ဆည်းကပ်ပါတယ်ဘုရား)။

အင်း....ဒါတွေခက်နေတာဘဲ....(မှန်ပါ့) တကာတကာမတွေ နားကြီးကြီးနဲ့ ထောင်စေချင်လိုက်တာ ဒီတရားကို.... (မှန်ပါ့) ကိုမြင့် မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ်) ဦးဘအုန်း မပြောထိုက်ဘူးလား....(ပြောထိုက်ပါတယ်ဘုရား)။

ကြည့်စမ်း ရဟန်းတွေမေးတော့ ရဟန်းတွေ တပါးမှ မဖြေ နိုင်ဘူး... (မှန်ပါ့) မဖြေနိုင်ဘူးတဲ့၊ ကဿပဘုရား လက်ထက်က တည်းက ၊ ဒီတရားတွေ ကွယ်ခဲ့ပါတယ်ဘုရား၊ တပည့်တော်တို့ ဘာမှ မဖြေတတ်ပါဘူးတဲ့၊ အရှင်ဘုရားဇော်ဟာမှ ပြောမှ ဆိုမှ ဆုံးမမှ သိရတဲ့ပုဂ္ဂိုလ်တွေဖြစ်ပါတယ်တဲ့....(မှန်ပါ့ဘုရား)။

ကဲ....နောက်က တကာတကာမတွေ ရဟန်းတွေဘောင် ဖြေ တတ်ပါရဲ့လား....(မဖြေတတ်ပါ)တရားကွယ်တာ ဘယ်လောက်

ကြာပလဲတဲ့ .... (ကဿပဘုရားလက်ထက်ကပါ) ကဿပဘုရား လက်ထက်ကတည်းက ကွယ်တာ ဒီဘုရားလက်ထက်ကျမှ ပေါ်ကာဘဲ....(မှန်ပါ့)အဲဒီတော့ မြေကြီး ဆဲ့သုံးမိုင် ဖျမ်းမျကြေး တက်သွားပြီ တရားကွယ်တာ....(မှန်ပါ့ဘုရား)။

အခု ဒီဘုရားလက်ထက်မှ ပေါ်လာတာတဲ့၊ ဒါ့ကြောင့် တပည့်တော်တို့ဖြင့် မဖြေတတ်ပါဘူးဘုရားလို့ တကာတကာမ တွေ့ ရဟန်းတော့လျှောက်တာကို ခင်ဗျားတို့ နားထောင်လို့ ရှိယင်ဖြင့် သြော်.... ခဲခဲယဉ်းယဉ်း ဘုရား၏ ကိုယ်တော်စား ဒ္ဒိုဆရာသမားက ဟောကြားနေတာပါကလား၊ ခဲခဲယဉ်းယဉ်း တယောက်တည်း ဆိုနေတာပါကလား ဆိုပြီးသကာလ ဦးဘက လေးတို့ သေသေချာချာမှတ်ရမယ် .. (မှန်ပါ့)။

သေသေချာချာမှတ်ရမည့် တရားဆိုတာကော သဘောကျ ပလား....(ကျပါပြီဘုရား)။

တရား လေးစားအောင် ပြောနေတာလား- လေးစားထိုက် လို့ ပြောနေတာလား.... (လေးစားထိုက်လို့ ပြောနေတာပါ) လေးစားထိုက်လို့ ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ မောင်ခင် တို့နော်....(မှန်ပါ့ဘုရား)။

မှီဝဲရမည့်တရား မမှီဝဲလို့ ဆည်းကပ်ရမည့်တရား မဆည်း ကပ်တာနဲ့ မောင်နိုင်ရေ ကိုယ်အလိုရှိတာဟူသ၍ မရဘဲ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကို အလိုမရှိဘဲနဲ့ တွေ့နေရတယ် (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာ့ကြောင့်ပါလိမ့်... (မမှီဝဲရမည့်တရား မှီဝဲလို့ပါ၊ မဆည်းကပ်ရမည့်တရား ဆည်းကပ်လို့ပါ) ကိုယ်၏ဆင်းရဲ,စိတ်၏ဆင်းရဲခြင်း ပေါ်တယ်ဆိုတော့ ဦးဘအုန်း လက်သည်ရှာတာတယ်ကောင်းပါကလား...(မှန်ပါ့ဘုရား)။

ဒီစကားကလေးတလုံးကိုက မောင်နိုင် အင်မတန်အဘိုးတန်နေပြီ....(တန်ပါတယ်) အင်မတန် အဘိုးတန်နေပြီ တကာတကာမတို့ ဩော်....ဒို့မှာဖြင့် တနေ့မှ သားကိစ္စ, သမီးကိုစ္စ, ဆွေကိစ္စ, မျိုးကိစ္စမပူရ မဆွေးရတဲ့ နေ့ရယ်လို့ မရှိဘူး .... (မှန်ပါ့ဘုရား)။

အစားပူရ, အဝတ်ပူရ, အနေပူရ, အထိုင်ပူရ၊ သားလင်ခင်ပွန်းကိစ္စတွေပူရ,သေသောသူ ကိစ္စတွေပူရဆွေးရနဲ့,ဒို့မှာဖြင့် တောင်းလိုက်ရတဲ့ဆု ကိုယ်အလိုရှိတာတွေဖြင့် မပြည့်ပါကလား. အခု ဘယ့်နှယ်မျှား ဖြစ်ပါလိမ့်မတုံးဆိုတော့ အဲဒီ့ဘယ့်နှယ် ဖြစ်ပါလိမ့်မလဲဆိုတဲ့ အပြေကိုပြေတာ ဘုရားက....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီလိုဖြစ်ရပါလိမ့် ကိုယ်ပေါ်တို့လူစုတွေ (မမှီဝဲအပ်သည့်တရား မှီဝဲလို့ပါ၊ မဆည်းကပ်ရမည့်တရားဆည်းကပ်လို့ပါဘုရား)။

နောက်ဟာ တကာတကာမတွေ ပေါ့ဟော့တော့လုပ်မနေကြပါနဲ့ ဘာတဲ့တုံး ဖြေကြစမ်းပါဦး.... (မမှီဝဲအပ်သည့်တရား မှီဝဲ-မဆည်းကပ်ရမည့်တရား ဆည်းကပ်လို့ပါ) ဒါဖြင့် ခင်ဗျားတို့ဟာ အလဲ့အချော်ချည့် လုပ်နေလို့ ဆိုလိုက်ပါ....(မှန်ပါ့) မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အလဲ့အချော်တွေ့ချည့် လုပ်နေလို့ အလိုမရှိတာတွေနဲ့ချည့် တွေ့နေရတယ်နော်....(မှန်ပါ့)ပြီးတော့ ခင်ဗျားတို့က ဘုရားနဲ့ ရန်ဖြစ်သေးတယ်၊ မောင်နိုင်တို့လူစုက ဘုရားနဲ့ ရန်ဖြစ်သေးတယ်....(မှန်ပါ့ဘုရား)။

ဆုတောင်းပြည့်ဘုရားမှာ တောင်းလိုက်ရတဲ့ခွဆု၊ ကိုယ့်ဖြင့် ဒုက္ခတွေ တွေ့လိုက်ရတာ၊ ဒီဘုရားသွားပြီး ဆုတောင်းရတာ မပြည့်ပါဘူး· မသွားချင်ပါဘူးဆိုတာ ဘုရားနဲ့ တောင် ရန်ဖြစ်လိုက်သေးတယ်(မှန်ပါ့)ဘုရားနဲ့ တောင် ရန်ဖြစ်လိုက်သေးတယ် တကာကြီးလိုင်ရ (မှန်ပါ့ဘုရား) လက်သည်အရှာလဲနေတော့ ဘုရားတောင် ရန်သူဖြစ်လာတယ်....(မှန်ပါ့ဘုရား)။

ဘာ အရှာလဲလို့ ပါလိမ့် ... (လက်သည်အရှာလဲလို့ ပါ) လက်သည်အရှာလဲဘော့ကို ဘုရားနဲ့တောင်မှ ရန်သူကြီးဖြစ်ပြီး သကာလနေတဲ့ ဝတ္ထုသာဓက သက်သေ ပုဂ္ဂိုလ်တွေရှိပါတယ်၊ မောင်နိုင် မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ကျုပ်ဖြင့် ဘာကလေးလုပ်လုပ် ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်း ဘယ်တော့မှ မတွေ့ပါရစေနဲ့ ဆိုပြီးသကာလ ဘာကလေးလှလှ ဒါတော့ ထည့်လိုက်တာပေါ့... (မှန်ပါ့)။

တွေးလိုက်ရတာကလဲလွန်လို့ ဘယ်နှယ်မျိုး ဖြစ်တယ်လို့ ကိုယ့်ဆုတောင်းတော့ မပြည့်ပါဘူး၊ ဘုရားနဲ့ ကိုယ်ဘဲ အကျိုး မပေးလို့လား· အစရှိသည်နဲ့ ကိုပေါ်ရေ ရန်မဖြစ်ကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ အတုမရှိတဲ့ ပုဂ္ဂိုလ်နဲ့တောင် သွားတုပြီး ရန်မျိုး ဖြစ်ချင်သေးတဲ့ အခိုပ္ပါယ်တောင် ပေါ်လိုက်သေးတယ် .. (မှန်ပါ့)။

ဦးဘကလေး စကားကြီးတယ်လို့ ထင်သလား၊(မထင်ပါ) ဖြစ်ကို ဖြစ်နေတာဗျ .... (မှန်ပါ့) ဖြစ်ကို- ဖြစ်နေတာ တကာ့ တကာမတွေ့ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် လက်သည်ဘော့ဖြင့် ယနေ့ ဖမ်းပေးပါပြီ။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မူလပဏ္ဏာသပါဠိတော် မဟာမမ္မသမာဒါနသုတ်မှာ သေသေချာချာ ရဟန်းတွေ့ မေးပြီး သကာလ ကွာ မင်းတို့ ကိုယ်၏ဆင်းရဲ, စိတ်၏ဆင်းရဲခြင်းကို အလွန်ကြောက်ကြပြီးသကာလ နောက်ကျတော့ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်းတွေ့ တွေ့တဲ့ညစ္စာ ဘယ်အကြောင်းကြောင့်ဆိုတာ မင်းတို့ လက်သည်ရှာတတ်ကဲ့လားလို့ ဘုရားက မေးတော့ ကဿပဘုရားလက်ထက်ကတည်းက တရားတွေ့ ကွယ်လာလို့ အဖြေဆိုတာ ပေးဘို့ အလွန်ဝေးပါတယ်လို့ ပြောလိုက်တယ်.. (မှန်ပါ့)ဒါနဲ့ ဘုရားက အဖြေပေးလိုက်တာတော့ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပြောကြစမ်းပါဦး ဘာတဲ့ .... (မမြဲဲ့အပ်သည်ကို မြဲ့ဲ့လို့ ပါ။ မဆည်းကပ်အပ်သည်ကို ဆည်းကပ်လို့ ပါ) ဟုတ်ပြီ- ဟုတ်ပြီ။ မောင်နိုင် တယ်မိသွားပြီ....(မှန်ပါ့ဘုရား)။

ဒီတလုံးနဲ့ ဘဲ ခင်ဗျားတို့ တရားပွဲပြန်မယ်ဆို ပြန်နိုင်ကြပါ့တယ်....(မှန်ပါ့)ဒီတလုံးနဲ့ ဘဲသြော်....မမြဲ့ဲ့ရမည့်တရား မြဲ့ဲ့လို့ မဆည်းကပ်ရမည့်တရား ဆည်းကပ်နေတဲ့အတွက် ဒုံ့မှာဖြင့် ဒုံ့ အလိုရှိရှိတာ မပြည့်စုံဘူးဆိုတာ မှတ်လိုက်စမ်းပါ... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဘုရားကပြောပြီတဲ့၊ အဲဒီ ပုဂ္ဂိုလ်ဟာလဲကဘာတဲ့ မမြဲဝဲရမည့် တရားကို မြဲစဲ၊ မဆည်းကပ် ရမည့်တရားကို ဆည်းကပ်နေတဲ့ ပုဂ္ဂိုလ်ဟာလဲ လေးမျိုးရှိတယ် ကဘတဲ့....(မှန်ပါ)ဒီပုဂ္ဂိုလ်ကလဲ လေးမျိုးရှိတယ်။

တကာတကာမတို့ ဘယ်နှစ်မျိုးတဲ့တုံး- (လေးမျိုးပါဘုရား) သေသေချာချာမှတ်ပါ လေးမျိုးရှိတယ်ကဘလို့ မောင်နိုင် .... ထုတ်လာပြန်ပြီ.... (မှန်ပါဘုရား)။

လေးမျိုးရှိတယ်တဲ့... တကာဘကာမတို့ မှတ်မိကြပလား .... (မှတ်မိပါပြီ) ဘယ်နှစ်မျိုးပါလိမ့်....(လေးမျိုးပါဘုရား) လေး မျိုးလို့ မှတ်လိုက်စမ်းပါ....။

(၁) ကိုယ်၏ဆင်းရဲခြင်း,စိတ်၏ဆင်းရဲခြင်းရှိပါလျက်သားနဲ့ ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲနဲ့ ခုနင်က ပြောခဲ့တဲ့ မုသားတွေ ပြော မိစ္ဆာဒိဋ္ဌိအလုပ်တွေ လုပ်တာ တယောက်ကဘ....တဲ့ (မှန်ပါဘုရား) ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲနဲ့ဘဲ မုသားပြောပြီး မိစ္ဆာဒိဋ္ဌိအလုပ် လုပ်တာက တယောက်....(မှန်ပါ)။

ဘာဘဲ့တုံး .... (ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲနဲ့ မုသားပြောပြီး မိစ္ဆာဒိဋ္ဌိအလုပ်-လုပ်တာက တယောက်ပါဘုရား)။

ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲ ရှိပြီးသကာလ နေတာလဲ မုသားလဲ သုံးလိုက် မိစ္ဆာဒိဋ္ဌိအယူလဲ ယူလိုက်၊ ဒီပုဂ္ဂိုလ်က တမျိုးတဲ့နော် (မှန်ပါဘုရား)။

ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲရှိပြီးနေတာနဲ့နော်....(မှန်ပါ) မုသားတွေပြော မိစ္ဆာဒိဋ္ဌိ အလုပ်တွေ လုပ်တဲ့ ပုဂ္ဂိုလ်က တယောက်ကဘ...တဲ့(မှန်ပါ)။

တကာတကာမတွေ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား) ဒါ.... ၁-နံပါတ်ပုဂ္ဂိုလ်နော်.... (မှန်ပါ)။

၂-နံပါတ်ပုဂ္ဂိုလ်ကတော့ ကိုယ်ချမ်းသာ စိတ်ချမ်းသာတော့ ရှိပါရဲ့၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ရှိပါလျက်သားနဲ့ နော်-- မုသားတွေပြော မိစ္ဆာဒိဋ္ဌိ အလုပ်-လုပ်ပြန်တယ်.... (မှန်လှပါဘုရား)။

ဒီပုဂ္ဂိုလ်က တယောက်.... (မှန်ပါဘုရား) ဘယ်နှစ်ယောက် ရှိသွားပလဲ.... (နှစ်ယောက်ရှိသွားပါပြီဘုရား)။

သေသေချာချာ ပြောရမှာဖြစ်နေတော့ လေးသင်္ချေနဲ့ကမ္ဘာ တသိန်း ကာလပတ်လုံး ဆည်းပူးလို့ရတဲ့ သဗ္ဗညုတဉာဏ်ကြီးနဲ့ ဟောရတဲ့ ကိုယ်တော်ကြီး ဖြစ်နေတော့ ဒီဥစ္စာသည် တကာတကာမတွေသန္ဓာန် မပါဘဲ နေသွားမှာ နောင်ကို အသုံးမချ တတ်မှာ အင်မတန် စိုးရိမ်လို့ တကာတကာမတို့ လေးလေးစားစားနဲ့ မှတ်ရမယ်ဆိုတာ သတိထားလိုက်စမ်းပါ.... (မှန်ပါဘုရား)။

၁-နံပါတ် ပုဂ္ဂိုလ်က နော်... မောင်နိုင်.... ပြန်ပြောပါဦးမယ် (မှန်ပါ)ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ ဆင်းရဲခြင်းက ကြုံနေဘယ် (မှန်ပါ)ကြုံတာနဲ့ဘဲ မုသားပြောလိုက် မိစ္ဆာဒိဋ္ဌိအယူ-ယူလိုက် (မှန်ပါ) ဒါ ၁-နံပါတ်ပုဂ္ဂိုလ်... (မှန်ပါ)။

ဘယ်နှယ်တဲ့... (ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတာနဲ့ပါ) မုသားပြောပြီး မိစ္ဆာဒိဋ္ဌိအယူ-ယူလိုက်တယ်.... (မှန်ပါ) အဲဒီ ပုဂ္ဂိုလ်ကတယောက်။

၂-နံပါတ် ပုဂ္ဂိုလ်ကတော့ ကိုယ်လဲချမ်းသာလာပြီ, စိတ်လဲ ချမ်းသာလာပြီနော်.... (မှန်ပါ့) သို့သော်....မုသားပြောတယ်၊ မိစ္ဆာဒိဋ္ဌိအယူ-ယူပစ်ပြန်တယ်....(မှန်ပါ့)။

အဲဒါက တယောက်၊ ဘယ်နှစ်ယောက်ရှိသွားပလဲ .... (နှစ်ယောက်ရှိသွားပါပြီဘုရား)။

၃-နံပါတ်ပုဂ္ဂိုလ်က ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းတော့ဖြင့် သူ ရှိပါတယ်တဲ့၊သို့သော် မုသားလဲ မပြောတော့ဘူး၊ မိစ္ဆာဒိဋ္ဌိအယူလဲ မယူတော့ဘူးဆိုတဲ့ ပုဂ္ဂိုလ်ကတယောက် (မှန်ပါ့)။

ဘယ်နှစ်ယောက်ရှိသွားပလဲ .... (သုံးယောက် ရှိသွားပါပြီဘုရား)။

၃-နံပါတ်ကတော့ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းလဲ ရှိပါတယ်တဲ့_ သူ့မှာ၊ ပစ္စည်းလဲ မဲ့ပါတယ်၊ စိတ်လဲ မချမ်းသာပါဘူး၊သို့သော်....မုသားလဲ မပြောပါဘူး၊မိစ္ဆာဒိဋ္ဌိအယူလဲ မယူပါဘူးဆိုတဲ့ ၃-နံပါတ်ပုဂ္ဂိုလ်က တယောက်....(မှန်ပါ့)ဘယ်နှစ်ယောက်ရှိသွားပလဲ_(သုံးယောက်ရှိသွားပါပြီဘုရား)။

ဦးဘကလေး....လေးယောက်တည်း ထားမှာမို့ ဒါကလေးကို အိမ်ကျတော့ လက်ချိုးပြီးသကာလ ဦးဘအုန်း....သြော်... ငါ ဘယ်အထဲကပါလိမ့်မတုံးဆိုတာ ရှေးလိုက်တာပေါ့....(မှန်လှပါဘုရား)။

ငါ မှိုဝဲထိုက်တာကို မှိုဝဲသလား....။ မမှိုဝဲထိုက်တဲ့ ပုဂ္ဂိုလ် မှိုဝဲနေသလားဆိုတာကိုလဲ သိရအောင်ပေါ့ဗျာ....(မှန်ပါ့)။

၄-နံပါတ်ပုဂ္ဂိုလ်ကတော့ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းလဲ ရှိပါတယ်တဲ့နော်... (မှန်ပါ့) မုသားတွေလဲ မပြောပါဘူး....။ မိစ္ဆာဒိဋ္ဌိအယူလဲ မယူပါဘူးတဲ့....။ အဲဒါက ၄-နံပါတ်ပုဂ္ဂိုလ်... (မှန်ပါ့) ဘယ်နှစ်ယောက်ရှိသွားပလဲ.... (လေးယောက်ရှိသွားပါပြီဘုရား)။

မောင်နိုင်...ဘယ်နှစ်ယောက်ပါလိမ့် .... (လေးယောက်ပါဘုရား) လေးယောက်လို့ မှတ်လိုက်စမ်းပါ။

ဒီလေးယောက်တွင် ၁၊ ဘယ်ထဲကလဲဆိုတာကိုလဲ ကိုယ်တိုင်ဝေဘန်နိုင်လောက်အောင် ရှင်းပြီးသကာလ ပြပါဦးမယ် မောင်နိုင်....နော်(မှန်ပါ့)။

ကဲ- တကာတကာမတို့ ၁ နံပါတ်ပုဂ္ဂိုလ်က ဘာတဲ့....(ကိုယ်၏ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်းနှင့် ပြည့်စုံပြီး မုသားပြော မိစ္ဆာဒိဋ္ဌိအယူ·ယူတဲ့ ပုဂ္ဂိုလ်ပါ)မိစ္ဆာဒိဋ္ဌိအယူလဲ ယူလိုက်တယ်.... (မှန်ပါ့)။

တယောက်သော ပုဂ္ဂိုလ်က စားရမဲ့, သောက်ရမဲ့ ဖြစ်နေတော့ မောင်နိုင်....ပရိယေသနက မပြည့်စုံဘူးပေါ့ကွာ.... (မှန်လှပါဘုရား)။

ကိုယ်လဲ မဆင်းရဲပေဘူးလားကွာ....(ဆင်းရဲပါတယ်) စိတ်ကလဲ ဆင်းရဲ။ ဆင်းရဲတာနဲ့ဘဲ ကိုင်း...သီလလဲ ပျက်ချင် ပျက်ပါစေတော့ မတတ်နိုင်ဘူး။ နည်းနည်းကလေး ကောက်ကျစ်မှ စားရမှာဘဲဆိုပြီးသကာလ နည်းနည်းကောက်ကျစ်ပြီး စားလိုက်တယ်....(မှန်ပါ့)။

စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတာနဲ့ မုသားဘက် သုံးချလိုက်တယ်....(မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ပြီးတော့.... သူ ဘယ်လိုမျိုး တွေးလုံးက ဖေါက်ပြန်ပါလိမ့်မတုံး ဆိုပြန်တော့လဲ ဩော်....ငါလဲ ဘာစားမတုံး ဒါမှ မသုံးယင် ငါ့သား,ငါ့သမီးလဲ ဘာစားမတုံး....ဆိုတဲ့ မိစ္ဆာဒိဋ္ဌိအယူလဲ ယူပစ်လိုက်တယ်.. (မှန်ပါ့) သက္ကာယဒိဋ္ဌိအယူကော.... (ယူပါတယ်ဘုရား)။

ကြည့်စမ်း-တကာတကာမတို့ ဒီပုဂ္ဂိုလ်က ၁-နံပါတ်ပုဂ္ဂိုလ်ကကိုယ်ဆင်းရဲ,စိတ်ဆင်းရဲတာနဲ့ တခါတည်း မုသားတွေသုံးပြီးသကာလ မိစ္ဆာဒိဋ္ဌိအယူ- ယူပစ်လိုက်တယ်(မှန်ပါ့) ဦးဘကလေးပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ်လဲဆင်းရဲ, စိတ်လဲဆင်းရဲတာနဲ့ ဘာလုပ်လိုက်ပါလိမ့်-(မုသားပြောပြီး မိစ္ဆာဒိဋ္ဌိအယူ- ယူပါတယ်ဘုရား)။

မုသားသုံးလိုက်တာက သားတွေ, သမီးတွေရော, ငါရော စားဘို့....(မှန်ပါ့ဘုရား)ဒါကလေးဟာ ဒီလိုမှ မုသား မသုံးယင် ဘယ်ရတော့မတုံး- ဆိုပြီးသကာလ သုံးလိုက်တယ်နော်-(မှန်ပါ့ဘုရား)။

သီလကပျက်မသွားဘူးလား .... (ပျက်သွားပါတယ်) သီလပျက်တဲ့အပြင်မှာ ဒါ ငါ့သား, ငါ့သမီးရော, ငါရော ဘာစားမတုံးဆိုတဲ့ မိစ္ဆာဒိဋ္ဌိက မပါဘူးလား-ပါသလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်လဲ ဆင်းရဲတယ် .. (မှန်ပါ့)ဒီပုဂ္ဂိုလ်သေတော့ အပါယ်ဘဲ သွားရမယ်....(သွားရမှာပါဘုရား)။

ဒါဖြင့် ၁-နံပါတ်ပုဂ္ဂိုလ်မှာ မမှီဝဲရမည့်တရားကို ဘာလုပ်

ပါသလဲ... (မှီဝဲပါတယ်) မဆည်းကပ်ရမည့် တရားကို....(ဆည်းကပ်ပါတယ်ဘုရား)။

ဒါ့ကြောင့် သူသည် ပစ္စုပ္ပန်လဲ ဆင်းရဲတယ်....(မှန်ပါ့)သေတော့ကော....(ဆင်းရဲပါတယ်) အပါယ်ကျရတယ်.... (မှန်ပါ့) တကာတကာမတို့ ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

မောင်နိုင် ကြားဘူးလိမ့်မယ်...၊ နောက်က တကာတကာမတွေလဲ ကြားဘူးမယ်- ကျုပ်တို့လဲ ဆင်းရဲတော့ မတတ်နိုင်ဘူးသုံးလိုက်ရတာဘဲ၊ မုသားတွေ,ဘာတွေပေါ့ဗျာ .. (မှန်ပ)။

နို့မဟုတ် ဘယ်နှယ်လုပ်မလဲ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ ရပ်နဲ့ ရွာနဲ့ မင်းမှု စိုးမှုနဲ့ ကိုယ်လဲစားဘို့, ကိုယ့်သားသမီးတွေလဲ စားဘို့ဆိုတဲ့ဥစ္စာ လုပ်ရမှာပေါ့... လို့ ဦးဘအုန်းလာပြီဗျ....(မှန်ပါ့) မလာဘူးလား... (လာပါတယ်ဘုရား) အဲဒါက ဘာခေါ်ကြမယ်-မိစ္ဆာဒိဋ္ဌိဘဲ... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲတာနဲ့ မုသားသုံးပြီးသကာလ မိစ္ဆာဒိဋ္ဌိအယူ, ယူပစ်လိုက်တယ်....(မှန်ပါ့) မယူဘူးလား....(ယူပါတယ်ဘုရား)ဘာသာတပါးသို့ပြောင်းသွားတာတွေလဲထည့်လိုက်ပါတော့... (မှန်ပါ့) ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတာနဲ့ နော်.... (မှန်ပါ့) ဒီလိုကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ဒီပုဂ္ဂိုလ်ကို တကာတကာမတွေက စဉ်းစားတာပေါ့- မှီဝဲရမည့်တရားကို... (မမှီဝဲပါဘုရား) မဆည်းကပ်ရမည့်တရားကို.... (ဆည်းကပ်ပါတယ်) ဒါဖြင့် ပစ္စုပ္ပန်လဲ ဆင်းရဲ၊ သံသရာကော....(ဆင်းရဲပါတယ်ဘုရား)။

အဲဒါလဲကွာ....တဲ့ မင်းတို့ သေသေချာချာ မှတ်ပါ... တဲ့

မှီစဲရမည့်တရားကို မမှီစဲ၊ မဆည်းကပ်ရမည့်တရားကိုဆည်းကပ်ပြီး သကာလနေလို့ ဦးဘကလေး ပစ္စုပ္ပန်လဲ ဆင်းရဲတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ သံသရာလဲ အပါယ်ကျတဲ့ဆင်းရဲကို ရပါတယ်...(မှန်ပါ့ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့.... တကာတကာမတွေက မုသားကလေးသုံးမယ်ကြုံလို့ရှိယင် သြော်... ဘယ့်နှယ်ကြောင့် သုံးမှာပါလိမ့်မတုံးလို့ ဆိုတော့ ကိုယ်၏ဆင်းရဲခြင်း,စိတ်၏ဆင်းရဲခြင်းကြောင့်ဆိုတော့ ဒါက အကြောင်းဖြစ်သွားတယ်...(မှန်ပါ့)။

မုသားသုံးလိုက်ပြီးသကာလ မုသား ဘယ့်နှယ်ကြောင့် သုံးသတုံးလို့ မောင်နှိုင် မေးလို့ရှိယင် တပည့်တော် ဘာစားမတုံးဘုရာ့၊ တပည့်တော် သားသမီးတွေ ဘယ်လိုလှအောင် ဝ,အောင်လုပ်ရမတုံးဘုရာ့....(မှန်ပါ့)။

ဟိုဟာတွေလဲ ပုဂ္ဂိုလ်သတ္တဝါဖြစ်ကုန်ပြီ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ မိစ္ဆာဒိဋ္ဌိ ဦးဘကလေး ဝင်လာပြီ...(မှန်ပါ)။

ဒါဖြင့် ပစ္စုပ္ပန်လဲ ဆင်းရဲ ဒီပုဂ္ဂိုလ်ဟာ သံသရာမှာကော....(ဆင်းရဲပါတယ်ဘုရား) သံသရာလဲ ဆင်းရဲတော့မယ်....(မှန်ပါ့)မပု- မဆင်းရဲပေဘူးလား....(ဆင်းရဲပါတယ်ဘုရား)ဒီလို့ပုဂ္ဂိုလ်လဲ ရှိရဲ့လား ကြည့်စမ်း....(ရှိပါတယ်ဘုရား)။

ကျုပ်တို့တော့ ဆင်းရဲတော့ မတတ်နိုင်ဘူး...၊ မုသားမပါ လက်ဘမချောကလေး•အလုပ်,လုပ်ရတယ်၊ ဘာ့ကြောင့်တုံး.... သားနဲ့, သမီးနဲ့ဆိုတော့ ဒီအပြုံးကြီးကို ဒီလိုမှ ရှာမစားယင်

ဘယ့်နှယ်လုပ်မလဲ...၊ ဒါက မိစ္ဆာဒိဋ္ဌိ အသံထွက်လာတယ်.... (မှန်ပါ့)။

ငါ့သား,ငါ့သမီး,ငါ့မြေး,ငါ့မြစ်အတွက် မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဒီ ၁-နံပါတ်ပုဂ္ဂိုလ်က ပစ္စုပ္ပန်ဆင်းရဲ,သံသရာဆင်းရဲ မည့်ပုဂ္ဂိုလ်...(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်... (ပစ္စုပ္ပန်မှာလဲဆင်းရဲ, သံသရာမှာလဲ ဆင်းရဲမည့်ပုဂ္ဂိုလ်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

၂-နံပါတ်ပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန် ချမ်းသာတယ်- သံသရာမှာ ဆင်းရဲတယ်နော်... (မှန်ပါ့ဘုရား) ကိုယ်၏ချမ်းသာခြင်း,စိတ်၏ ချမ်းသာခြင်း သူ့မှာ ပစ္စည်းလဲပြည့်စုံ ဘာမှ ပူစရာမရှိ ဘဲနဲ့ ခုနင်က မုသားကလေး ပြောလိုက်၊ အို....ငါ့သား,ငါ့သမီးတွေ လှသည်ထက်လှအောင် ဝ,သည်ထက် ဝ,အောင်ဆိုပြီးသကာလ မောင်နိုင် ရှာပြန်တာပေါ့ကွာ....(မှန်ပါ့)။

အခုလဲ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်း မရှိဘူး လား... (ရှိပါတယ်ဘုရား)။

သို့သော်လဲ သူသည် မုသားကလေးလဲ မကင်းတာနဲ့ သုံး လုံးကဲရတယ်.... (မှန်ပါ့) မောင်နိုင် မလာဘူးလား... (လာပါ တယ်ဘုရား)။

ငါ့သား,ငါ့သမီးကလေးလဲ လှသည်ထက်လှ ဝ,သည်ထက် ဝ,အောင်ဆိုတဲ့ ဒိဋ္ဌိကကော.... (လာပါဘယ်ဘုရား) မိစ္ဆာဒိဋ္ဌိက

မပါဘူးလား... (ပါ-ပါတယ်ဘုရား) အဲဒီ ပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန်ချမ်းသာ- သံသသရုဆင်းရဲတယ်....(မှန်ပါ့)။

ခုနင်က ပုဂ္ဂိုလ်ကတော့ ဘာတဲ့...(ပစ္စုပ္ပန်လဲဆင်းရဲ,သံသရုလဲ ဆင်းရဲပါတယ်ဘုရား) ဒုတိယပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန် ချမ်းသာ....(သံသရုမှာ ဆင်းရဲပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုပုဂ္ဂိုလ်တွေလဲ မောင်နှိုင် ရှိ-မရှိ.... (ရှိပါတယ်ဘုရား) ဟာ...ကြောက်စရာကြီးပါကလား....(မှန်ပါ့)။

ဘကာတကာမတို့ ဒုတိယပုဂ္ဂိုလ်ကော ရှိရဲ့လား.... (ရှိပါတယ်ဘုရား) ပစ္စုပ္ပန်မှာလဲ နေသာ,ထိုင်သာ မကြောင့်မကျ မတောင့်မတနဲ့ ,သူ့ဝင်ငွေကလေး သူ့ထွက်ငွေကလေးနဲ့ သူ့ဟာက အကိုက်သား စားတို့ သောက်တို့နော်.... (မှန်ပါ့ဘုရား) သို့သော်လဲ သူသည် မုသားကလေး သုံးလိုက်တယ်၊ မသုံးလိုက်ဘူးလား....(သုံးပါတယ်ဘုရား)။

သုံးတာကလဲ တခြားကြောင့် သုံးဘာလား... ဆိုးဘာ့ငါလဲ ဒီ့ထက်ရှိတို့ ငါ့သားသမီးတွေလဲ ဒီ့ထက် လှလှပပ အမျိုးမျိုးအဖုံဖုံ နေနိုင်,ထိုင်နိုင်လောက်အောင် ဒီ့ထက် တန်းမြင့်အောင်ပေါ့ကွာ... (မှန်ပါ့) ဆိုပြီးသကာလ ဒီလို မိစ္ဆာဒိဋ္ဌိ အယူယူတာကော ဦးဘအုန်း ရှိ-မရှိ...(ရှိပါတယ်ဘုရား)။

ဒါကတော့.... ကိုပေါ် ဒုတိယ ပုဂ္ဂိုလ်ဟာ ဘာတဲ့ဗျာ.... (ပစ္စုပ္ပန်ချမ်းသာပြီး သံသရုဆင်းရဲပါတယ်ဘုရား)။

ဒါလဲ မှိုစဲလဲပြီ....(မှန်ပါ့) မမှိုစဲရမည့်တရားကို (မှိုစဲပါတယ်ဘုရား)ခုနင်ကပြောတဲ့ မုသာဝါဒတွေ မှိုစဲသိုက်ပြီ .. (မှန်ပါ့

ဘုရား) မိစ္ဆာဒိဋ္ဌိတွေ....(ယူလိုက်ပါတယ်ဘုရား) တကာတကာ မတို့ ကြောက်စရာကောင်းလှတယ်... (ကောင်းပါတယ်ဘုရား)။

ကဲ.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သတ္တဝါတွေဟာ ကဲ့....တဲ့ ချမ်းသာခြင်း အလိုရှိပါလျက်သားနဲ့ ဆင်းရဲနဲ့ ချည့်ကြုံရတာ ဘာတုံးဆိုးတာမှု မှိုင်းအပ်တဲ့တရားကို.... (မမှိုင်းပါ ဘုရား) မမှိုင်းအပ်တဲ့တရားကို.... (မှိုင်းပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့ အားလုံးနဲ့ ဆက်သွယ်တဲ့တရား....(မှန်ပါ) ရိပ်မိ ကြပလား... (ရိပ်မိပါပြီဘုရား)။

ဘာတဲ့... (အားလုံးနဲ့ ဆက်သွယ်တဲ့ဘရားပါဘုရား) ပဌမ ပုဂ္ဂိုလ်လဲ ကိုယော် ရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ပေါက်သည့်နဖူး မထူးဘူးကွ.. (မှန်ပါ) ဒါဆောက်ဆင်းရဲ နေတာမှု ဒတ္ထရာလုပ်တာမှာဘာ၊ ဦးဘအုန်း ဒီလိုပုဂ္ဂိုလ်ကော (ရှိပါတယ်ဘုရား) အဲဒါကတော့ ပစ္စုပ္ပန်ကော.... (ဆင်းရဲပါ တယ်ဘုရား) သံသရာကော....(ဆင်းရဲပါတယ်ဘုရား)။

အချို့. အချို့.ပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန်မှာ နေသာ,ထိုင်သာ တိုက်နဲ့ တာနဲ့ ရွှေနဲ့ ငွေနဲ့ စိန်နဲ့ အရှိသား....(မှန်ပါ) ရှိသည် ထက် ရှိချင် လာပြန်တော့ မုသားကလေး သုံးလိုက်တယ်.... (မှန်ပါ) မသုံးလိုက်ဘူးလား....(သုံးပါတယ်ဘုရား)။

ဒါမှ ငါသား,ငါ့သမီးကလေးတွေ အမေမှုများများ ကျန်ရစ် တော့ အမေ,အဖေ ဆုမ်းသွတ်ကောင်းအောင် ဆိုတာတွေကလဲ ရှိသေးတယ်ကွ.. (မှန်ပါ့ဘုရား) မရှိပေဘူးလား...(ရှိပါတယ် ဘုရား)။

အင်း.... ဒါက ဘာပါလိမ့်မတုံး.... (ပစ္စုပ္ပန်မှာချမ်းသာပြီး သံသရာမှာ ဆင်းရဲပါတယ်ဘုရား) မမှီဝဲထိုက်တဲ့တရားကို.... (မှီဝဲပါတယ်ဘုရား) ကိုမြင့် တယ်ဆိုးပါကလား- (ဆိုးပါတယ်ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

တကာ တကာမတွေ ဒီတရားကို မနာဘူး-သေးပါဘူး.... (မှန်ပါ့) မနာဘူးသေးဘူး- မနာဘူးသေးဘူးနော်.... (မှန်ပါ့ ဘုရား)။

ခန္ဓာပေါ်ကော ရောက်ကြရဲ့လား....(ရောက်ပါတယ်ဘုရား) ဒို့ဘယ်အထဲကလဲဆိုတာ အိမ်ကျတော့ နဖူးပေါ်လက်တင်ပြီး ငါသည် ပဋ္ဌမပုဂ္ဂိုလ်ထဲကလား, ဒုတိယပုဂ္ဂိုလ်ထဲကလား- ကိုယ့်ဟာကိုယ် စဉ်းစား ... (မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်ဆင်းရဲပြီး သံသရာဆင်းရဲလုပ်နေတဲ့ ပုဂ္ဂိုလ်လား .... (မှန်ပါ့)ပစ္စုပ္ပန်မှာ ချမ်းသာပြီး သံသရာမှာ ဆင်းရဲရှာနေတဲ့ ပုဂ္ဂိုလ်လား... (မှန်ပါ့) မပု- ကိုယ့်ဟာကိုယ် နဖူးပေါ်လက်တင်ပြီး စဉ်းစားတော့ ဒီမှာဘုန်းကြီးဟောနေသလိုဖြစ်လာတယ် (မှန်ပါ့ဘုရား)။

နဖူးပေါ် လက်တင်စဉ်းစားတော့ ဘုန်းကြီးဟောနေသလို ဖြစ်နေတယ်....(မှန်ပါ့)အင်း... ဒို့ဆရာဟောထားတာ-ဒို့ဘယ် အထဲကပါလိမ့်မတုံးဆိုတာ ဦးဘရင်း မပေါ်ဘူးလား....(ပေါ် ပါတယ်ဘုရား) ဦးညို....(ပေါ်ပါတယ်)။

ကဲ .... တတိယပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန်ဆင်းရဲ- သံသရာမှာ ချမ်းသာအောင်လုပ်တယ်....(မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်မှာတော့ သူဟာ ကိုယ်၏ဆင်းရဲ, စိတ်၏ဆင်းရဲနဲ့ နေရတာဘဲတဲ့၊ အစားကလဲ မပြည့်စုံ အဝတ်ကလဲခ္ချိုတဲ့ပေါ့ဗျာ (မှန်ပါ)အစားမပြည့်စုံ အဝတ်ကခ္ချို့တဲ့နေတော့ ပစ္စုပ္ပန်တော့ ကိုမြင့် ဘယ့်နှယ်နေသလဲ... (ဆင်းရဲပါတယ်ဘုရား)။

အို ... ဆင်းရဲပင် ဆင်းရဲငြားသော်လဲ ကျုပ်တို့တော့ဖြင့် သီလတော့ စောင့်ရမှာဘဲ၊ ဥပုသ်တော့ စောင့်ရမှာဘဲ၊ဝိပဿနာ အလုပ်တော့ လုပ်ရမှာဘဲ၊ ဆင်းရဲပေမဲ့လဲ ကိုယ့်အလုပ်တော့ ကိုယ်လုပ်ရမှာဘဲ သဘောကျပလား....(ကျေပါပြီ)။

မုသားလဲ ရှောင်တော့မယ်ကျုပ်တို့၊ မီစ္ဆာဒိဋ္ဌိအယူဆိုတာလဲ လွတ်သွားအောင် ကျုပ်တို့ ဝိပဿနာအလုပ်· လုပ်ပါ၊တော့မယ် ဆိုတဲ့ ပုဂ္ဂိုလ်ကျတော့ ပစ္စုပ္ပန်ဆင်းရဲငြားသော်လဲ သံသရာမှာ· (ချမ်းသာပါတယ်ဘုရား)။

အဲဒါကတော့ မှီဝဲအပ်တဲ့တရားကို... (မှီဝဲပါတယ်) ဆည်းကပ်အပ်တဲ့တရားကို... (ဆည်းကပ်ပါတယ်ဘုရား)။

တချို့ မောင်နှိုင်တို့ကပြောနေတယ် ကိုပေါ်တို့က ညြော်.... ဟိုပုဂ္ဂိုလ်ဟာကြည့်စမ်း ဥပုသ်လ: စောင့်ပြီး တရားအားထုတ်နေလိုက်တာ နောက်ပိုင်း ဆန်အိုးတော့ဆန်မရှိဘူး၊ မရှိပေမဲ့ ကြိုးစားတယ်နော်... တော်လိုက်တာ တော်လိုက်တာ... (မှန်ပါ) ကျုပ်တို့ဆိုယင် မလုပ်ဘူးဆိုတော့ ကျုပ်တို့က ၁ နဲ့ ၂ ရောက်သွားတယ်....(မှန်ပါဘုရား)

ကျုပ်တို့က ဘယ်အထဲရောက်သွားသလဲ....(၁-နဲ့ ၂-ထဲရောက်သွားပါတယ်) မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

ကိုမြင့် ဘယ်အထဲကတုံး- ၁-ထဲကလား၊ ၂-ထဲကလား၊ ၃-ထဲကလားဆိုတာ ကိုယ့်ဟာကိုယ် အကဲခတ်ပေါ့.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

နောက်က တကာတကာမတွေ့ ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တတိယပုဂ္ဂိုလ်ကလေး တခေါက်ပြန်ပြောပါဦးမယ်နော်....(မှန်ပါ့ဘုရား) တတိယပုဂ္ဂိုလ်က ပစ္စုပ္ပန်မှာလဲ ဆင်းရဲပါတယ်၊ စားရမဲ့ သောက်ရမဲ့ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းပါဘဲ ...(မှန်ပါ့ဘုရား)။

ဒီလိုဆင်းရဲပင် ဆင်းရဲငြားသော်လဲ ကျုပ်တို့တော့ဖြင့် သီလတော့ အပျက်မခံဘူး၊ မောင်နိုင် ရှောင်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

မိစ္ဆာဒိဋ္ဌိအလုပ်ကိုလဲ မလုပ်တော့ဘူး၊ဝိပဿနာဘဲ သမ္မာဒိဋ္ဌိဖြစ်အောင် လုပ်ပါတော့မယ်ဆိုပြီး လုပ်နေတော့ သူသည်ဦးဘအုန်း မှီဝဲအပ်သည့်တရားကို.... (မှီဝဲပါတယ်) ဆည်းကပ်အပ်တဲ့တရားကို....(ဆည်းကပ်ပါတယ်ဘုရား)။

ဒီပုဂ္ဂိုလ်ကတော့ ပစ္စုပ္ပန်မှာ ဆင်းရဲပြီး သံသရာမှာချမ်းသာတယ်... (မှန်ပါ့ဘုရား)။

ပစ္စုပ္ပန်မှာတော့ ဆင်းရဲပြီး .... (သံသရာမှာ ချမ်းသာပါတယ်ဘုရား)။

အဲဒီတော့ကို မျှားသောအားဖြင့် ဒီတတိယပုဂ္ဂိုလ်ကမျှား

တယ်....(မှန်ပါ့) ပစ္စုပ္ပန်မှာ ဆင်းရဲပြီး သံသရာမှာ ချမ်းသာ အောင်သာ လုပ်ကြပါဆိုတဲ့ဥစ္စာကိုဖြင့် ဘုန်းကြီးများက တိုက်တွန်းရတယ်....(မှန်ပါ့) မတိုက်တွန်းယင် တော်ပါ့မလား.... (မတော်ပါဘုရား)။

ကဲ....လူချမ်းသာ လူချမ်းသာဆိုတာက အိမ်တရာ တအိုမ်ပါဘို့ အတော်ခဲယဉ်းတယ်....(မှန်ပါ့) အိမ်တထောင် တအိမ်ပါဘို့ကော... (ခဲယဉ်းပါတယ်) အတော်ခဲယဉ်းပါတယ် ဆိုတာ သိကြပါပြီနော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ ဒို့ဖြင့် ၁-လုံ့ရှောင်တော့မဟာ၊ ၁-နံပါတ်ပုဂ္ဂိုလ်လဲ(မှန်ပါ့) ၂-နံပါတ်ပုဂ္ဂိုလ်လဲ မဖြစ်ရအောင် ကြိုးစားရမဟာ၊ ၃-နံပါတ်ပုဂ္ဂိုလ်တော့ ဒို့နဲ့ အတူတူဟာ....(မှန်ပါ့)။

ဒါဖြင့် ကြိုးစားမှာဆိုတာ မောင်နှိုင် ၃ နံပါတ်ပုဂ္ဂိုလ်တွေ့ရာ မများဘူးလား....(များပါတယ်ဘုရား)။

ဒီအထဲ ဥပုသ်လာပြီးစောင့်ကြတယ် တကာတတကာမတွေ့ အကုန် ပြည့်ပြည့်စုံစုံချည့်ဘဲလားလို့ မေးတော့ ဘယ်ဟုတ်မလဲ (မှန်ပါ)မပြည့်စုံတတ်သေးပါဘူး၊ ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းရှိကြောတာဘဲ၊ ရှိပင်ရှိငြားသော်လဲ လ,ပြည့်နေ့မှ မထုတ်ဘူး- သင်္ကြန်တွင်းကလေးမှ မထုတ်ယင်လဲ ဒီ့ထက်ဆိုးဝါး ချည်ရဲ့၊ မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါ့ကြောင့် သီလဆောက်တည်ပြီး နေလိုက် တရားအား

ထုတ်ပြီး နေလိုက်တဲ့ပုဂ္ဂိုလ်တွေကျတော့ နံပါတ်ဘယ်လောက်ထဲ ဝင်သွားပါလိမ့်....(၃-နံပါတ်ထဲဝင်သွားပါတယ်ဘုရား)။

အဲ....၃-နံပါတ်ထဲဝင်အောင်ဖြင့် ခင်ဗျားတို့ လုပ်ဖြစ်အောင် လုပ်ကြပါဆိုတာ တိုက်တွန်းရတယ်နော်....(မှန်ပါ!) သဘောပါ ပလား....(ပါ-ပါပြီဘုရား)။

၄-နံပါတ်ပုဂ္ဂိုလ်မှာတော့ တကာဘကာမတို့ ပစ္စုပ္ပန်မှာလဲ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းလဲ ရှိပါတယ်(မှန်ပါ) နောက်ကိုလဲ ကျုပ်တို့ဖြင့် ဒီချမ်းသာကခေါ်းဟာလဲ အခုအခါမှာ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းရှိပါတယ်။

သံသရာလဲ ဝန်ခေါ်းအောင်မလုပ်တော့ပါဘူးဆိုပြီးသကာလ မုသားတွေ ရှောင်လို့ ပေါ့ကွာ ... (မှန်ပါ!) သမ္မာဒိဋ္ဌိအလုပ်တွေ လုပ်ရမယ်ဆိုလို့ ရှိယင် ဒီပုဂ္ဂိုလ်ကတော့ကွာတဲ့ မှီဝဲအပ်တဲ့တရား ကို....(မှီဝဲပါတယ်) ဆည်းကပ်အပ်တဲ့တရားကို ... (ဆည်းကပ်ပါ တယ်ဘုရား)။

ဒါဖြင့် ဦးဘကခေါ်း ပုဂ္ဂိုလ်ခေါ်းယောက် ခွဲလိုက်တဲ့အခါ ကျွတော့မှ မောင်နှိုင် ရှင်းသွားတယ် .. (ရှင်းပါတယ်ဘုရား)။

မှီဝဲအပ်တဲ့ဘရားကို မမှီဝဲ၊ ဆည်းကပ်အပ်တဲ့တရားကိုမဆည်း ကပ်တဲ့ပုဂ္ဂိုလ်က နှစ်ယောက်....(မှန်ပါ!) ပေါ်ကြပါလား (ပေါ် ပါပြီဘုရား)။

မှီဝဲအပ်တဲ့ဘရားကို မှီဝဲပြီး ဆည်းကပ်အပ်တဲ့ တရားကိုဆည်း ကပ်တဲ့ပုဂ္ဂိုလ်ကလဲ....(နှစ်ယောက်ပါ) ပေါ်ကြပါလား.... (ပေါ် ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ အိမ်ကျတော့ နဖူးပေါ်လက်တင်ပြီး စဉ်းစားတာပေါ့ဗျာ....(မှန်ပါ) သြော်....ဒို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မှီဝဲဆည်းကပ် မှန်သလား- မမှန်ဘူးလား။ သဘောကျပလား....(ကျပါပြီဘုရား)။

မှီဝဲဆည်းကပ်(မှန်သလား· မမှန်ဘူးလား စဉ်းစားရပါမယ်) မှန်သလား· မမှန်ဘူးလားဆိုတာ ခင်ဗျားတို့အကဲခတ်ပါ ....(မှန်ပါ့ဘုရား)။

အခု ဘုန်းကြီးတို့ တကာတကာမတွေ ဖြစ်နေတာက သြော်....တပည့်တော်တို့က အရောင်းအဝယ်ကလဲ အကျိုးမပေးတွင်းကလဲ အကျိုးမပေးသေးတော့ ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း ရှိနေတော့ သီလသီတင်းလဲ မဆောက်တည်နိုင်ဘူးဘုရာ့...। တရားအားထုတ်ဘို့လဲ ဝေးနေတယ်ဆိုတော့ မိစ္ဆာဒိဋ္ဌိအလုပ်တွေကများမသွားဘူးလား....(များပါတယ်ဘုရား)။

အဲဒါကျတော့ မောင်နိုင်က ဘယ်ထဲသွင်းမယ်....(၁-နံပါတ်ထဲ သွင်းရမှာပါဘုရား) နံပါတ် ၁-ထဲ ဝင်တယ်....(မှန်လှပါဘုရား)။

ကိုယ်၏ ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း ရှိတယ်၊ ဟုတ်လား (မှန်ပါ့) သီလလဲ လွှန်ကျူးကုန်ပြီ၊ မဟုတ်ဘူးလား....(မှန်ပါ့) မိစ္ဆာဒိဋ္ဌိအယူခံကာ....(ယူပါတယ်) အဲဒီတော့ ဘယ်ထဲကလဲ.... ကိုမြင့်ရ... (နံပါတ် ၁-ထဲကပါဘုရား)။

ဒါဖြင့် နံပါတ် ၁-ဆိုတဲ့ ပုဂ္ဂိုလ်ဖြင့် တကာတကာမတို့

ကြောက်စရာ အကောင်းဆုံးပါလား...(အကောင်းဆုံးပါ) ဦးအောင်ဇံ့ဝေကြီး သဘောပါရဲ့လား....(ပါ,ပါတယ်) ဘယ်နှစ်မျိုးတုံး ပုဂ္ဂိုလ်....(လေးမျိုးပါဘုရား)။

မဒမ့်စေကြပါနဲ့ တကာတကာမတို့၊ နည်းနည်းကလေးသက်သာတဲ့ ပုဂ္ဂိုလ်တွေကလဲ အကဲခတ်ကြပါ...(မှန်ပါ့)။

ကိုယ့်မှာ စားဘို့, သောက်ဘို့, နေဘို့, ထိုင်ဘို့လဲ အသင့်အတင့် ပြည့်စုံသားနော်....(မှန်ပါ့) ဒီအထဲကနေပြီး မုသားမပါလက်ခံမချောဆိုပြီး သားတွေ,သမီးတွေစားဘို့ လုပ်နေတဲ့ပုဂ္ဂိုလ်ကျတော့ နံပါတ်ဘယ်လောက်ထဲ သွင်းကြမလဲ....(နံပါတ် ၂-ထဲ သွင်းရပါမယ်ဘုရား)။

နံပါတ် ၂ ထဲ သွင်းရမယ်....(မှန်ပါ့) ဒါဖြင့် နံပါတ် ၁-နံပါတ် ၂-က အမှားပါလား ...(မှန်ပါ့)နံပါတ် ၃-နဲ့ နံပါတ် ၄-ကသာ အမှန်ပါကလား .... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဝိပဿနာ မသွင်းခင် ဒါပြောကြပါစို့,ဆိုးတာ့ ၁-နဲ့ ၂-ဟာ အမှီဝဲ အဆည်းကပ်လဲလို့ ဖြစ်ရတာ....(မှန်ပါ့)။

၁ နဲ့ ၂ ဟာ .... (အမှီဝဲ အဆည်းကပ်လဲလို့ ဖြစ်ရတာပါဘုရား)။

၃-နဲ့ ၄ ဟာ....(အမှီဝဲအဆည်းကပ်မှန်ပါတယ်)မှီဝဲဆည်းကပ်မှန်တာလို့ ဆိုလိုက်ပါတယ်.. (မှန်ပါ့) ဘုရားသခင်ကိုယ်တော်

မြတ်ကြီး အင်မတန် ဥာဏ်ကြီးပါကလား .... (ကြီးပါတယ်ဘုရား)။

ဦးဘကလေး ဒီနေ့မှ လာတာ အဘိုးမတန်ဘူးလား....(တန်ပါတယ်ဘုရား)သိပ်အဘိုးတန်သွားပြီ၊ ဦးခိုင်တို့ သိပ်အဘိုးတန်တယ် ဒီဟာ....(မှန်ပါ့) ကိုယ့်ကိုယ် ကိုယ်ဝေဒနာ်စာတ်ကြပလား (ဝေဒနာ်တဏှာပါပြီဘုရား)။

၁-မှာလဲ ဘာလဲတဲ့ပုဂ္ဂိုလ်တုံး....(အမှိုဝဲလဲ့ပါတယ်) ၂-နံပါတ် ပုဂ္ဂိုလ်ကကော.. (အမှိုဝဲလဲ့ပါတယ်) ၃-နဲ့ ၄-သာလျှင် အမှိုဝဲမှန်တယ်၊ ဆည်းကပ်မှန်တယ်....(မှန်ပါ့) ဦးညိုတို့... ဦးဘရှင်းတို့ အင်မတန် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ကိုင်း....ဒီဥစ္စာဖြင့် ဒို့ဟာ ၁-ထဲကလားဟေ့....လို့ တွေးကြနော်....(မှန်ပါ့)၁-ထဲကဆိုယင်လဲ သွားပေါ့ဟေ့....(မှန်ပါ့) ကျောက်ခဲရေကျသာ မှတ်လိုက်ပါတော့... (မှန်ပါ့)။

၁·ထဲကဆိုယင်... (ကျောက်ခဲရေကျသာ မှတ်ရပါမယ်) ဦးဘအုန်း ကျောက်ခဲရေကျဆိုတာ သိတယ်မဟုတ်လား....၊ မပေါ်တော့ဘူး ပြောတာ...(မှန်ပါ့)။

တကာကြီးလို့ပ... ဘာတဲ့တုံး....(မပေါ်တော့ပါ) ဦးအောင်ဇံ ဝေ ဘာတဲ့တုံး (မပေါ်တော့ပါ)မပေါ်တော့ဘူး၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကျောက်ခဲရေကျများ ကြိုက်နေကြသလား... (မကြိုက်ပါ)ပြင်ကြပါဦး ဆင်ကြပါဦးနော်....(မှန်ပါ့)။

လက်တို့ပြီး အပြင်ခိုင်းနေတယ်၊ အသံနဲ့ အပြင်ခိုင်းနေတယ် ပြောပြီးတော့နော်....(မှန်ပါ)။

ဒီအထဲကမှ ခင်ဗျားတို့က ကျောက်ခဲရေကျလို့ ပေါက်သည့် နဖူး တပည့်တော်တို့ဖြင့် မထူးဘူးဘုရာ့ ဆိုလို့ရှိယင်ဖြင့် မိုက်သည်ထက် မိုက်တဲ့အဓိပ္ပါယ် ရောက်နေတယ်....(ရောက်ပါတယ် ဘုရား)။

ဘယ်လိုဆိုကြမလဲ....(မိုက်သည်ထက် မိုက်တဲ့အဓိပ္ပါယ်ရောက်ပါဘယ်) မိုက်သည်ထက် မိုက်တဲ့အဓိပ္ပါယ် ရောက်တယ်နော်...(မှန်ပါ)။

ကဲ...တခေါက်ပြန်ပြောဦးမယ်တဲ့ ဝိပဿနာမသွင်းခင် ဒါကလေး နိဂုံးချုပ်ပါတော့မယ်။

၁-နံပါတ်ပုဂ္ဂိုလ်ကဘော့ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ ဆင်းရဲခြင်း ရှိပြီးသကာလ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဘာနဲ့ မုသားသုံးပြီး မိစ္ဆာဒိဋ္ဌိအယူ, ယူလိုက်တယ်....(မှန်ပါ)။

၂-နံပါတ်ပုဂ္ဂိုလ်ကတော့ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း ရှိပါလျက်သားနဲ့ သီလပျက်အောင်လုပ်ပြီး မိစ္ဆာဒိဋ္ဌိအယူ,ယူလိုက်ပါတယ်နော်....(မှန်ပါ)။

၃-နံပါတ်ပုဂ္ဂိုလ်ကဘော့ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်း ရှိပြားသော်လဲ သီလလဲ အပျက်မခံ၊ မိစ္ဆာဒိဋ္ဌိအယူလဲ မယူပါဘူး....(မှန်ပါ)။

၄-နံပါတ်ပုဂ္ဂိုလ်ကတော့ ကိုယ်၏ချမ်းသာခြင်း စိတ်၏ ချမ်း

သာခြင်းလဲ ရှိပါရဲ့၊သံသရာကောင်းရေးကိုလဲ သိလလဲ ဆောက်တည်၊ ဝိပဿနာအလုပ်တွေလဲ လုပ်ခဲတာ့ ၄-နံပါတ်ပုဂ္ဂိုလ်ကတော့ အကောင်းဆုံးပေါ့ဗျာ....(မှန်ပါ့)။

အဲဒီတော့ နှစ်ပုံ-ပုံလိုက်။ ၁-နဲ့ ၂-က တပုံ။ ၃-နဲ့ ၄-က.... (တပုံပါဘုရား)။

ဒါပြင့် မှီဝဲမှန် ဆည်းကပ်မှန်က ဘယ်သူပါလိမ့် .... (၃-နဲ့ ၄-ပါဘုရား)မှီဝဲလဲ့ ဆည်းကပ်လဲ့က....(၁-နဲ့ ၂-ပါဘုရား)။

တကာတကာမတွေ့ ကိုယ့်ဟာ ကိုယ်ပြုံးပြီးသကာလ မနေဘဲနဲ့ ဘုရားဟောတော်မူတာ သြော်....ငါ ဘယ်အထဲ ရောက်နေပါလိမ့်မတုံး တွေးကြစမ်းပါ....(မှန်ပါ့)။

ဦးဘအုန်း....တွေးထိုက်- မတွေးထိုက်... (တွေးထိုက်ပါတယ်) တွေးရမယ်နော်....(မှန်ပါ့)။

တွေးတဲ့အခါကျလို့ ရှိယင်ဖြင့် သြော်....ငါသည် ၁-ထဲရောက်နေတယ်ဆိုယင်လဲ ပစ္စုပ္ပန်ဆင်းရဲ့ သံသရာဆင်းရဲမှာဘဲ-(မှန်ပါ့) ၂-ထဲရောက်နေပြန်လဲ ပစ္စုပ္ပန်ချမ်းသာသလိုနဲ့ သံသရာဆင်းရဲကလဲ ကြောက်စရာကြီးပါကလား....(မှန်ပါ့) မှီဝဲလဲ့, ဆည်းကပ်လဲ့ဟာ တယ်ပြီး ဆိုးဝါးတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပါပြီဘုရား) ဦးညိုကြီး ပေါ်ပြီနော်...(မှန်ပါ့)။

ခင်ဗျားတို့ တခါတခါ ဘုန်းကြီးဘိုဆီ လာသုံးတာ ရှိသေးတယ်၊ တပည့်ဘော်တို့ကဘုရား.... မည်သူ, မည်ဝါတို့လောက် ပြည့်စုံသေး-ဆင်းရဲနေသေးတော့ မတတ်သာဘူးတဲ့၊ မဘတ်သာ

လို့ဆိုယင် သွားတော့မယ် သူ ဟိုဘက်ကို... (မှန်ပါ့) မသွားသေးဘူးလား....(သွားမှာပါဘုရား)။

မတတ်သာ ဆိုယင်ဖြင့် သူမုသားယင်လဲ သုံးတော့မယ်.... (မှန်ပါ့ဘုရား) ငါ့သား·ငါ့သမီးဆိုတဲ့ မိစ္ဆာဒိဋ္ဌိအယူကော.... (ယူမှာပါဘုရား)။

အဲဒါတွေကလဲ ၁–နံပါတ်ထဲ ပါသွားလို့ ဦးမှုကြီး သိပ်ကြောက်စရာကောင်းပါတယ်... (ကောင်းပါတယ်ဘုရား)။

၂–နံပါတ်ပါတဲ့ ပုဂ္ဂိုလ်များလဲ ကိုယ်၏ချမ်းသာခြင်း,စိတ်၏ချမ်းသာခြင်းလဲ ရှိပါလျက်သားနဲ့ ချမ်းသာမှုကို ရှိသလောက်နဲ့ မတင်းတိမ်နိုင်တာနဲ့ မောင်နိုင်,ရေ သီလ အပျက်ခံလိုက်ရတယ် (မှန်ပါ့)မိစ္ဆာဒိဋ္ဌိအယူ.... (ယူပစ်လိုတယ်) ငါ့သား, ငါ့သမီး, ငါ့မြေး,ငါ့မြစ်စားဘို့ဆိုတဲ့ အယူကို ယူပစ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

ယူပစ်လိုက်တော့ သီလလဲပျက် မိစ္ဆာဒိဋ္ဌိအယူလဲ ယူပစ်လိုက်တော့ ၂ နံပါတ်ပုဂ္ဂိုလ်လဲ မှီဝဲလဲ့နေတယ်....(မှန်ပါ့) ကိုပေါ်ပြီးတော့ဘာတုံး .... (မိစ္ဆာဒိဋ္ဌိယူပါတယ်) တကာတကာမခတ္တ ပေါ်ကြပလား....(ပေါ်ပါပြီ)ရှင်းပြီနော်....(ရှင်းပါပြီ)။

အဲ....ကျွန်တော့ နှစ်ယောက်အတွက်ကတော့ အကောင်းပုဂ္ဂိုလ်တွေမို့ ဘုန်းကြီးမပြောတော့ပါဘူး.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီလေးယောက်ဟာ

နှစ်ယောက်ကတော့ဖြင့် ကောင်းသဟေ့။ နှစ်ယောက်ကတော့ဖြင့် အလွန်ဆိုးသဟေ့....(မှန်ပါ့) သဘောပါကြပလား — (ပါ-ပါပြီဘုရား)။

နှစ်ယောက်ကတော့(ကောင်းပါတယ်ဘုရား) နှစ်ယောက်ကတော့ဖြင့်....(အလွန်ဆိုးပါတယ်) အလွန်ဆိုးတယ်လို့ ဆိုတာလဲ တကာတကာမတွေ့ ကိုယ့်အကြောင်း ကိုယ်သိလို့ ကျေနပ်ကြပါတော့... (မှန်ပါ့)မကျေနပ်သေးဘူးလား.... (ကျေနပ်ပါတယ်ဘုရား)။

အဲဒီတော့ ယနေ့ ဆုံးမတယ် တကာတကာမတွေ့ ဆရာသမားမို့လို့နော်.... (မှန်ပါ့ဘုရား) ၁-ထဲလဲ မပါ-ပါစေနဲ့.... (မှန်ပါ့) ကိုယ်ဆင်းရဲ,စိတ်ဆင်းရဲလဲ ရှောင်ပေးလိုက်တာပေါ့... (မှန်ပါ့) သီလလဲ အပျက်မခံလိုက်ပါနဲ့—(မှန်ပါ့) သီလဆိုတာ ဆောက်တည်ထားမှ ပျက်တာမဟုတ်ဘူး၊ သုံးလိုက်ယင် ပျက်တာဘဲ...(မှန်ပါ့) မဟုတ်တာသုံးလိုက်ယင် ပျက်သွားတာဘဲ.... (မှန်ပါ့) ရှင်းပလား—(ရှင်းပါပြီဘုရား)။

အဲဒီတော့ ၁-ထဲလဲ မပါ-ပါစေနဲ့လို့ ဦးအောင်ဇံဝေတို့ ပြောလိုက်ပါတယ်....(မှန်ပါ့) ၂-ထဲလဲ....(မပါ-ပါစေနဲ့) ၃-နဲ့ ၄-ကိုဖြင့် ခ်င်ဗျားတို့ ကြိုက်ရာယူပါ....(မှန်ပါ့)။

၃-နဲ့ ၄-ဖြင့်...(ကြိုက်တာယူရမှာပါဘုရား)။

ကြိုက်ရာယူရမှာဘဲဆိုတော့ဘုရားဟောတော်မူတဲ့ပဌမစကား

ကလေး ဝိပဿနာမလာခင် နိဂုံးချုပ်ရအောင် မောင်နိုင်,နော် (မှန်ပါ)။

ရဟန်းတို့– လောကကြီးထဲမှာ လူတွေ့ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်း အမျှားကြီး အလိုရှိပါလျက်သားနဲ့ အလိုရှိတာတွေ့ မတွေ့ဘဲနဲ့ အလိုမရှိအပ်တဲ့ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းတွေ့ လာတွေ့တာ မင်းတို့ ဘာ့ကြောင့်တုံး-တဲ့၊ မမေးဘူးလား....(မေးပါတယ်ဘုရား)။

အဲဒီတာ့ ဘယ်နှယ်ဖြေကြသတုံး ရဟန်းတွေက.... (မမှီဝဲ အမ်သည်ကို မှီဝဲ, မဆည်းကပ်အပ်သည်ကို ဆည်းကပ်လို့ပါ) အေး....အခုပေါ်သွားပြီ...(မှန်ပါ) ဒီလေးမျိုးထဲ ပေါ်မသွားသေးဘူးလား....(ပေါ်သွားပါပြီဘုရား)။

သြော်-ဒါဖြင့် ဒီလို နံပါတ်တွေနဲ့ ဦးဘကလေးတို့- ဦးအောင်ဇံ ဝေတို့ ဆုံးမပေးမည့်လူ မရှိမယ်ဆိုယင် ကိုယ် ဘယ်နှစ်နံပါတ်ထဲ ပါမှန်းတောင် မသိဘူး....(မသိပါဘုရား) သိပါ့မလား.... (မသိပါဘုရား)။

အဲဒီတော့ကို ဒီတရားဟာ ဒီနေရာမှာ ဒါ-နာရုံတွင်ပါနော် (မှန်ပါ့ဘုရား) အိမ်ကျတော့မှ နဖူးပေါ်လက်တင် စဉ်းစားပါ (မှန်ပါ)။

ပြီးတော့မှ ကိုယ်-ဇလာကိုအလုပ်တွေ့လုပ်တော့မယ်ဆိုတော့မှ သြော်.... ဒါက မှီဝဲအပ်တဲ့တရား မှီစဲရမှာ၊ မမှီဝဲအပ်တဲ့တရား မှီဝဲလို့ မတော်ပါကလားဆိုတာ အလုပ်-လုပ်တဲ့အခါ ရှောင်ပစ်ရမယ်....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ.... မောင်နိုင် ဒီတရား အရေးကြီးသလား-မကြီးဘူးလား.... (ကြီးပါတယ်ဘုရား) ဘုရားက ပုဂ္ဂိုလ် ဘယ်နှစ်ပါးဟောသလဲ (လေးပါးဟောပါတယ်ဘုရား)။

ဒါ့ကြောင့် ဦးမူကြီးတို့- ဦးညိုတို့- ဦးဘရှင်းတို့- မောင်လှတို့ အရေးကြီးတယ်....(မှန်ပါ) မကြီးကြဘူးလား.... (ကြီးပါတယ် ဘုရား)။

အသက်မွေးဝမ်းကြောင်းနဲ့ နေတဲ့ပုဂ္ဂိုလ်တွေဟာ ဒီဟာတွေ မသိရလို့ ရှိယင်ဖြင့် ခက်ကုန်ပြီ... (မှန်ပါဘုရား) မိုက်တဲ့လူကလဲ တူးမိုက်သွားတာဘဲ....(မှန်ပါဘုရား) လိမ်မာသယောင်ယောင်နဲ့ မိုက်တာတွေကလဲ တပုံကြီး... (မှန်ပါ) ဒီလို မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မူလ ပဏ္ဏာသပါဠိတော်မှာ ကိုယ်ကိုယ်တိုင် ဟောရှာတယ်.... (မှန်ပါ ဘုရား)။

မဟာဓမ္မသမာဒါနသုတ်ဆိုပြီးသကာလ ကိုယ်တော်တိုင် တခါ တည်း ဘယ်လောက်ထိအောင် သိစေချင်လို့ တကာ တကာမ တွေ့ သံသရာအတွက် သနားလွန်းလို့ ဟောတယ်ဆိုတာ ပေါ် လာကြပလား....(ပေါ်လာပါပြီဘုရား)။

ကဲ-ကွာ....တဲ့ ပုဂ္ဂိုလ်လေးမျိုးရှိတယ်ကွ၊ အဲဒီ့ပုဂ္ဂိုလ် **လေး** မျိုးဖြစ်လာတာလဲတဲ့ ဘယ်နှယ်ကြောင့် ဒီပုဂ္ဂိုလ်လေးမျိုးပြား ရသတုံးလို့ တက်လာတယ် ဘုရားက.... (မှန်ပါ) ဟောင်နိုင် တက်လာပြန်ပြီ....(မှန်ပါ)။

ပုဂ္ဂိုလ်လေးမျိုး ပြားတာ ဘယ်သူ့ကြောင့်တုံးကွာ....တဲ့၊ သြော်....ဒါ မောဟနဲ့ ပညာနဲ့ ခြားနားတာဟေ့တဲ့....(မှန်ပါ့ဘုရား) မသိတဲ့ပုဂ္ဂိုလ်နဲ့ သိတဲ့ပုဂ္ဂိုလ် ခြားနားတာဟေ့....တဲ့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး.... (မသိတဲ့ပုဂ္ဂိုလ်နဲ့ သိတဲ့ပုဂ္ဂိုလ် ခြားနားကာပါဘုရား) ရှင်းသွားပြီ....၊ မသိတဲ့ပုဂ္ဂိုလ်နဲ့ သိတဲ့ပုဂ္ဂိုလ် ခြားနားတယ်။

တကာတကာမတို့ ဘာတဲ့.... (မသိတဲ့ပုဂ္ဂိုလ်နဲ့ သိတဲ့ပုဂ္ဂိုလ် ခြားနားပါတယ်ဘုရား)။

အဲ...မသိတဲ့ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်, သိပြီးသကာလ ဝိဇ္ဇာဖြစ်ဘဲ့ ပုဂ္ဂိုလ် ဒီလို နှစ်မျိုးခြားနားလာသကွ....တဲ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဖမ်းလိုက်တော့ကို ပုဂ္ဂိုလ်လေးမျိုး ခွဲတဲ့ အနက်က နှစ်ပုံဘည်း ပုံလိုက်ဖတာ့ နှစ်ပုံနဲ့ပြီးတယ်....(မှန်ပါ့) မှိုဝဲအပ်တဲ့ပုဂ္ဂိုလ် မမှိုဝဲအပ်တဲ့ပုဂ္ဂိုလ်နဲ့ မှိုဝဲအပ်တဲ့ဥစ္စာ, မမှိုဝဲအပ်သည့်ဥစ္စာ ခြားနားမသွားဘူးလား.... (ခြားနား သွားပါတယ်ဘုရား) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

အဲဒါ ဘယ်သူ့ကြောင့်တုံး....လို့ လက်သည်ရှာလိုက်ဘာ့ အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်နဲ့ အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်ဟေ့....တဲ့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်....တဲ့.... (အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်, အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ်

ပါဘုရား) အဝိဇ္ဇာရှိတဲ့ပုဂ္ဂိုလ်နဲ့ အဝိဇ္ဇာမရှိတဲ့ပုဂ္ဂိုလ် ကွာသွားတယ်...(မှန်ပါ)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ ဘုန်းကြီးကဲ့တခြားနေရာက ဘုရားဟောတော်မူတာ ထည့်ပြီး သွင်းလိုက်ပါတော့မယ်၊ သွင်းလိုက်တဲ့အခါကျတော့ တကာ တကာမတို့ ဘုန်းကြီးခိုင်းတဲ့ ခင်ဗျားတို့ စိတ္တာနုပဿနာဖြင့် စိတ္တာနုပဿနာ လုပ်၊ ဝေဒနာနုပဿနာဖြင့် ဝေဒနာနုပဿနာ လုပ် ဆိုတော့ သိတဲ့ပုဂ္ဂိုလ်ထဲ ပါသွားသလား - မသိတဲ့ပုဂ္ဂိုလ်ထဲ ပါသွားသလား... (သိလ်ပုဂ္ဂိုလ်တဲ့ ပါသွားပါတယ်ဘုရား)။

ဒါဖြင့် မှိုဝဲအပ်တဲ့တရားပေါ့... (မှန်ပါ) ဒါဖြင့် ပဏ္ဍိတာနဋ္ဌ သေဝနာ... (မှန်ပါ) ပဏ္ဍိတာနဋ္ဌ=ပညာကို ဖြစ်စေတဲ့ အမောဟကို၊ သေဝနာ=မှိုဝဲလိုက်ပြန်ပြီ (မှန်ပါ) ဝမ်းထဲမှာရှိတဲ့ပညာကို မှိုဝဲလိုက်တယ်... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ပုဂ္ဂိုလ်မှိုဝဲတာလား-ပညာမှိုဝဲတာလား.... (ပညာမှိုဝဲတာပါဘုရား) အဲ... ပဏ္ဍိတာနဋ္ဌ သေဝနာ... (မှန်ပါ)။

ခုနင်က 'အသေဝနာစ ဗာလနံ'ဆိုတာကတော့ မမှိုဝဲအပ်တဲ့ အဝိဇ္ဇာကို မိတ်ဆွေအဖြစ်နဲ့ မှိုဝဲနေတယ်....(မှန်ပါ) ဒါ့ကြောင့် မိုက်သွားတယ်....(မှန်ပါ)။

'ပဏ္ဍိတာနဋ္ဌ သေဝနာ'ဆိုတော့ ဖြစ်ပျက်မြင်တဲ့ မဂ်ဉာဏ် ကလေးပေါ့ဗျာ....၊ ဒါကလေး မှိုဝဲနေလိုက်တဲ့အခါကျတော့ မှိုဝဲအပ်တဲ့တရား မှိုဝဲတယ်....(မှန်ပါ)ပေါ်သွားပြီ... (ပေါ်သွားပါပြီဘုရား)။

ဘယ်လို ပေါ်သွားပါလိမ့်.... (မှိုဝဲအပ်တဲ့တရားကို မှိုဝဲပါ တယ်ဘုရား)။

မှိုဝဲအပ်တဲ့တရားကို မှိုဝဲလိုက်တဲ့အတွက် တကာတကာမတို့ ၃ နဲ့ ၄-ထဲပါသွားတယ်—(မှန်ပါ)၁-နဲ့ ၂-ထဲ ပါသေးရဲ့ လား- (မပါ-ပါ) ဘယ်လောက်ရှင်းသွားပလဲ—(ရှင်းသွားပါပြီ)။

၃-နဲ့ ၄ ထဲ....(ပါသွားပါပြီ) ဒါဖြင့် သူက သံသရာစခန်း သတ်တဲ့ပုဂ္ဂိုလ်....(မှန်ပါ့ဘုရား)။

ကိုင်း- ဒါဖြင့် တကာတကာမဆတ္တ ဘယ်နှယ်ကြောင့် ပုဂ္ဂိုလ် လေးမျိုး ပြားလာပါလိမ့်မတုံးဆိုတော့ အဝိဇ္ဇာနဲ့ ဝိဇ္ဇာကြောင့် (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့် ပုဂ္ဂိုလ်လေးမျိုးပြားသတုံး .... (အဝိဇ္ဇာနဲ့ ဝိဇ္ဇာကြောင့်ပါဘုရား)။

ကောင်းပြီ ၁ နဲ့ ၂-က အဝိဇ္ဇာပုဂ္ဂိုလ် — (မှန်ပါ့)၃-နဲ့ ၄-က (ဝိဇ္ဇာပုဂ္ဂိုလ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိဇ္ဇာဖြစ်ချင်ယင် ဝိပဿနာမှုရ မယ်....(မှန်ပါ့ဘုရား) ဝိဇ္ဇာဖြစ်ချင်ယင် (ဝိပဿနာမှု ရပါ့မယ် ဘုရား)။

ဒါဖြင့် ဒီလိုဖြစ်သွားတော့ သီလကလဲ လုံသွားတယ် .... (မှန်ပါ့)သီလက အလုပ်-လုပ်နေရင်းမတ္တန့်....(လုံသွားပါတယ်) တကာတကာမတွေ့ ·မလုံသေးဘူးလား .... (လုံသွားပါတယ် ဘုရား)။

လုံ့သွားတယ်ဆိုတော့ ကိုင်း .... ဒါဖြင့် ဒီလိုလုပ်ပါစော့ အယင်ပြောတဲ့အတိုင်း မြင်စိတ်ကလေးလာလဲ တကာကြီးလှိုင် မြင်စိတ်ရှုရလိမ့်မယ်....(မှန်ပါ့) ကြားစိတ်ကလေးလာယင် .... (ကြားစိတ်ရှုရပါမယ်) နံစိတ်ကလေးလာယင်... (နံစိတ်ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

စားစိတ်ကလေးလာယင်....(စားစိတ် ဖြစ်ပျက်ရှုရမယ်)ယားစိတ်,ယံ့စိတ်,နာစိတ်, ကောင်းစိတ်လာယင်ကော .... (ယားစိတ်, ယံ့စိတ်, ကောင်းစိတ်ကိုဖြစ်ပျက်ရှုရပါမယ်) ဒါက ကိုယ်ပေါ်မှာ ပေါ်တာကိုး...(မှန်ပါ့ဘုရား)။

ဒါကြောင့် သူက ယားစိတ်, ယံ့စိတ်,နာစိတ်, ကောင်းစိတ်လို့ သူ့အပေါ်မှာ လေးမျိုးပေါ်နိုင်တယ်... (မှန်ပါ့) ကိုယ်ပေါ်မှာ ဖြစ်ပျက်ရှုခေါ့ဗျာ...(မှန်ပါ့ဘုရား)။

ဝမ်းထဲ လောဘကလေး ပေါ်လာယင်ကော .... (ဖြစ်ပျက်ရှုရပါမယ်)ဝမ်းထဲမှာဘဲ ဖြစ်ပျက်ရှု.... (မှန်ပါ့) ဒေါသကလေး ပေါ်လာယင်ကော... (ဖြစ်ပျက်ရှုရပါမယ်) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား) မောဟကလေးပေါ်လာယင် .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ကဲ....သူဟာ နဂိုရိတုန်းက ကျုပ်တို့မမြဲဝဲအပ်တဲ့ တရားလာတယ်... (လာပါတယ်) ကျုပ်တို့က ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ တခါတည်း သူသည်ပင်လျှင် ကျုပ်တို့ကို နိဗ္ဗာန်ပို့တယ် (မှန်ပါ့ဘုရား)။

မမှီဝဲအပ်တဲ့ တရားကဘဲ သူ့ကိုဖြစ်ပျက်ရှုလိုက်တာနဲ့ သူ့ကြောင့် ကျုပ်တို့ဥာဏ်မရဘူးလား....(ရပါတယ်ဘုရား)။

အဲဒါကြောင့် အဆိပ်ဆေးပင် ဖြစ်ငြားသော်လဲ အသုံးချတတ်တဲ့အခါ ရောဂါပျောက်တယ်.... (မှန်ပါ့) အဆိပ်ဆေးပင် ဖြစ်ငြားသော်လဲ .... (အသုံးချတတ်တဲ့အခါ ရောဂါပျောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားက"သမောဟံ ဝါ စိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ"လို့ ဟောတော်မူရတယ်.... (မှန်ပါ့) မဟောထိုက်ဘူးလား....(ဟောထိုက်ပါတယ်) မောဟစိတ်လဲ ဖြစ်ပျက်ရှုကွဲ့ (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

မောဟစိတ်လဲ...(ဖြစ်ပျက်ရှုရပါမယ်) သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ့ ကုသိုလ်ပြုချင်တဲ့စိတ်ကလေး တခါပေါ်လာပြန်လဲ ဘာလုပ်ကြမလဲ... (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

မေတ္တာပို့ချင်တဲ့ စိတ်ကလေးလာယင် .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) တရားအားထုတ်နေတုန်း မေတ္တာပို့မနေပါနဲ့.... (မှန်ပါ့) လာသ၍စိတ်ကို ဖြစ်ပျက်ရှုပါ... (မှန်ပါ့)ဟုရား အားမထုတ်ခင်တော့ ပို့ချင်ပို့ပါ... (မှန်ပါ့ဘုရား)။

တရား အားထုတ်နေတုန်းတော့ လာတဲ့စိတ်တွေဟူသ၍ ဘာလုပ်ရမတုံး...(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်ပါတဲ့။

ကဲ...တကာတကာမတို့ လေကလေးထုတ်တဲ့ စိတ်ကလေး လာယင်ကော....(ဖြစ်ပျက်ရှုရပါမယ်) သွင်းတဲ့စိတ်ကလေး လာယင်....(ဖြစ်ပျက်ရှုရပ ါမယ်ဘုရား)။

ဖြစ်ပျက် ရှုလိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ကိုယ့်ဉာဏ်က မဂ်တွေ့ဖြစ်ပြီးသကာလ သမ္မာဒိट्ठိဆိုတဲ့ အမောဟဖြစ်တယ် .... (မှန်ပါ့) မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါ မောင်နိုင် ဒီဥစ္စာဘယ်ထဲပါသွားပါလိမ့်မတုံး.... (၃-နဲ့ ၄-ထဲပါသွားပါတယ်ဘုရား) ၃-နဲ့ ၄-ပုဂ္ဂိုလ်ဖြစ်သွားတယ်.... (မှန်ပါ့)။

တကာတကာမတို့ ဘယ်အထဲပါသတုံး.... (၃-နဲ့ ၄-ထဲပါပါ တယ်ဘုရား)။

အဲဒါကြောင့် မီဘ, ဆွေမျိုး, ဥတကစ, မတော်ဘူးသည် မရှိတော့ ဘြော်....ဒီအလုပ်ကိုမှ ကောင်းစွာလုပ်ပြီး ဒီတကာ တကာမတွေ့ မပေးလို့ ရှိယင် အမှိုဝဲတော့ လွဲကုန်တော့မှာဘဲ... (မှန်ပါ့) အဆည်းကပ်တော့...(လွဲမှာပါ) သဘောကျပလား... (ကျပါပြီဘုရား)။

ဒီအလုပ်- လုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ဘြော် .... ဝိဇ္ဇာမှိုဝဲကြ .... (မှန်ပါ့)ဝိဇ္ဇာမှိုဝဲတဲ့အတွက် မှိုဝဲလဲမှန်သွားတယ်... (မှန်ပါ့ဘုရား) ဆည်းကပ်တာကော....(မှန်ပါတယ်) ယောဂီသော မနသိကာရ ကော... (ဖြစ်ပျက်ပါ)ဖြစ်သွားတယ်၊ သဘောကျပလား.... (ကျ ပါပြီဘုရား) ဘာလိုသေးသတုံး မေးလို့ရှိယင် မလိုတော့ပါဘူး (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒို့မှာဖြင့် ပုဂ္ဂိုလ်လေးမျိုး ၁-နဲ့၂-ရှောင်ပြီးသကာလ ၃-နဲ့ ၄-သာလျှင် ပုဂ္ဂိုလ်ကောင်း၊ ကိုယ်၏ချမ်းသာခြင်း, စိတ်၏ချမ်းသာခြင်းကို သူသာရနိုင်တယ်....(မှန်ပါ့ဘုရား)။

သံသရာမှာ တခါဘည်း ချမ်းသာစစ် ချမ်းသာမှန်ကို သူသာလျှင် ရနိုင်တဲ့ပုဂ္ဂိုလ် ဖြစ်လေသောကြောင့် မြိုစဲအပ်တဲ့ဝိဇ္ဇာကိုဘဲ မောင်နိုင်တို့ ဘာလုပ်ရမလဲ....(မြိုစဲရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့ သာ အတူတူနေပါ.... (မှန်ပါ့) ဘယ်လိုပါလိမ့် .... (ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့ အတူတူနေရပါမယ် ဘုရား)။

ဖြစ်ပျက်ရှုတဲ့ဉာဏ်နဲ့ သာ အတူတူနေကြမယ် ဆိုလို့ရှိယင် တကာတဏာမတို့ ခင်ဗျားတို့သည် အင်မတန် အဘိုးတန်ပြီးသကာလ မြိုစဲအပ်သည့်တရားမြိုစဲ, ဆည်းကပ်အပ်တဲ့တရား ဆည်းကပ်သောကြောင့် ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းဆိုတဲ့ "ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ" ဆိုတဲ့ ဩဝါ....ဒီသတိပဋ္ဌာန်လုပ်ယင် ဒုက္ခဒေါမနဿ ချုပ်တာဘဲ....(မှန်ပါ့ဘုရား)။

ပါဠိတော်နဲ့ကော ကိုက်ပလား ... (ကိုက်ပါပြီ) သောက, ပရိဒေဝတွေကော....(ချုပ်ပါတယ်) ချုပ်မယ်ဆိုတာ မံသေချောဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် တကာဟကာမတို့ ယနေ့တရားမှာ အင်မတန်မှ အလုပ်ခွင်ထဲ သွင်းလိုက်တဲ့အခါကျတော့မှ ၁-နဲ့ ၂- ရှောင်ပြီး

သကာလ ၃-နဲ့ ၄-ဟာဖြင့် သံသရာစခန်းသတ်တဲ့ ပုဂ္ဂိုလ်တွေမှာ မိုဝဲအပ်တဲ့တရား မိုဝဲမှသားလျှင် လိုရင်းကိစ္စပြီးတော့မယ် ဆိုတာ ဖြင့် ယနေ့ ရှင်းရှင်းလင်းလင်း သဘောကျပြီ... (ကျေပါပြီ) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင်တော်ကြပါဦးစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
ပုထုဇန်နဲ့ အရိယာ ဝေဒနာခံစားကြပုံ၊
ဝေဒနာလေးယင် ထိုးစစ်ဆင်ရမည်။

ညအလုပ်ပေး တရားတော်

(၂၀ - ၄ - ၆၂)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးလက်ထက်က ရဟန်းတွေက မေးကြတယ်တဲ့....၊ ဘယ်လို မေးသလဲလို့ မေးတော့... ဝေဒနာဆိုတာဘုရား...ပုထုဇန်မှာလဲ ဝေဒနာရှိတာဘဲ၊ ရဟန္တာတွေ, ဘုရားတွေမှာလဲ ဝေဒနာရှိတာဘဲ၊ ဝေဒနာခံစားကြတာဘဲ၊ ခံစားပုံချင်း ဘယ်လိုထူးသလဲတဲ့...၊ ဒါကို အမေးထုတ်လိုက်တယ်...(မှန်ပါ)။

ခံစားပုံချင်း ဘယ်လိုထူးသလဲလို့ အမေးထုတ်လိုက်တယ်၊ အမေးထုတ်လိုက်တော့ ပုထုဇန်ခံစားတာကို ငါအရင်ရှင်းပြမယ်ကွာ...တဲ့၊ ပုထုဇန်ကတော့ကွာ....တဲ့ ခန္ဓာကိုယ်ထဲမှာ နာတဲ့ဒုက္ခဝေဒနာ ဖြစ်တယ်တဲ့၊ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာဖြစ်တယ်၊ ဥပမာ တခုခုနဲ့ ထိခိုက်တယ်၊ဒီလို ဝေဒနာဖြစ်တဲ့အခါကျတော့ ပြင်ဘက်က ဒုက္ခဝေဒနာဖြစ်တော့ အတွင်းက ဒေါမနဿ ဖြစ်တယ်ကွတဲ့...(မှန်ပါ)။

အဲဒီတော့ ပုထုဇန်မှာ လှ ်တချက်ထိုးလိုက်တာ နှစ်ချက်ထိ သွားတယ်တဲ့၊ပြင်ဘက်ထိုးလိုက်တာပြင်ဘက်လဲ ထိတယ် အတွင်း လဲ ထိတယ်တဲ့၊ ကိုယ်ပေါ်မှာတချက် ဝမ်းထဲမှာတချက် သွား ထိတယ်....(မှန်ပါ့)ဒါ ပုတုဇန်ကွ....တဲ့။

အဲဒီတော့ ပုထုဇန်မှာတဲ့ ကိုယ်ပေါ်မှာတချက်, ဝမ်းထဲမှာ တချက် ထိသွားတော့ကိုတဲ့ ဩော်...ဒီဝေဒနာ ကိုယ်၏ ဆင်းရဲ ခြင်း စိတ်၏ဆင်းရဲခြင်းဆိုတဲ့ ဝေဒနာနှစ်မျိုးဟာ သက်သာ ယင် ကောင်းမှာဘဲဆိုတဲ့ တဏှာတောင် လာလိုက်သေးတယ်တဲ့- (မှန်ပါ့)။

ပုထုဇန်မှာ သက်သာယင် ကောင်းမှာဘဲဆိုတဲ့ တဏှာ လာ လိုက်သေးတယ်....တဲ့။

ဒီတဏှာ လာတဲ့အခါကျလို့ရှိယင်လဲ ဒီတဏှာကို ဘယ်လို နည်းနဲ့မှ ချုပ်အောင် မတတ်နိုင်တော့ဘူးလို့ သူ့စိတ်ထဲမှာ ပေါ်နေတော့ အဝိဇ္ဇာပါ ဝင်လာသေးတယ်ကွတဲ့....(မှန်လှပါ ဘုရား)။

တဏှာချုပ်တဲ့ နည်းကိုလဲ သူ မရှာတတ်တဲ့အတွက် အဝိဇ္ဇာ နောက်ထပ် တိုးလာတယ်ဆိုတော့ကို လေးချက် ဖြစ်သွားပြီ .... (မှန်ပါ့)။

ဒုက္ခဝေဒနာတခု ပေါ်တယ် ဦးအောင်ဇ ်ဝေ...ဝမ်းထဲက ဒေါ်မနုဿတချက်ဖြစ်တယ်....(မှန်ပါ့) ဒေါ်မနုဿဖြစ်တော့ ပျောက်ချင်တဲ့ တဏှာက လာပြန်တယ်....(မှန်ပါ့)။

ဒီတဏှာချုပ်အောင် ဘယ်လိုကျင့်ရမယ်ဆိုတာ မသိပြန်တော့လဲ အဝိဇ္ဇာက လာပြန်ဘယ်တဲ့....(မှန်ပါ) မလာဘူးလား-(လာပါတယ်ဘုရား)။

ဒါဖြင့် သူ့မှာ လေးချက်ဖြစ်နေတယ် ပုထုဇဉ်မှာ·(မှန်ပါ) ဒါ ပုထုဇဉ်တိုင်းမှာ ဦးဘသန်း.... ဒီအတိုင်း မှတ်ပါ — (မှန်ပါ ဘုရား)။

ပြန်ပြောပါဦးမယ် တခေါက်၊ ကိုယ်ခပါမှာ အပ်ကခလေးနဲ့ ထိုးမိတယ် ဦးအောင်ဇံ ဝေ...ခန္ဓာကိုယ်ပေါ်မှာ မတော်တဆ ဒုက္ခဖြစ်ဘယ်၊ ဝမ်းထဲကလဲ ဒေါမနဿ သွားဖြစ်ဘာဘဲ၊ နှစ်ချက်ဖြစ်သွားတယ်၊ ဖြစ်တာက တချက်တည်း နောက်တချက်က အပိုပါလာတယ် ဦးဘသန်းရဲ့နော်... (မှန်ပါ)။

နောက်ကျတော့ ဦးအောင်ဇံ ဝေက ဘယ့်နှယ်ဖြစ်လာသဘုံးလို့ မေးတဲ့အခါကျတော့ ဒီဟာ ပျောက်ချင်တဲ့ တဏှာ လာပြန်တာဘဲ၊ မလာဘူးလား .. (လာပါတယ်ဘုရား)။

ပျောက်ချင်တဲ့တဏှာ လာပြန်တော့ သူ့မှာ မကောင်းတာ သုံးခုဖြစ်သွားပြီ ... ဒုက္ခ, ဒေါမနဿ, တဏှာ သုံးခု... (မှန်ပါ ဘုရား)။

ဒီတဏှာကို ဘယ်လိုမျိုး ဖြတ်ရပါ့မတုံးဆိုတဲ့ ဉာဏ်ကလဲ သူ့မှာ မရှိဘူးတဲ့၊ ပုထုဇဉ်မှာမရှိတဲ့အတွက် တဏှာဖြစ်ကြောင်းဖြစ်တဲ့ အဝိဇ္ဇာကလဲ နောက်ထပ် လာပြန်တာဘဲ...(မှန်လှပါ ဘုရား)။

ဘယ်နှစ်ချက်လာသတုံး.... (လေးချက်လာပါတယ်ဘုရား) လေးချက်လာတယ်။ အဲဒါ ပုထုဇန်ဝေဒနာ ခံစားလို့ရှိယင် အခုပြောခဲ့တဲ့ တချက် ထိလိုက်တာနဲ့ သုံးချက်ပေါ်တယ် .... (မှန်ပါ့ဘုရား)။

ကိုယ်ပေါ်မှာ တချက်ထိတာနဲ့ မောင်နိုင်မှာ သုံးချက်ပေါ်သေးတယ်။ ဒေါမနဿတချက်, လောဘက တချက်, အဝိဇ္ဇာ တချက်....(မှန်ပါ့) ဘယ်နှစ်ချက်လာသတုံး.... (သုံးချက်လာပါတယ်ဘုရား)။

တချက်ထိတာနဲ့ နောက်သုံးချက် တခါတည်း လာတယ်ကွ... တဲ့....။ အဲဒါ ပုထုဇန်ဝေဒနာခံစားတာ ဒီလိုဘဲ....(မှန်လှပါဘုရား)။

ဒါဖြင့် ဘုရား... တဲ့ အရိယာဝေဒနာ ခံစားတာ ပြောစမ်းပါဦးတဲ့။ တနည်း အရိယာတို့၏ တပည့်သား။ ဟပည့်သားဆိုတော့ ခင်ဗျားတို့ ကျတယ်....(မှန်ပါ့)။

အရိယာတို့၏ တပည့်သား ခံစားတဲ့ ဝေဒနာ ပြောစမ်းပါဦးလို့ ဆိုတော့ကွာ... တဲ့ သူတို့ကတော့ကို....တဲ့ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာဖြစ်တယ်။ သူက လှံနဲ့ တချက်ထိုးလိုက်တယ်ဆို ကိုယ်က တခါ ပြန်ပြီ ထိုးတယ်။ သူက တချက်ထိုးလိုက်ယင် ကိုယ်က တချက် ပြန်ထိုးရမယ်....(မှန်ပါ့)။

သူက ဒုက္ခဝေဒနာ ပေါ်တယ်ဆို ကိုယ်က ဖြစ်ပျက် ရှုချလိုက်.. (မှန်ပါ့ဘုရား)။

ဖြစ်ပျက် ရှုချလိုက်တော့ကို ဦးဘသန်းက စဉ်းစား, မောင်ထွန်းအောင်က စဉ်းစား ဒေါမနဿလာသေးရဲ့လား....(မလာပါဘုရား)။

လောဘကော....(မလာပါဘုရား)မောဟကော....(မလာပါဘုရား) အဲဒါ ထူးတယ်ကွ...တဲ့.... (မှန်ပါ့ဘုရား) ထူးသွားပြီတဲ့....၊ ဒါက သဠာယတနဝဂ္ဂသံယုဘ်မှာ လာတယ်...(မှန်လှပါဘုရား)။

အဲဒီတော့ ဦးအောင်ဇံဝေက စဉ်းစား ဒုက္ခတတန်းကြီးဖြစ်နေတယ်ဆိုတာ ကိုယ်ကပြန်မထိုးတတ်လို့ ဖြစ်တာ.. (မှန်ပါ့) ပေါ်သွားပြီ....(မှန်ပါ့ဘုရား)။

ကိုယ်ကပြန်ပြီး တချက်မထိုးတတ်လို့ပါ၊ သူက ဒုက္ခဘချက်ထိုးလို့ရှိယင် ကိုယ်ကဉာဏ်နဲ့ တချက်ထိုးရမယ် .... (မှန်ပါ့) ဉာဏ်နဲ့တချက် ထိုးလို့ရှိယင် ဒေါမနဿပြတ်သွားမယ် .... (မှန်ပါ့ဘုရား)။

ဒေါမနဿပြတ်သွားယင် ပျောက်ချင်တဲ့ လောဘကကော လာသေးရဲ့လား.... (မလာပါ) လောဘမှ မလာလို့ရှိယင်လဲ လောဘ ဘယ်လိုချုပ်အောင် လုပ်ရပါ့မတုံးဆိုတာကို မသိတဲ့ အဝိဇ္ဇာကော လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ကို စဉ်းစားလိုက်ပါတဲ့၊ ဒေါမနဿရယ်,လောဘရယ်, အဝိဇ္ဇာရယ်၊ ဒါ့ဖြင့် လောသ, ဒေါသ, မောဟအကုန်ချုပ်ဘယ်... (ချုပ်ပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လောဘ,ဒေါသ,မောဟ, အကုန်ချုပ်တယ်တဲ့ အဲဒီတော့ကို ခင်ဗျားတို့ ကျင့်ကြံဘဲ့အခါမှာ ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာ ဒုက္ခ

စိတ်တော့ ပေါ်မှာဘဲ.... (မှန်ပါ)ပေါ်ယင် ဉာဏ်နဲ့ပြန်ထိုးဖြစ်အောင်ထိုး....(မှန်ပါဘုရား)။

ဉာဏ်နဲ့ ပြန်ထိုးလိုက်တဲ့အခါကျလို့ရှိယင်ဖြင့်....တဲ့ ခုနင်ကပြောတဲ့ နောက်ဆက်တဲ့ သုံးခု- ပဋ္ဌိစ္စသမုပ္ပါဒ်အဆုံးက ပြန်ပတ်မှာလဲ မလာဘူး... (မှန်ပါ) အလယ်က စ,မှာလဲ...(မလာပါ) အစ,က စ,မှာကော...(မလာပါဘုရား) မလာဘူး သုံးချက်ပြတ်သွားတယ်။

သို့သော်....ဒါကလေး ရှင်းပေးလိုက်ပါဦးမယ်၊ ဒေါနဿ မလာဘူးဆိုကတည်းက ပဋ္ဌိစ္စသမုပ္ပါဒ်,သောက,ပရိဒေဝ,အဝိဇ္ဇာ ချုပ်သွားတယ်...(မှန်ပါ) မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ဒါ... ပဋ္ဌိစ္စသမုပ္ပါဒ် အဆုံးကချုပ်တာ.... (မှန်ပါ) လောဘ မလာဘူးဆိုကတည်းက ပဋ္ဌိစ္စသမုပ္ပါဒ် အလယ်က ဖေါက်ပြီး စ,သေးရဲ့လား.... (မစ,ပါဘုရား) မစ,ဘူး၊ တဏှာ,ဥပါဒါန်, ကံ,လာသေးရဲ့လား... (မလာပါဘုရား) ဒါဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်နှစ်ချက်ပြတ်သွားပြီ။

ကဲ....တခါ သွားလိုက်ပါဦး ချုပ်ရာ ချုပ်ကြောင်းအကျင့်ကို မသိသောကြောင့် အဝိဇ္ဇာကကော မလာဘူးလား....၊ တဏှာ ချုပ်ရာ,ချုပ်ကြောင်း အကျင့်ကိုမသိတော့ အဝိဇ္ဇာလာတယ်လို့ ခုနင်က ပြောထားတယ်....(မှန်ပါ)။

အဲဒါကော ဒီလိုရှုလိုက်တော့ တဏှာပါ ချုပ်သွားတယ်... (ချုပ်ပါတယ်ဘုရား) ချုပ်သွားတော့ အဝိဇ္ဇာကော လာသေးရဲ့လား....(မလာတော့ပါဘုရား)။

သိလို့ရှုတဲ့ပုဂ္ဂိုလ်မို့ မလာတာ၊ သိလို့ရှုတဲ့ပုဂ္ဂိုလ်မို့ မလာသောကြောင့်လဲ ပဋ္ဌိစ္စသမုပ္ပါဒ် အစ,က ပြန်ချုပ်တယ်-(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုမသိ,ဘမသိ ပုတုဇန်လူမိုက်တွေမှာဖြင့် ဒုက္ခလာယင် ဒေါ်မနဿလိုက်တယ်, လောဘလိုက်တယ်, အဝိဇ္ဇာ လိုက်တယ်....(မှန်ပါ့)။

သို,ကြား,လိမ်မာတဲ့ သတိပဋ္ဌာန်သမားတွေ, အရိယာအစစ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ, သို့မဟုတ် အရိယာတို့၏ တပည့်သား ဖြစ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သူကတချက်- ဒုက္ခက တချက်ထိုးလိုက်ယင် ကိုယ်က ဥာဏ်နဲ့ တချက်ပြန်ထိုး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဥာဏ်နဲ့ တချက်ပြန်ထိုးတဲ့အတွက် ဒေါ်မနဿက စ,ချုပ်တယ်... (ချုပ်ပါတယ်ဘုရား) ပြီးတော့ လောဘကော....(ချုပ်ပါတယ်ဘုရား) အဝိဇ္ဇာကော....(ချုပ်ပါတယ်ဘုရား)။

အဲဒါ....ပုထုဇန်တို့၏ ဝေဒနာခံစားပုံနဲ့ အရိယာ- သို့မဟုတ် အရိယာတို့၏ တပည့်သား ဝေဒနာခံစားပုံနဲ့ ဤကဲ့သို့ ခြားနားပါတယ်ကွာ....တဲ့၊ ဘုရားက သဠာယတနဝဂ္ဂသံယုတ်မှာ သေသေချာချာ ဝေဘန်တယ်.... (မှန်ပါ့) အဘိုးမတန်ဘူးလား.... (အဘိုးတန်ပါတယ်ဘုရား)။

အဲဒါက ဒီတရားကို ယခု စ,ပြီးတော့ ဟော့ခြင်းသည် ခင်ဗျားတို့ အလုပ်ခွင်ဝင်တဲ့ အချိန်မှာ သူတချက် ကိုယ်တချက်

မိုအောင်လုပ်ပါ....(မှန်ပါ့) ဒုက္ခက တချက်- ဥာဏ်က တချက် (မှန်ပါ့)။

ဒုက္ခကတော့ လာမှာဘဲ...(မှန်ပါ့)ဒုက္ခက ဘုရားမှာလဲ လာတာဘဲ၊ ဘုရားမှာလဲ မှတ်ထားလိုက်စမ်းပါ၊ကာယိက ဒုက္ခတော့ ရှိတာဘဲ- စေတသိက ဒုက္ခ မရှိဘူး...(မှန်ပါ့) စေတသိက ဒုက္ခ ဆိုတာ ဝမ်းထဲမှာ ဒေါမနဿ မပေါ်ဘူး၊ သူ့ကို မဂ်နဲ့ပယ်ပြီး သားဖြစ်နေတယ်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့မှာတော့ မဂ်နဲ့ မပယ်ရသေးတော့ကို ကိုယ်ပေါ်မှာ ကာယိက ဒုက္ခရှိတယ်ဆိုယင် ဝမ်းထဲက ဒေါမနဿ လိုက်တယ်....(မှန်ပါ့)။

ဒေါမနဿ လိုက်တဲ့အခါကျတော့ ဒေါမနဿက မကျေနပ်တော့ဘူး၊ နာတဲ့ဥစ္စာကို မကျေနပ်၊ မကျေနပ်တော့ ပျောက်ချင်တဲ့ တဏှာက လာ....၊ တဏှာချုပ်ရာ ချုပ်ကြောင်းမသိတဲ့ အဝိဇ္ဇာကလဲ လာပြန်တယ်...(မှန်ပါ့) မလာဘူးလား... (လာပါတယ်ဘုရား)။

ဤကဲ့သို့ လာသောကြောင့် ခင်ဗျားတို့မှာ တချက်ထိုးလိုက်တာနဲ့ ဝှာခါတည်း ဒဏ်ရာသုံးချက်လောက်ရသွားတယ်-(မှန်ပါ့ ရပါတယ်ဘုရား)။

ဦးဘသန်း တချက်ထိုးလိုက်ယင် ဒဏ်ရာသုံးချက် ရတာပဲ၊ ပဋ္ဌိစ္စသမုပ္ပါဒ်သုံးမျိုးပေါ်တယ်...(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ပြင်နည်းကို သေသေချာချာ မှတ်ပါ၊ ဒါ - အလုပ်ခွင်မှာ ပြင်ရအောင် ဟောတာ....(မှန်ပါ့)၊

ခင်ဗျားတို့ ကိုယ်ပေါ်မှာ ယားတယ် ယားတဲ့နေရာ ဖြစ်ပျက်ရှု၊ နာယင် နာတဲ့နေရာ ဖြစ်ပျက်ရှု၊ ဒေါမနဿ မလာစေနဲ့.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ခင်ဗျားတို့ ဝိပဿနာမဂ်နဲ့ ရှုတာ ဖြစ်နေသောကြောင့် ဦးဘသန်းတို့ ဒေါသချုပ်တယ်- လောဘချုပ်တယ်- မောဟချုပ်တယ်... (မှန်ပါ့) မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

ဒီလိုဆိုတော့ကို သြော်....အရိယာတို့၏ တပည့်သားမှာတော့ ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒီ သုံးချက်ပြတ်သွားတယ်.... (မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား) ပုထုဇဉ်မှာတော့ဖြင့် လေးကျအောင် လာမှာဘဲ....(မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

၁-က ဒဏ်ရာရပြီး ၂-မှာ ဒေါမနဿဖြစ်တယ်၊ ၃-မှာ လောဘဖြစ်တယ်....(မှန်ပါ့) ၄-မှာ မောဟသွားဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ ပုထုဇဉ်နဲ့အရိယာ ဘာထူးသလဲလို့ •အရိယာတို့၏ တပည့်သားနဲ့ မသိတဲ့ပုထုဇဉ်ပုဂ္ဂိုလ်နဲ့ ဘာထူးသလဲဆိုတော့ အခု ယနေ့ထူးတဲ့အကြောင်း သေသေချာချာ ရှင်းပြတယ်... (မှန်ပါ့ဘုရား) ပေါ်သွားပလား.... (ပေါ်သွားပါပြီဘုရား)။

အဲဒါက မောင်ထွန်းအောင်တို့ သေသေချာချာ မှတ်ပါ....၊ သြော်... ဒါ-အခုဟောတာ ဆရာဘုန်းကြီးကဖြင့် ဟောနေပြီ-သုံယုတ်ပါဒြီတော်ကြီးကို ဟောနေတာဘဲ၊ ဒို့-ဘယ်နေရာ အသုံးချရမှာတုံးဆိုတော့ အသုံးချတဲ့နေရာက အလုပ်ခွင်မှာ...(မှန်ပါ့ဘုရား)။

ဦးဘသန်း ဘယ်မှာတုံး....(အလုပ်ခွင်မှာပါဘုရား)အဲဒီတော့ အလုပ်ခွင်မှာ အသုံးချရမှာ၊ အခုဟာက နည်းယူတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခုဟာက ဘာတုံး....(နည်းယူတာပါဘုရား) အသုံးချရမှာကတော့....(အလုပ်ခွင်မှာပါဘုရား)။

အဲဒီတော့.... အရိယာကတော့ ပြန်ထိုးနှိုင်တဲ့ သတ္တိရှိတယ်၊ ပုထုဇန်ကတော့ သူထိုးသ၍ ခံစားရတဲ့သတ္တိရှိတယ်.... (မှန်ပါ့) မကွာခြားဘူးလား....(ကွာခြားပါတယ်ဘုရား)။

ဒါ့ကြောင့် အရိယာမှာလဲ ဒုက္ခဝေဒနာရှိတာဘဲ၊ ပုထုဇန်မှာလဲ ဒုက္ခဝေဒနာရှိတာဘဲ၊ ဘာထူးသတုံး- ဝေဒနာခံစားပုံချင်း ဘာထူးသတုံးဆိုတော့ ဟောဒီလိုထူးသကွ၊ အခုပြောပြီးသား အတိုင်း ထူးသကွ-ဆိုတာ ဘုရားက သေသေချာချာ တာဝန်ခံပြတယ်...(မှန်ပါ့)။

ဒါ... ခင်ဗျားတို့ တသက်နဲ့ တကိုယ် မနာဘူးဘူး...(မနာဘူး၊ ပါဘုရား) မနာဘူးဘူး....တဲ့၊ အင်မတန် အရေးကြီးတယ်။

ကဲ... ဒါဖြင့် အလုပ်ခွင်ဝင်တော့မယ်ဆိုယင် သူကလဲ ထိုင်ပါ

များယင်လဲ လာတတ်တယ်....၊ အောက်ပိုင်းက ဒုက္ခဝေဒနာ-ဒုက္ခစိတ်ပေါ့ဗျာ... (မှန်ပါ့) ဝေဒနာနဲ့ စိတ်ဟာ အတူတူဘဲနော် အတူတူဘဲ သဟဇာတတွေ... (မှန်ပါ့) 'သဟဇာတ ပစ္စယော' ဆိုတာ သဘောကျတယ်မဟုတ်လား ဦးဘသန်း တက္ခ ဖြစ်တာတွေ....(မှန်ပါ့)။

အဲဒီတော့.... ဘုန်းကြီးက စိတ္တာနုပဿနာပေးပြီးသကာလ နေတော့ ဩော်....ဒါ-ဒုက္ခစိတ်ရှုရုံဘဲဆိုတာ မှတ်လိုက်....(မှန်ပါ့ ဘုရား) ဒုက္ခစိတ်က တကိုယ်လုံး ပေါ်နိုင်တယ်.... (မှန်ပါ့)။

မပေါ်တဲ့နေရာကို ဘုန်းကြီး ရှင်းပြလို့ ရှိယင် ဆံဖျားမှာ မပေါ်ဘူး၊ အရေခြောက်မှာ မပေါ်ဘူး၊ ခြေသည်းဖျား-လက်သည်းဖျားမှာ မပေါ်ဘူး....(မှန်ပါ့)။

ဆံဖျား, ခြေသည်းဖျား, လက်သည်းဖျား, အရေခြောက် ဒီသုံးနေရာမှာ မပေါ်ဘူး၊ ကျန်တဲ့နေရာ သူပေါ်နိုင်တဲ့နေရာ ချည့်ဘဲ... (မှန်ပါ့)အဲ....ပေါ်တဲ့နေရာကို ဉာဏ်လိုက်ပါ(မှန်ပါ့ ဘုရား)။

ခေါင်းပေါ်က ယားယင် ခေါင်းပေါ်လိုက် ဟုတ်လား.... (မှန်ပါ့)ခြေထောက်က ကျင်ယင်ကော .... (ခြေထောက်လိုက်ရ ပါမယ်)သူက တချက်လာယင် ကိုယ်က တချက်လုပ်....(မှန်ပါ့ ဘုရား)။

အခု တကာတကာမတွေ သူကတပြိုင်တည်းဆိုတာ ကိုယ်က မထိုးနိုင်လို့ သူချည့်သွားတာ၊ ကိုယ်က မဖြတ်နိုင်ဘူး-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိုယ်ဖျင်းမှုဆိုတာ ဒါဘဲ၊ ဩော်....သူကတချက်ထိုးယင် ကိုယ်ကတချက်ပြန်ထိုးရမှာကို မထိုးနိုင်လို့ လှမ်းမိုးသွားတာကိုး....(မှန်ပါ့) ပေါ်ပလား(ပေါ်ပါပြီ)မထိုးနိုင်လို့နော်။

ဝတ္ထုသက်သေသာဓက ထုတ်လိုက်တော့ ရှေးက ရဟန်းတွေကို ကျားကြီးလာချီတော့· ရဟန်းပေါင်း ၁၂ဦးဆယ်လောက်တောထဲမှာနေတာစကားမပြောကြစတမ်းဆိုပြီးကတိကဝတ်ထားတာနဲ့ ညကျတော့ ကျားတကောင်က ရဟန်းတပါးတပါးကို လာလာချီတဲ့အခါမှာ စကားမပြောရဘူးဆိုတဲ့ ကတိမဖျက်ဘဲနဲ့ အချီခံတယ်၊ အော်ခြင်းပြုခြင်း မရှိဘူး....(မှန်ပါ့) ကတိကဝတ်တည်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒါနဲ့ နောက်တော့ မထေရ်ကြီးက ဥပုသ်နေ့ သံဃာတွေစည်းဝေးတဲ့အခါ ဒို့ရဟန်းတွေ နည်းသွားပြီ·ဘာဖြစ်လို့တုံး-အရှင်ဘုရားက ဘုရား တရားအားထုတ်တဲ့နေရာမှာ မအော်ရ, စကားမပြောရ ဆိုတာနဲ့ ညအချိန် ကျားက လာချီတဲ့အခါ ဒီအတိုင်းဘဲ အသေခံသွားကြတယ်၊ အော်ခြင်းပြုခြင်းမရှိဘူးတဲ့၊ ကူပါဦး-ယူပါဦးဆိုတာ မလာဘူးတဲ့....(မှန်ပါ့ဘုရား)။

ဟာ... ဒါဖြင့် မဟုတ်ဘူးကွ၊ ဒီလိုအန္တရာယ်နဲ့တွေ့တော့ အော်ရမယ်၊ကူပါဦး·ယူပါဦးဆိုတော့ ဒို့ဂေါင်ဝေ့းတွေဘာတွေနဲ့ လိုက်ချောက်လို့ရှိယင် ဒီကျားဟာ ပြေးရမယ်(မှန်ပါ့)ဆိုပြီး နောက်တော့ ကတိကဝတ်ကို တခါ ကိစ္စကြုံယင် ပြောနိုင်တယ်ဆိုပြီး ချင်းချက်ထားပစ်လိုက်တယ်....(မှန်ပါ့ဘုရား)။

နောက်တော့ ဒီကျားက စားနေကျဖြစ်တော့ လာပြန်တာဘဲ လာပြီးတပါးကို ချီပြန်တာဘဲ၊ ချီတော့ရဟန်းကလဲ ကယ်ပါ-ယူပါအော်တော့ ကျားကလဲပါးတော့ တခါတည်းဆွဲပြီးတော့ ကျောပေါ်တင်ပြီးတော့ ချောက်ဟိုဘက်ခုန်သွားတယ်(မှန်ပါ) ဒီက ရဟန်းတွေက မလိုက်နိုင်တော့ဘူး ညကြီးလဲဖြစ်နေတယ်-(မှန်ပါ)ကြားက ချောက်ကြီးကလဲ ခြားနေတယ် ... (မှန်ပါ)။

ဒါနဲ့ ဒို့တာဝန်ကုန်ပြီဟေ့ .... မင်းသတိပဋ္ဌာန်သာ နှလုံးသွင်းပေတော့ဆိုပြီး ဒီကနေပြီး အသံပေးကြတယ်.... (မှန်ပါ)။

ဒို့ချောက်လှန့်တဲ့ကိစ္စဖြင့် ဒို့လဲကူးမလာနိုင်တဲ့အတွက် ဒို့တာဝန်ဖြင့်ကုန်ပြီ၊မင်းဘဲလုပ်တော့ဆိုတော့ တခါတည်းကျားက ခြေမျက်စိက စ, ကိုက်တယ်၊ ကိုယ်တော့ ဒုက္ခဝေဒနာပေါ်တာဘဲ (မှန်ပါ) တချက်ပြန်ထိုးတယ် သူက....(မှန်ပါ)။

တချက်ပြန်ထိုးလိုက်တဲ့ အခါကျတော့ တကယ်တမ်းအနာမရှိတော့ဘူး၊ အဲဒီကျတော့ ဖြစ်ပျက်သာ တွေ့တော့တယ် ... (မှန်ပါ)ဖြစ်ပျက်ဆိုတော့ နာသေးရဲ့လား... (မနာပါဘုရား)။

အဲ....မနာယင်တော့ ဖြစ်ပျက်နဲ့- မဂ်နဲ့သွားကိုက်တယ် .... (မှန်ပါ) နာယင်တော့ ဝေဒနာနဲ့သွားတဲ့တယ် ... (မှန်ပါ) ဝေဒနာနဲ့ ဉာဏ်နဲ့သွားတဲ့တာတမျိုး၊ ဖြစ်ပျက်နဲ့ ,မဂ်နဲ့ကိုက်တာကတမျိုး....(မှန်ပါ)ရှင်းကြရဲ့လား....(ရှင်းပါပြီဘုရား)။

ဝေဒနာနဲ့ ဉာဏ်နဲ့တွေ့တာကတမျိုး....(မှန်ပါ)ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ကိုက်တာက....(တမျိုးပါဘုရား)။

ဝေဒနာနဲ့ ဉာဏ်နဲ့ကိုက်ယင် ဒါဟာတဲ့ ဘာတုံးဆိုလို့ ရှိယင် နာမပရိစ္ဆေဒဉာဏ်ဘဲ သွားဖြစ်တယ်...(မှန်ပါ) ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ယုင် တခါတည်း ဝိပဿနာဉာဏ်သွားဖြစ်တယ်...(မှန်ပါ) ဉာဏ်ချင်းက တခြားစီဖြစ်နေတယ်....(မှန်ပါ)ရှင်းပလား- (ရှင်းပါ၊ပြီဘုရား)။

ဝေဒနာနဲ့ ဉာဏ်နဲ့ ကိုက်ယင် နာမပရိစ္ဆေဒဉာဏ်၊ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ယင် လက္ခဏာဉာဏ်၊ ဝိပဿနာဉာဏ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါ၊ပြီဘုရား)။

အဲဒီရဟန်းမှာတော့ ခြေမျက်စိ စ, ကိုက်တော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်၊ ဝေဒနာရယ်လို့ မုလုပ်တော့ဘူး၊ တရားတခုဖြစ်ပြီး ပျက်တာဘဲရှိတယ်လို့ ရှုချလိုက်တယ်....(မှန်ပါ)။

ရှုချလိုက်တော့ ခုနင်က ကျားက ခြေမျက်စိစားလိုက်တာနဲ့ သောတာပတ္တိမဂ်ရတယ်- သောတာပန်တည်တယ်_ (မှန်ပါ) နောက် ခြေသလုံးဆက်စားတယ်၊ ဆက်စားပြီးဒီလိုဘဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်ဘဲ သူရှုချတယ်၊ သကဒါဂါမ်တည်တာဘဲ _ (မှန်ပါ၊ဘုရား)။

နောက် ပေါင်စားတယ်၊ ဖြစ်ပျက်နဲ့ . မဂ်နဲ့ ကိုက်အောင်ဘဲ လုပ်လိုက်တယ်၊ အနာဂါမ်တည်တာဘဲ....(မှန်ပါ၊ဘုရား)နောက် တင်ပါးတို့ ဘာတို့စားတဲ့ အချိန်ကျတော့ ရဟန္တာဖြစ်ပါတယ် ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်လို့ .... (မှန်ပါ)ရှင်းပလား .... (ရှင်းပါ၊ပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့လို့မှုကလဲ ပေါ်သွားပါပြီ ဒီဝတ္ထုထောက်သဖြင့် မဟုတ်ဘူးလား.... (မှန်ပါဘုရား) ပေါ်တယ်တဲ့ ခင်ဗျားတို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် မလုပ်နိုင်လို့....(မှန်ပါ့ မလုပ်နိုင်ပါဘုရား)။

မလုပ်နိုင်ဘူး၊အဲဒီတော့ ခုနင်ကပြောခဲ့တဲ့စကားကို သေသေချာချာမှတ်ပါ၊ သူက တချက်လာယင် ကိုယ်ကတချက်ပြန်ထိုးနိုင်ဘို့အရေးဟဲ့ ကိုယ့်အရေး....(မှန်ပါ့) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒုက္ခဝေဒနာကတော့ သူလာမှာဘဲ၊ ဘုရားလဲ မရှေးဘူး၊ ပုထုဇဉ်လဲမရှေးဘူး....(မှန်ပါ့)ဒုက္ခဝေဒနာကို ဘယ်သူမှ မပယ်နိုင်ဘူး... (မှန်ပါ့) ဒေါမနဿသာပယ်နိုင်တာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူကတချက်ထိုးယင် ခင်ဗျားတို့က ဘယ်နှယ်တုံး.... (တချက်ပြန်ထိုးရပါမယ်) ဥာဏ်နဲ့ တချက်ပြန်ထိုးရမယ်.... (မှန်ပါ့)သူ့နေရာကို ရောက်အောင်ထိုးရမယ်....(မှန်ပါ့)။

အဲဒီလိုဆိုတော့ သူက ဝေဒနာမဟုတ်တော့ဘူးတဲ့၊ ဒီကပြန်ထိုးနိုင်တယ်ဆိုတာ အပျက်နဲ့ မဂ်နဲ့ သွားကိုက်တယ်၊ မကိုက်ဘူးလား... (ကိုက်ပါတယ်ဘုရား)။

အဲ....အပျက်နဲ့ မဂ်နဲ့ သွားကိုက်လို့ ရှိယင် ခုနင်က ပြောခဲ့တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်သုံးမျိုးဟာ သုံးမျိုးစလုံးသွားတာဘဲ.... (မှန်ပါ့) မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒီကဲ့သို့ သွားလို့ရှိယင် ခင်ဗျားတို့သည် ကိုယ်ပေါ်မှာ ပေါ်လဲ အပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ်....(မှန်ပါ့) မျက်လုံးမှာ ပေါ်ယင်ကော....(အပျက်နဲ့ မဂ်နဲ့ ကိုက်အောင် လုပ်ရပါမယ်ဘုရား) ဘယ်နေရာပေါ်ပေါ် အပျက်နဲ့ မဂ်နဲ့ဖြင့်....(ကိုက်အောင် လုပ်ရပါမယ်ဘုရား)။

အဲဒီလို ကိုက်အောင်လုပ်နိုင်လို့ရှိယင်တဲ့ မနက်အားထုတ်ညနေ သောတာပန်တည်ပါတယ်... (မှန်ပါ့ဘုရား) လာပြန်တယ် အဂုံတို့ရ်ပါဦးတော်က....(မှန်ပါ့)။

ဘာပြုလို့တုံးလို့ မေးတဲ့အခါကျတော့ ဩော် .... ဒါက တော့ကွာ....တဲ့ ဘုရားက ကိုလေသာ ကြားမထိုးဘဲကိုး....တဲ့.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အပျက်နဲ့ မဂ်နဲ့ ကိုက်ပြီးတော့ နေတာဟာ ဥပမာမယ် ဘယ်အချိန်ထ,ပြီး အားထုတ်အားထုတ် ကိုက်နေတယ်ဆိုယင်ဖြင့် အခု ဆရာဘုန်းကြီးဆိုမှာ နည်းယူပြီး ခင်ဗျားတို့ ညအားထုတ် မနက်ရမှာဘဲတဲ့....(မှန်ပါ့)။

ကြားထိုးနေယင် အဲဒါ ကြာလိမ့်မယ်....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကြားထိုးတယ်ဆိုတော့ ဦးဘသန်းက မနာဘူးသေးတော့ တခြားသောစိတ် ဝင်တယ်ပြောတာနော်....(မှန်ပါ့)။

ကြားထိုးတယ်ဆိုတာ ဘာတုံး .... (တခြားသောစိတ် ဝင်တာပါဘုရား)။

တခြားသောစိတ်' ဝင်တယ်ဆိုတော့ သူ့ကို တခါတလေမှ မိတယ်၊ ကြားစိတ်က ဝင်ပြီးထိုးနေတော့ ကိုလေသာ ကြားခြားသွားတယ်....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်သူ ကြားထိုးသတုံး....(ကိုလေသာ ကြားထိုးပါတယ်) ကိုလေသာ ကြားထိုးတယ်၊ ကြားဆိုတာက ဖြစ်ပျက်နဲ့ မဂ်နဲ့ ကြားထဲ သူ ဝင်လာတယ်...(မှန်ပါ့)။

မဂ်လာခွင့်မပေးဘူး၊ သူ ကြားထိုးနေတယ်၊ သဘောပါပလား... (ပါ-ပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ကို သင်လိုက်ပါတယ်တဲ့....ဆရာဘုန်းကြီးက ကိုယ်ဖြစ်ပျက်ကို မိလို့ရှိယင် ကြားထိုးဖြစ်ပျက်ကို မိအောင်ရှုပါ....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

မူလဖြစ်ပျက်ကို မမိဘူးဆိုလို့ရှိယင် ဘာကိုရှုမယ်... (ကြားထိုးကို ရှုရပါမယ်)ကြားစိတ်ဝင်လာတာ မရှိပေဘူးလား(ရှိပါတယ်) အဲဒါ မိအောင်ရှု(မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် အဲဒါ မိအောင်ရှုပြီးတော့မှ ခင်ဗျားတို့ မူလဖြစ်တာကို ပြန်ရှုပါ၊ မူလက ပေါ်ဦးမှာကိုးဗျ....(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ သူ့ကို မနှိုင်ဘဲနဲ့ ဟိုဟာကို ပြန်ကို မကောက်နဲ့ (မှန်ပါ့) ကြားထိုးလာတိုင်း-လာတိုင်း ခင်ဗျားတို့က သူ့ကို

နှိုင်အောင် လုပ်ပြီးတော့မှ ခင်ဗျားတို့ ပေးထားတဲ့ ကမ္မဋ္ဌာန်းကို ရှုရမယ်_ (မှန်ပါ) ဦးဘသန်း.... ရိပ်မိရဲ့လား....(မှန်ပါ) ကြားထိုးနဲ့ မူလပေးထားတဲ့ ကမ္မဋ္ဌာန်းနဲ့ တခြားစီ....(မှန်ပါ)။

ကြားထိုးနဲ့ မူလပေးထားတဲ့ ကမ္မဋ္ဌာန်းနဲ့.... (တခြားစီပါ) တခြားစီမှာ ကြားထိုးသည် မာရ်နတ်....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ) ကိုလေသာမာရ်နတ်ခေါ်တယ်....(မှန်ပါ)။

ကြားထိုးသည် ကိုလေသာမာရ်နတ်ဖြစ်ပြီးသကာလ နေတော့ ဒီ ကိုလေသာမာရ်နတ်ကို ခင်ဗျားတို့က မတိုက်ထုတ်နိုင်လို့ ရှိယင် ခင်ဗျားတို့ ကမ္မဋ္ဌာန်းရှုံးပြီ....(မှန်ပါ)။

မရှုံးပေဘူးလား .... (ရှုံးပါတယ်ဘုရား) ရှုံးသွားတော့ ကြားထိုးက,နေပြီး ပဋ္ဌိစ္စသမုပ္ပါဒ် ဆက်သွားတယ်... (မှန်ပါ) မဆက်ပေဘူးလား.... (ဆက်ပါတယ်ဘုရား) အဲ....ဆက်သွားလို့ ရှိယင် ခင်ဗျားတို့ဟာ ရှုံးပြီသာ အောက်မေ့ပေတော့ မဟုတ်ဘူးလား....(မှန်ပါ)။

ခင်ဗျားတို့က သံသရာဖြတ်နေတာ၊ဖြတ်မည့်တရားကို ခင်ဗျားတို့က လက်ခံမိတယ်... (မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါ) အဲဒီတော့ ခင်ဗျားတို့ ဂ္ဂိုဟ်ဝင်တာ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီ ဂ္ဂိုဟ်ကို ဘုန်းကြီးက ပြောလိုက်ပါတယ်၊ ဒီဂ္ဂိုဟ်ကို ဂ္ဂိုဟ်လို့ မယူလိုက်ပါနဲ့လို့ ခင်ဗျားတို့ကို ဆုံးမတယ်....(မှန်ပါ ဘုရား)။

ဂ္ဂိုဟ်မဟုတ်ဘူး ဟေတိပဿပေါ့....(မှန်ပါ) ဟေတိ=လာခဲ့ပါ၊ ပဿ=ကျုပ်လဲ ရှုပါဦး၊ သူ့ ရှုပါဦးလို့ လာတာ....(မှန်ပါ့ ဘုရား)။

ခင်ဗျားတို့က ဒါကို အဖျက်တရားလို့ ယူပစ်လိုက်တယ်...(မှန်ပါ့)သူက အရှုခံလာတာ...(မှန်ပါ့)ခင်ဗျားတို့က ဘယ့်နှယ် ယူပစ်လိုက်သလဲ....(အဖျက်တရားလို့ ယူပါတယ်)အဲဒီမှာ အယူ အဆလွဲသွားတယ်... (မှန်ပါ့ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

သူက လာတာက ဘာတုံး....(အရှုခံပါဘုရား) အရှုခံလာ တာ....(မှန်ပါ့) ဟေတိပဿ ိကော၊ ဟေတိ=လာခဲ့ပါ၊ ပဿ=ကျုပ် ကို ရှုပါ၊ ကြားထိုးကို ရှုပါ...(မှန်ပါ့)။

သူက ဟေတိပဿ ိကော အဖြစ်နဲ့ လာတာ....(မှန်ပါ့)သဘော ပါပလား...(ပါ-ပါပြီ)ခင်ဗျားတို့က သန္ဓိဋ္ဌိကောနဲ့ ရှုလိုက်ယင် ပြီးတာဘဲ....(မှန်ပါ့) နို့မဟုတ်ယင် အပြစ်ဖြစ်သွားမယ်...(မှန် လှပါ့ဘုရား)။

သန္ဓိဋ္ဌိကောနဲ့ ကိုယ်တိုင်သာ မြင်အောင်ရှုချလိုက်....(မှန်ပါ့) သူလဲ အနိစ္စဘဲလို့ မြင်အောင်ရှုချလိုက်တော့ ကိုယ်တိုင် မြင်ရှု မကျဘူးလား....(ကျပါတယ်ဘုရား) ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဟေတိပဿ ိကော ခေါ်ရာကို သန္ဓိဋ္ဌိကောနဲ့ လိုက် ပါ....(မှန်ပါ့) မှတ်မိပလား...(မှတ်မိပါပြီဘုရား)။

ဘယ်နှယ် ဟေပသေ်ကော ခေါ်ရာကို သန္ဒိဋ္ဌိကောနဲ့ လိုက်ပါ....(မှန်ပါ့) ကြားထိုးလာယင်လဲ ဒါ လိုက်ရမှာဘဲ....(မှန်ပါ့ ဘုရား)။

ကြားထိုးမလာလို့ရှိယင်လဲ ခေါ်ရာကို လိုက်.... (မှန်ပါ့) သူကတော့ ခေါ်တာသက်သက်ဘဲ.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ ဘုရား ရှင်းတတ်ပါပြီ, လင်းတတ်ပါပြီ,အလုပ်သဘောတွေလဲ သိပြီဆိုတဲ့ အခိုပ္ပါယ်မရောက်သေးဘူးလား....(ရောက်ပါပြီဘုရား) ရောက်သွားပြီ အခုနာရီဝက် ဟောလိုက်တယ်....(မှန်ပါ့)။

အဲဒီတော့ကို ဘာလာလာ ဟေပသေ်ကော မှတ်.... (မှန်ပါ့) ဘာလာလာ သန္ဒိဋ္ဌိကောနဲ့ ပြန်ပြီးရှုမယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

လာတာဟူသ၍ ဘာတုံး... (ဟေ ပသေ်ကောပါ) ကိုယ်ကရှုမှာဟူသ၍ဟာ....(သန္ဒိဋ္ဌိကောပါ) "သန္ဒိဋ္ဌိကော- သာမံပသေ်တဗ္ဗော" ကိုယ်တိုင်မြင်အောင်သာကြည့်ချ....(မှန်ပါ့)အဲဒီတော့ ဒိဋ္ဌမမ္မ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲ... ဒိဋ္ဌမမ္မဖြစ်လို့ရှိယင် ပတ္တမမ္မ, ဝိဒိတမမ္မ, ပရိယောဂါဠ္ဠမမ္မ,တိဏ္ဏဝိစိကိစ္ဆာဆိုပြီး တခါတည်း သောတာပန် တည်တာဘဲ (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြာပြီးစို့။

သာဓု....သာဓု...သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
တရားဆုံးအောင်မနာ- ဆုံးအောင် အားမထုတ်ယင်
အကျိုးဆုတ်ယုတ်တတ်ပုံ

ညအလုပ်ပေး တရားတော်

(၂၁ - ၄ - ၆၂)

တရားအားထုတ်တဲ့ပုဂ္ဂိုလ်မျိုးတဲ့ အင်္ဂါနှစ်ခု ညီညွတ်အောင် လုပ်ရမယ်၊ မညီညွတ်လို့ ရှိယင် တရားအားထုတ်ငြားသော်လဲ မရနိုင်ဘူးတဲ့၊ တရားမရခြင်း၏ အကြောင်းဖြစ်တဲ့ မညီညွတ်ခြင်းနှစ်ပါးရှိပါတယ်လို့ ဘုရားက ဟောတယ်။

မညီညွတ်ခြင်းနှစ်ပါးဆိုတာ တခြားမဟုတ်ဘူး၊ တရားကို အဆုံးမလိုက်လို့လဲ မညီညွတ်မှုတမျိုး၊ မကောင်းသော မိတ်ဆွေနဲ့ ပေါင်းမိလို့လဲ မညီညွတ်မှုတမျိုး၊ ဒီဘဝ မင်္ဂဿိုက်ငြားသော်လဲ မရနိုင်ဘူး....တဲ့။

တရားအဆုံး မလိုက်လို့ မရတာတမျိုး၊ မကောင်းသော မိတ်ဆွေနဲ့ ပေါင်းမိလို့ မရတာတမျိုး (မှန်ပါ) ရဘို့အကြောင်း ညီညွတ်ပြီးသားကို ဖျက်တဲ့နှစ်ခုလို့ မှတ်လိုက်ပါ....(မှန်ပါ)။

ရဘို့ရာညီညွတ်ပြီးသား၊ ဒီဘဝ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရမှာ ဘဲလို့ ဆိုပြောသော်လဲ တရား အဆုံးမလိုက်လို့ မရဘူး-(မှန်ပါ့ ဘုရား) အပေါင်းလဲ့သွားတာနဲ့လဲ မရဘူး....(မှန်ပါ့)။

အဲဒီနှစ်ခုလို့ ဘုရားက မဇ္ဈိမပဋ္ဌာသပါဠိတော်မှာ ဟောပါ တယ်....(မှန်ပါ့) မဇ္ဈိမပဋ္ဌာသပါဠိတော်မှာ ဘယ်လိုဟော လိုက်သတုံး ဆိုတော့ ပေဿဆိုတဲ့ တကာတယောက် ရှိတယ်၊ သူက ဘုရားဆီမှာ အရှင်ဘုရား....တဲ့ တရားနာပါရစေ ဆိုပြီး တရားနာတယ်၊ နှလုံးသွင်းရင်း သူတရားနာတယ်။

ထိုကဲ့သို့တရားနာနေတော့ ဘုရားကဟောလိုက်တယ်၊ကွာ-တဲ့ လောကကြီးမှာ အလုပ်လေးမျိုး ရှိတယ်ဟေ့တဲ့၊ ကိုယ့်ကိုယ် ကိုယ်ပူပန်စေတဲ့ အလုပ်မျိုး, သူတပါးကို ပူပန်စေတဲ့ အလုပ်မျိုး ကတဲ့၊ မိမိသူတပါး နှစ်ဦးသားလုံး ပူပန်တဲ့အလုပ်တမျိုးကတဲ့၊ မိမိသူတပါး နှစ်ဦးသားလုံး မပူပန်တဲ့ အလုပ်တမျိုးက... တဲ့၊ အလုပ်လေးမျိုး....(မှန်ပါ့ဘုရား)။

ဒါ ပေဿကိုဟောနေတာ.... (မှန်ပါ့) မိမိကိုပူပန်စေတဲ့ အလုပ်တမျိုး,သူတပါးကို ပူပန်စေတဲ့အလုပ်တမျိုး, မိမိသူတပါး နှစ်ဦးသားကို ပူပန်စေတဲ့ လောကအလုပ်တမျိုး, မိမိသူတပါး နှစ်ဦးသားကို ပူပန်ခြင်းမှလွတ်စေတဲ့ အလုပ်တမျိုး၊ ခင်ဗျားတို့ လုပ်ထားတာလေးမျိုး.... (မှန်ပါ့ဘုရား)။

မိမိကို ပူပန်စေတဲ့အလုပ်က ဘယ်ဟာတုံးလို့ မေးတဲ့အခါ ကျလို့ရှိယင်ဖြင့် မိမိကိုပူပန်စေတဲ့ အလုပ်ဆိုတဲ့ဥစ္စာက ကိုယ်

ကိုယ့်ဟာကို မကျေနပ်တဲ့အလုပ်နဲ့ အချိန်ကုန်နေတာဟာ မိမိ ကိုယ်ကို ပူပန်စေတတ်တဲ့အလုပ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ မိမိကိုယ်ကိုပူပန်စေတဲ့ အလုပ်ဆိုတာက တခြား မဟုတ်ဘူး၊ ကိုယ့်မှာ လောဘတွေ, ဒေါသတွေ, မောဟတွေ.... အားကြီးပြီးသကာလ ကိုယ့်ဟာကိုယ် မကျေနပ်တဲ့သဘောတွေ တခါတခါ ပေါ်ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ်ဘဲ မကျေနပ်ဘူး....၊ သားနဲ့မယားနဲ့ ဘာမှ မဆိုင် မိတ်ဆွေသင်္ဂဟတွေနဲ့ ဘာမှ မဆိုင်ဘဲနဲ့ ကိုယ့်ဟာကိုယ် မကျေနပ်တဲ့အလုပ်နဲ့ အချိန်ကုန်ပြီးသကာလ နေတာဟာ မိမိ ကိုယ်ကို ပူပန်စေတဲ့အလုပ်....(မှန်ပါ့)။

လောကီ ဥပမာပြရမယ်လို့ ဆိုလို့ရှိယင်ဖြင့် တိတ္ထိတွေ ကျင့်နေတဲ့ ဆောင်းတွင်းရေချိုး, နွေကျတော့ မီးလှုံ, အဝတ်အစားမကပ်နဲ့ ပြာတွေလူးပြီးသကာလ အဆင်းရဲခံတဲ့အလုပ်၊ ဒါဟာ မိမိကိုယ်ကို ပူပန်စေတဲ့အလုပ်.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

သူတပါး ပူပန်စေတဲ့အလုပ်ဆိုတာကတော့ဖြင့် သားကောင် ငါးကောင်တွေသတ်ပြီးသကာလ အသက်မွေးတဲ့ပုဂ္ဂိုလ်မျှားဟာ သူတပါးကို ပူပန်စေတယ်....(မှန်ပါ့)။

မိမိ,သူတပါး နှစ်ဦးသားကို ပူပန်စေတဲ့အလုပ်ဆိုတာကတော့ နတ်တွေ,ဘာတွေ ယုံပြီးသကာလနေတဲ့ ပုဂ္ဂိုလ်မျှား ကိုယ့်မှာလဲ ဘယ်ဟာ ခြိုးခြံရတော့မလိုလို ဘယ်ဟာ မှီဝဲရတော့မလိုလိုနဲ့

ကိုယ့်မှာလဲ ချို့တဲ့၊ ပြီးတော့ကို သူတပါးကိုလဲ သတ်ဖြတ်ပြီး သဏာလ နတ်တင်တယ်....(မှန်ပါ့)။

ကိုယ့်မှာလဲ ပူပန်စေတယ်....တဲ့၊ကိုယ့်မှာလဲ ချို့ချို့တဲ့တဲ့နဲ့ ပူပန်စေတယ်၊ သူတပါးကိုလဲ သတ်ဖြတ်ပြီးတော့ ယင်နတ် ပူဇော်တယ်ဆိုတော့ ဟို-ကောသလမင်းကြီးလိုပေါ့လေ....(မှန်ပါ့ဘုရား)။

သူဟာ နောက်က ဒု-သ-နှ-သော တို့က အော်တဲ့အခါကျတော့ သူလဲ ပူပန်နေတယ်... (မှန်ပါ့)။

ဒါဖြင့် ယင်နတ်ပူဇော်မှာဆိုတော့ သားကောင်တွေကိုလဲ ပူပန်စေတယ်....(မှန်ပါ့) ဒီလိုကော မရှိဘူးလား.... (ရှိပါတယ်ဘုရား)။

အဲ.... မိမိ,သူတပါး နှစ်ဦးသားတို့ကို ပူပန်စေတဲ့ အလုပ်လဲ ရှိတယ်ကဲ့....တဲ့၊ ဒါပေယျကို ဟောတာ....(မှန်ပါ့) ပေယျဆိုတဲ့ တကာကို ဟောနေတာ....(မှန်ပါ့)။

စတုတ္ထက- မိမိ,သူတပါး နှစ်ဦးသားကို မပူပန်စေတဲ့ အလုပ်ဆိုတာကသတိပဋ္ဌာန်အလုပ်(မှန်ပါ့)မိမိကိုယ်ကိုလဲမပူပန်ရဘူးတဲ့ သူ သမာဓိရပြီးနေတဲ့ အချိန်ကျတော့ မိမိ ပူပန်တယ်လို့ကော ရှိသေးရဲ့လား....(မရှိပါဘုရား) သူတပါးနဲ့လဲ မစပ်တဲ့အတွက် သူတပါး ပူပန်စေတဲ့အလုပ်ကော...(မဟုတ်ပါဘုရား)။

အဲ.... သတိပဋ္ဌာန်အလုပ်ကတော့ဖြင့် မိမိ,သူတပါး နှစ်ဦးသားကို ပူပန်စေတဲ့အလုပ် မဟုတ်ပါဘူးလို့ မှတ်ထားကြပါ... (မှန်ပါ့)။

ဒါဖြင့် အလုပ် ဘယ်နှစ်မျိုးပါလိမ့်.... (လေးမျိုးပါဘုရား) အဲ_ လူမှာ ဒီလေးမျိုးရှိတယ်ကွာ....တဲ့၊ အဲဒါ့ကြောင့် ပေဿ မင်းဟာ ဘယ်အလုပ် ကြိုက်သတုံးလို့ မေးတော့ တပည့်တော် မိမိပူပန်တဲ့အလုပ်လဲ မကြိုက်ပါဘူးဘုရား....၊ သူတပါးကို ပူပန် စေဘဲ့အလုပ်လဲ မကြိုက်ပါဘူး....၊ မိမို့သူတပါး နှစ်ဦးသားကို ပူပန်စေတဲ့အလုပ်လဲ တပည့်တော် မကြိုက်ပါဘူး၊ မိမို့သူတပါး နှစ်ဦးသားကို မပူပန်တဲ့အလုပ်ကို တပည့်တော် ကြိုက်တယ်...၊ အင်း....ကြိုက်ပုံကလေးကတော့ မှန်နေတယ်....(မှန်ပါ့)။

ဒါဖြင့်ကွာ မင့်ကို အကျယ်တရားဟောမယော့....တဲ့၊ ဒီဟာ ကို ခွဲဦးမှာကိုး ဘုရားက....(မှန်ပါ့)။

ဒီဥစ္စာကို မင်း-သေသေချာချာ နားထောင်....တဲ့၊ အကျယ် တရားဟောဦးမယ်ဆိုပြီးသကာလ ဘုရားက အကျဉ်းဟောပြီး သည့်နောက် အကျယ်ဟောမည့် အချိန်ကျတော့မှ တပည့်တော် တို့မှာ မျှားစ့ာသော ပြုဖွယ်ကိုစ့ေ ရှိပါသေးတယ် ဆိုပြီး မြတ်စ့ာဘုရားကို ရှိခိုးပြီး ပြန်သ့ွားတယ်....(မှန်ပါ့)။

တရားနာရင်း မျှားစ့ာပြုဖွယ်ကိစ္စ ရှိသေးတယ်ဆိုပြီးသကာလ ဦးဘသော် သူပြန်သ့ွားတယ်.... (မှန်ပါ့ဘုရား) ပြန်သ့ွားဘော့ သူ အကျယ်နာရသေးရဲ့လား.. (မနာရပါဘုရား)။

အကျယ်မနာရတော့ သူလဲသ့ွားရော ဘုရားသခင်ကိုယ်တော် မြတ်ကြီးက အနားရှိတဲ့သူနဲ့ အဘူ တရားနာဘက်တွေကို ဟော လိုက်တယ်- ပေဿတော့ ရှုံးပြီဟော့....တဲ့၊ ပေဿတော့ ရှုံးပြီ၊ ဒီတရား အကျယ်ဆုံးခ့ေအောင် နာလိုက်ယင် သောတာပန် တည် မယ်....တဲ့... (မှန်ပါ့)။

အခုတော့ ဒီတရားဆုံးအောင် သူ အကျယ် မနာလိုက်ရတဲ့ အတွက် အရှုံးကြီးရှုံးသွားတယ်....တဲ့.... (မှန်ပါ) သဘောပါ ပလား... (ပါ-ပါပြီဘုရား)။

ဘယ်လောက်ထိအောင် ရှုံးတယ် ဆိုတဲ့ဥစ္စာ မောင်ထွန်း အောင် မှတ်ထားကွ....(မှန်ပါ)ဒီဘုရားလက်ထက်မှာ သူ သော အာပန်တည်ပြီး ကိစ္စပြီးရမည့်အလုပ်ဟာ ဥပမာ....ကဿပဘုရား က ဟောတာဆိုပါတော့....(မှန်ပါ) ကျုပ်တို့ ဘုရားလက်ထက် ကျမှ လာပြီး ကျွတ်တမ်းဝင်ရမယ်....(မှန်ပါ) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒီတော့ ဦးဘသန်းတို့ မှတ်လိုက် ဘုရားတဆူ ကြားမှာ မြေကြီး ၁၃-မိုင်ပျမ်းမျှ ကြေးတက်တယ်၊အဲဒီလောက်ထိအောင် စောင့်ရတယ်(မှန်ပါ)ဒီကြားမှာ အိုလိုက်, နာလိုက်,သေလိုက်နဲ့ အပါယ်ရောက်လိုက်....(မှန်ပါ) ဘယ်လောက်နာသွားသတုံး ဆိုတာ အရှုံးကြီးဖြင့် ဒီ့ထက်ရှုံးစရာရှိသေးရဲ့လား... (မရှိပါ ဘုရား) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ဘာတဲ့တုံး- "ကိုရိယပရိဟာနိ"တဲ့၊ စာလိုသုံးတော့ ကိုရိယ ကပြုရတာ၊ ပရိဟာနိ,ကဆုတ်ယုတ်တာ၊ ပြုရမည့် အလုပ် ဆုတ်ယုတ်သွားလို့....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

ပြုရမည့်အလုပ် ဆုတ်ယုတ်သွားခြင်းကြောင့်လဲ တရားထူး မရနိုင်....တဲ့....(မှန်ပါ)။

ဒါ့ကြောင့် ခင်ဗျားတို့ ဒီလောပြီး အားထုတ်တဲ့ပုဂ္ဂိုလ်မျှား တရားအဆုံးလိုက်ပါ.... (မှန်ပါ့) တရားအဆုံးမလိုက်လို့ အိမ်ပြန်သွားကြမယ်၊ အင်း....ရောဂါကလေးက နှိပ်စက်လို့ဆိုပြီး ဦးဘသန်းတို့ပေါ့လေ....(မှန်ပါ့)။

ဒီလိုဆိုယင် ခင်ဗျားတို့ မြေကြီး ဆဲ့သုံးမိုင် နာချင်နာသွား မယ်(မှန်ပါ့)ဆဲ့သုံးမိုင် မြေကြီး ပျမ်းမျကြေးတက်တယ်ဆိုတာ နည်းတာမဟုတ်ဘူး၊ ဒါဘုရားတဆူတဆူကြားကို ပြောတာ.... (မှန်ပါ့ဘုရား)။

ပျမ်းမျကြေးနော်.... (မှန်ပါ့) ဇမ္ဗူဒီပ်ကျွန်း တကျွန်လုံးကို ပျမ်းမျကြေးပြောတာ၊အဲဒါသူသေတဲ့အရိုးတွေ,သူသေတဲ့အသားတွေကဖြစ်တာ ဒီထဲ အပါအဝင်လို့ မှတ်လိုက်....(မှန်ပါ့)။

ဦးဘသန်း မနာဘူးလား....(နာပါတယ်) ဒါဖြင့် တရားအဆုံးမလိုက်တဲ့ သတ္တိဟာလဲ ခင်ဗျားတို့ ကျုပ်တို့မှာ အတော်ဆိုးဝါးတယ်ဆိုတာ ယနေ့ညပေါ်သွားပြီ.... (မှန်ပါ့) မပေါ်ဘူးလား .. (ပေါ်ပါတယ်ဘုရား)။

အဲ... ဘုရား တဆူတဆူကြား၁ားမှာ အိုလိုက်,နာလိုက်,သေလိုက်၊ အိုလိုက်,နာလိုက်,သေလိုက်၊ သူတပါးပါးစပ်ထဲ သေလိုက်၊ကိုယ့်ဟာကိုယ် ရောဂါဖြစ်သေလိုက်၊ အဲဒီအသေမျိုး အမှလောင်းပေါင်းကို ရေတွက်နိုင်မှ့ါမလား ... (မရေတွက်နိုင်ပါ) သိပ်မနာဘူးလား... (နာပါတယ်ဘုရား)။

အဲဒါ လုပ်ရမည့် အလုပ်ကို အပြည့်အစုံမလုပ်လိုက်တဲ့အတွက် ကိရိယပရိယာနီ....(မှန်ပါ့)။

လုပ်ရမည့် အလုပ်ကို အပြည့်အစုံ မလုပ်လိုက်တဲ့ အတွက် မောင်ထွန်းအောင် နာသွားတယ်.... (မှန်ပါ့) မနာဘူးလား.... (နာပါတယ်ဘုရား)။

အဲဒါ အလောင်းပေါင်းထပ် အသေချင်းစပ်နေတာဘဲ .... (မှန်ပါ့)အင်မတန် ကြောက်ဘို့ကောင်းတယ်ဆိုတာ မပေါ်လာဘူးလား... (ပေါ်လာပါတယ်ဘုရား)။

အဲဒါ မှတ်လိုက်စမ်းပါတဲ့၊ သြော်... ဒို့လဲ ဒီဟာနဲ့မျှားကြုံသွားယင် ကိုယ်ကျိုးနည်းပါပေါ့လား လို့ဆိုတော့ ဦးဘသန်းစောင်းဟောနေတယ်လို့ မယူနဲ့... (မှန်ပါ့ဘုရား)။

ခင်ဗျား တနေ့က ပြန်သွားမယ်ဆိုလို့ရှိယင် ဒါဘဲ၊ လုပ်ရမည့်အလုပ် ဆုတ်ယုတ်သွားတာဘဲ....(မှန်ပါ့ ဆုတ်ယုတ်ပါတယ်ဘုရား)။

ဆုတ်ယုတ်သွားတော့ကို ဟိုကျတော့ အကြောင်းညီညွတ်မယ်၊ မညီညွတ်မယ် မသိဘူး သေချင်လဲ သေမယ်....(မှန်ပါ့) ကိစ္စကြီးကြီးတွေကိုလဲ မလွဲသာတာတွေလဲ တွေ့ချင်တွေ့မယ်.... (မှန်ပါ့)တွေ့ယင်သွားပြီ....(မှန်ပါ့ဘုရား)။

အဲ့ဒါ ရထိုက်တဲ့အကြောင်း ပါပြီးသားတောင် ပျက်နိုင်တယ်ကွတဲ့ ဒါဟောတာ....(မှန်ပါ့ဘုရား)။

ပေဿ-တရားဆုံးယင် ရမယ်ဆိုတာ အကျယ်ဟောဘာ ဆုံးလို့ရှိယင် သူ သောတာပန်တည်ရမယ်... (မှန်ပါ့) အခုတော့ဖြင့် ပေဿလဲသွားရော ဘုရားက ပေဿဆုံးရှုံးပြီဟော့တဲ့- အရှုံးကြီး

ရှုံးသွားပြီတဲ့၊ ဘုရားကိုက ဖွင့်ချလိုက်တာ....(မှန်ပါ)အားကြီး မနာဘူးလား....(နာပါတယ်ဘုရား)။

ဘုရားတဆူတဆူကြားဆိုတာခင်ဗျားတို့နည်းနည်း နောနော မဟုတ်ဘူးနော်...(မနည်းပါ) ဖျမ်းမျကြေး မြေကြီးဆဲ့သုံးမိုင် ဆိုတော့ နည်းသလားဗျ.... (မှန်ပါ) တယူဇနာခေါ်တာကိုးဗျ၊ တယူဇနာဟာ ဆဲ့သုံးမိုင်ဖြစ်ရမယ်....(မှန်ပါဘုရား)။

ကဲ....ဘယ်လောက်နာသတုံး၊ အကြီးအကျယ် နာတယ်လို့ ကျုပ်တို့ အဖြေထွက်ရုံဘဲရှိမယ်....(ထွက်ပါတယ်ဘုရား)။

ဒါဖြင့် ရထိုက်တဲ့ပါရမီ ဆရာကောင်း သမားကောင်းနဲ့ သူ ဘုရားနဲ့ကို ဒီဂေါဘမဘုရားနဲ့ကို သေသေချာချာတွေ့တာ (မှန်ပါ)တွေ့လို့ဘဲ တရားကို အကျဉ်းနာပြီးပြီ....(မှန်ပါဘုရား) အကျယ်ကလေးနာရုံဘဲ ကျန်တော့တယ်....(မှန်ပါဘုရား)။

အဲဒီမှာ အကျယ်ဟောမည့် အချိန်ကလေးမှာ တရားနာရင်း ပြုဖွယ်ကိစ္စ ရှိသေးတယ်ဆိုပြီး ပြန်သွားတယ် ဘယ်လောက် နှမြောစရာကောင်းသလဲ.... (နှမြောစရာကောင်းပါတယ်) သိပ် နှမြောစရာပေါ့၊ အရှုံးကြီးရှုံးသွားတာဘဲ.... (နာရီပိုင်းလောက် ဘဲဘုရား)

အင်း....နာရီပိုင်းလေလောက်ဘဲ နာသွားတာ....(မှန်ပါ)ဘုရားက စာခါတည်း သူလဲသွားရော ဖွင့်ပြောတာဘဲ သွားပြီဟေ့တဲ့-ပေဿတော့....(မှန်ပါဘုရား)။

ကဲ...ခင်ဗျားတို့ကိုလဲ သတိပေးလိုက်တာဘဲ .... (မှန်ပါ)

ဩော်....လုပ်ရမည့်အလုပ်ကို အဆုံးမလုပ်လို့ရှိယင်လဲ အတော်နာပါကလားဆိုတာ ပေါ်သွားတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဒုက္ခဆုံးသည်တိုင်အောင် လုပ်ရမယ်....(မှန်ပါ့) ကျန်းမာသလောက်လုပ်ပေါ့(မှန်ပါ့) မဟုတ်ဘူးလား၊ ရောက်ရာမှာလုပ်- ဒါ တရားဆုံးတာဘဲ....(မှန်ပါ့ဘုရား)။

ဦးဘသန်း နားလည်ပြီ....(နားလည်ပါပြီဘုရား) ခန္ဓဒုက္ခဆုံးအောင် နိုဗ္ဗာန်မြင်အောင်ပေါ့ဗျာ.... (မှန်ပါ့) ခန္ဓဒုက္ခဆုံးယင် နိုဗ္ဗာန်ဟာ ပေါ်လာတာကိုး...(မှန်ပါ့) ကဲ....ဒါဖြင့် တချက်ပြီးသွားပြီ....(မှန်ပါ့)။

နောက်တချက်က မကောင်းတဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းလို့ရှိယင် ရထိုက်တဲ့အကြောင်း ပြည့်စုံပြီးသားဖြစ်တောင် ဆုတ်ယုတ်သွားတယ်....(မှန်ပါ့)သူကလဲ တချက်....(မှန်ပါ့) သူကလဲ နာတာဘဲ (မှန်ပါ့ဘုရား)။

သူကလဲ ရထိုက်တဲ့ အကြောင်းပါပြီးသား၊ ဒီဘဝသောတာပန်,သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်ထိုက်တဲ့ အကြောင်းပါပြီးသား၊ သို့သော် အပေါင်းလဲ့သွားတာနဲ့ သူကလဲ နာသွားပြန်တယ်တဲ့....(မှန်ပါ့ဘုရား)။

အဲဒါက ဘယ်သူ့ထုတ်လိုက်သတုံးဆိုတော့ အဇာတသတ်ထုတ်လိုက်တယ်.... (မှန်ပါ့) အဇာတသတ်က ဒီဘဝသူ သောတာပန်တည်ရမယ်....(မှန်ပါ့ဘုရား)။

ဒေဝဒတ်နဲ့ပေါင်းပြီးသကာလ မင်းအဖသတ်မှုမင်းရှင်ဘုရင်ဖြစ်မယ်ပြောတာကိုယုံတာနဲ့ အဖသတ်တယ်....(မှန်ပါ့)။

ဗိမ္မ ိသာရမင်းကြီး သတ်လိုက်တော့ ဒီကံကြီးက ထိုက်သင့်သား တယ်၊ နောက်မှ တရားနာတော့ နာတဲ့တရားကတော့ ရဟို့ တရား သာမည်ဖလသုတ်နော်....(မှန်ပါ့) သို့သော်လဲ ကံကြီးက ရှေ့က ဆီးထားတဲ့အတွက် မဂ်ဉာဏ် ပေါ်နိုင်သေးရဲ့လား.... (မပေါ်နိုင်ပါဘုရား)။

အဲဒါကျတော့ ရထိုက်တဲ့ အကြောင်းက ပြည့်စုံပြီးသား, ပါရမီတွေလဲ ပြည့်စုံပြီးသား .... (မှန်ပါ့) ပါပမိတ္တ ဆိုးဝါးတဲ့ ပုဂ္ဂိုလ်, မလိမ်မာတဲ့ပုဂ္ဂိုလ်စကားကို နားထောင်ပြီး သူအပေါင်း လဲသွားတာနဲ့ ဆုတ်ယုတ်သွားတယ်.. (မှန်ပါ့)မနာဘူးလားသူ (နာပါတယ်) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တရားမရခြင်း၏ အကြောင်း ဒီနှစ်ချက်မှတ်လိုက် စမ်းပါ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားအဆုံးမလိုက်လို့ ဆုံးရှုံးခြင်းတမျိုးနော်... (မှန်ပါ့) အပေါင်းအသင်းလဲလို့.... (ဆုံးရှုံးခြင်းဘမျိုးပါ) ဆုံးရှုံးခြင်း တမျိုးဆိုတော့ ဦးဘသန်း ဘယ်နှစ်မျိုးရှိသလဲ .... (နှစ်မျိုးပါ ဘုရား)။

အဲဒီနှစ်မျိုး တမျိုးမျိုး ရှိနေလို့ရှိယင် ခင်ဗျားတို့ ဘာမှ မအောက်မေ့နဲ့တော့ ငါတော့ အရှုံးကြီးရှုံးပြီ .... (မှန်ပါ့) ဆိုတော့ ဒါက ဆုံးရှုံးပုံနှစ်မျိုးကို ဘုရားကဟော့တာ....(မှန်ပါ့ ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကို ဆရာဘုန်းကြီးက အခုသတိပေး

လိုက်ပါတယ်၊ဘယ်လိုသတိပေးသတုံး-ခင်ဗျားတို့ မနုဿတ္တဘာဝ ဒုလ္လဘလဲရတယ်၊ မရဘူးလား... (ရပါတယ်ဘုရား)။

ဘုရားသာသနာနဲ့ မကြုံဘူးလား....(ကြုံပါတယ်)ဒါတကယ့် ထွက်ရပ်လမ်းပေါက်အောင် ဟောနိုင်တဲ့ ဆရာသမားတွေနဲ့ လဲကြုံတယ်....(ကြုံပါတယ်ဘုရား)ကိုယ်ကလဲ ကျင့်တယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ အဆုံးထိအောင် ကျင့်လိုက်လို့ရှိယင် ခင်ဗျားတို့ ဒီဘဝ ပြီးနိုင်တဲ့လူတွေချည့်မှတ်(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)ဒီတရားကို ဆုံးအောင် လိုက်နိုင်ယင်လေ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အဆုံးကျင့် တခုဘဲ လိုတော့တယ်.... (မှန်ပါ့)ဘုရားသာသနာနဲ့ ကြုံပြီ၊ ထောင်တတ်တဲ့ နားရှိပြီ....၊ ဟော့တတ်တဲ့ ပုဂ္ဂိုလ်နဲ့ ပြည့်စုံပြီ ဟုတ်လား....(မှန်ပါ့)။

အဲဒီတော့ ကျင့်တဲ့အခါကျလို့ရှိယင်ဖြင့် တရားဆုံးအောင် ကျင့်ရမယ်....(မှန်ပါ့) ဆုံးအောင်ကျင့်ဆိုတာက ဥပမာ....စိတ္တာနုပဿနာ ဆရာဘုန်းကြီးက ပေးထားတယ်၊ စိတ္တာနုပဿနာ အဆုံးကို....။

စိတ္တာနုပဿနာ ဘယ်ကျမှ ဆုံးမှာတုံးဆိုတော့ စိတ္တာနုပဿနာဟာ ဒုက္ခသစ္စာဘဲ၊ဒုက္ခသစ္စာ ဆုံးသွားလို့ရှိယင် နိဗ္ဗာန်တွေ့တာဘဲ....(မှန်ပါ့)သူ့ အဆုံးလိုက်ဘို့ဘဲ၊သဘောပါပလား.... (ပါ-ပါပြီဘုရား)။

စိတ်ချုပ်ယင် ရုပ်လဲ ချုပ်တာဘဲ၊ ကျန်ရစ်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ...ဒါဖြင့် ကိုယ့်မှာ တချက်တည်းလိုတဲ့ ပုဂ္ဂိုလ်ဖြင့် တချက်နဲ့တော့ဖြင့် မြေကြီးဆဲ့သုံးမိုင်တက်အောင် ဒို့ မစောင့်တော့ဘူး....(မှန်ပါ)။

အသေတော့ မျှားအောင်ဖြင့် မစောင့်တော့ဘူး၊ နေဘို့လဲ မလိုဘူး၊ ကြောက်လဲ ကြောက်စရာကြီးဆိုတာ ပေါ်ရောပေါ့ဗျာ....(မှန်ပါ)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ကို ယနေ့ည အထူးတလည် သတိပေးပြီးသကာလ အလုပ်စကားပြောရမှာက ဒီသုံးချက်မှတ်လိုက်စမ်းပါ....(မှန်ပါ)။

(၁) **အနိစ္စတမျိုး**။ (၂) **အနိစ္စလက္ခဏာတမျိုး**။ (၃) **အနိစ္စညာဏ်တမျိုး**....(မှန်ပါ) ဘယ်နှစ်မျိုးရှိသတုံး....(သုံးမျိုးပါဘုရား) သုံးမျိုး။

ဒါက ခင်ဗျားတို့ အလုပ်ခွင်သွင်းပြီ၊ **အနိစ္စတမျိုး**၊ **အနိစ္စလက္ခဏာတမျိုး**၊ **အနိစ္စညာဏ်တမျိုး**....(မှန်ပါ)။

ဦးအောင်ဇံဝေ....ဘယ်နှစ်ခုရှိသွားပလဲ.... (သုံးခုပါဘုရား) ၁.နံပါတ်က ဘာပါလိမ့် _(**အနိစ္စတမျိုး**ပါ) ၂ နံပါတ်က.... (**အနိစ္စလက္ခဏာတမျိုး**ပါ) ၃.နံပါတ်က.... (**အနိစ္စညာဏ်တမျိုး**ပါ) **အနိစ္စညာဏ်တမျိုး**ဆိုဘော့ ဒီသုံးမျိုးကို ဘုန်းကြီး ဒီနေ့ည ဟောရမယ်တဲ့....။

ဟောတော့မှ ဩော်....ငါတို့ ရှုနေတဲ့ဥစ္စာ အနိစ္စ ရှုနေတာ ဘဲဆိုတော့ ဘယ်ဟာ အနိစ္စမှန်း မသိမှာ စိုးရိမ်ရတယ်....(မှန်ပါ့ ဘုရား) စိုးရိမ်ရတိုင်း အနိစ္စကို ရှင်းပြပါ့မယ်... (မှန်ပါ့ ။

အနိစ္စရှင်းပြတော့ ပေါ်ပါတယ်တဲ့၊ ဘယ်လိုပေါ်လာသတုံး ဆိုတော့ ဥာဏ်ထဲမှာ ဘယ်လိုပေါ်ရမလဲဆိုတော့ ဩော်.... ခင်ဗျားတို့သန္တာန်မှာ ဥပမာမယ် ရှုစိတ်ကလေးကို ဦးအောင် ဇံဝေက ဥာဏ်နဲ့ တည့်ထား၊ ဒါကလေးလာယင်တော့ မမေ့ဘူး၊ ဒါကလေးလာယင်တော့ သတိထားမယ်ဆိုပြီး သတိထား နေတယ်ဆိုပါတော့ဗျာ... (မှန်ပါ့)။

သတိထားနေတုန်းဘဲ ဖျတ်ကနဲဆို သူက ပေါ်လာတယ်... ရှုစိတ်ကလေး၊ တနည်း ရှိုက်စိတ်ကလေး ပေါ်ချင်တာ ပေါ်မှာပေါ့ဗျာ... (မှန်ပါ့)။

ပေါ်လာလို့ရှိယင် အဲဒီ ပေါ်လာတဲ့ တရားကို အနိစ္စတရား ကလေးလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

ပေါ်လာတဲ့ တရားကလေးဟာ... (အနိစ္စတရားကလေးပါ) ဘာဖြစ်လို့တုံးဆိုလို့ရှိယင် ခန္ဓာငါးပါးဟာ အနိစ္စတရားကိုး.... (မှန်ပါ့)။

သူက ဝိညာဏကွန္ဒာကိုး ဝိညာဏကွန္ဒာဖြစ်နေတော့ သူ့ကို အနိစ္စတရားလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်) ဩော်... ပေါ်လာတဲ့ တရားဟာ အနိစ္စတရားဘဲလို့ မှတ်လိုက်ပါ .... (မှန်ပါ့)။

ဒါဖြင့် ၁.နံပါတ်ဆိုတော့ သြော်....ပေါ်လာတဲ့ တရားဟာ အနိစ္စဘဲဆိုတာတော့ ရှင်းသွားပြီ၊ အနိစ္စလက္ခဏာဆိုတဲ့ ၂.နံပါတ်က ဘယ်ဟာလဲ မေးဘို့ မလိုဘူးလား .... (လိုပါတယ်ဘုရား)။

ပေါ်လာတဲ့ တရားဟာ အနိစ္စမှတ်လိုက်၊ ပေါ်လာတဲ့တရားကလေးဟာ ပျောက်ပျက်သွားတဲ့အခါကျတော့ ရှိသေးရဲ့လား (မရှိတော့ပါ) အဲ....ပေါ်ပြီး ပျောက်ပျက်သွားတဲ့ မရှိတဲ့ လက္ခဏာတွေဟာက အနိစ္စလက္ခဏာ....(မှန်ပါ့)။

မရှိတဲ့ လက္ခဏာကလေးဟာက(အနိစ္စလက္ခဏာပါ)အေး.... မရှိတဲ့ သဘောကလေးဟာ အနိစ္စလက္ခဏာ၊ သဘောကျပလား (ကျပါပြီဘုရား)။

ပေါ်လာတဲ့တရားက အနိစ္စ....(မှန်ပါ့) ပေါ်ပြီး ပျောက်ပျက်သွားတဲ့ လက္ခဏာကလေးက....(အနိစ္စလက္ခဏာပါဘုရား)။

ကောင်းပြီ....အဲဒီ အနိစ္စလက္ခဏာ နောက်ကမှ ဥာဏ်ကလိုက်နိုင်တယ်တဲ့၊ အနိစ္စနဲ့တော့ မတည့်နိုင်ဘူး....(မှန်ပါ့) အနိစ္စနဲ့တော့ ပြိုင်နေတာဘဲ....(မှန်ပါ့) ရှုတဲ့ဥာဏ်နဲ့ သူ ပေါ်တာနဲ့ ပြိုင်မနေဘူးလား....(ပြိုင်ပါတယ်ဘုရား)။

ပြိုင်နေလို့ရှိယင်လဲ အနိစ္စနဲ့ ပြိုင်နေလို့ မဖြစ်နိုင်တော့ဘူး လက္ခဏာနဲ့သာ ခင်ဗျားတို့ ပြိုင်ရမယ်....(မှန်ပါ့) ဒါကို သေသေချာချာမှတ်....(မှန်ပါ့)။

ဘာနဲ့ ပြိုင်ရမလဲ....(လက္ခဏာနဲ့ ပြိုင်ရပါမယ်) လက္ခဏာနဲ့ ဥာဏ်နဲ့ ပြိုင်ရမယ်....(မှန်ပါ့)။

လက္ခဏာကတော့ မရှိတာကိုးဗျ....(မှန်ပါ့ဘုရား) မရှိတဲ့ လက္ခဏာက အနိစ္စလက္ခဏာ၊ သိတာက ဉာဏ်....(မှန်ပါ့ဘုရား) ဆိုတော့ ဒါနဲ့မှ ပြိုင်နိုင်တယ်တဲ့ဉာဏ်က၊ လက္ခဏာနဲ့မှ ပြိုင်နိုင်တယ်၊ ဟိုက အနိစ္စနဲ့ မပြိုင်နိုင်ဘူး.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အနိစ္စနဲ့တော့.... (မပြိုင်နိုင်ပါဘုရား) မပြိုင်နိုင်ဘူးတဲ့၊ ပြိုင်မဖြစ်နိုင်ဘူး၊ နှစ်ခုမပြိုင်ဘဲကိုး....(မှန်ပါ့) မပြိုင်ကောင်းလို့၊ ဦးဘသန်း ရိပ်မိပြီ - (ရိပ်မိပါပြီဘုရား)။

လက္ခဏာနဲ့တော့.... (ပြိုင်နိုင်ပါတယ်ဘုရား) ပြိုင်နိုင်တယ် ဆိုတော့ ဩော်....ဒါဖြင့် ခင်ဗျားတို့ အလုပ်-လုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ လက္ခဏာမိအောင်ကြည့်.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘာမိအောင် ကြည့်ရမတုံး....(လက္ခဏာမိအောင် ကြည့်ရပါမယ်ဘုရား)။

ဒါက ဘယ်မှာလာသတုံး....လို့ မေးတဲ့အခါ မူလပဏ္ဏာသ အဋ္ဌကထာမှာ သေသေချာချာလာတယ်.... (မှန်ပါ့) အနိစ္စ လက္ခဏာမိအောင် ကြည့်ရမှာကိုးဗျ....(မှန်ပါ့)။

ဟိုဟာက အနိစ္စရောက်မည့်တရားသာ ဖြစ်နေသေးတာကို၊ လက္ခဏာ မပြရသေးဘူး....(မှန်ပါ့)။

ဦးဘသန်း ရှင်းရဲ့လား....(ရှင်းပါတယ်ဘုရား) အနိစ္စရောက်

မည့်တရားတော့ ဟုတ်တယ်၊ သို့သော်...လက္ခဏာ မပြသေးဘူး သူက....(မပြသေးပါဘုရား)။

နောက် သူ-ချုပ်ပျောက်သွားတော့မှ သူ့လက္ခဏာ ပေါ်လာတယ်.... (မှန်ပါ့ဘုရား) ဪ.... သူ့သဘောဟာ ဒါကိုး၊ သူ့သဘောဟာ မရှိတဲ့လက္ခဏာဘဲ....(မှန်ပါ့)။

ဦးဘသန်း ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အဲဒီ့ မရှိတဲ့ လက္ခဏာနဲ့မှ ခင်ဗျားတို့က ဉာဏ်နဲ့ပြိုင်နိုင်ပါတယ်၊ရှုတဲ့ဉာဏ်နဲ့ ပြိုင်နိုင်တယ်....(မှန်ပါ့ဘုရား) ရှိနေယင် မပြိုင်နိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စနဲ့ မပြိုင်နိုင်၊ လက္ခဏာနဲ့သာ ဉာဏ်နဲ့ ပြိုင်နိုင်တယ်... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အနိစ္စနဲ့ .. (မပြိုင်နိုင်ပါ) လက္ခဏာနဲ့တော့(ပြိုင်နိုင်ပါတယ်) ပြိုင်နိုင်တယ်ဆိုတော့မှ အဲ .... လက္ခဏာနဲ့ ပြိုင်လို့ရှိယင်ဖြင့်၊ လက္ခဏာသိတဲ့ဉာဏ်ကလဲ သိပစ်လိုက်တာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဟိုကလဲ လက္ခဏာအပြ၊ ဒီကလဲလက္ခဏာကိုအသိ.... (မှန်ပါ့)ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဟိုကလဲ ဓမ္မက လက္ခဏာအပြ၊ဉာဏ်က လက္ခဏာကိုအသိ.... (မှန်ပါ့)အဲဒီအပြနဲ့အသိနဲ့ ကိုက်သွားလို့ရှိယင် အဲဒီသောတာပန် စခန်းဟာ အလွယ်ကလေးနဲ့ ပြီးသွားတာဘဲ....(မှန်ပါ့) ဒါသာ ကိုက်သွားဖေ့စေ ....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အနိစ္စ လက္ခဏာဆိုတာ စမ္မရှိနေ တုန်းကိုဆိုတာ မဟုတ်ဘူး၊ အရှုခံတဲ့စမ္မရှိနေတုန်း ဆိုတာမဟုတ် ဘူး၊ အရှုခံတဲ့စမ္မမရှိတဲ့ သဘောကိုမှ သူ့လက္ခဏာကိုးဗျ .... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အရှုခံတဲ့စမ္မမရှိမှ အနိစ္စလက္ခဏာ- မဟုတ်ဘူးလား...(မှန်ပါ့ ဘုရား)။

ဒါဖြင့် အနိစ္စနဲ့ အနိစ္စလက္ခဏာကဲ့သဲ့ပြီ...(မှန်ပါ့) ကဲ့ သဲ့ပါပြီတဲ့၊ အနိစ္စကထင်ရှားရှိတုန်းဆိုတာပါ၊လက္ခဏာက မရှိ တဲ့အခါကျမှ ပေါ်လာတာပါ(မှန်ပါ့ဘုရား)။

လောကီ ဥပမာ ပြောကြပါစို့ဆိုတော့ ဦးအောင်ဇံဝေ အသက်ကြီးလို့ သေသွားတယ်၊ သူ့တကာမတွေက ကျန်နေ ရစ်တယ် သားတွေနဲ့.... (မှန်ပါ့) ဩော်....သူ့ခြေရာလက်ရာ ကလေးတွေ ကျုပ်တို့ဖြင့် မမေ့သေးပါဘူး....(မှန်ပါ့)။

အဲ...သူတော့မရှိတော့ဘူး....(မှန်ပါ့ဘုရား)ခြေရာလက်ရာဘဲ ရှိတော့တယ်....(မှန်ပါ့)သူရှိသေးရဲ့လား (မရှိတော့ပါဘုရား)။

အဲဒါမှ ဒီသေခြင်း၏လက္ခဏာကို သွားသိတာကိုးဗျ .... (မှန်ပါ့) သေနေတာကတော့ အထည်ပေါ့ဗျာ- အထည်ရှိနေ သေးတယ်....(မှန်ပါ့ဘုရား)။

ဩော်...သေတယ်ဆိုတာ ပျောက်ပျက်ရမယ်၊ ပျောက်ပျက် တဲ့ လက္ခဏာမှ လက္ခဏာကိုးဗျ... (မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သေတာဟာ အထည်ရှိတယ်... (မှန်ပါ့)ပျောက်ပျက်တဲ့လက္ခဏာကတော့ အထည်မရှိမှ....(မှန်ပါ့ဘုရား) သဘောပါကြပလား...(ပါ-ပါပြီဘုရား)။

ဒါဖြင့်.... အနိစ္စလက္ခဏာသည် အထည်ရှိတုန်းဆိုတာလား-အထည်မရှိမှလား...(အထည်မရှိမှပါ ဘုရား) အထည်မရှိမှ-အထည်မရှိမှ လက္ခဏာဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ အနိစ္စလက္ခဏာ သိသွားပြီ၊ ဩော်... ဒို့အရှုခိုင်းတာဟာ မရှိတဲ့လက္ခဏာ အရှုခိုင်းတာပါဂေ.လား.... (မှန်ပါ့) ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

ဘယ်ဟာ အရှုခိုင်းတာတုံး.... (မရှိတဲ့လက္ခဏာ အရှုခိုင်းတာပါဘုရား) ရှိရာက မရှိတဲ့လက္ခဏာကို အရှုခိုင်းတာ ဒါ-မှတ်လိုက်(မှန်ပါ့)။

ရှိရာက....(မရှိတဲ့လက္ခဏာကို အရှုခိုင်းတာပါဘုရား)။

အေး... နဂိုရ်တုန်းက ဘာမှမရှိတဲ့ ပညတ်ကိုလဲ ဆိုတာမဟုတ်ဘူး....(မှန်ပါ့) အဘာဝပညတ်ဆိုတဲ့ နဂိုရ်က မရှိတာကို ဆိုတာလဲ မဟုတ်ဘူး... (မှန်ပါ့) ရှိရာက မရှိတဲ့လက္ခဏာကို ဆိုတယ်၊ ဒါကိုဆိုတယ်၊ ဒါကိုမြင်အောင်ကြည့်ရမယ်.... (မှန်ပါ့ဘုရား) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ရှိရာက....(မရှိတဲ့လက္ခဏာကို ဆိုပါတယ်) မရှိတဲ့လက္ခဏာကို ဉာဏ်နဲ့မြင်အောင်ကြည့်ရမယ်...(မှန်ပါ့)။

ဒီလိုဆိုတော့ ဩော်...ဘယ်သူသေသွားတယ်....၊ ဘယ်ဟာ ပျက်စီးသွားတယ်ဆိုတဲ့ ဥစ္စာကို ဉာဏ်က လိုက်အကဲခတ်နိုင်မှ...

(မှန်ပါ့ဘုရား) ဘယ်သူဆိုတဲ့ စ့ဲစရာကလေးပါသေးတာကိုးဗျ... (ပါ-ပါတယ်ဘုရား)။

လုံးဝမရှိတာ မဟုတ်ဘူး... (မှန်ပါ့) ရှိရာက မရှိတဲ့လက္ခဏာကို ကြည့်ရမယ်နော်... (မှန်ပါ့)။

ရှိရာက... (မရှိတဲ့လက္ခဏာကို ကြည့်ရပါမယ်ဘုရား) မရှိတဲ့ လက္ခဏာကို မြင်အောင်ကြည့်ပါမှ ပညတ်ရှုလဲ မဟုတ်ဘူး...တဲ့ ပရမတ်ရှုတာ(မှန်ပါ့ဘုရား)နို့.မဟုတ်ယင် မရှိတာရှုတယ်ဆိုယင် ပညတ်ဘက်ပါသွားမှာစိုးလို့. ပညတ်နဲ့. ခ့ဲပေး လိုက်တယ်... (မှန်ပါ့)။

လုံးဝမရှိတာလား-ရှိရာက မရှိတာလား... (ရှိရာက မရှိတာပါ ဘုရား)။

အဲ...ရှိရာက မရှိတာရှုမှ ဦးအောင်ဇ ဝ မှန်ဘာ...(မှန်ပါ့) နို့.မဟုတ်- မရှိတာကြီး ကြည့်နေလို့.ရှိယင် ဒါ...မဟုတ်သေးဘူး (မှန်ပါ့)။

အဲဒါက အနိစ္စ.မဟုတ်ဘူး- အနိစ္စလက္ခဏာ မဟုတ်ဘူး... ဦးဘသန်း ကျေနပ်ကဲ့လား... (ကျေနပ်ပါတယ်ဘုရား) လက္ခဏာ ဟုတ်ကဲ့လား အဲဒါ...(မဟုတ်ပါဘုရား)။

ရှိရာက မရှိလို့.ရှိယင်ဖြင့် ဘယ်သူဘာည် သေသွားတယ်ဆိုတဲ့ အဓိပ္ပါယ်ရတယ်နော်... (မှန်ပါ့) ဟိုကတော့ ဘယ်သူသည်လို့. စ့ဲစရာရှိရဲ.လား... (မရှိပါဘုရား) အဲဒါ ကွာသွားတယ်။

ဒါ့ကြောင့် စကားတတ်မှလဲ ဖြစ်တယ်နော်...(မှန်ပါ့) အဲဒီ

တောဲ့ကို ပရမတ်လား တပည့်တော်တို့ ရှုနေတဲ့ဥစ္စာ ခင်ဗျားတို့က မေးရမယ်....(မှန်ပါ့) လက္ခဏာကို ရှုဆိုတဲ့ဥစ္စာ ပရမတ်လဲား ဘုရား၊ ပညတ်လားဘုရား၊ ပညတ်ရှုလို့ ရှိယင်လဲ နိဗ္ဗာန် မရနိုင်ဘူး၊ မဟုတ်ဘူးလား... (မှန်ပါ့) ပရမတ်ရှုမှလဲ နိဗ္ဗာန်ရမှာကိုး (မှန်ပါ့)။

အဲဒီတောဲ့ကို ဒီဟာက ရှိရာက မရှိတာကို ရှုတဲ့ အတွက် ပညတ်မဟုတ်ပါဘူး....(မှန်ပါ့)။

ရှိရာက....(မရှိတာရှုတဲ့အတွက်) ဘေးရှိရာကမှ မရှိတာကို သိလိုက်တဲ့အတွက် ဒါ၊ ပညတ်မဟုတ်ပါဘူး....(မဟုတ်ပါဘုရား) မဟုတ်ဘူး....တဲ့၊ ပညတ်ဆိုတာ နဂိုရ်က လုံးဝမရှိဘာကိုဆိုတာ (မှန်ပါ့) သဘောပါပလား....(ပါ၊ပါပြီဘုရား)။

အခုဟာက မရှိတာကို ရှုရငြားသော်လဲ ပညတ်မဟုတ်ဘူး.... (မှန်ပါ့) မရှိတာကိုတော့ အရှုခိုင်းတာဘဲ၊ မရှိတာ သိအောင်လုပ်နော်၊ မရှိတာသိအောင်လုပ်နော်လို့ သတိမပေးဘူးလား.... (ပေးပါတယ်ဘုရား)။

သို့သော်လဲ လုံးဝမရှိတာကို ဆိုတာလား-(မဟုတ်ပါဘုရား) ရှိပြီးသား မရှိတာကို ဆိုတာပါ....(မှန်ပါ့) ရှိရာက မရှိတာ သိအောင်လုပ်ဘို့ အရေးကြီးတယ်....(မှန်ပါ့) သဘောပါလား (ပါ၊ပါပြီဘုရား)။

ဒါဖြင့် ရှိရာက မရှိတာကို ဉာဏ်နဲ့သိအောင်လုပ်ရတဲ့အတွက် တပည့်တော် ရှုနေတာ ပညတ်မဟုတ်ဘူးလို့ ဆိုတာ သူမျှားမေး

လဲ ပြောနိုင်ရမယ်၊ ကိုယ်လဲ ဆုံးဖြတ်ချက်ချရလိမ့်မယ်-(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာကို ရှုရမှာတုံး....(ရှိရာက မရှိတာကို သိအောင်လုပ်ရပါမယ်ဘုရား) အေး...အခုပေါ်လာတဲ့ တရားကလေးရှိရာက မရှိတာကို သိအောင်လုပ်ရမယ်...(မှန်ပါ့)။

ပေါ်လာတဲ့တရားကလေးကို...(မရှိတာ သိအောင်လုပ်ရပါမယ်ဘုရား) ဦးဘသန်းက ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ကို ဒီဟာ ပညတ်လို့ ဆိုမလားဆိုတော့လဲ ဒါ....ပညတ်မဟုတ်ဘူး....တဲ့....(မှန်ပါ့ဘုရား) မရှိတာ ရှုပြီးသော်လဲ ပညတ်မဟုတ်ဘူး....(မှန်ပါ့)။

ဒါက သူတပါးဝင်လာမှာစိုးလို့ တခါတည်း ခင်ဗျားတို့ကို ထိန်းပေးထားတာ....(မှန်ပါ့ဘုရား) သူတပါးက မင်းတို့ဟာက မရှိတာရှုနေယင် ပညတ်ပေါ့ကွ.... (မှန်ပါ့) ဆိုချင်ဆိုပစ်လိုက်မယ်...(မှန်ပါ့-ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တယ်....တဲ့၊ အဲဒီတော့ ဒီအဆိုကို ခင်ဗျားတို့ ကိုယ့်ဉာဏ်ထဲ ဆုံးဖြတ်ချက်ချနိုင်ပလား...(ချနိုင်ပါပြီဘုရား)။

ဟော့....လုံးဝ မရှိတာကို ဒို့ရှုတာမဟုတ်ဘူး၊ ဒို့ရှေ့တွင် ပေါ်ပြီးသကာလ ဒို့ရှုစရာ သူပေါ်လာတယ်....၊ ပေါ်လာတဲ့ အချိန်လဲ ဒီက မရှုနိုင်သေးဘူး၊ ဘာဖြစ်လို့တုံး - ခန္ဓာပြိုင်နေလို့...(မှန်ပါ့)။

သူက ဝိညာဏကွန္ဒာ၊ဒီက သခ်ၤါရကွန္ဒာ၊ရူတာက သခ်ၤါရကွန္ဒာ နဲ့ ရူတာကိုးဗျ.... (မှန်ပါ) အရှုခံတာက ကျုပ်တို့က စိတ်ကို ပေးထားတော့ ဝိညာဏကွန္ဒာ.... (မှန်ပါ) ဝိညာဏကွန္ဒာနဲ့ သခ်ၤါရကွန္ဒာ ပြိုင်နေတယ်....(မှန်ပါ)။

ခန္ဓာပြိုင်လို့ကော ဖြစ်ပါ့မလား...(မဖြစ်ပါဘုရား) မဖြစ်တော့ကို...တဲ့ ဟိုခန္ဓာမရှိမှ ခန္ဓာပေါ်ရမှာကိုး....(မှန်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ရှိတာကို ရှုလို့ရှိယင် ရှုတဲ့ဉာဏ်ကို မလိုက်နိုင်သေးဘူးလို့ ဆိုးဖြတ်ချက်ချ... (မှန်ပါ) ရှိဘာရှုနေယင် ပြိုင်နေတယ် (မှန်ပါ) မပြိုင်ဘူးလား...(ပြိုင်ပါတယ်ဘုရား)။

ပြိုင်နေလို့ရှိယင်ဖြင့် ဒီဟာဘယ်နည်းနဲ့မှ မဖြစ်တဲ့အလုပ်ဘဲလို့ မှတ်လိုက်....(မှန်ပါ) ပြိုင်ပေါ်ကောင်းရဲ့လား.... (မပေါ်ကောင်းပါဘုရား)။

ပြိုင်မပေါ် ကောင်းဘူးတဲ့၊ ဟိုဘက်က ဝိညာဏကွန္ဒာ, ဒီဘက်က ခန္ဓာနဲ့ကောပြိုင်နိုင်ရဲ့လား.... (မပြိုင်နိုင်ပါ) ဒီထဲလဲ မင်္ဂ်နဲ့တဲ့နေတဲ့ဥစ္စာကလဲဦးဘသန်းတို့မှတ်လိုက် ဝိညာဏကွန္ဒာလဲ ပါနေတယ် .. (မှန်ပါ)မပါဘူးလား....(ပါ-ပါတယ်) ဝိပဿနာ မင်္ဂ်စိတ် ကာမာဝစရကုသိုလ်စိတ် ပါနေတယ်....(မှန်ပါ)။

အဲဒါကြောင့် စိတ်နှစ်ခုမပြိုင်ခကောင်းတဲ့အတွက်လဲ လက္ခဏာမတွေ့နိုင်ဘူး... (မှန်ပါ) ရှိရာက မရှိတာရှုမှ လက္ခဏာတွေ့နိုင်တယ်....(မှန်ပါဘုရား)။

ဒါ့ကြောင့် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ,အနတ္တလက္ခဏာ ဆိုပြီးသတာလ လက္ခဏာကို ဘုရားက အရေးကြီးတယ်–(မှန်ပါ့ ဘုရား)။

ဘာအရေးကြီးသလဲ....(လက္ခဏာအရေးကြီးပါတယ်ဘုရား) အဲ... လက္ခဏာရှုရမယ်၊ အဲဒီတော့ ပျောက်ပျက်သွားတိုင်း သြော် ... ဒါလက္ခဏာတွေပါကလား-(မှန်ပါ့)ဒါ မရှိတဲ့လက္ခဏာ တွေပါလား၊ ဒါမရှိတဲ့ လက္ခဏာတွေပါလားလို့ ခင်ဗျားတို့က ဉာဏ်ကလေး နောက်က လိုက်ပေးရမယ်....(မှန်ပါ့ဘုရား)။

အဲဒီလို လိုက်ပေးလို့ရှိယင်ဖြင့်တဲ့ ရှိတာက အနိစ္စ၊ ရှိရာက မရှိတာက လက္ခဏာ၊ သိတာကဉာဏ်၊ သုံးချက်ပြီးသွားတယ် ... (မှန်ပါ့)မပြီးသေးဘူးလား....(ပြီးပါတယ်ဘုရား)။

ရှိတာက(အနိစ္စပါ) ပျောက်ပျက်သွားတာက(လက္ခဏာပါ) သိတာက... (ဉာဏ်ပါ) ဉာဏ်ဆိုတော့ အနိစ္စ,အနိစ္စလက္ခဏာ, အနိစ္စဉာဏ်သွားပြီးတယ်... (မှန်ပါ့)မပြီးသေးဘူးလား....(ပြီးပါ တယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ကပည့်တော်တို့ ဒီအလုပ်တော့ဖြင့် ဒီလို ဆိုရင် သံသယမရှိလောက်အောင်ဘဲ ရှင်းသွားပြီ၊ သံသယမ့ရှိ တော့ဘူး....(မရှိပါဘုရား)။

သြော်... လက္ခဏာမိမှုကိုး၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) လက္ခဏာမမိယင် ဦးဘသန်း....(မှန်ပါ့)မခက်ဘူးလား .... (ခက် ပါတယ်) အနိစ္စကျတော့ မမိနိုင်ဘဲကိုးဗျ... (မှန်ပါ့) လက္ခဏာ

ကျတော့....(မိနှိုင်ပါတယ်) လက္ခဏာကို မိနှိုင်တယ်နော် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ကို အရင်းကျကျ ပြောနေတယ်တဲ့ ဒီဥစ္စာ သြော်...လက္ခဏာသိမှလဲ လက္ခဏာဥာဏ်လာမှာဘဲ ....(မှန်ပါ့)လက္ခဏာမသိယင်.... (မလာပါ) လက္ခဏာသိတဲ့ဥာဏ် လာနိုင်ပါ့မလား....(မလာနိုင်ပါဘုရား)။

ဒါဖြင့် လက္ခဏာသိတဲ့ဥာဏ် မလာလို့ရှိယင်ဖြင့် အနိစ္စသိတဲ့ဥာဏ် သွားဖြစ်နေလိမ့်မယ်....(မှန်ပါ့) မဟုတ်ဘူးလား(မှန်ပါ့) အနိစ္စနဲ့လဲ သူနဲ့သီနိုင်ရဲ့လား....(မသီနိုင်ပါ)ပြိုင်ဖြစ်နေလိမ့်မယ် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အနိစ္စဥာဏ်ဟာ လက္ခဏာသိတဲ့ ဥာဏ်ဖြစ်မှ ခင်ဗျားတို့ သေသေချာချာသိမယ်....(မှန်ပါ့)သဘောပါပလဲ့ား (ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် လက္ခဏာသိတဲ့ ဥာဏ်ဖြစ်မှ ကိစ္စပြီးမယ် ဆိုတာ သိသွားတော့ ကဲ_ ဘုရားတပည့်တော်တို့ ဒီဥာဏ်ဖြစ်ပါပြီ၊ ဒီဥာဏ်ဖြစ်တော့ တပည့်တော်တို့ ဘာကျေးဇူး ရှိသလဲ၊ မေးဘို့မလိုဘူးလား....(လိုပါတယ်ဘုရား)။

ဒီဥာဏ်ဖြစ်ပြီး တပည့်တော်တို့ လက္ခဏာသိတဲ့ ဥာဏ်တော့ ပိုင်ပါပြီဘုရား၊ ပိုင်နေတုန်းမှာ တပည့်တော်တို့ အကျိုးခကျေးဇူး ဘာခံစားရသလဲ- မေးရမယ်_(မှန်ပါ့ဘုရား)။

အကျိုးကျေးဇူး ဘာခံစားရသလဲလို့ မေးတဲ့အခါကျတော့

ကွာ-တဲ့၊ ဒီဥစ္စာ ခန္ဓာနဲ့ တဏှာစွန့်ပါတယ်တဲ့... (မှန်ပါ့) ဒါ ခံစားရတာဘဲ....(မှန်ပါ့ဘုရား)။

ရှေ့က ခန္ဓာကောရှိသေးရဲ့လား...(မရှိပါ) နောက် တဏှာ ကော လာနိုင်သေးရဲ့လား....(မလာနိုင်ပါ)အဲ....ခန္ဓာနဲ့တဏှာ စွန့်ခြင်းကျေးဇူးရှိပါတယ်တဲ့... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘာတဲ့တုံး... (ခန္ဓာနဲ့ တဏှာစွန့်ခြင်းကျေးဇူးရှိပါတယ်) ဒီရှေ့ကကော ခန္ဓာရှိသေးရဲ့လား... (မရှိပါ)နောက်က တဏှာ ကကော လာနိုင်သေးရဲ့လား....(မလာနိုင်ပါ) ဝိပဿနာမဂ်ဝင် နေတဲ့အတွက် ဦးဘသန်း တဏှာလာသေးရဲ့လား .... (မလာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အခုရှုနေတဲ့ဥာဏ်သည် ဩော်....ခန္ဓာနဲ့ တဏှာစွန့်ပါကလားလို့ဆိုတော့ ခန္ဓာငြိမ်းလဲ နိဗ္ဗာန်, တဏှာ ငြိမ်းလဲ နိဗ္ဗာန်ဆိုပြီး ခဏနိဗ္ဗာန်ရနေတာကွတဲ့....(မှန်ပါ့)။

ခန္ဓာကလဲ စွန့်ပြီးသားဖြစ်နေတယ် ဦးဘသန်း...(မှန်ပါ့) တဏှာကကော .... (စွန့်ပြီးသားပါ) စွန့်ပြီးသား ဖြစ်နေတယ်၊ အမြစ်သာမပြတ်သေးတာ၊ ခဏနိဗ္ဗာန်ကွတဲ့....(မှန်ပါ့)လက္ခဏာ ရှိနေတဲ့ပုဂ္ဂိုလ်ဟာ ခဏနိဗ္ဗာန်ရနေတာဘဲ... (မှန်ပါ့ဘုရား)။

ဒါ အင်မတန်သဘောပါတဲ့ စကားတွေလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့) ဦးဘသန်း ကျေနပ်ကဲ့လား (ကျေနပ်ပါတယ်ဘုရား)။

ဒါတောင် သူများကို ပြောနိုင်မယ်လို့ထင်သလား....(မထင်

ပါဘုရား)မလွယ်ဘူး ဒီဥစ္စာ(မှန်ပါ) ဒါဟာ သံယုတ်အဌကထာ မှာလာတယ် ဒီစကားတွေနော်....(မှန်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝိပဿနာရှုနေတာ ဘာကျေးဇူးရှိသတုံး ဆိုတာကော ပေါ်ကြပလား — (ပေါ်ပါပြီ) ဘာပေါ်လာ သတုံး... (ခန္ဓာနဲ့တဏှာကို စွန့်ပါတယ်ဘုရား)။

ခန္ဓာစွန့်တာလဲ နိဗ္ဗာန်ဘဲ....(မှန်ပါ) တဏှာစွန့်တာကော.... (နိဗ္ဗာန်ပါဘဲဘုရား)။

အဲ....အစစ်သာမရသေးတာ၊ ခဏနိဗ္ဗာန်တော့ရပြီ—(မှန်ပါ) ရှေ့ပြေးနိဗ္ဗာန်ရပြီ... (မှန်ပါ)မပေါ်သေးဘူးလား....-(ပေါ်ပါ ပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ညြော် ... တပည့်တော်တို့အလုပ်ဟာ အလွန်ကျေးဇူးများပါကလား...လုပ်ထိုက်တယ်(မှန်ပါ့လုပ်ထိုက် ပါတယ်)လုပ်ထိုက်တယ်ဆိုတဲ့ ဥာဏ်ဟာ ခင်ဗျားတို့မှာ ပိုမိုပြီး သကာလ အားရှိသွားတယ်....(မှန်ပါ) ဦးဘသန်း အားမရှိဘူး လား... (ရှိပါတယ်)ဘာစွန့်သလဲ .... (ခန္ဓာနဲ့တဏှာ စွန့်ပါတယ် ဘုရား)။

အဲ.... လက္ခဏာသိတဲ့ ဥာဏ်က လက္ခဏာ သိနေကတည်းက ခန္ဓာက ရှိသေးရဲ့လား...(မရှိပါ) ရှုတဲ့ ခန္ဓာရှိသေးရဲ့လား .... လား....(မရှိပါ)နောက်ကကော တဏှာလာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

မလာနိုင်တဲ့အတွက် ခန္ဓာနဲ့ တဏှာစွန့်ပါတယ် .... (မှန်ပါ) ဒါဖြင့် ခန္ဓာငြိမ်းနိဗ္ဗာန်, တဏှာသိမ်းနိဗ္ဗာန်ဆိုတာ တဒင်္ဂနိဗ္ဗာန်

ရပြီ....(မှန်ပါ)တဒင်္ဂဆိုတာ ခဏနိုဗ္ဗာန်ပေါ့.... (မှန်ပါ) ပေါ်ပေ လား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်ဘုရား ဒါက ဝိပဿနာဉာဏ်ကိုး၊ ဒါ့ကြောင့် သူ့ ခန္ဓာနဲ့ တဏှာကိုသိမ်းတယ်၊ တဏှာသိမ်းတယ်ဆိုတာ တပည့် တော်တို့ ယုံကြည်ပါပြီ၊ ဝိပဿနာဉာဏ်ကလဲ တယ်ကျေးဇူး များပါကလား.... (မှန်ပါ) ခန္ဓာဒုက္ခသစ္စာလဲ သိမ်းသွားတယ်၊ တဏှာသမုဒယသစ္စာကော .. (သိမ်းသွားပါတယ်ဘုရား)။

ဒါဖြင့် ဒီဟာ အဆုံးလိုက်လိုက် ဦးအောင်ဇံ ဝေတို့နော် .... (မှန်ပါ)အဆုံးလိုက်လိုက်တဲ့အခါကျတော့ ခန္ဓာက ဘယ်တော့မှ မလာတော့ဘူးဆိုကြပါစို့ နော်... (မှန်ပါ)။

ခန္ဓာက မလာတဲ့အခါကျတော့ တကယ့် လောကုတ္တရာမဂ် ဖြစ်မလာဘူးလား.... (ဖြစ်လာပါတယ်ဘုရား) ဖြစ်လာတဲ့အခါ ကျတော့ သူ့ကျတော့ ခန္ဓာလဲ စွန့် တဏှာလဲ စွန့် နိုဗ္ဗာန်လဲ မျက်မှောက်ပြုတယ်၊ သူက ဒီတခုဘဲ ပိုတော့တယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကယ့်မဂ်စစ်ကျတော့ ခန္ဓာလဲ စွန့်၊ တဏှာလဲ စွန့်၊ နိုဗ္ဗာန် လဲ မြင်... (မှန်ပါ-မျက်မှောက်ပြုပါတယ်ဘုရား) မျက်မှောက် ပြုတယ်၊ ဒါဘဲ ထူးတော့တယ်...(မှန်ပါ)။

ခုနင်ကတော့ ခန္ဓာစွန့်၊ တဏှာစွန့်တယ်....(မှန်ပါဘုရား) တကယ့် မဂ်စစ်ကျတော့ .... (နိုဗ္ဗာန် ,မျက်မှောက်ပြုပါတယ် ဘုရား)။

ခန္ဓာလဲ ထည့်ပါဦး....(ခန္ဓာလဲ စွန့်၊ တဏှာလဲ စွန့်၊နိဗ္ဗာန်လဲ မျက်မှောက်ပြုပါတယ်ဘုရား)။

နိဗ္ဗာန်လဲ မျက်မှောက်ပြုတယ်ဆိုတော့ သြော်...ဒီမဂ်နှစ်ခု ဒီလို ထူးပါကလားဆိုတာ ပေါ်သွားတယ်....(မှန်ပါ)။

ဝိပဿနာမဂ်နဲ့ ခုနင်က သောဘာပတ္တိမဂ်ဆိုတဲ့ လောကုတ္တရာမဂ်နဲ့ဟာ ဦးဘသန်း....ဒါ ထူးခြားသွားတယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် · အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
သေနီယနှင့် ပုဏ္ဏာချတ်ခဏ်း- ကံလေးမျိုးခွဲပြခြင်း
(မဇ္ဈိမပဏ္ဏာသ-ကုက္ကုရဝတိကသုတ်)

ညအလုပ်ပေး တရားတော်

(၂၂ - ၄ - ၆၂)

ယနေ့ ဟောရမည့် တရားသည်တဲ့... ကံကို နားလည်ဘို့ ကံလေးမျိုးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဟောတယ်လို့ .... မှတ်ထားပါ.... (မှန်ပါ့)။

ပါဠိတော်ကို စကားထည့်လိုက်ခြင်းသည် မည်သူတဦး တယောက်မှ ဟောတာမဟုတ်ဘူး၊ ဘုရားကိုယ်တိုင်သိပြီး ဘုရားကိုယ်တိုင် ဟောတာ....(မှန်ပါ့)။

တဆင့်ကြားနဲ့ ပြောတာမဟုတ်ဘူး....(မှန်ပါ့) ရှေးလူကြီး ~~ပေးပို့ပြီး~~ ဒီလိုပြောတယ်ဆိုတဲ့ အသွားမျိုးနဲ့. ဘုရားက ဟောတာမဟုတ်ဘူး....(မှန်ပါ့)။

ပါဠိတော်ဆိုတာက ဘုရားကိုယ်တိုင် သဗ္ဗညုတညာဏ်ကြီး ရပြီးတော့မှ ဉာဏ်ထဲမှာ အကုန်မြင်ပြီးသကာလ ပြောတာ.... (မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ပြောကြပါစို့တဲ့....၊ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး လက်ထက်က ဘုရားသခင်ကလဲ အိန္ဒိယမှာ ပွင့်ရတဲ့ ဘုရားဖြစ်နေတော့ ဘုရားမပွင့်ခင်က မိစ္ဆာဒိဋ္ဌိအယူတွေကလဲ ရှိတယ်...(မှန်ပါ)။

ကိုယ်ယူချင်တာ ယူပြီး ကိုယ်ထင်ရာ လုပ်နေတဲ့ ဘာသာအယူဝါဒတွေကလဲ ရှိတယ်တဲ့...(မှန်ပါ)။

ပုဏ္ဏဆိုတဲ့ လူတယောက်က သူက သူ့ကိုယ်သူ နှားလိုဘဲသွားတယ်၊ သူ့ခေါင်းမှာလဲ နှားလိုဘဲ ချိုကြီးတပ်ထားတယ်၊ နှားလိုဘဲ အမြီးတပ်ထားတယ်၊ နှားလိုဘဲ တွန်နေတာဘဲ၊ နှားစားတဲ့ အစာဘဲ စားတယ်၊ ဒီအကျင့်-ကျင့်ရယင် နိဗ္ဗာန်ရောက်တယ်လို့ ယူတယ်...(မှန်ပါ)ဒါဟာ အိန္ဒိယမှာ အခုထက်တိုင်တိုင် ရှိပါသေးတယ်....(မှန်ပါ)။

သူ့သူငယ်ချင်း သေနိယဆိုတဲ့သူကတော့ တမျိုးကျင့်တယ်၊ ခွေးကဲ့သို့ လေးဖက်သွားပြီးသကာလ လူမျှားလာလို့ရှိယင် ခွေးလို အူတယ်၊ထမင်းကို ဒီအတိုင်းကျွေးလို့ မစားဘူး၊မြေပေါ်ပစ်ပေးမှ ခွေးလိုစားတယ်...(မှန်ပါ)။

လူတွေတယ်ဆိုလို့ရှိယင်ဖြင့် လျှောက်ပြီးတော့ ပွတ်တယ်၊ ခွေးအမူအရာ အကုန်လုပ်တာဘဲ....(မှန်ပါ)။

အဲဒီလိုနဲ့ သူတို့နှစ်ယောက်က ဘုရားသခင်ကိုယ်တော်မြတ်ကြီး နေတဲ့ဆီ အကြောင်းတိုက်ဆိုင်လို့ ရောက်လာကြတယ်၊ အကြောင်းတိုက်ဆိုင်လို့ ရောက်လာပြီး ဘုရားနဲ့ တွေ့ခဲတာ့ မေးတယ် ပုဏ္ဏက၊သူ့သူငယ်ချင်း သေနိယ ခွေးလိုကျင့်ပြီးသကာလ

ခွေးလို စားပါတယ်၊ ဒါ ကိုလေသာခေါင်းပါးတဲ့အလုပ်,ကိုလေသာချုပ်တဲ့ အလုပ်, ကိုလေသာငြိမ်းတဲ့ အလုပ်လို့ ဆိုပြီးသကာလ ကျင့်ပါတယ်၊ ဒါ သေတဲ့အခါ ဘယ်မျှားသွားပြီး လားဆုဂတိ ဘယ်မျှား ဖြစ်မှာတုံးလို့ မေးလိုက်တယ်...(မှန်ပါ)။

ပုဏ္ဏ မမေးနဲ့ကွ....ငါမပြောချင်ဘူးတဲ့....။ ဘုရားက မမေးနဲ့တဲ့... (မှန်ပါ့ဘုရား)။

မနေဘူး သူက နောက် ဒုတိယအကြိမ် မေးတယ်၊ ဒုတိယအကြိမ် မေးပြန်တော့လဲ မမေးနဲ့.ကွာ....ဒီဥစ္စာလို့ ပြောပြန်တယ်၊ အဖြေခက်လို့ပေါ့လေ....(မှန်ပါ)။

နောက်တခါ တတိယအကြိမ် မေးတယ်၊ ဦးဘသန်း....တတိယအကြိမ် မေးတော့ မဖြေလို့ မဖြစ်တော့ဘူး။ ကွာ.. တဲ့ ခွေးလိုကျင့်တဲ့ သေနိယဟာ ဒီလိုကျင့်လို့ရှိယင်ဖြင့် သေသည်၏ အခြားမဲ့ဌာ် သူ့ဝါသနာအထုံအတိုင်း ခွေးဘဲ ဖြစ်ရမယ်တဲ့....။ ခွေးလိုကျင့်လို့ ဒီဟာက ကိုလေသာခေါင်းပါးတယ် ဒီအယူဟာ မှန်တယ်လို့ မိစ္ဆာဒိဋ္ဌိအယူကို ယူလိုက်ပြန်လို့ရှိယင်လဲ အဝီစိငရဲလဲ ကျလိမ့်မယ်တဲ့....။ နှစ်ချက်....(မှန်ပါ)။

ခွေးလိုကျင့်လို့ သေယင် ခွေးဖြစ်မှာက တချက်၊ ဒီအယူဟာ ဟုတ်တယ်,မှန်တယ်လို့ မိစ္ဆာဒိဋ္ဌိအယူကြီးကို ဟုတ်တယ်, မှန်တယ်လို့ ယူလိုက်တဲ့အတွက်လဲ ငရဲကျရဦးမှာက တချက်ဆိုတော့ ပုဏ္ဏက ငိုရှာတယ်....(မှန်ပါ)။

မင်း ငါအပြောသားဘဲတဲ့ နဂိုရ်က၊ မမေးနဲ့ မမေးနဲ့လို့ ပြောသားဘဲ။ မင်းက သုံးကြိမ်တိုင်တိုင်မေးတော့ မဖြေယင် မဖြစ်လို့ ငါဖြေလိုက်တယ်....(မှန်ပါ)။

ဦးဘသန်းတို့....ဦးအောင်ဇံ၀ေတို့ အိန္ဒိယမှာ ဒါတွေ ရှိသေးတယ်....(မှန်ပါ့)။

ဒါနဲ့ ငိုရှာတယ်။ မင်းကို ဒါ့ကြောင့် အပြောသားဘဲ မခမေးနဲ့ ဆိုတာ အခုတော့ မင်းက ငိုခြင်းချတယ်။

ငိုတာက တခြားမဟုတ်ပါဘူးတဲ့....။ အကျင့်ကြီး ကျင့်ပြီးသကာလ ဆိုးဝါးတဲ့ ခွေးလဲ ဖြစ်ရဦးမယ်။ ဂရဲလဲ ကျဦးမယ်ဆိုတဲ့ ဥစ္စာကို ကိုယ့်အမှား ကိုယ်သိပြီး မျက်ရည်ကျပါတယ်။ ဒါ... ပြောလိုက်တယ်နော်... (မှန်ပါ့)။

နောက်တခါ တယောက်က မေးပြန်တယ် ခွေးလိုကျင့်တဲ့ သေနိယကလဲ ပဏ္ဍိုက နွားလိုကျင့်တယ်။ နွားကဲ့သို့ဘဲ တွန်တယ်။ နွားလိုဘဲ ချိုတပ်ထားတယ်၊ နွားလိုဘဲ အမြီးတပ်ထားတယ်၊ သွားတော့ နွားလိုသွားတယ်၊ စားတော့ နွားစာတွေစားတယ်၊ သူကတော့ ဘယ်လိုတုံး...တဲ့၊ ကိုယ့်အယူကို ကိုယ်ဆုံးဖြတ်ချက်ချနိုင်တာမှ မဟုတ်ဘဲကိုး.... (မှန်ပါ့ဘုရား) တယောက်ဥစ္စာ တယောက်က မေးနေကြတယ်....(မှန်ပါ့)။

မမေးနဲ့ကွ....လို့ ခုနင်ကလိုဘဲ သုံးခါပြောတာဘဲ....(မှန်ပါ့ဘုရား) နောက် သုံးခါမြောက်မေးဘော့လဲ ဦးအောင်ဇံ၀ေ မပြောယင် မဖြစ်လို့ ပြောလိုက်တယ်....(မှန်ပါ့) ဘယ်လိုပြောလိုက်သတုံး- နွားတို့၏အကျင့် နွားတို့၏အလေ့ကို ဝါသနာယူတုံး ဒီစိတ်နဲ့သာ နွားစိတ်နဲ့ သာ သေသွားတယ်ဆိုယင် သေယင် နွားဖြစ်မယ်တဲ့....(မှန်ပါ့)။

ဒီအယူသည် ကိုးလေသာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ရောက်တယ်လို့

အယူမှားကြီးကို မိစ္ဆာဒိဋ္ဌိအယူဟု စဲနေမယ်ဆိုလို့ရှိယင် ငရဲကျရဦးမယ်ကွ...လို့ဆိုတော့ သူလဲ ငိုပြန်တာဘဲ.... (မှန်ပါ့ဘုရား) နှစ်ယောက်စလုံး ငိုတာဘဲ။

ကဲ...ဦးဘသန်း တွေ့တယ်မဟုတ်ဘူးလား ...(မှန်ပါ့)ထင်ရှားလုပ်နေကြတာ...(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ တိုက်တွန်းတယ်လို့ဆိုတာ မောင်ထွန်းအောင်တို့ မှတ်ရမယ်၊ နောက်· ဘုန်းကြီးတို့လိုပြောမည့်ဆိုမည့်သူ မရှိတော့ဘဲ သာသနာကွယ်သွားမည် ဆိုလို့ရှိယင် ဦးဘသန်း ကိုယ်ထင်ရှားကိုယ်လုပ်ကြမှာဘဲ... (မှန်ပါ့ဘုရား)။

အခုတောင်မှ တချို့ ဘာသာအယူဝါဒမရှိဘူး၊ မဟုတ်ဘူးလား... (မှန်ပါ့)တိတ်ဆိတ်တွေမှာ ဘာသာအယူဝါဒရှိပါရဲ့ သဿတသမားတွေ... (မှန်ပါ့) သဿတဒိဋ္ဌိတွေ ဆိုတော့ ခန္ဓာဟာ ခိုင်တယ်, မြဲတယ်လို့ ယူပစ်လိုက်တာကိုး... (မှန်ပါ့ဘုရား)။

သူတို့ကလဲ သဿတဒိဋ္ဌိတွေဆိုတော့ ခင်ဗျားတို့က ကွက်ကွက်ကလေးထဲ လူပေါင်းထောင်သန်းတဲတောင်မှ ကွက်ကွက်ကလေးထဲမှာ ဒီထောင်တက်တဲ့ နားကလေးပါလာပြီးတော့ အယူမှန်ကလေး ဆရာဘုန်းကြီးနဲ့ တွေ့မှသာ ခင်ဗျားတို့ သစ္စာဂျာဏ်ရတာကိုး.... (မှန်ပါ့ဘုရား)။

ဘုရားဟောကြားတော်မူခဲ့ကာ ကမ္မဝါဒသဿတဒိဋ္ဌိဂျာဏ်ကလေးနဲ့ .... ကောင်းတာလုပ်ကောင်းကျိုးပေးမယ်နဲ့ ဒါနဲ့ အချိန်ကုန်လာကြတာကိုး...(မှန်လှပါ့ဘုရား)။

အဲဒီတော့ကို လ,သာတုန်းဗိုင်းငင့်လို့ ရှေးစကားတွေရှိပါတယ်...(မှန်ပါ့) ဝါထွက်တဲ့ အရပ်တွေမှာ လ,သာတုန်းဗိုင်းငင့်

ဆိုတော့ ခင်ဗျားတို့လဲ ရှေးမို့တဲ့လူတွေဆိုတော့ ကြားဘူးကြ တာပေါ့လေ ဒီစကားကို....(မှန်ပါ့ဘုရား)။

ဒီမှာလဲအခု သာသနာ လ,သာတုန်း ခင်ဗျားတို့ ဝိပဿနာ အလုပ်ကို လုပ်ပြောတာ.... (မှန်ပါ့) နောင်ကို မလာနိုင်ဘူး.... (မှန်ပါ့) နောင်ကိုတော့ ပေါ်မှာမဟုတ်ဘူး၊ ပျောက်ဘို့ရာသာ ရှိတယ် ဦးဘသန်း,နော်_(မှန်ပါ့)။

အခုလဲ ဘုန်းကြီးတို့ တဝိုက်မှာ ကွက်ကွက်ကလေး ပေါ်နေ တာ....(အင်မတန်နည်းပါတယ်) အင်မတန်နည်းပါတယ်၊ ဘယ် လောက်ကြီးတဲ့ လူကြီးဖြစ်ဖြစ်, ဘယ်လောက်ကြီးတဲ့ပုဂ္ဂိုလ်ကြီး တွေဖြစ်ဖြစ် ကမ္မဿကတညာဏ်လောက်ဘဲ ပြောနေတာဘဲ.... (မှန်ပါ့)ဒါဘဲပြောတာဘဲ....(မှန်ပါ့)။

ကောင်းတာလုပ်,ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုးပေးတယ်၊ မင်းလုပ် မင်းခံရမှာဘဲကွ၊ ဟာ... သဿတဒိဋ္ဌပြောတာဘဲ...(မှန်ပါ့)။

မင်းလုပ်တော့ မင်းခံဆိုတာ ဟိုမှာလဲ မင်းထင်နေတာဘဲ_ (မှန်ပါ့) သဿတဒိဋ္ဌသမားမှန်က အကြောင်းအကျိုးထ မဝေ ဘန်တတ်ဘူး၊ ဝေဘန်တတ်ပြန်လဲ လည်လည်ပယ်ပယ် မပြောတတ်ဘူး၊ ဦးဘသန်း သိပ်ကြောက်စရာကောင်းပါလား(မှန်ပါ့ ဘုရား)။

အဲဒီ သဿတဒိဋ္ဌကလဲ ကုသိုလ်လုပ်ယင် ကုသိုလ်ရတာတော့ ဟုတ်ပါရဲ့၊ ဒိဋ္ဌမပြုတ်ဘဲ့အတွက် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကျ၊တော့

တားချလိုက်တာဘဲ....(မှန်ပါ့) နိုဗ္ဗာန်ကျတော့ တားချလိုက်တာဘဲ...(မှန်ပါ့)။

ကဲ...ကြည့် ဘုရားပွင့်နေတုန်းကို ဒီအယူကြီးက ရှိနေတယ်... (မှန်ပါ့) နွားလိုကျင့်တဲ့အယူ, ခွေးလိုကျင့်တဲ့အယူ.... (မှန်ပါ့) ဒါတွေဟာ မှားတဲ့အယူဘဲ မနေဘူးလား... (နေပါတယ်ဘုရား)။

ဒါနဲ့ သေနိယက ဒါဖြင့်ဘုရား....တဲ့ တပည့်တော်တို့ တရားဟောပါတဲ့၊ မှန်တဲ့တရားကို ကျင့်ပါရစေတဲ့.... (မှန်ပါ့) အခုဟာက သူ့အကျိုးအပြစ်သာ ပြောရသေးတယ် တရားမှ မဟောရသေးဘဲ... (မှန်ပါ) တရားမဟောရသေးဘူး- သူတို့မေးတာ ပြေတုန်းဘဲ ရှိသေးတယ်... (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးနေတော့ ကိုင်း.... ဒါဖြင့် မင်းတို့ ကျင့်စဉ်ဆုပါပြောမယ်ဆိုပြီးသကာလ ဘုရားက တရားဟောပြီ.. (မှန်ပါ့) တရားဟောတော့ မင်းတို့က သေသေချာချာမှတ်ကြရတော့မယ် (မှန်ပါ့)။

ကံလေးမျိုးခွဲမယ်ဟေ... တဲ့၊ မဲတဲ့ကံ မဲတဲ့အကျိုးပေးတာက တမျိုး, ဖြူတဲ့ကံဖြူတဲ့အကျိုးပေးတာကတမျိုးနော်... (မှန်ပါ့)အမဲအဖြူရောတဲ့ကံက အမဲ,အဖြူရောပြီး အကျိုးပေးတာက တမျိုး၊ အမဲအဖြူမရောတဲ့ကံက အမဲ,အဖြူမရောတဲ့ အကျိုးပေးတာက တမျိုးတဲ့၊ ဘယ်နှစ်မျိုးရှိသွားပလဲ... (လေးမျိုးရှိပါပြီဘုရား)။

ပြန်ပြောလိုက်ပါဦးမယ်၊ ဒါ...အရေးကြီးတဲ့တရား-(မှန်ပါ့ဘုရား) မဲတဲ့ကံက မဲတဲ့အကျိုးပေးတယ်ကွ၊ ၁-နံပါတ် (မှန်ပါ့ဘုရား) ဖြူတဲ့ကံက ဖြူတဲ့အကျိုးပေးတယ်ကွ...၊ အမဲအဖြူ

ရောတဲ့ကံက အမဲအဖြူ။ ရောတဲ့အကျိုးပေးတယ်ကွ၊ အမဲအဖြူ။ မရောတဲ့ကံက အမဲ,အဖြူ မရောတဲ့အကျိုးပေး-ပေးသကွ-ဆိုတော့ ဦးဘသန်း ဘယ်နှစ်မျိုးရှိသွားပလဲ... (လေးမျိုးပါဘုရား)။

ပြောစမ်း ၁-နုံပါတ်က ဘာဝုံး... (၁ နုံပါတ်က အမဲကံက အမဲအကျိုးပေးပါတယ်ဘုရား) အဖြူကံက... (အဖြူ အကျိုးပေးပါတယ်) အမဲ,အဖြူ ရောတဲ့ကံက.... (အမဲ,အဖြူ ရောတဲ့ အကျိုးပေးပါတယ်) အမဲ,အဖြူ မရောတဲ့ကံက.... (အမဲ,အဖြူ မရောတဲ့ အကျိုးပေးပါတယ်ဘုရား)။

ဒါ.... သေနိယတို့ ပုဏ္ဏတို့ကို ဟောနေတာနော်... (မှန်ပါ့ ဘုရား)။

အဲဒီတော့ကွာ....တဲ့ ငါ ရှင်းပြမယ်တဲ့၊ ဒါ အကျဉ်းရှိသေးတယ် အကျယ် ငါ-ဟောပြောပြမယ်....တဲ့၊ မင်းတို့ အကုသိုလ်ဆဲ့နှစ်ခုနဲ့ ပြုတဲ့ ကံတွေကတော့ဖြင့် သူတို့က မဲတဲ့ကံဖြစ်နေလို့ အပါယ်လေးဘုံဘဲ အကျိုးပေးတယ်ကွ... တဲ့....(မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အကုသိုလ်ကံကတော့ အပါယ်လေးဘုံ'ဘဲ အကျိုးပေးတော့ အမဲကံမို့ အမဲကံဘဲ အကျိုးပေးတယ်... (မှန်ပါ့) ဒါ... မှတ်လိုက်ရမယ်နော်....(မှန်ပါ့)။

ခင်ဗျားတို့ ရှေးတုန်းက ပြုထားတဲ့ ကျွေးကြ,မွေးကြ,လှူကြ, တန်းကြတဲ့ကံတွေက အခုလို သစ္စာ မသိခင်တုန်းကပေါ့ဗျာ... (မှန်ပါ့) အဲဒါကတော့ အဖြူကံတွေတဲ့ ဒအဖြူ အကျိုးပေး

တယ်တဲ့ နှတ်ရှာသုဂတိဘဲ အကျိုးပေးတယ်....(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဖြူကံက...(အဖြူအကျိုးပေးပါတယ်ဘုရား)ဘယ်ကံတုံးမေးတော့မှ ကာမာဝစရ ကုသိုလ်ကံက ကာမာဝစရ အကျိုးပေးတာဘဲ....(မှန်ပါ)၊ကာမာဝစရ ကုသိုလ်ရှစ်ခုပေါ့ဗျာ....(မှန်ပါ) နှစ်ခုပြီးသွားပြီနော်...(မှန်ပါ)။

အမဲ,အဖြူ ရောနေတဲ့ကံက အမဲ,အဖြူအရောကို အကျိုးပေးတယ်၊ဒါက ဘာတုံးဆိုတော့ နှားသတ်-ဝက်သတ်ပြီးတော့မှ အလှူပေးတဲ့လူမျိုးခပါ့ဗျာ၊ မုဆိုး, တံငါက ပေးတဲ့ အလှူလဲ ရှိသေးတာကိုးဗျ....(မှန်ပါ)။

အဲဒါကျတော့ သူပြုတားဇဲ့ဥစ္စာက အကုသိုလ်, လှူတာက ကုသိုလ်ဆိုတော့ အကုသိုလ်လုပ်ပြီး ကုသိုလ် လုပ်တာကိုး....(မှန်ပါ) ကုသိုလ်ပြုတယ်ဆိုတော့ အမဲ,အဖြူ မရောဘူးလား....(ရောပါတယ်ဘုရား)။

အဲဒါကျတော့ကဗ....တဲ့ ဟိုနှတ်နဂါးကြီးတွေ, ဆင်ဖြူတော်ကြီးတွေ ဒီလိုဟာ အကျိုးပေးတယ်တဲ့.... (မှန်ပါ) အမဲ, အဖြူရောပြီး အကျိုးပေးတယ်... (မှန်ပါ) တိရစ္ဆာန်ဖြစ်ရတာက အမဲကြောင့်... (မှန်ပါ) ဆင်ဖြူတော်ကြီးဖြစ်ရတာက ကုသိုလ်ပြုလို့ ကမ္မဿကတဉာဏ်ကြောင့်ပေါ့ဗျာ...(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

အမဲ,အဖြူရောတဲ့ကံက....(အမဲ,အဖြူရောတဲ့ အကျိုးပေးပါတယ်ဘုရား) ပဋ္ဌိုလ်သတ္တဝါ ဖေါ်လိုက်လို့ ရှိယင်ဖြင့် ဆင်ဖြူ

တော်တို့, အသတိုရ်မြင်းတို့, ရှင်ဘုရင့်နန်းတော်မှာ ရှေ့ဇလုံ ကြီးတွေနဲ့စားတဲ့ တိရစ္ဆာန်တွေပေါ့ဗျာ.... (မှန်ပါ့) နတ်နဂါး မင်းကြီးတွေ မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီလို နတ်နဂါးမင်းကြီးတွေပြီးတော့ နေ့စဉ်- ညခံဆိုတဲ့ ပြိတ္တာတွေ အဲဒါတွေဟာ နဂိုရ်က အမဲ,အဖြူရောတဲ့ကံလုပ်လို့ အမဲ,အဖြူအကျိုးပေးတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ) ကာမာဝစရနဲ့ အကုသိုလ်ရောလုပ်တယ်.... (မှန်ပါ့- အကုသိုလ်နဲ့ ကုသိုလ် ရောနေပါတယ်ဘုရား)။

ဒီလိုဆိုတော့ အခုပြောခဲ့တဲ့ သုံးမျိုးဟာ သုံးမျိုးစလုံး မကောင်းသေးဘူး.... (မှန်ပါ့ဘုရား) အမဲကံကလဲ အကျိုးပေး မကောင်းဘူး....(မှန်ပါ့) အပါယ်လေးပါးဘဲ အကျိုးပေးတယ် (မှန်ပါ့)။

အဖြူကံကလဲ သုဂတိ အကျိုးပေးတယ်ဆိုပေမဲ့ နိုဗ္ဗာန်မှ မပါသေးဘဲ... (မှန်ပါ့ဘုရား) မပါသေးတော့ သူ့လဲ ကျုပ်တို့ အကြိုက်ကြီးကြိုက်လို့ မရသေးဘူး.... (မှန်ပါ့) အမဲ,အဖြူ ရောတဲ့ကံလဲ ကျုပ်တို့ အကြိုက်ကြီးကြိုက်ဘို့ မလိုဘူး.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ကျုပ်တို့ အဲမဲ့,အဖြူမရောတဲ့ကံ အရေးကြီးတယ်လို့ ဆိုတော့ ခင်ဗျားတို့လုပ်နေတဲ့မဂ္ဂင်ဟာ အမဲ,အဖြူမရောတဲ့ကံ ဘဲ-(မှန်ပါ့)ဒီနေ့ည ဒါ-ရှင်းသွားပြီနော်....(မှန်ပါ့) သူကဆတော့ မရောဘူး....(မရောပါဘုရား) အကုသိုလ်လဲ မပါဘူး၊ ဘုံဘဝလဲ

အကျိုးမပေးဘူး၊ ဘုံဘဝအကျိုးပေးယင် ဒုက္ခသစ္စာလေးခုမှာ ကိုးဗျ...(မှန်ပါ့ဘုရား)။

အဲဒီတော့ သူကတော့ဖြင့် နိဗ္ဗာန်သာ အကျိုးပေးတဲ့အတွက် အမဲ-အဖြူမရောတဲ့ကံလို့ မှတ်ပါ...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အားထုတ်နေတဲ့ စေတနာသည် ဝိပဿနာဉာဏ် တွေဟာ အမဲ အဖြူမရောလို့ အမဲ-အဖြူမရောတဲ့ အကျိုးဘဲ ပေးတယ်_(မှန်ပါ့ဘုရား)။

အမဲကိုလဲ သူအကျိုးမပေးဘူး၊ အဖြူ ဒုက္ခသစ္စာကိုလဲအကျိုး မပေးဘူး၊ သုခသစ္စာဖြစ်တဲ့ နိဗ္ဗာန်ဘဲအကျိုးပေးတယ်....(မှန်ပါ့ ဘုရား)။

ဒါဟာ အင်မတန်ကောင်းတဲ့ တရားလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) အသိခက်တဲ့တရား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီအမဲ-အဖြူမရောတဲ့ ကံဆိုတာ ဝိပဿနာမဂ် ဉာဏ်နဲ့ လောကုတ္တရာမဂ်ဉာဏ်ဘဲ ဆိုပါတယ်....(မှန်ပါ့)ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ဒါပေမဲ့ ဒီကံက အမဲလဲ အကျိုးမပေးနိုင်ဘူး၊ အဖြူလဲ အကျိုးမပေးဘူး၊အရောလဲ အကျိုးမပေးဘူး။

ဘာ့ကြောင့်တုံးလို့ မေးစရာရှိတဲ့အခါကျတော့ သူကကွာတဲ့ ကံဖြတ်တဲ့တရားတဲ့ ဒီဟာတချက် (မှန်ပါ့)

ကံဖြတ်တရားတဲ့၊ အမဲကံလဲဖြတ်တယ်၊ အဖြူကံလဲ (ဖြတ်

ပါတယ်)အမဲ-အဖြူရောတဲ့ ကံကော...(ဖြတ်ပါတယ်) အဲ.... သူကတော့ ကံဖြတ်ကွတဲ့...(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့အလုပ်ဟာ အလုပ်မှန်ပေါ့...((မှန်ပါ့) အမဲကံက အကျိုးပေးနေလဲ ခင်ဗျားတို့မဆုံးတော့ဘူး၊ အဖြူကံက အကျိုးပေးနေယင်ကော _ (မဆုံးပါ) မဆုံးတော့ဘူး လှည့်သွားမှာဘဲ....(မှန်ပါ့) အဖြူကံက အကျိုးပေးယင် နတ်ပြည်ရောက်တယ်၊ နတ်ပြည်ကျတော့ မိုက်တွင်းနက်ဦးမှာဘဲ .... (မှန်ပါ့)။

မိုက်တွင်းနက်ပြီး တခါ အကျိုးတွေက ဆက်ပေးသွားမယ်- (မှန်ပါ့)ဆိုတော့ ဆုံးနိုင်စရာမြင်သေးရဲ့လား....(မမြင်ပါ) အမဲ အဖြူမရောတဲ့ ကံက တိရစ္ဆာန်ဆိုတော့ မှင်ဥာဏ်, ဖိုလ်ဥာဏ် ရနိုင်တဲ့ဘဝမှ မဟုတ်တော့ဘူး...(မှန်ပါ့) ထင်ရာသွား- ထင်ရာစားနဲ့ဘဲ အချိန်ကုန်သွားတော့ အောက်သာပြန်ဆက်မှာဘဲ... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အမဲ-အဖြူမရောတဲ့ ကံသည် ကံဖြတ်လို့မှတ်လိုက်.... (မှန်ပါ့ဘုရား)။

အမဲ-အဖြူမရောတဲ့ကံသည်...(ကံဖြတ်ပါဘုရား) ဘယ်ကံကို ဖြတ်သတုံးဆိုတော့ ခုနင်က သုံးကံကိုဖြတ်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခုနင်က သုံးကံကို....(ဖြတ်ပါတယ်)ကိုင်း....ဒါဟာ ညြော်.... ဒို့လုပ်နေတဲ့အလုပ်ဟာဖြင့် ကံဖြတ်အလုပ်မှန် ပါကလားဆိုစာ

ယနေ့ဆုံးဖြတ်ချက်ချလိုက်....(မှန်ပါ့) နားလည်ပလား....(မှန်ပါ့ ဘုရား)။

ယနေ့ ဒို့လုပ်နေတဲ့ အနိစ္စလက္ခဏာတွေကြည့်နေတဲ့ အလုပ်, ဒုက္ခလက္ခဏာတွေ ကြည့်နေတဲ့အလုပ်, အနတ္တလက္ခဏာတွေကို ကြည့်နေတဲ့အလုပ်ဟာ ဘာအလုပ်ပါလိမ့်မတုံးလို့ ခင်ဗျားတို့ မေးလို့ရှိယင် ကံဖြတ်တဲ့ အလုပ်ဘဲ(မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား)။

ဒီကြားမှာ စကားညှပ်ပြီး ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်၊ ခင်ဗျားတို့က ဘယ်တော့မျှား ကံကောင်းပါ့မတုံး တောင့်တနေတဲ့လူတွေ.... (မှန်ပါ့) မတောင့်တဘူးလား.... (တောင့်တပါတယ်ဘုရား)။

သယ်တော့မျှား ဦးအောင်ဇံ ဝေတို့ နဂိုရ်အစိုးရ အလုပ်-လုပ်ခဲ့တုန်းက ရာထူးကြီးမျှား တက်ပါမတုံးဆိုတာ ကံကလေး မြော်နေတာဘဲ....(မှန်ပါ့)။

နောက်ပြီးတော့ ရှေ့နေလုပ်တဲ့ ဦးဘသန်းကလဲ ဘယ်တော့မျှား အမှုတွေမျှား-မျှားမျှားလာပါ့မတုံး- ဘယ်လကျမှ အကျိုးပေးပါ့မတုံး....(မှန်ပါ့) ကံမြော်နေကြတာ....(မှန်ပါ့)။

ဒီကံတွေကြောင့် ခင်ဗျားတို့ ကမ္မ ဝိပါကဿဆိုတော့ ကမ္မ ကံသည်၊ ဝိပါကဿ=အကျိုးပေးဝိပါက်အား၊ ကမ္မပစ္စယေန= ကမ္မပစ္စယသတ္တိဖြင့်၊ ပစ္စယောဥပကာရကော= ကျေးဇူးပြုသည်၊ ဟောတိ=ဖြစ်၏၊ ကမ္မပစ္စည်းဘဲ....(မှန်ပါ့ဘုရား)။

အဲဒီတော့ အကျိုးပေးကလဲ ဒုက္ခသစ္စာဘဲ....(မှန်ပါ)အကျိုးပေးက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) အဲဒါ မြော်နေတာ .... (မှန်ပါ) ခင်ဗျားတို့ မိုက်တုန်းကပေါ့လေဗျာ....(မှန်ပါ)။

ဘာမြော်နေသတုံး...(အကျိုးပေးမြော်ပါတယ်) ဒုက္ခသစ္စာ မြော်နေတာ....(မှန်ပါဘုရား)။

အကျိုးပေးမြော်နေတာ၊ နည်းနည်းကလေးကြီးတဲ့ အခါမှာ ဒုက္ခဝန်ကြီးထမ်းရတာပေါ့ဗျာ....(မှန်ပါ) အမှုတွေ့မျှားမျှားလိုက်ရတဲ့အခါ အကုသိုလ်မျှားမျှားဖြစ်တာပေါ့....(မှန်ပါ)။

ဒါကို ဦးဘသန်းတို့လူစုက အကျိုးပေးနေတယ်၊ ဝမ်းမျှားသာနေလိုက်သေးတယ်... (မှန်ပါ)ရှုးတုန်းကပေါ့လေ....(မှန်ပါ) မသိခင်တုန်းက....(မှန်ပါဘုရား)။

အဲဒီတော့ကို ခင်ဗျားတို့ မြော်တဲ့ကံဟူသ၍ဟာက ဒုက္ခသစ္စာ အကျိုးပေးတယ်....(မှန်ပါဘုရား) တသောင်းရှိတဲ့လူကလဲ တသောင်းနဲ့ရင်းရယင် ကုန်တွေ့မျှားမှာဘဲ ဆိုယင် မျှားတဲ့ ဒုက္ခပိုလာတယ်....(မှန်ပါဘုရား)။

စာရင်းစာအုပ်မျှားမျှား မှတ်ရတာလဲပိုလာတာဘဲ (မှန်ပါ) ကြွေးတွေ့ရတာမျှားမျှားကော...(ပိုလာပါတယ်) ပိုလာတာဘဲ လောဘကော အယင်ထက် သေးသွားသလား-ကြီးလာသလား (ကြီးလာပါတယ်ဘုရား)။

ဒါဖြင့် သမုဒယသစ္စာကြီးလာယင် ဒုက္ခသစ္စာကြီး ရမယ်ဟင်....(မှန်ပါ) သမုဒယသစ္စာကြီးယင် ဒုက္ခသစ္စာကြီးရမယ်....(မှန်ပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ နဂိုရိုကနားမလည် ခင်ကတုန်းကတော့ အကြီးကြိုက်ဖြစ်နေတယ်၊ ဒုက္ခကြီးကြိုက်....(မှန်ပါ့ဘုရား)။

ဥပမာမယ် လယ်ကနှစ်ထောင်လောက်ရှိတယ်၊ဦးဘသန်းမှာ ဟုတ်လား....(မှန်ပါ့) သား,သမီး,မြေး,မြစ်တွေ ဝေခြမ်းပေးလိုက်တယ်၊ နောက်တော့ အစိုးရကသိမ်းလိုက်တယ် ဆိုယင် အံမာ... ဒုက္ခကြီးတွေ ပျောက်သွားလို့ ဖြစ်ရလေခြင်း .... ကွာ၊ အတော်စုထားတာ ဖြစ်ရလေခြင်းကွာတဲ့(မှန်ပါ့) ဒီဒုက္ခတွေကို လွမ်းနေတာ....(မှန်ပါ့) မလွမ်းဘူးလားတဲ့ .... (လွမ်းပါတယ်ဘုရား)။

အယင်တုန်းက လွမ်းတယ်လေ၊ အခုတော့ မနိုင်ဝန်မို့ လျှော့လိုက်တာ... (မှန်ပါ့ဘုရား)။

မနိုင်ဝန်မို့ လျှော့လိုက်တာ ဦးဘသန်းတို့ လူစုက... (မှန်ပါ့) အဲဒါ ဒုက္ခကြီးတွေ ကြိုက်နေတယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

ဒါဟာတဲ့ အိုစာမင်းစာရယ်လို့ ရသ၍ကလေးနဲ့ မြေတိုးထားတာက....(မှန်ပါ့)မြေတိုးထားတာ၊ ဟို—သူတပါးနဲ့ တရားဖြစ်ပြီး မြေတိုးထားတဲ့ လူနဲ့ တယ်မထူးဘူး... (မှန်ပါ့) အဲ... မြေတိုးထားတာဘဲ... (မှန်ပါ့)။

မြေတိုးအားကိုးနေတာကိုးဗျ....(မှန်ပါ့)အဲဒီတော့ ဘာအားကိုးတာတုံး မေးတော့ ဒုက္ခကြီးအားကိုးနေတာ....(မှန်ပါ့) ဒုက္ခအားကိုးနေတာ၊ မြေနည်းတာ မကြိုက်ကြပါဘူး၊ အင်း .... ဒုက္ခနည်းယင် မကြိုက်ဘူး။

အိမ်မှာ ခင်ဗျားတို့ ကော်ဇောကြီးတချပ် ခင်းစရာရှိဘယ်တဲ့၊ ဒီတချပ်မှခင်းစရာမရှိဘူးဆိုယင် ခင်ဗျားတို့ မကြိုက်ဘူး(မှန်ပါ့) နှစ်ချပ်မျှား ပေ့ထမ်းရလို့ရှိယင် အတော်ကျေနပ်တဲ့ လူတွေ့ မဟုတ်ဘူးလား(မှန်ပါ့)။

ဒါဖြင့် ဝန်သေးကြိုက်တာလား၊ဝန်ကြီးကြိုက်တာလားလို့ မေးယင် ဘယ့်နှယ်ဖြေမလဲ....(ဝန်ကြီးကြိုက်ပါတယ်) ဝန်ကြီး ကြိုက်တာပေါ့ဗျ...၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အိမ်မှာ ခလေးတွေမျှား ဟိုသွား, ဒီသွား-သွားကုန်လို့ရှိ ယင် အဘိုး, အဖွားတွေက ဦးဘသန်း...ကျေနပ်ကဲ့လား .... (မကျေနပ်ပါ)မကျေနပ်တာက ဒုက္ခကလေးတွေ ပျောက်သွား လို့....(မှန်ပါ့)။

ဒုက္ခနဲ့ ခဲ့လိုက်ရတာနဲ့ ဘာဖြစ်ကုန်သတုံး....(မကျေနပ်ပါ) ဒါ့ကြောင့် ခင်ဗျားတို့ ဒုက္ခသစ္စာသိခဲတယ်ဆိုတာ မပေါ်သေး ဘူးလား...(ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒုက္ခသစ္စာမသိတဲ့ပုဂ္ဂိုလ်မှန်ယင် ကံကိုကြိုက်တယ် (မှန်ပါ့) ဒါ မှတ်ထားပါ....(မှန်ပါ့)။

ဒုက္ခသစ္စာမသိတဲ့ ပုဂ္ဂိုလ်ဆိုယင်...(ကံကိုကြိုက်ပါတယ်) ကံကလဲ ဘာကို အကျိုးပေးသတုံး... (ဒုက္ခသစ္စာ အကျိုးပေးပါ တယ်ဘုရား)။

အဲ...သူမသိလို့ကြိုက်တာ...(မှန်ပါ့)ဒါဖြင့် အဝိဇ္ဇာကြောင့် ကြိုက်ခဲနတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့ ကြိုက်နေတာလဲ .... (အဝိဇ္ဇာနဲ့ ကြိုက်နေတာပါ) အဝိဇ္ဇာက ဖုံးထားလို့ တဏှာက ကြိုက်နေတာပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက....(ဖုံးထားလို့ပါ) တဏှာက....(ကြိုက်ပါတယ်) တဏှာက ကြိုက်တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ဆရာကောင်း,သမားကောင်းနဲ့ သာမတ္တေမယ်ဆိုယင် ဒုက္ခတွေ ပျောက်သွားတာတောင် မျက်ရည်ကျသေးတာလား .... (မှန်ပါ့-ဒုက္ခပျောက်ယင် မျက်ရည်ကျပါတယ်ဘုရား)။

ဒီ ဒုက္ခကလေး ပျောက်သွားမှာစိုးလို့ ဆရာဝန်ရှာရတာတွေကို တပုံကြီး... (မှန်ပါ့) သားကလေး,မြေးကလေး မကျန်းမာမယ်ဆိုလို့ရှိယင် ဒီဒုက္ခကြီး ပျောက်သွားမှာ စိုးတာနဲ့ကို မနည်း ငွေကုန်ခံပြီး ဒီ ဒုက္ခကလေးကို မရ-ရအောင် ဆဲယူရတာ ဒုက္ခကြိုက်သလား၊ မကြိုက်ဘူးလားဆိုတာကော... (ကြိုက်ပါတယ်ဘုရား) ထင်ရှားနေတယ်။

အဲဒီတော့ သစ္စာမသိတုန်းကတော့ ဒီလိုဖြစ်နေတာဘဲ (မှန်ပါ့ဘုရား)ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါလဲ သစ္စာမသိတုန်းက ဒါ ကြိုက်တာဘဲကွတဲ့...(မှန်ပါ့) သစ္စာသိမှ ဒါထွေ လွတ်ပေတော့တယ်တဲ့....(မှန်ပါ့) ဆိုတော့ ဦးဘသန်း မပြောထိုက်ဘူးလား.... (ပြောထိုက်ပါတယ်ဘုရား) ဟောထိုက်တယ်နော်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လုပ်နေတဲ့ ကံဟာတော့ ဘာကံခေါ်မလဲ (ကံဖြတ်တရားပါဘုရား) ကံဖြတ်တရား... (မှန်ပါ) ကျယ်ကျယ် ပြောယင် အမဲ-အဖြူမရောတဲ့ကံ....(မှန်ပါ)။

ကျယ်ကျယ် ပြောယင်တော့.... (အမဲအဖြူ မရောတဲ့ကံပါ) ကျဉ်းကျဉ်းပြောလိုက်တော့.... (ကံဖြတ်တရားပါဘုရား)။

ဘယ်ကံတွေ ဖြတ်သတုံးမေးတော့ ဘယ့်နှယ်ပြောမလဲ ... ၁-၂-၃ ဖြတ်တယ်... (အမဲရော, အဖြူရော, အမဲ,အဖြူရောတာ ရောပါဘုရား)။

ဒါတွေ အကုန်ဖြတ်ချလိုက်တယ်....(မှန်ပါ) အဲဒီကျတော့မှ ဒုက္ခလွတ်သွားတယ်... (မှန်ပါ)။

ဒါ့ကြောင့် ခင်ဗျားတို့လုပ်နေတဲ့ အလုပ်ကို သံသယမရှိ ဘဲနဲ့ သြော်....ဒီအလုပ်မှ ကံဖြတ်အလုပ် ဖြစ်လေသောကြောင့် ဒုက္ခသစ္စာအကျိုးပေးတွေတော့ဖြင့် ငါတို့ အိုးစားကွဲတော့မှာဘဲ ကျွတ်ရပေတော့မယ်, လွတ်ရပေတော့မယ်ဆိုယင် ခင်ဗျားတို့ ဝမ်းမြောက် ဝမ်းသာနဲ့လုပ်ပါ....(မှန်ပါဘုရား)။

ဝမ်းမြောက် ဝမ်းသာနဲ့ လုပ်ပါတဲ့၊ဒါ့ကြောင့် ဒီဝတ္ထုထုတ် လာဘာဘဲ....(မှန်ပါ)ဒီအကြောင်း ဖေါ်လာတာဘဲ....(မှန်ပါ) ရှင်းကြပါလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ကံဖြတ်အလုပ် ယနေ့စ,တွေ့ပြီ ဟင်-(မှန်ပါ) သြော်....ဝိပဿနာအလုပ်ဟာ ကံဖြတ်အလုပ်ပါကလား၊ လော ကုတ္တရာမဂ်ဆိုက်သွားယင်လဲ ကံဖြတ်အလုပ်ပါကလား- (မှန်ပါ) ဆိုတော့ စဉ်းစားကြည့်ပါတဲ့ အဂ္ဂလိမာလ ခိုးသူကြီးဟာ

လူပေါင်း ထောင်သောင်းသတ်ပစ်တာဘဲ...(မှန်ပါ) မင်း အား တုတ်လိုက်တာ ဦးအောင်ဇံဝေ ဟိုဟာတွေ အကျိုးပေးသေးရဲ့ လား....(မပေးပါဘုရား)။

ကံကို သူကဖြတ်ချလိုက်တာ.... (မှန်ပါ) သူကဖြတ်ပစ်လိုက် တယ်၊ မင်းအလုပ်-လုပ်တာနဲ့ ဟိုကံတွေပြတ်ထွက်သွားတယ် .... (မှန်ပါဘုရား)။

မုဆိုးကြီး သားခုနစ်ယောက်,ချေးမခုနစ်ယောက်နဲ့တသက်လုံး မုဆိုးလုပ်နေတာကို ဘုရားသွားပြီး သစ္စာတရားဟောလို့ ကျွတ် တမ်းဝင်တာလဲ ဟို...သူ တသက်လုံးလုပ်လာတဲ့ အကုသိုလ်တွေ အကျိုးပေးသေးရဲ့ လား... (မပေးပါဘုရား) ဒါ ဘာတုံး... (ကံ ပြတ်ပါတယ်ဘုရား)ကံဖြတ်တရား။

ငါ ရှင်းရှင်းပြောပါမယ်ကွာ....တဲ့။ ငါဝေဿန္တရာမင်းလက် ထက်က လူလာတဲ့ ကံတွေက အကျိုးပေးမယ်ဆို ငါဘုရား တောင် မဖြစ်နိုင်ဘူးတဲ့... (မှန်ပါ)။

အဲဒါတွေကိုလဲ သူ့မင်းက ဖြတ်ပစ်ရတယ်.... (မှန်ပါဘုရား) နို့ မဟုတ်ယင် အကျိုးပေးဆုံးနိုင်ပါ့မလား.... (မဆုံးနိုင်ပါ) အဲဒီမှာ လှူထားတာ နည်းတဲ့ ကုသိုလ်လား...(မနည်းပါ)။

အဲဒါတွေ မဖြတ်ဘူးဆိုလို့ ရှိယင်လဲ ဘုရားဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတော့ သြော်... ဘုရားဖြစ် တာ ကံဖြတ်အလုပ် လုပ်လို့ပါကလား... (မှန်ပါ) ပေါ်ပလား- (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် သူကိုယ်တိုင် ဘုရားဖြစ်လာတော့ ကုသိုလ်, အကုသိုလ်ကို ငါ စွန့်လိုက်ပြီကွတဲ့....(မှန်ပါ) မလာဘူးလား.... (လာပါတယ်ဘုရား)။

ကုသိုလ်,အကုသိုလ်ကို ငါ စွန့်လိုက်လို့ ဘုရားဖြစ်လာတယ်ဆိုတော့ ကံဖြတ်တယ်ဆိုတာ သေချာသွားပလား....(သေချာပါပြီ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်....မောင်ထွန်းအောင်တို့ မင်းတို့ကို ငါ·အားထုတ်ခိုင်းတာဘာပါလိမ့် (ကံပြတ်တာရားပါဘုရား)ကံပြတ်အလုပ်ခိုင်းတာ- (မှန်ပါ့ဘုရား) မတော် အကျိုးပေးကုန်မှာစိုးလို့...(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာတွေ ဖြိုင်ဖြိုင်ကြီးလာနေမှာစိုးလို့ ဒါ-ခင်ဗျားတို့ကကြိုးက်သည်ဖြစ်စေ·မကြိုးက်သည်ဖြစ်စေ ဒီအလုပ်· လုပ်ဆာလုပ်တော့....(မှန်ပါ့)။

မကြိုးက်လဲလုပ်၊ မကြိုးက်တာကို ဘယ့်နှယ်ကြောင့် တပည့်တော်တို့ အလုပ်ခိုင်းသတုံးဆိုတော့ အို-မသိလို့ မကြိုးက်တဲ့ လူမို့ သိတဲ့လူကပြင်ပေး ဒါ ဖိလုပ်... (မှန်ပါ့ဘုရား)မဟုတ်ဘူးလား... (မှန်ပါ့)။

ခင်ဗျားတို့က ဘယ့်နှယ်ဖြစ်နေကြသတုံး... ဆိုတော့ ကျုပ်ပြောပြမယ်၊ ခလေးကလေး· လေးဘက်သွားခလေး ဒုတ်ချောင်းကလေးတွေ ကောက်ကောက်မျိုတာနဲ့ တူနေတယ်၊ အခမအဖေကတော့ သနားလို့ ဆဲထုတ်ရတယ်၊ ငိုချင်ငို ဆဲထုတ်ရတယ်၊ မထုတ်ရဘူးလား... (ထုတ်ရပါတယ်ဘုရား) ဘာဖြစ်လို့တုံး ... (သနားလို့ ထုတ်ရပါတယ်ဘုရား) နို့မဟုတ်ယင် သေမယ် သူ၊ မသေပေဘူးလား... (ဒေသပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က ခလေးတွေလို ဖြစ်နေလို့ ကြိုးက်, ကြိုးက်- မကြိုးက်ကြိုးက် ဒီအလုပ်-လုပ်၊ သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ခင်ဗျားတို့က ကြိုက်နေလဲ သနားလို့ ဆဲထုတ်ရမှာဘဲ — (မှန်ပါ-ခိုင်းရမှာပါဘဲဘုရား)ခိုင်းရမှာဘဲ၊ မခိုင်းယင်ဖြစ်ကိုမဖြစ်ဘူး၊ ခင်ဗျားတို့က ခလေးဖြစ်နေတာကိုး....(မှန်ပါ့ဘုရား)။

ကမ္မဿကတဉာဏ် ကြိုက်နေတယ်... (မှန်ပါ့) မကြိုက်ဘူးလား... (ကြိုက်ပါတယ်)ကြိုက်လို့ရှိယင် ဒါဟာ ဒုတ်ချောင်းမျိုတာဘဲ... (မှန်ပါ့) လေးဘက်သွားကလေး ဒုတ်ချောင်းမျိုနေတာ ဆဲမထုတ်လို့ရှိယင်တော်ပါ့မလား- (မတော်ပါဘုရား)။

ခင်ဗျားတို့ဦးဦး- မင်ဦ အမေမိဘနဲ့တူတဲ့ ဆရာသမားက ဆဲထုတ်ရမယ်....(မှန်ပါ့) မထုတ်ယင်တော်ပါ့မလား.... (မတော်ပါဘုရား)ပေါ်ပလား....(မှန်ပါ့)။

ဩော်....ဒို့ဟာ အတော်ဖျင်းတဲ့ လူတွေပါကလား ဆိုတာကော ဦးဘသန်း ကိုယ့်ဟာကိုယ်ရိပ်မိပလား....(ရိပ်မိပါပြီ)။

တကယ်ဖျင်းတာ.... (မှန်ပါ့ဘုရား) သာမည်ဖျင်းတာလား လေးဘက်သွားခလေးလောက် အခြေအနေရှိတာလားဆိုတာသာ အကဲခတ်ကြည့်.... (လေးဘက်သွားခလေးလောက် အခြေအနေရှိပါတယ်ဘုရား) ဒါလောက် အခြေအနေရှိတယ်ဆိုပါတော့.... (မှန်ပါ့) ကဲ... ပေါ်သွားပြီ။

ဒါ့ကြောင့် ဒီဥစ္စာ ဦးဘသန်းတို့ ခင်ဗျားတို့ ရှာပြီးတော့ ဒီဆရာသမားနဲ့တွေ့အောင် လိုက်လာတာ, ဦးအောင်ဇ ဝေတို့ လိုက်လာတာ ဩော် .... တော်သေးရဲ့လို့ ဘုန်းကြီးတလဲ ဝမ်းသာတယ်....(မှန်ပါ့) နို့မဟုတ်ယင် ခင်ဗျားတို့ မိဘရိုးရာနဲ့ ပြောသံကြားနဲ့ လမ်းဆုံးပြီးနေမည့်လူတွေကိုးဗျ.... (မှန်ပါ့) မဆုံးပေဘူးလား...(မှန်ပါ)။

အကယ်၍ တွေ့ပြန်တော့လဲ ဘာလုပ်ရမှန်း မသိပြန်ဘူး....(မှန်ပါ့) လုပ်ပြန်တော့လဲ မမှန်မှာလဲ စိုးရသေးတယ်....(မှန်ပါ့ဘုရား) မစိုးရဘူးလား. (စိုးရပါတယ်ဘုရား)။

ကမ္မဋ္ဌာန်းမှားတွေနဲ့ တွေ့သွားပြန်လဲ သွားပြန်ပြီ...(မှန်ပါ့) ရှုးဟယ်-နောက်ဟယ် မဟုတ်ဘူးလား....(မှန်ပါ့)။

ဒီလိုကလဲ ဖြစ်နိုင်တယ်- ပင်ပန်းသလောက် ခရီးမရောက်တာ တွေ့ကော ရှိသေးတယ်....(ရှိပါတယ်ဘုရား) အဲဒါတွေကလဲ မကောင်းဘူးနော်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့အလိုက ကံမြှော်နေတဲ့လူတွေ၊ ဘုရားကလဲ ဒီကံမြှော်တဲ့လူကို သိပ်ကြောက်တယ်၊ ကုသိုလ်,အကုသိုလ်တွေ စွန့်လိုက်လို့ ဘုရားဖြစ်လာတာ.... (မှန်ပါ့ဘုရား) ကုသိုလ် အကုသိုလ်ဖြတ်ပစ်လိုက်လို့ ဘုရားဖြစ်လာတာ.. (မှန်ပါ့)။

မင်္ဂနဲ့သာ မဖြတ်သေးဘူးဆိုလို့ရှိယင် သူတို့က ဆက်အကျိုးပေးနေမှာ....(မှန်ပါ့) အကျိုးပေးလို့ရှိယင် လူ့ဘဝ,နတ်ဘဝ အပါယ်ဘဝ စုံမနေပေဘူးလား... (စုံနေပါတယ်ဘုရား)။

စုံနေလို့ရှိယင် ဇာတိ,ဇရာ,မရဏတွေဟာ အကုန်ပါပြီးသားဖြစ်နေမှာပေါ့....(မှန်ပါ့) မဖြစ်စရာရှိသေးရဲ့လား... (မရှိပါ) ဟိုဘက် ဇာတိမီးက ဆက်လှည့်မနေပေဘူးလား.... (နေပါတယ်ဘုရား)။

အဲ... ဇာတိပြီးဇရာ၊ ဇရာပြီး မရဏမီးပြန်လှည့်မှာဘဲ၊မလှည့်ဘူးလား.... (လှည့်ပါတဲ့ယ်) မဆုံးနိုင်ဘူး-အဝိုင်းကြီးပေါ့ဗျာ (မှန်ပါ့)။

အဲဒီလိုဖြစ်ပြီးသကာလ နေမှာစိုးတဲ့အတွက် ခင်ဗျားတို့ လုပ်နေတဲ့အလုပ်ဟာ ဘုရားက အကဏ္ဍအသုက္ကကို့ ကွ....တဲ့ (မှန်ပါ) မမဲလဲ မမဲဘူးကွတဲ့၊ မဲယင်လဲ အကုသိုလ်ဘက်လှည့်သွားဦးမှာဘဲ (မှန်ပါ) ဖြူလဲမဖြူဘူးကွ....တဲ့၊ ဖြူပြန်လဲ ကမ္မဿကတဘက်လှည့်မှာစိုးလို့....(မှန်ပါ)။

တတိယကံကတော့ သူတို့နှစ်ခုပေါင်းတာဆိုတော့ မထူးတော့ဘူး....(မှန်ပါ) ထူးသေးရဲ့လား....(မထူးပါဘုရား)။

အဲ.... အမဲ, အဖြူမရောတဲ့ကံကဖြင့် ခင်ဗျားတို့ မဂ်ဆိုက် ေအာင်လုပ်တဲ့ အလုပ်ဘဲရှိတယ်....(မှန်ပါ) သဘောပါပလား....(ပါ ပါပြီဘုရား)။

ဒါဖြင့် အမဲ,အဖြူမရောတဲ့ကံမှ မလုပ်တဲ့ပုဂ္ဂိုလ်ဖြင့် ဟို-သုံးကံနဲ့ လှည့်နေမှာဘဲ....(မှန်ပါ) သဘောပါပလား....(ပါ-ပါပြီ) ဒါဖြင့်.... ကိုယ့်အလုပ် ကိုယ်စိတ်ချပလား.... (စိတ်ချပါပြီဘုရား)။

စိတ်ချတော့ ဩော်.... အမဲ,အဖြူမရောတဲ့ကံလို့ ဘုရားကဟော့ပြီ၊ သေနိယတို့ ပုဏ္ဏတို့ကို ဟောတယ်ဆိုတဲ့ဥစ္စာ သေချာပလား....(သေချာပါပြီဘုရား)။

သေချာတော့ ခင်ဗျားတို့သည် ဩော် ဒီနေ့သေချာပြီဟေ့၊ ငါတို့လုပ်နေတဲ့ဥစ္စာ ကံကောင်းဘို့ လုပ်တာမဟုတ်ဘူး၊ ကံဖြတ်နေတာဟေ့... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာလုပ်နေတာတုံး.... (ကံဖြတ်တဲ့အလုပ်-လုပ်နေတာပါ) ကံဖြတ်နေတာ၊ မဂ်က ဖြတ်နေကျကိုးဗျ.... (မှန်ပါ) သမုဒယ

သစ္စာလဲ သူဖြတ်တယ်၊ တဏှာ အယင်ဖြတ်လိုက်တော့ ဥပါဒါန် တို့ကံတို့ကကော....(ပြတ်ပါတယ်ဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ်နည်းနဲ့ ကြည့်လိုက်ပြန်လဲ ပြတ်ခဲ့တာဘဲ....(မှန်ပါ့)။

အကုသိုလ်ကံလဲ ပြတ်တယ်၊ ကုသိုလ်ကံတွေကော (ပြတ်ပါတယ်ဘုရား) ပြတ်ပါတယ်ဆိုတော့ ဒါ.... ကံဖြတ်ဆိုတဲ့ဥစ္စာသြော်....ဝိပဿနာမဂ်ဥာဏ်ပါကလား၊ ဝိပဿနာမဂ်တို့- လောကုတ္တရာမဂ်တို့မှတပါး ငါတို့ကို နိဗ္ဗာန်သစ္စာ ကျေးဇူးပြုတဲ့တရား မရှိပါကလား၊ သူတို့ရမှသာ အေးမှာပါကလား ဆိုပြီး ခင်ဗျားတို့ ကြိုးကြိုးစားစား လုပ်ရမယ်....(မှန်ပါ့)ရှင်းပလား- (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
သေနိယကျွတ်တမ်းဝင်တဲ့တရား

ညအလုပ်ပေးတရားတော်

(၂၃ - ၄ - ၆၂)

ဒီနေ့ သေနိယတို့ကို သိမ်းလိုက်ပါပြီ၊ နောက်ဆုံးပိတ်တနေ့ကျတော့ သူတို့ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကံပြတ်တရားကို ဟောလိုက်တဲ့အတွက် သေနိယက အရှင်ဘုရား....တဲ့၊ သာသနာဘောင်ဝင်ပါရစေ၊ သာသနာဘောင်ဝင်ပါရစေပြောတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ့ဘုရားသာသနာတော်မှာ တိတ္ထိဘက်က ကူးလာလို့ရှိယင် လေးလ ပရိဝါသ်နေရဦးမယ်လို့ ပြောတယ်....(မှန်ပါ့ဘုရား) ဒါက ဒဏ်ပေးတာ....(မှန်ပါ့)။

ဟာ... တပည့်တော် လေးနှစ်နေရ,နေ့ရ ကိစ္စမရှိဘူး....တဲ့....(မှန်ပါ့)။

သူကလဲ စိတ်အားထက်သန်တဲ့ပုဂ္ဂိုလ်ဖြစ်နေတော့ လေးနှစ်နေရလဲ ကိစ္စမရှိပါဘူးဆိုတော့ သို့သော်... ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဥာဏ်နဲ့ကြည့်ပါတယ်ကွာ... တဲ့၊ လေးလနေထိုက်တဲ့ ပုဂ္ဂိုလ်လဲရှိပါတယ်၊ လေးလမနေထိုက်တဲ့ပုဂ္ဂိုလ်လဲရှိပါတယ် ဆိုပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဘဲ ပရိဝါသ်တောင်မပေးဘူး၊ သူ့ကို ခေါင်းရိတ်,ရေချိုးပြီးတော့ ရဟန်းခံပေးလိုက်ကွလို့ ပြောတာဘဲ....(မှန်ပါ့)။

ရဟန်းခံပေးလိုက်တဲ့အခါကျတော့ သူ နဂိုရက တိတ္ထိတို့အယူယူပြီးသကာလ ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ်- သေနိယဟာ ခွေးလိုကျင့်တာဖြစ်နေတော့ ဒီအယူကို တခါတည်း စွန့်တဲ့ပြီးသကာလ သမ္မာဒိဋ္ဌိဘက် ပြောင်းယူပါတယ်၊ သမ္မာဒိဋ္ဌိတရားကိုဘဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ် .. (မှန်ပါ့) အဲဒီတော့ ခင်ဗျားတို့ သူ-ကျတ်တမ်းဝင်တဲ့တရားကို ယနေ့နာရမယ်..(မှန်ပါ့ ဘုရား)။

ကဲ.... ဒါဖြင့် သမ္မာဒိဋ္ဌိပြောကြစို့....၊ သူ သမ္မာဒိဋ္ဌိဘက် ပြောင်းလိုက်ပြီ တဲ့၊ မိစ္ဆာဒိဋ္ဌိအယူကြီး စွန့်လိုက်ပြီ၊ သမ္မာ,က=မှန်ကန်တာ၊ ဒိဋ္ဌိ,က=ယူတာ၊ဒါဖြင့် မှန်ကန်တဲ့အယူကို ယူပြီဆိုတာ သမ္မာဒိဋ္ဌိ အယူမှတ်ပါ....(မှန်ပါ့)။

သမ္မာ,က=မှန်ကန်တာ၊ ဒိဋ္ဌိ,က=အယူ .. (မှန်ပါ့) ပေါင်းလိုက်တဲ့အခါကျတော့ (မှန်ကန်သော အယူပါဘုရား) အဲ... မှန်ကန်သောအယူ, မှန်ကန်သော အမြင်လို့ ထည့်လိုက်ပါဦး....

ဒီဌီပုဒ်ကို တချို့နေရာကျတော့ ဘုရားက အမြင်ဟူသော အနက်ကို ဟောတယ်...(မှန်ပါ့ဘုရား) ဒီဌီလဲ ပညာဘဲကိုး၊ ပညာဖြစ်နေတော့ သြော်.... သူ အမြင်ကိုလဲ ယူနိုင်တဲ့အတွက် မှန်ကန်တဲ့ အမြင်ရသွားတယ်....(မှန်ပါ့)။

မှန်ကန်တဲ့ အမြင်ရသွားတော့ ကိုင်း...မင်းတို့နားထောင်ကြ ဆိုပြီးသကာလ သူတို့ကျတ်တမ်းဝင်တဲ့ တရားဆိုတော့ မင်းတို့ ခန္ဓာဘယ်နှစ်ပါးရှိသတုံးဆိုတာက စ,မေးရတယ်နော်.... (မှန်ပါ့ ဘုရား)။

နောက်ပြီးတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှေ့က ကြောင်းပြီးသကာလ ခန္ဓာငါးပါးရှိတယ်ဟေ့... ၊ခန္ဓငါးပါးကို တကာတကာမတွေက သိပြီးသား ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတာ သိပြီးသား ဖြစ်နေတော့ ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ ဝေဘန်လိုက်ပါဦး၊ သတိပဋ္ဌာန်နဲ့ ချုံးလိုက်ပါဦးဆိုတော့ သတိပဋ္ဌာန်က လေးပါး ရှိတယ်၊ ခန္ဓာကငါးပါးဖြစ်နေတယ်။

ဒါဖြင့် ဒီလိုလုပ်ပေတော့ ရုပ်ကို ကာယာနုပဿနာ သတိ ပဋ္ဌာန်လို့ ဦးအောင်ဇ ဝေက မှတ်လိုက်တာပေါ့... (မှန်ပါ့) ဝေဒနာကို ဝေဒနာနုပဿနာလို့ မှတ်လိုက်တာပေါ့၊ စိတ်ကို စိတ္တာနုပဿနာ မှတ်လိုက်တာပေါ့၊ ကျန်တဲ့ခန္ဓာ ၂ ပါးကို ဓမ္မာ နုပဿနာ လုပ်ပစ်လိုက်တယ် (မှန်ပါ့ဘုရား)။

သညာ,သင်္ခါရတို့ကို ရှုပ်ကြွင်းတွေကို ဦးဘသန်းနော် ဓမ္မာ

နုပဿနာလုပ်ပစ်လိုက်တော့ ခန္ဓာငါးပါးကို သတိပဋ္ဌာန်ထဲသွင်းလိုက်တဲ့အခါ လေးပါးဖြစ်တယ်...(မှန်ပါ့)။

တခါ ဒီလေးပါးတောင်မှ ခင်ဗျားတို့ကို ဘုန်းကြီးက အလုပ်သင်တရားဖြစ်နေတဲ့ အတွက် လေးပါးဟာ ဘာတုံးဆိုတော့ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ, ဓမ္မာနုပဿနာဆိုပြီး လေးပါးရှိတယ်။

လေးပါးကို တခါ ချုံးလိုက်တဲ့အခါကျတော့ကိုတဲ့ ဖြစ်မှုနဲ့ ပျက်မှုဘဲရှိတယ်....(မှန်ပါ့ဘုရား)။

လေးပါးချုံးလိုက်တော့ ဦးဘသန်း ဘာတွေ့ခဲတော့လဲ .... (ဖြစ်မှုနဲ့ ပျက်မှုဘဲရှိတယ်) ဖြစ်မှု,ပျက်မှုဘဲရှိတယ်.... (မှန်ပါ့)။

အဲဒီတော့ ဖြစ်မှုနဲ့ ပျက်မှုတွေ့ရှိနေတော့ ကြောင် .... ဒီလေးပါးဟာ ဓမ္မအားဖြင့်သာ ပြားနေတာဘဲ၊အခေါ်အဝေါ်အမည် ပညတ်အားဖြင့်သာ ပြားနေတာဘဲ၊ ငါတို့ ဝိပဿနာဉာဏ်ထဲသွင်းလိုက်တော့ဖြင့် လေးပါးမတွေ့ပါဘူး၊ အဖြစ် အပျက်ဘဲတွေ့တယ်ဆိုတာ ဉာဏ်နဲ့အောက်မေ့ထားပါ...(မှန်ပါ့)။

လေးပါးဟာ သရုပ်အားဖြင့် လေးပါး၊ ဉာဏ်တွေ့အားဖြင့် တပါးဘဲရှိတယ်၊ ဖြစ်ပျက်ဘဲတွေ့တယ်....(မှန်ပါ့ဘုရား)။

ရုပ်ကြည့်တော့လဲ ရုပ်မတွေ့စေနဲ့၊ ဖြစ် ပျက် တွေ့ပေစေ၊ ဝေဒနာကြည့်ပြန်တော့လဲ ဝေဒနာမတွေ့ပေစေနဲ့ ဖြစ်ပျက်တွေ့ပေစေဆိုတော့ ဒီနေ့ ဦးအောင်ဇ ဝေ တရားဟာ ဝေဒနာမတွေ့

ဘဲနဲ့ ဖြစ်ပျက်တွေ့သွားပြီဆိုတော့ ဒါ အမှန်ဆိုက်သွားတာလို့ မှတ်လိုက်....(မှန်ပါ!) သမ္မဒိဋ္ဌိဖြစ်သွားပြီ။

ဝေဒနာတွေ့တော့ သမ္မာဒိဋ္ဌိက နာမပရိစ္ဆေဒဉာဏ်လို့ မှတ်လိုက်စမ်း ဦးဘသန်းကနော်....(မှန်ပါ!) ဖြစ်ပျက်တွေ့တဲ့ဉာဏ်က ဥဒယဗ္ဗယဉာဏ် ဆိုတော့လဲ ဉာဏ်ထိုးတက်သွားတာလို့....မှတ်လိုက်.... ။

နာမ ရူပပရိစ္ဆေဒဉာဏ်က အောက်တန်းဉာဏ်က နေပြီး သကာလ တခါတည်း ဥဒယဗ္ဗယဉာဏ် ထိုးတက်လိုက်တာလို့ ယနေ့ ဦးအောင်ဇ ဝေ ဘာဖြစ်တဲ့ နေ့တုံးဆိုလို့ ရှိယင် ဉာဏ် ထိုးတက်တဲ့နေ့လို့ မှတ်လိုက်....(မှန်ပါဘုရား)။

အယင်တော့ ဝေဒနာတွင် တွေ့နေတော့ နာမပရိစ္ဆေဒဉာဏ် ဖြစ်နေတယ် နာမ်ကိုသိတဲ့ဉာဏ်....(မှန်ပါဘုရား)။

ယနေ့တော့ဖြင့် ဝေဒနာတွေ့ကျော်ပြီး ဖြစ်ပျက်တွေ့ဘဲ တွေ့တော့တယ်လို့ဆိုပြီး သမ္မသန, ဥဒယဗ္ဗယ တက်ပစ်လိုက်တယ်၊ ဦးဘသန်း ကျေနပ်ပလာ....(ကျေနပ်ပါပြီဘုရား)။

ဝေဒနာတွေ့နေယင် နာမပရိစ္ဆေဒဉာဏ်နော်.... (မှန်ပါ!) သမ္မာဒိဋ္ဌိတော့ သမ္မာဒိဋ္ဌိဘဲ၊ သို့သော် အောက်သမ္မာဒိဋ္ဌိ .... (မှန်ပါ!) ဝေဒနာတွေ့ အခုမရှိတော့ဘူးဘုရား၊ သူ့နေရာတွင် ပြန်ကြည့်လိုက်တဲ့ အခါကျတော့ ဖြစ်မှုနဲ့-ပျက်မှုဘဲ တွေ့တယ် ဆိုသဖြင့် သမ္မသနနဲ့ ဥဒယဗ္ဗယ တက်သွားတာလို့ မှတ်လိုက်ပါ-(မှန်ပါဘုရား)။

ဒါကို ဉာဏ်ကို ဆရာက စဉ်မပေးရဘူး၊ အလုပ်သမားက သူ့ဟာသူ စဉ်တက်လာလိမ့်မယ်....(မှန်ပါ့) ဆရာက ဉာဏ်စဉ်ပေးလို့ရှိယင် ခင်ဗျားတို့က သံယောင်လိုက်ပြီးသကာလပြောင်းလာတော့ အလကား မရောက်ဘဲနဲ့ အရောက်ထင်နေတယ် .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ဟာ ခင်ဗျားတို့ ပြော .... အမြင်ကို ပြောလာတော့မှ ဆရာကဆုံးဖြတ်ချက်ချခဲပးရမယ် .... (မှန်ပါ့) ရှေ့ကစကားသန်းပြီး ဉာဏ်စဉ်မပြောရဘူး....(မှန်ပါ့ဘုရား)။

အခုတော့ ဒီနေ့ ရှင်းသွားပြီနော် .... (ရှင်းပါပြီ) ပြော.... ကျုပ်တို့ အယင်တော့ နာမပရိစ္ဆေဒဉာဏ်နဲ့နေတာ၊ စိတ်သီတာလဲ နာမ်ဘဲ၊ ဝေဒနာသီတာလဲနာမ်ဘဲ၊ အခုတော့ဖြင့် ဒါတွေ အကုန်ကျတ်လွတ်ပြီးသကာလ ဖြစ်မှု, ပျက်မှုဘဲ တွေ့တော့တယ်ဆိုသဖြင့် သမ္မသနဉာဏ်ရင့်ကျက်လို့ ဥဒယဗ္ဗယဉာဏ်ရောက်သွားပြီ... (မှန်ပါ့ဘုရား)၊

အဲဒီတော့ ဘုန်းကြီးသိချင်တာက ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါကျတော့ ပေါ့သွားလိမ့်မယ် ခန္ဓာကိုယ်မှာ .... (မှန်ပါ့) ခန္ဓာကိုယ် ပေါ့သွားလို့ရှိယင်ဖြင့် ပီတိတို့၏ တန်ခိုးလို့မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ပီတိတို့၏ တန်ခိုးလို့မှတ်လိုက်ပါ၊ပီတိဟာကြီးကျယ်ခမ်းနားလာလို့ရှိယင် ကောင်းကင်တောင် ပျံ့နှံ့တဲ့ သဘောရှိတယ်နော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် သေနိယတို့ကိုဒီလိုချုံးချုံးပြီးပြသွားလိုက်တာ နောက်ကျတော့ မင်းဖြစ်ပျက်ရှုလို့ဘဲ ဟောလိုက်တယ်နော် (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဖြစ်ပျက်ရှုဆိုတော့ တပည့်တော်သည် ကားလို့ဆိုယင် ရဟန်းလဲဖြစ်ပါပြီ၊ဒီဖြစ်ပျက်ဘဲ တပည့်တော်တို့ ရှုပါတော့မယ်ဆိုပြီးသကာလ ဖြစ်ပျက်ရှုတာပါဘဲ။

ဖြစ်ပျက် ရှုတဲ့အခါကျတော့ ဘာဖြစ်ပျက်တုံး မေးတဲ့အခါ ကျတော့ မေးမနေကြပါနဲ့၊ ရုပ်ကြည့်ပြန်လဲ ဖြစ်ပျက်တွေ့ရမှာဘဲ၊ ဝေဒနာကြည့်ပြန်လဲ ဖြစ်ပျက်သွားတွေ့ရမှာဘဲ၊ သညာကြည့်ပြန်လဲ ဖြစ်ပျက်တွေ့ရမှာဘဲတဲ့၊ စိတ်ကြည့်ပြန်ကော.... (ဖြစ်ပျက်ဘဲတွေ့ရပါမယ်) တကယ်တွေ့မှာကတော့ ဒါဘဲ၊ဉာဏ်တွေ့ကကော ဒါဘဲရှိတယ်....(မှန်ပါ့ဘုရား)။

အဲဒီ ဖြစ်ပျက်တွေ သူရှုပြီးသကာလ လာတာနဲ့ သူဖြစ်ပျက်တွေကို မြင်ပြီး သြော်...ခန္ဓာကိုယ်ထဲမှာ ဘာမှ အနှစ်သာရမရှိပါကလား၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာမှ တပါး ဘာမှမရှိဘူးဆိုတာကို သူ မြင်လာတယ်လို့ မှတ်ရမယ်နော်- (မှန်ပါ့ဘုရား)။

နောက်ကျတော့ သေနိယ ဉာဏ်ရင့်သွားတော့ သူဘယ်လို ဖြစ်လာသတုံးဆိုတော့ ဖြစ်ပျက်တွေမှန်းပြီးသကာလ နောက်ကို သူသစ္စာထင်လာတယ်လို့ မှတ်ရမယ်နော်... (မှန်ပါ့)။

သစ္စာဘယ်လိုထင်လာသတုံးဆိုတော့ခင်ဗျားတို့ ရှုနေတဲ့ ရုပ်

ဟာလဲ ဒုက္ခသစ္စာဘဲ၊ ဝေဒနာလဲ ဒုက္ခသစ္စာဘဲ၊ သညာလဲ ဒုက္ခသစ္စာဘဲ၊ သင်္ခါရလဲ ဒုက္ခသစ္စာဘဲ၊ လောကီစိတ်တွေဟာလဲ ဒုက္ခသစ္စာဘဲဆိုတာ ဦးဘသန်းက မှတ်ထားလိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါ ဘုရား ဘယ်နေရာမှာ ဟောပါလိမ့်မတုံး... ဆိုတော့ "သုံခိတ္တောန ပဠုပါဒါနက္ခန္ဓာ ဒုက္ခာ"ဆိုတဲ့ ဓမ္မစကြာမှာ ဟောတယ်....(မှန်ပါ့) ခန္ဓာငါးပါးလုံးဟာ ဒုက္ခသစ္စာဘဲ.... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးစလုံးဟာ....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာဘဲ၊ ဟာ .. သုခလို့ ပြောတာလဲ နောက်ဆုံးပိတ် တနေ့ကျတော့ ဒုက္ခလမ်းဆုံးတာဘဲ ...(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

သုခဆိုတာလဲ သုခဟုတ်ကဲ့လား .. (မဟုတ်ပါ) အပျက်လမ်းဆုံးတာဘဲ....(မှန်ပါ့) အပျက်လမ်းဆုံးတာ ဒုက္ခလမ်းဆုံးတာဘဲလို့....ဦးဘသန်းက မှတ်လိုက်တာပေါ့.. (မှန်ပါ့)။

အဲဒီတော့ သူ ဘယ်လိုမြင်လာသတုံးဆိုလို့ရှိယင်ဖြင့် သူ့ခန္ဓာ သူ ကြည့်လိုက်တဲ့အခါမှာ သြော်....ဖြစ်ပျက်သာ ရှိပါကလားလို့ သေနိယ-မြင်လာတယ်....(မှန်ပါ့)။

နောက်ကျတော့ ဥာဏ်က ရင့်လာတော့ သြော်.... ခန္ဓာတကိုယ်လုံးဟာ လောကီဒုက္ခသစ္စာချည်ဘဲလို့ သူ ပိုင်ပိုင်နိုင်နိုင်

သိလိုက်တယ်၊ဖြစ်မှုကလဲ ဒုက္ခဘဲ ပျက်မှုကလဲ ဒုက္ခဘဲလို့ သူ ပိုင်ပိုင်နိုင်နိုင်သိတယ်၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဖြစ်မှုကကော... (ဒုက္ခပါဘုရား) ပျက်မှုကကော... (ဒုက္ခပါဘုရား)။

ဘာဖြစ်လို့ ဒီဉာဏ် ဝင်လာပါလိမ့်မတုံးဆိုဘော့ မြတ်စွာဘုရား ဒေသနာတော်ကြည့်လိုက် ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားလို့ ဆိုတယ်၊ ဖြစ်နေလဲ ဒုက္ခသစ္စာဖြစ်ရမှာဘဲ ...(မှန်ပါ) ဦးဘသန်း....ပျက်နေကော... (ဒုက္ခသစ္စာပါဘဲဘုရား) ဒုက္ခဘဲ ပျက်ရမယ်... (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ တကိုယ်လုံးမှာ ဖြစ်ပျက်နှစ်ခုစလုံးကို ကြည့်လိုက်တဲ့အခါကျလို့ ရှိယင် ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခဘဲ ရှိတယ်၊ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကြည့်လေ နဂိုရ်တုန်းက ခန္ဓာငါးပါးက ဒုက္ခသစ္စာကိုးဗျ-(မှန်ပါ)ဖြစ်နေလဲ ဖြစ်ဒုက္ခသစ္စာဘဲ၊ ပျက်နေကော....(ပျက်ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ.. ဒါဖြင့် သူ့ဉာဏ်ထဲ ဘယ်လိုထင်လာသတုံးဆိုတော့ သြော်....ဣကား....ဖြစ်ဒုက္ခ,ဣကဲ့ား....ပျက်ဒုက္ခ,ဣထက်ကျော်တဲ့ ကြီးကျယ်တဲ့ ဒုက္ခတော့ မရှိဘူး၊ ဒီဒုက္ခ အကြီးဆုံးဘဲပြေးလို့ မလွတ်တဲ့ ဒုက္ခဆိုတာ ပိုင်ပိုင်နိုင်နိုင် သိဘယ်-(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဖြစ်မှုလဲ ဒုက္ခသစ္စာ....(မှန်ပါ့) ပျက်မှုကော... (ဒုက္ခသစ္စာပါ ဘုရား) သွားနေလဲ ဒီနှစ်ခုက ရှိနေတာဘဲ ...(မှန်ပါ့) ထိုင်နေ ကော....(ရှိပါတယ်)အိပ်နေကော....(ရှိပါတယ်ဘုရား)။

ဒီနှစ်ခုရှိတော့ သြော်... ဒီခန္ဓာကြီးသည် ဒီနှစ်ခုသာ ရှိနေ တော့ ဒီ့ထက်ကြီးတဲ့ ဒုက္ခမရှိတော့ဘူးလို့ ပိုင်းခြားသိတာကို ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိတယ်ဆိုတာဘဲ....(မှန်ပါ့)။

အဲဒီတော့ ဖြစ်တာလဲ သုခမရောစေနဲ့၊ ပျက်တာလဲ သုခ မရောစေနဲ့၊ ပျက်သွားတာ ကောင်းတယ်ကွလို့ ပုထုဇဉ်မိုက် ဆိုတာ ဆိုချင်ဆိုသေးတယ် (မှန်ပါ့)။

ပျက်သွားတာလဲ ဒုက္ခသစ္စာဘဲ, ဖြစ်နေတာလဲ ဒုက္ခသစ္စာဘဲ၊ "ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ"ပါဠိတော်က....(မှန်ပါ့)"ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာဘဲရှိသဟော့ မင်း တို့ တကိုယ်လုံးမှာ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ထဲ ဘာသာလျှင် ရှိသလဲ....(ဒုက္ခဖြစ်၍ ဒုက္ခချုပ် တာဘဲ ရှိပါတယ်ဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာ ရှိတယ်ဆိုတာ သေသေချာချာ ဣကား... ဒုက္ခ ဣထက်ကြီးတဲ့ဒုက္ခ မရှိတော့ဘူးဆိုပြီးတော့... သူ့စိတ်ထဲ ဆုံးဖြတ်ချက် ချပစ်လိုက်တယ်....(မှန်ပါ့)။

ဦးဘသန်း....ဒီ့ထက်ကြီးတဲ့ဒုက္ခ မရှိဘူးလို့ ဆုံးဖြတ်ချက် ချ လိုက်တယ်၊ ဘာဖြစ်လို့တုံးဆိုတော့ ဒီ့ပြင်ဒုက္ခက ဦးအောင်ဇံ

ဝေ-ရ...ပြေးယင် လွတ်တယ်....(မှန်ပါ့)သူကတော့ ပါနေတာ ဘဲ....(မှန်ပါ့)။

ပြေးတဲ့အထဲလဲ "ပိဋ္ဌနဋ္ဌ"ဆိုတဲ့ ညှာတာမဖက် အမြဲနှိပ်စက်နေတာဘဲ ဖြစ်မှု ပျက်မှုကနော်... (မှန်ပါ့)"သန္ဓာဝပဋ္ဌ"ဆိုတဲ့ အတိုင်း သူ့လဲ ဇာတိ ဇရာ မရဏမီးက လောင်နေတော့ မီး လောင်ခံနေရတယ်ဆိုတာကော မသေချာဘူးလား....(သေချာ ပါတယ်ဘုရား)။

"သခ်ၣာ"ဆိုတာ သြော်....ဒီဖြစ်ပျက်ကြီးကို ဖြစ်ပျက် ဖြစ်ဘို့ရာကို ခင်ဗျားတို့က ပြုပြင်နေရသေးတယ် ... (မှန်လှပါ ဘုရား)။

ထမင်းနဲ့ ပြုပြင်ရ ဟင်းနဲ့ ပြုပြင်ရနဲ့ ဦးဘသန်းတို့ ရုပ်နာမ် ပေါ်ဘို့ မပြုပြင်ရဘူးလား.... (ပြုပြင်ရပါတယ်ဘုရား) ဒါဖြင့် သူ့မှာ သန္ဓာဝပဋ္ဌကိစ္စကော မရှိဘူးလား....(ရှိပါတယ်ဘုရား) သန္ဓာဝပဋ္ဌကိစ္စလဲ ရှိတယ်နော်....(မှန်ပါ့)။

သန္ဓာဝပဋ္ဌကိစ္စဆိုတာ အဖန်ဖန်ပြုပြင်ရတဲ့ ကိစ္စရှိနေတော့ သန္ဓာဝပဋ္ဌကိစ္စတဲ့ သြော်....သူ့လဲ ကိလေသာမီး ဒုက္ခမီးတွေက လောင်နေတယ် ဒီဖြစ်ပျက်တွေကို... (မှန်ပါ့)။

လောင်တာနဲ့ ပြောင်ပြောင်မသွားဘူးလား...(သွားပါတယ် ဘုရား) ဦးဘသန်း .... ပြောင်ပြောင်သွားတာဟာ အလိုလို ပြောင်ပြောင်သွားတာလား· မီးလောင်လို့ ပြောင်သွားတာလား (မီးလောင်လို့ ပြောင်သွားတာပါဘုရား)။

အဲဒီလိုသိလာတော့"ဝိပရိဏာမဒု"တဲ့၊ နဂိုရ်အတိုင်း ခိုင်ခံ့မှုတည်နိုင်ဘဲ ရင့်ရော်ဖေါက်လဲ ပြိုကွဲတဲ့သဘောတွေဖြစ်နေတော့ နဂိုရ်သဘောကို ရှိရဲ့လား ... (မရှိပါဘုရား)။

အဖြစ် ကြည့်လိုက်ပြန်လဲ နဂိုရ်သဘောဟာ ရှာမတွေ့ဘူး၊ အပျက်ကြည့်လိုက်ပြန်လဲ နဂိုရ်သဘောပျောက်သွားတယ် ဟင်.... (မှန်ပါ့ဘုရား) ပင်ကိုယ် ဝေဒနာသဘောတွေ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဖြစ်သဘောနဲ့ အပျက်သဘောသာရှိတယ်၊ အဖြစ်ဒုက္ခနဲ့ အပျက်ဒုက္ခသာရှိတော့ ပင်ကိုယ်သဘောတွေ မစွန့်သေးဘူးလား (စွန့်ပါတယ်ဘုရား)။

ဝေဒနာဟာ နာတဲ့သဘောတွေ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား) မတွေ့တော့ဘူး၊ သာယာတဲ့ သဘောတွေကော.... (မတွေ့ပါဘုရား)။

ထိုကဲ့သို့ မတွေ့ခြင်းသည်ပင်လျှင် ဒုက္ခသစ္စာမှာ လေးချက်ဖြစ်လာတယ်လို့ မှတ်လိုက်စမ်းပါ၊ ပိဋ္ဌနဋ္ဌ,သခ်ိတဋ္ဌ,သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ-နော်....(မှန်ပါ့)။

ဤလေးချက်နဲ့ ဒီဒုက္ခသစ္စာကြီး ဆက်စပ်နေတော့ သြော်.... ဒီကိစ္စလေးချက်မှတပါး ဘာမှမရှိပါကလား၊သတ္တဝါကို နှိပ်စက်တာရယ်(မှန်ပါ့)သခ်ိတဋ္ဌ-တဲ့ ပျက်လိုက်,ပြုပြင်လိုက် ပျက်လိုက်, ပြုပြင်လိုက်နဲ့ ပျက်ဒုက္ခနဲ့ ပြုပြင်ရတဲ့ ဒုက္ခတွေဘဲ ရှိမနေဘူးလား...(ရှိပါတယ်ဘုရား)။

အဲဒီလိုသိလာတော့"ဝိပရိဏာမဒု"တဲ့၊ နဂိုရ်အတိုင်း ခိုင်ခံ့မှုတည်နိုင်ဘဲ ရင့်ရော်ဖေါက်လဲ ပြိုကွဲတဲ့သဘောတွေဖြစ်နေတော့ နဂိုရ်သဘောကို ရှိရဲ့လား ... (မရှိပါဘုရား)။

အဖြစ် ကြည့်လိုက်ပြန်လဲ နဂိုရ်သဘောဟာ ရှာမတွေ့ဘူး၊ အပျက်ကြည့်လိုက်ပြန်လဲ နဂိုရ်သဘောပျောက်သွားတယ် ဟင်.... (မှန်ပါ့ဘုရား) ပင်ကိုယ် ဝေဒနာသဘောတွေ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

အဖြစ်သဘောနဲ့ အပျက်သဘောသာရှိတယ်၊ အဖြစ်ဒုက္ခနဲ့ အပျက်ဒုက္ခသာရှိတော့ ပင်ကိုယ်သဘောတွေ မစွန့်သေးဘူးလား (စွန့်ပါတယ်ဘုရား)။

ဝေဒနာဟာ နာတဲ့သဘောတွေ တွေ့သေးရဲ့လား....(မတွေ့ပါဘုရား) မတွေ့တော့ဘူး၊ သာယာတဲ့ သဘောတွေကော.... (မတွေ့ပါဘုရား)။

ထိုကဲ့သို့ မတွေ့ခြင်းသည်ပင်လျှင် ဒုက္ခသစ္စာမှာ လေးချက်ဖြစ်လာတယ်လို့ မှတ်လိုက်စမ်းပါ၊ ပိဋ္ဌနဋ္ဌ,သခ်ိတဋ္ဌ,သန္တာပဋ္ဌ, ဝိပရိဏာမဋ္ဌ-နော်....(မှန်ပါ့)။

ဤလေးချက်နဲ့ ဒီဒုက္ခသစ္စာကြီး ဆက်စပ်နေတော့ သြော်.... ဒီကိစ္စလေးချက်မှတပါး ဘာမှမရှိပါကလား၊သတ္တဝါကို နှိပ်စက်တာရယ်(မှန်ပါ့)သခ်ိတဋ္ဌ-တဲ့ ပျက်လိုက်,ပြုပြင်လိုက် ပျက်လိုက်, ပြုပြင်လိုက်နဲ့ ပျက်ဒုက္ခနဲ့ ပြုပြင်ရတဲ့ ဒုက္ခတွေဘဲ ရှိမနေဘူးလား...(ရှိပါတယ်ဘုရား)။

အဲဒီလို ခင်ဗျားတို့ ဖြစ်ပျက်အပေါ်မှာ လေးကိစ္စရှိတာကို သိပြီးလာတဲ့အခါကျလို့ ရှိယင်ဖြင့် လေးကိုစ္စကို ဉာဏ်က ဦးတည်ပြီး သြော်...ဖြစ်တာလဲ ဒီလေးကိစ္စဘဲ၊ပျက်တာလဲ ဒီလေးကိစ္စဘဲလို့ ခင်ဗျားတို့ အားထုတ်တဲ့အခါမှာ ဒီလိုမြင်လာလို့ ရှိယင် ဒီကိုစ္စတွေသာ မြင်နေတော့တယ်ဆိုယင် တောင့်တ,ကြောင့်ကြတဲ့ တဏှာ လာသေးရဲ့လား...(မလာပါဘုရား)။

မလာတော့ ဒုက္ခပိုင်းခြားနေယင် သမုဒယက နောက်က သေနေတယ်လို့ မှတ်လိုက်...(မှန်ပါ)။

ဒုက္ခပိုင်ပိုင်နိုင်နိုင် သိနေတုန်းကို...(နောက်က သမုဒယသေနေပါတယ်ဘုရား။

အဲဒီတော့ ပိုင်ပိုင်နိုင်နိုင်သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာနော်.. (မှန်ပါ)ပိုင်ပိုင်နိုင်နိုင်အသိခံနေတဲ့ တရားက ဒုက္ခသစ္စာ....(မှန်ပါ) ဦးဘသန်း....ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ပိုင်ပိုင်နိုင်နိုင် အသိခံနိုင်တဲ့ တရားက....(ဒုက္ခသစ္စာပါ)ပိုင်ပိုင်နိုင်နိုင်သိတာက မဂ္ဂသစ္စာ....(မှန်ပါ)ပိုင်ပိုင်နိုင်နိုင် သိနေတုန်းကို သမုဒယချုပ်နေတာက သမုဒယသေတာ....(မှန်ပါ)။

အဲဒီ တဏှာ,သမုဒယသေသွားတော့ ဥပါဒါန်တွေ ကံတွေ ဇာတိဇရာ မရဏတွေကော....(မလာတော့ပါဘုရား) ချုပ်သွားတယ်လို့ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်) အဲဒါ နိရောဓသစ္စာ....(မှန်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီကဲ့သို့ သေနိယမှာ သစ္စာလေးချက် တပြိုင်နက် ဖြစ်လာတယ်နော်... (မှန်ပါ)။

သစ္စာလေးချက်.... (တပြိုင်နက် ဖြစ်လာပါတယ်ဘုရား) တပြိုင်နက်ဆိုတာက ကိုယ်က တပြိုင်နက် ဖြစ်တာလား - ဓမ္မသဘောက တပြိုင်နက်ဖြစ်တာလား.... (ဓမ္မသဘောကတပြိုင်နက် ဖြစ်တာမပါဘုရား)။

အဲဒါ မှတ်ထားပါ....တဲ့ ကိုယ်က ဖြစ်ချင်လို့ ဖြစ်တာမဟုတ်ပါဘူး....တဲ့၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိနေတုန်းဘဲ သမုဒယမလာတာ... (မှန်ပါဘုရား) သိနေတုန်းဘဲ ဟိုဘက်က ဒုက္ခတွေ နိရောဓတွေ ပေါ်နေတာဘဲ.... (မှန်ပါ) သဘောကျပလား.... (ကျေပါပြီဘုရား)။

အဲဒီတော့ကို သစ္စာလေးချက် တပြိုင်နက် ထင်ရတယ်ဆိုတာလဲ ဦးဘသန်း ကျေနပ်ပလား....(ကျေနပ်ပါပြီဘုရား)။

ဒုက္ခလဲ ပိုင်ပိုင်နိုင်နိုင်သိတာဘဲ.... (မှန်ပါ) သိတာကတော့ မဂ္ဂသစ္စာဘဲ.... (မှန်ပါ) သူနဲ့ ပိုင်ပိုင်နိုင်နိုင် အသိခံရတဲ့တရားနဲ့ အသိဉာဏ်တရားနဲ့လဲ ပြိုင်နေတာဘဲ၊ မပြိုင်ဘူးလား....(ပြိုင်ပါတယ်ဘုရား) သမုဒယသေတာနဲ့လဲ ဒီအချိန် လာကို လာသေးရဲ့လား....(မလာပါဘုရား) မလာဟော့ အဲဒီ သမုဒယသေတာနဲ့ကော ပြိုင်မနေဘူးလား.... (ပြိုင်ပါတယ်ဘုရား) ဦးဘသန်း ဘယ်နှယ်တုံး....(ပြိုင်ပါတယ်ဘုရား) ပြိုင်တယ်တဲ့။

သမုဒယသေတာနဲ့လဲ ပြိုင်တော့ကို နိရောဓပေါ်တာနဲ့ကော

မပြိုင်ဘူးလား.... (ပြိုင်ပါတယ်) " တဏှာနိုရောဓေါ နိုဗ္ဗာနံ " ဆိုတော့ သူချုပ်နေတော့ ဒါ....နိုရောဓဖြစ်နေတာဘဲ-(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ သစ္စာလေးချက် တပြိုင်နက်ထင်တဲ့သဘော သေနိ ယမှာ ပေါ်လာတယ်....(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ပေါ်လာတော့မှ ရှေ့သစ္စာချုပ်ပြီးသကာလ နိုရောဓသစ္စာ ဆိုတာကြီးဟာ သြော် .... တခြားလား အောက်မေ့နေ တယ် တဏှာ၏ စွမ်းရည်သတ္တိတွေ ချုပ်သောကြောင့် ကိုယ်ရှု နေတဲ့ ဒုက္ခတွေပါချုပ်သွားတာသည်ကားလို့ဆိုယင်ဖြင့် အဲဒါ ပစ္စက္ခနိုရောဓလို့ မှတ်ပါ-နော်... (မှန်ပါ့)။

နောက်မှ တဏှာ,ဥပါဒါန်တွေမလာလို့ ဟိုဘက်က ချုပ် တာကတော့ကို အနာဂတ် နိုရောဓလို့ မှာ်ပါ....(မှန်ပါ့)။

အဲဒီတော့ ရှုရင်းမတ္တန့် 'ဖျတ်'ကနဲ ဒုက္ခတွေ ချုပ်သွားလို့ ရှိယင် သြော်....ဒါသည်ကား....လို့ ဆိုလို့ရှိယင် နိဗ္ဗာန်ဆိုတာ တခြားလားအောက်မေ့နေတယ် ဒုက္ခသစ္စာကွယ်နေလို့ မမြင် တာပါလားလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

နိဗ္ဗာန် ဘာလို့မမြင်ကြသလဲ....(ဒုက္ခသစ္စာတွေ ကွယ်နေလို့ မမြင်တာပါဘုရား) ဒုက္ခသစ္စာကွယ်နေတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ဘယ်သူကွယ်နေသတုံး . (ဒုက္ခသစ္စာကွယ်နေပါတယ် ဘုရား) ဒုက္ခသစ္စာကွယ်နေတယ်။

ဒုက္ခသစ္စာလဲ ခင်ဗျားတို့က ဒါ.... သူ့ကိုဖြင့် တခါတည်း မလိုချင်ပါဘူးဆိုတဲ့ 'ဖျတ်'ကနဲ မဂ္ဂင်ရှစ်ပါးလဲ ပြည့်ပါရော ဦးဘသန်း,ရေ... ဒုက္ခဟာ မချုပ်ဘူးလား-(ချုပ်ပါတယ်ဘုရား) အဲဒီ့ချုပ်သွားတဲ့နေရာမှာ နိုရောဓနိဗ္ဗာန် ပေါ်လာတာဘဲ.... (မှန်ပါ့)။

ဒါ-ပေါ်လာတော့ ဦးအောင်ဇံဝေ... ဒါ-ပေါ်မည့်ဥစ္စာတွေကို ရှေ့သူ့လမ်းစဉ် ပြောထားတယ်နော်... (မှန်ပါ့)။

အင်း.... ဦးအောင်ဇ ံဝေ စိတ်ထဲမှာ ဘယ်လိုဖြစ်လာသတုံးဆိုတော့ သြော်... ဒုက္ခချုပ်ရာဆိုတာ အခုမရှိတာကို ဆိုတာ ပါကလားလို့ ပေါ်လာလိမ့်မယ်... (မှန်ပါ့) ရှုရင်းမတွေ့နဲ့ မရှိတာ....(မှန်ပါ့)။

ရှုရင်းမတွေ့နဲ့ မရှိတာပေါ်လာတော့မှ သြော်.... ဒုက္ခချုပ်, ဒုက္ခချုပ်ဆိုတာ တခြားလား အောက်မေ့နေတယ် ခန္ဓာသိမ်းနိဗ္ဗာန်ဆိုတာတခြားလားအောက်မေ့နေတယ်ခန္ဓာက ဒုက္ခသစ္စာ ဒုက္ခသစ္စာဥာဏ်အောက်မှာ ပျောက်သွားတယ်၊ အဲ.... ပျောက်သွားတဲ့သဘောကလေး တွေ့တော့ ကိုယ့်ဟာကိုယ် သိလိုက်တယ်၊ မိမိမှာ ဒုက္ခမရှိတော့ဘူးလို့ မသိဘူးလား....(သိပါတယ်ဘုရား)။

အဲဒီ မိမိမှာ ဒုက္ခမရှိတော့ဘူးလို့ သိတာကလေးဟာ မဂ္ဂသစ္စာ၊ ဒုက္ခတွေ့မရှိတာက နိုရောဓသစ္စာ.... (မှန်ပါ့) သဘောပါပလား....(ပါ.ပါပြီဘုရား)။

ဦးဘသန်းကော ကျေနပ်ကဲ့လား ဒါ.... ပစ္စုပ္ပန်နိုရောဓနော် (မှန်ပါ့ဘုရား) ပစ္စုပ္ပန်မှာ ပစ္စက္ခနိုရောဓဆိုတာ ဒါဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါ... ခင်ဗျားတို့ အားထုတ်လို့ရှိယင် ဒီအစဉ်အတိုင်းလာမှာဘဲလို့ ကေန်မှတ်ပါ....(မှန်ပါ့)။

လောကီဥပဓာ ဘုရားက ဘယ်လိုပြောလိုက်သတုံးဆိုတော့ ကဲ... တဲ့ လေ့ပေါ်မှာ ကုန်တော့ဘင်ပြီး မြစ်တခုကို ကူးသကဲ့တဲ့နော်....(မှန်ပါ့)။

လေ့ပေါ်မှာ ကုန်တော့တင်ပြီး မြစ်ဟိုဘက်ကူးတဲ့အခါကျလို့ ရှိယင်ဖြင့်... တဲ့၊ ဒီမြစ်ကို ဖြတ်တာလဲ လေ့က ဖြတ်တာဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား) ကုန်တော့ ဟိုဘက်ရောက်တာလဲ.... (လေ့ကြောင့် ရောက်တာပါဘုရား) သဘောပါပြီ...(ပါ-ပါပြီဘုရား)။

ကောင်းပြီ.... ဒီဘက်ကမ်းက ခွါတာလဲ လေ့က ခွါတာဘဲနော်....(မှန်ပါ့) ဟိုဘက်ကမ်း ရောက်အောင်ပို့တာလဲ....(လေ့ကပို့တာပါဘဲဘုရား) လေ့က ပို့တာဘဲ။

လေ့သည် အလုပ် ဘယ်နှစ်လုပ်-လုပ်သတုံးလို့ မေးတဲ့အခါ ဒီဘက်ကမ်းခွါတဲ့တလုပ်, ဟိုဘက်ကမ်း ရောက်တဲ့တလုပ်၊ ကုန်ကိုပို့ဆောင်တဲ့ တလုပ်၊ ရေဖြတ်တဲ့ တလုပ် လေးလုပ် ရှိတယ်...(မှန်ပါ့)။

ဒါဖြင့် လေ့သည် ကူးနေတဲ့အချိန်မှာ အလုပ်-ဘယ်နှစ်လုပ်လုပ်သတုံးဆိုလို့ရှိယင်....(လေးလုပ်ပါဘုရား)။

အဲဒီမှာလဲတဲ့ တပြိုင်နက်တည်း ခင်ဗျားတို့ လေးချက် ပေါ်ပါလိမ့်မယ်....(မှန်ပါ့) ခင်ဗျားတို့ တောင့်တလို့ မရပါဘူးတဲ့၊ သူ့ဟာသူ ပေါ်လာမှာဘဲ... (မှန်ပါ့)။

ဒီတော့ သူ-မဂ်ဉာဏ်ပေါ်ပြီး မဂ်ဉာဏ်က အလုပ်-လုပ်မှာဘဲ ဆိုတာ ဦးဘသန်း ရိပ်မိပလား... (မှန်ပါ့)။

ဒါဖြင့် လှေသည် ဒီဘက်ကမ်းက ခွါတာလဲ လှေ့အလုပ်၊ ဟိုဘက်ကမ်းပို့တာလဲ....(လှေ့အလုပ်ပါဘုရား) ဝန်တွေ့ဆောင် သွားတာကော....(လှေ့အလုပ်ပါဘုရား) မြစ်ဖြတ်တာကော.... (လှေ့အလုပ်ပါဘုရား) အဲဒီတော့ လှေသည် အလုပ် ဘယ် နှစ်လုပ်,လုပ်သတုံးမေးတော့... (လေးလုပ်ပါဘုရား)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့၏ ဉာဏ်ထဲမှာလဲ လေးခုစလုံး တပြိုင်နက်ပေါ်လိမ့်မယ်.... (မှန်ပါ့) ပေါ်တော့ကို မြင်တော့ နိုဗ္ဗာန်ဘဲ မြင်မှာဘဲ၊ မြင်ပေမဲ့လဲ မဂ်ကမြင်တယ် ဆိုတာလဲ ခင်ဗျားတို့ အသိသားဘဲ၊ မဂ်လာလို့ သမုဒယသေတယ်ဆိုတာလဲ ခင်ဗျားတို့ ပွားများမှုကြောင့် သေတာဘဲ မဟုတ်ဘူးလား .... (မှန်ပါ့) နိရောဓမြင်တာလဲ ပွားများမှုကြောင့် မြင်တာဘဲ.... (မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် လှေသည် လေးလုပ်- အလုပ်လုပ်သလို ခင်ဗျားတို့ နောက်ဆုံးပိတ်ကျတော့ မဂ်ဉာဏ်သည် လေးခုသောအလုပ်- လုပ်မှာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ်ဉာဏ် ဘယ်နှစ်ခုအလုပ်- လုပ်မလဲ ... (လေးခုပါ) အဲဒီ

လေးခု အလုပ်-လုပ်လိုက်လို့ ရှိယင်ဖြင့် ဒီလေးခု အလုပ်ကို ဘယ်နှစ်ပါးပြည့်စုံမှ လုပ်နိုင်သတုံးမေးတော့ ရှစ်ပါးပြည့်စုံမှလုပ်နိုင်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ရှစ်ပါးမပြည့်စုံသေးလို့ ရှိယင်ဖြင့်တဲ့ နိဗ္ဗာန်ရောဝတခု ကျန်နေတယ်၊ ရှစ်ပါးပြည့်စုံယင် နိဗ္ဗာန်ရောဝတခုတိုးလာတယ် .... (မှန်ပါ့ဘုရား)။

တနေ့ညကပြောခဲ့တယ် ခန္ဓာစုနဲ့ တဏှာစုနဲ့ ဒါတွဲတတ်နိုင်တာကိုးဗျ ဝိပဿနာဥာဏ်က ဟင်....(မှန်ပါ့ဘုရား)။

မဂ်ဥာဏ်ကျတော့ ခန္ဓာစုနဲ့,တဏှာစုနဲ့ နိဗ္ဗာန်မျက်မှောက်ပြုဆိုတော့ မဂ်သည်ကားလို့ ဆိုလို့ရှိယင် သူနဲ့ပေါင်းလိုက်တော့ ခန္ဓာစုနဲ့တာလဲ မဂ်ဘဲ၊ တဏှာစုနဲ့တာကော...(မဂ်ပါ)နိဗ္ဗာန်မြင်တာကော....(မဂ်ပါ) မြင်တဲ့ဥာဏ်လဲ မှဂ်ပါဘဲဆိုတော့ မဂ်ဟာ လေးလုပ်-မလုပ်ဘူးလား...(လုပ်ပါတယ်ဘုရား)။

အဲဒါ တနေ့ကတရားနဲ့ ယနေ့ လှေညပမာနဲ့ ပြလိုက်တော့ ဦးဘသန်း ထပ်သွားပြီ....(မှန်ပါ့)မထပ်သေးဘူးလား(ထပ်သွားပါပြီ)ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

အဲဒီလို ဖြစ်သွားလို့ရှိယင်ဖြင့် သြော် .... ငါ့မှာခန္ဓာလဲမရှိဘူးလို့ တွေးမနေနဲ့၊ တဏှာလဲမရှိတော့ဘူးလို့ တွေးမနေနဲ့၊ ဓမ္မသဘောပွားမျှားလို့ ဒီလေးခုပေါ်လာတာသာ မှတ်ပစ်လိုက်ပါနော်....(မှန်ပါ့)ဘာမှုမရှာနဲ့....(မှန်ပါ့)။

ဘာမှုမရှာနဲ့ ဓမ္မသဘောအတိုင်း ပေါ်လာတာဘဲ ဆိုပြီး

သကာလ ခင်ဗျားတို့ သြော် ... ဒီအလုပ်ဘဲ အလုပ်မှန်ပြီဆိုတာ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့ဘုရား)။

အဲဒီလို သေနိယမှာ သစ္စာလေးချက် တပြိုင်နက်ထင်သည့် အတွက် သောတာပန်တည်တယ်....(မှန်ပါ့ဘုရား)။

နောက်တခါ မကျေနပ်တာနဲ့ဘဲ ဒါလောက်နဲ့ မကျေနပ်တာနဲ့ ဆက်ပြီးအားထုတ်တာနဲ့ ဆက်အားထုတ်တော့ သမာဓိသတိတွေက ဆက်ပြီးသား အရှိန်ရပြီးသား ဖြစ်နေတော့ သဂါဒါဂါမ်လဲတည်၊ ဆက်အားထုတ်တော့ အနာဂါမ်လဲတည်၊ နောက်ပြီး ချက်ခြင်းရဟန္တာဖြစ်တယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီမှာ သေနိယကတော့ဖြင့် ကျွတ်တမ်းဝင်သွားတယ် ဆိုတော့ မိစ္ဆာဒိဋ္ဌိစွန့်လိုက်ပြန်လို့ရှိယင်လဲ အပြစ်မရှိဘူး.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဗဟုသုတရှိအောင် မိစ္ဆာဒိဋ္ဌိနဲ့ ပဠဝနန္တရိယကံဟာ မိစ္ဆာဒိဋ္ဌိက ကုစားလို့ရတယ်၊ ပဠဝနန္တရိယကံက မှ တားမြစ်တယ် .. (မှန်ပါ့)မိစ္ဆာဒိဋ္ဌိကစွန့်လိုက်ယင်ပြီးတာဘဲ (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ နဂိုရ်ကမိစ္ဆာဒိဋ္ဌိရှိတယ်၊ငါလုပ်ယင် ငါရတယ်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိ, သဿတဒိဋ္ဌိကရှိနေတယ် .... (မှန်ပါ့ဘုရား)။

အဲဒါကို ဝိပဿနာလုပ်လိုက်တဲ့ အခါကျတော့ ငါရှာတွေ

သေးရဲ့လား....(မတ္တေ့ပါ) ရုပ်ကြည့်လိုက်ပြန်လဲ ဖြစ်ပျက်တွေ့တယ်....(မှန်ပါ့) ဝေဒနာကြည့်လိုက်ပြန်လဲ.... (ဖြစ်ပျက်ပါဘဲ) စိတ်ကြည့်လိုက်ပြန်လဲ....(ဖြစ်ပျက်ပါဘဲဘုရား)။

အဲ....ဖြစ်ပျက်နဲ့တွေ့နေတော့ ဒီကတည်းက ငါပြုတ်တာဘဲ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ငါပြုတ်ကတည်းက မိစ္ဆာဒိဋ္ဌိက စွန့်ပြီးသားဖြစ်သွားတယ်....(မှန်ပါ့ဘုရား)။။

ဒါ့ကြောင့် မိစ္ဆာဒိဋ္ဌိကိုစွန့်ပါတယ်၊ စွန့်ပါတယ်ဆိုတာက သညာစွန့်,ပညာစွန့်ရှိရာတို့တွင် အမှတ်နဲ့စွန့်တာက တမျိုးနော်-(မှန်ပါ့) ပညာကပ္ပားပြီးစွန့်တာက တမျိုးလို့ ဦးဘသန်းတို့ကမှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် အခုဟာ သညာစွန့်နဲ့ ကိစ္စမပြီးဘူး၊ ပညာစွန့်နဲ့မှ မိစ္ဆာဒိဋ္ဌိကသွားပါတယ်ဆိုတာ လေးစားစွဲနဲ့မှတ်ရမယ် (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီလေးချက်ဟာ အလုပ်စဉ်ထဲပါသွားပြီ၊သူလဲရဟန္တာဖြစ်တဲ့အလုပ်ဘဲဆိုတာကော သေချာပလား .... (သေချာပါပြီဘုရား)။

သေချာတဲ့အတွက် ပုဏ္ဏကတော့ဖြင့် သရဏဂုံ တည်ရုံဘဲ၊ နှားလိုကျင့်တဲ့လူက....(မှန်ပါ့) သူကတော့ဖြင့် ရဟန်းဘောင်ဝင်တဲ့ပြီးသကာလ သူတော်ကောင်းအလုပ်ကို တကယ်မှန်မှန်လုပ်တော့ သစ္စာလေးချက်တပြိုင်နက် လေးခါထင်တာနဲ့ ရဟန္တာဆိုအောင်ဖြစ်သွားတယ်(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ ဒီရဟန္တာသည် ဘာဖြစ်လို့ဖြစ်ပါ လိမ့်မတုံးမေးတော့မှ မိစ္ဆာဒိဋ္ဌိကလဲ ကံဘဲ၊ အဲဒီကံစွန့်ပစ်လိုက်တယ်... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိဟာ ဘာပါလိမ့်.... (ကံပါဘုရား) ကြည့်လေ ဒိဋ္ဌိ, ဒိဋ္ဌပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံဆိုတော့ သူလဲကံနဲ့ဆက်နေတယ် (မှန်ပါ့)မဆက်ဘူးလား... (ဆက်ပါတယ်ဘုရား)။

အဲဒီကံတွေစွန့်လိုက်လို့ သူရဟန္တာဖြစ်တာ....(မှန်ပါ့)ဒီကံ မစွန့်လို့ရှိယင်....(ရဟန္တာမဖြစ်ပါ) မဖြစ်နိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဖြစ်ပျက်လုပ်နေတဲ့ အလုပ်ဟာ သေနိယတို့ ရဟန္တာဖြစ်တာ ကံစွန့်လို့ဖြစ်တာပါကလား- မိစ္ဆာဒိဋ္ဌိကံကို စွန့်ချလိုက်တယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိကံတွေစွန့်ပြီးသကာလ မဂ္ဂင်ရှစ်ပါးအလုပ်-လုပ်လိုက်တော့ မဂ္ဂင်ရှစ်ပါးကို ကံဖြတ်တရား၊ စာလိုသုံးတော့ အကဏ္ဍ အသုက္ကကံလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

မမဲ့ မဖြူတဲ့ကံ၊ ကံလို့သာဆိုရတယ်၊ကံကပြဋ္ဌာန်းတာမဟုတ်ဘူး၊မဂ္ဂင်ကပြဋ္ဌာန်းတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒီမဂ္ဂင်ရှစ်ပါးမှတပါး ခင်ဗျားတို့ကိုးစားရာ, အားထားရာ ဘာမှုမရှိဘူး၊သူသာလျှင်"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ" ဘိက္ခဝေ=ရဟန်းတို့၊အယံမဂ္ဂေါ=ဤမဂ္ဂင်ရှစ်ပါးသည်၊ ကောယနော= တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏ဆိုတော့ သူက အကွေ့အကောက်မရှိဘူး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် မဂ္ဂင်ရှစ်ပါးမှာ "မဂ္ဂသ နိယျာနဋ္ဌော"ဆိုတော့ ဟို ကိုလေသဝဋ်ဋေတွေမှလဲ ထွက်မြောက်သွားတယ်... (မှန်ပါ့) သဘောကျပလား....(ကျေးပါပြီဘုရား)။

ကိုလေသဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်ထဲ သူ ပို့သေးသလား.... (မပို့ပါဘုရား)အဲ့ဒါ့ကြောင့် သူ နိယျာနဋ္ဌသဘောသတ္တိရှိတယ် နော်....(မှန်ပါ့)။

ထုတ်ဆောင်ခြင်း သဘောသတ္တိရှိတယ်၊ ဝဋ်သုံးပါးမှ ထုတ် ဆောင်ခြင်း သဘောသတ္တိ ရှိတယ်....(မှန်ပါ့)။

"ဟေတုဋ္ဌော" တဲ့ သူသာ ပေါ်လာလို့ရှိယင် အဖြောင့် နိဗ္ဗာန် သွားတယ်တဲ့....(မှန်ပါ့)အကွေ့ အကောက် ပါသေး သလား....(မပါပါဘုရား)။

"ဒဿနဋ္ဌော"တဲ့.... တခါမှ မမြင်ဘူးတဲ့ ဒုက္ခချုပ်တာကို မြင်ရမယ်....တဲ့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျေးပါပြီ ဘုရား)။

"အဓိပတေယျတ္ထော" ခင်ဗျားတို့ အဲဒီ့မင်္ဂ တည်တဲ့ သီလ ဟာ ဘယ်သူဖျက်လို့ ရသေးသတုံး....(မရပါ)ဒီဘဝက သော တာပန်အဖြစ်နဲ့ သေသွား ဟိုဘဝလဲ သီလက ရှိနေတာဘဲ .... (မှန်ပါ့) အဓိသီလ, အဓိစိတ္တ,အဓိပညာ အဲဒီကျမှ ဖြစ်တာ— (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဩသ... ဒို့သည်ကားလို့ဆိုယင် အခုခံထား တဲ့ သီလက မရေရာပါကလား၊ မင်္ဂနဲ့ တွဲလာတဲ့ သီလမှ ရေရာ ပါကလား၊ ဘယ်တော့မှ မပျက်ပါလားဆိုတာ ဆုံးဖြတ်ချက် ချ....(မှန်ပါ့)။

ဒါ့ကြောင့် ဘယ်တော့မှ အပါယ်မကျဘူးဆိုတာလဲ မသေချာဘူးလား....(သေချာပါတယ်ဘုရား)အပါယ်ကျတဲ့ ကံတွေကိုလဲ မင်က ထုတ်ဆောင်ပစ်လိုက်တယ်နော်....(မှန်ပါ)။

နိဗ္ဗာန်လဲ အဖြောင့်ပို့ လိုက်ပြီ၊မမြင်တာကိုလဲ မြင်ရပြီ၊ သိလတွေကလဲ အဓိပတိတွေ ဖြစ်ကုန်ပြီး သီလသမာဓိ ပညာတွေကလဲ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်ကုန်ပြီ....(မှန်ပါ)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ဒီ မဂ္ဂသစ္စာလေးချက်ဟာလဲ ပြည့်စုံပြီးသားလို့ မှတ်လိုက်ပါ....(မှန်ပါ) ကြိုးစား-ကြိုးစား....(မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သေနိယရဟန္တာဖြစ်တာ ဒီလိုမြင်လို့ ရဟန္တာဖြစ်တယ်ဆိုတာ မှတ်ပြီး ဒီနေ့ တရားသိမ်းလိုက်တယ်၊ ကဲ....သာဓုခေါ်ကြ....။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု.. သာဓု... သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒေပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

နိဗ္ဗာန်အကြောင်း အဂ္ဂိဝစ္ဆသုတ်ဒေသနာ

ညအလုပ်ပေး တရားတော်

(၂၄ - ၄ - ၆၂)

ဘုရားသခင်ကိုယ်တော်မြတ်ကြီး လက်ထက်က ဝစ္ဆပုဏ္ဏားဆို တာ ရှိတယ်...(မှန်ပါ့) ဒီနေ့ နိဗ္ဗာန်ကို ဟောလိမ့်မယ်နော် ... (မှန်ပါ့)။

ဝစ္ဆပုဏ္ဏားက နိဗ္ဗာန်မေးလို့...၊ သူက ဒိဋ္ဌိအယူ နိဗ္ဗာန်ကျ တော့ သူနားမလည်ဘဲ ဖြစ်နေလို့ နိဗ္ဗာန်ပါ ယနေ့ နာရလိမ့် မယ်လို့ အောက်မေ့ပါ။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်းသုံးနေတဲ့အခါ ဝစ္ဆပုဏ္ဏားက ကျောင်း တော် ရောက်လာတယ်၊ သူက မေးလိုက်တယ် ရှုပ်နာမ်လောက ကြီးဟာ မြဲသလားလို့ စ-မေးလိုက်တယ်၊ သဿတောလောကော ပါဋ္ဌိလိုတော့၊ ဒီအယူကို အရှင်ဘုရားယူပါသလားတဲ့....(မှန်ပါ့ ဘုရား)။

ရုပ်နာမ်လောကကို မြဲသလားလို့...အရှင်ဘုရား ယူပါသလားလို့ မေးလိုက်တယ်၊ ငါ ဒီအယူကို မယူဘူးကွလို့ ဘုရားက ဖြေလိုက်တယ်။

ရုပ်နာမ်လောကကို မြဲတယ်လို့-ယူလိုက်လို့ရှိယင် ဦးအောင်ဇံဝေတို့...ဦးဘသန်းတို့....သဿတဒိဋ္ဌိ...(မှန်ပါ့)ငါ ဒီအယူ-မယူဘူးကွ....၊ ရုပ်နာမ်လောက မြဲတယ်လို့ ဒီအယူ-မယူဘူးကွ....(မှန်ပါ့)။

တခါ ဒုတိယမေးပြန်တယ်၊ ဒါဖြင့် ရုပ်နာမ်လောက မမြဲဘူးလား....တဲ့၊ ဒီလို မေးလိုက်ပြန်တော့လဲ ငါ ဒီ မမြဲတဲ့အယူလဲ မယူပါဘူးကွာတဲ့....(မှန်ပါ့)။

စင်စစ် မမြဲတာတော့ အမှန်ပါဘဲ၊ သို့သော်လဲ သူက အယူမှားသွားမှာစိုးလို့ ဘုရားက ဖေးလိုက်တယ်၊ ရုပ်နာမ်လောကကို မမြဲဘူးလို့ ယူလိုက်လို့ရှိယင်လဲ ကြေသော်....ဒီရုပ်နာမ် ပြတ်သွားပြီး နောက် ဘာမှ မပေါ်တော့ဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိဘက်ကို ပြေးမှာစိုးလို့ ဒီအယူ ငါ မယူဘူးလို့ ဘုရားက ပယ်ချလိုက်တယ်....(မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ရုပ်နာမ်လောက မမြဲဘူးလားလို့ မေးတဲ့အချိန်ကျပြန်တော့လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါလဲ မိစ္ဆာဒိဋ္ဌိအယူကွ-တဲ့...၊ ဒါ ငါ မယူပါဘူးတဲ့၊ ဒီအယူလဲ ငါ့အယူ မဟုတ်ပါဘူးတဲ့....။

ဒါက မမြဲဘူးဆိုယင် သူ့ဉာဏ်က ဒီရုပ်နာမ်ဆုံးယင် နောက် ရုပ်နာမ် မပေါ်တော့ဘူး၊ နိဗ္ဗာန်လဲ မရှိဘူးဆိုတာ ယူပစ်လိုက်မယ်....(မှန်ပါ့)ယူပစ်လိုက်တော့ ဥစ္ဆေဒဒိဋ္ဌိဘက် မပြေးဘူးလား (ပြေးပါတယ်ဘုရား)။

ပြေးတယ်နော် အဲဒီတော့ ကြပ်ကြပ်နားထောင်ပါဒီဥစ္စာကို အရေးကြီးပါတယ်။

ဒါဖြင့် ရုပ်နာမ်လောကကြီးဟာ မြဲချိတလှည့်-မမြဲချိတလှည့် လားလို့ မေးပြန်တယ်၊ ဒီအယူလဲ ငါမယူပါဘူးကွာ....တဲ့။

ဒီလိုဆိုတော့ တချို့မြဲတယ်,တချို့မမြဲဘူးဆိုတော့လဲတပိုင်း ဒီဋ္ဌိဖြစ်နေဟယ်၊ ဒါ့ကြောင့် ဘုရားက ဒီအယူကိုလဲ ပယ်လိုက်တယ်။

ဒါဖြင့် ရုပ်နာမ်လောကဟာ မမြဲသည်မဟုတ်၊ မြဲသယောင် ယောင်လားဘဲ့၊ အို-ဒီအယူလဲ မယူပါဘူးကွာတဲ့၊ ဒါ အမရ ဝိက္ခေပဒိဋ္ဌိပါတဲ့။

ဒါနဲ့ ရှေ့ဆက်မေးပြန်တယ်၊ သတ္တဝါသေယင် ဖြစ်သေး သလားတဲ့ ဆက်မေးပြန်တယ်။

နဂိုရ်က သတ္တဝါမ့ရှိတာ သတ္တဝါသေယင် ပြစ်သေးသလား မေးယင် မခက်ဘူးလား ... (ခက်ပါတယ်)နဂိုရ်ကသတ္တဝါမှမရှိဘဲ ရုပ်နမ်ဘဲရှိတာဘဲ....(မှန်ပါ့ဘုရား)။

သတ္တဝါရှိကြရဲ့လား....(မရှိပါ)ရုပ်နာမ်ဘဲရှိတဲ့ဥစ္စာ သတ္တဝါ သေယင် ဖြစ်သေးသလားလို့ သတ္တဝါမှ မရှိဘဲနဲ့ သတ္တဝါ သေယင် ဖြစ်သေးသလားလို့ဆိုတော့ ဒီအယူလဲ ငါမယူဘူးကွ လို့ ဘုရားကဖြေလိုက်တယ် ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

သတ္တဝါသေယင် ဖြစ်သေးသလားလို့မေးတော့ ဘုရားက ဘယ်နှယ်ဖြေသလဲ....(ဒီအယူလဲ ငါမယူဘူး....တဲ့)။

ဒီအယူ ငါမယူဘူးလို့ဆိုတော့ မင်းတို့ ယူထားတာတွေက သြော်... သတ္တဝါကလေးတယောက် သေသွားပြန်ပြီ၊ ဘယ်မျှား

သွားဖြစ်နေပါလိမ့်မတုံ့... တဲ့၊ ဒါဟာ ဗုဒ္ဓဘာသာဝင်တွေမှာ ဒီဒီဌိုရှိနေကြတယ်....(မှန်ပါ့)။

ဒီဒီဌိုရှိနေတော့ ဦးအောင်ဇ ဝေက ရှင်းထားတဲ့၊ နဂိုရ်ကမှ သတ္တဝါမရှိတဲ့ဥစ္စာ သတ္တဝါ နောက်ထပ် ဖြစ်စရာရှိသေးရဲ့လား (မရှိပါဘုရား) ဖြစ်ချင်လို့ရှိယင်ဖြင့် ကံကြောင့် အကျိုးထူးပေါ်တယ်၊ ဒါဘဲရှိတယ်....(မှန်ပါ့) သတ္တဝါလို့ပါရဲ့လား.... (မပါ-ပါဘုရား)မပါ-ပါဘူး။

ဒါ့ကြောင့် သတ္တဝါသေယင်ဖြစ်သေးသလား လို့ မေးတော့ ဘုရားက ဒီအယူ ငါမယူပါဘူးကွာ....တဲ့၊ ဖြစ်တယ်လို့လဲ ငါ မဆိုပါဘူး....တဲ့။

ဒါဖြင့် မေးပြန်တယ်....၊ သတ္တဝါသေယင် မဖြစ်တော့ဘူးလား တဲ့၊ နဂိုရ်ကမှ သတ္တဝါမှုမရှိတာ မဖြစ်တော့ဘူးလားဆိုတဲ့ မေးခွန်းထုတ်ဘို့ လိုသေးသလား.... (မလိုပါဘုရား)။

တကယ်လို့ သူယူတာက မဖြစ်တော့ဘူးဆိုယင်လဲ ဥစ္ဆေဒ ဒိဋ္ဌိဘက် သွားမယ် ဝစ္ဆပုဏ္ဏားက။

ဒါဖြင့် သတ္တဝါသေလို့ရှိယင် ဖြစ်ချိတလှည့်, မဖြစ်ချိတလှည့်လားတဲ့၊ ဒီလိုလဲ မဟုတ်ဘူးကွာတဲ့၊ ဒီအယူလဲ မယူပါဘူး ငါဘုရား....(မှန်ပါ့)။

သတ္တဝါသေယင် မဖြစ်သည်မဟုတ် ဖြစ်သယောင်ယောင်လား... လို့ မေးပြန်တော့လဲ သတ္တဝါနဲ့ မေးနေကတည်းက ဘုရားက မကြိုက်တော့ဘူး၊ ဟုတ်မှ မဟုတ်ဘဲကိုး... (မှန်ပါ့ ဘုရား)။

အသက်နဲ့ကိုယ်ဟာ အတူတူလားတဲ့ မေးပြန်တယ်၊ ဟာ.... ဒီအယူလဲ ငါမယူပါဘူးကွာတဲ့။

ဒါဖြင့်.... အသက်နဲ့ကိုယ် တခြားစီလားလို့ မေးပြန်တယ်၊ ဒီလိုလဲ မယူပါဘူး....တဲ့။

ဒါနဲ့ အမေးတော့ကုန်သွားရော၊ အမေးတော့ကုန်သွားတော့ ဒါဖြင့် ရှင်ကြီးဂေါတမ....တဲ့ သတ္တဝါသေယင် ဖြစ်သေးသလားလို့ လောကကြီး မြဲသလားဆိုတာ ဒီအယူ-မယူဘူးဆိုတဲ့ ဥစ္စာတွေ ဆယ်ခုရှိသွားပြီ....တဲ့၊ သူ့မေးလိုက်တာ....(မှန်ပါ့) ဘယ်အယူမှ မယူဘူးဆိုတော့ ရှင်ကြီးဂေါတမဟာ ဘယ်အယူ-ယူသတုံး....တဲ့ မေးတယ်....(မှန်ပါ့)။

ရှင်ကြီးဂေါတမ ဘယ်အယူ-ယူသတုံး... တဲ့၊ ဒီဆယ်ခုတောင် မေးတာ ဘယ်ဟာမှ ဒီအယူခတွေ မယူဘူး....ဆိုသဖြင့် ရှင်ကြီးဂေါတမ အမြင်ပြောစမ်းပါ....တဲ့။

ငါ့အမြင် ပြောရမှာဖြင့်ကဲ့... တဲ့ ငါ့အမြင်ကို မပြောခင် မင်းတို့ယူတဲ့အယူတွေကို ရှင်းပြပါမယ်....တဲ့၊ မင်းတို့ယူတဲ့ အယူတွေက မရှိတာကို အရှိလုပ်ပြီးယူနေတဲ့ တိတ္ထိတွေယူတဲ့ ဒိဋ္ဌိအယူတွေ....(မှန်ပါ့)ဒါ....ဖြေလိုက်တယ်နော်....ဦးဘသန်း ကျေနပ်ကဲ့လား....(မှန်ပါ့ဘုရား)။

မရှိတာယူနေတဲ့ အယူတွေမို့ ဘာတုံး .... (တိတ္ထိခတွေယူတဲ့ ဒိဋ္ဌိအယူတွေပါဘုရား)။

ဒါဖြင့် ဒီဒိဋ္ဌိအယူတွေကို မယူလို့ရှိယင် ရှင်ကြီးဂေါတမက ဘယ်ဒိဋ္ဌိအယူ-ယူသတုံး...တဲ့၊ ဒီလို ကောက်မေးတယ်....(မှန်ပါ့ဘုရား)။

ဒီဌိုအယူတော့ကွာ မယူပါဘူး...၊ ဗောဓိပင်နဲ့ ရှေပလွင်အောက်မှာ ဝိပဿနာအလုပ်-လုပ်ကတည်းက ငါ-ပယ်ခဲ့ပါပြီကွာ...တဲ့၊ ဖြေလိုက်တယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဝိပဿနာအလုပ်-လုပ်ကတည်းက ငါ-ပယ်ခဲ့ပြီ-တဲ့ ဒီဌိုအယူတော့၊ ဒီဌိုပယ်ခဲ့ပြီပြောတာပေါ့ဗျာ....၊ သောတာပန်တည်တယ်ဆိုတာ ဒီဌိုမသေသေးဘူးလဲ-(သေပါပြီဘုရား) အဲဒီကတည်းက ပယ်ခဲ့ပြီလို့ပြောတာ။

ဒါဖြင့် ရှင်ကြီးဂေါတမ၏ အယူအစစ်ကို နာချင်ပါတယ်တဲ့၊ သဘောကျပလား...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ည မင်းတို့လင်မယားလာတာ သိပ်အဘိုးတန်တယ်၊ ဘုရား၏အယူအစစ်ကို နာရမယ်...(မှန်ပါ့) ဘုရား၏အယူအစစ်ကို ဦးဘသန်းတို့ နာရတော့မယ်နော်....(မှန်ပါ့)။

ငါ့အယူကကွာ....တဲ့၊ ဤတရားဟာ ရှုပ်၊ ဖြစ်တယ်, ပျက်တယ်၊ ဒီလို ယူပါတယ်...တဲ့...(မှန်ပါ့)။

ဤတရားဟာ ဝေဒနာကွ-တဲ့၊ ဖြစ်တယ်, ပျက်တယ်....၊ ဤတရားဟာ သညာကွ မှတ်တတ်တဲ့သညာကလေးကွ၊ အဲဒါကလေးဟာလဲ ဖြစ်တယ်,ပျက်တယ် ငါ-ဒီလိုယူတယ်တဲ့၊စေတနာကလေးတွေလဲ သခ်ါရကွန္ဓာဘဲ၊ အဲဒါကလေးကိုလဲ ဖြစ်တယ်, ပျက်တယ်ဘဲ ငါယူတယ်၊ စိတ်ကလေးတွေလဲ ထို့အတူဘဲတဲ့-စိတ်ရှိတယ်၊ အဲဒီ စိတ်ကလေးဟာလဲ ဖြစ်တယ်,ပျက်တယ်လို့

ငါယူတယ်တဲ့၊ ဒါ... ငါ့အယူဘဲတဲ့-ဆိုတော့ ရိပ်မိကြပလား.... (မှန်ပါ့)။

ရုပ်ကို ကြည့်လိုက်ပြန်တော့လဲ ဘာတွေ့သတုံး.... (ဖြစ်ပြီး ပျက်ပါတယ်) ဖြစ်တယ်, ပျက်တယ်တဲ့၊ သြော်... ရုပ်ဆိုဘာ ဖြစ်တယ်,ပျက်တယ်လို့ ယူထားတယ်၊ ခန္ဓာငါးပါး ပြောကြပါ စို့ မောင်အောင်ချို... ဖြစ်တာ, ပျက်တာမှတပါး ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား) အဲဒါ ဘုရား၏အယူတဲ့....(မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် မင်းတို့ရော ဦးအောင်ဇံ ဝေတို့- ဦးဘသန်းတို့ ရော သြော်... ဒို့လုပ်နေတဲ့ ဖြစ်ပျက်ရှုနေတာဟာ ဘုရား၏ အယူပါကလား... (မှန်ပါ့) ထောက်ခံချက်ရသွားပြီ.... (ရပါပြီ ဘုရား)။

ထောက်ခံချက်ရသွားပြီ....တဲ့ ဘုရား၏အယူဘဲ၊ ဒါ့ကြောင့် မင်းတို့ အကြင်လင်မယားလဲ ဖြစ်ပျက်မြင်အောင်တော့ လုပ်ရမယ်....(မှန်ပါ့ဘုရား) ဘယ်သူ့အယူပါလိမ့်....(ဘုရား၏အယူပါ ဘုရား)။

ဘုရား၏ အယူဘဲဆိုတာ ယနေ့ ရှင်းရှင်း ပေါ်လာတယ်... (မှန်ပါ့) ရုပ်ရှိတယ်၊ ဖြစ်တယ်,ပျက်တယ်၊ ငါ-ဒီလိုယူတယ် ကဲ....တဲ့၊ ဝေဒနာကိုလဲ ဖြစ်တယ်,ပျက်တယ်လို့ ငါယူတယ်တဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

စိတ်ရှိတယ်၊ ဖြစ်တယ်,ပျက်တယ်လို့ ငါယူတယ်၊ အဲဒီတော့

ကြိုက်တာရှု၊ စိတ်ကြိုက်ယင် စိတ်ဖြစ်တာ, ပျက်ဘာဘဲရှုကြ၊ ဝေဒနာကြည့်တဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာကြည့်လိုက် ဖြစ်တာ, ပျက်တာ တွေ့အောင်ရှာ၊ ဦးဘသန်း ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား) ဒါ-ဘယ်သူ့အယူတဲ့တုံး....(ဘုရားအယူပါဘုရား)။

ပုဏ္ဏားကိုပြေနေတာ....၊ အရှင်ဘုရား အယူပြောစမ်းပါဦး ဆိုတော့ ငါ့အယူဟာ ဒါဘဲလို့ ပြောပြလိုက်တယ်။

ဒါဖြင့်ဘုရား....ဆက်မေးပါရစေ....တဲ့၊ အရှင်ဘုရား ဒီအယူယူတော့ ဘာကျေးဇူးမျှားသတုံး....တဲ့၊ သူက ပ္ပ ိုင့်ကျတယ် မေးပုံ ဟင်... (မှန်ပါ)။

ဒီအယူ-ယူတော့ အရှင်ဘုရား ဘာကျေးဇူးမျှားသတုံး တဲ့၊ ကျေးဇူးမျှားပုံကို ပြောစမ်းပါဦး....တဲ့။

ရုပ်ကို ဖြစ်တယ်,ပျက်တယ်လို့ ငါက မြင်တဲ့ဉာဏ်ကလေးနဲ့ ယူလိုက်ပါပြီ... တဲ့၊ ဉာဏ်နဲ့ ဒီအယူကို ယူလိုက်ပါပြီ ဆိုတော့ ဖြစ်ပျက် မြင်လိုက်တယ် ဆိုကတည်းက ဖြစ်ပျက်က ဖြစ်ပျက်၊ မြင်တာက သမ္မာဒိဋ္ဌိမဂ်ဉာဏ် ဖြစ်မသွားဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

ဖြစ်သွားတော့ တဏှာလဲ မဂ်က သတ်တယ်... (မှန်ပါ့ဘုရား) ဥပါဒါန်ကော သတ်တာဘဲ... (မှန်ပါ့) မဟုတ်ဘူးလား၊ မာနကော လာနိုင်သေးရဲ့လား... (မလာနိုင်ပါဘုရား) ဒိဋ္ဌိကော.... (မလာနိုင်ပါဘုရား) ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား သေတယ်... (မှန်ပါ့)။

တဏှာ,မာန,ဒိဋ္ဌိဆိုတဲ့ ဘာတုံး.... (ပပဉ္စသေပါတယ်ဘုရား) ပပဉ္စဟရားသေတယ်ဆိုတော့ တဏှာမသေလို့ရှိယင် တဏှာ, ဥပါဒါန်,ကံ လာဦးမှာဘဲ....(လာပါတယ်) ဇာတိ,ဇရာ,မရဏာ ကော.....(လာပါတယ်) မင်းတို့ ပဋိစ္စသမုပ္ပါဒ်သင်ထားတာဘဲ--(မှန်ပါ့)။

မာနမသေလို့ရှိယင်လဲ မာန,ဥပါဒါန်,ကံ လာဦးမှာဘဲ...(မှန်ပါ့) ဇာတိ ဇရာ မရဏကော....(လာမှာပါဘုရား)။

ဒိဋ္ဌိမသေလို့ရှိယင် ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်,ကံ, ဇာတိ ဇရာ မရဏာ မလာပေဘူးလား .. (လာပါတယ်ဘုရား)။

အဲဒါ့ကြောင့် ငါက ဖြစ်တယ်, ပျက်တယ်လို့ သမ္မာဒိဋ္ဌိနဲ့ ငါယူတဲ့အယူဟာ တဏှာ,မာန,ဒိဋ္ဌိသေတယ်၊ တဏှာ,မာန,ဒိဋ္ဌိ သေတယ်ဆိုတော့ မောင်အောင်ချိုတို့က,မှတ် သြော်... သံသရာ စခန်းသတ်တာဘဲ၊ အိုဘေး,နာဘေး,သေဘေးစခန်း သတ်တာဘဲ....(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘာစခန်းသတ်သတုံး.... (အိုဘေး,နာဘေး,သေဘေး စခန်း သတ်ပါတယ်ဘုရား) သံသရာစခန်းသတ်တယ်၊ သူတို့က သံသရာ ခ,ျတဲ့တရားကိုး.... (မှန်ပါ့) ခ,ျတဲ့ကရားသုံးခု သေတယ်... တဲ့၊ ဖြစ်တာ,ပျက်တာကို မြင်လိုက်တဲ့အတွက်....(မှန်ပါ့)။

ဒါ့ကြောင့် ဖြစ်တယ်,ပျက်တယ်ဆိုတာ ငါဘုရား၏အယူ၊ ခန္ဓာထဲမှာရှိတဲ့တရားတွေဟာ ဖြစ်တယ်, ပျက်တယ်လို့ ယူလိုက်တယ်၊ ဦးဘသန်း ရိပ်မိပြီ....(မှန်ပါ့)သဇာဘာကျပသား(ကျပါပြီ ဘုရား)။

ခန္ဓာထဲမှာ ဒါ့ဘဲရှိတယ်နော် .... (မှန်ပါ့) ဖြစ်ပျက်မှုတပါး ဘာရှိသေးသတုံး... (ဘာမှုမရှိပါ) ဘာမှုမရှိဘူးတဲ့၊ ဖြစ်တာ, ပျက်တာဘဲရှိတယ်။

အဲဒီ. ဖြစ်တာ,ပျက်တာရှိတာကိုဖြစ်တာ,ပျက်တာကဖြစ်တာ ပျက်တာထား၊ ဖြစ်တာ,ပျက်တာ သိတာက ဘြော် .... မဂ်ဘဲ၊ ဖြစ်ပျက်က ဖြစ်ပျက်ဘဲ၊ ရူပ်နာမ်က ဖြစ်ပျက်ဘဲနော် .... (မှန်ပါ့ ဘုရား)။

သိတာက မဂ်မဖြစ်ဘူးလား .... (ဖြစ်ပါတယ်) မဂ်ဆိုတော့ တဏှာ,မာန,ဒိဋ္ဌိကော မသေသေးဘူးလား(သေပါတယ်ဘုရား)။

တဏှာ, မာန, ဒိဋ္ဌိ သေတယ်ဆိုကတည်းက ပဋ္ဌိစ္စသမုပ္ပါဒ် မင်းတို့ပြထားတော့ တဏှာ,ဥပါဒါန်,ကံ, ဇာတိ, ဇရာ, မရဏ, လာသေးရဲ့လား .... (မလာပါ) မလာယင် နောက်ဘဝပေါ် သေးရဲ့လား....(မပေါ်ပါဘုရား)။

နောက်ဘဝ ပေါ်လို့ရှိယင် ဇာတိ,ဇရာ,မရဏက လာဦးမှာ ကိုးဗျ၊ ပဋ္ဌိသန္ဓေနေခြင်းဆင်းရဲ, အိုခြင်းဆင်းရဲ, သေခြင်းဆင်းရဲ တွေ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ ဖြစ်တာ, ပျက်တာ မြင်အောင်ကြည့်ဘို့ အလုပ်ဟာ ဘုရား၏အလုပ်, ဘုရား၏အယူ, ဘုရား၏ဝါဒ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် မင်းတို့ အဝေးမှာနေတော့ ငါလိုက်လဲ မဟာ နိုင်လို့ မကြုံကြိုက်သေးတော့ မဟာနိုင်သေးတော့ ဒီကိုခေါ်ယူ

လာတယ်....(မှန်ပါ) ညြော်....ဒီနေ့ ဒို့လာတဲ့နေ့ ဒီတရား စ,မိ တယ်ဆိုတော့ ဘုရား၏အယူကို ယနေ့ ကောင်းကောင်း သိရတဲ့ နေ့တဲ့....(မှန်ပါဘုရား)။

အရှင်ဘုရား၏ အယူကို ပြောစမ်းပါဦးလို့ ပုဏ္ဏားကမေးတာ (မှန်ပါ) ငါကရုပ်ရှိတယ်၊ ဖြစ်တယ်, ပျက်တယ် ဒီလိုယူတယ်၊ စေဒနာကလေး ကြည့်လိုက်ပြန်လဲ ဖြစ်တယ်, ပျက်တယ်လို့ ငါယူတာဘဲ၊ ခန္ဓာငါးပါးစလုံး ဘယ်လိုယူလိုက်သတုံး.... (ဖြစ်တယ်,ပျက်တယ်ဘဲ ယူပါတယ်ဘုရား)။

နို့ဖြစ်တယ်,ပျက်တယ်လို့ အရှင်ဘုရားက ဒီအယူကိုယူလိုက်တော့ ဘာကျေးဇူးမျှားသတုံးဆိုခဲတော့ အို....တဏှာ, မာန, ဒိဋ္ဌိ သေတယ်ကွတဲ့၊ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာတဲ့တုံး....(တဏှာ,မာန,ဒိဋ္ဌိသေပါတယ်) တဏှာ, မာန, ဒိဋ္ဌိသေးတယ်ဆိုတော့ နောက်ခန္ဓာအကြောင်းတွေ အကုန် မသေသေးဘူးလား....(သေပါတယ်ဘုရား)။

နောက်ခန္ဓာအကြောင်းတွေ သေပါတယ် ဆိုကတည်းကိုက နောက်ခန္ဓာအကျိုးတရားတွေ လာနိုင်သေးရဲ့လားလို့ မေးယင် ဘယ်နှယ်ဖြေပါ့မလဲ....(မလာနိုင်ပါဘုရား)။

မလာတော့ဘူး၊ ညြော် ... ဒါဖြင့် ဒို့ ဖြစ်ပျက်ရှိနေတဲ့ အလုပ်ဟာ တဏှာ,မာန,ဒိဋ္ဌိ သတ်နေတဲ့အလုပ်ဘဲ... (မှန်ပါ) ခန္ဓာဇာတ်သိမ်း ငြိမ်းအေးတဲ့ နိဗ္ဗာန်ရောက်အောင် လုပ်တဲ့ အလုပ်ဘဲဆိုပြီး ယနေ့ ဝတ္ထုသက်သေသာဓကလဲ့ လုံလုံလောက်

လောက်ဖြစ်နေတော့ ဦးအောင်ဇံ ဝေက ပိုကြိုးစား.... (မှန်ပါ) ဦးဘသန်းကော...(ကြိုးစားပါမယ်ဘုရား)။

ပိုကြိုးစားရမယ်၊ပိုကြိုးစားရမယ်ဆိုတဲ့ဥစ္စာ ဘာကြောင့်တုံး၊ ခိုင်လုံလို့(မှန်ပါ) ကြောက်ရွံ့ရွံ့နဲ့ မလုပ်ပါနဲ့၊ရဲရဲတင်းတင်းလုပ်လိုက်ပါဆိုတာကို တိုက်တွန်းပါတယ်... (မှန်ပါ့ဘုရား)။

ဒီပုဏ္ဏားကမေးတာ အရှင်ဘုရားအယူ ပြောစမ်းပါဆိုတော့ ဒီအယူပြောတာဘဲ....(မှန်ပါ) ရုပ်ကြည့်လိုက်လဲ ဖြစ်တာ, ပျက်တာဘဲ....(မှန်ပါ) ဖြစ်တာ,ပျက်တာရှိတယ်လို့ ယူတဲ့အယူဟာ ငါ့အယူဘဲ... (မှန်ပါ) ဝေဒနာကြည့်လိုက်ပြန်ကော....(ဖြစ်တာ, ပျက်တာပါဘဲ) ဖြစ်တယ်,ပျက်တယ်လို့မြင်တဲ့ အယူဟာ ဘုရားအယူဘဲ... (မှန်ပါ့ဘုရား)။

ကဲ....ခန္ဓာငါးပါးစလုံး စိတ်ကြည့်လိုက်ပြန်တော့လဲ ဘာတွေ့သတုံး....(ဖြစ်တာ ပျက်တာဘဲတွေ့ပါတယ်) ဖြစ်တာပျက်တာကို သိတဲ့အယူဟာ ဘယ်သူ့အယူတုံး... (ဘုရားအယူပါဘုရား)။

သြော် .... ဒါဖြင့် မင်းတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်တော်ပြောလဲ ဒါဘဲ ပြောတာဘဲ... (မှန်ပါ့) ဘုရားပြောတာကို ဘုန်းကြီးက ထပ်ပြီးပြောတာဘဲ....(မှန်ပါ)။

အဲဒီတော့ကို သြော်... ဒို့လာကျိုးနပ်လိုက်တာ၊ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘယ်အယူ ယူပါလိမ့်မတုံးဆိုတဲ့ဥစ္စာ ယနေ့ပေါ်သွားပြီ...(ပေါ်ပါပြီ)ဖြစ်တာ,ပျက်တာကိုသိတဲ့ အယူဟာ သူ့အယူဘဲ...တဲ့၊ ခန္ဓာငါးပါး ဖြစ်တာပျက်တာသာရှိတယ်လို့ ယူတဲ့အယူဟာ သူ့အယူဘဲတဲ့...(မှန်ပါ့ဘုရား)။

မောင်အောင်ချို ပေါ်ပလား-(ပေါ်ပါပြီ) ဒါ့ကြောင့်ကြိုးစားကြပါ ကြိုးစားကြပါဆိုတာ ကျောက်ရောင်း ကျောက်ဝယ် ကြိုးစားကြပါခိုင်းတာ မဟုတ်ပါဘူး....(မှန်ပါ့ဘုရား)။

ကျောက်ရောင်း-ကျောက်ဝယ်က တဏှာ,ဥပါဒါန်,ကံလာနေတာဘဲ....(မှန်ပါ့)မတတ်သာလို့သာ သူတို့လုပ်နေရတာကိုးဗျ-(မှန်ပါ့)စင်စစ်တော့ဖြင့် နောက်ဒုက္ခရှာတာ.... (မှန်ပါ့ဘုရား)။

ဒီဟာလုပ်လိုက်တဲ့ အခါကျတော့ နောက်ဒုက္ခ ဘယ့်နှယ်တုံး-(သိမ်းပါတယ်) နောက်ဒုက္ခသိမ်းတယ်၊ ဘုရားအယူအတိုင်းလိုက်လိုက်တော့ ဒုက္ခသိမ်းတယ်.... (မှန်ပါ့) မင်းတို့ပစ္စည်းရှာတာက ဒုက္ခရှာတာ....(မှန်ပါ့)ဒီအလုပ်-လုပ်နေတာ.... (ဒုက္ခသိမ်းတာပါဘုရား)။

အဲဒီတော့ ဒုက္ခသိမ်းတာသာလျှင် ချမ်းသာအစစ်ကိုး ....(မှန်ပါ့)ဒုက္ခဆက်နေယင် ချမ်းသာရှိပါ့မလား(မရှိပါဘုရား)။

မရှိနိုင်ဘူးဆိုတာ သေချာတော့ ပြော....ဖြစ်တာပျက်တာဘဲ ဝေဒနာကလေးကြည့်လိုက်ပြန်လဲ ဖြစ်တာပျက်တာဘဲ၊ ဖြစ်တာကလေးသိနေတာက မဂ်ကလေးဘဲ၊ ဒီဥာဏ်ဟာလေးက တဏှာ,မာန,ဒိट्ठကို ဖြတ်ချလိုက်တယ်.... (မှန်ပါ့) ဆိုတော့ အားကိုးရာအစစ်တွေ့ပြီလို့ ဆုံးဖြတ်ချက်ချ....(တွေ့ပါတယ်ဘုရား)။

ဦးဘသန်း ဘာတွေ့သလဲ....(အားကိုးရာ အစစ် တွေ့ပါတယ်ဘုရား)။

ဒါက ကိုယ်တော်တိုင်ဟောတာ၊ အရှင်ဘုရားအယူ ပြော

စမ်းပါဆိုပြီး အဂ္ဂိဝစ္ဆဝုဏ္ဏားကမေးလို့ သူကိုယ်တိုင် ငါ့အယူ ဒါဘဲကွဆိုတာ ဖြေပြတော့ ဒီက ရဲရဲတင်းတင်း လုပ်ဘို့ဘဲ ... (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တွန့်တွန့်-တွန့်တွန့်လုပ်နေလို့ လှည့်ကွန့် တော်ပါ့မလား (မတော်ပါ) မတော်ဘူး၊ တခါတည်း ကျကျွန်နလုပ်လိုက်ပါ ဆိုတဲ့ဥစ္စာ တိုက်တွန်းတယ်... (မှန်ပါ့ အင်တိုက်အားတိုက်လုပ်ရ ပါမယ်ဘုရား)။

အင်တိုက်-အားတိုက်လုပ်ရမယ်၊ အကယ်၍ မလုပ်ဘူးဆိုယင် ဟိုတက္ကာ,မာန,ဒိဋ္ဌိကလာမယ်(မှန်ပါ့)လာလို့ရှိယင်ဖြင့် တက္ကာ လာလို့ရှိယင်တက္ကာကဥပါဒါနိ,ကံကိုသူဆက်သွားတယ်(မှန်ပါ့) ကံဆိုယင် အပါယ်ဇာတိ လာပစ်လိုက်မယ်...(မှန်ပါ့) နောက် ဇာတိလားပစ်လိုက်မယ်၊ လာချင်တာလာ ဒုက္ခသစ္စာဘဲ... (မှန်ပါ့ ဘုရား)။

ဇာတိဟူသ၍ ဒုက္ခသစ္စာ"ဇာတိပိဒုက္ခာ "မောင်အောင်ချို ဒီ့ပြင်ဘာလာစရာရှိသေးသလဲ (မရှိပါဘုရား)။

ဒါဖြင့် ဒီတရားသုံးခုသေမှ ဇာတိ ဇရာ မရဏမလာမှာပေါ့။ ဒီတရားသုံးခု တခုခုရှိနေယင်... (လာမှာပါဘုရား)။

အဲဒီတော့ ငါဘုရား အယူကတဲ့ ဤကဲ့သို့ ဖြစ်တယ်, ပျက် တယ်လို့ ရှုနေတဲ့ ပုဂ္ဂိုလ်မှာတဲ့ တခါတည်း သံသရာချွတ်ထွင်တတ် တဲ့, ဒုက္ခကို ချွတ်ထွင်တတ်တဲ့ တက္ကာ မာန ဒိဋ္ဌိ တပြိုင်နက် ချုပ် သက္ခ... တဲ့(မှန်ပါ့) ဆိုတော့ ဟိုဘက်မှာ ဒုက္ခလာစရာ မြင်ကြ သေးသလား... (မမြင်ပါဘုရား)။

ဒါဖြင့် သြော်....စောညွှန့်....ဒါဟာ ဒုက္ခသိမ်းတဲ့ အလုပ်ပါ လား....(မှန်ပါ) မှောင်အောင်ချိုဘာလုပ်တဲ့ အလုပ်တုံး...(ဒုက္ခ သိမ်းတဲ့ အလုပ်ပါဘုရား) ဦးဘသန်း...(ဒုက္ခသိမ်းတဲ့ အလုပ်ပါ ဘုရား)။

အဲဒီတော့ကို မင်းတို့ သိမ်းနေတဲ့ ဒုက္ခက ငွေမျှားမျှားရမှ အေးမှာ....(မှန်ပါ) ဘယ်ဟုတ်ရလိမ့်မဘုံ.... ငွေရှာရတုန်းက တည်းက ဒုက္ခဖြစ်နေတာ....(မှန်ပါ)။

မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား) ရပြန်တော့လဲ တဏှာ ဥပါဒါန် ကံနဲ့ နောက်ဒုက္ခ မလာဘူးလား.... (လာပါ တယ်ဘုရား)။

ကြားလိုက်ဟယ်....ဝါလိုက်ဟယ်- မော်လိုက်ဟယ်ဆိုလို့ ရှိယင် ဒုက္ခအသစ် ရှာတာဘဲ...(မှန်ပါ) မရှာဘူးလား...(ရှာပါတယ် ဘုရား)။

အဲဒါကြောင့် မင်းတို့ အကြင်လင်မယားကိုပြောတယ် အရင်း တွေမို့-ရှာမှီးခြင်း လဲနေပြီ...(မှန်ပါ) ရှာတာ လဲနေပြီ၊ ဒုက္ခ ကြောက်လို့ ရှာတာ ဒုက္ခရမှာဘဲ...(မှန်ပါ)။

ဦးဘသန်း....ဘာရမလဲ...(ဒုက္ခဘဲ ရပါမယ်) ဒုက္ခရမှာဘဲတဲ့၊ ဘာ့ကြောင့်တုံးဆိုတော့ ဖြစ်တာ ပျက်တာ မြင်တဲ့ ဥာဏ်မှ မလာဘဲ...(မှန်ပါဘုရား) ဒီဥာဏ်လာမှ ဒုက္ခသိမှာကိုး...(မှန်ပါ ဘုရား)။

ဒါဖြင့် ဒုက္ခကြောက်ယင် ဖြစ်ပျက်ရှုရလိမ့်မယ် ... (မှန်ပါ)

ဒုက္ခကြောက်ယင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) စိတ်ကြိုက်ယင် စိတ်ရှုပါ၊ စိတ်ချည့်ရှုနေ ဖြစ်ပျက်ကို၊ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာချည့်ရှုနေ၊ မျှားမျှားလဲ မရှုပါနဲ့. တခုတည်းမှတ်ပြီး တော့ရှုပါ....(မှန်ပါ)။

ဩော်....ဒါဖြင့် ဘုရား၏ အယူဟာ တကျော မာန ဒိဋ္ဌိချုပ် တယ်ဆိုတော့ နောက်ခန္ဓာ လာသေးရဲ့လား—(မလာပါဘုရား) မလာတော့ဘူး၊ အင်မတန် အဘိုးတန်သွားပြီ....(မှန်ပါ) နောက် ခန္ဓာသိမ်းတာဟာ နိဗ္ဗာဘဲနော်....(မှန်ပါ)။

ဒီခန္ဓာ ဒုက္ခသစ္စာချုပ်ငြိမ်းပြီးသကာလ ဒီဒုက္ခသစ္စာမျိုး နောက်ထပ် မလာဘူးဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်လာဘို့ဘဲ ရှိတော့ တယ်....(မှန်ပါ) ဒီ့ပြင် တခြားလာစရာ လိုသေးသလား .... (မလိုပါဘုရား)။

ဒါကြောင့် မင်းတို့ ရန်ကုန်မှာ နေကြလို့ ဆရာသမားနဲ့လဲ ဝေးနေတော့ ဩော် .... အယူကို ဒို့ဟာ မယူဘဲနေတဲ့ လူနဲ့ တယ်တူတယ်....(မှန်ပါ)။

မရှုဘဲနေတဲ့ နေ့ကျတော့ ဘုရားအယူ မကြိုက်ပါဘူးဆိုတဲ့ အဓိပ္ပါယ်လဲ ရောက်တယ်....(မှန်ပါ)။

ပြီးတော့လဲ အရေးကြုံတော့လဲ ဘုရားကိုးကွယ်ပါ၏—တရား ကိုးကွယ်ပါ၏နဲ့ လာပြန်တာဘဲ....(မှန်ပါ) အရေးကြုံတော့ လာ ပြန်တယ်၊ အယူကြတော့ မယူချင်ဘူးဆိုတော့ ဒီဥစ္စာ သန်းညှန့်

ထောင်လောင်ကန့်လန့်လုပ်တဲ့အထဲ နင်တို့ အပါအဝင်ကျနေတယ်-(မှန်ပါ့)မကျဘူးလား....(ကျပါတယ်ဘုရား)။

ဆိုရမှာဘဲ....ဆိုရမှာဘဲတဲ့၊ အဲဒီတော့ ဘုရားအယူကို ယနေ့ကျကျနနသိရပါပြီ၊ ဖြစ်တာ ပျက်တာကို ရှုတဲ့အယူဟာ ဘုရားအယူ....(မှန်ပါ့) ဖြစ်တာ ပျက်တာကို မြင်တဲ့အယူဟာ....(ဘုရားအယူပါဘုရား)။

ဒီအယူ-ယူတော့ကိုဘာကျေးဇူးများသတုံးလို့ ပုဏ္ဏားကဆက်မေးတော့ တဏှာ မာန ဒိဋ္ဌသေတယ်ကွ....တဲ့....မဟုတ်ဘူးလား-(မှန်ပါ့)။

တဏှာ မာန ဒိဋ္ဌသေတယ်ဆိုကတည်းက ဇာတိ ဇရာ မရဏာတွေ လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ ဒါ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ရောက်တယ်ကွ...လို့....ပြောတာဘဲ....(မှန်ပါ့) မပြောဘူးလား....(ပြောပါတယ်) အင်မတန် ထင်ရှားပြီး မနေဘူးလား....(နေပါတယ်ဘုရား)အင်မတန်ထင်ရှားပြီးသကာလ နေပါတယ်တဲ့....။

ဒါနဲ့ ပုဏ္ဏားကလဲ ကပ်ကပ်သတ်သတ်ဘဲ မေးတာဘဲ၊ ဒါဖြင့် ဘုရားတဲ့...အရှင်ဘုရားအယူက ဖြစ်တယ်,ပျက်တယ် ယူလိုက်ပြီ၊ ဖြစ်တယ်,ပျက်တယ်လို့ ဥာဏ်ထဲ မြင်တဲ့အယူဟာ အရှင်ဘုရားအယူ၊ ဖြစ်တယ်,ပျက်တယ်ဆို့ ရှုလိုက်တဲ့အခါကျတော့ တဏှာ မာန ဒိဋ္ဌက မလာဘူးတဲ့...၊ မလာတော့ ရှုတဲ့ပုဂ္ဂိုလ်မှာ ဘာသွေးဖြစ်သတုံးလို့ မေးပြန်တာဘဲ....(မှန်ပါ့)။

ရှုတဲ့ပုဂ္ဂိုလ်ဟာ ဘာသွားဖြစ်သတုံးတဲ့....၊ ဟာ....ဘာသွား ဖြစ်တယ်လို့ ငါမပြောနိုင်ဘူးတဲ့....။

သူက ရှုတဲ့ပုဂ္ဂိုလ် ဘာသွားဖြစ်သတုံး မေးတာကိုး-(မှန်ပါ) စင်စစ်ကတော့ ရှုတဲ့ပုဂ္ဂိုလ် ဘာသွားဖြစ်သတုံးလို့ သူက မေးတယ်။ တဏှာ မာန ဒိဋ္ဌိသေတဲ့ ပုဂ္ဂိုလ် ဘာမျှား သွားဖြစ်သေးသတုံးတဲ့... ။

ဖြစ်ယင် ဒုက္ခသစ္စာ လာဦးမှာကိုး....(မှန်ပါဘုရား) ဖြစ်စရာ ရှိရဲ့လား .... (မရှိပါဘုရား) တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ချမ်းသာသက်သက်ဘဲ ပေါ်တော့တယ်...(မှန်ပါ) ဒုက္ခဆို မြူမျှ မသန်းတော့ဘူး။ သန်းသေးရဲ့လား....(မသန်းပါဘုရား)။

အဲဒါ သိထားတော့မှ ဒါက ကျုပ်တို့က သိထားတာ။ ပုဏ္ဏားက မသိချာဘူး။ တဏှာ မာနဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားသတုံးမေးတာကိုး.... (မှန်ပါ)။

ဟ... ဘယ်သွားတယ်လို့ ငါ မဖြေနိုင်ဘူး... တဲ့၊ သွားယင် သဿတဒိဋ္ဌိ ဖြစ်ဦးမှာကိုး....(မှန်ပါ) တနည်း နိဗ္ဗာန်လဲ ပေါ်ပါ့မလား... (မပေါ်ပါဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ....တဲ့ ဘယ်သွားသတုံးမေးတဲ့အခါ ဘယ်သွားတယ်လို့လဲ ငါ-မဖြေပါဘူး... တဲ့၊ နို့.... မသွားဘဲ နေသလားဆိုတော့ ဒီလိုလဲ မဖြေပါဘူး... တဲ့....(မှန်ပါ)။

နို့.... သွားချိတလှည့် – မသွားချိတလှည့် နေသလားတဲ့ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ်ဟာ၊ သူက ဒိဋ္ဌိနဲ့ချည့် မေးနေတာ....(မှန်ပါ့ဘုရာ) ဒီလိုလဲ ငါ့မယူပါဘူး... ကွ၊ ဒီလိုလဲ မင်းမယူနဲ့.....(မှန်ပါ့)မသွားသည်မဟုတ် သွားသယောင်ယောင်လို့ ကော ဒီလို ယူရမှာလား . တဲ့၊ ဟ....ဒီလိုလဲ မယူနဲ့ကွ-တဲ့၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိလေးချက်နဲ့ သူ မေးပြန်တယ်၊ တဏှာ မာန ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့၊ မသွားဘဲ နေသလား...၊ သွားချိတလှည့်-မသွားချိတလှည့်လား....၊ မသွားသည် မဟုတ်၊ သွားသယောင်ယောင်ဘဲ နေသလား...တဲ့...(မှန်ပါ)။

ဒါနဲ့ ဘုရားက ဒီလေးချက် ဘယ်အချက်မှ မဖြစ်ဘူးကွ၊ တခုမှ မင်းပြောတဲ့ အမေးတွေကို ဘယ်သွားတယ် ဆိုတာလဲ မဟုတ်ဘူး၊ ဘယ်သွားတယ်လို့လဲ ငါမဟောဘူး၊မသွားဘဲနေတယ်လို့လဲ ငါမဟောဘူး၊ သွားချိတလှည့်- မသွားချိတလှည့် လို့လဲ ငါမဟောဘူး၊မသွားသည်မဟုတ် သွားသယောင်ယောင် လို့လဲ ငါမဟောဘူး။

အဲဒီတုင်မှ ပုဏ္ဏားက ဩော်.... ရှင်ကြီးဂေါတမနဲ့ အစကတည်းက မေးလာတဲ့စကားတွေဟာ တော်ခတော်လဲမျှားပါပြီတဲ့၊ မျှားဘာ့ ရှင်ကြီးဂေါတမဖြေလို့ သူသဘောကျတာတွေလဲ ရှိပါတယ်တဲ့၊ သို့သော်လဲ အခုနောက်ဆုံးပိတ် တဏှာ,မာန, ဒိဋ္ဌိ

ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သူးသတ်ုးဆိုတော့ ဒီလိုလဲ မမေးနဲ့၊ မသူးဘူးလားလို့ ဆိုတော့ ဒီလိုလဲမမေးနဲ့ ဆိုတော့ ကျုပ်တော့ ဥာဏ်တုံးသူးပြီတဲ့၊ မေးစရာမရှိတော့ဘူးပေါ့လေ... (မှန်ပါ့)ရိုပ်မီပလား...(မှန်ပါ့ဘုရား)။

ကျုပ်ဥာဏ်တုံးသူးပြီတဲ့ ဦးဘသန်း....(မှန်ပါ့) သူ့ဟာကမေးတာကိုက ဒီဌိုနဲ့ မေးနေတော့ အဖြေထွက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ကျုပ်တော့ ဥာဏ်တုံးသူးပြီဆိုတော့ ကဗ... တဲ့၊ မင်းတုံးမှာဘဲတဲ့၊ ဥာဏ်တုံးတယ်ဆိုတာ ငါ့ယုံကြည်တယ်တဲ့ ဘုရားက၊ နိဗ္ဗာန်ကိုးဗျ၊ တ:ဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်တာကိုး၊ ဘယ်မှ သူးတာမဟုတ်ဘဲ၊ဒုက္ခသိမ်းသူးတာရှိတာဘဲ (မှန်ပါ့) ဒုက္ခသိမ်းလို့ ချမ်းသာသက်သက် ဖြစ်တာဘဲ ရှိတာဘဲ (မှန်ပါ့)။

အဲဒါ ဘယ်သူးသတ်ုးမေးတော့ ခက်မနေဘူးလား...(ခက်နေပါတယ်ဘုရား) သူးတတ်တဲ့ပုဂ္ဂိုလ်ရယ်လို့ ရှိသေးရဲ့လား--(မရှိပါဘုရား)။

အဲဒါ သူက ဘယ်သူးသတ်ုး၊ မသူးဘဲနေသလား- သူးချီတလှည့်- မသူးချီ တလှည့်လား...၊ မသူးသည် မဟုတ်သူးသယောင်ယောင်လားလို့ ဒီဌိုလေးချက်နဲ့ မေးထားတယ်--(မှန်ပါ့) မေးတော့ ဒီအဖြေကို ငါမဖြေဘူးကဗ....တဲ့။

အဲဒါပြောတော့ သူ ဝန်ခံတယ်....၊ ရှင်ကြီးဂေါတမ....တဲ့ နောက်က ပြောလာတဲ့စကားတွေဟာ ပြေပြေပြစ်ပြစ်နဲ့ ကျုပ်လဲ အင်မတန်ကြည်ညိုပြီးသကာလ ကျုပ်စိတ်ထဲ ကျေကျေနပ်နပ်ဘဲ ယူတဲ့အယူတွေကိုလဲ သဘောကျပါတယ်၊ ဆရာ့တော့ တဏှာ, မာန, ဒိट्ठိချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားသတုံးလို့ မေးတဲ့စကား လေးခွန်းကျတော့ ရှင်ကြီးဂေါတမက ဒီလိုလဲ မဟုတ်ဘူးကွ၊ ဒီလိုလဲ မဟုတ်ဘူးကွ....ဆိုတော့ ကျုပ် မေးစရာမရှိဘူး....တဲ့၊ ဉာဏ်တုံးသွားပြီ . တဲ့....(မှန်ပါ)။

တုံးလဲ တုံးရမှာဘဲ၊ မတုံးရပေဘူးလား-(တုံးရမှာပါဘုရား) သူ-ပဋိစ္စသမုပ္ပါဒ်မှ နားမလည်ဘဲကိုးဗျ....(မှန်ပါ)။

သူ ဉာဏ်တုံးသွားပြီဆိုတော့ အေးကွာ....တဲ့ မင်း-ဉာဏ်တုံး မှာဘဲတဲ့၊ မင်းက ပဋိစ္စသမုပ္ပါဒ် နားမလည်ဘူး....တဲ့.... (မှန်ပါ ဘုရား)။

ဘာတဲ့တုံး-(ပဋိစ္စသမုပ္ပါဒ်နားမလည်ပါဘုရား)ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာကိုလဲ မင်းက မဆည်းကပ်၊ မင်းကိုယ်တိုင်ကလဲ နားမလည်တော့ ဉာဏ်တုံး မှာဘဲတဲ့၊ ဘုရားက ပဋိစ္စသမုပ္ပါဒ်ကို သိပ်အရေးတကြီး ပြောခဲ့ လိုက်တယ်....(မှန်ပါ) မပြောသင့်ဘူးလား....(ပြောသင့်ပါတယ် ဘုရား)။

ခုနင်က တဏှာချုပ်တော့ ဥပါဒါန်ကော မချုပ်ဘူးလား.... (ချုပ်ပါတယ်) ကံကော့....(ချုပ်ပါတယ်) ဟိုဘက် ဇာတိ,ဇရာ, မရဏက လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် ဇာတိ,ဇရာ,မရဏ မလာယင် အဇာတိ=ပဋ္ဌိသန္ဓေ မနေရာနိဗ္ဗာန်၊ အဇရံ=မအိုရာနိဗ္ဗာန်၊ အမတံ=မသေရာနိဗ္ဗာန် ဆိုတော့ နိဗ္ဗာန်ဖြစ်သွားတယ်....(မှန်ပါ့) သဘောကျပလား.... (ကျေပါပြီ) ဒါ...ပဋ္ဌိစ္စသမုပ္ပါဒ် နားမလည်တော့ နိဗ္ဗာန်ပေါ် သေးရဲ့လား...(မပေါ်ပါဘုရား)။

အဲဒီတော့ကို....တဲ့ မင်း-ဉာဏ်တုံးတယ်ဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာကို မင်းက မဆည်းကပ်, မင်းကိုယ်တိုင်ကလဲ နားမလည်တော့ ဒါဟာ ဉာဏ်တုံးမှာဘဲတဲ့....(မှန်ပါ့)။

ကဲ.... မင်းတို့သင်ထားတဲ့ ပဋ္ဌိစ္စသမုပ္ပါဒ် လှည့်ဖွဲ့ .... ဘယ်လောက် အရေးကြီးတယ်ဆိုတာ ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား)။

သူ့ကို သဘောမကျယင် နိဗ္ဗာန်သဘောမကျဘူး....၊ ပဋ္ဌိစ္စသမုပ္ပါဒ်ချုပ်တာကို သဘောမကျလို့ရှိယင် နိဗ္ဗာန်ကို သဘောမကျနိုင်ဘူး၊ ကျနိုင်သေးရဲ့လား...(မကျနိုင်ပါဘုရား)။

ဦးဘသန်း အင်မတန် အဘိုးတန်နေတယ်ဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား) အင်မတန် အဘိုးတန်နေပြီ ခင်ဗျားတို့။

သူ-ဉာဏ်တုံးသွားပြီ...တဲ့၊ တုံးမှာဘဲကွ-တဲ့၊ ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာလဲ မင်းက မမှီပဲ၊ မင်းကိုယ်တိုင်ကလဲ နားမလည်တော့ စကားဟာ ကုန်ပြီးသကာလခေနတော့တာဘဲ...တဲ့၊ ဘယ့်နှယ်မှ မင်းကို ပြောဘို့ရာစကား မရှိတော့ဘူးတဲ့၊ **မင်းလဲ** ပြောတတ်တဲ့စကားကုန်ပြီ....တဲ့။

ဒါ....သာမညဆရာ, သာမညစာအုပ်နဲ့ဆိုလို့ရှိယင် ဥာဏ်တုံးမှာဘဲ မရဘူး...(မှန်ပါ့)။

စင်စစ် မင်းတို့ကတော့ နားလည်ထားပြီ ယခုနေ နားလည်ထားတယ်၊ ဘယ်လို နားလည် ထားသတုံး- တဏှာချုပ်ခတော့ ဥပါဒါန်မချုပ်ဘူးလား.... (ချုပ်ပါတယ်) ဥပါဒါန်ချုပ်ခတော့ ကံကော.... (ချုပ်ပါတယ်) ကံချုပ်ပေါ့ဘဲ ဟိုဘက်မှာ ဇာတိ, ဇရာ,မရဏဆိုတဲ့ အကျိုးပေးတွေ လာဦးမှာလား... (မလာပါဘုရား) မလာယင် ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)နိဗ္ဗာန်ရောက်တယ်၊ နိဗ္ဗာန်ပေါ်လာတာ...(မှန်ပါ့)။

နိဗ္ဗာန်ပေါ်လာတာကို သူက ပဋ္ဌိစ္စသမုပ္ပါဒ်နားမလည်တော့ ဘယ်လိုဟောမှန်း မသိတော့ဘူး...(မှန်ပါ့) ဟောတာကတော့ အမှန် နိဗ္ဗာန်သွားတယ်လို့ဟောတာဘဲ...(မှန်ပါ့) သူက ပဋ္ဌိစ္စသမုပ္ပါဒ်နားမလည်တော့ သူ့မှာ ရှုပ်နေတာဘဲ... (မှန်ပါ့) မရှုပ်ဘူးလား...(ရှုပ်ပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ မှတ်ထားကြပါ၊ ဩော်....ပဋ္ဌိစ္စသမုပ္ပါဒ်ကို နားမလည်တဲ့ဆရာဆိမှာ နာရ, ကိုယ်တိုင်ကလဲ နားမလည်လို့ရှိယင်ဖြင့် နိဗ္ဗာန်ရောက်ရပါလို့၏...ဆိုတဲ့ ပုဂ္ဂိုလ်များဟာ ဆုတောင်းရုံနဲ့ အချိန်ကုန်နေတာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

နားမလည်ဘဲနဲ့ ထုံးစံအတိုင်း သူများ ပြောသံကြားနဲ့ တောင်းတဲ့ဆုဘဲ၊ သင်္ဘောကျပလား....(ကျပါပြီဘုရား)။

ရဘို့လဲ တော်တော်ဝေးပါတယ်.... (မှန်ပါ့) ရစရာကော မြင်သေးရဲ့လား....(မမြင်ပါဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်မှု ရမှာ ကိုးဗျ၊ ပြတ်တဲ့ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန်ရ,ရပါလို့၏လို့ ဆုတောင်း ဘို့ လိုသေးသလား....(မလိုပါဘုရား) သူ့ဟာသူ ပြတ်သွား ကတည်းက ဒုက္ခတွေ့ မလာတော့ဘူး၊ မလာကတည်းက နိဗ္ဗာန် မဟုတ်လား....(မှန်ပါ့)။

အဲဒါကျတော့ ဆုတောင်းရသေးသလား....(မတောင်းရပါ ဘုရား) ပြတ်အောင်လုပ်တာသာ ကိုယ့်တာဝန်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ့မှာ အဂ္ဂိဝစ္ဆပုဏ္ဏား ဥာဏ်တုံး သလို မင်းတို့က မတုံးလိုက်ပါနဲ့....(မှန်ပါ့)။

သြော်... တဏှာချုပ်လို့ရှိယင် ဥပါဒါန်,ကံချုပ်ပြီး ဟိုဘက် ဒုက္ခတွေ့ အကုန်ချုပ်တော့တာကိုး....(မှန်ပါ့)။

မာနချုပ်လဲ ထို့အတူဘဲ ဒုက္ခတွေ့ ချုပ်တော့တာဘဲ၊သူတို့က ဇဋ္ဌိစ္စသမုပ္ပါဒ် အစ,တွေ့ကိုးဗျ....(မှန်ပါ့ဘုရား) အလယ်ကနေပြီး ဖေါက်စ,တယ်....(မှန်ပါ့)။

ဒီတော့ အကုန်ချုပ်ပြီးသား မကျဘူးလား.... (ကျပါတယ်) တဏှာ,မာန,ဒိဋ္ဌိချုပ်တယ်ဆိုကတည်းက ဟိုဘက် ဘာလာစရာ ရှိသေးသတုံး... (မရှိပါဘုရား) ဘာမှ လာစရာမရှိတော့ဘူး.... (မှန်ပါ့)။

ပပဉ္စတရားချုပ်ပေါ့ဗျာ...(မှန်ပါ့) ခဲ့ပြတ်တဲ့တရားချုပ်

ပေါ့ဟိုမှာခွဲလို့ အထည်တွေ့ ပေါ်စရာရှိသေးရဲ့လား(မရှိပါ) မရှိတောဘူး၊ အဲဒီ အထည်တွေ့ဟာ ပေါ်ယင် ဒုက္ခသစ္စာပေါ်မှာဘဲ...(မှန်ပါ့) အခုတော့ ပေါ်စရာရှိသေးရဲ့လား.... (မရှိတော့ပါဘုရား)။

မပေါ်တော့ ဩော်....ဒုက္ခချုပ်ပြီ- ဒီလိုသာ အောက်မေ့ရမယ်၊ ဒုက္ခချုပ်တာ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဘဲဆိုတော့ ခင်ဗျားတို့ကတော့ ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာကို ကိုးကွယ်ထားတယ်...၊ ပဋ္ဌိစ္စသမုပ္ပါဒ်ပြတ်တဲ့ အလုပ်ကိုလဲ လုပ်နေလို့ မောင်အောင်ချိုတို့ - လှညွှန့်တို့က ဩော်... ဒါဟာ သူတို့သုံးခု ပြတ်သွားတယ်ဆိုတော့ ဖြစ်တယ်, ပျက်တယ် ရှုတဲ့လူ ဉာဏ်က သူတို့ဖြတ်လိုက်ယင် နိဗ္ဗာန်ရောက်တာကိုးဆိုတာ ရှင်းသွားတယ်....(မှန်ပါ့)။

ပုဏ္ဏားမှာတော့ မရှင်းဘဲဖြစ်နေတယ်၊ တဏှာ, မာန, ဒိဋ္ဌိ မရှိတဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးမေးတာဘဲ....(မှန်ပါ့) မသွားဘဲနေသလား, သွားချိတလှည့် မသွားချိတလှည့်လား,မသွားသည် မဟုတ် သွားသယောင်ယောင်လားလို့ မေးထားတယ်(မှန်ပါ့) ဒိဋ္ဌိနဲ့မေးနေကာ....(မှန်ပါ့ဘုရား)။

ကဲ....ခင်ဗျားတို့အထက်မှာ မည်မျှလောက် ဒို့မှာ နိဗ္ဗာန်ရောက်ကြောင်း အသားတက်နေတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဩော်....သာမည အမျိုးအစားမဟုတ်ဘူး၊ ဒို့ဖြင့် လူ့ဘဝ

ရကျိုးနပ်ပြီဟေ့ ....၊ နိဗ္ဗာန်ရောက်ကြောင်းတရား ကိုယ့်အထဲ ရောက်ပြီဆိုပြီးသကဲ့သို့ ကိုယ့်အတွက် ပိုမိုဝမ်းသာရမယ် .... (မှန်ပါ့ဘုရား)။

အခုပဋ္ဌိစ္စသမုပ္ပါဒ်နားမလည်တော့ မေးနေတာကြည့်ပါလား၊ တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး မေးတာဘဲ.... (မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ ခင်ဗျားတို့ကျတော့ ဘယ်သွားသတုံးလို့ မေးယင် အို-ဘယ်မှမသွားဘူး ဒုက္ခချုပ်သွားတာဘဲ၊ဒုက္ခချုပ်တာ ဘာခေါ်မတုံး....(နိဗ္ဗာန်ပါဘုရား) အဲ... နိဗ္ဗာန်ပေါ်လာတာဘဲ၊ မင်းတို့၏ အားထုတ်တဲ့ ပုဂ္ဂိုလ်၏ကိုယ်ပိုင်ပစ္စည်း နိဗ္ဗာန်ဘဲ .... (မှန်ပါ့)မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ကို လှည့်နှိုတ်လို အားမထုတ်ဘဲနဲ့ ရန်ကုန်မြို့သွားနေတာတွေ တပုံကြီး လျှောက်ပြီးကြည့်လိုက်မယ် ဆိုလို့ ရှိယင် သြော် .... သံသရာ့ ခရီးသည်တွေသာ ရှိတော့မှာဘဲ၊ နိဗ္ဗာန်ရောက်မည့်ပုဂ္ဂိုလ် ရှားသဟေ့တဲ့၊ အားမှမထုတ်ဘဲကိုး....(မှန်ပါ့ဘုရား)။

အားမထုတ်တော့ မဂ်ပေါ်ပါ့မလား....(မပေါ်ပါ)ဖြစ်တာ-ပျက်တာမှ သူမှမသိတော့ဘဲ...(မှန်ပါ့ဘုရား)။

ဖြစ်တာ ပျက်တာက ဖြစ်ပျက်၊ ဖြစ်တာ ပျက်ဘာသိတာက မဂ်ကိုးဗျ(မှန်ပါ့) ဒီမဂ်ကတဏှာ,မာန,ဒိဋ္ဌိဖြတ်နေတာ- (မှန်ပါ့) ဒါဟာ မလုပ်တဲ့ ပုဂ္ဂိုလ်ဖြတ်ကဲ့လား....(မဖြတ်ပါဘုရား)။

ဒါဖြင့် ခုနင်က ဘုရားရှေ့သွားပြီး ဝဋ်ဘဝတိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို့၏၊ ဝဋ်ဘဝဘိုတိုနဲ့ နိဗ္ဗာန်ရောက်ရပါလို့၏ ဆိုတာတွေ ဦးဘသန်း လူသိရုံရှိမှာဘဲတဲ့၊ ဖြတ်တဲ့တရားကဖြတ်မပေးယင် ရောက်ပါ့မလား....(မ့ရောက်ပါ) ဒါဖြင့် လုပ်မှုရမှာပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

မရှင်းသေးဘူးလား.... (ရှင်းပါပြီ) ဘာမှုရမှာတုံး....(လုပ်မှုရမှာပါဘုရား)။

လုပ်မှုရမည့်တရားကို တောင်းယူနေတယ်ဆိုတော့ .... ဂါပိုမကျင်းဘဲနဲ့ ကျောက်ရှာနေသလို ဖြစ်နေတာ....(မှန်ပါ့ဘုရား) မိုးကုတ်စကားပြောရတယ်....(မှန်ပါ့)။

ဂါပိုမကျင်းဘဲနဲ့ ကျောက်ရှာနေလို့ ရှိယင်တော့ဖြင့် သူတပါး ပြုတ်ကျနေယင်တော့ ရချင်ရမယ်၊ စင်စစ်ကျောက်ကတော့ ဒီအထဲ မရှိတာအမှန်ဘဲ....(မှန်ပါ့)ကျောက်တွေပေါ်မှ သူရှိမှာကိုး ဒီထုံးစံက....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီလိုပုဂ္ဂိုလ်တွေကိုလဲ မင်းတို့ရန်ကုန်နေပြီးတော့ အားကျစရာအလုပ်မဟုတ်ပါဘူး၊ မှားမှန်းကို သိထားရမယ်....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဦးအောင်ဇံ ဝေတို့လဲ ရန်ကုန်ရောက်တာပေါ့၊ ဦးဘိုကြီးတို့တရားဝန်ကြီးတွေနဲ့ တွေ့တဲ့အခါ ဒါပြော ဆရာဘုန်းကြီးက ဒါကို မှာလိုက်တယ်-(မှန်ပါ့)ဒီလိုမရဘူး၊ တဏှာနဲ့ ဒိဋ္ဌိချုပ်တယ်ဆိုတာ ဖြစ်တယ် ပျက်တယ်သိမှ ချုပ်တာ....(မှန်ပါ့)။

သာလျှင် သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာမလာပါလားဆိုတာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဒါဖြင့် မင်းတို့ ဖြစ်ပျက်ကြိုးစားပါဦး၊ ဒီဇာတ်မဆုံးဘူးနက်ဖြန်မှုဆက်ဟောမယ်။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာဝပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး
ည အလုပ်ပေး တရားတော်

(၂၅ - ၄ - ၆၂)

မနေ့ကဟောခဲ့တဲ့ တရားအဆက်မကျန်သေးဘူးတဲ့၊ အဂ္ဂိဝစ္ဆက တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး-မသွားဘူးလား လို့မေးတဲ့ အမေးပုစ္ဆာတွေမှာ ဘုရားက ဘယ်လိုမှ မပြောတော့ ဘယ်သွားတယ်လို့လဲ မဆိုနိုင်၊ မသွားဘူးလို့မဆိုနိုင်၊ သွားချိ တလှည့် မသွားချိတလှည့်လို့လဲ ငါမဆိုဘူး၊ မသွားသည်မဟုတ် သွားယောင်ယောင်လို့လဲ ငါမဆိုဘူး ဆိုတော့ သူ့ဉာဏ်တုံး သွားတယ်လို့ဆိုတဲ့ အဖြေကို ဦးအောင်ဇံ၀ ပုဏ္ဏားကဘဲထွက် ပါဘယ်နော်... (မှန်ပါ့ဘုရား)။

ဉာဏ်တုံးသွားပြီဘဲ့ သူမေးစရာမရှိတော့ဘူး- နားမလည် တော့ဘူးဆိုတော့ မင်းဉာဏ်တုံး မှာဘဲတဲ့ သာမညကျွမ်းစာနဲ့ သာမညဆရာသမား၊ မရဘူးကွ၊ ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်မှုရှာယ် ကွာလို့ ဘုရားက မနေ့ကဒီကျဉ်းချုပ် ဖြေလိုက်တယ်၊ နိဗ္ဗာန် နားလည်ချင်ယင် ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်ရမယ်တဲ့ ... (မှန်ပါ့)။

နိဗ္ဗာန် နားလည်ချင်ယင် ဘာတဲ့တုံး (ပဋ္ဌိစ္စသမုပ္ပါဒ်နားလည်ရပါမယ်ဘုရား)။

ဒါ နားလည်ရမယ်-သူချုပ်မှု၊ မင်းတို့ ပဋ္ဌိစ္စသမုပ္ပါဒ် အဆုံးရှုတ်ကြည့်ပါလား....“ဒုက္ခကွန္ဓာ နိရောဓော ဟောတိ”ဆိုတော့ ဒုက္ခအစုကြီး ချုပ်သွားတယ်ပြောတာ....(မှန်ပါ့)မပါဘူးလား-- (ပါပါတယ်ဘုရား)။

“စာဏာနိရောဓော ဥပါဒါနနိရောဓော”က-နေပြီး ရှုတ်လိုက်လို့ရှိယင် နောက်ဆုံးပိတ် “ဒုက္ခကွန္ဓာ နိရောဓော ဟောတိ” ဆိုတော့ ဒုက္ခအစုကြီး ချုပ်သွားတယ်လို့ ပြောတာ.... (မှန်ပါ့ဘုရား)။

အဲဒီဒုက္ခတွေ ချုပ်သွားတယ်လို့ပြောတော့ ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်တဲ့ ပုဂ္ဂိုလ်ကျတော့ သြော်....နိဗ္ဗာန်ဆိုတာ ဒုက္ခအစု ချုပ်သွားတာကိုးလို့ မှတ်လိုက်ရုံဘဲ။

ဒုက္ခအစု ဘယ်သူတုံးလို့ မောင်အောင်ချိုတို့က မေး...၊ ဦးဘသန်းတို့က မေးလို့ရှိယင်ဖြင့် ခန္ဓာဟာ ဒုက္ခအစုဘဲ(မှန်ပါ့ဘုရား) “သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ”ကိုး .... ((နှ်ပါ) အဲဒီတော့ ခန္ဓာဟာ ဒုက္ခအစုဘဲ၊ ဒီဒုက္ခအစုကြီး ချုပ်သွားတယ်လို့ ပြောတာဘဲ။

ဒုက္ခအစုချုပ်တာ ဘာခေါ်ကြမလဲ.. နိဗ္ဗာန်ဘဲ ခေါ်ကြ.... (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ဒုက္ခအစုချုပ်တာ ဘာခေါ်

ကြမလဲ...(နိုဗွာန်ပါဘုရား) နိုဗွာန် မှတ်ထားလိုက်...(မှန်လှပါဘုရား)။

ဩော်.... နိုဗွာန်ဆိုတာ ဒုက္ခအစုအဝေးကြီး ချုပ်သွားတာ နိုဗွာန်ဆိုတာကိုးလို့ မှတ်ထားလိုက်လို့ ရှိယင် ပြီးကောဘဲ....(မှန်လှပါဘုရား)။

ဒါနဲ့ ဘုရားက မင်း ဥာဏ်တုံးပေမဲ့ကွာ.... ငါ ဥပမာကလေးနဲ့ ဟောပါဦးမယ်ဆိုပြီး အဂ္ဂိဝစ္ဆဗုဇ္ဈင်းဘဲ ဦးဘသန်း... ဟောပြန်တယ်နော်....(မှန်ပါ့)။

ကဲ့ကွာ....အရှေ့ဘက်မှာ မီးတွေ လောင်နေတယ်တဲ့... မင်းကြည့်စမ်းတဲ့ ဥပမာပြတယ်...(မှန်ပါ့)မြင်ပြီဘုရားတဲ့....! ဟာ... ဘာဖြစ်လို့ လောင်သတုံးကွ...ဆိုတော့ လောင်စာရှိလို့ လောင်တာပါဘုရားတဲ့... ။

အေး...ဟုတ်ပြီ၊ လောင်စာရှိလို့ လောင်တာပေါ့တဲ့...၊ မီးဘယ်နှယ်ကြောင့် မငြိမ်းသတုံးမေးယင် ဘယ်နှယ်ဖြေကြမတုံး-- (လောင်စာရှိလို့ မငြိမ်းတာပါဘုရား)။

လောင်စာရှိလို့ မငြိမ်းတာဘဲ၊ တောက်နေတဲ့မီး မငြိမ်းတာ ဟာ...(လောင်စာရှိလို့ မငြိမ်းတာပါဘုရား)။

ဒီမှာလဲတဲ့ ခန္ဓာကြီးရှိနေလို့ ရှိယင် ကိုယ်လသာနဲ့ တက္ခ ဆဲ့ တမီးက လောင်နေတာဘဲ....(မှန်ပါ့) ငြိမ်းပါ့မလား...(မငြိမ်းပါဘုရား)။

ခန္ဓာနဲ့ မီးနဲ့က မောင်အောင်ချိုတို့....နောက်က တကာ

တကာမတွေ့ တဲ့လျက်ကြီး ဖြစ်နေတယ်....(မှန်ပါ့) လောဘ ဒေါသ မောဟ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ ဇာတိ ဇရာ မရဏာ ဆဲ့တပါး...(မှန်ပါ့)။

အဲဒီ့ဆဲ့တမီးက ဦးဘသန်း....ခန္ဓာထဲ ရှိနေတယ်....(မှန်ပါ့ဘုရား) ခန္ဓာထဲ ရှိနေတော့ ခန္ဓာက ထင်း၊ သူက မီးဆိုတော့ လောင်မနေပေဘူးလား....(လောင်နေပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဦးအောင်ဇံ ဝေတို့ အလုပ်·လုပ်ခဲ့တာ ဘာဖြစ်လို့တုံး....ငွေလိုချင်လို့ပေါ့ဘုရား၊ မရတော့ ဘာဖြစ်သတုံး ဒေါသဖြစ်တာပေါ့ဘုရား၊ ဒေါသဖြစ်တော့ ဘာဖြစ်သတုံး.... သောက ပရိဒေဝ ဖြစ်တာပေါ့ဆိုတော့ ဦးဘသန်းတို့လဲ ရှေ့နေလိုက်တုန်းက ဒီလ ငွေဝင်နည်းတယ်ဆိုလို့ ရှိယင်ဖြင့် လောဘ ဒေါသ ဖြစ်လာတာဘဲ... (ဖြစ်ပါတယ်ဘုရား)။

ဘယ်ထဲက ဖြစ်တာတုံး ခန္ဓာထဲက ဖြစ်ဘာ၊ ခန္ဓာထဲမှာ ဒီမီးကွေ့ ရှိနေတယ်ဆိုတာ မခေသချာဘူးလား... (ခေသချာပါတယ်ဘုရား)။

ဒီမီးကလဲ ဖမောင်အောင်ချို... ဘယ်သူ့ လောင်မှာတုံးမေးယင် ဘယ်နှယ်ပြေပါ့မလဲ....(ခန္ဓာလောင်မှာပါ)ဒီခန္ဓာ လောင်မယ်၊ မီးနဲ့ တွဲနေတာကို....(မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ့မှာ ဆဲ့တမီးနဲ့ ခန္ဓာ ငါးပါးနဲ့ တွဲပြီးသကာလ နေတော့ 'သွားနေလဲ လောင်လျက်

ဘဲ၊ အိပ်နေကော....(လောင်လျက်ပါ)အိပ်နေတော့ ဇာတိ ဇရာ မရဏက လောင်လျက်ဘဲ....(မှန်ပါ)။

သွားလာနေတဲ့အခါ လောဘမီး ဒေါသမီးက လောင်လျက်ဘဲ....(မှန်ပါ)မေ့လျော့နေတော့ မောဟမီးက လောင်လျက်ဘဲ (မှန်ပါဘုရား)။

သားတွေ, သမီးတွေ, လူငယ်ကလေးတွေဘက် လျှောက်ထားလိုက်ဘဲ့အခါ သောက ပရိဒေဝမီးက လောင်လျက်ဘဲ.... (မှန်ပါ)။

ဒါဖြင့် မင်းတို့ အိပ်နေလဲ မလွတ်ပါသေး.... (မှန်ပါဘုရား) ထိုင်နေကော....(မလွတ်ပါဘုရား) သွားနေကော.... (မလွတ်ပါဘုရား)။

အင်း...မီးနဲ့ လောင်စာနဲ့ဟာဖြင့် ငြိမ်းကို မငြိမ်းသေးပါလားလို့ ဆိုတော့ နောက်တဘဝ ပြောင်းပြန်လဲ သူပါသွားပြန်ဘားဘဲ....(မှန်ပါ)မတွဲဘူးလား....(တွဲပါတယ်)တွဲတော့ ဘာဖြစ်သတုံး....(လောင်ပါတယ်ဘုရား)လောင်နေတာဘဲ။

ဒါဖြင့် ခင်ဗျားတို့ ဟိုဘဝ-ဒီဘဝကူးကြ, သန်းကြ,ရောက်ကြတယ်ဆိုတာက အင်း... နံမည်သာ ပြောင်းသွားတယ်၊ လူရယ်-နတ်ရယ် - ပြဟ္မာရယ် - တိရစ္ဆာန်ရယ်လို့ ပြောင်းသွားတယ်၊ ဒီလောင်စာနဲ့ မီးနဲ့ တွဲလျက်နေတာကတော့ မထူးဘူး-(မှန်ပါ) သူ့ဟေးသလား (မထူးပါဘုရား)။ *

ဒီလောင်စာနဲ့ မီး တွဲလျက်နေတာကတော့....(မထူးပါဘုရား)

---

* သမုတိဒသနာနည်းဖြင့် လူတွေ နားလည်အောင် သုံးစွဲခြင်း ဖြစ်သည်။

မထူးပါဘူးတဲ့...၊ ဒါဖြင့် မီး ဘယ်တော့မှ မငြိမ်းဘူးပေါ့.... (မငြိမ်းပါဘုရား)။

ဘယ်လောက်ကြာကြပြီတုံး....ဒီလောင်စာနဲ့ မီး တဲ့ပြီး လာခဲ့ကြတာ ဘယ်လောက်ကြာပြီတုံး·မေးတော့ ငါဘုရားတောင်မှ အစရှာမတွေ့ဘူးတဲ့....၊ ကြာလှပြီပြောတာ...(မှန်ပါ့)။

ငါဘုရားလဲဘဲ ဥာဏ်တော်ကြီးနဲ့ ရှာတာတောင်မှ အစမတွေ့ပါဘူးကွာ...တဲ့၊ သတ္တဝါတဦးတဦးရဲ့ အစလေ...(မှန်လှပါဘုရား)။

လောင်စာနဲ့ မီး တဲ့ပြီးသကာလ နေတာကဖြင့် ရှည်လှပါပေါ့၊ နောက်ကာ တကာတကာမတွေ့ မှတ်ထား....(မှန်ပါ့ဘုရား) လောင်စာနဲ့မီး တဲ့ပြီးနေတာကဖြင့်.... (ရှည်လှပါပြီ) ရှည်လှပါပြီလို့ သေသေချာချာမှတ်ကြပါ၊ ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ပုဏ္ဏားကို ဥပမာနဲ့ပြတယ်၊ ဒါက ကြားဖြတ်တရားဟောလိုက်တာ....(မှန်ပါ့)။

ပုဏ္ဏား အရှေ့က မီးတွေ့လောင်နေတယ်ကွာ၊ ဘာဖြစ်လို့ မငြိမ်းတာပါလိမ့်မလဲ မေးတဲ့အခါကျတော့ ပုဏ္ဏားက လောင်စာရှိနေလို့ မငြိမ်းသေးဘူး... (မှန်ပါ့) လောင်စာရှိနေလို့ မငြိမ်းသေးတာဘဲဆိုတာကော သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်... လောင်စာများ နောက်ထပ် ထည့်နေလို့ ရှိယင် ဦးအောင်ဇံ ဝေ ဘယ့်နှယ်ဆိုမလဲ-(ဆက်လောင်ပါတယ်ဘုရား) သာ၍ မငြိမ်းတာပေါ့...(မှန်ပါ့)။

လောင်စာများထည့်နေကြယင်.... (ဆက်လောင်ပါတယ်) ပိုပြီး မငြိမ်းမှာဘဲ၊ မီးသက်ရှည်မှာဘဲ....(မှန်ပါ)။

အဲဒီတော့ တကာတကာမတွေက လူ့ဘဝမှ စုတေမနေ သေလွန်ရယင် နောက်ဘဝ နတ်ခန္ဓာ-ပြဟ္မာခန္ဓာ- စကြဝဠတေးမင်းခန္ဓာ လူချမ်းသာ- သူဌေးသူကြွယ်ခန္ဓာ ဖြစ်ရပါလို့၏ ဆိုယင် ထင်းပြန်ထည့်နေတာ (မှန်ပါ)။

ဘာဖြစ်တယ်ထင်သတုံး...(ထင်းပြန်ထည့်တော့ လောင်မှာပါဘဲ)ထင်းပြန်ထည့်တာ....(မှန်ပါ) ထင်းအဖြစ် ပြန်ဆုတောင်းတော့ ကိုလေသာက မငြိမ်းလို့ တောင်းတာကိုး....(မှန်ပါ)။

အဲဒီတော့ ကိုလေသာမငြိမ်းလို့ တောင်းတော့ ကိုလေသာနဲ့ မီးနဲ့ သွားမတွဲပေဘူးလား...(တွဲပါတယ်ဘုရား)။

ဒါဖြင့် ဆုခတောင်းမှားသမားတွေဖြင့် ထင်းကုန်လို့ ထင်းထည့်တာနဲ့တူနေပြီ၊ မီးတော့မသေသေးဘူး....(မှန်ပါ)။

အိုတော့ အိုပြီ သေရတော့မှာဘဲ၊ နောက်ဘဝဖြင့် နတ်ခန္ဓာဖြစ်ရပါလို့၏ဆိုတော့ မောင်အောင်ချို ဘာပြန်ထည့်တာထင်သတုံး....(ထင်းပြန်ထည့်တာပါ)အယင်မီးက သေပလား.... (မသေသေးပါဘုရား)။

အံမာလေး... မိုက်လိုက်တဲ့ဖြစ်ခြင်းလို့ နောက်က တကာတကာမတွေ ပြောလို့ရှိယင် ပြောတာက ကြီးသလား-မိုက်ချက်က ပိုသလား....(မိုက်ချက်က ပိုပါတယ်ဘုရား) ဦးဘသန်းဘယ့်နှယ်ထင်သတုံး....(မိုက်ချက်က ပိုပါတယ်ဘုရား)။

မိုက်ချက်က ပိုတယ်၊ ထင်းကုန်ထင်းထည့်၊ မီးကုန် မီးထည့် ဖြစ်နေတာကိုး... (မှန်ပါ့)။

မီးငြိမ်းသွားမယ်ကြံယင် မီးပြန်ဖြည့်၊ မီးသေမည့်ကြံ ထင်းပြန်ထည့်ဆိုတော့ လှည့်ကွန့်တို့ ဘယ့်နှယ်နေကြပါ့မတုံး၊ ဘယ်တော့မှ မီးဟုန်းဟုန်းဇောတ်ဟာ သိမ်းပါ့မလဲ(မသိမ်းပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒါ့ကြောင့် တကာတကာမတွေကို ပြောရတယ်၊ ဘယ်ဘဝကိုမှ ဆုမတောင်းနဲ့နော်...(မှန်ပါ့)ဘယ်ဘဝမှ ဆုမတောင်းကြပါနဲ့. ထင်းထည့်တာ သက်သက်ပါဘဲ၊ တောင်းတာက မီး၊ ဖြစ်လာတာက ထင်း၊ ထင်းနဲ့မီး သွားတဲ့တာဘဲ....(လောင်မှာပါဘုရား) လောင်မှာဘဲ။

အခု ငြိမ်းပလား....(မငြိမ်းသေးပါဘုရား)နောက်တောင်းတဲ့ ပုဂ္ဂိုလ်က ထင်းရှာထည့်ပြန်တာဘဲ.... (ပိုလောင်ပါတယ်ဘုရား) ပိုပြီး ဒီမီးမငြိမ်းအောင်လုပ်တာဘဲ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) ဦးဘသန်း ပေါ်ပလား....(မှန်ပါ့)။

ကဲ....ဘယ်လောက် ခင်ဗျားတို့ ဆရာကောင်း,သမားကောင်းနဲ့.မတွေ့ဘူးသာဆိုယင် ဘယ်လောက်ထိအောင်နစ်နာမယ်ဆိုတာ အခု ပြောလိုက်တော့မှ ပိုသိသွားတယ်၊ ဩော်... ဒီအလုံအချော်တွေဟာ ထင်းရှားတဲ့အလုပ်တွေပါကလား၊ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)။

နောက်က တကာတကာမတွေ ဘာရှားတဲ့အလုပ်တွေတုံး.... (ထင်းရှာတာပါဘုရား) ထင်းရှာတဲ့အလုပ်တွေ....(မှန်ပါ့)။

လူဖြစ်ရပါလို့၏၊ အခု မိုးမှ မငြိမ်းသေးခင်က နောက်ထင်းရှာပြန်ပြီ၊ နတ်ဖြစ်ရပါလို့၏....ဆိုတော့ အခု မီးငြိမ်းပလား.... (မငြိမ်းသေးပါဘုရား) အခု လောင်နေသဲတောင်းတာ....(မှန်ပါ့ဘုရား) တော်တော်ကြာကျတော့ ထင်းပြန်ထည့်တဲ့ အဓိပ္ပါယ်ဘဲ ရောက်တာဘဲ ဘယ်တော့ ငြိမ်းပါ့မလဲ ...(မငြိမ်းပါဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အလှုန်သနားတယ်၊ မိုက်လိုက်တဲ့ဘဝ ဒီအတိုင်းနေ ငြိမ်းသွားမှာဘဲ ဟင်.... (မှန်ပါ့) ဆုမတောင်းဘဲနေယင်.... (ငြိမ်းသွားမှာပါဘုရား) ငြိမ်းသွားမယ်၊ ဆုတောင်းတဲ့ တဏှာမလာယင် ငြိမ်းသွားမယ် (မှန်ပါ့ဘုရား) အခုတော့ ဆုတောင်းရဲ့တဏှာ လာနေတာနဲ့ဘဲ ဘယ်တော့မှ မငြိမ်းဘဲဖြစ်နေတယ်၊ ထင်းချည့်ရှာထည့်နေတယ် (မှန်ပါ့) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ နားကြီးကြီးနဲ့ ထောင်ကြည့်လို့ အခု သစ္စာနားလည်တဲ့ ဥာဏ်နားနဲ့ ထောင်ကြည့်တော့မှ ယြော်-ခန္ဓာကြီးက ဒုက္ခသစ္စာ၊ နောက်တောင်းတာလဲ ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာက ထင်း၊ တောင်းတာက ကိုလေသာမီး မဟုတ်ဘူးလား....(မှန်ပါ့ဘုရား) ကိုလေသာမီးနဲ့ ထင်းနဲ့ တွဲပေးပြန်တာဘဲ၊ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ.... ဒါ- အသာထားပါတော့ ထင်းသစ်ရှာတာ အသာထားပါတော့ မောင်အောင်ချို အခုငြိမ်းပလားလို့ မေးယင်.... (မငြိမ်းသေးပါဘုရား)။

မင်ြမ်းခင်ကတည်းကထင်းအသစ်ရှာထားတယ်ဆိုတော့ လှည့်နဲ့တို့....ဒီလုတ်ဘို့ရုတော့ ရှာမတွေ့တော့ဘူး....(မှန်ပါ-မတွေ့ပါ) ဦးဘသန်း တွေ့သေးသလား.... (မတွေ့ပါဘုရား) နောက်ကတကာတကာမတွေ....(မတွေ့ပါဘုရား) အခုကြီး မဆိုးဝါးဘူးလား...(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ သေသေချာချာမှတ်လိုက်စမ်းပါ ဩော်....ဒို့ဟာဖြင့် မသိတောင်း- တောင်းနေတဲ့ ဆုတွေဟာဖြင့် မီးမင်ြမ်းအောင်လုပ်တဲ့အလုပ်ပါကလား၊ ဒေါ်လာပြီ....(မှန်ပါ) ဘာတုံး....(မီးမင်ြမ်းအောင်လုပ်တဲ့အလုပ်တွေပါဘုရား)။

မီးမင်ြမ်းအောင်လုပ်တဲ့အလုပ်တွေဆိုတော့ မီးဝတ်ပြုတဲ့ လူနဲ့တူနေတယ်... (မှန်ပါ) မီးဆိုတာ ဝေးဝေးရှောင်ရမှာ၊ ဝေးဝေးရှောင်ရမှာ သူက ထင်းတွေချည့် ထည့်ပေးနေတော့ ဦးဘသန်းသွားပြီ ... (မှန်ပါ) ဘယ်တော့ ဒီမီးဟာ လောင်စာသိမ်းရ မီးင်ြမ်းမလဲ....(ဘယ်တော့မှ မင်ြမ်းပါဘုရား)။

ဒီနေရာမှာ စကားကလေး မှတ်လိုက်စမ်းပါ၊ အားလုံး တကာတကာမတွေက နိဗ္ဗာန်ဆိုတာ လောင်စာသိမ်းရ မီးင်ြမ်းတ၀ှမ့ နိဗ္ဗာန်....(မှန်ပါ)။

နိဗ္ဗာန်ဆိုတာ.... (လောင်စာသိမ်းရ မီးင်ြမ်းတာမှ နိဗ္ဗာန်ပါဘုရား)။

အဲ... လောင်စာသိမ်းဆိုတာ ခန္ဓာမလာတာနော်.... (မှန်ပါ) မီးသိမ်းတယ်ဆိုတာက ကိုလေသာမလာတာ... (မှန်ပါဘုရား)

လောင်စာသိမ်းၗ် မီးငြိမ်းမှ ဘာတုံး....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတော့ အခု မသိတဲ့ တကာ့တကာမတွေ့မှာ သစ္စာမသိတဲ့ တကာတကာမတွေ့မှာ လောင်စာရှာလိုရှာ, မီးကို တိုးအောင် လုပ်လိုလုပ်၊ ဟင်....(မှန်ပါ့)။

မီးကို တိုးအောင်လုပ်လိုလုပ်၊ လောင်စာ ရှာထည့်ဆိုတော့ နောက်က တကာတကာမတွေ့ မိုက်ချက်သန်တာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဦးအောင်ဇံ၀ေ ဒီဟာကလေးက နားကြီးမှု ရတယ်ဆိုတာ လော မပေါ်သေးဘူးလား... (ပေါ်ပါပြီဘုရား) နားကြီးမှု ရတယ် ဦးဘသန်း,ရ-ဟင်....(မှန်ပါ့)။

နားသေးသေးနဲ့ဆိုယင် ဒို့ဟာတွေ အတော်ခက်နေပါပေါ့ လား၊ ဘယ့်နှယ်တုံး ဘုန်းကြီးပြောတာနဲ့ဆိုယင် ဒို့မှာ အခက်ကြီးပါလားဆိုပြီးသကာလ သူတို့ဟာသူတို့ အဟုတ်ထင်နေမယ် ဆိုယင် ထင်းရှာတာကို အဟုတ်ထင်နေတာဘဲ...(မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) အဲ.... မသိဆိုးဝါးဆိုတာ ပေါ်ပြီလား....(ပေါ်ပါပြီဘုရား)။

မသိတာက အဝိဇ္ဇာ၊ ဆိုးဝါးတာက ဒုက္ခသစ္စာရှာတာ-ထင်းရှာတာ....(မှန်ပါ့)။

ကဲ....ဒါဖြင့် ပုဏ္ဏားကို မေးလိုက်တယ်၊ ဟေ....တဲ့ မီးတွေ့ တောက်နေတယ်ကွ... တဲ့၊ အရှေ့ဘက်ရော,အနောက်ဘက်ရော, မြောက်ဘက်ရော, တောင်ဘက်ရော တောက်နေတယ်ကွ၊ အဲ့ဒါ

ဘယ့်နှယ်ကြောင့် လောင်သတုံး-တဲ့၊ အို....လောင်စာတွေ့ရှိလို့ လောင်တာပေါ့တဲ့....(မှန်ပါ့)။

သူ ဒါဘဲဖြေတတ်တယ် လောင်စာရှိလို့ လောင်တာပေါ့-တဲ့- (မှန်ပါ့ဘုရား) ဝါးထင်းဆုတောင်းလိုက်ယင် ဝါးမီးဖြစ်မှာဘဲ (မှန်ပါ့) ရှားသားထင်းဆုတောင်းလိုက်ယင်.... (ရှားသားမီး ဖြစ်မှာပါဘုရား)။

အဲ....နတ်ဖြစ်လို့ရှိယင်လဲ နတ်မီးလောင်မှာဘဲ၊ ပြဟ္မာဖြစ် ယင်.... (ပြဟ္မာမီးလောင်မှာပါဘုရား) စကြဝဠာမန္ဒာတ် ဖြစ် ယင်....(စကြဝဠာတေးမန္ဒာတ်မီးလောင်မှာပါဘုရား)။

ဒါဘဲ....ဝါးရှိ့ယင် ဝါးမီး၊ မြက်ရှိ့ယင် မြက်မီးလောင် မှာဘဲ၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အေး....ကျွန်းသားရှိ့-ကျွန်းသားမီးပေါ့၊ အင်သားရှိ့ယင် အင်သားမီးပေါ့.... (မှန်ပါ့) ခင်ဗျားတို့ နာမည်ပြောင်းပြီး တောင်းနေတာလဲ လောင်စာဘဲ တောင်းနေတာဘဲ.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

မင်းတို့ ဘယ်ခန္ဓာမျိုး ရချင်ကြသေးသတုံးမေးယင် ဘယ့် နှယ်ဖြေကြမလဲ.... (ဘယ်ခန္ဓာမှ မရချင်ပါဘုရား) ထင်းဆု တောင်းတာ....(မှန်ပါ့)။

အဲဒါ့ကြောင့် မီးလုပ်ကျွေးတဲ့ လူအဖြစ်နဲ့ ဘုရားက ခန္ဓဝဂ္ဂ သံယုတ်မျိုးမှာ ဟောထားတာ ရှိသေးတယ်နော်.... (မှန်ပါ့ ဘုရား)။

မိုးလုပ်ကျွေးနေတာကွာ....တဲ့၊ မိုးလုပ်ကျွေးနေတယ်ဆိုတော့ မိုးက ကျေးဇူးတင်တာလဲ မဟုတ်ဘူး၊ ကိုယ့်ခန္ဓာလောင်နေတာ ဘဲရှိတာဘဲ၊ လောင်နေတော့ မောင်အောင်ချိုတို့က ပြေးကောင်းနွားကောင်းမျှား လုပ်နေသေးတယ်.... (မှန်ပါ့)။

ဒီကနေ နိုင်ငံခြားပြေးလိုက်တယ်၊ ဟာ...မင်းတို့ ဘာဖြစ်လို့ သွားကြတာတုံး၊ ရှာချင်လို့ပေါ့ဘုရား၊ အင်း-လောဘမီးလေခင်ဗျ လို့ ပြေးကြပြီဟေ့၊ အပြန်မှာ အကြောင်းညီညွတ်ခဲ့ယင်လဲ ပိုလောင်ပြန်ပဟ....(မှန်ပါ့ဘုရား)။

အကြောင်းမညီမညွတ်ပြန်လဲ တမီးပြောင်း လောင်ပြန်ပဟာ၊ ဒေါသမီးလောင်တယ်....(မှန်ပါ့) ဦးအောင်ဇ-ဝ ဒါဘဲရှိတယ် (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ရယင် လောဘမီးမလောင်ဘူးလား....(လောင်ပါတယ်) မရဘဲနေတော့.... (ဒေါသမီးလောင်ပါတယ်ဘုရား)။

ရတဲ့အထဲကဘဲ တခါ ရန်သူမျိုးငါးပါးတို့ကြောင့် စိုးရိမ်ခြင်းစတဲ့ သောက ပရိဒေဝမီးတွေ ပေါ်လာတယ်၊ မလာဘူးလား....(လာပါတယ်)ဒါတွေက သောက, ပရိဒေဝတွေ နောက်မလိုက်လာတာ...(မှန်ပါ့) မလိုက်လာဘူးလား.... (လိုက်လာပါတယ်ဘုရား)။

ဒါဖြင့် လောင်နေဏယ်ဆိုတာ မပေါ်သေးဘူးလား-(ပေါ်ပါပြီဘုရား) သွားတုန်းလဲ လေခင်တာဘဲ....(မှန်ပါ့) ပြန်လာ

တော့ကော....(လောင်ပါတယ်ဘုရား) အိမ်ထိုင်နေတော့ စိုးရိမ်သောကနဲ့ကော....(လောင်ပါတယ်) သောက, ပရိဒေဝတွေက လောင်နေတာဘဲ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်နေနေ ဒီဥစ္စာဥာဏ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ တလောင်တည်း လောင်ပြီး တဟုန်းဟုန်း တောက်နေတာဘဲလို့ ဦးဘသန်းဘုရားကတော့ မြင်တော်မူပြီ....(မှန်ပါ့) မမြင်သေးဘူးလား.... (မြင်ပါတယ်ဘုရား)။

သားပူလောင်လိုက်, သမီးပူလောင်လိုက်၊ ပစ္စည်းပူလောင်လိုက်၊ ပစ္စည်းနဲ့ပတ်သက်ပြီး ပူဆွေးတာတွေလေ .... (မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါတွေလောင်နေတော့ မင်းတို့ ဟိုအိမ်ဘယ်နှယ်နေသတုံး-သွားမေးရတာ တော်တော်လောင်ရဲ့လားလို့ မေးတာပေါ့.... (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

လှည့်ဖွဲ့ကြည့်ကြ လောကွတ်ကောင်းကောင်းနဲ့ သွားမေးဦးမှ တော်မယ်၊ ဘယ်နှယ်တုံး- တော်တော်လောင်ရဲ့လား၊ ရှင်းရှင်းတော့ ဒါဘဲ...(မှန်ပါ့ဘုရား) ဒီ့ပြင်ဘာမေးသွားသေးသတုံး.... (ဘာမှုမမေးပါဘုရား)။

အဓိပ္ပါယ်ကတော့ ဒီဆောက်တာဘဲ ခင်ဗျားတို့အိမ်တွေ လည်မေးကြတာလေ...(မှန်ပါ့) ဟိုမှာလူမမာရှိတော့ ဘေးကလူတွေကလဲ မှိုင်နေကြတယ်၊ ဘယ်နှယ်နေသတုံး ပြောပါဦး၊ မသက်

သာဘူး....တဲ့၊ မသက်သာဘူးဆိုယင် ကိုယ့်လဲလောင်နေတာဘဲ၊ ဟိုလူလဲ လောင်နေတာဘဲဟင်....(မှန်ပါ့ဘုရား)။

နည်းနည်းသက်သာတယ်ဆိုတဲ့ အခါကျလို့ရှိယင်လဲ နည်းနည်းဘဲလောင်တော့တယ် ပြောတာလဲ-(မှန်ပါ့)မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

ဘေးကပုဂ္ဂိုလ်ကလဲ မနေကောင်းတာနဲ့ ဘာဖြစ်ရသလဲ၊ပြန်ပြေးရတယ်၊ မျက်နှာပြောင်တိုက်လို့တော့ ကောင်းမထင်ပါဘူး၊ နဂိုရိုက တယောက်ကျေးဇူး တယောက်နဲ့ တယောက်ဟာအသင့်အတင့်ရှိဘူးကြတယ်ဆိုပြီး မကောင်းလို့သွားမေးတာ....(မှန်ပါ့ဘုရား)။

ကိုယ့်ထဲမှာလဲ ခင်လို့သွားမေးတာ စိုးရိမ်လို့သွားမေးတာဆိုတာ လောင်ရင်းပြေးတာမဟုတ်ဘူးလား....(မှန်ပါ့) ကောင်းလို့သွားမေးပြန်တော့လဲ ကိုယ့်မှာတခါတည်း မကောင်းတဲ့စိတ်နဲ့ဘဲ သွားမေးတာဘဲ....(မှန်ပါ့) မကောင်းတဲ့စိတ်က လောင်လို့သွားရပြန်တာဘဲ... (မှန်ပါ့ဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီ)။

ဘယ်လိုမျှား သွားမေးကြပါလိမ့် .... မကောင်းလို့ သွားတာရယ်, စိုးရိမ်လို့ သွားတာမျယ် ဒါဘဲ ရှိတယ်....(မှန်ပါ့ဘုရား)။

လူမမာမေးဘူးကြရဲ့လား ခင်ဗျားတို့.... (မေးဘူးပါတယ်) ဘာနဲ့သွားမေးကြသတုံး- မီးလောင်ပြီး သွားလိုက်ကြတယ်... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး .... တကာတကာမတွေက ကိုယ်သွားတာတောင် ဘာနဲ့သွားမှန်းမသိဘူး... (မှန်ပါ့)စင်စစ်တော့ဖြင့် မီးလောင်လို့ သွားတာ....(မှန်ပါ့) ဟေ့.... မြန်မြန်သွားဆိုတာကော မီးမြန်မြန်လောင်လို့ မြန်မြန်သွားတာ....(မှန်ပါ့) မဟုတ်ဘူးလား... (မှန်ပါ့ဘုရား)။

ဟိုကျတော့ အရိပ်အကဲ ကြည့်ပါဦ့ဆိုတာ မီးအရိပ်အကဲ ကြည့်နေတာ(မှန်ပါ့) ဟင်....ဘယ်လောက်များလောင်နေသတုံး ကိုယ်လဲ စိတ်မချမ်းသာဘူး ပြောတာဘဲ၊ မပြောဘူးလား.... (ပြောပါတယ်)ဒါ ဘယ်သူ့လောင်ပြန်တာတုံး- ကိုယ့်လောင်တာ....(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မီးဘယ်အချိန်မလောင်တဲ့ အချိန်ရှိသတုံး (မရှိပါ) ခင်ဗျားတို့မသိခင်တော့ ဇာတိ, ဇရာ, မရဏ, မီးက လောင်နေတယ်....(မှန်ပါ့ဘုရား)။

သိတဲ့အခါကျတော့ လောဘ, ဒေါသမီးက လောင်တယ်.... (မှန်ပါ့)စိုးရိမ်တဲ့အခါကျတော့ သောက,ပရိဒေဝကလောင်တယ် ဆိုတော့ ဘယ်အချိန် မလောင်တဲ့အချိန် ရှိသတုံး .... (မရှိပါ ဘုရား)။

ဒါဖြင့် ဒီမီးပုံကြီးဟာ တောက်နေတာပေါ့....(မှန်ပါ့)ခန္ဓာနဲ့ ကိုလေသာမီးဟာ တဲ့တောက်နေတယ်- (မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ခန္ဓာနဲ့ ကိုလေသာမီးဟာဖြင့် တဟုန်းဟုန်းတောက်နေတော့

နက်ဖြန် စျေးနေ့ဆိုတော့ စျေးလိုက်ပြီး ကြည့်ကြတာပေါ့၊ အထမ်းကလေးနဲ့ လာပြန်ပြီတယောက်၊ သူ့ဇွေလိုချင်လို့ လာတာ၊ စျေးသည်က ဈေးဘမီးတောက်ပြီး ထမ်းလာတာ .... (မှန်ပါ့ ဘုရား)။

အပြန်ကျတော့ကို ဒီဟာကလေးတွေ့ရတဲ့ ပစ္စည်းကလေး တွေနဲ့ ငပိ,ဆီဆား,ဆန်အစရှိသည် ဝယ်သွားပြန်တော့ ဒါမှ နေရာကျတယ်ဆိုတဲ့ လောဘမီးနဲ့ဘဲ ပြန်သွားတာဘဲ .... (မှန်ပါ့ ဘုရား)။

ရောင်းတဲ့ဆီကရတဲ့ဇွေကနည်း ဟိုစားဘို့,သောက်ဘို့ ငါးရက် စာက မပြည့်စုံဘူးဆိုလို့ရှိယင် ထမ်းသာထမ်းရတယ် ဒေါသမီး လောင်သွားတာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အသွားလဲ ဒါဟာ မီးလောင်လို့ လာခဲ့တာဘဲ၊ အပြန်ကော- (မီးလောင်လျက်ပြန်ပါတယ်) မီးလောင်ပြီး ပြန်သွားတာဘဲ.... ရှင်းပလား....(ရှင်းပါပြီဘုရား)။

သေတဲ့ အခါကျတော့ မရဏမီးက လောင်ချလိုက်တော့ သူ့မှာ မီးကိုအဆက်မပြတ်ဘူး....(မှန်ပါ့) ရှင်တုန်းတော့လဲ လောဘမီး, ဒေါသမီး,သောကမီးက လောင်တယ် .... (မှန်ပါ့) ဇရာမီး,မရဏမီးက ဘယ်နှယ်တုံး.... (လောင်ပါတယ်) ဒါဖြင့် ဘယ်အချိန် မီးကင်းတဲ့အချိန် ရှိသတုံး....(မရှိပါဘုရား)။

အဂ္ဂိတောဝါ ပေါ်လာတယ်.... (မှန်ပါ့) အဂ္ဂိတောဝါ=မီး ဘေးမှင်းတဲ့ – (မှန်ပါ့) ခင်ဗျားတို့ကတော့ တကယ်မီးသာ

သိနေဘယ်၊ ကိုယ့်ထဲ အဂ္ဂိတောဝါရှိနေတာ မသိဘူး.... (မှန်ပါ့ဘုရား)။

ကိုယ့်ထဲအဂ္ဂိတောဝါဆိုတာ အဂ္ဂိတောဝါ= မီးဘေးမှလည်းကောင်းတဲ့....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်ထဲမှာ အဂ္ဂိတောဝါမျှား ရှိရဲ့လား.... (ရှိပါတယ်) အဂ္ဂိတောဝါ= မီးဘေးမှလည်းကောင်းဆိုပြီး မီးဘေးလွတ်ရပါလို့၏ဆိုတော့ ကိုယ့်တော့ ပြန်မကြည့်ဘူး လောင်နေတာ ... (မှန်ပါ့) တောင်းသာတောင်းနေတာ ရွတ်သာရွတ်နေတာဘဲ၊ လောင်နေတာတော့ကိုယ်မှာနော်... (မှန်ပါ့)။

ဒါဖြင့် ငြိမ်းပြီးသား လူက ရွတ်နေတာလား၊ လောင်လျက်ရွတ်နေတာလား....(လောင်လျက် ရွတ်နေတာပါဘုရား) ဟာ.... ဒါဖြင့် မမြင်ဘူး....အကန်းရွတ်နေတာ... (မှန်ပါ့)။

ကိုယ့်မီးကို ကိုယ်မမြင်ဘူး... (မှန်ပါ့)မီးဘေးလွတ်ရပါလို့၏သာ ဆိုနေတာ၊ သူ လောင်နေတာ မမြင်ဘူး....(မှန်ပါ့) မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

အဲဒါလောက် ခင်ဗျားတို့ ထူတယ်၊ အ,ဟယ်လို့ ပြောတော့ ခင်ဗျားတို့က ဘုန်းကြီးက စကားသိပ်ကြီးတာဘဲ၊ ကြမ်းတာဘဲလို့ ထင်လိမ့်မယ်၊ မြင်ကို မမြင်ဘူး....(မှန်ပါ့) အပြင်က (မီးဘဲ မြင်ပါတယ်ဘုရား)။

အပြင်က မီးဘဲ မြင်တယ်၊ အပြင်ကမီးလောင်လို့သေတဲ့လူနဲ့ အတွင်းက မီးလောင်လို့သေတဲ့ မှသာနဲ့ ဘယ်ဟာက မျှ၊

သတုံး.... (အတွင်းက လောင်လို့ သေတာက မျှားပါတယ် ဘုရား) သူက သာခက်တာပေါ့....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

တချို့ သားသေလို့ အဖေပါ သေသွားတာတွေ၊ တချို့ ပစ္စည်းဆုံးရှုံးလို့ ရူးနောက်ပြီး ခန္ဓာပါ ဆုံးရှုံးသွားတာတွေ မှရှိဘူးလား....(ရှိပါတယ်ဘုရား) မီးနဲ့ တဲ့နေတာကိုးဗျ....(မှန်ပါ ဘုရား)။

အဲ့ဒီတော့ ဒါတွေ သိတော့မှ ဩော်....ဒီမီးနဲ့ ဒီထင်းကို သိမ်းမှ တော်မည်၊ဒီကျွမ်းမှ နိုဗ္ဗာန်လာတယ်....(မှန်ပါ့)ဒီမီး-ဒီထင်း သိမ်းမှ နိုဗ္ဗာန်ကိုးဗျ....(မှန်ပါ့)။

ဒီမီး-ဒီထင်း မသိမ်းနိုင်ယင်....(နိုဗ္ဗာန်မရောက်ပါ) နိုဗ္ဗာန် မရောက်ပါဘူး၊ နိုဗ္ဗာန်လို့ကော ဆိုနိုင်ရဲ့လား....(မဆိုနိုင်ပါ) ဒါဖြင့် နိုဗ္ဗာန်ဆိုတာ ဘာတုံး....လောင်စာသိမ်းရှိ မီးငြိမ်းတာ (မှန်ပါ့)။

လှည့်ဆန့်တို့ ဘယ့်နှယ်ဆိုကြမလဲ....(လောင်စာသိမ်းရှိ မီးငြိမ်း တာပါဘုရား)နောက်က တကာတကာမတွေ....(လောင်စာသိမ်း ရှိ မီးငြိမ်းတာပါဘုရား)။

မှတ်ထား၊နိုဗ္ဗာန်ဆိုတာ ဩော်....ခန္ဓာတည်းဟူသော လောင် စာ၊ ကိလေသာတည်းဟူသော မီး ဟုတ်လား....(မှန်ပါ့)လောင် စာထင်းသိမ်းရှိ ကိလေသာမီး ငြိမ်းတာ....(မှန်ပါ့)။

လောင်စာခန္ဓာသိမ်းရှိ, ကိုလေသာမီးငြိမ်းတာ ဘာခေါ် ကြမယ်....(နိုဗ္ဗာန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ သိထားတော့မှ ညြော်... နိဗ္ဗာန်ဆိုတာ လောင်စာ သိမ်းရ မီးငြိမ်းတာပါကလားဆိုတော့ ဦးဘသန်းရဲ့ သာမည ဥာဏ်နဲ့လဲ မရဘူးနော်... (မှန်ပါ့) သာမညဥာဏ်နဲ့လဲ မရဘူးတဲ့ (မှန်ပါ့)။

ဒါနဲ့ ပုဏ္ဏား မြင်ရဲ့လားကွဆိုတော့ မြင်ပါပြီတဲ့၊ ကဲကွာ... ဒါဖြင့် ဒီထင်းတွေ ကုန်သွားတဲ့အခါကျတော့ မီးရှိသေးရဲ့လား တဲ့....၊ ထင်းကုန်တော့ မီးကျန်ရစ်သေးသလား... (မကျန်ရစ်ပါ ဘုရား)။

နောက်ထပ်ဆင့်မေးပြန်တယ်နော်.... (မှန်ပါ့) အရင်တော့ မီး လောင်ပုံ သူ ပြလိုက်တယ်၊ ဒီမီးဘဲ တခါ ဘုရားက ဆက်လက် ပြီး တရားဟောပြန်တယ်၊ ထင်းကုန်သွားပြီ အဂ္ဂိဝဏ္ဏပုဏ္ဏားရ.... မီးမငြိမ်းသေးဘူးလား· ငြိမ်းပလား· ထင်းကုန်သွားယင်... (ငြိမ်း ပါတယ်) ငြိမ်းရုံမယ်ဆိုတာ သေချာပလား.... (သေချာပါတယ် ဘုရား)။

နောက်ထပ်ဆင့်မေးပြန်တယ်နော်.... (မှန်ပါ့) အရင်တော့ မီး လောင်ပုံ သူ ပြလိုက်တယ်၊ ဒီမီးဘဲ တခါ ဘုရားက ဆက်လက် ပြီး တရားဟောပြန်တယ်၊ ထင်းကုန်သွားပြီ အဂ္ဂိဝဏ္ဏပုဏ္ဏားရ.... မီးမငြိမ်းသေးဘူးလား· ငြိမ်းပလား· ထင်းကုန်သွားယင်... (ငြိမ်း ပါတယ်) ငြိမ်းရုံမယ်ဆိုတာ သေချာပလား.... (သေချာပါတယ် ဘုရား)။

အဲဒီ ငြိမ်းတဲ့မီး ဘယ်သွားသတုံး မေးတာဘဲ၊ ငြိမ်းတဲ့မီး ဘယ်သွားသတုံးဆိုတော့ မောင်အောင်ချိုက ဘယ်နှယ်ဖြေမလဲ ဘယ်မှ မသွားဘူး၊ ဒီနေရာတွင် ငြိမ်းတာဘဲ.... (မှန်ပါ့) မဟုတ် ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ငြိမ်းတဲ့မီး ဘယ်သွားသတုံး.... (ဘယ်မှ မသွားပါဘုရား) ဘာ ဖြစ်လို့တုံး... လောင်စာသိမ်းတာနဲ့ မီးငြိမ်းသွားတာဘဲ (မှန်ပါ့ ဘုရား) ဘယ်သွားတယ်လို့ ဖြေစရာကို ပါရဲ့လား.... (မပါ·ပါ ဘုရား)။

အဲဒီအတိုင်းဘဲပေါ့....ပုဏ္ဏားရ....တဏှာ,မာနချုပ်တဲ့ ပုဂ္ဂိုလ်ဟာ လောင်စာသိမ်းရှိ မီးငြိမ်းတော့ သူဟာ ဘယ်ရောက်သွားသတုံး မင်း မေးမနေနဲ့....၊ ပေါ်လာပြီ....(မှန်ပါ့)။

သွားချည်တလှည့်, မသွားချည်တလှည့်လား, မသွားဘဲ နေသလားလို့လဲ မင်းမေးတာ ငါ ဖြေစရာ မလိုဘူး၊ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

သွားချည်တလှည့်လား.... မသွားချည်တလှည့်လားလို့ကော မေးဘို့....(မလိုပါ)မသွားတာ ကေန် တခုခုတဝက်သွားတယ်လို့ ကော....(မေးဘို့မလိုပါဘုရား)။

ခုနင်က ပုဏ္ဏားကို ဘုရားပေးလိုက်တဲ့ ဥပမာ သိပ်ကောင်းပါတယ်တဲ့....မင်္ဂလာ ပုဏ္ဏာသပါ ဦးတော်မှာ၊ အခု လောင်စာတွေ့ မရှိတော့ မီးငြိမ်းသွားတယ် ငြိမ်းတဲ့မီး ဘယ်သွားသတုံးဆိုတော့ လှည့်နဲ့....ဘယ်နှယ်ဖြေပါ့မလဲ.... (ဘယ်မှ မသွားပါ) ဒီနေရာတွင် ငြိမ်သွားတယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ ခင်ဗျားဘို့လဲ အလုပ်·လုပ်ကြည့် ဒီနေရာတွင် ခန္ဓာရော ကိုးလသာရော ချုပ်သွားလိမ့်မယ်....(မှန်ပါ့) ခန္ဓာလဲ မမြင်ပေဘူး...(မှန်ပါ့) ခန္ဓာ မမြင်လို့ရှိယင် ကိုးလသာလဲ မရှိဘူး...(မှန်ပါ့)။

ကြောင် - ဒီကျတော့ အလုပ်·လုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ သိတယ် အင်း....ဒုက္ခချုပ်တဲ့နိုဗ္ဗာန် လောင်စာသိမ်းရှိ မီးငြိမ်းတယ်ဆိုတာ

သြော်....အခု မြင်နေရတဲ့ ခန္ဓာလဲ သိမ်းတယ်၊ ဝမ်းထဲမှာ ကိုလေသာတွေ ငြိမ်းတာဆိုတာပါကလား...မပေါ်လာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ခန္ဓာကော မြင်သေးရဲ့လား....(မမြင်ပါ) နိုဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ... (မှန်ပါ့) မဂ်စစ်ရသွားပြီဆိုတော့ ခန္ဓာပါ ပျောက်မသွားဘူးလား....(ပျောက်သွားပါတယ်) ခန္ဓာပျောက်သွားတော့ ကိုလေသာမီးကော ရှိသေးရဲ့လား....(မရှိပါ) မရှိဘူး၊ သူနဲ့တန်တဲ့ ကိုလေသာပေါ့ဗျာ....။ ဒီဌိဝိစိကိစ္ဆာကိုလေသာပေါ့...သောတာပန် ဖြစ်ခဲ့လို့ ရှိယင်....(မှန်ပါ)။

အဲဒီပုဂ္ဂိုလ် ဘယ်သွားသတုံးမေးတော့ ဘယ်မှ မသွားဘူးတဲ့ ဒီနား ရှရင်းမတ္တာနဲ့ ဒီမီးနဲ့ ဒီခန္ဓာ ပျောက်သွားတာဘဲ(မှန်ပါ့) ဘယ်နှယ်တုံ... ဦးဘသန်း ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အခုလို ဝမ်းထဲက ကိုလေသာမီးကော ရှိသေးရဲ့လား--(မရှိပါဘုရား) သူ လောင်နေတဲ့ ခန္ဓာကြီးကော မြင်ရသေးရဲ့လား.... (မမြင်ရပါဘုရား)။

မမြင်ရဘူး။ ဥာဏ်ကလေးနဲ့ သြော်...ခုနင်က ထင်းတွေ့မီးတွေ့ မရှိပါကလား သိတာဘဲ။ မြင်စိတ်ကလေးနဲ့ မြင်လိုက်တာဘဲ (မှန်ပါ့) ဒီရောက်အောင် အားထုတ်ရမယ်...(မှန်ပါ့)။

နောက်က တကာတထာမတွေ့ ဒီရောက်အောင် အားထုတ်ရမယ်။ ရှရင်းမတ္တာနဲ့ ခန္ဓာပျောက်သွားလိမ့်မယ်။ ကိုလေသာကော... (ပျောက်သွားပါတယ်ဘုရား)။

ပျောက်သွားတဲ့ အခါကျတော့ ကိုလေသာမီး, လောင်စာ ထင်း ရှိသေးရဲ့လား....(မရှိတော့ပါဘုရား) မရှိတာ ဘာခေါ်ကြမယ်....(နိုဗ္ဗာန်ပါဘုရား)။

သြော်....နိုဗ္ဗာန်ဆိုတာ သွားလို့ ရောက်ဘာလားတဲ့၊ လောင်စာသိမ်းရှိ မီးငြိမ်းတာကို ခေါ်တာလား.... (လောင်စာသိမ်းရှိ မီးငြိမ်းတာကို ခေါ်ပါတယ်ဘုရား)။

အဲဒါ သေသေချာချာမှတ်ပါ၊ ဒီဥစ္စာ ကြားရခဲပါတယ်.... (မှန်ပါ) ဦးဘသန်း အားကြီး ကြားရခဲတယ်....(မှန်ပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

လောင်စာသိမ်းရှိ မီးငြိမ်းတာကို...(နိုဗ္ဗာန်ခေါ်ပါတယ်) လောင်စာဆိုတာ ဒီခန္ဓာကြီး....၊ မင်းတို့ အကုန်ရှုကြည့်တော့ ဒီခန္ဓာကြီးမလိုချင်တဲ့တနေ့ ဒီခန္ဓာကြီးပျောက်သွားပါလိမ့်မယ်.. (မှန်ပါ) ခန္ဓာပျောက်သွားတော့ ထင်းကုန်တော့ မီးချည့်ကျန်နေရစ်သေးတယ်လို့ ဦးအောင်ဇံဝေ ထုံးစံရှိရဲ့လား.... (မရှိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

သြော်.... ဒီရောက်အောင် ဒို့တော့ ကြိုးစားတားမယ်.... (မှန်ပါ) လှည့်ပြန် ကြိုးစားရလိမ့်မယ်.... (မှန်ပါ) နောက်ကတကာတကာမတွေ... (ကြိုးစားရပါမယ်ဘုရား)။

ကြိုးစားတော့ သြော်....နိုဗ္ဗာန်ဟာ အဝေးကြီးလား အနီးကလေးလား....လို့ မေးပြန်တော့လဲ သံယုတ်ပါဠိတော်မှာ ဘုရားက "နိုဗ္ဗာနသေဝ သန္တိကေ" နိုဗ္ဗာနသေဝ=နိုဗ္ဗာန်၏ သာလျှင်၊သန္တိကေ=ခရီးမဝေး အနီးကလေးကွ....တဲ့ (မှန်ပါ)

ဒီနားတွင် ခန္ဓာပျောက်သွားပြီး ဒီနားတွင် ကိုယ့်ဉာဏ်ထဲမှာ ချမ်းသာတာ ကျန်နေရစ်တာဘဲတဲ့... (မှန်ပါ့)။

ခန္ဓာလဲပျောက်တယ်၊ ကိလေသာပူတာကော ရှိသေးရဲ့လား (မရှိပါဘုရား) မရှိတော့ ဒီနားမှာ ရှုနေတဲ့ဉာဏ်ကလေးက ချမ်းသာမနေဘူးလား...(ချမ်းသာပါတယ်ဘုရား) ချမ်းသာနေတော့ ချမ်းသာတာကလေးဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့)။

ဒီဉာဏ်ကလေးကလဲ ချမ်းသာတာမြင်နေတာဘဲ.... (မှန်ပါ့) ဒီ့ဖြင့် အနာပျောက်ပဟေ့၊ ၉ ၆-ပါး ဘာမှုမရှိတော့ဘူးဟေ့ ဟုတ်လား.... (မှန်ပါ့ဘုရား) လောင်စာလဲ မရှိတော့ဘူးဟေ့၊ ထင်းလဲ မရှိတော့ဘူး၊ လောင်လက်စသတ်ပေါ့-မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဆိုတာ အခု မြင်ပါလိမ့်မယ်....တဲ့၊ အနီးကလေးပါ..တဲ့.... (မှန်ပါ့) ကဲ....ဘယ်လောက် အဘိုးတန်တယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ... ပုဏ္ဏားမေးပုံကို ဘုရားကဖြေတာ ဘယ်လောက်အချိုးကျသတုံး....(အချိုးကျပါတယ်ဘုရား) ဟေ့... ပုဏ္ဏား၊ ဟိုနားမှာ မီးတွေ့ တဟုန်းဟုန်းတောက်နေတယ်....၊ အဲဒီ မီးတွေ့ဟာ အခု မရှိတော့ဘူးကဲ့၊ ဘာဖြစ်လို့ တုံးမေးတော့ အို... လောင်စာ မရှိလို့ မီးမရှိတာပါလို့ သူက ဖြေရတော့တာပေါ့.... (မှန်ပါ့) ဖြေဘို့ အကဲ့ဆက်က ရောက်လာတာကိုး...၊ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ခုနင်က မီးတွေ့ ဘယ်သွားသတုံးကွ-အဂ္ဂိဝစ္ဆရ လို့ ဘုရားက မေးလိုက်တယ်... (မှန်ပါ့) လောင်စာမရှိလို့ မီးမရှိတော့ဘူးတဲ့၊ အဲဒီမီး ဘယ်သွားသတုံးကွ ဆိုတော့ ဘယ့်နှယ် ဖြေကြမလဲ.... (ဖြေစရာမရှိပါဘုရား) ဖြေစရာမရှိဘူး၊ သွားတာမှ မဟုတ်ဘဲ၊ ဒီနေရာတွင် သိမ်းသွားတာ....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာလဲ မင်းတို့က မှတ်လိုက်ပါတဲ့၊ ဒီနေရာမှာ ခန္ဓာသိမ်းပြီး ဒီနေရာမှာ ကိုလေသာမီး ငြိမ်းသွားတာဘဲ.... (မှန်ပါ့) ဒါကို ဘာခေါ်ကြမယ် - (နိဗ္ဗာန်ပါဘုရား)။

အဲဒါ နိဗ္ဗာန်အဝေးကြီးလား- အနီးကလေးလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... (အနီးကလေးပါဘုရား) အနီးကလေး၊ မသွားတတ်လို့ မရောက်သေးတာ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဟာ နီးသလား၊ ဝေးသလားမေးတယ် .... (နီးပါတယ်ဘုရား) ဘယ့်နှယ်ကြောင့် မရောက်ပါလိမ့်....(မသွားတတ်လို့ပါဘုရား)။

အဲ....အခုတော့ သွားတတ်ပါပြီ....တဲ့၊ ဖြစ်ပျက်ရှုတဲ့ မဂ္ဂင်နဲ့သာ ဆက်ရှုပါ....(မှန်ပါ့) အဲဒါ သွားနေတာဘဲ.... (မှန်ပါ့ ရှုနေတာဟာ သွားနေတာဘဲ....(မှန်ပါ့)။

သွားနေတဲ့ အခါကျတော့ကို မဂ္ဂင်ငါးပါးက ဒုက္ခသစ္စာ သေသေချာချာသိလို့ လောင်စာတွေ, မီးတွေ အကုန်မြင်တော့ မလိုချင်တဲ့ မဂ္ဂင်ရှစ်ပါးမလာပေဘူးလား....(လာပါတယ်ဘုရား)

လာလို့ရှိယင်ဖြင့် ခန္ဓာရော,မိုးရော မသိမ်းပေဘူးလား....(သိမ်းပါတယ်ဘုရား) သိမ်းသွားတဲ့အခါကျတော့ ဩော်.... နိုဗ္ဗာန်ဆိုတာ ဒါဘဲ....(မှန်ပါ့)။

အဲဒီတော့ ဒီနိုဗ္ဗာန်ဟောရတာက တယ်ခက်တယ်၊ တယ်ခက်တယ်ဆိုတာ ဘာဖြစ်လို့ တယ်ခက်တယ်လို့ ပြောတာတုံးဆိုတော့ မိုးနဲ့ လောင်စာ လောင်နေတာမသိလို့ရှိယင်ဖြင့် တယ်ခက်တယ်ဆိုတာ ပြောရမယ်....(မှန်ပါ့)။

မိုးနဲ့ လောင်စာ လောင်မှန်းမသိတဲ့ပုဂ္ဂိုလ်မှာ ငြိမ်းတာလဲ သူသိပါ့မလား... (မသိပါဘုရား) မသိဘူး။

လောင်စာနဲ့မိုး လောင်နေတာသိတဲ့ပုဂ္ဂိုလ်ကျတော့ ငြိမ်းတာကို သူသိတယ်- (မှန်ပါ့)။

ဒါဖြင့် အလုပ်-မလုပ်တဲ့ပုဂ္ဂိုလ်မှာ လောင်စာနဲ့မိုးလဲ သူမမြင်ဘူး၊မဟုတ်ဘူးလား - (မမြင်ပါဘုရား)"ငြိမ်း"ဆိုတဲ့ကိစ္စ သူတွေ့ဘို့ရာ အရေးဟာက အတော်ကွာဝေးသွားတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့်.... မင်းတို့ ဖြစ်ပျက်ဆိုတာတွေသည်....ဒါ-လောင်စာတွေဘဲ၊ အဲဒါတွေ သိမ်းသွားတဲ့အခါကျတော့ ဒါတွေ ချုပ်ငြိမ်းသွားတဲ့ အခါကျတော့ ဒါတွေ ဘာဖြစ်လို့ မရှိတာတုံး၊ ထင်းကုန်သွားလို့ မီးကိုမရှိဘာ... (မှန်ပါ့) ဒီဖြစ်ပျက်တွေဟာ ထင်းတွေဘဲ၊ ဖြစ်ပျက်တွေဟာ ရုပ်နာမ်တွေကိုးဗျ.... (မှန်ပါ့) ထင်းတွေမဟုတ်လား....(ထင်းတွေပါဘုရား) ထင်းကုန်သွားတော့ မီးက ဘယ်နေယ်တုံး....(မရှိတော့ပါဘုရား)။

မရှိတော့ဘူးဆိုတော့ကို သြော်.... ဒို-ဖြစ်ပျက်ချုပ်ငြိမ်းတာ နိဗ္ဗာန်ပါကလား....(မှန်ပါ)။

နောက်က တကာတကာမတွေ ဘယ်လိုမှတ်ကြမယ်.... (ဖြစ်ပျက် ချုပ်ငြိမ်းတာဟာ နိဗ္ဗာန်ပါဘုရား) အဲ.... ဖြစ်ပျက် ချုပ်ငြိမ်းအောင် လိုက်ရမယ်၊ ဦးဘသန်း ရိပ်မိပြီ.... (ရိပ်မိပါပြီဘုရား)။

ဒီအတိုင်းလိုက်သွား၊ ဖြစ်ပျက်ရှုရင်းမတ္တာနဲ့ဘဲ လိုက်သွား ဖြစ်ပျက်မှန်းလာလိမ့်မယ်၊ မှန်းလာလို့ရှိယင်ဖြင့် သူ့ကို မလိုချင်တာ လာမှာဘဲ....(မှန်ပါ) မလိုချင်တာ လာဆို့ရှိယင်ဖြင့် ထင်းကုန်သွားမှာဘဲ၊ ထင်းကုန်သွားလို့ရှိယင်ဖြင့် မီး ဘယ်သွားတယ်လို့ ဆိုစရာရှိသေးရဲ့လား... (မရှိတော့ပါဘုရား) ထင်းလဲကုန်သွားရော ကိုလေသာမီးကလဲ ဆိုင်ရာ ငြိမ်းသွားတာဘဲ၊ မီးချည့် နေရစ်တယ်လို့ ရှိသေးရဲ့လား... (မရှိပါဘုရား)။

ဟာ.... ထင်းတွေ့မရှိတော့ဘူး၊ မီးချည့်ကျန်နေရစ်တယ်လို့ ဆိုရမှာလဲ အတော်ခဲယဉ်းတယ်....(ခဲယဉ်းပါတယ်ဘုရား)။

ဘယ်ဟုတ်လိမ့်မတုံးတဲ့၊ မီးသွေးလောင်နေတာလဲ ထင်းဘဲ၊ မီးသွေးလဲ ထင်းဘဲ(တင်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

မီသွေးလဲ ဘာခေါ်ကြမလဲ....(ထင်းပါဘုရား)ဒါဖြင့် ထင်းရှိနေယင် ရဲနေဦးမှာဘဲ... (မှန်ပါ့) ကဲ.... ဒါတွေ့လဲ ပြောင်ပေါ့ ဆိုတော့ မီးကျန်သေးရဲ့လား... (မကျန်ပါဘုရား)။

မကျန်တော့ ဒီမီးဘယ်သွားသတုံးလို့ မောင်အောင်ချိုတို့၊

လှည့ဉ့်ကိုမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ .... (ဘယ်မှုမသွားပါ) ဒီနေရာတွင်ဘဲ လောင်စာသိမ်းရ မီးငြိမ်းသွားတာဘဲ....(မှန်ပါ့ ဘုရား)။

ဒါဖြင့် မီးနဲ့လောင်စာအဖြစ်မှ ဒီခန္ဓာကြီးလွတ်သွားတာဘဲ၊ ဒါနိဗ္ဗာန်ဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

မီးနဲ့ လောင်စာအဖြစ်မှ.... (ခန္ဓာကြီးလွတ်သွားပါတယ်) လွတ်သွားတာကို ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါ)အဲဒါကိုယ်တိုင် မြင်ရမယ်၊ ရှင်းပလား .... (ရှင်းပါပြီ) ကိုယ်တိုင်မြင်ရတဲ့လူဟာ နိဗ္ဗာန်အစစ်ဘဲဆိုတာ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ပုဏ္ဏားမေးတာကို ဘုရားက မီးနဲ့ လောင်စာနဲ့ ဖြေလိုက်တော့ နိဗ္ဗာန်ပေါ်မလာဘူးလား....(ပေါ်လာပါတယ် ဘုရား)။

ဒါကြောင့် နိဗ္ဗာန်တရားကို ဟောလိမ့်မယ်လို့ မနေ့ညကတည်းကစ,ပြီး ပြောခဲ့တယ်.... (မှန်ပါ့) မပြောခဲ့ဘူးလား.... (ပြောခဲ့ပါတယ်) အခုနိဗ္ဗာန်ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ မြို့နဲ့လား- ပြန့်လား- ရွာနဲ့ လားဆိုတာ မဟုတ်ဘူး....(မဟုတ်ပါ) မဟုတ်ပါဘူးတဲ့၊ ကိုယ်ချမ်းသာတာနဲ့ လောင်စာသိမ်းရ မီးငြိမ်းသွားတာ ကိုယ်မြင်လိုက်တာနဲ့ ကိုယ့် ကိစ္စပြီးတာကို နိဗ္ဗာန်ခေါ်တယ်....(မှန်ပါ့)ရှင်းပလား .... (ရှင်း ပါပြီဘုရား)။

ကိုယ့်အပူဇာတ်တွေ သိမ်းတာကို.... (နိုဗ္ဗာန်ခေါ်ပါတယ်) ကိုယ့်ခန္ဓာဒုက္ခသစ္စာကြီး မရှိတာကို ... (နိုဗ္ဗာန်ခေါ်ပါတယ်) နိုဗ္ဗာန်ခေါ်တာဘဲဆိုသဖြင့် အဲဒီရောက်အောင်သာ လုပ်ကြည့်ပါ (မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ့ ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကနေ လိုက်သွားနော်(မှန်ပါ့) မှန်းလိမ့်မယ် ဖြစ်ပျက်တွေကို....(မှန်ပါ့) နောက်ကျတော့ ဖြစ်ပျက်မလိုချင်တော့ ဆုံးမသွားပေဘူးလား...(ဆုံးသွားပါတယ်) ဆုံးသွားတဲ့အခါကျတော့ ခန္ဓာရှိသေးရဲ့လား .... (မရှိတော့ပါ)ဒါဖြင့် ထင်းမှ မရှိဘဲနဲ့ ကိလေသာမီးအတွင်းမှာ ရှိချင်လို့ကော .... (မရပါဘုရား)။

မရတော့ဘူးဆိုတော့ မီးရော ထင်းရောသိမ်းတာ၊ အဲဒါဘုရားက ဖြေလိုက်တယ်၊ပုဏ္ဏား မီးတွေ့ ဘယ်သွားကုန်သတုံးကွ၊ အို... လောင်စာမှ မရှိဘဲနဲ့ မီးမရှိတော့ဘူး .... (မှန်ပါ့) အဲဒါ ဘယ်သွားတယ်လို့ မင်းဖြေမတုံး· ဘယ်မှုမသွားဘူး၊ဒီကျတော့ သူ့အမှန်ရောက်ပြီ....(မှန်ပါ့) ဘယ်မှုမသွားဘူးဆိုတာသိပြီ။

အဲဒီတော့ မင်းက တဏှာ,မာန,ဒိဋ္ဌိချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးမေးတဲ့ဥစ္စာ မင်းအမေးလွဲမှန်း သိပလား .... (မှန်ပါ့) အမေးကော မလွဲဘူးလား .. (လွဲပါ့တယ်ဘုရား)။

မသွားဘဲ နေသလားလို့ မေးတာကော....(လွဲပါတယ်) သွားချည်တလှည့်လား- မသွားချည်တလှည့်လားလို့ မေးတာ

ကော-(လွဲပါတယ်) မသွားသည်မဟုတ် သွားသယောင်ယောင် ရှိသေးသလားလို့ မေးတာကော....(လွဲပါတယ်ဘုရား)။

အဲဒီလို ဖြေလိုက်တော့မှ ပုဏ္ဏားက သြော်.... နိဗ္ဗာန်ဆိုတာ လောင်စာသိမ်းရှိ မီးငြိမ်းတာကို ဆိုတာပါကလား.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာတုံး.... (လောင်စာသိမ်းရှိ မီးငြိမ်းတာပါ ဘုရား)။

ကိုယ့်ရှေ့တွင်နော်....(မှန်ပါ့)ကိုယ့်ရှေ့တွင်လောင်စာရော မီးရောပျောက်တယ်...(မှန်ပါ့) ဝမ်းထဲမှာကိလေသာမီးပျောက်တယ်....(မှန်ပါ့) ခန္ဓာလောင်စာကြီးလဲ ပျောက်သွားတယ်.... (မှန်ပါ့)အဲဒါ ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ခေါ်တော့ကို ဒါဖြင့်ဘုရားတဲ့ရှင်ကြီးဂေါတမမှပြောတဲ့ တရားဟာ မြို့နား ရွာနားမှာ အင်ကြင်းပင်ကြီးနဲ့တူတယ်တဲ့၊ မြို့နား- ရွာနားမှာလဲနေတဲ့ အင်ကြင်းပင်ကြီးဟာတဲ့ တော်တော် ကြာ-ကြာလာတော့ အရွက်လဲမရှိတော့ဘူး၊ အပွေးတွေလဲမရှိ တော့ဘူး၊ အကာတွေလဲ မရှိတော့ဘူး၊ အင်ကြင်းပင်ဆိုတာ ကျောက်ဖြစ်တာကိုးဗျ၊ ကျောက်ပင်ကိုးနော်၊ ခင်ဗျားတို့ဆီလဲ ပေါပါလိမ့်မယ်၊ အနှစ်ချည့် ကျန်ရစ်ခဲ့တယ်ပေါ့ဗျာ.... (မှန်ပါ့) အကာတွေ အတက်တွေ အပွေးတွေရှိသေးရဲ့လား .... (မရှိပါ ဘုရား)။

အဲ... ရှင်ကြီးဂေါတမဟောတဲ့ တရားကလဲ အနှစ်ချည့်ဟော တာတဲ့၊ ရွာနားပေါက်တဲ့ အင်ကြင်းပင်လိုဘဲတဲ့၊ နှစ်ကလေး

ကြာသွားတဲ့အခါကျတော့ အခက်လဲမရှိ အပေါ့းလဲရှာမတွေ့ ကျောက်တုံးကြီး တွေ့ရသလိုဘဲ အနှစ်ချည့် ဟောတာပါလို့ သူကချီးမွမ်းလိုက်တယ်.... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာလဲ သိသွားပြီ....(မှန်ပါ့)နိဗ္ဗာန်ရောက် ကြောင်းကော သိသွားပလား.... (သိသွားပါပြီ) ဒီဖြစ်ပျက်ရှု သွားရုံဘဲ...(မှန်ပါ့) ကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

ကံကို အတွေ့စဲ့လမ်းထားကြပုံ

ညအလုပ်ပေး တရားတော်

(၂၆ - ၄ - ၆၂)

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော့ ရဟန်းပေါင်းငါးရာ ခေါင်းဆောင်တပါးနဲ့ လာတယ်၊ ခေါင်းဆောင် ရဟန်းကြီးက နေပြီး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ဝတ်ချပြီး အရှင်ဘုရား- ပုစ္ဆာမေးပါရစေတဲ့၊ အေး — မင်းနေရာ မင်းထိုင်ပြီး သကာလ မေးတာပေါ့ကွာ ဆိုပြီးသကာလ ဘုရားက ခွင့်ပြုလိုက်တယ်။

ဥပါဒါနက္ခန္ဓာ ဆိုတာဟာ ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဆိုတာ မဟုတ်ဘူးလား လို့ ဆိုတော့ သာဓု-သာဓုကွာ ဟုတ်တယ်တဲ့၊ သူက သိပြီးသား မေးတဲ့ပုဂ္ဂိုလ်ကိုး... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာဟာ ဒီလိုကိုင်တွယ်လို့ ရတာကြီးက ရူပကွန္ဓာ၊ စားသောက်ကောင်းတယ်, နေထိုင်ကောင်းတယ်, နေထိုင်မကောင်းဘူး, အသင့်အဘင့်ရှိပါရဲ့၊ ဒါကော ဝေဒနာကွန္ဓာက ပြောနေတာ....(မှန်ပါ့)။

စားကောင်းရဲ့လား....၊ကောင်းတယ်လို့ဆိုတာ ဝေဒနာက ပြောနေတာနော်....သုခဝေဒနာက ပြောနေတာ....(မှန်လှပါဘုရား)။

မကောင်းဘူးလား....မကောင်းဘူး၊ ဒါက ဒုက္ခဝေဒနာက ပြောနေတာ၊ ဘယ့်နှယ်နေသတုံး... အသင့်အတင့် ရှိပါရဲ့ဆိုတာ ဥပေက္ခာဝေဒနာက ပြောနေတာ၊အဲဒါ ဝေဒနာကွန္ဓာ မှတ်ထား လို့ဂ....။

ကိုင်တွယ်လို့ ရတာက ရူပေကွန္ဓာ၊ကောင်းတယ်-မကောင်းဘူး အစရှိသည် ပြောနေတာက ဘယ်သူက ပြောနေတာတုံး... (ဝေဒနာကွန္ဓာကပါ) ဝေဒနာကွန္ဓာက ပြောနေတာ။

ကောင်းပြီ...ဒါကို စောစောစီးစီး မှတ်ထားပါ၊ နောက်က တကာတကာမတွေလဲ သေသေချာချာမှတ်ထား၊ ဝေဒနာက ပြောနေတာနော်....(မှန်ပါ့)။

ဒါဖြင့် အနီဘဲ၊ ဒါဖြင့် အပြာဘဲ၊ ဒါဖြင့် ဝါကြိုးဘဲ၊ ဒါ မှတ်ထားတာကလဲ သညာက မှတ်ထားတာ....(မှန်လှပါဘုရား)။

သြော်....ဒါဖြင့် အဖြူ-အနီ-အကြောင်-အကြားတွေ မှတ်

နေတာ ဘယ်သူက မှတ်တာတုံး....(သညာက မှတ်ပါတယ်) သညာက မှတ်တာ၊ သညာကွန္ဓာ၏ အလုပ်တွေနော်....(မှန်ပါ့) သညာကွန္ဓာ၏ အလုပ်တွေလို့ မှတ်ထားလိုက်စမ်းပါ။

ဩော်... ဒါဖြင့် ဒို့ သားမှတ်ထားတာ၊ သမီးမှတ်ထားတာ ပစ္စည်းမှတ်ထားတာတွေ ငါမှတ်ထားတာ ဘယ်သူ့သားသတုံးဆို တာမျိုး ဒီအမှတ်ကလေးတွေဟူသ၍ဟာ သညာကွန္ဓာ၏အလုပ် လို့ မှတ်ထားလိုက်တာပေါ့....(မှန်ပါ့)။

နေချင်တယ်, ပြောချင်တယ်, ဆိုချင်တယ်, သူများသွားခိုင်း တယ်၊ ဒါ စေတနာဆိုတဲ့ သင်္ခါရကွန္ဓာ၏ အလုပ်တွေ....နော်.... (မှန်ပါ့)။

ကျုပ်သိပါတယ်, မြင်လဲ မြင်ပါတယ်၊ ဒါကော မြင်တယ်ဆို တာ မြင်စိတ်က မြင်တာ၊ ကြားလဲ ကြားပါတယ်၊ ကြားစိတ် က ကြားတာ၊ နံလဲ နံပါတယ်၊ နံစိတ်က နံတာဆိုတော့ ဒါတွေ လျှောက်ပြောလို့ရှိယင် ဒါ ဝိညာဏကွန္ဓာ၏ အလုပ်ချည့်လို့ ဦးအောင်ဇံဝေက မှတ်ထား....(မှန်ပါ့)။

အဲဒီဥစ္စာ ခန္ဓာငါးပါးစုနေတော့ ဒါဟာ ခန္ဓာငါးပါး အခု တရားနာနေကြတာ မည်သူတွေ့တုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါးတွေ့ဘဲ၊ စုနေတဲ့ ခန္ဓာငါးပါးဘဲလို့ ဆိုလို့ရှိယင် မလွဲဘူးပေါ့ဗျာ....(မလွဲပါဘုရား)။

အဲဒီတော့ ဒီခန္ဓာငါးပါးသိထားတော့ ဘုရားက အေးကွာ တဲ့....ဒါဟာ ဥပါဒါနကွန္ဓာဆိုတာ ဒါဘဲတဲ့....။

ဒီခန္ဓာငါးပါးဟာလဲဘုရား....အားလုံးဘဲ ရှိပြီးနေကြတယ်၊ ဘယ်သူ့ကြောင့်မျှား ဖြစ်ပါလိမ့်မလဲတဲ့....၊ ဦးအောင်ဇံဝေ.... ဘယ်သူ့ကြောင့် ဖြစ်ပါလိမ့်မလဲလို့ ရဟန်းက မေးပြန်တယ် နော်....(မှန်ပါ့)ဒါက တဏှာဆန္ဒကြောင့် ဖြစ်တာကွ....တဲ့၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူ့ကြောင့် ဖြစ်သတုံး....(တဏှာဆန္ဒကြောင့် ဖြစ်ပါတယ်ဘုရား)။

တဏှာဆန္ဒကြောင့် ဖြစ်တာလို့ မှတ်ထားလိုက်စမ်းပါ....၊ သြော်....ဒို့ ခန္ဓာငါးပါးကြီးဟာ သီကြား,ဗြဟ္မာ,ဘုရားလာပြီး ဖန်ဆင်းတာလား၊ ဒို့တဏှာဆန္ဒကြောင့် ဖြစ်တာလား မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(တဏှာဆန္ဒကြောင့် ဖြစ်တာပါဘုရား)။

ဟုတ်တယ်,ဟုတ်တယ် ဦးဘသန်း မှတ်ထား၊ တဏှာဆန္ဒကြောင့် ဖြစ်နေတာ ဒီခန္ဓာကြီးဟာနော်....(မှန်ပါ့)။

တဏှာဆန္ဒက တခါတည်း လူဖြစ်ချင်တာလဲ တဏှာဆန္ဒဘဲ၊ နတ်ဖြစ်ချင်တာလဲ တဏှာဆန္ဒဘဲဆိုတော့ သြော်.... သူ့လက်ချက်တွေကြောင့် ဒီ ခန္ဓာငါးပါးပေါ်နေတာကိုးလို့ မှတ်ထားလိုက်စမ်းပါ။

ဦးအောင်ဇံဝေ....ဘယ်သူ့လက်ချက်ပါလိမ့်.... (တဏှာဆန္ဒ၏ လက်ချက်ပါဘုရား)တဏှာဆန္ဒ၏ လက်ချက်ကြောင့် ဒီခန္ဓာကြီး ပေါ်ပြီးသကာလ နေတယ်။

ရဟန်းက ဒါဖြင့် ဘုရားတဲ့....သုံးခုမြောက် မေးလိုက်တယ်

ဥပါဒါနကွန္ဒာလို့ ဆိုပါတယ်တဲ့....၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာက အတူတူဘဲလားတဲ့....မေးလိုက်တယ်နော်....(မှန်ပါ့)။

ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ ဥပါဒါန်က စွဲလမ်းတာ၊ ခန္ဓာက ခန္ဓာငါးပါး၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ အတူတူဘဲလားလို့.... မေးလိုက်တဲ့အခါကျတော့ ဟာ....မတူပါဘူးကွာ....တဲ့၊ ခန္ဓာက တခြား၊ ဥပါဒါန်က တခြားပါတဲ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာက....(တခြားပါ) ဥပါဒါန်က....(တခြားပါ) တခြားလို့ ဦးဘသန်း မှတ်ထားရမယ်နော်....(မှန်ပါ့)ခန္ဓာကတခြား၊ ဥပါဒါန်က တခြားလို့... မှတ်ထားလိုက်ပါတဲ့....။

နို့....ဘယ့်နှယ်ကြောင့် ဥပါဒါနကွန္ဒာလို့ ခေါ်နေသတုံးလို့ မောင်အောင်ချိုတို့က မေးလို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာကိုယ်စွဲလမ်းနေခြင်းကြောင့် ခုနင်က ဥပါဒါန်က စွဲလမ်းနေတယ်၊ ခန္ဓာကြီး ကျန်းမာဘို့, ခန္ဓာကြီး ချမ်းသာဘို့, ခန္ဓာကြီး လှလား မြောက်ဘို့, ခန္ဓာကြီး စားဘို့နဲ့ ဒီခန္ဓာကြီးစားဘို့ စွဲလမ်းမနေကြဘူးလား... (မှန်ပါ့)။

ဒီခန္ဓာကြီး နေဘို့ဆိုတော့ ခုနင်က တဏှာဆန္ဒက ဥပါဒါန်ဖြစ်ပြီး စွဲလမ်းနေတယ်ကွ....တဲ့၊ အဲဒီတော့ကို ဒီတဏှာစွဲလမ်းတဲ့ ပုဂ္ဂိုလ်ကျတော့ ဥပါဒါနကွန္ဒာလို့ ခေါ်ပါတယ်၊ ကိုယ့်ခန္ဓာကို ကိုယ်မစွဲလမ်းတဲ့ ပုဂ္ဂိုလ်ကျတော့လဲ ခန္ဓာလို့သာ ခေါ်တယ်၊ ဥပါဒါနကွန္ဒာလို့ မခေါ်နဲ့....(မှန်ပါ့)။

စ့ဲလမ်းတ့ဲပုဂ္ဂိုလ် ဘယ့်နှယ်ဆိုကြမလဲ... (ဥပါဒါနက္ခန္ဓာပါ ဘုရား) မစ့ဲလမ်းတ့ဲ ပုဂ္ဂိုလ်ကျတော့... (ခန္ဓာဘဲခေါ်ပါတယ်) ခန္ဓာဘဲဆိုပါတ့ဲ။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ ခန္ဓာငါးပါးရှိတာဘဲ၊ ဥပါဒါန်က ချုပ်နေတော့ ဥပါဒါနက္ခန္ဓာလို့ သူ့ကို မဆိုပါနဲ့ နော်...(မှန်ပါ့)ခန္ဓာရိုးရိုးဘဲ။

ဒို့ သူတကာတွေကတော့ကိုယ့်ခန္ဓာကလေးကို ဘယ်လောက် စ့ဲလမ်းသလဲဆိုတာ ခြင်ကလေးကိုက်လဲ မကိုက်ရအောင်၊ ယင်ကလေးဘဲ့လဲ မအု့ရအောင်၊ ဆာလောင်မွတ်သိပ်တယ်ဆိုလို့ ရှိယင် ကပျာကရာရှာကျေးတယ်...(မှန်ပါ့ဘုရား)။

ချမ်းတယ်· အေးတယ်ဆိုလို့ ရှိယင် ကပျာကရာ ခြုံပေးဆို တော့ ဒီခန္ဓာကြီး ဘယ်လောက်စ့ဲလမ်းနေတယ်ဆိုတာ ပေါ်ကြ ပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒို့ရှိတ့ဲခန္ဓာတော့ ဘာခန္ဓာခေါ်ကြမလဲ ခန္ဓာရိုးရိုး ဘဲ ခေါ်ကြမလား.စ့ဲလမ်းတ့ဲ ဥပါဒါနက္ခန္ဓာလို့ ခေါ်ကြမလား (စ့ဲလမ်းတ့ဲ ဥပါဒါနက္ခန္ဓာပါဘုရား)။

သြော် ဒါကြောင့် ဥပါဒါနက္ခန္ဓာဆိုတာကဘာတ့ဲ စ့ဲလမ်းတ့ဲ ပုဂ္ဂိုလ်မှာ ဥပါဒါနက္ခန္ဓာပါတ့ဲ၊ ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့်ဘုရားတ့ဲ ဥပါဒါနက္ခန္ဓာတော့ တပည့်တော် သဘော ကျပါပြီတ့ဲ၊ ဒီခန္ဓာဟာ အမျိုးမျိုးပြားတာကတော့ နတ်ခန္ဓာ, ပြဟ္မာခန္ဓာ, တိရစ္ဆာန်ခန္ဓာ အမျိုးမျိုးပြားတာကတော့ ဘယ့် နှယ်ကြောင့်တုံး· ခန္ဓာက အတူတူဘဲလား ဆိုတော့ မတူ

ဘူးကွာ....တဲ့၊ခန္ဓာအမျိုးမျိုး ပြားတယ်....တဲ့၊ငါးပါးချင်းပေမဲ့ ပုံသဏ္ဌာန် ကွာခြားတယ်ကွ...တဲ့။

ဘယ့်နှယ်ကြောင့် ကွာခြားသတုံးဆိုတော့ ခွေးကလဲ သူ့ခွေးအမေနဲ့ ခွေးအဖေနဲ့ မခွဲချင်ဘူး- ခွေးမနဲ့ မခွဲချင်ဘူး၊ ခွေးထီးနဲ့ မခွဲချင်ဘူး၊ အဲဒီတော့ သူ့သေသည်၏အခြားမဲ့ဥ် သူစွဲလမ်းတဲ့အတိုင်းဘဲ နောက်ခွေး ပြန်ဖြစ်တယ်၊ လူလဲ ဒီအမေ, ဒီအဖေနဲ့ မခွဲရဟုလို့၏....ဆိုတဲ့ ပုဂ္ဂိုလ်များကျတော့ ဒီအမေ, ဒီအဖေဆီဘဲ ကုသိုလ်ဒါနကလဲ ပို့လိုက်မယ်ဆိုယင် ဦးအောင်ဇံ ၀ေ ရောက်ချင်ရောက်တယ်....(မှန်ပါ)။

အဲဒီတော့ ခန္ဓာဟာ အတူတူနေပါ့မလား၊ အများကြီး ပုံသဏ္ဌာန်တွေ မပြားပေဘူးလား.... (ပြားပါတယ်ဘုရား)။

အဲဒါကြောင့် ပုံသဏ္ဌာန်တွေ ပြားတာကတော့ကို ကိုယ့်အလိုအတိုင်း ပြားကြတာဘဲကွ....တဲ့၊ ဘယ်သူ ဖန်ဆင်းတာမှ မဟုတ်ဘူး....တဲ့... (မှန်ပါ) ကိုယ့်အကြိုက်အတိုင်းပြားတာ.... (မှန်ပါ)။

ခွေးကြားကလေးဖြစ်တာ မောင်အောင်ချို မြင်ဘူးမှာပေါ့ ကွ....(မြင်ဘူးပါတယ်ဘုရား) ခွေးကြားကလေးဟာ သူများကပန်းချီဆေးရေးလို့ ကြားတာလား-၊ သူ့ကိုယ်က ကြားချင်တဲ့စိတ်ကလေးကြောင့်, ကြားချင်တဲ့တဏှာကြောင့် သူမွေးလာတဲ့အခါ ခွေးကြားကလေးဖြစ်တာလားမေးယင် ဘယ့်နှယ်ဖြေပါ့မလဲ... (သူ့ကိုယ်က ကြားချင်လို့ ခွေးကြားကလေးဖြစ်တာပါဘုရား) သူ့ကိုယ်က နောက်က တကာတကာမတွေ ကြားချင်လို့ ကြားတာ....(မှန်ပါ)။

သူ့တဏှာက ကြားချင်တယ်.... (မှန်ပါ့) ငါ-နောက်တခါ ခွေးဖြစ်ရလို့ရှိယင် ခွေးကြားကလေး ဖြစ်ရပါလို့၏-ခွေးကြောင်ကလေးဖြစ်ရပါလို့၏။ အဲဒါ့ကြောင့် ခန္ဓာတမျိုးတည်း မမှတ်ပါနဲ့ကွာ...တဲ့၊ သူ့ဆန္ဒကြောင့် ခန္ဓာအမျိုးမျိုးပြားတယ်လို့ ဦးအောင်ဇံ၀ေ မှတ်ထားရမယ်...(မှန်ပါ့)။

နောက်က တကာတကာမတွေ လူတွေ ရုပ်အဆင်းသဏ္ဌာန်မတူတာကော သိကြပလား....(မှန်ပါ့ဘုရား) ဒါတွေလဲ ကိုယ့်အကျိုးပေးအတိုင်း ဖြစ်နေကြတယ်၊ဒါ့ကြောင့် ခန္ဓာဟာ ဒီလို ပြားပါတယ်....တဲ့....(မှန်ပါ့)။

ကောင်းပြီ-တဲ့၊ ဒီခန္ဓာတွေတော့ ဘယ်သူက ဖြစ်စေတာတုံး၊ အို... ရူပကွန္ဓာကရော မဟာဘုတ်လေးပါး ပထဝီ, အာပေါ, တေဇော,ဝါယော၊ ဥပါဒါန်ရုပ်တွေ ဖြစ်စေတာပေါ့....၊ ဝေဒနာကွန္ဓာတော့" ဖဿပစ္စယာ ဝေဒနာ " ဆိုတဲ့ ဖဿက ဖြစ်စေတာဘဲ၊ သညာကွန္ဓာလဲ ဖဿက ဖြစ်စေတာကွ၊ သင်္ခါရကွန္ဓာလဲ ဖဿက ဖြစ်စေတာကွ၊ စိတ်ကျတော့ကွာ....တဲ့ " နာမရူပပစ္စယာ ဝိညာဏံ "လို့ ဆိုတာကလေး မှတ်ထားလိုက်ပါ....၊ နာမ်,ရုပ်ကြောင့် စိတ်ဖြစ်တာ- ဝိညာဏကွန္ဓာ ဖြစ်တာဘဲနော်.... (မှန်ပါ့)။

ရှင်းပြီဘုရား...တဲ့၊ ဒါဖြင့် ရှင်းပါပြီ...တဲ့၊ ဒီလို ရှင်းတဲ့ အခါကျတော့ တဏှာ,မာန,ဒိဋ္ဌိချုပ်အောင် ဘယ့်နှယ်လုပ်ရမှာတုံး....တဲ့....(မှန်ပါ့) ခန္ဓာဖြစ်စေတဲ့ တဏှာ,မာန,ဒိဋ္ဌိတွေ ချုပ်

အောင်တော့ ဘယ့်နှယ်လုပ်ရမှာတုံး....တဲ့၊ ဒါတော့ကွာ....တဲ့ မင်းတို့ ခန္ဓာကိုယ် ဥာဏ်စိုက်ပြီးသကာလ ဝေဒနာကံလေးပေါ်လာလဲ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုရမယ်.... (မှန်ပါ့) သညာကလေးပေါ်လာကော.... (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုရပါမယ်ဘုရား) စေတနာကလေး ပေါ်လာယင်ကော....(စေတနာကိုရှုရပါမယ်ဘုရား)။

ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ဘူးလို့ရှုပေး၊ စိတ်ကလေး ပေါ်လာယင်ကော- (စိတ်ကလေးဟာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုပေးရပါမယ်ဘုရား) အေး....ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုပေးလိုက်။

ဩော်... ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဟူး ဆိုတော့ အကုန် အနတ္တဖြစ်သွားတယ်....(မှန်ပါ့ဘုရား) မဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား) ဦးဘသန်း ကျေနပ်ပလား... (ကျေနပ်ပါပြီဘုရား) အဲဒါက ရှုနည်းကို သင်တာပါ...(မှန်ပါ့)။

တကာတကာမတို့ ဝေဒနာပေါ်လဲ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ဘူးလို့ ကြည့်ပေး၊ သညာပေါ်လဲ ငါကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ ကြည့်ပေး၊ သို့သော် စာမို့လို့ အကုန် ပြောနေပါတယ်၊ တခုခုမှတ်ပြီးကြည့်ပါ၊ ဘတိပဋ္ဌာန်လေးပါး ထဲက တပါးပါးကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့ ကြည့်ပေး...(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အလုပ်သမားတွေဘဲ....တဲ့ ဒါလောက် ဆိုယင် ရိုပ်မိပါပြီ၊

စိတ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ စိတ်ကလေး ပေါ်တိုင်း,ပေါ်တိုင်း သြော်-ငါ့ကိုယ်လဲ မဟုတ်ဘူး-ဆိုတော့ ရှင်းမနေဘူးလား.... (ရှင်းပါ ဓာယ်ဘုရား)။

ဝေဒနာကလေးပေါ်လာလဲ ဦးဘသန်း ဘယ့်နှယ်ရှုမယ်.... (ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ မဟုတ်ဘူးလို့ ရှုရပါမယ်ဘုရား) ငါ့ကိုယ်လဲ မဟုတ်ဘူး၊ ငါ့ဟာကော.... (မဟုတ်ပါဘုရား) ငါ့ဥစ္စာကော... (မဟုတ်ပါဘုရား) မဟုတ်ဘူး ဒါ ဝေဒနာကလေးဘဲ၊ ဝေဒနာဆိုတော့ အနိစ္စဘဲ-အနတ္တဘဲ၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒါ မင်းတို့ရှုနည်းပါ၊ ယနေ့ ရဟန်းကမေးလို့ ဘုရားက သင်ပေးတာ... (မှန်ပါ့) ဘုရားက ဒီလိုရှု...လို့ ဦးဘသန်း ခိုင်းတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရားက ဒီလိုရှုလို့ ခိုင်းတဲ့အတွက် ခင်ဗျားတို့က ဒီလိုရှုရုံဘဲ (မှန်ပါ့) သြော်....ငါ့ကိုယ်လဲ မဟုတ်ဘူးဆိုတဲ့ဥစ္စာလဲ တဏှာ သေတာဘဲ.... (မှန်ပါ့) ငါ့ဟာလဲ မဟုတ်ဘူးဆိုတာ မာနသေတာနော်...(မှန်ပါ့) ငါ့ဥစ္စာမဟုတ်ဘူးဆိုတာက ဒိဋ္ဌိသေတယ်-(မှန်ပါ့)။

ဒါ့ကြောင့် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှု-ရှုပေးရမယ် ဥာဏ်နဲ့တည့်ပြီးတော့ပေါ့ဗျာ...(မှန်ပါ့)။

အဲဒီလိုရှုလိုက်လို့ရှိယင် တဏှာ မာန ဒိဋ္ဌိဟာ လာဇသးရဲ့ လား.... (မလာပါဘုရား) မလာတော့ဘူး သေသွားတာဘဲ

ဆိုတော့ ယနေ့ည ရဟန်းတမေးလို့ ဘုရားက ရှုနည်းပါ သင်တာကိုတော့ဖြင့် ရှင်းသွားပြီလို့ မှတ်ရမယ်....(မှန်ပါ့)။

ရှင်းသွားတော့ကို ဒီအထဲမှာ ရဟန်းငါးရာတို့တွင် ရဟန်းတပါးက ဩော်...ခန္ဓာကိုယ် တကိုယ်လုံးမှာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ တခုမှမရှိဘူးဆိုယင် ဘာမျှား အားကိုးရပါ့မလဲ....လို့ ဗုဒ္ဓဖေါက်လာတယ်....(မှန်ပါ့)။

ဦးဘသန်း ဘာဖြစ်လာသတုံး....(ရဟန်းတပါးက ဗုဒ္ဓဖေါက်လာပါတယ်ဘုရား) ဗုဒ္ဓဖေါက်လာတယ်၊ အကုန် ခန္ဓာငါးပါးကို ဘုရားက ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူးလို့ ရှုရမယ်ဆိုတော့ ဘာမျှား အားကိုးရပါ့မလဲလို့ အားကိုးရှာတာဘဲ....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အကုန် ခန္ဓာငါးပါးကို အနတ္တ... လို့ ဘုရားက ဟောလိုက်တယ်၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူး- အကုန်အနတ္တချည့်ဘဲလို့ ဟောလိုက်တယ်မဟုတ်လား....(မှန်ပါ့ဘုရား) အဲဒီတော့ ရဟန်းတပါးက ဘာဖြစ်လာသတုံး.... (ဗုဒ္ဓဖေါက်လာပါတယ် ဘုရား) ဘယ်လို ဗုဒ္ဓဖေါက်သတုံး.... (ဘာ အားကိုးရမတုံးလို့ ဗုဒ္ဓဖေါက်ပါတယ်ဘုရား)။

ဘာ အာကိုးရမှာတုံး....တဲ့၊ ခန္ဓာငါးပါး တပါးပါးမှ အားကိုးစရာမရှိလို့ ရှိယင် ဘာအားကိုးရမှာတုံးလို့ ဗုဒ္ဓဖေါက်တယ်၊ ဘုရားက ဟောရင်းသိတယ်၊ ဩော်...ဒီအထဲမှာ အဝိဇ္ဇာမျှားပြီး ဥာဏ်နည်းတဲ့ပုဂ္ဂိုလ်က ဗုဒ္ဓဖေါက်နေပါပေါ့လား....တဲ့- (မှန်ပါ့ဘုရား)။

" အဝိဇ္ဇာ အဝိဇ္ဇာဂတော၊ တဏှာဝိပတေယျေန စေတသာ သတ္ထုသာသနံ အတိဓါဝိတ္ဝါ မညေ"။

ပညာကမရှိ-အဝိဇ္ဇာက ဖုံးလွှမ်းနေပါပေါ့လားလို့ ဘုရားက သိတယ်.... (မှန်ပါ့ဘုရား) ရှင်ကြားပလား.... (ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါး အကုန် အနတ္တဖြစ်နေတော့ ဦးဘသန်း အားကိုးစရာ မရှိဘူးတဲ့၊ ဘာမျှား အားကိုးရပါ့မတုံးလို့ ဖြစ်လာတယ်....(မှန်ပါ့)။

ခန္ဓာငါးပါး ဘာမှ အားကိုးစရာမရှိဘူးတဲ့၊ အကုန် အနတ္တတွေ ဖြစ်နေပေါ့ဘဲ....တဲ့၊ ဘာမျှား အားကိုးရပါ့မတုံးလို့ ဗေ့ဒဖေါက်လာတယ်....(မှန်ပါ့)။

ဗေ့ဒဖေါက် လာတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သိတယ်၊ ပညာကလဲမပါ- အဝိဇ္ဇာကလဲ ဖုံးပြန်- တဏှာကလဲ ကြီးစိုးနေတဲ့ပုဂ္ဂိုလ်မို့ ငါက အနတ္တတွေ အားမကိုးကောင်းဘူးလို့ ဟောလိုက်တာ....၊ သူက ဘယ်ဟာ အားကိုးရပါ့မလဲ ဆိုပြီး အားကိုးရှာပြန်ပြီ၊ အဝိဇ္ဇာမျှားတဲ့ပုဂ္ဂိုလ်နော်.... (မှန်ပါ့ဘုရား)။

အဝိဇ္ဇာကမျှား တဏှာကကြီးစိုး, ပညာက မဲ့နေတဲ့ ပုဂ္ဂိုလ်ဘဲတဲ့ ဒီရဟန်း ဒါ့ကြောင့် အားကိုးရှာနေတယ်တဲ့ .... (မှန်ပါ့ဘုရား)။

ဒီတွင်မှ ဒီရဟန်းကဘဲ သူ့ဟာသူ ဆုံးဖြတ်ချက်ချတယ်၊ ကဲလေ .... ကိုယ်လုပ်ထားတဲ့ကံဘဲ အားကိုးရုံရှိတော့တယ်၊ ကံ အားကိုးလိုက်တယ်...(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာအားကိုးသလဲ...(ကံအားကိုးပါတယ်ဘုရား)ကံအားကိုးလိုက်တယ်။

ဦးဘသန်းကြီး ဘာအားကိုးလိုက်သလဲ.... (ကံအားကိုးလိုက်ပါတယ်ဘုရား) ကံကိုအားကိုးလိုက်တယ် ရဟန်းကဲ့ ကံဘဲ ငါ့ဟာလုပ်ဘို့ရှိတော့တာဘဲဆိုတော့ ကံကိုကျတော့ သူ အနတ္တမယူတော့ဘူး... (မှန်ပါ) ယူသေးရဲ့လား....(မယူပါ)ဒါဖြင့် သူဒီဌိ ဖြစ်သွားပြီ....(မှန်ပါဘုရား)။

ဒီဌိ သေသေချာချာဖြစ်သွားပြီ၊ ကံကို ငါ့ဟာလုပ်ပစ်လိုက်တယ်....(မှန်ပါဘုရား)။

ဒါက ဒီနေ့ညမှာ ပြောရမည့်စကားက သေးသေးကွေးကွေး စကားလို့ ဦးအောင်ဇံ ဝေက မမှတ်လိုက်နဲ့....(မှန်ပါဘုရား)။

အခု ဒီရဟန်းက ဘာကိုငါ့ဟာလုပ်ပစ်လိုက်တာတုံး....(ကံကို လုပ်ပစ်လိုက်ပါတယ်ဘုရား)။

ကံကို ငါ့ဟာ လုပ်ပစ်လိုက်တယ် ဆိုတော့ သူဟာ ကံကို မပျက်စီးဘူးယူလိုက်တဲ့အဓိပ္ပါယ်မရောက်ဘူးလား·ရောက်သလား (ရောက်ပါတယ်) ရောက်တယ်ဆိုတော့ အတ္တလား·အနတ္တလား (အတ္တပါဘုရား) အတ္တဖြစ်သွားတယ်။

အဲဒီတော့ အခု မင်းတို့ အခုဆရာဘုန်းကြီးက လမ်းခင်းပြီး ပြောလိုက်တဲ့အတွက် ဩော် .... သူဟာ ကံကိုအတ္တယူသွားပြီ၊ သဗ္ဗေမမှာ အနတ္တာဆိုတာ အလုံးစုံ အနတ္တဖြစ်ပါလျက်သားနဲ့ ကံကိုသူအတ္တလို့ ခိုင်တယ်,မြဲတယ်ယူသော်ကြောင့် ကံဘဲအားကိုးရတော့မယ်....(မှန်ပါ) မလာဘူးလား.... (လာပါတယ်ဘုရား)။

တရားဟောရင်း ဗုဒ္ဓဖေါက်လာတာကို၊ (မှန်ပါ) တရားဟောရင်း ဗုဒ္ဓဖေါက်ပြီး ကံကိုဘဲအားကိုးတော့မယ်၊ ကံကိုဘဲအားကိုးတော့မယ်တဲ့ ဘာမှ အားကိုးစရာမရှိတော့ဘူးတဲ့ဆိုတော့ ဒါဟာ ဒီတကာတကာမတွေ့အပေါ်မှာ ဒီစကားဟာ ရောက်လာတယ်၊ ဦးအောင်ဇံ ဝေတို့ အပေါ်မှာ ရောက်လာတယ် .... (မှန်ပါဘုရား)။

ခင်ဗျားတို့လဲ ဒီဆရာသမားနဲ့ မတွေ့ခင်တုန်းက ကံဘဲအားကိုးရမှာဘဲ၊ (မှန်ပါ) မလာကြဘူးလား .... (လာပါတယ်ဘုရား)။

ဘာအားကိုးရမယ်....(ကံကိုအားကိုးရပါမယ်)ကံဘဲအားကိုးရမယ်ဆိုတော့ ကံကမပျက်တော့ဘူး ဖြစ်နေတယ်၊ ကံကအမြဲရှိနေတဲ့ အဓိပ္ပါယ်မရောက်ဘူးလား .... (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ကံအပေါ်မှာအနိစ္စလဲမရှိဘူး, ဒုက္ခလဲမရှိဘူး, အနတ္တလဲမရှိဘူး၊ ရှိသေးရဲ့လား....(မရှိပါ) ဒါဖြင့် ကံကိုခိုင်မြဲတယ် ယူလိုက်တဲ့အတွက် အတ္တဒိဋ္ဌိသွားဖြစ်တယ် (မှန်ပါဘုရား) သွားပြီကွ၊ တရားနာရင်းကို ဒိဋ္ဌိလာဖြစ်တယ်(မှန်ပါ) ဦးဘသန်းဘာလာဖြစ်နေသလဲ.... (တရားနာရင်း အတ္တဒိဋ္ဌိဖြစ်ပါတယ်) အတ္တဒိဋ္ဌိဖြစ်တယ် တရားနာရင်းနော်....(မှန်ပါဘုရား)။

ဒါဖြင့် လှည့်နဲ့တို့လူစု၊ မောင်အောင်ချိုတို့လူစု ဘာမျှားအားကိုးနေကြသတုံးမေးယင် ဘယ်နှယ်ဖြေမလဲ ရှေးက ရှေးက- (ရှေးကကံကို အားကိုးနေကြပါတယ်) သြော်...ကံ့ကဟော

မပျက်ဘူးဆိုတဲ့ အဓိပ္ပါယ်ပေါ့ဗျာ.... (မှန်ပါ) ဒါဖြင့် ကမ္မဝါဒီ ဒိဋ္ဌိ ဦးဘသန်းတို့....(မှန်ပါဘုရား)။

ဘယ်နှယ်ဆိုကြမလဲ....(ကမ္မဝါဒီ ဒိဋ္ဌိပါ) ကမ္မဝါဒီဒိဋ္ဌိကတော့ အယူရှိပြီး ဒိဋ္ဌိဖြစ်နေတယ်ဆိုတော့ အခုဒီဟာ သံယုတ်ပါဠိ တော်မှာ ဒီရဟန်း ဗုဒ္ဓဝေါဟာရ်နေပြီတဲ့ ဘုရားက....(မှန်ပါ)။

ကံကလဲ အနတ္တာ၊ အနိစ္စ, ဒုက္ခ, အနတ္တထဲ သူမပါဘူးလား....(ပါ-ပါတယ်) သူပျက်မသွားဘူးလား....(ပျက်ပါတယ်) သူလဲ အခု စေတနာပေါ် အခုပျက်တာ၊ စေတနာနဲ့ ကံနဲ့ အတူတူ၊ ပျက်နေတာ.... (မှန်ပါဘုရား)။

ပျက်တာကို သူက ပျက်တယ်လို့ မထင်တော့ ကံကိုဘဲအား ကိုးရမှာဘဲတဲ့၊ အလုံးစုံအားကိုးစရာ ရုပ်လဲမရှိဘူး၊ ဝေဒနာလဲ အခံးမကိုးနဲ့ ၊ ဂါ့ကိုယ်, ဂါ့ဟာ, ဂါ့ဥစ္စာမဟုတ်ဘူးလို့ ရှုဆိုတော့ အားကိုးစရာမရှိတော့ဘူး၊ အဲဒီတော့ ကံဘဲအားကိုးမှတော်တော့ မယ်ဆိုတဲ့ စိတ်ကူးပြောင်းပြီး အားကိုးလိုက်တယ်နော်....(မှန်ပါ ဘုရား)။

ဒါ ရဟန်းက အားကိုးတာနော် ဘုရားလက်ထက်က .... (မှန်ပါ) မောင်အောင်ချို လွဲသလား-မှန်သလား....(လွဲပါတယ် ဘုရား) နောက်က တစာတကာမတွေ.... (လွဲပါတယ်ဘုရား)။

ကံကို ခိုင်တယ် မြဲတယ်ဆိုတဲ့ အတ္တယူပစ်လိုက်တယ်(မှန်ပါ) သိပ်နာမသွားဘူးလား....(နာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ သာမညဆရာသမားနဲ့ တွေ့လို့

ရှိယင်ဖြင့် ကြားဘူးနားဝကလေး ရှိသလောက်နဲ့ ဆိုယင် ခင်ဗျား တို့လဲ ကံအားကိုးနေတဲ့ ပုဂ္ဂိုလ်တွေဘဲ... (မှန်ပါ့) မဆိုထိုက်ဘူး လား....(ဆိုထိုက်ပါတယ်ဘုရား)။

ကံအားကိုး နေကြတာဘဲ၊ နောက်က တကာတကာမတွေ ဘာအားကိုးနေကြသလဲ... (ကံအားကိုးနေကြပါတယ်ဘုရား)။

မိုးကုတ်မှာ သာဆိုးသေးတယ်....(မှန်ပါ့) ကံကျောက်မပါ သေးဘူး သာဆိုးသေးတယ်၊ ကံကျောက် မပါသေးဘူးတဲ့ ဦးဘသန်းရဲ့...(မှန်ပါ့ဘုရား)။

အဲဒီတော့ ကံကျောက် မပါသေးဘူး ဆိုသဖြင့် ကံဟာ ခိုင်မြဲတယ်၊သူ့စောင့်နေတယ်၊ သူ့ကိုအကျိုးပေးမလို့ ဒီအဓိပ္ပါယ် ကော မရဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့် သူ့အယူအတိုင်းဆိုယင် ကံဟာ ခိုင်မြဲတယ်, အစိုးရ တယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ်....(မှန်ပါ့)မဟုတ်ဘူးလား (ရောက်ပါတယ်ဘုရား)။

ပြီးတော့ ခင်ဗျားတို့ သိထားတာကလဲ ခက်လိုက်တာက ပြင်ပေးမည့်လူက မရှိတော့ ကံအမိ,ကံအဖဘဲ....တဲ့၊ လာပြန်ပြီ.... (မှန်ပါ့)လာပြန်ပြီ မပြတ်ဘူးယူထားတာက... (မှန်ပါ့ဘုရား)။

ကံအမိ,ကံအဖဘဲ ဒီကံရှိမှ ဒီလိုစံနေရမှာဘဲဆိုတော့ သူက သေဟဲ့ဆို သေလိုက်ပေါ့ဗျာ၊ သူက 'ရှင်ဟဲ့ဆို- ရှင်လိုက်၊ သူက ကျောက်ကြီးရလိုက်ဆိုယင်- ရလိုက်။

အုံမာ...ကံကလုံးဝမပျက်တော့ဘူး၊ နောက်က တခါတည်း

တယောက်ကစောင့်ပြီးသကာလ ပြင်ပေးနေသလိုဘဲ.... (မှန်ပါ!) အဓိပ္ပါယ် ဒီမရောက်ကြဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ကံကို သူ့အယူအတိုင်းဆိုလို့ရှိယင် ကံအမိ, ကံအဖ ယူထားတဲ့ပုဂ္ဂိုလ်များမှာ ခိုင်တယ် မြဲတယ်ဆိုတဲ့ သဘောပါ-မပါ....(ပါ-ပါတယ်) ပါလို့ရှိယင် အဲဒါ ကမ္မဝါဒီဒိဋ္ဌိလို့မှတ်လိုက်ပါ....(မှန်ပါ့ဘုရား)။

ဒီနေ့ညမှာ ဒါ အထူးဘဲ ....(မှန်ပါ့ဘုရား) ရှင်းရဲ့လား.... (ရှင်းပါတယ်ဘုရား) ဘာဒိဋ္ဌိ ဖြစ်နေသလဲ...(ကမ္မဝါဒီ ဒိဋ္ဌိပါ ဘုရား)။

မပျက်ဘူး ယူထားတယ်၊ ဘုရားက အလုံးစုံအနတ္တပါလို့.... ဟောလိုက်ရက်သားနဲ့ အနတ္တအကုန်ဖြစ်နေလို့ရှိယင် ကံဘဲ ကိုယ်လုပ်ထားတာကလေး အားကိုးရုံရှိတော့တာဘဲလို့ ဖေါက်လာတယ်၊ ကံကို ခိုင်တယ်ယူထားတာ၊ ဦးအောင်ဇ ဝေတ္ဌိလဲ ဖေါက်ခဲ့လှပါပြီ....(မှန်ပါ!)။

နောက်က တကာတကာမတွေကော .... (ဖေါက်ခဲ့ပါတယ်) ဖေါက်ခဲ့လှပါပြီ၊ ဦးဘသန်းကြီးကော.... (ဖေါက်ခဲ့ပါတယ်.... မိုးကုတ်မှာဆိုတော့ ကံလိုက်တယ်လို့ .... ပြောနေကြပါတယ် ဘုရား)။

ကံလိုက်တယ်လို့ ပြောနေတော့ သူက ပျက်ကို မပျက်တော့ဘူး၊ ဟင်....ကံက နောက်က လူသွားရာ အရိပ်ပါသလို့ လိုက်နေတယ် ဦးဘသန်းကြီး....(မှန်ပါ!)။

ဒါဟာ မန္တ္တလေးမှာလဲ ဒီလိုဘဲ....(မှန်ပါ-တပည့်တော်တို့လဲ ဒီလိုဘဲ အောက်မေ့ခဲ့ပါတယ်ဘုရား) ဒီလိုဘဲ အောက်မေ့တာ ဘဲ....(မှန်ပါ)။

လှယ်ပါတယ်....တဲ့၊ ကံဟာ စေတနာမဟုတ်လား၊ဗျ....(မှန်လှပါဘုရား) သင်္ခါရကွန္ဓာ၊ ခန္ဓာဖွဲ့ယင် သင်္ခါရကွန္ဓာဆိုတော့ ရူပကွန္ဓာလဲ အနိစ္စ,ဒုက္ခ,အနတ္တဘဲ၊ဝေဒနာကွန္ဓာကော...(အနိစ္စ ဒုက္ခ အနတ္တပါဘုရား)။

သညာကွန္ဓာကော...(အနိစ္စ ဒုက္ခ အနတ္တပါဘုရား) သင်္ခါရကွန္ဓာကော...(အနိစ္စ ဒုက္ခ အနတ္တပါဘုရား)။

ဘယ်မှာရှိလို့တုံး၊ အနစ္စ ဒုက္ခ အနတ္တ ရောကသွားတာလား၊ ခင်ဗျားတို့က စောင့်နေတယ်လို့ ထင်နေလို့ ခက်နေတာ... (မှန်ပါဘုရား)။

ဦးအောင်ဇ ဝေတို့က စောင့်နေတယ်လို့ ထင်တယ်...(ထင်ပါတယ်ဘုရား) နောက်က တကာတကာမတွေကော.... (ထင်ပါတယ်ဘုရား)။

စောင့်နေတယ်လို့ ထင်တော့ မပျက်တော့ဘူးပေါ့ သူကား မဆိုးဝါးဘူးလား....(ဆိုးဝါးပါတယ်ဘုရား) သူတို့က မပျက်တော့ဘူး ယူလိုက်တော့ ဒါဟာ အတ္တဒိဋ္ဌိ သွားဖြစ်ပါတယ်.... (မှန်ပါဘုရား) ဦးဘသန်း.... သဘောကျပလား .... (ကျေးဇူးဘုရား)။

စောင့်နေတယ်လို့ ယူလို့ရှိယင်....(အတ္တဒိဋ္ဌိပါဘုရား) အတ္တ

ဒီဌိပေါ့...၊ ခိုင်တယ်,မြဲတယ်ယူပစ်လိုက်တယ်...(မှန်ပါ) နောက်က တကာတကာမတွေကော သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။

ခင်ဗျားတို့ ဗေဒဖေါက်နေတာ ဒီဥစ္စာ၊ ခုနင်က ရဟန်း ဗေဒဖေါက်တာလဲ မှန်တာဘဲ၊ ခင်ဗျားတို့လဲ ဒီ ဗေဒဖေါက်တဲ့အထဲ အပါအဝင်တွေဘဲ....(မှန်ပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကံဘဲ၊ သွားလေရာရာမှာ ကံသာလျှင် အမိ,ကံသာလျှင်အဖ၊ လူသွားရာ အရိပ်ပါသလို သူက နောက်က ပါနေတာဘဲလို့.... ဦးအောင်ဇ ဝေ ယူထားတယ်...(မှန်ပါဘုရား) ပြောလဲ ပြောနေကြတာဘဲ....(မှန်ပါ)။

ကိုင်း...ဒါဖြင့် ကံကို ခိုင်တယ်လို့ ဒီရဟန်းတော့ ယူပြီနော်...(မှန်ပါ)မပျက်ဘူးလို့ ယူတဲ့အဓိပ္ပါယ် မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) ရောက်ဘော့ မင်းတို့ ဝိပဿနာရှုတာနဲ့ ကိုက်သေးရဲ့လား....(မကိုက်ပါဘုရား)။

မကိုက်တော့ ဒီ,ပြင်ဟာတွေတော့ အနတ္တ၊ ကံတော့ အတ္တ ဖြစ်နေတယ်....(ဖြစ်နေပါတယ်ဘုရား)။

တခြားသော တရားတွေတော့.... (အနတ္တပါဘုရား)ကံကျတော့....(အတ္တဖြစ်နေပါတယ်ဘုရား) အတ္တခိုင်တယ်,မြဲတယ် ယူပစ်လိုက်တယ်....။

အဲဒီတော့ကိုတဲ့ ဒါဟာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက

လဲ "အဝိဒ္ဒါ အဝိဇ္ဇာတော (ပ) သတ္တုသာသနံ အတိဝေဝိတဗ္ဗံ မညေ"လို့ ဘုရားက ညည်းလိုက်တယ်၊ အဝိဒ္ဒါ=ပညာမရှိတဲ့.... ပုဂ္ဂိုလ်ကွ...တဲ့.... ပျက်နေတဲ့တရား ပျက်မှန်းမသိတဲ့ ပုဂ္ဂိုလ်.... (မှန်ပါ)။

'အဝိဇ္ဇာဂတော'တဲ့ သူ့မှာ အဝိဇ္ဇာဖုံးလွှမ်းနေတော့ ကံပျက်တာလဲ သူ မမြင်ဘူးတဲ့....(မှန်ပါ) အခု လက်မြောက်ချင်တဲ့ ကံကလေးဟာ မြောက်ပြီးယင်ဘဲ မြောက်လိုတဲ့ ဝေဒနာရှိသေးရဲ့လား....(မရှိပါဘုရား) ချလိုက်ယင်ကော ချပြီးယင် စေတနာကလေးဟာ ရှိသေးရဲ့လား...(မရှိပါဘုရား)။

ဒါဖြင့် ကံလဲ အနိစ္စ ဒုက္ခ အနတ္တပေါ့... မဟုတ်ဘူးလား... (မှန်ပါဘုရား)။

အဲဒါ ခင်ဗျားတို့က ယူထားလိုက်တာက ကံဘဲ အားကိုးရမှာဘဲ၊ သူတခု ကျွန်တော့်တာဘဲ မြန်မာပြည် တခုလုံးမှာ ဗုဒ္ဓဘာသာဝင်ဆိုပြီး ကမ္မဝါဒီ ဒိဋ္ဌိက သိပ်များတယ် .... (များပါတယ်ဘုရား)။

ဒီဝတ္ထုမျိုး,ဒီပါဠိတော်မျိုးကို မတွေ့တဲ့ပုဂ္ဂိုလ်ဖြစ်ခဲ့လို့ရှိယင် ကမ္မဝါဒီဒိဋ္ဌိ...(မှန်ပါဘုရား)။

ရေစက်ချပြန်တော့လဲ ဒီအတိုင်းဘဲ ကံသာလျှင် အမိ, ကံသာလျှင် အဖ၊ ဒါဘဲ ချနေကြတာဘဲ....(မှန်ပါ) ဒါဖြင့် ကံဟာ စေတနာပါ၊ သင်္ခါရကွန္ဓာပါ၊ သူတော့ အနတ္တ မဖြစ်ရတော့ဘူးလား....(မှန်ပါ)။

'သဗ္ဗေဓမ္မာ အနတ္တာ'ဆိုတော့ သဗ္ဗေနဲ့လာတော့ ဘယ့်နှယ်တုံး....(ဖြစ်ရပ်)မယ်ဘုရား) အကျုံးစင်သွားတယ်....၊ ဘုရားက 'သဗ္ဗေ ဓမ္မာ အနတ္တာ''ဟောတာကိုးဗျ....(မှန်ပါ)။

ခင်ဗျားတို့က တခုတည်းထုတ်ထားတယ်ဆိုတော့ ခင်ဗျားတို့အယူမှားဆိုတာ သေချာပလား .... (သေချာပါပြီဘုရား) "သဗ္ဗေ ဓမ္မာ အနတ္တာ''နဲ့ကိုက်သေးရဲ့လား....(မကိုက်တော့ပါဘုရား)။

သဗ္ဗေ=အလုံးစုံကုန်သော၊ ဓမ္မာ=မင်းတို့ခန္ဓာ၌ ရှိသ၍တရား တော့သည်၊ အနတ္တာ = အစိုးမရတဲ့တရား မပိုင်တဲ့တရားချည်ဘဲ ကုတဲ့ဆိုတော့ အကုန် အနတ္တဆိုတာ ပျောက်သွားရမယ် .... (မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပျောက်သွားရမှာကို ခင်ဗျားတို့က အို .... ကျုပ်တို့တော့ ကံက နောက်က လိုက်နေတာဘဲ၊ အရေးမကြီးပါဘူး ဆိုပြီး သကာလ တခါတည်း ခင်ဗျားတို့က မပျက်တဲ့ကံ နောက်က လိုက်နေတာ၊ မြင်လဲမြင်ရတာမဟုတ်ဘူး ရမ်းပြောနေတာ .... (မှန်ပါ့ဘုရား)။

သူ့နောက်က လိုက်နေတာဘဲ၊ ကံခေါင်းဆောင်း မှေးလာတာတဲ့၊ အံမာလေး....အတော်ခက်ပါလားဗျ... (မှန်ပါ) သူ့ပျက်တယ်လို့ကို ပါသေးရဲ့လား...(မပါပါဘုရား)။

တယ်လဲ အရှုးထပါကလားဆိုတာ မဆိုထိုက်ဘူးလား- ဆိုထိုက်သလား....(ဆိုထိုက်ပါစာယ်ဘုရား)။

"သဗ္ဗေမမ္မာ အနတ္တာ"လို့ ဘုရားက ဟောပါလျက်သားနဲ့ ကံတခုကို သူကနုတ်ထားတယ်....(မှန်ပါ့ဘုရား)။

ဦးဘသန်းကြီးလဲ မသေသေးလို့ ဒီဥစ္စာတွေ့ရတယ်၊ တော်သေးတယ်၊ ဒါအဖြေပေးလိုက်တာနော်....(မှန်ပါ့)အဖြေပေးပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဘုရားကတော့ဖြင့် အဝိဇ္ဇာ=ပညာမရှိတဲ့ပုဂ္ဂိုလ်ကွတဲ့ ကံကို အားကိုးတဲ့ပုဂ္ဂိုလ်ဟာ ကံခိုင်တယ်လို့ ယူတဲ့ပုဂ္ဂိုလ်ပေါ့လေ....(မှန်ပါ့)။

"အဝိဇ္ဇာဂတော"တဲ့အဝိဇ္ဇာကြောင့် ဖြစ်ရှာတာတဲ့၊ "တဏှာ ဓိပတေယျေန စေတသာ..." တဲ့ တဏှာ ကြီးစိုးနေတယ်....တဲ့၊ ဒါ့ကြောင့် သူ့ဒါလောက် အားကိုးနေတာဘဲတဲ့၊ ခိုင်တယ်လို့ ယူနေတာတဲ့....(မှန်ပါ့)။

" သတ္ထုသာသနံ အတိဓါဝိတ္ဝါ မညေ..." တဲ့၊ ငါဘုရား အဆုံးအမကို ကျော်လွန်သွားပြီ....တဲ့၊ ငါဘုရားဆုံးမတဲ့အတိုင်း သူမယူတော့ဘူး·ကျော်သွားပြီ....တဲ့-(မှန်ပါ့) ကဲ....ဘယ်လောက် ထိအောင် နာသွားသတုံး....(နာပါတယ်ဘုရား) မနာဘူးလား··(နာပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့်တုံး·အနတ္တကို သူက အတ္တလုပ်လိုက်ပကော (မှန်ပါ့) ဘုရားအဆုံးအမ မလွန်သေးဘူးလား....(လွန်ပါတယ် ဘုရား)။

အနတ္တကို ဘာလုပ်လိုက်သတုံး.... (အတ္တလုပ်ပါတယ်ဘုရား)

အတ္တလုပ်ပစ်လိုက်တယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒါ မောင်အောင်ချိုတို့လူစု, နောက်က တကာတဏှာမတွေ နားကြီးကြီးနဲ့ထောင်ကြည့်တော့မှ သြော်.... ဒို့ဟာ အလဲပါကလားဆိုတာ ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

လဲလိုက်တာမှ ဦးအောင်ဇံဝေ အနတ္တကို အတ္တလုပ်ပါတယ်ဆိုတာတည်းက ဒီ့ထက်အလဲ ရှိသေးရဲ့လား....(မရှိပါ၊ကြောက်စရာကောင်းပါတယ်ဘုရား) အင်မတန် လဲနေတာ— (မှန်ပါ့ဘုရား)။

လဲပုံကလဲ အခု ခင်ဗျားတို့ ဒီနေ့ည နာရလို့သာ သြော်.... ဒို့ဟာ အလဲပါကလား....၊ ကံအမိ,ကံအဖဆိုပြီးသကာလ သူ့ဘဲ အားကိုးနေတယ်၊ သူ မပျက်တဲ့ သဘောယူထားတယ်၊ ကံခေါ်ခိုင်းဆောင်မှေးလာတယ်၊ ဟော....ကံကျောက်ဘဲ မြော်နေတာဘဲ၊ အခုတော့ စားလောက်,သောက်လောက်ရုံဘဲ မရှုံးရုံကလေး ကံကျောက်က မပါသေးဘူးတဲ့၊ မိုးကုတ်က သိပ်ညည်းတာဘဲ ဒီဥစ္စာမျိုးတွေ....(မှန်ပါ့) မညည်းဘူးလား....(ညည်းပါတယ်ဘုရား)။

ဒါဖြင့် သူ ကံက ပျက်တယ်လို့ ယူသလား....၊ စောင့်နေတယ်လို့ ယူသလား.... (စောင့်နေတယ်လို့ ယူပါတယ်ဘုရား) ဒါဖြင့် အတ္တဖြစ်နေတယ် ခိုင်တယ် ယူလိုက်တာဘဲ....(မှန်ပါ့ဘုရား)။

ဦးဘသန်း.... ဘယ်နှယ်ယူလိုက်သလဲ ... (ခိုင်တယ်လို့ ယူလိုက်ပါတယ်)ခိုင်တယ်လို့ ယူလိုက်တော့'သဗ္ဗေ ဓမ္မာ အနတ္တာ'နဲ့ ကိုက်ရဲ့လား...(လဲ့ခနေပါတယ်ဘုရား)။

လဲ့နေတယ်၊ သဗ္ဗေ=ခပ်သိမ်းကုန်သော၊ ဓမ္မာ=မင်းတို့ခန္ဓာဥ်ရှိတဲ့ တရားတွေသည်၊ ရုပ်ရော, နာမ်ရော ပြောတာ၊ သူလဲ နာမ်ဘဲကိုး... (မှန်ပါ့)အနတ္တာ=အနတ္တကွဲ့-ဆိုတော့ အင်မတန် ရှင်းနေတာဘဲ... (မှန်ပါ့)။

ဘုရားက အနတ္တ၊ မင်းတို့ကလဲ ခိုင်တယ်လို့ အတ္တတဲ့၊ အတ္တဆိုတာ ခိုင်တယ်လို့ ယူတာ၊ လှည့်ကြီးတို့များ သာဆိုးလိုက်သေးတယ် ဟင်၊ ခေလိုက်ဘာကံများ....တဲ့၊ တခါဟည်း ရှုပ်ပွနေတာဘဲ၊ တမှုပြီးတမှုပေါ်နေတာဘဲ ကံများ ဘာများဖြစ်နေတယ် မပြောတတ်ပါဘူး....(မှန်ပါ့)။

ဘာမှုမဖြစ်ဘူး၊ ကံဟာ ရှိကိုမရှိဘော့ဘူး၊ ကံဟာ လုပ်တုန်းယဘဲ ပျက်စီးသွားတာဘဲ၊ ဆွမ်းကျွေးလဲ ဆွမ်းကျွေးတုန်း ပျက်စီးသွားတာဘဲ၊ တရားနာလဲ....(နာပြီးပျက်ဘာပါဘဲ ဘုရား) ပျက်စီးသွားတာဘဲ၊ သူလဲ အနတ္တကိုးဗျ....(မှန်ပါ့)။

အဲဒါ ခင်ဗျားတို့က လှသွားရုံ အရိပ်ပါတယ်လို့ ယူထားတယ်၊ ကံက နောက်က အရိပ်သဖွယ် လိုက်နေတယ်၊ မယူဘူးလား....(ယူပါတယ်ဘုရား) နွားသွားရာ ဘီးလိုက်နေသလိုကော မယူဘူးလား...(ယူပါတယ်ဘုရား)။

+ ဒါဟောတဲ့နေရာတော့ ဘုရားက ဟောရတာဘဲ၊ "ဆာယာဝ အနုပါယိနီ"တဲ့၊ ဆာယာဝ=အရိပ်ကဲ့သို့၊ အနုပါယိနီ= အစဉ်တစိုက် လိုက်နေ၏လို့ သေသေချာချာဟော့တယ်ဘုရားက (မှန်ပါ) ဘုရားကိုက ဟောထားတာရှိတယ်....(မှန်ပါ)။

သို့သော်လဲတဲ့ ငါဘုရားဟောထားတာ နှစ်မျိုးဘဲလို့ မှတ်ရမယ်တဲ့၊ ဒါကို မသိကြဘူး.... (မှန်ပါ) ထင်တာ မြင်တာကို ဆောင်ပြီးဟောထားတာတမျိုး၊ တိုက်ရိုက်ဟောတာတမျိုး.... (မှန်ပါ)။ *

ဘုရား ဘယ်နှစ်မျိုးဟောသတုံး.... (နှစ်မျိုးဟောပါတယ်) ထင်လှယ် မြင်လှယ်အောင်လို့ ဟောတာ.... (တမျိုးပါဘုရား) တိုက်ရိုက်ဟောတာ....(တမျိုးပါဘုရား)။

အဲဒီတော့ ဟိုဟာက ဆောင်ဟောထားတာတဲ့၊ လူသွားရာ အရိပ်ပါသလိုဟေ့.... ကံဟာ နောက်က လိုက်နေတယ်ဆိုတာ ငါ ဆောင်ဟောထားတာတဲ့၊ မင်းတို့ ထင်လှယ်,မြင်လှယ်အောင်လို့၊ စင်စစ်တော့ သူ မလိုက်ဘူးတဲ့၊ သူ အနတ္တာဘဲ၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

+ နာနာကွဏ္ဍိက ကမ္မသတ္တိဖြင့် ဟောတော်မူသည်ကို သဟဇာတသတ္တိ အကောင်အထည်ကြီး အမြဲရှိနေသည်ဟု သတ္တဝါတို့ ယူဆပြောဆို စွဲလမ်းကြသည်ဟု ဆိုလိုသည်။

---

* ထင်လှယ်,မြင်လှယ်အောင် ဆောင်ဟောတာသည် နေယျတ္ထနည်း၊ တိုက်ရိုက်ဟောတာသည် နီတတ္ထနည်း။

ဒါဖြင့် ခင်ဗျားတို့က တကြိုးတည်းမှတ်ထားတာကိုး- ဘုရား က နှစ်ကြိုးဟောထားတာ.... (မှန်ပ!) ခင်ဗျားတို့က မသိဘူး၊ မသိတော့ နောက်က လိုက်တယ်ဘဲယူတယ်....၊ စင်စစ် အဲဒါ ဆောင်ဟောတာ၊ ထင်လွယ် မြင်လွယ်အောင်လို့ ဟောလိုက် တာ ဘုရားက.... (မှန်ပါ!) နေယျတ္ထဒေသနာနည်းတဲ့၊ နိတတ္ထ တိုက်ရိုက်ဆိုတော့ ငါ... ဒီလိုမဟောပါဘူးတဲ့ " သဇ္ဇ ဓမ္မာ အနတ္တာ"ပါဘဲတဲ့.... (မှန်ပါ!ဘုရား) ရှင်းပလား....(ရှင်းပ!ပြီ ဘုရား)။

ဒါဖြင့်.... ဘယ်နှယ်ယူကြမလဲ၊ ဆောင်ဟောထားတာကို ခင်ဗျားတို့က တိုက်ရိုက်ယူပစ်လိုက်တယ်...(မှန်ပါ!) လွဲကုန်ပြီ... (မှန်ပါ!)။

ဆောင်ဟောထားတာကို....(တိုက်ရိုက်ယူပါတယ်ဘုရား) တိုက်ရိုက်ယူလိုက်တဲ့အတွက် ခင်ဗျားတို့မှာ ဒီဌိဌသွားပြစ်တယ်.... (ညွှန်ပြတဲ့ဆရာကလဲ မတွေ့ခဲ့လို့ ပါဘုရား) မတွေ့ခဲ့ဘူးလေ၊ ဒါ့ကြောင့် ဒီဆရာမျိုးကလဲ မောင်အောင်ချို ရှာမှ-ရှားတာကိုး (မှန်ပါ!)။

မင်းတို့က ဒီအတိုင်း နာနေယင် ဒီအတိုင်းသွားနေမှာဘဲ.... (မှန်ပါ!) အရှင်ဘုရား ရေးကာ်ချကြပါဦးဘုရားဆိုယင် ကံကမ်, ကံအဖနဲ့ လာပြန်တာဘဲ....(မှန်ပါ!) မလာဘူးလား-လာသလား (လာပါတယ်ဘုရား)။

ဒါဘဲ မင်းတို့မှာ... (တပည့်တော် နာနေရတာကတော့ နေ

ယျတ္ထနည်းတွေ့ချည့် နာနေရပါတယ်ဘုရား) ဒါဘဲ ဒီအတိုင်း လာတာပါဘဲ၊ နိတ္ထတ္ထ တိုက်ရိုက်ဟောတာကို မရောက်တော့ဘူး....(မှန်ပါ) ရှင်းပလေး... (ရှင်းပါပြီဘုရား)။

ဘာတုံး.... (နိတ္ထတ္ထဆိုမရောက်ပါဘုရား) ညှိယူရမှာကို ညှိမပြတော့ဘူး၊ ဟိုဟာက ပုဂ္ဂိုလ်လိုက်ပြီး ဒီလိုဟောမှ ဟိုပုဂ္ဂိုလ်က သူ့ဥာဏ်နဲ့မြင်မှာကိုးဗျ.... (မှန်ပါ) မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား) စင်စစ်တော့ လိုက်နိုင်တဲ့တရား ဟုတ်ကဲ့လား....(မလိုက်နိုင်ပါဘုရား)။

မလိုက်နိုင်ဘူး....တဲ့၊ မလိုက်နိုင်တဲ့တရားကို လိုက်နိုင်တဲ့တရား လုပ်ပြီး ငါ-ဆောင်ပြီးဟောတာကို မင်းတို့က တိုက်ရိုက်ယူလိုက်တဲ့အတွက် ဒီဌိုဖြစ်တာတဲ့ဆိုတော့ အဖြေထွက်သွားပြီ....(မှန်ပါဘုရား)။

ဆောင်ပြီးဟော့တာကို တိုက်ရိုက်ယူလိုက်တဲ့အတွက် ဘာဖြစ်သွားသတုံး....(အဖြေထွက်သွားပါတယ်ဘုရား)ဒီဌိုဖြစ်သွားတယ် (မှန်ပါ) ဒီဌိုဖြစ်တဲ့အဖြေဟာ ထွက်မလာဘူးလား... (ထွက်လာပါတယ်ဘုရား)။

ရဟန်းကိုက ပေ့ဖေါက်တာဗျ-ဒီဝတ္ထုမှာ....(မှန်ပါ) ဘာမှအားကိုးစရာမရှိဘူး...တဲ့၊ ကိုယ်ပြုထားတဲ့ကံဘဲ အားကိုးစရာရှိတော့တယ်ဆိုတော့ သူ့ကိုက ပေ့ဖေါက်တာ၊ ခင်ဗျားတို့က အဲဒီအထဲက အပါဝင်တော့....(မှန်ပါဘုရား) မပါကြဘူးလား.... (ပါ ပါတယ်ဘုရား) သိပ်မနာဘူးလား... (နာပါတယ်ဘုရား)

အတ္တဒိဋ္ဌိသွားဖြစ်တယ်...(မှန်ပါ) ကံ,ကံ၏အကျိုး ယုံကြည်ရုံမျှ ဉာဏ်ဟာ ဒိဋ္ဌိမပြုတ်ဘူးဆိုတာ ဒီပါဋ္ဌိတော်ကလာတာ....(မှန်ပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကံ-ကံ၏အကျိုး ယုံကြည်တဲ့ဉာဏ်က....(ဒိဋ္ဌိမပြုတ်ပါဘုရား) ဒိဋ္ဌိကိုမပြုတ်ဘူးတဲ့၊ဒိဋ္ဌိမပြုတ်သောကြောင့်နိဗ္ဗာန်မရောက်နိုင်ဘူး ဒိဋ္ဌိပြုတ်မှ သောတာပန်တည်မှာကိုးဗျ....(မှန်ပါ) ဒိဋ္ဌိပါနေယင် (သောတာပန်မတည်နိုင်ပါဘုရား)။

မဖြစ်နိုင်တော့ဘူး....တဲ့၊ ဒီကမ္မသကတဉာဏ်လောက်နဲ့တော့ မရနိုင်တော့ဘူးကွ....တဲ့၊ သူက အတ္တဒိဋ္ဌိ ပါနေတယ်....တဲ့... (မှန်ပါ)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒုါ... သေသေချာချာမှတ်မှ ဟင်....(မှန်ပါ) ကဲ... ဒါဖြင့် ဆောင်ပြီးဟောထားတာကို တိုက်ရိုက်ယူလိုက်တဲ့အတွက် ဒိဋ္ဌိ ဖြစ်သွားတယ်...(မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဆောင်ပြီးတော့ ဟောထားတာကို (တိုက်ရိုက်ယူလိုက်တဲ့ အတွက် ဒိဋ္ဌိဖြစ်သွားပါတယ်)ဒိဋ္ဌိဖြစ်သွားဘယ်ဆိုတော့မှ ဒါဖြင့် ဘုရား... တပည့်တော်တို့ ရှင်းပေးပါဦး၊ ဆောင်ပြီးဟောတာကို ထားခဲ့၊ တိုက်ရိုက်ဟောတာကိုယူ ဆိုတော့ သဗ္ဗေ ဓမ္မာ အနတ္တာ ယူရမယ်....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘားယူရမတုံး....(သဗ္ဗေ ဓမ္မာ အနတ္တာ ယူရပါမယ်ဘုရား) ဒါဖြင့် ... စေတနာကလေးလဲ ကံကလေးလဲ ဘာဆိုကြမလဲ.... (အနတ္တပါဘုရား) အနတ္တာ။

ဒါဖြင့်ဘုရား.... တပည့်ခင်ဗျားတို့ လုပ်ထားတဲ့ ကုသိုလ်ကံတွေဟာ အနတ္တဖြစ်သွားပြီ၊ တပည့်ခင်ဗျားတို့ ဘာအကျိုးခံစားရမတုံးဆိုတဲ့ မေးခွန်းက ပြန်ထွက်လာတယ်....(မှန်ပါ့) မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

တပည့်တော်တို့ ပြုထားတဲ့ကံတွေဟာဘုရား....အကုန် အနတ္တဖြစ်သွားတော့ကို တပည့်တော်တို့ လုပ်ထားတာ အဟောသိကံဘဲ ဖြစ်ရတော့မှာလားလို့ ဆိုတဲ့ အမေးဟာ တခါတည်း ထွက်လာတယ်....(မှန်ပါ့) မထွက်ပါနဲ့ ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

မရဘူး ဒီအမေးထွက်လာတယ်၊ ဒီအမေး ထွက်တော့ကို လွယ်တယ် ဘုရားက အဖြေပေးလိုက်တာ လွယ်ပါတယ်တဲ့။

အခု ဒီဆွမ်းကျွေးလိုက်တယ်၊ ဆွမ်းကျွေးတဲ့ စေတနာကံကလေးဟာ ဆွမ်းကျွေးတဲ့ အချိန်မှာဘဲချုပ်တာဘဲ .... (မှန်ပါ့) ချုပ်သွားတော့ကိုတဲ့ သူဆွမ်းကျွေးတုန်းက နာမ်ရုပ်နဲ့ ကျွေးလိုက်တာကိုးဗျ... (မှန်ပါ့ဘုရား)။

ဆွမ်းကျွေးတုန်းက နာမ်ရုပ်မပါဘူးလား .... (ပါ-ပါတယ်) နာမ်ရုပ်ရှိနေတော့လဲ ဟိုမှာ နတ်ဖြစ်တယ်ဆိုတော့လဲ တခြားပေါ်သလားတဲ့ နာမ်ရုပ်ဘဲ ပေါ်သလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(နာမ်ရုပ်ဘဲ ပေါ်ပါတယ်) ဗြဟ္မာဖြစ်တော့ကော-(နာမ်ရုပ်ဘဲပေါ်ပါတယ်ဘုရား)။

ဩော်....ဒီက နာမ်ရုပ်မျိုး အလားတူဘဲ ပေါ်သကွတဲ့ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလုပ်တဲ့ နာမ်ရုပ်မျိုး ဟိုမှာပေါ်တာလဲ ဘာတုံး .... (အလားတူပေါ်ပါတယ်ဘုရား)။

အလားတူ ပေါ်တယ်ဆိုတော့ ဒီက နာမ်ရုပ်လဲ မလိုက်ဘူး၊ စေတနာပါမလိုက်ဘူး....(မှန်ပါ) ရှင်းပလား ... (ရှင်းပါပြီ) ဟိုမှာ အတူပေါ်တယ်၊ ဒီလိုယူမှတည့်တယ်၊ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒီမှာပြုတဲ့ ကုသိုလ်နာမ်ရုပ်ဟာ ဒီတွင်ဘဲအကုန်ချုပ်တယ်.... (မှန်ပါ)နို့ အကျိုးမပေးတော့ဘူးလားဆိုတော့ နိဗ္ဗာန်မရသေးယင် ဟိုမှာ အလားတူပေါ်တယ်(မှန်ပါ) လှချင်လဲလှမှာဘဲလေ ဝချင်လဲဝမယ်၊ နာမ်ရုပ်တော့ နာမ်ရုပ်ဘဲ....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

လှချင်လှ, ဝချင်ဝကတော့ ထူးသေးရဲ့လား- (ထူးပါတယ်) နာမ်ရုပ်တော့ အတူတူဘဲ....(မှန်ပါ)ဒါဖြင့် ဒီမှာနာမ်ရုပ်ချုပ်ပြီး သကာလ ဟိုမှာ နာမ်ရုပ်အလားတူပေါ်တာ အကျိုးပေးတာ- (မှန်ပါဘုရား)။

အကျိုးပေးတာ ဆိုဘာက ဒီက နာမ်ရုပ်တော့ မလိုက်ဘူး၊ စေတနာကော(မလိုက်ပါ)ဒီတွင်ချုပ်ရမှာကိုး၊ ဒီလိုယူရမှာကွဲတဲ့ တိုက်ရိုက်က...(မှန်ပါဘုရား)။

ဒါကြောင့် ဦးအောင်ဇံဝေ ရထားတဲ့ပါဠိမှာ ပါပါတယ်၊ ပစ္စယနိဒ္ဒေသမှာနော်(မှန်ပါ)"အနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဝမှာ ပဋ္ဌုပ္ပန္နာနံ စိတ္တစေတသိကာနံ ဝမှာနံ အနန္တရပစ္စယေန ပစ္စယော"လို့မလာဘူးလား...(လခပါတယ်ဘုရား)။

ပဋ္ဌုပ္ပန္နာနံ=အတူဖြစ်၍ ဖြစ်ကုန်သော၊ အတူပေါ်တာကို-တဲ့ (မှန်ပါ)ဒီမှာလဲ အနန္တရနိရုဒ္ဓါတဲ့ ဒီမှာဖြစ်တာလဲ ဒီမှာချုပ်သွားပြီတဲ့...(မှန်ပါဘုရား)။

"ပဋ္ဌုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ" တဲ့ ဟိုမှာပေါ်တာလဲ စိတ်စေတသိက်ပေါ်တာဘဲတဲ့၊ အတူပေါ်တာကို ဆိုတာပါတဲ့၊ ဒီကတော့ ချုပ်လျက်ဘဲတဲ့...(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အကျိုးမပေးဘူးလား- ပေးသလားဆိုတော့ ဘယ့်နှယ်ဖြေမလဲ....(ပေးပါတယ်ဘုရား)။

ဒီက လိုက်သလားလို့မေးတော့ — (မလိုက်ပါ) လိုက်တယ်ဆိုယင် သဿတဒိဋ္ဌိ....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား) မလိုက်ဘူးဆိုယင် ဥစ္ဆေဒဒိဋ္ဌိ....(မှန်ပါဘုရား)။

လွတ်ပလား အခု....(လွတ်ပါပြီ) သဿတကော ရှိသေးရဲ့လား....(မရှိပါ) ဥစ္ဆေဒကော ....(မရှိပါ)ဒါဖြင့် အလားတူပေါ်တာကို အကျိုးပေးတယ်လို့ဆိုတာ....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒီက ကျောက်လှလို့ ဟိုနောက်ဘဝ ကျောက်ရတာကော အလားတူဘဲ...(မှန်ပါ)မဟုတ်ဘူးလား....(မှန်ပါဘုရား)။

အဲဒီတော့ ကျောက်ရတယ်ဆိုတော့ ကျောက်ဆိုတာလဲ ရှုပ်ပေါ်တာရှိတာဘဲ၊ ဒီမှာလဲ ကျောက်ရုပ်ကိုလှလို့ ဟိုမှာလဲ နောက်ဘဝ ပတ္တမြားတွင်း ပေါက်တယ်ဆိုတာလဲ ဒီရုပ်ချုပ်ပြီး

ဖြစ်တော့ ဟိုရုပ်ပေါ်တာဘဲ၊ လိုက်တာဟုတ်သေးရဲ့လား-(မဟုတ်ပါဘုရား)။

လိုက်တော့ မလိုက်ပါဘူးတဲ့၊ လိုက်တယ်ဆိုယင်လဲ သဿတဒိဋ္ဌိ သွားဖြစ်မယ် .... (မှန်ပါ့) ဒီစေတနာက ဟိုလိုက်သွားတယ်ဆိုယင် မချုပ်ဘဲနဲ့လိုက်သွားဘာ.(မှန်ပါ့) အနတ္တနဲ့ကန့်လန့်ကြီးမနေဘူးလား....(နေပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သြော် .... လိုက်တယ်လို့ ယူယင် သဿတဒိဋ္ဌိ၊ မလိုက်ဘူး ယူပြန်တော့လဲ ပြတ်သွားတယ်လို့ ဥစ္ဆေဒဒိဋ္ဌိဘက်သွားပြန်တာဘဲ (မှန်ပါ့)အတူပေါ်တယ်ဆိုတော့ ဒီကလဲချုပ်တယ် ဟိုမှာလဲအလားတူတမျိုးပေါ်တယ်ဆိုတော့ကို အတူပေါ်အောင်သာ ကျေးဇူးပြုတယ်၊ လိုက်တော့မလိုက်ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီလိုဆိုတော့ကို သဿတ, ဥစ္ဆေဒကော လာသေးရဲ့လား...(မလာပါ)ဒါ သေသေချာချာ မှတ်ရမယ်ဆိုဘာကောသဘောပါ့ပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီရဟန်းကို သူ အတ္တဒိဋ္ဌိပြုတ်အောင်လို့ ကဲကွာ- ငါဟောခဲ့ပါတယ်ဆိုပြီး သကာလ ခုနင်က ရဟန်းကမှားနေပြီနော်.... (မှန်ပါ့)ကံဘဲ အားကိုးရတော့မှာဘဲ သူဘဲလိုက်တော့မှာဘဲလို့ ယူလိုက်တော့ ဘုရားက ရှုပ်ဟာ အနိစ္စလား, ဒုက္ခလား, အနတ္တလားမေးတာဘဲ ရှဟန်းတွေကို....(မှန်ပါ့ အနိစ္စ, ဒုက္ခ, အနတ္တပါ ဘုရား)။

ဝေဒနာမေးလိုက်, စေတနာမေးလိုက်၊ အကုန်အနုတ္တာဖြေရမှာ ပေါ့ကွာ(မှန်ပါ့)ဒီတော့ ခုနင်က သူယူထားတဲ့အယူပယ်ပြီးသား မကျဘူးလား...(ပယ်ပြီးသားဖြစ်ပါတယ်ဘုရား)။

ကဲ... သင်္ခါရကွန္ဓာဆိုတဲ့ စေနာလဲ အနိစ္စလား, ဒုက္ခလား, အနုတ္တလားလို့ မေးပြန်တော့ သူကိုယ်တိုင်ဘဲ ဒါလဲ အနိစ္စ, ဒုက္ခ, အနုတ္တပါဘဲလို့ ဖြေတာပါဘဲ...(မှန်ပါ့ဘုရား)။

စိတ်တွေကောကွာ....အလုံးစုံ အနိစ္စ, ဒုက္ခ,အနုတ္တပါဘဲ ဆိုတော့မှ ခုနင်က ငါးဆုစလုံးပေါ့ဗျာ အနိစ္စ,ဒုက္ခ,အနုတ္တမြင်ပြီးသကာလ ခုနင်က ဒိဋ္ဌိတွေဖြုတ်လိုက်တော့မှ ခုနင်က လိုက်တဲ့ ဒိဋ္ဌိကပြုတ်သွားတာကိုး...(မှန်ပါ့ဘုရား)။

အကုန် အနိစ္စ, ဒုက္ခ, အနုတ္တဟောလိုက်တော့ မပြုတ်ဘူးလား (ပြုတ်ပါတယ်)ခုနင်က သူခိုင်တယ်လို့ ယူထားတာ ရသေးရဲ့လား....(မရပါဘုရား)။

အဲဒီကျတော့မှ ခုနင်က ခေါင်းဆောင်ကတော့ နဂိုရိုက ရဟန္တာဖြစ်ပြီးသားမို့ သူ့ဇနာက်က လိုက်တဲ့ရဟန်း ငါးဆုဟာ ဒီတရားနဲ့ ဒီကံကို အတ္တဒိဋ္ဌိဖြုတ်ပြီး ဟောလိုက်တော့မှ အနုတ္တနဲ့ ဟောလိုက်တော့မှ ရဟန္တာဖြစ်တယ်.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကံအကြောင်း ယနေ့ ကောင်းကောင်း သိပလား....(သိပါပြီ)လိုက်သလား-မလိုက်ဘူးလား (မလိုက်ပါ)

ဒီတွင်ချုပ်တာဘဲ(မှန်ပါ)နို့ အကျိုးမပေးဘူးလား၊ ပေးသလား (ပေးပါတယ်)ပေးတော့ ဘယ်လိုပေးသတုံးမေးယင် ဘယ့်နှယ် ပြောမလဲ... (အတူပေါ်ပါတယ်) အလားတူပေါ်လာတယ် .... (မှန်ပါ့ဘုရား)။

ဒီမှာ နာမ်ရုပ်ချုပ်ပြီး ဟိုမှာနာမ်ရုပ်အလားတူ ပေါ်တယ်-နိဗ္ဗာန်မရသေးယင်-ဒါလဲ ထည့်ပေး(မှန်ပါ့ဘုရား)နိဗ္ဗာန်ရယင်လဲ မပေါ်တော့ဘူးနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် လိုက်တယ်လို့ ယူလို့ရှိယင် သဿတဒိဋ္ဌိနော်....(မှန်လှပါဘုရား)။

ဒါဖြင့် ရှေးနားတွေနဲ့ဆိုယင် ဦးဘသန်း .... သဿတဒိဋ္ဌိက မျှားနေမှာဘဲ....(မျှားပါတယ်ဘုရား) မျှားယင်လဲ နိဗ္ဗာန်ရောက်ပါ့မလား...(မရောက်ပါဘုရား)ဒိဋ္ဌိရှိနေယင် သောတာပန်တည်နိုင်ပါ့မလား.... (မတည်နိုင်ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အလားတူပေါ်တာကိုသာ ဆိုတယ်နော်....(မှန်ပါ့) ဒီက နာမ်ရုပ်လဲ ဒီမှာချုပ်တယ်... (မှန်ပါ့) ဟိုမှာ နာမ်ရုပ်ကဘာပေါ်သတုံး.... (အလားတူပေါ်ပါတယ်ဘုရား)ဒီက နာမ်ရုပ်က...(ဒီမှာ ချုပ်ပါတယ်ဘုရား)။

အဲဒီတော့ အကြောင်း အကျိုးလောက် ဆက်တာတဲ့...လိုက်တာ မဟုတ်ပါဘူး .... (မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတွင်မှ အားလုံး ရဟန္တာဖြစ်တယ်ဆိုတာကော အတ္တဒိဋ္ဌိ ပြုတ်လို့ ဖြစ်တာ...(မှန်ပါ) အတ္တဒိဋ္ဌိ မပြုတ်ယင်....(မဖြစ်နိုင်ပါ ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု... သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
ချို့ယွင်းချက်သုံးမျိုး ဖြစ်ခဲ့လျှင် တရားထူး မရနိုင်ပုံ
ညအလုပ်ပေး တရားတော်

(၂၇ - ၄ - ၆၂)

အားလုံး တရားနာလာကြတဲ့ တကာတရားမတွေ သတိပေးလိုက်တယ်၊ တရားကို ဘုန်းကြီးက အားထုတ်ဘို့ အစီအစဉ်တွေ ပေးပြီးသား ဖြစ်နေတယ်၊ အဲဒီ ပေးပြီးသား အစီအစဉ်တွေမှာ အားထုတ်ကြတယ်၊ အားထုတ်ကြတဲ့ အခါကျလို့ ရှိယင်ဖြင့် နိဗ္ဗာန်မင်ဖိုလ်ကို တပည့်တော်တို့ ယခုမျက်မှောက် မပြုနိုင်ဘူး ဘုရား....တဲ့၊ တချို့ တကာတကာမလဲ ရှိကြလိမ့်မယ်နော်... (မှန်ပါ့) တချို့လဲ ပြုနိုင်ကြလိမ့်မယ်။

မပြုနိုင်တာ ဘာဖြစ်လို့တုံးလို့ ကိုညွှန့်တို့...မောင်နိုင်တို့က မေးလို့ရှိယင် ကိုယ့်ချို့ယွင်းချက် သုံးခုရှိလို့...လို့မှတ်ရမယ်... (မှန်ပါ့)။

ကိုယ့်ချို့ယွင်းချက် သုံးခုဆိုတာက တခြားမဟုတ်ပါဘူး...၊ ၁-နံပါတ် တရားကို သစ္စာဆိုက်အောင်, အဆုံးကျအောင် မနာ

လို့လဲ ခင်ဗျားတို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရနိုင်ဘူး...(မှန်ပါ ဘုရား)။

သစ္စာဆိုက်အောင် တရားဟောတဲ့ ပုဂ္ဂိုလ်ကလဲ ဟိုဃစ္စာကျွ တော့ ဆုံးထား၊ အဲဒီ အဆုံးကျအောင် သူက မနာဘူး၊ နှလုံး မသွင်းလိုက်တော့ဘူး၊ အစဘက်က အလယ်က တရားတွေ့သာ နာလို့ တရားအဆုံးမနာလိုက်ရလို့ ကိစ္စရှိလို့ ထွက်သွားသွား၊ ဒီနေရာမှာဘဲ စိတ်က တခြားထွက်ပြေးလို့ဖြစ်စေ၊ ဒီလို အင်္ဂါ ချို့ယင်လဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ဘူး၊ ရှင်းပလား...(ရှင်း ပါပြီဘုရား)။

တရားအစ,အလယ်,အဆုံး သုံးပါးရှိရာတွင် အစ,အလယ်တွင် နာရတယ်ဆိုပါတော့ အဆုံးသစ္စာကတရားကိုး သစ္စာဏ အဆုံးဆို တာနော်....(မှန်ပါ)။

အဲဒီ အဆုံးသစ္စာတရား မနာရလို့ရှိယင်လဲ ကိုပေါ်ရေ... ဒါဟာ ဆုတ်ယုတ်ခြင်းဘဲ၊ပြည့်စုံပြီးသား ပါရမီရှိတာတောင် မရ နိုင်ဘူးတဲ့....(မှန်ပါဘုရား) ၁-နံပါတ်ပြီးသွားပြီ... (မှန်လှပါ ဘုရား)။

၂-နံပါတ်က တရားနာရင်းမတ္တြဖြစ်စေ၊ မကောင်းသောစိတ် တွေနဲ့ ဝင်ပြီးသကာလ ပေါ်ခင်းဖေါ်မိနေလို့ရှိယင်လဲ တရားက ဝဋ္ဌမှ ကျွတ်ကြောင်း ဟောနေတယ်။ ကိုယ်က ဝဋ္ဌသာယာနေ တယ်ဆိုပါတော့ ပါပမိတ္တဆိုတဲ့ မကောင်းသော စိတ်တွေက ဝင် မှလာဘူးလား....(ဝင်လာပါတယ်ဘုရား)။

ဘုံဘဝလိုချင်တဲ့ စိတ်တွေပေါ့လေ....(မှန်ပါ့ဘုရား) အဲဒီ လိုချင်တဲ့ စိတ်တွေ ဝင်လာပြန်လို့ရှိယင်လဲ ပါပမိတ္တာနဲ့ ပေါင်းသောကြောင့် ပါပက မကောင်းတာ၊ မိတ္တာက အဆွေခင်ပွန်း၊ မကောင်းတဲ့ တရားနဲ့ ပေါင်းမိခြင်းကြောင့်လဲ မဂ်ဖိုလ်ရထိုက်တဲ့ ပါရမီ တရားအဆုံးမှာ ရှိပြားသော်လဲ မရနိုင်ဘူး...(မှန်ပါ့ဘုရား)။

ဘယ်နှစ်ချက်ရှိသွားပလဲ ....(နှစ်ချက်ရှိသွားပါပြီဘုရား) ၃-ချက်မြောက် ပြောပါဦးမယ်တဲ့....၊ သုံးချက်မြောက်က တရားဟောတဲ့ပုဂ္ဂိုလ် ညံ့ဖျင်းမှုကြောင့်လဲ တကာတကာမတွေမှာ ပါရမီ ပြည့်စုံပြီးသား၊ တရားဟောတဲ့ပုဂ္ဂိုလ် ညံ့ဖျင်းမှုကြောင့်လဲ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ဘူး၊ တရားဟောတဲ့ပုဂ္ဂိုလ် ညံ့ဖျင်းလို့....(မှန်ပါ့)။

ဘယ်နှစ်ချက်ရှိသွားပလဲ....(သုံးချက်ပါဘုရား) ဒါ သေသေချာချာ မှတ်ရမယ်၊ သြော်....ဒို့မှာ တရားအားထုတ် နိုင်ဗျာန်ရတယ်၊ တရားနာယင် နိုင်ဗျာန်ရတယ်လို့ .... အောက်မေ့နေလိုက်တာ ယခု ဆရာဘုန်းကြီးက ဝေဘန်လာတော့ သုံးချက်တောင် ပါဘဲကလား ချို့ယွင်းချက်ရှိတာတွေ (မှန်ပါ့)။

၁-နံပါတ်က သစ္စာထိုက်တဲ့တရား မနာမိလို့ ချို့ယွင်းချက် တမျိုးနော်....(မှန်ပါ့)။

၂ နံပါတ်က တရားနာရင်းမတ္တာနဲ့ မကောင်းတဲ့စိတ်, ဘုံဘဝလိုချင်တဲ့ စိတ်တွေ ဝင်လာလို့လဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရခြင်းတမျိုး (မှန်ပါ့)ပါပမိတ္တာတာ....(မှန်ပါ့)

ဦးအောင်ဇံ ဝေ.... ဦးဘသန်း....နားလည်ရဲ့ မဟုတ်လား...(မှန်လှပါဘုရား)။

၃-နံပါတ်က တရားဟောဘုန်းကြီးက လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတွေ လှည့်ပြီးဟောနေတာနဲ့ နိဗ္ဗာန်ရောက်ကြောင်း မပါတာနဲ့ တရားဟောဘုန်းကြီးညံ့ သူ့ဘာသာ ပါရမီပြည့်ပြီးသား ပုဂ္ဂိုလ်တွေတောင် နိဗ္ဗာန် မရလိုက်ရဘူး....(မှန်ပါ)။

၃-နံပါတ်က ဘာပါလိမ့်.... (တရားဟောပုဂ္ဂိုလ်ညံ့လို့ ပါ) ညံ့ဖျင်းလို့ ၊ တရားဟောပုဂ္ဂိုလ်ညံ့ဖျင်းတာနဲ့လဲ မရဘူးဆိုတာ သဘောကျပလား....(ကျေပါပြီဘုရား)။

ဒီသုံးချက်သည် တကာတကာမတို့က ပါရမီပြည့်စုံပြီးသား ကိုယ့်ဘက်က နှစ်ချက်၊ဆရာ့ဘက်ကတချက် .... (မှန်ပါဘုရား)။

ဦးဘကလေး ကိုယ့်ဘက်က ဘယ်နှစ်ချက်ပါလိမ့်-(နှစ်ချက်ပါဘုရား) ဆရာ့ဘက်က - (တချက်ပါဘုရား)။

အဲဒီကဲ့သို့ ချို့ယွင်းချက်ရှိနေလို့ ရှိယင်လဲ မရနိုင်ဘူးဆိုတာ မောင်နိုင်တို့ မှတ်ရလိမ့်မယ် (မှန်ပါ) တကာကြီးလှိုင် မှတ်မိရဲ့လား....(မှတ်မိပါတယ်ဘုရား)။

အဲဒါ ကိုယ့်ဘက်ကလဲ မချို့ယွင်းစေနဲ့ နှစ်ချက်က(မှန်ပါ) ဆရာ့ဘက်ကလဲ ယခု စ,ပြီးတရားဟောပါတော့မယ်၊ မချို့ယွင်းရအောင်ဘဲ ဟောမှာဘဲနော်....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် ချို့ယွင်းတဲ့အသွားကလေးကို ပြောကြပါစို့ ၃-နံပါတ်ဘဲ ဟောပါမယ်၊ ၁-နဲ့ ၂-က တကာတကာမတွေ

နားလည်ပြီးသား၊ အယင်လဲပြောပြီးသားထားပါတော့ မောင်နိုင်ရာ နော်... (မှန်ပါ့ဘုရား)။

၃.နံပါတ်က ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတယ်....၊ ရှင်သာရိပုတ္တရာက ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာဘဲနေတယ်။

နေတော့ ရာဇဂြိုဟ်ပြည်ကို ရဟန်းကလေးတပါးက ကြွလာတယ်၊ မြို့ထဲကနေပြီးကြွလာတော့ ရှင်သာရိပုတ္တာက မေးတယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာဘဲနေတယ်ဆိုတာ သူသိခဲ့တော့ ရှင်သာရိပုတ္တရာက ရာဇဂြိုဟ်မှာ နေတယ်နော်.... (မှန်ပါ့ဘုရား) ဘုရားက သာဝတ္ထိပြည်မှာ နေတယ်။

အဲဒီမှာ ရဟန်းကလေးတပါး ကြွလာတော့ ဘုရားကော ဟေ....ကျန်းမာရဲ့လား၊ အားအင်ဗလပြည့်ဖြိုးရဲ့လား....လို့ မေးတယ်-ရှင်သာရိပုတ္တရာက....(မှန်ပါ့)။

အရှင်ဘုရား....တဲ့ ကျန်းမာပါတယ်,အားအင်ဗလလဲပြည့်ဖြိုးပါတယ်တဲ့၊ သံဃာများကောကဲ....တဲ့ ကျန်းမာ ကြရဲ့လား, အားအင်ဗလ ပြည့်စုံကြရဲ့လား....တဲ့၊ ပြည့်စုံပါတယ်ဘုရား။

နို့ကဲ....ငါနဲ့မိတ်ဆွေ ဓနဥ္ဇာနီပုဏ္ဏားကြီးဆိုတာလဲ ရှိသေးသကဲ....တဲ့၊ အဲဒီ ဓနဥ္ဇာနီပုဏ္ဏားကြီးတော့ မမေ့မလျော့တဲ့ အလုပ်တွေလုပ်တာ မင်းတို့ မြင်ကြ,တွေ့ကြရဲ့လား....လို့ မေးတော့ အဲဒီ ရဟန်းကလေးက ဖြေလိုက်တယ်၊ ဓနဥ္ဇာနီပုဏ္ဏားကြီးဘုရား....တဲ့၊ ဘာမှ မမေ့မလျော့တဲ့ အလုပ်တွေကိုမလုပ်

ပါဘူးတဲ့၊ သူဟာတဲ့ ရှင်ဘုရင့်ဆီမှာလဲ ရှင်ဘုရင်က မင်း-လယ်တွေ လျှောက်သိမ်းဆိုတဲ့ အခါမှာလဲ ပုဏ္ဏားတွေဆီမှာ လယ်သမားတွေဆီမှာ သိမ်းတဲ့အခါမှာလဲ အပိုတွေရအောင် သိမ်းတယ်၊ သိမ်းတဲ့ပစ္စည်းကိုလဲ သူ့ကျိုထဲသာ မျှားမျှားသွင်-ပြီး ရှင်ဘုရင်ကို နည်းနည်းပေးတယ်၊ ဒီလိုမကောင်းတဲ့အလုပ်တွေကို လုပ်နေတယ်ဘုရာ့။

သိမ်းတာကလဲ သူမျှားဆီက အမျှားကြီးရအောင် သိမ်းတယ်နော်· ရှင်ဘုရင့်ရိက္ခာတော်ဆိုပြီးတော့....(မှန်ပါ့) ရှင်ဘုရင့်ဆီ ပေးတဲ့အခါကျတော့ အချို့တဝက်သာပေးတယ်၊ အချို့တဝက် သူကျိုထဲ ထည့်တယ်၊ အဲဒါ့ကြောင့် ဓနဥာနီ ပုဏ္ဏားကြီးဟာ အဓမ္မရှာဂ, ဝဿမလောဘတွေ, အဓမ္မစာရ· ဝဿမစာရ အလုပ်တွေလုပ်နေတယ်ဘုရာ့၊ ဘယ်မမေ့မလျော့ဘဲ ရှိမှာတုံး၊ ပြီးတော့လဲ သူ့မှာ အရင်ခင်ပွန်းမက သဒ္ဓါဘရားနဲ့ ပြည့်စုံတဲ့ခင်ပွန်းမက ပျက်စီးသွားတယ်၊ နောက်ခင်ပွန်းမနဲ့ တည်ထောင်တယ်၊ နောက်ခင်ပွန်းမကလဲ သဒ္ဓါတရားမရှိတဲ့ သူငယ်မဖြစ်နေတော့ သားပြီးမေ့လျော့တယ်....(မှန်ပါ့)။

ရှင်သာရိပုတ္တရာက ကွာ.... ကြားရတာ မကောင်းလိုက်တာတဲ့၊ သူနဲ့ သူငယ်ချင်းကိုး ဓနဥာနီပုဏ္ဏားကြီးနဲ့....(မှန်ပါ့)။

ငါ.... တနေ့နေ့တော့ တွေ့စမ်းချင်သေးတယ်ကွာ.... ဆိုပြီး သကာလ ရာဇဂြိုဟ်ပြည် ဓနဥာနီပုဏ္ဏားကြီးရှိရာသို့ ဆွမ်းခံသွားလိုက်တယ်၊ သွားလိုက်တဲ့အခါ ဓနဥာနီပုဏ္ဏားကြီးကလဲ ပြင်

ဘက်မှာ နွားနို့ညှစ်နေတာတွေ့တယ်၊ တွေ့တော့ သူဘဲ လာပြီး တော့ ဝတ်ချတယ်။

အရှင်ဘုရား....ဆွမ်းဘုဉ်းပေးပြီပလား၊ အခု နွားနို့ လတ် လတ်ဆတ်ဆတ်တွေ ဘုဉ်းပေးပါဦးလား၊ ဟာ....ငါ-ဆွမ်းဘုဉ်း ပေးခဲ့ပြီကွာ....၊ မင့်နွားနို့တွေလဲ မဘုဉ်းပေးချင်ဘူး၊ နေလယ် တော့ ငါ-ဘယ်သစ်ပင်မှာ နေမယ်ကွာ၊ အဲ-မင်း ခဏလာခဲ့ဦး၊ သူက တရားဟောချင်လို့ခေါ်လိုက်တယ်....(မှန်ပါ့)။

ခေါ်လိုက်တော့ နေ့လယ်ကျတော့လာရော မနည်ဘန်ပုဏ္ဏား ကြီးက သူမှာလိုက်တာနဲ့၊ မင်း.. အခု ဘယ့်နှယ်နေသတုံးကွ-သူတော်ကောင်းအလုပ်တွေများ၊ ရုပ်နာမ်ဖြစ်ပျက်တွေ ရှုဘာ များ မေ့လျော့နေသလား... တဲ့။

ဟာ....ဘယ်မမေ့ဘဲ ရှိမလဲဘုရား၊ ရှင်ဘုရင့်ဘို့လဲ လုပ်နေရ တယ်ဘုရာ့..၊ တိုင်းသူပြည်သားတွေအတွက်လဲ လုပ်နေရတယ် ဘုရာ့..၊ အိမ်က သားသမီးတွေဘို့လဲ မင်္ဂလာအခမ်းအနားတွေ၊ ပုခက်တင် မင်္ဂလာတွေ၊ အိမ်ထောင်ပြုမင်္ဂလာတွေ၊ ဒီအတွက် ကလဲ အောက်ကျ နောက်ကျရှိမှာစိုးလို့ ကြီးကြီးကျယ်ကျယ် လုပ်နေရတယ်ဘုရာ့၊ သေသူအတွက် ရည်မှန်းပြီး လုပ်ရတဲ့ ကိစ္စ တွေလဲ မနည်းလှဘူး၊ ဆွေမျိုး ဥာတကာတို့အတွက် လုပ်ရတဲ့ ကိစ္စတွေလဲ မနည်းလှဘူး၊ သာမှ နာမှတွေအတွက် လုပ်ရဘဲ့ ကိစ္စတွေလဲ မနည်းလှဘူး၊ သားသမီးတွေအဘွက် လုပ်ရ,ကိုင်ရ တာကလဲ မနည်းလှဘူး။

အဲဒီတော့ တပည့်တော် ဘယ်မှာ သူတော်ကောင်းအလုပ်-မမေ့ဘဲနေမတုံး... တဲ့၊ မေ့မှာဘဲလို့ သူက လျှောက်တယ်.... (မှန်ပါ့)။

တကာတကာမတွေ့ မေ့စရာအကြောင်း ဘယ်လောက်များ သတုံး... (များပါတယ်ဘုရား)။

သားသမီးတွေ ကြီးပွားချင်လို့လဲ အမေမိဘများ သူတော်ကောင်းအလုပ်မေ့ပါတယ်နော်.... (မှန်ပါ့) သာမှုနာမှုတွေ့ လိုက်ဇနုဂုလို့လဲ... (သူတော်ကောင်းအလုပ်တွေ့ မေ့ပါတယ်) ရုပ်နာမ်မမှ ဖြစ်ပျက်ရှုတဲ့ အလုပ်ဟာ မေ့ပါတယ်.... (မေ့ပါတယ်ဘုရား) တကယ့်အရေးကြီးတဲ့အလုပ်ကို မေ့-မေ့နေတယ်နော်....(မှန်ပါ့)။

အဲဒီလို မေ့ပြီးသကာလ နေပါတယ်ဆိုတော့ ရှင်သာရိပုတ္တရာက ကွာ....မင်းပြောတာတွေလဲ မကောင်းသဖြင့် ကြားရတာချည့်ဘဲ။

တကာကြီးလိုင်....မကောင်းသဖြင့် ကြားရတာချည့်ဘဲကွာတဲ့ ရှင်သာရိပုတ္တရာက... (မှန်ပါ့) ဒါဖြင့် မင့်ကို ငါမေးပါဦးမယ် ကွာဆိုပြီး ဟရားဟောတယ်....(မှန်ပါ့)။

ကဲကွာ...တဲ့ မင်းက ရှင်ဘုရင့်အတွက်နဲ့ဘဲ ကိစ္စတွေများပြီး မင့်အလုပ် မင်းမေ့နေတယ်၊ သူတော်ကောင်းအလုပ် ရုပ်နာမ် ဖြစ်ပျက်တွေ့တွေ့ဟဲ့ဥစ္စာ မင်းမေ့တယ်ထားပါတော့။

ဒါနဲ့ အခု ရှင်ဘုရင့်အတွက်လုပ်ရတော့ သူတပါးဆီ ခြိမ်း

ချောက်ပြီးတော့ ယူရ၊ ကိုယ့်အတွက် လုပ်ရတဲ့အတွက်လဲ ကိုယ့်ကျိုကြထဲလဲ များများရအောင်လုပ်ရ၊ မင်းလုပ်ရတော့ကို....တဲ့ ဒါ.... ရှင်ဘုရင့်အတွက် လုပ်ရတယ်ဆိုပြီးတော့ မင်းကတော့ ဆင်ခြေလဲတာဘဲ... တဲ့။

သို့သော်... တဲ့ မင်းသည် ဒီမကောင်းသော အဓမ္မအလုပ်, ဝိသမအလုပ်တွေလုပ်တဲ့အတွက် ငရဲရောက်သွားတဲ့အခါကျတော့ ကျုပ်ဟာ ရှင်ဘုရင့်အတွက်လုပ်တာပါ....၊ ကျုပ်ကို ငရဲထိန်း, ငရဲသားတွေက လွှတ်ပါလို့ဆိုတော့ ရမလားတဲ့ မေးတယ်.... (မှန်ပါ့) ကဲ.... ဦးဘကလေး ဖြေစမ်း ရပါ့မလား....(မရပါဘုရား)။

သူကိုယ်တိုင်ဘဲ ဖြေတာဘဲ ဓနဥ္စာနိုက မရပါဘူးတဲ့- (မှန်ပါ့ဘုရား) ဓနဥ္စာနိုက ငရဲထိန်း,ငရဲသားတွေက ဆွဲဘဲ့အခါ ကျုပ်ရှင်ဘုရင့်အတွက်လုပ်တာ ကျုပ်အတွက် မပါဘူးလို့ ပြောလို့ ဆိုလို့ ငြင်းလို့ ခုံလို့ ရပါ့မလားဆိုတော့ မရဘူးတဲ့၊ ကဲ....ရှိပါစေကွာ....မရမှန်း မင်း သိပြီ မှတ်ထား။

တခါ သားတွေ,သမီးတွေအတွက် မုသားကလေးသုံးကာ ပြောကာ ဆိုကာ ရှင်ကာနဲ့ရှာဖွေရတယ်၊ နောက် ငရဲရောက်သွားပြီကွာ....တဲ့၊ ငရဲထိန်းတွေက ဆွဲကြ,ငင်ကြတဲ့အခါ ကျုပ်သားသမီးအတွက် လုပ်တာပါ၊ ကျုပ်အတွက် မဟုတ်ပါဘူးလို့ မင်းရှန်းလို့ရပါ့မလားလို့ ဓနဥ္စာနိုပုဏ္ဏားကြီးကို ရှင်သာရိပုတ္တရာက မေးလိုက်တယ်၊ ခင်ဗျားတို့ ဘယ့်နှယ်ဖြေကြမလဲ.... (မရပါဘုရား)။

ခင်ဗျားတို့က သားသမီးအတွက် သားသမီး အတွက်နဲ့ တကာကြီးလို့ပ်ကာ အိုချင်းဆိုးကြီးဖြစ်မှ ဒါတွေက ပြောချင် ပြောနေတာ....(မှန်လှပါဘုရား) မပြောဘူးလား.... (ပြောပါ တယ်ဘုရား)။

ငရဲရောက်သွားတဲ့အခါ ကျုပ် သားသမီးအတွက် ကျုပ် မုသားပြောပြီးသကာလ ကျုပ်လုပ်နေတာပါဗျာ၊ သားသမီး သာ အပါယ်ချကြပါ၊ ကျုပ်က သူတို့အတွက် လုပ်တာပါလို့ ငြင်းလို့ ခုံလို့ ရပါ့မလား....(မရပါဘုရား)။

အဲဒါ တကာတကာမတွေက စဉ်းစားရမယ်.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နောက်က တကာ တကာမတွေက ဆင်ခြေလဲစရာရှိယင် ဒါဘဲ လဲတယ်၊ ဘယ့်နှယ်လုပ်မလဲဘုရာ့.... အရှင်ဘုရားတို့လိုလဲ သပိတ်တလုံး·သင်္ကန်းသုံးထည်နဲ့ လှယ်လှယ်ကူကူ ဆွမ်း,ကွမ်း က ရတာမဟုတ်၊ တပည့်တော်တို့ ပြောနိုင်ဆိုနိုင်မှ အသင့်အတင့် သုံးနိုင်မှ လှည့်ကာ ပတ်ကာ ဆိုသလိုဘဲ ပြောနိုင်,ဆိုနိုင်မှ ရတာ ဆိုတော့ လှည့်နိုင်,ပတ်နိုင်တာက အသာရှိပါစေတော့ လှည့်တဲ့ ပတ်တဲ့ အကုသိုလ်ကို သားသမီးများအတွက် လုပ်တယ်၊ ဆွေ မျိုးညာတကာအတွက် လုပ်တယ်ဆိုတာ ငရဲထိန်းတွေက ဆဲတဲ့ အခါကျတော့ ကိုယ့်သားမယားအတွက် လုပ်တာပါ၊ ဆွေမျိုး ညာတကာအတွက် လုပ်တာပါ၊ ကျုပ်လွှတ်ပါဆိုလို့ ရပါ့မလား (မရပါဘုရား)။

ဒါ ဘုန်းကြီးက ဟောနေတာလို့ အောက်မေ့ မနေနဲ့ ရှင်သာရိပုတ္တရာက ဓနဉ္ဇာနီ ပုဏ္ဏားကြီး ဟောနေတယ်လို့ တကာကြီးလှိုင်က မှတ်ရမယ် .... (မှန်ပါ့)နောက်က တကာ တကာမတွေက နားလည်ရဲ့လား (လည်ပါတယ်) ဘယ်သူ့ အတွက်လုပ်လုပ် လုပ်တဲ့လူအပြစ်ခံရတယ်....(မှန်ပါ့ဘုရား)။

ဘယ်သူ့အတွက်လုပ်လုပ် .... (လုပ်တဲ့လူ အပြစ်ခံရပါတယ်) ဦးဘကလေး ရိပ်မိပလား....(မှန်ပါ့ဘုရား)။

စားတဲ့လူတွေကော ဟိုင်ရဲထိန်းတွေ ဆင်ခြေလဲလို့ရရဲ့လား (မရပါ) ကျုပ်အတွက်လုပ်တာ မဟုတ်ပါဘူး၊ သားတွေ, သမီးတွေအတွက်လုပ်တာပါလို့ ဆိုလို့ကော.... (မရပါဘုရား) တကာကြီးလှိုင် ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

မရဘူးလို့ ဓနဉ္ဇာနီပုဏ္ဏားလဲ ဒီအတိုင်းဖြေတာဘဲ၊နောက်ကျ တော့ကဲ့ သူများက အခု မေ့လျော့နေတယ်တဲ့၊ သူတော် ကောင်းအလုပ်ကို ဖြစ်ပျက်အလုပ်တွေ နိဗ္ဗာန်ရောက်တဲ့ အလုပ် တွေ မင်းက မေ့လျော့တယ်ဆိုတော့ ဆွေမျိုးညာတကာတွေ အတွက် လုပ်နေရလို့ မင်းပြောတာဘဲ၊ ဆွေမျိုးညာတကာတွေ အတွက် အကောင်းအဆိုးတွေ ရောပြီးသကာလ မင်းအကုသိုလ် တွေလဲပါ, ကုသိုလ်တွေလဲပါ, လောကီအလုပ်တွေ လုပ်နေတော့ မင်းသေသွားတော့ ငရဲထိန်းဘွဲ့က ဆွဲတဲ့အခါကျတော့ မင်း ကျုပ်အတွက်လုပ်တာ မဟုတ်ပါဘူး၊ ဆွေမျိုးညာတကာတွေ အတွက် လုပ်တာပါ: ကျုပ်ကိုလွှတ်ပါဆိုလို့ရပါ့မလား.... (မရ ပါဘုရား)။

နောက်က တကာတကာမတွေကော ကျေနပ်ကြရဲ့လား... (ကျေနပ်ပါတယ်ဘုရား)။

ခင်ဗျားတို့က အားကြီး ဆင်ခြေလဲနေတယ်၊ ဪ .... တယောက်တည်းလည်း မဟုတ်တော့ဆိုတော့ ဟိုင့်တယ်ဆိုတာ ပါသွားတာဘဲ....(မှန်ပါ့ဘုရား)။

နည်းနည်းကလေးဖြင့် သုံးရ နှုန်းရတာဘဲ၊ မကောင်းတာ ကလေးလဲ ပါပါသွားတာဘဲဆိုတော့ ဘာ့ကြောင့်ပါသွားရ သတုံးလို့မေးတော့ မောင်နိုင် အဖြေထွက်မှာဘဲ .... (မှန်ပါ) သား၊သမီး၊ ဆွေ၊မျိုး၊ ရပ်၊ ရွာ၊ နေရတာ၊ ရပ်နဲ့ ရွာနဲ့ နေရတာ ကုန်စရာတွေက အများကြီး၊ ဦးဘကလေး မလာပေဘူးလား.... (လာပါတယ်ဘုရား)။

အဲဒီကုန်စရာတွေများတော့ သား၊သမီးနဲ့ ဆွေ၊မျိုး၊ ရပ်၊ ရွာ၊ ကိုယ်က မုသားကလေးသုံးကာ လိမ်လည် ကောက် ကျစ်ကာ ပရိယာယ်တွေများများနဲ့ သုံးကြ,ဝယ်ကြပြီး ရတဲ့ ပစ္စည်းဟာ ကိုယ်က ဒီအပြစ်ကြောင့် ငရဲရောက်သွားတဲ့အခါမှာ သား,သမီး, ဆွေ၊မျိုး ဥာတကာတွေအတွက် လုပ်တာပါ၊ ကျုပ် အတွက် မဟုတ်ပါဘူးဆိုပြီး ဆင်ခြေလဲလို့ ငရဲထိန်းတွေကလွှတ် ပစ်ပါ့မလား....(မလွှတ်ပါ) သူဘဲ ခံရမှာဘဲဆိုတာ သေချာ ပလား... (သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အသုံးအနှုန်းဟာ ကိုယ်သုံးနှုန်းတာ ဖြစ်တော့ ကိုယ်သာလျှင် အပြစ်ရှိတယ်....၊ ဘယ်သူ့ ငဲ့ပြီး

သုံးသုံး အပြစ်တော့ဖြင့် ကိုယ်သာလျှင် ခံရလိမ့်မယ်ဆိုတာ ယနေ့ ဓနဥာနိပုဏ္ဏားကြီး အဖြေထုတ်နေတာ ထောက်လိုက်ယင် ရှင်းရှင်းလင်းလင်းမှတ်ပါ...(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

တကာကြီးလိုင် ကျေနပ်ပလား(ကျေနပ်ပါတယ်) ဘယ်သူ့အတွက်လုပ်လုပ် ခံတော့ဘယ်သူတုံး....(ကိုယ်ဘဲခံရမှာပါဘဲ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ သားကလေး ငယ်သေးလို့ သူတော်ကောင်းအလုပ် မလုပ်နိုင်သေးဘူး၊ မလုပ်နိုင်ယင် သေသွားလို့ရှိယင် သားငယ်က ကူမှာလား- ကိုယ်ဘဲ အပါယ် သွား ရ မှာလား....(ကိုယ်ဘဲအပါယ်သွားရမှာပါဘုရား)။

သားသမီးကလေး အိမ်ထောင်ကျထားတော့ မလုပ်တတ်မကိုင်တတ်ရှိနေလို့ ဖေးမရသေးတယ်၊အင်း....လောက်ကိုအလုပ်တွေပေါ့ဗျာ....(မှန်ပါ့ဘုရား)။

လောဘ, ဒေါသအလုပ်တွေ၊ဖေးမနေရင်းမတ္တာနဲ့သေသွားတဲ့အခါ သူတို့အရှယ်မရောက်သေးတဲ့လူ မလုံလောက်တဲ့ ပုဂ္ဂိုလ်ကော ကိုယ့်လောကယ်မလား၊ ငရဲမီးလျှံသမားတွေကို သူတို့ကို ကျုပ်စောင့်နေပါတယ်၊ ဒါ့ကြောင့် ကျုပ်အပါယ်ရောက်လာတယ်၊ ကျုပ်လွှတ်ပါဆိုလို့ရပါ့မလား .. (မရပါဘုရား)။

အဲဒီတော့ မိုက်လုံးသန်မနေနဲ့ ဆိုတာကိုလဲ သတိပေးလိုက်တယ်...(မှန်ပါ့)တကာ့ကြီးလိုင် မပေးထိုက်ဘူးလား(ပေးထိုက်

ပါတယ်)နောက်က တကာတကာမတွေ နားလည်ကြရဲ့လား... (လည်ပါတယ်ဘုရား)။

ခင်ဗျားတို့ပြောတဲ့ စကားကဖြင့် ဒီနေ့ဘာဖြစ်နေသတုံး မေးလို့ရှိယင် ဘာကိစ္စကလေးရှိလို့၊ မကောင်းတဲ့ကိစ္စကလေးရှိနေလို့ ဘယ်သားတွက်, ဘယ်သမီးတွက်, ဘယ်ရပ်အတွက်, ဘယ်ရွာအတွက် ဆိုပြီးသကာလ ကိုယ့်သမာခို့,ပညာအလုပ်တွေ ဖျက်ဖျက်ပစ်တယ်... (မှန်ပါ!) မဖျက်ကြဘူးလား .... (ဖျက်ပါတယ် ဘုရား)။

ဖျက်လိုက်တော့ ငရဲရောက်သွားတဲ့အခါ ရပ်ရွာသမားတွေက လာပြီးခံမှာလား- ကိုယ်ဘဲခံရမှာလား .... (ကိုယ်ဘဲခံရမှာပါ ဘုရား)။

အဲဒီတော့ကို ယခုဓနဥာဏ်ပုဏ္ဏားကြီးကို ရှင်သာရိပုတ္တရာက မေးလိုက်တာ မင်းဘဲခံရတယ်လို့ ဆိုတဲ့ဥစ္စာ ရှင်သာရိပုတ္တရာက ပြောတာလား- ဓနဥာဏ်ကဘဲ သူဟုတ်တိုင်းမှန်စွာ ဝန်ခံတာလား.... (ဓနဥာဏ်ကဘဲ ဟုတ်တိုင်းမှန်စွာ ဝန်ခံတာပါ) ရိုပ်ခြ ကြပြီ....(မှန်ပါ!ဘုရား)။

ကောင်းပြီ ဒါဖြင့် ဥာဏ်က တပည့်တော်လုပ်ရတာတွေက သေတဲ့ပုဂ္ဂိုလ်တွေ အတွက်လဲ တပည့်တော်ရည်မှန်းပြီး ရှာရ, ဖွေရတာဘဲဘုရာ့၊ သူတို့အတွက် ရည်မှန်းပြီးကျေးဇူ, မြေးဇူ တွေကလဲ လုပ်ရတယ်။

အေး....လုပ်တာကလုပ်ပြီ၊ မင်းကတော့ အဓမ္မစာရီ,ဝိသမ

စာရိုက်ဆိုတဲ့အတိုင်း မင်းက မတရားသဖြင့် ရှာကာ ဖွေကာနဲ့ လောဘ,ဒေါသ, မောဟခိုင်းတဲ့ အလုပ်တွေ မင်းလုပ်နေတယ်၊ အဲဒီဆွေမျိုး ဥာတကာတွေအတွက်လုပ်လို့ မင်းငရဲရောက်သွားတဲ့ အခါ သူတို့ကလာပြီးသကာလ သူတို့အတွက်လုပ်တာပါ၊မင်းကို လွှတ်ကြပါဆိုလို့ ရမှာလားလို့ မေးပြန်တယ်....(မရပါ)ရကြပါ့ မလား....(မရပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ တကာကြီးလိုင်တို့ကလဲ အသက်ကြီးလာတော့ ဦးဘကလေးတို့ကလဲ အသက်ကြီး မကင်းတရားကလေး- မကောင်းတရားကလေးက ရှိနေသေးတယ်ဘုရ့၊ ဒါကလေးတွေကြောင့် တပည့်တော်တို့မှာ သူဘော်ကောင်းအလုပ်ကို ကျွတ်ကျွတ်လွတ်လွတ် မလုပ်နိုင်သေးဘူးဘုရား၊ မေ့လျော့တာကလေး အချိန်တွေက များများနေသေးတယ်လို့ ဆိုတာကိုလဲ ခင်ဗျားတို့ နှုတ်ချိုသလောက် အယဉ်သုံးသလောက် ဟိုင်ရဲထိန်းတွေကျတော့ ဆင်ခြေလဲလို့ မရဘူး....(မှန်ပါ့) ရပါ့မလား....(မရပါ)နားလည်ကြရဲ့လား .... (နားလည်ပါတယ်ဘုရား)။

အခု ပြောနေတာတွေ ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့် ဆိုတာတွေ· အပိုချည့် အောက်မေ့လိုက်စမ်းပါ တကာကြီးလိုင် (မှန်ပါ့) ဦးဘကလေး ဘယ့်နှယ်ဆုံးဖြတ်ချက်ချမလဲ .... (အပိုချည့်ပါဘုရား)။

ကဲ....ငရဲကျသွားလို့ ငရဲအစစ်ခံရတော့မယ် ငရဲထိန်းတွေက

ဆွဲချပြီဆိုတော့ မည်သူ့ကြောင့်, မည်ဝါ့ကြောင့်ဆိုတဲ့ အလုပ်တွေ ရပါ့မလား....(မရပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ "ကြောင့်"တွေ ဖြုတ်စမ်းပါဆိုတာ ကိုလဲ တကာကြီးလို့ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ကိုယ့်လိုရင်းက ဖြစ်ပျက်အလုပ်ဘဲလုပ်ပါ၊ ဒါရှိတဲ့အလုပ်ဘဲလုပ်ပါဆိုတာ ဦးဘကလေး- သတိပေးလိုက်တယ်.... (မှန်ပါ့)။ ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့်တွေကို တကာတကာမတွေ သုံးချင်သေးသလား....(မသုံးချင်ပါ) တကာကြီးလို့ကော... (မသုံးချင်ပါ) မသုံးချင်ပါနဲ့... (မှန်ပါ့)သို့သော် ခင်ဗျားတို့က ရှာထဲကျတော့ ရှာသံပါ-ပါသွားတယ်....(မှန်ပါ့)။

ဦးဘကလေး ရှာထဲကျတော့.... (ရှာသံပါ-ပါသွားပါတယ်ဘုရား) ရှာသံပါ-ပါသွားတယ်။

ရှာထဲကျတော့ ရှာစိတ်ပေါက်ပြီး ရှာသံပါသွားတယ် ဆိုတော့ ကြောင်တောင်တောထွက်သွားတဲ့အခါ ဘယ့်နှယ်ဖြစ်သွားသတုံး... တကာကြီးလို့... ဖမ်းလို့ ရသေးရဲ့လား.... (မရပါဘုရား)ဘာဖြစ်လို့တုံး ပိုရှိုင်းသွားလို့... (မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖြစ်သွားသတုံး...၊ ပိုရှိုင်းသွားတဲ့အတွက် အယင်ထက်ဆိုးဝါးတဲ့ အတတ်ပညာတွေ သုံးစား မလာဘူးလား....(သုံးစားလာပါတယ်ဘုရား)။

ဒီမှာလဲ ရှာထဲပြန်လိုက်တဲ့အခါ ခင်ဗျားတို့ ကြောင်လိုဘဲ၊ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ထင်ကြသတုံး....ကြောင်ဖြစ်မှာဘဲ....၊ ကြောင်ဖြစ်တော့ ရိုင်းသွားသလား....ယဉ်သွားသလား....(ရိုင်းသွားပါတယ်ဘုရား) ရှင်းပလား....(ရှင်းပါပြီ) ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့်တွေက ပေါ်မလာဘူးလား....(ပေါ်လာပါတယ်)။

သို့သော်....ဘယ်လိုဘဲ ဆင်ခြေလဲလဲ ရှင်သာရိပုတ္တရာက မင့်ကို ငရဲထိန်းတွေက ဆဲတဲ့အခါကျတော့ကွာ....တဲ့ ဘယ်သူ့ကြောင့်, ဘယ်ဝါ့ကြောင့်ဆိုပြီးတော့ မင်းက ဆင်ခြေလဲလို့.... ရသေးသလားလို့ မေးတာဘဲ....(မှန်ပါ) ဘယ့်နှယ်ဖြေမလဲ.... (မရပါဘုရား)။

အဲဒီတော့ တကာတကာမတို့ သားငယ်လို့....သမီးငယ်လို့ သားသမီး အခြေမလှသေးလို့....ကိုယ့်အတွက် ဆုတ်ယုတ်ခံပြီး သကာလ မနေနဲ့ ငရဲထိန်းတွေက ဆဲတဲ့အခါမှာ ဆင်ခြေလဲလို့ မှုရဘူးဆိုတာ တလုံးမှတ်ထားလိုက်....(မှန်ပါ)တကာကြီးလိုင်.... သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီလိုဟောပြီး ရှင်သာရိပုတ္တရာက ကဲ....မင့်အရေး မင်းကြီးတယ်၊ ဘယ်သူ့ကြောင့်,ဘယ်ဝါ့ကြောင့်တွေ့ မင်း လုပ်မနေနဲ့၊ မမေ့မလျော့တဲ့ စိတ်ကြိုက်ယင် စိတ်ဖြစ်ပျက်ရှု၊ ဝေဒနာကြိုက်ယင် ဝေဒနာဖြစ်ပျက်ရှုပြီး မှင်း ဒါသာ မမေ့မလျော့တဲ့

အလုပ်ကို လုပ်ရစ်ဆိုပြီးသကာလ ကျောင်းပြန်ကြသွားတယ်....၊ ရှင်သာရိပုတ္တရာ ကျောင်းပြန်သွားတယ်....(မှန်ပါ့)။

နောက်တယ်မကြာပါဘူး ဓနဥ္ဇာနီက မကျန်းမမာဖြစ်လာတယ်၊ဦးဘကလေး... ဓနဥ္ဇာနီ မကျန် မမာဖြစ်လာတယ်(မှန်ပါ့) မမာတော့ သူ့အိမ်မှာအစေခံတယောက်လွှတ်လိုက်တယ်၊ ဘုရားဆီလဲသွားခဲ့ကွာ ဓနဥ္ဇာနီပုဏ္ဏားကြီးဖြင့်အကြီးအကျယ်မမာဘူး၊ ဝတ်ချခဲ့ရှင်သာရိပုတ္တရာတော့ဝတ်လဲချပြီးတော့ ဓနဥ္ဇာနီပုဏ္ဏားကြီးမမာဘူး ဘုရား၊ အိမ်ကို ခေတ္တကြွပါဆိုပြီး မင်းလျှောက်ခဲ့ဆိုပြီး လွှတ်လိုက်တယ်... (မှန်ပါ့)။

လွှတ်လိုက်တော့ ခုနင်က သွားတဲ့ တကာက ဘုရားဝတ်ချပြီးသကာလ လျှောက်ခဲ့တယ်၊ ရှင်သာရိပုတ္တရာတော့ ဓနဥ္ဇာနီပုဏ္ဏမမာဘူးဘုရာ့၊အိမ်သို့ ခေတ္တကြွပါလို့ ဓနဥ္ဇာနီပုဏ္ဏားကြီးကပင့်ပါတယ်၊ ဒါနဲ့ သင်းပိုင်ကလေး ဘာကလေး ပြင်ဝတ်ပြီးသကာလ ရှင်သာရိပုတ္တရာက လိုက်လာတယ်၊ လိုက်လာပြီး ဓနဥ္ဇာနီပုဏ္ဏားကြီးရဲ့ ဝေဒနာတွေ ကြည့်လိုက်တယ်။

တကာကြီး ဝေဒနာ ဘယ့်နှယ်နေသတုံးဆိုတော့ ဟာ... ဝေဒနာ ပြင်းထန်ပါတယ်ဘုရား...၊ နောက်မဆုတ်ပါဘူး၊ အင်မတန် ပြင်းထန်ပါတယ်၊ အမျိုးမျိုးဥပမာတွေနဲ့ ပြောတာပေါ့လေ... နော်... (မှန်ပါ့)။

ဒါနဲ့ ရှင်သာရိပုတ္တရာက အကဲခတ်တယ်၊ အင်း . ဒီ ဝေဒနာကတော့ဖြင့် မရတော့ဘူး၊ သေမှာဘဲ၊ ကဲ....တရားဟောမယ်၊ တကာကြီး နားထောင်ဆိုပြီး တရားဟော်ပါတယ်။

တရားဟောတော့ တကာကြီး....ငရဲနဲ့ တိရစ္ဆာန် ဘယ်ဟာ ကြိုက်သတုံး၊ ဘယ်ဟာက မြတ်သတုံး...၊ ဟာ....ငရဲထက်တော့ ဘုရား... တိရစ္ဆာန်က မြတ်တာပေါ့....၊ အေးအေး....မှတ်ထား ပါ....။

တိရစ္ဆာန်နဲ့ ပြိတ္တာကော ဘယ်ဟာက မြတ်သတုံး....၊ ဟာ... ပြိတ္တာက တော်သေးတာပေါ့ဘုရား...၊အဆင့်ဆင့်တက်လာတယ် နော်....(မှန်ပါ့)။

ပြိတ္တာနဲ့ လူနဲ့ကော....၊ ဟာ... လူက မြတ်တာပေါ့ဘုရား၊ လူနဲ့ စတုမဟာရာဇာနဲ့ကော....၊ စတုမဟာရာဇာက မြတ်တာပေါ့ ဘုရား....၊ စတုမဟာရာဇာနဲ့ တာဝတိံသာကောဆိုပြီး ဒီလိုဘဲ အမြတ်တွေ့ တက်တက်သွားလိုက်တာ ဗြဟ္မာပြည်ရောက်ကရော- တကာကြီးလို့ပ....(မှန်ပါ့)။

ဗြဟ္မာပြည်ရောက်တယ်၊ ဒါနဲ့ နတ်ပြည်နဲ့ ဗြဟ္မာပြည်ရော- ပရနိမ္မိတဝသဝတ္တီပြည်နဲ့ ပဌမစျာန် ဗြဟ္မာပြည်ကော ဘယ် ဟာက မြတ်သတုံး....၊ ဟာ....ပဌမစျာန်ဗြဟ္မာပြည်က မြတ်ဘာ ပေါ့ဘုရား....။

နို့... ဗြဟ္မာပြည်ကော မကြိုက်ဘူးလား....၊ ကြိုက်ပါတယ် ဘုရား....၊ ဒါဖြင့် တကာကြီး မေတ္တာပို့... တဲ့၊ သေခါနီး ဟော လိုက်တယ်၊ အရှေ့ကိုလဲ မေတ္တာပို့၊ အနောက်ကိုလဲ မေတ္တာပို့ တောင်ကိုလဲ မေတ္တာပို့၊ မြောက်ကိုလဲ မေတ္တာပို့၊ အောက်ကိုလဲ မေတ္တာပို့၊ အထက်ကိုလဲ မေတ္တာပို့၊ အားလုံး တတန်းတည်း ဖြစ်အောင် ပို့ပါ၊ မေတ္တာချည်ပို့ပါ၊ မေတ္တာပို့ပြီးသည်၏ အဆုံးဌ အားလုံး ကရုဏာတတန်းတည်း ထားစမ်းပါ၊ အရှေ့

အနောက်-တောင်-မြောက် အရပ်ရှစ်မျက်နှာပေါ့နော်။ (မှန်ပါ့ ဘုရား)။

နောက်မုဒိတာထားစမ်းပါ၊ နောက် ဥပေက္ခာဆိုတဲ့ တရားနဲ့ အားလုံး ဥပေက္ခာထားလိုက်စမ်းပါ ဆိုပြီးသကာလ ကျောင်းပြန်ကြသွားတယ်....တရားဟောပြီးတော့နော်.... (မှန်ပါ့)။

မေတ္တာအယင်လုပ်ပါ၊ ပြီးတော့မှ ကရုဏာလုပ်၊ ပြီးတော့မှ မုဒိတာလုပ်၊ပြီးတော့မှ ဥပေက္ခာလုပ်ဆိုပြီးသကာလ တကာကြီး လှိုင်....ဗြဟ္မာပြည်ရောက်ကြောင်းတွေ ဟောပစ်ခဲ့တယ်....(မှန်ပါ့ ဘုရား)။

ဟောပြီး အရှင်သာရိပုတ္တရာလဲ ကြွသွားလို့ လမ်းရောက်ရော လမ်းရောက်တော့ ဘုရားက ဟိုကနေ အဘိညာဏ်နဲ့သိတယ်....၊ ဘုရားနားမှာရှိတဲ့ ရဟန်းတွေကို ဘုရားက ရှင်သာရိပုတ္တရာ သူ့နားမရောက်ခင် ဟောနေတယ်....၊ မောင်နှိုင် မှတ်ထား.... (မှန်ပါ့)။

ရှင်သာရိပုတ္တရာ ဘုရားဆီ ရောက်ပလား....(မရောက်သေးပါ ဘုရား) မရောက်သေးဘူးနော်၊ မရောက်ခင်ဘဲ ဟေ့....တဲ့ သာရိပုတ္တရာ ဓနဥ္ဇာနိပုဏ္ဏားကြီးကို တရားဟောတာကဲ့ နိဗ္ဗာန် ရောက်ကြောင်းတရား ချန်လှပ်ပြီးသကာလ ဗြဟ္မာပြည်ရောက် ကြောင်းတရားဟောပြီး သူလာပြီကဲ့၊ ဒီ့ထက်မြတ်တဲ့တရားကို သူမဟောခဲ့ဘူး.... (မှန်ပါ့) ဗြဟ္မာပြည် ရောက်ကြောင်းတရား ဟောပြီး သူလာတယ်ကဲ့....တဲ့၊ ဟိုက သိန္နင့်နေပြီ.... (မှန်ပါ့ ဘုရား)။

ဒါနဲ့ သိန္နင့်နေတော့ ရဟန်းတွေကို ဘုရားက ပြောပြီးပြီ ဆိုပါတော့ မောင်နိုင်,ရ....(မှန်ပါ့ဘုရား) နောက်မှကြာခင်ဘဲ ရှင်သာရိပုတ္တရာကလဲ ဒီတရားပဲကဆုံးပြီး လျှောက်လာတာနဲ့ ရောက်ကရော ဘုရားဆီ....(မှန်ပါ့)။

ဟေ့....သာရိပုတ္တရာ မင်း-ဘယ်ကလာခဲ့သတုံး၊ ဒီလိုဘဲဘုရား စနဥ္စာနီပုဏ္ဏားကြီး မမာတာနဲ့ တရားဟောသွားတယ်။

ဘယ့်နှယ်မျိုး ဟောခဲ့သတုံးကွ၊ ခုနင်က အစဉ်အတိုင်းပေါ့ ဗျာ....မြတ်တာ,မြတ်တာ အဆင့်ဆင့်တက်ပြီး သူကြိုက်ဘဲ့ဗြဟ္မာ့ပြည် ပို့ပစ်ခဲ့တယ်။

သြော်.... မင့်နှယ်ကွာ ဒီ့ထက်ကောင်းတဲ့တရား ရှိပါလျက်သားနဲ့ ဗြဟ္မာ့ပြည်ပို့ထားခဲ့တယ်ဆိုတော့ ဒုက္ခသစ္စာရတဲ့ပြည် မင်းပို့ထားခဲ့တာ....(မှန်ပါ့) တရားဟောညံ့တယ်.... (မှန်ပါ့) တကာကြီးလို့ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီ့ထက် လွတ်မြောက်တဲ့တရား ရှိပါလျက်သားနဲ့ မလွတ်မမြောက်တဲ့နေရာ ပို့ထားခဲ့တယ်ဆိုတော့ ဇာတိ,ဇရာ,မရဏဆဲ တွန်းထားခဲ့တာနဲ့ မတူဘူးလား.... (တူပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းဟာကွာ တရားဟောညံ့တယ်၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေရှိပါလျက်သားနဲ့ ဗြဟ္မာ့ပြည်ရောက်ကြောင်းတရား မင်း-တင်ပို့ထားခဲ့တဲ့ ဥစ္စာကွာ မင်းဟောခဲ့တာ ညံ့တယ်ဆိုတဲ့အဓိပ္ပါယ်မျိုးပြောလိုက်တယ်....(မှန်ပါ့)။

အဲဒီတွင်မှ ရှင်သာရိပုတ္တရာ သတိရတယ်၊ ညြော်... ငါဟော တာ သစ္စာမပါ-ပါဘဲလား....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ဘာတဲ့တုံး....(ဘစ္စာမပါ-ပါဘုရား) ဘယ်ပါမတုံး- မေတ္တာ အပို့ခိုင်းပစ်ခဲ့တာ....(မှန်ပါ) ပါသေးရဲ့လား.... (မပါ-ပါ ဘုရား)။

မေတ္တာ အပို့ခိုင်းပစ်ခဲ့တယ်၊ မေတ္တာ,ကရုဏာ,မုဒိတာ ပို့ ရစ် တကာကြီးဆိုလို့ ဟိုက ရှင်သာရိပုတ္တရာ လမ်းရောက်တော့ သေပါရော....(မှန်ပါ) သေတော့ ဗြဟ္မာ့ပြည်သွားဖြစ်တယ်.... (မှန်ပါဘုရား) ဥပေါတ် ပဋ္ဌိသန္ဓေဘွားကနဲ ဗြဟ္မာကြီး သွား ဖြစ်တယ်။

အဲဒီတွင် ရှင်သာရိပုတ္တရာ ဘုရားဆီရောက်လို့ ဘုရားက မင်း တရားဟောညှံ့တယ်....၊ ဒါဖြင့် တပည့်တော် ပြန်ဟောဦးမယ် ဆိုတော့ မင်း-ဟောမနေပါနဲ့ သူ ဗြဟ္မာ့ပြည် ရောက်သွားပြီလို့ ပြောလိုက်တယ်....(မှန်ပါ) ကဲ...ဘယ်လောက် နာသွားသတုံး (နာပါတယ်ဘုရား)။

ကဲ... တကာ တကာမတွေ ဒါ... ဘယ်သူ့ကြောင့်တုံး.... (တရားဟောညှံ့လို့ပါဘုရား)။

တရားဟောညှံ့လို့လဲ တကာကြီးလှိုင် လိုရာခရီး အပြီးတိုင် မရောက်ဘာ ရှင်းပလား ...(မှန်ပါ)။

ဘယ်နှစ်ချက်ရှိသွားပလဲ နဂိုရ် စ,လိုက်ဘာ.... (သုံးချက်ပါ ဘုရား) သုံးချက်နော်....(မှန်ပါ)။

တရားအဆုံးမလိုက်လို့ မှားခြင်းတချက်....(မှန်ပါ့ဘုရား) မကောင်းသောစိတ် တရားနာတဲ့အထဲမှာ ဝင်လာလို့လဲ....(မှားခြင်း တချက်ပါဘုရား)။

အဲ....မင်ဖိုလ်မရောက်၊ မှားခြင်းတချက်နော်.... (မှန်ပါ့) တရားဟောပုဂ္ဂိုလ်ညံ့လို့လဲ ဘာတုံး....(မှားခြင်းတချက်ပါ) မင်ဖိုလ် မရောက်တော့ဘူး....(မှန်ပါ့)နိဗ္ဗာန်ရောက်ခဲသးရဲ့လား (မရောက်ပါဘုရား)။

အဲဒါကြောင့် တရားဟောညံ့တာပေမဲ့ ဦးဘကလေး သာမည အရေးကြီးတယ်လို့ အောက်မေ့မနေနဲ့ ဘုရားကိုယ်တိုင်က အပြစ်တင်ခံရတယ်(မှန်ပါ့ဘုရား) မခံရဘူးလား....(ခံရပါတယ် ဘုရား)။

တကာ တကာမတို့ ဒါဟာ အထိသုံးပါး ညီဘို့ဆိုတဲ့ဥစ္စာ မောင်နှိုင် ဒါဆိုတာပါဘဲ... (မှန်ပါ့) ကိုမြင့် ဒီအတိုင်းဘဲနော် (မှန်ပါ့)။

ကိုယ့်ဘက်ကလဲ တရားအဆုံးလိုက်ဘို့အရေး-တရေး (မှန်ပါ့ဘုရား) ကိုယ့်ဘက်ကလဲ ပါပမိတ္တဆိုတဲ့ မကောင်းသောတရား တွေနဲ့ မပေါင်းဘို့အရေး-တရေး....(မှန်ပါ့)နှစ်ရေးမရှိဘူးလား (ရှိပါတယ်ဘုရား)။

တရားဟောပုဂ္ဂိုလ်ကလဲ နိဗ္ဗာန်ရောက်ကြောင်းတရား သစ္စာ တရားကို ဟောဘို့အရေးလဲ တရားဟောပုဂ္ဂိုလ်၏အခန်း(မှန်ပါ့) ဤအရေးမပါလို့ ရှင်သာရိပုတ္တရာကြီး ဘုရားအပြစ်တင်ခံရတယ်

ဆိုတာလဲ တကာကြီးလို့ရိပ်မိပလား.... (မှန်ပါ-ရိပ်မိပါပြီ) တယ်နစ်နာပါလား....(နစ်နာပါတယ်ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

တကာကြီးလို့ အခုဟာ တတိယအချက်မှာ ဘယ်သူ့ တာတုံးဗျ....(တရားဟောပုဂ္ဂိုလ်ညွှံ့တာပါဘုရား) တရားဟော ဆရာ ညွှံ့တယ်... (မှန်ပါ)။

ဒါ့ကြောင့် တကာတကာမတို့ သစ္စာမပါဘူးတဲ့ သူဟော တာတွေက မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ဒီလေးခုဲ ဟောတယ်... (မှန်ပါ)။

မေတ္တာပို့ရစ်ကွာ....ကရုဏာထားရစ်ကွာ၊ သစ္စာပါသေးရဲ့ လား.. (မပါ-ပါဘုရား) မုဒိတာ ထားရစ်ကွာ၊ ဥပေက္ခာအလုံး စုံ ထားပြီးတော့နေကွာ· အဲဒါ ဗြဟ္မာ့ပြည်ရောက်လိမ့်မယ်ဆိုပြီး တော့ ဟောပစ်ခဲ့တော့ သူပြန်လာလို့ လမ်းရောက်ကာရှိသေး စုတိစိတ်ကျ၊ ကျသည်နဲ့ တပြိုင်နက်တည်း ဗြဟ္မာကြီး သွားဖြစ် တယ်....(မှန်ပါ)။

သူမရောက်ခင်ဘဲ ဘုရားကကော မောင်နိုင် သိနှင့်ပလား.... မသိနှင့်ဘူးလား....(သိနှင့်ပါတယ်ဘုရား)။

ရှင်သာရိပုတ္တရာကွာ-ဒီ့ထက်ကောင်းတဲ့တရား ရှိလျက်သားနဲ့ ဒီနားတွင် ရပ်ထားခဲ့တယ်ဟေ့....လို့ ရဟန်းတွေကို ပြောနှင့်ပြီ ဘုရားက....(မှန်ပါ)။

ကိုင်း....တကာတကာမတို့ ဘယ်သူညံ့တာပါလိမ့်....(ဆရာ ညွှံ့တာပါဘုရား) ဆရာညံ့တာပါ။

တိုတိုပြောတော့ ဘယ့်နှယ်ပြောကြမလဲ... (ဆရာညွှန်.တာပါဘုရား) ဦးမှူကြီး.... (ဆရာညွှန်.တာပါဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ့ကြောင့် တကာ တကာမတွေ ခင်ဗျားတို့ တရားကို အဟုတ်မှန်မှန်ပြောရမယ်ဆိုတော့ မောင်နိုင် မလှယ်ပါကလား (မလှယ်ပါဘုရား)။

မလှယ်ဘူး၊ အခု ကြည့်စမ်း ဘုရားက မင်းက ဗြဟ္မာ့ပြည် ရောက်ကြောင်း မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ. ဗြဟ္မာ ဝိဟာရတရားကို မင်းဟောထားခဲ့တဲ့ အတုက်တဲ့ ဗြဟ္မာ့ပြည် ရောက်ပြီကွ....ဆိုတော့ သြော် . တပည့်တော် လိုပါကလားလို့ သူ တာဝန်ခံတာဘဲ.. (မှန်ပါ့)။

ဒါဖြင့် တပည့်တော် ဗြဟ္မာ့ပြည် လိုက်ပါဦးမယ်... တဲ့.... (မှန်ပါ့)။

ဘုရားက မင်းဟောတာက တရား ခုလပ်တွင် ဟောပစ်ခဲ့တယ်၊ ဒီ.ထက်ကောင်းတဲ့ နိဗ္ဗာန်ရောက်ကြောင်း မပါဘူး....၊ အခုတော့ဖြင့် လွန်သွားပြီကွာ.ဒီပုဏ္ဏားကြီးက ဗြဟ္မာ့ပြည်ရောက်သွားပြီဆိုတော့ လူ.ပြည်ဟောရမည့်အလုပ်ကို တပည့်တော်ညွှံ့တဲ့ အတုက် ဗြဟ္မာ့ပြည် လိုက်ပါဦးမယ်ဆိုပြီး လိုက်ပြန်တယ်.... (မှန်ပါ့)ရိပ်မိကြပလား .... (ရိပ်မိပါပြီဘုရား)။

ရှင်သာရိပုတ္တရာကြီး ,အခု ဘယ်ကြွသွားသတုံး- (ဗြဟ္မာ့ပြည် ကြွသွားပါတယ်)ဦးအောင်ဇံဝေတို့ ဘယ်ကြွသွားသတုံး(ဗြာဟ္မ

ပြည် ကြွသွားပါတယ်) ဘာဖြစ်လို့ကြွရတာတုံး....(သစ္စာတရား ဟောမလို့ကြွရတာပါဘုရား)။

ဘာဖြစ်လို့ကြွရပြန်တာတုံး၊ခုနင်က တခါကြွပြီးပြီ၊အခုတခါ ထပ်ပြီးတော့ ဘာဖြစ်လို့ကြွရတာတုံးမေးတော့ ဘယ့်နှယ်ပြော မတုံး....(တရားဟောမလို့ပါဘုရား)။

နောက်က တကာတကာမတွေ့ ကိုယ်တော်ကြီး နှစ်ခါကြွရ တာ ရိပ်မိပလား.... (ရိပ်မိပါပြီ)နောက်တခါ ဘာဖြစ်လို့တုံး.... (တရားဟောညွှံ့ခဲ့လို့ပါ) သူ့ဟာသူ ညွှံ့ခဲ့လို့ ကြွရရှာတာ.... (မှန်ပါ့ဘုရား)။

ကဲ....ကိုမြင့်ရိပ်မိပလား....(ရိပ်မိပါပြီ) ဘာဖြစ်ကို့ကြွရတာ တုံး...(တရားဟောညွှံ့လို့ပါဘုရား)။

အဲ....ဗြဟ္မာ့ပြည်ရောက်တော့မှ သစ္စာတရား သွားဟောတယ် (မှန်ပါ့ဘုရား)။

ဗြဟ္မာ့ပြည်ရောက်တော့- (သစ္စာတရားသွားဟောရပါတယ်) သစ္စာတရားသွားဟောရတယ်....(မှန်ပါ့) ခုနင်က မေတ္တာတရား တွေ့ဟောတယ်....(မှန်ပါ့) အခု ဘာတရားသွားဟောသလဲ.... (သစ္စာတရားသွားဟောပါတယ်ဘုရား)။

သစ္စာတရားခတ္တ သွားဟောရတယ်၊ ကိုင်း... သစ္စာတရား ဆိုတော့ ခင်ဗျားတို့လုပ်တဲ့ အလုပ်ကိုမှတ်လိုက်တာပေါ့နော် .... (မှန်ပါ့)တကာကြီးလို့ ခင်ဗျားတို့လုပ်တဲ့ အလုပ်ဟာ သစ္စာ တရား...(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကို ဘုန်းကြီး အရှုခိုင်းတာက မျက်စိနဲ့ မြင်တယ် ဆိုယင် မြင်စိတ်ကို ဖြစ်ပျက်ရှုပါလို့ မပြောဘူးလား ... (ပြော ပါတယ်ဘုရား)။

မြင်စိတ်ဟာ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါ) ရှုတဲ့မဂ်က.... (မဂ္ဂသစ္စာပါ) အဲဒါကျတော့ သစ္စာလိုသေးရဲ့လား....(မလိုပါ ဘုရား)ဒီလိုရှုက, ဒီလိုမှတ်က, ဒီလိုဟောရမယ်....(မှန်ပါ) ဒါက ဘ·နံပါတ်နော် .. (မှန်ပါဘုရား)။

ကဲ... ကြားစိတ်ကလေးကျတော့ မောင်နိုင်တို့က ဘယ့်နှယ် လုပ်မလဲ....(ဖြစ်ပျက်ရှုရပါမယ်) ကြားစိတ်ကလေး ဖြစ်ပျက်ရှု၊ ဖြစ်ပျက်ကဘာသစ္စာ....(ဒုက္ခသစ္စာပါ)ရှုဘာက....(မဂ္ဂသစ္စာပါ) ဒီလိုဆိုတော့ သစ္စာဆိုက်မသွားဘူးလား....(ဆိုက်ပါတယ်)။

မဂ္ဂသစ္စာဆိုတော့ နောက်ကပဋ္ဌိစ္စသမုပ္ပါဒ် တဏှာ,ဥပါဒါန် ကံလာသေးရဲ့လား....(မလာပါ) ကြားလို့ သာယာတယ်၊ စဲ့ လမ်းတယ်၊ အားထုတ်မယ်ဆိုတဲ့ တဏှာ,ဥပါဒါန်, ကံ လာသေး ရဲ့လား....(မလာပါဘုရား)။

အဲ...သမုဒယသစ္စာ ကိလေသဝဋ္ဋကစပြီး ကမ္မဝဋ္ဋ၊ ကမ္မဝဋ္ဋက စပြီး ဝိပါကဝဋ္ဋမပြတ်ဘူးလား....(ပြတ်ပါတယ်) ရှုယင်ပြတ် တယ်... (မှန်ပါဘုရား)။

ဦးအောင်ဇံ ၀ေ ရှုယင်(ပြတ်ပါတတ်) ပြတ်တယ်၊ဦးဘသန်း ကြီးကောရှုယင်....(ပြတ်ပါတယ်ဘုရား)။

အဲဒီ ပြတ်တဲ့အလုပ်ဟာ ခင်ဗျားတို့ ရှုနေတဲ့ အလုပ်ဟာ

ကိုလေသဝဋ်,ကမ္မဝဋ်, ဝိပါကဝဋ် ဖြတ်တဲ့အလုပ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ရှုတဲ့အလုပ်ဟာ ဘာတုံး.... (ဝဋ်သုံးပါးပြတ်ပါတယ်ဘုရား) နောက်က တကာ့စကားတွေ (ဝဋ်သုံးပါးပြတ်ပါတယ်ဘုရား)။

ရှုလိုက်ယင် ကိုလေသဝဋ်ကစပြီး အယင်မပြတ်ဘူးလား .... (ပြတ်ပါတယ်ဘုရား) ကိုလေသဝဋ်မလာလို့ရှိယင် ကမ္မဝဋ်ကော လာသေးရဲ့လား....(မလာပါဘုရား)။

ကမ္မဘဝဆိုတာလေ....(မလာပါ) ကမ္မဘဝမှမလစဘဲနဲ့ ကမ္မဘဝပစ္စယာ ဇာတိဆိုတာကော....(မလာပါ) ဒါဖြင့် ဝဋ်သုံးပါးဘယ်နှယ်နေသတုံး....(ပြတ်ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ရှုနေတဲ့ အလုပ်ကတော့ ဝဋ်ပြတ်တယ် (မှန်ပါ)ဖြစ်ပျက်ကဒုက္ခသစ္စာ၊ရှုတာက.... (မဂ္ဂသစ္စာပါဘုရား)။

ဝဋ်ပြတ်တာက နိရောဓသစ္စာ....(မှန်ပါ) ကိုလေသဝဋ်ရော, ကမ္မဝဋ်ရော, ဝိပါကဝဋ်ရော ပြတ်တယ်... (မှန်ပါ) ဝဋ်သုံးပါးကျွတ်တာက နိရောဓသစ္စာ....(မှန်ပါ)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဝဋ်သုံးပါးကျွတ်တာက....(နိရောဓသစ္စာပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....မရှုတတ်တဲ့ပုဂ္ဂိုလ်တွေလဲ ရှုတတ်အောင်လို့ ပြောပေးဦးမယ်၊ နံစိတ်ကလေးလှာယင်လဲ ဘာလုပ်ကြမယ်... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ နံစိတ်ဖြစ်ပျက်က ဘာသစ္စာ .... (ဒုက္ခသစ္စာပါ)ရှုတာက ...(မဂ္ဂသစ္စာပါ) နောက်က ဝဋ်ဘယ်နှစ်ပါးပြတ်သလဲ....(သုံးပါးပြတ်ပါတယ်) အဲ... သုံးပါးပြတ်တာက ဘာသစ္စာလဲ... (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာနော် .... (မှန်ပါ့) နိရောဓသစ္စာဆိုရမှာပေါ့ သူက သမုဒယနဲ့ ဒုက္ခချုပ်တာကိုး....(မှန်ပါ့) မချုပ်ဘူးလား.... (ချုပ်ပါတယ်) ကိလေသဝဋ်က သမုဒယသစ္စာ၊ ဝိပါကဝဋ်က ဒုက္ခသစ္စာကိုး....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကဲ....တခါ လျှာပေါ်မှာ စားစိတ်ကလေးပေါ်လဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်က ဘာသစ္စာ .... (ဒုက္ခသစ္စာပါ)ရှုတာက... (မဂ္ဂသစ္စာပါ) သေတာက .... (သမုဒယသစ္စာပါဘုရား)။

သမုဒယရော ဒုက္ခရော... (မှန်ပါ့) မသေဘူးလား....(သေပါတယ်ဘုရား)သမုဒယသေတယ်၊ဒုက္ခချုပ်တယ်(မှန်ပါ့) အနာဂတ်ဒုက္ခ မချုပ်ဘူးလား....(ချုပ်ပါတယ်) အဲဒါက ဘာသစ္စာခေါ်မလဲ....(နိရောဓသစ္စာပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

တခါ-တခါတကယ်တကယ်မတွေ့က ဒို့လုပ်နေရတာဘဲ-ဆရာဘုန်းကြီးက ရှုရှုဆိုလို့ လုပ်နေရတာဘဲ ဘာမှကျေးဇူးမခံစားရဘူးလို့ ဒီလိုအောက်မေ့မနေနဲ့ ချက်ချင်း အကာလိကောတဲ့.... (မှန်ပါ့)ချက်ချင်း အကျိုးပေးပါတယ်....(မှန်ပါ့ဘုရား)။

ချက်ချင်း သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာမချုပ်ဘူးလား....(ချုပ်ပါတယ်)အဲဒါ ဘာခေါ်ကြမတုံး.... (နိရောဓသစ္စာပါ) အကာလိကော=အခါမလင့် အကျိုးပေးလိုက်တယ်...(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

သန္ဓိဋ္ဌိကော ဒုက္ခသစ္စာကိုယ်တိုင်မြင်တာနဲ့ အကာလိကော အခါမလင့် အကျိုးပေးတယ်၊ သဘောပါကြပလား... (ပါပါပြီဘုရား)။

ကဲ....ဒါဖြင့် ကိုယ်ပေါ်မှာယားစိတ်,ယုံစိတ်,နာစိတ်,ကောင်းစိတ်ကလေးပေါ်ယင် ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်တာ ဘာသစ္စာ....(ဒုက္ခသစ္စာပါ)ရှုတာက... (မဂ္ဂသစ္စာ) သေတာက... (သမုဒယသစ္စာပါဘုရား)။

နောက် အနာဂတ်၌ ဝိပါကဝဋ်မလာတာက ... (နိရောဓသစ္စာပါ)သစ္စာလေးပါးချည့် ဟောလိုက်တယ်... (မှန်ပါ့)။

ရှင်သာရိပုတ္တရာဟာ ဗြဟ္မာ့ပြည်သွားပြီးတော့ ဓနဥာနိကို ဟောတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲ....ဝမ်းထဲ လောဘစိတ်ကလေးပေါ်ယင် ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ရှုပေး၊ ခုနင်ကဲ့ အတိုင်းဘဲ... (မှန်ပါ့ဘုရား)။

ဒေါသစိတ်ပေါ်လာယင်.... (ဖြစ်ပျက်ရှုရပါ့မယ်ဘုရား) ဥဒ္ဓံစ္စက ပေါ်လာယင် ပျံ့လွင့်တဲ့စိတ်ကလေးလာယင်(ဖြစ်ပျက်ရှုရပါမယ်)ဝိစိကိစ္ဆာဆိုတဲ့ သံသယရှိတဲ့ စိတ်ကလေး ပေါ်လာယင်... ဖြစ်ပျက်ရှုရမှာပါဘုရား)။

အဲဒါ မောဟ ဖြစ်ပျက်ရှုတာလို့ မှတ်လိုက် ...(မှန်ပါ) သဘောကျပလား....(ကျေးဇူးပြုပါ)။

ဝမ်းထဲက လှုချင်,ဘန်းချင်တဲ့စိတ်ကလေးလာလဲ အားတုတ်နေတုန်းမှာ... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်က ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား)။

ရှုတာက.... (မဂ္ဂသစ္စာပါဘုရား) သေတာက .... (သမုဒယသစ္စာပါဘုရား)နောက်ဝိပါကဝဋ်ကျွတ်တာက ....(နိရောဓသစ္စာပါဘုရား)။

သစ္စာလေးပါးချည့် ဟောနေတယ်....(မှန်ပါ့ဘုရား) တကာကြီးလှိုင်... ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

ကဲ ...ဒါဖြင့် ဝမ်းထဲမှာ မေတ္တာပို့ချင်တဲ့ စိတ်ကလေးပေါ်လာလဲ ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

ရှုတာက .... (မဂ္ဂသစ္စာပါဘုရား) သေတာက.... (သမုဒယသစ္စာပါဘုရား) နောက် အကျိုးမပေးတာက.... (နိရောဓသစ္စာပါဘုရား) ဒီလိုချည့်လုပ်ပါ. (မှန်ပါ့)။

နောက်လေကလေးထုတ်တဲ့စိတ်လဲ ဖြစ်ပျက်ရှု၊ လေကလေးရှိုက်တဲ့စိတ်ကော....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုပေး-(မှန်ပါ့)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့ ဖြစ်ပျက်က ဘာသစ္စာ... (ဒုက္ခသစ္စာပါ)ရှုတာက.... (မဂ္ဂသစ္စာပါ)သေတာက...(သမုဒယ-သစ္စာပါဘုရား)။

နောက် အကျိုးမပေးတာက...(နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာ မသေချာဘူးလား .... (သေချာပါတယ် ဘုရား)။

ဒါက အနာဂတ်နိဗ္ဗာန်၊ နောက်မှရမည့် နိဗ္ဗာန်ကို ပြောလိုက်ပါတယ်... (မှန်ပါ့ဘုရား)။

အခုရမည့် နိဗ္ဗာန်ပြောချင်တော့ ဒီလို မပြောရဘူးနော် .... (မှန်ပါ့) အခုရမည့်နိဗ္ဗာန်ကတော့ ဒီလိုပါ တကာတကာမတို့၊ ဒါက ပဋိစ္စသမုပ္ပါဒ်နဲ့ တွဲနေတဲ့ နိဗ္ဗာန်... (မှန်ပါ့)။

အခုရမည့်နိဗ္ဗာန်ကတော့ အခု ဖြစ်ပျက်ရှိသို့ အခုဖြစ်ပျက်တွေ မုန်းဘို့ အရေးကြီးတယ်....(မှန်ပါ့) အခုဖြစ်ပျက်ကို ဒုက္ခသစ္စာဖြစ်ပြီး မလိုချင်ဘို့ အရေးကြီးတယ်... (မှန်ပါ့)။

မလိုချင်လို့ ဒီ ဖြစ်ပျက်ဒုက္ခသစ္စာချုပ်သွားလို့ရှိယင် ဒီနေရာ နိဗ္ဗာန်ပေါ်လာတာဘဲ....(မှန်ပါ့) သဘောကျပလား... (ကျေပါပြီဘုရား)။

ဒီနေရာ နိဗ္ဗာန်မပေါ်ဘူးလား-(ပေါ်ပါတယ်ဘုရား)ဒါဖြင့် ဖြစ်ပျက်အဆုံးက ဘာသစ္စာ....(နိရောဓသစ္စာပါ) အဆုံးမြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

သေသေချာချာလိုက်ပါ နောက်က လူတွေ အဆုံးမြင်တာက (မဂ္ဂသစ္စာပါဘုရား) အဆုံးက ဘာသစ္စာတုံး.... (နိရောဓသစ္စာပါ)အဆုံးမြင်တာက....(မဂ္ဂသစ္စာပါဘုရား)။

အဆုံးမြင်လို့ အမြစ်နဲ့တကွ ပြတ်သွားတာကဲ့ သမုဒယသစ္စာ....(မှန်ပါ့) သမုဒယသစ္စာပြတ်တာ ဒိဋ္ဌိတို့, ဝိစိကိစ္ဆာတို့

ပြတ်သွားတယ်...(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

အဲဒီ ဒီဋ္ဌိ ဝိစိကိစ္ဆာရှိနေမှ အပါယ်အကျိုးပေးမှာ--(မှန်ပါ့) အပါယ်မရောက်တာက "စတုဟာပါယေဟိစ ဝိပ္ပမုတ္တောဝ" ဆိုတဲ့ အတိုင်း သောတာပတ္တိမဂ်ဆိုတဲ့ ပဌမအဆင့် နိဗ္ဗာန် ရတယ်... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီကဲ့သို့ တကာတကာမတွေ့ စိတ္တာနုပဿနာကို ခင်ဗျားတို့ အစ,ကနေ ဖြိုင်ဖြိုင်ရှုပေးလို့ ရှိယင် ပစ္စုပ္ပန်မှာ ချက်ချင်း နိဗ္ဗာန်လဲ ရနိုင်ပါတယ် - (မှန်ပါ့)ဦးဘကလေး....ရိပ်မိပြီ....(ရိပ်မိပါပြီ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါနဲ့ ဓနုဗ္ဗာနိပုဏ္ဏားကြီးကို အဲဒီလို ဟောလိုက်တော့မှ သောတာပန်က,စပြီး သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်သွားတယ်...(မှန်ပါ့)။

တကာကြီးလိုင်....သစ္စာ သွားဟောပစ်လိုက်တယ်.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

နဂိုရ်က ဗြဟ္မာကြီးသွားဖြစ်တာက ဘာဖြစ်လို့ပါလိမ့်မတ္ဆိုး ဆိုတော့ သမထနဲ့ သေသွားလို့...(မှန်ပါ့)။

ဘုရားက တရားဟောညှ,်တယ် မင်း သမထနဲ့ သေသွားတော့ သူ,မှာ ဒုက္ခသစ္စာကြီး ရခဲနေတယ်ကွ....၊ မင်းတရားဟောညှ,်တယ်လို့ ပြောလို့ တက်ဟောခဲတော့ သစ္စာ၄တွ, မဟောရဘူးလား....(ဟောရပါတယ်ဘုရား)။

အဲဒီတော့ အခုဟောနေတဲ့ ဒုက္ခသစ္စာ, သမုဒယသစ္စာ,နိရောဓသစ္စာ, မဂ္ဂသစ္စာ မဟုတ်ဘူး၊ ရှုပ္ပဒေးတဲ့သစ္စာ ဟောတာ.... (မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာပြောနေတာလဲ.... (ရှုပ္ပဒေးတဲ့သစ္စာ ဟောပါတယ်ဘုရား) အဲ... ရှုပ္ပဒေးတဲ့ အခုမြင်တဲ့ ဒုက္ခသစ္စာ၊ အခုမြင်တဲ့ မဂ္ဂသစ္စာနော် (မှန်ပါ့)။

အခု အမြင်ခံရတာက ဒုက္ခသစ္စာ၊အခု မြင်တာက မဂ္ဂသစ္စာ၊ အခု သေတာက သမုဒယသစ္စာ....(မှန်ပါ့) ဒါတွေ ခင်ဗျားတို့ ပွဒေးများလို့ ရှိယင်ဖြင့် နိဗ္ဗာန်မရ မရှိလို့ မှတ်လိုက်— (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီဘကာတကာမတွေမှာ ပါရမီပြည့်စုံပြီးသားမှာ နိဗ္ဗာန်မရနိုင်တဲ့ သုံးချက်ကို ပြန်၍ နိဂုံးချုပ်ပါတယ်....(မှန်ပါ့ဘုရား)။

ဘရားအဆုံး မလိုက်လို့လဲ ဘာတုံး....(နိဗ္ဗာန်မရပါဘုရား) အေး.... ဖြစ်ပျက်မှုန်းလို့ ဖြစ်ပျက်မှုန်းရုံတွင် ရပ်ပြီး ဖြစ်ပျက်အဆုံးမလိုက်ခြင်းကြောင့်လဲ နိဗ္ဗာန်ကို မရနိုင်ဘူး—(မရနိုင်ပါဘုရား)။

တရားနာရင်းမတ္တာနဲ့ မကောင်းတဲ့စိတ်တွေ ဝင်လာလို့လဲ.... (နိဗ္ဗာန်မရနိုင်ပါဘုရား) နိဗ္ဗာန်ဆိုတာ အဝေးကြီးဘဲ မရနိုင်ဘူး၊ အဲဒီတော့ နတ်ပြည်လောက်ဘဲလို့ ကြားစိတ်ဝင်လာလဲ မရနိုင်ဘူး... (မှန်ပါ့) ရပါ့မလား....(မရပါဘုရား)။

တရားဟော ဘုန်းကြီးက လူ့ပြည်,နတ်ပြည်တွင် ဟောထားလို့လဲ နိဗ္ဗာန်ကို.... (မရနိုင်ပါဘုရား) သူကလဲ သစ္စာဟောမှ နိဗ္ဗာန်ရနိုင်တယ်... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တရားနာတဲ့ပုဂ္ဂိုလ်ဘက်က ဘယ်နှစ်မျိုးတုံး(နှစ်မျိုးပါဘုရား) တရားဟောတဲ့ဘက်က .. (တမျိုးပါဘုရား)။

အနုတောဖြင့် တရားနာတဲ့ဘက်ကလဲ ခင်ဗျားတို့က သိပြီးသား...(မှန်ပါ) တရားဟောတဲ့ ဘုန်းကြီးကလဲ သစ္စာဆိုက်အောင်ဘဲ တခါတည်း ဖြစ်ပျက်အရှုခိုင်းနေတယ်... (မှန်ပါ) ဒါကြောင့် မရဖရ အကြောင်းမညီညွတ်စရာ ရှိသေးသလား... (မရှိပါဘုရား)။

အဲဒီတွင် ဓနဥ္စာနိပုဏ္ဏားကြီးကို ချင်းချက်ကလေးနဲ့ ဟောလို့ ပြဟ္မာဖြစ်တာ ဘုရား အပြစ်တင်ခံရလို့ သစ္စာသုံးဟောတော့မှ ကိုးစပြီးတယ်ဆိုတာ မောင်နိုင် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော
ငရဲမီး ငြိမ်းသတ်နည်း

ညအလုပ်ပေး တရားတော်

(၂၇ - ၄ - ၆၂)

ဘုရားဟောတော်မူတဲ့ တရားဆိုပြီး ယုံကြည်လုပ်၊ သေသေ ချာချာရှိတာကို သေသေချာချာ ရေခိုင်းတာဆိုပြီး ယုံကြည်တဲ့ သဒ္ဓါပြင်းထန်ရမယ်... (မှန်ပါ့ဘုရား)။

ပညာကလဲ ဒီနေရာကို တခါတည်းတည့်ကနဲ စိုက်ကနဲသွားရမယ်၊ ယားယင် ယားတဲ့နေရာ,ရှိုးယင် ရှိုးတဲ့နေရာ, ရှိုက်ယင် ရှိုက်တဲ့နေရာကို ပညာကတည့်အောင် ပရမတ်ရှိတဲ့နေရာ တည့်အောင်ပေါ့ဗျာ... (မှန်ပါ) ဦးဘသန်း တည့်အောင်ရှုရမယ်နော် (မှန်ပါဘုရား)။

အဲဒါ သဒ္ဓါ,ပညာကို ညီနေအောင် ဖြစ်ပျက်ရှိတဲ့ဆီကို တဲ့လှတ်ပါနော်....(မှန်ပါ)ဝိရိယနဲ့ သမာဓိလဲ ဖြစ်ပျက်ရှိတဲ့ဆီကို တဲ့လှတ်ပါ၊ သတိကိုဘယ်တော့မှ ဟာမသွားစေနဲ့....(မှန်ပါ)။

သဒ္ဓါနဲ့ ပညာဘာလုပ်ရမယ်....(တဲ့လှတ်ရမယ်) တဲ့ပြီးတော့ ဖြစ်ပျက်ရှိတဲ့ဆီကို လှတ်ရမယ်၊ မခင်စိန်တို့ သေသေချာချာမှတ်နော်....(မှန်ပါဘုရား)။

သဒ္ဓါက ယုံကြည်တာ၊ ဘုရားဟောတော်မူတာ ဟုတ်တယ်၊ ပညာက ဖြစ်ပျက်ဆီကို ဖြစ်ပြီးပျက်တာ အမှန်ဘဲလို့ ပညာက လိုက်ပေး.... (မှန်ပါ့) သဒ္ဓါက ယုံကြည်- ပညာက ရှုပေး.... (မှန်ပါ့)။

ဝိရိယနဲ့သမာဓိကိုလဲ ညီနေအောင်လုပ်ရမယ်....၊ ဝိရိယလဲ မလွန်စေနဲ့၊ လွန်ယင် စိတ်ဟာ ဥဒ္ဓစ္စဘက်ပြေးတယ်.... (မှန်ပါ့) သမာဓိလွန်လို့ ရှိယင် ငိုက်မျည်းတဲ့ဘက်သွားတယ်- ထိန်မိုဒ္ဓဘက် သွားတယ်... (မှန်ပါ့)။

ဒါ့ကြောင့် ဝိရိယနဲ့ သမာဓိကိုလဲ ညီနေအောင် လွှတ်ပါလို့ ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့)။

ညီရမည့်တရား သိပလား ဦးဘသန်း...(သိပါပြီ) ဘာနဲ့ ဘာတုံး.... (သဒ္ဓါနဲ့ ပညာ၊ ဝိရိယနဲ့ သမာဓိပါ) ဒါ.... ညီနေအောင်လုပ်ရမယ်၊ သူတို့နှစ်စုံပါ့ဗျာ.... (မှန်ပါ့) သဒ္ဓါပညာတစုံ, ဝိရိယ သမာဓိတစုံ, ဒါ....ညီနေအောင် ဖြစ်ပျက်ရှိတဲ့ဆီကို လွှတ်ကြပါလို့ နောက်ဈ တကာတကာမတွေလဲ သတိပေးလိုက်တယ်နော်....(မှန်ပါ့)။

ဒါ....အလုပ်သင်ပေးနေတာလို့ မှတ်ရမှာပေါ့၊ အလုပ်သင်ပေးနေတာ မင်းတို့လဲ ဒီအတိုင်းပေါ့နော်....(မှန်ပါ့)။

သဒ္ဓါနဲ့ပညာ ညီနေအောင်လွှတ်၊ ဖြစ်ပျက်ရှိတဲ့ဆီကို လွှတ်ပေး၊ ဝိရိယနဲ့ သမာဓိကော.... (ညီနေအောင် လွှတ်ရပါမယ်) ညီနေအောင်လွှတ်ရမယ်၊ မလွန်စေရဘူး....(မှန်ပါ့) နှဲ့ဆုံ့ကောင်ကို ကြိုးစုံကိုင်မောင်းသလို ဘယ်နှဲ့ကမှ မလွန်မှ၊ တခု

က လွန်သွားယင် မရတော့ဘူး... (မှန်ပါ) ပျက်စီးသွားတယ် ဦးဘသန်းနော်... (မှန်ပါ) ဒါ... ဂျနြေညြိတာလို့ ခေါ်တယ်... (မှန်ပါ)။

သဒ္ဓေနြဲ့ ပညြဲ့ စာလိုသုံးတော့ ညီနေအောင်လုတ် ဖြစ်ပျက်ရှိတဲ့ဆိကို၊ သမာဓိနြဲ့ ဝိရိယနြဲ့ကို ညီနေအောင် လုတ်နော်....(မှန်ပါ) သတိကို ဘယ်အခါကာလမှ မလျှော့နဲ့ဆိုတော့ ဂျနြေငါးပါးစေ့သွားပြီ....(မှန်ပါ)။

ကိုင်း....ဒါဖြင့် မနေ့က ရဟန်းက မေးတာ မကုန်သေးဘူး၊ လပြည့်နေ့ကြီး ရဟန်းက ဘုရားကို လျှောက်တယ်၊ ခန္ဓာ·ခန္ဓာ ဆိုတာ ရှင်းပေးပါဦးဘုရား....တဲ့။

ခန္ဓာဆိုတာကွာ... တဲ့ ရုပ်တရားတွေလဲ အစုကြီးတဲ့၊ ရုပ်,ဆိုတော့ တခုတည်း... တဲ့၊ ခန္ဓာဆိုတော့ အစုတဲ့၊ ရုပ်ဟာ အစုကြီးက·တဲ့၊ ဒါ့ကြောင့် ရုပ်ကို ခန္ဓာလို့ ခေါ်တယ် ရူပက္ခန္ဓာတဲ့၊ ရူပ,က ရုပ်၊ ခန္ဓာက အစု· ရုပ်အစုကြီးက....တဲ့....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ရုပ်ဆိုတာ အစုကြီးနေတယ် (မှန်ပါ့ဘုရား) အဋ္ဌကလာပ်, ဒသကလာပ်စုနေတာ၊ ပေါင်းစုံနေတယ်....(မှန်ပါ)။

ဝေဒနာကကော....တဲ့၊ ဝေဒနာက ဝေဒနာဘဲကွတဲ့၊ ခန္ဓာကကော့ကို ဝေဒနာတွေစုနေတာ၊ အတိတ်ကဟာလဲ ဝေဒနာဘဲ၊ ပစ္စုပ္ပန်လဲ ဝေဒနာဘဲ- အနာဂတ်လဲ ဝေဒနာဘဲ ယခုရှိတာလဲ ဝေဒနာဘဲ၊ ဒါ့ကြောင့် ဝေဒနာကို ဝေဒနာလို့ တင်မဆိုဘူးတဲ့၊

ခန္ဓာလို့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်တွေပါ စုပေါင်းခေါ်တဲ့ နာမည်၊ ခန္ဓာဆိုတာ စုပေါင်းခေါ်တဲ့နာမည်...(မှန်ပါ့)။

အတိတ်က ဝေဒနာလဲ ဒီအထဲထည့်၊အနာဂတ် ဝေဒနာကော (ဒီအထဲ ထည့်ရပါမယ်ဘုရား) ဒီအထဲ ထည့်လိုက်တော့ အစုကြီး ဖြစ်မသွားဘူးလား....(ဖြစ်ပါတယ်) အဲဒါ့ကြောင့် ဝေဒနာဘင် မရပ်မူ၍ ခန္ဓာပါထည့်လိုက်တယ်နော်...(မှန်ပါ့)။

သညာလဲ ထို့အတူဘဲ-တဲ့၊ ပစ္စုပ္ပန်ကာလ, အတိတ်ကာလ, အနာဂတ်ကာလတွေ အဲဒါ သညာတခုတည်း အကုန်ဘဲကွ-တဲ့၊ ပေါ်တော့ တခုတည်းပေါ့ဗျာ....၊ ခေါ်တဲ့ နာမည်ကတော့ အပေါင်းအစုခေါ်တာ...(မှန်ပါ့)။

ဒါ့ကြောင့် သညာတွင် မရပ်မူ၍ ခန္ဓာပါထည့်ပေးတယ်နော် (မှန်ပါ့) သညာကွန္ဓာဆိုတာ ရှင်းမသွားဘူးလား... (ရှင်းသွားပါတယ်ဘုရား)။

နို့...ဝိညာဏကွန္ဓာကောဘုရား....တဲ့၊ ဝိညာဏကွန္ဓာ ဆိုတာ စိတ်၊အတိတ်ကလဲ ဒီစိတ်မျိုးဖြစ်တယ်ကွ ပစ္စုပ္ပန်လဲ ဒီစိတ်မျိုးဘဲ၊ အနာဂတ်လဲ ဒီစိတ်မျိုးဘဲ၊စိတ်တွေဟူသ၍ဟာ ခန္ဓာချည့်ဘဲ အပေါင်းအစုချည့်ဘဲ၊အဲဒီဟာတွေ အကုန်စုပြီးခေါ်သောကြောင့် ဝိညာဏ်တွင် မရပ်မူ၍ ဝိညာဏကွန္ဓာလို့ ခေါ်လိုက်ပါတယ်တဲ့ ဆိုတော့ ရှင်းမသွားဘူးလား....(ရှင်းပါတယ်ဘုရား)။

ဩော်...အတိတ်,အနာဂတ်,ပစ္စုပ္ပန် စုံထားလို့ ခန္ဓာခေါ်ရတာကိုး... (မှန်ပါ့) ခင်ဗျားတို့ ရှုတဲ့အခါကျတော့ ပစ္စုပ္ပန်တည့်

တည့်ရှုရမှာဘဲ၊ သို့သော်... ခန္ဓာခေါ်ခြင်း၏အကြောင်းမေးလို့ ခန္ဓာဆိုတာ အစုအပေါင်းကို ခေါ်တယ်နော်....(မှန်ပါ့)။

ဒါဖြင့်ဘုရား...တဲ့၊ ဒါ-ရှင်းပါပြီ....တဲ့၊ တပည့်တော် တခု မေးပါရစေဦးဆိုပြီး မေးလိုက်တယ်၊ သက္ကာယဒိဋ္ဌိဆိုတာ ဘာခေါ်ပါသတုံး...တဲ့.... (မှန်ပါ့) သက္ကာယဒိဋ္ဌိဆိုတာ ဘာခေါ်ပါသတုံးလို့ ရဟန်းက မေးလိုက်တယ်။

ကဲ...တဲ့ ယခုရှိနေတဲ့ခန္ဓာကြီးကို သက္ကာယလို့ မှတ်လိုက်တာပေါ့....တဲ့၊ ဒါကြီးကို ကြားကနေပြီးသကာလ ငါ့ကိုယ်, ငါ့ဟာထင်နေတော့ ဒိဋ္ဌိပေါ့ကဲ့....တဲ့။

ခန္ဓာငါးပါးက ဘာခေါ်ကြမယ်-သက္ကာယ....တဲ့၊ အဲဒါကြီးကို ငါ့ကိုယ်,ငါ့ဟာလို့ ဒိဋ္ဌိက ပင်ထင်လိုက်တော့ ဒိဋ္ဌိဖြစ်သွားတယ်။

ဒါဖြင့် သက္ကာယနဲ့ အမြင်မှားနဲ့ပေါင်းမှ သက္ကာယဒိဋ္ဌိ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာငါးပါးကိုတော့ သူ့ချည့်သက်သက်ဆိုယင် ဘယ်လို ခေါ်ကြမယ်... (သက္ကာယပါ) စိတ်ကိုလဲ ငါဘဲ၊ ဝေဒနာလဲ ငါဘဲ၊ ငါခံစားတာဘဲ၊ ငါမှတ်တာဘဲဆိုပြီး ငါက ဝင်မရောဘူးလား (ရောပါတယ်) အဲဒီလို ရောသောကြောင့် ဒိဋ္ဌိဖြစ်သွားတယ်၊ ဒါဖြင့် ပေါင်းလိုက်တော့.... (သက္ကာယဒိဋ္ဌိ သွားဖြစ်ပါတယ်ဘုရား) သက္ကာယဒိဋ္ဌိသွားဖြစ်တယ်....၊ မရောယင် ဘာမှ မဖြစ်ဘူး၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား) မရောယင်....

(ဘာမှ မဖြစ်ပါဘုရား) ခန္ဓာနဲ့ ဒိဋ္ဌိနဲ့ မရောစေနဲ့နော်...(မှန်ပါ့ ဘုရား)။

နောက်က တကာတကာမတွေ ဘာတွဲ့တုံး.... (ခန္ဓာနဲ့ ဒိဋ္ဌိနဲ့ မရောစေနဲ့) ခန္ဓာနဲ့ ဒိဋ္ဌိနဲ့ မရောခဲ့နဲ့။

ဒိဋ္ဌိဆိုတာက ခန္ဓာ သူ့ဟာသူနေတာ ကျုပ်တို့က သွားသွားရောတာ၊ မဟုတ်ဘူးလား - (မှန်ပါ့)။

ငါ့မြင်တယ်ဆိုတော့ မြင်စိတ်ထဲ ငါ သွားမရောဘူးလား.... (ရေပါတယ်ဘုရား) သူ့ဟာသူ မြင်စိတ်က မြင်တာကို တကာတကာမတွေက ငါသွားရောလိုက်တယ် (မှန်ပါ့) ငါသွားခဲ့ရောတော့ ငါက ဒိဋ္ဌိဖြစ်သွားတယ်... (မှန်ပါ့) မြင်စိတ်က သက္ကာယ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

ငါသွားရောလိုက်တဲ့အခါကျတော့ ဘယ်နှယ်ခေါ်ကြမလဲ.... (သက္ကာယဒိဋ္ဌိပါဘုရား) သက္ကာယဒိဋ္ဌိသွားဖြစ်တယ်၊ ဦးဘသန်း ဘာဖြစ်လို့ ဖြစ်ဘာတုံး· ရောလို့ဖြစ်တာ....(မှန်ပါ့)။

နောက်က တကာတကာမတွေ ဘာဖြစ်လို့ သက္ကာယဒိဋ္ဌိ ဖြစ်တာတုံး....(ရောလို့ပါဘုရား)။

အဲဒီတော့ကို ဒီလိုရောတော့ သက္ကာယဒိဋ္ဌိဖြစ်တယ်ကွာ...တဲ့၊ အဲဒီဟာက ဘယ်လိုပုဂ္ဂိုလ်တုံးလို့ မေးတဲ့အခါကျတော့ အရိယာ ပုဂ္ဂိုလ်ကို မဖူးတွေ့ရတဲ့ပုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်အဆုံးအမကို မနာခံရတဲ့ပုဂ္ဂိုလ်မှ ဖြစ်တာပါကွာ .. တဲ့....နော်... (မှန်ပါ့)။

အရိယာပုဂ္ဂိုလ်ကို မဖူးတွေ့ရတဲ့ပုဂ္ဂိုလ်၊ အရိယာနဲ့ အဒဿာဝီ

ပုဂ္ဂိုလ်၊ 'အရိယခေမ္မ အခေကာဝိဒေါ' အရိယာခေမ္မာကို မသိတဲ့ ပုဂ္ဂိုလ်၊ သူခေတာ်ကောင်းနဲ့ မခေပါင်းတဲ့ပုဂ္ဂိုလ်၊သူတော်ကောင်းတရား မသိတဲ့ ပုဂ္ဂိုလ်ဖြစ်တာပါတဲ့... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

သူတော်ကောင်းနဲ့ မပေါင်းတဲ့ပုဂ္ဂိုလ်မှာ ဘာဖြစ်သတုံး .... (သက္ကာယဒိဋ္ဌိဖြစ်ပါတယ်) သက္ကားယဒိဋ္ဌိဖြစ်တယ်နော်...(မှန်ပါ ဘုရား)။

သူခေတာ်ကောင်းနဲ့ မခေပါင်းတဲ့ပုဂ္ဂိုလ် ဘာဖြစ်ကြသတုံး .... (သက္ကာယဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

အဲဒီဒိဋ္ဌိရှိနေလို့ရှိယင် ခင်ဗျားတို့ကမှတ်လိုက် ဘယ်တော့မှ နိဗ္ဗာန်မရလို့မှတ်လိုက်၊ ဘယ်တော့မှ နိဗ္ဗာန်မရဘူး၊ ဒီဒိဋ္ဌိမပြုတ်လို့ရှိယင်နော်... (မှန်ပါဘုရား)။

ဒါဖြင့် ဘြော်... သက္ကားယထဲမှာ ဒိဋ္ဌိသွားသွားရောနေလို့ရှိယင် ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ဘူး၊ ဘာဖြစ်လို့တုံး ဆိုတော့ ဆရာဘုန်းကြီးက ဟောလိုက်တယ် ဒိဋ္ဌိက မဂ်ဉာဏ်,ဖိုလ်ဉာဏ်ရဘို့ကို မောင်အောင်ချို တားပစ်တာဘဲ....(မှန်ပါဘုရား)။

သက္ကာယက တားတာလား၊ ဒိဋ္ဌိကတားသလား .... (ဒိဋ္ဌိက တားပါတယ်ဘုရား)။

အဲဒီတော့ မင်းတို့က မရောစေနဲ့၊ ရှုတဲ့အခါမှာရောစေနဲ့ ပြောတဲ့အခါ ကိစ္စမရှိဘူး....(မှန်ပါ)လှည့်နဲ့ နားလည်ပြီ(မှန်ပါ ဘုရား)။

ရှုတဲ့အခါမှာ မရောစေနဲ့၊ပြောတဲ့အခါမှာတော့ ငါမြင်တယ် သူမြင်တယ်ဆိုတာ ပြောကောင်းတာဘေ့....(မှန်ပါ) သို့ပေမဲ့ ဒါအပြောဘဲတဲ့၊စင်စစ်တော့ဖြင့်မြင်တာကစိတ်ကမြင်တာ၊ငါမြင်တာတော့မဟုတ်ဘူး၊ မဟုတ်ဘူးလား....(မှန်ပါ)ကြားတာကလဲ (ကြားစိတ်ကကြားတာပါ) ငါက ကြားတာဟုတ်သေးရဲ့လား (မဟုတ်ပါဘုရား)။

ငါက မကြားဘူးနော်....(မှန်ပါ) ငါကဒီဌိဘဲ၊ဒီဌိကမကြားဘူး - (မှန်ပါ့ဘုရား)။

စားပြန်လဲ စားစိတ်ကစားတယ်၊ငါ့စားတယ်ဆိုတာ သဿတရောလို့ပါ၊ ရှင်းကြပလား - (ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့ ယားတယ်, ယံစာယ်ဆိုတာလဲ ယားစိတ်, ယံစိတ်က ယားတာဘဲ၊ ဒုက္ခစိတ်တွေက ယားတယ်နော် .... (မှန်ပါ့ဘုရား)။

ငါယားလိုက်တာလို့ ဆိုတဲ့ဥစ္စာဟာ ခင်ဗျားတို့က သွားရောတာ....(မှန်ပါ)မရောဘဲနေယင် သက္ကာယတင်ဖြစ်တယ်၊ ဒီဌိ မဖြစ်ဘူး....(မှန်ပါ) ရောလိုက်ယင် - (သက္ကာယဒီဌိဖြစ်ပါတယ်) သက္ကာယဒီဌိသွားဖြစ်တယ်ဆိုတာကို မှတ်လိုက်ပါ .... (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် သက္ကာယဒီဌိက ဘယ်လိုလူဖြစ်တာပါလိမ့် မလဲဆိုတော့ သူတော်ကောင်းတရား မနာတဲ့ပုဂ္ဂိုလ်ဖြစ်တာကတဲ့ (မှန်ပါ) ဘုရားကဖြေလိုက်တယ်....(မှန်ပါ့ဘုရား)။

သူတော်ကောင်းတရားကို မနာသောပုဂ္ဂိုလ်၊သူတော်ကောင်းတို့၏ အဆိုဆုံးမကို မလိုက်နာတဲ့ပုဂ္ဂိုလ်၊ မကြားဘူးတဲ့ပုဂ္ဂိုလ်မျှာ ဖြစ်တာတဲ့ဆိုတော့ ဒီတကာတကာမတွေတော့ ဒီလိုမှတ်ရမယ်၊ သြော်... ဒို့ကတော့ မြင်တာလဲ မြင်စိတ်က မြင်တာဘဲ၊ ကြားတာလဲ ကြားစိတ်ကကြားတာဘဲ၊ ယားတာလဲ ယားစိတ်ကယားတာဘဲ၊ ရှူတာလဲ ရှူစိတ်ကရှူတာဘဲ၊ ရှိုက်တာလဲ ရှိုက်စိတ်က ရှိုက်တာဘဲ၊ လောဘဖြစ်ပြန်လဲ လောဘစိတ်သက်သက်ဖြစ်တာဘဲ။

ငါနဲ့ဘာမှုမဆိုင်ဘူး၊ ငါဒီအထဲရှုပ်ဘို့ မလိုဘူးလို့သိထားလို့ရှိယင် ဒါ သူတော်ကောင်းတရား နာပြီးသား ပုဂ္ဂိုလ်မို့ ရှင်းသွားတာ...(မှန်ပါ)သဘောပါပလား(ပါ-ပါတယ်ဘုရား)။

အကယ်၍ သွားပြီးသကာလ အပြောတင်ရောလို့ ကိစ္စမရှိပါဘူး၊ အထင်ပါရောယင် ငါးပါးမှောက်တယ်.... (မှန်ပါ)။

အထင်ပါရောယင်- (ငါးပါးမှောက်ပါတယ်)အဲဒါတော့ဖြင့် အပါယ်လေးပါးရောက်မယ်... (မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် အပြောတော့ပြောကြ၊ အထင်တော့ မထင်ကြနဲ့ ဆိုတာကို ကန့်ကွက်လိုက်တယ်....(မှန်ပါ)သူတော်ကောင်းတရားနာပြီးသားပုဂ္ဂိုလ်တွေဖြစ်သောကြောင့်...(မှန်ပါဘုရား)။

ရုပ်နာမ်အလုပ်ကို ငါ့အလုပ်ထင်နေယင် ဦးအောင်ဇ ဝေ လဲမှာပေါ့....(မှန်ပါ)နာမ်က အခိုင်းသမား, ရုပ်ကအလုပ်သမား

(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)ငါလုပ်တာ ပါသေးသလား (မပါ-ပါဘုရား)။

နာမ်က ဘာတုံး (အခိုင်းသမားပါ)ရုပ်က-(အလုပ်သမားပါ ဘုရား)ရှင်းကြပလား... (မှန်ပါ့ဘုရား)။

နာမ်က ဘာတုံး...(အခိုင်းသမားပါ)ရုပ်က....(အလုပ်သမား ပါဘုရား) အဲ.... ခင်ဗျားတို့ တကိုယ်လုံးမှာ အခိုင်းသမားနဲ့ အလုပ်သမားဘဲရှိတယ်....(မှန်ပါ့ဘုရား)။

အခိုင်းသမားကနာမ်၊အလုပ်သမားကရုပ်၊နာမ်ရုပ်သာရှိတယ် သဘောပါပလား....(ပါ-ပါပြီ) ပုဂ္ဂိုလ်သတ္တဝါရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိပါဘူးဘဲ့၊ အခိုင်းသမားနာမ်ရယ်၊ အလုပ်သမားရုပ်ရယ် ဒါဘဲရှိပါတယ်လို့ ဒါ သေသေချာချာမှတ်ပါ။

ကောင်းပြီ ဒါဖြင့် သက္ကာယဒိဋ္ဌတော့ တပည့်တော်ရှင်းပြီတဲ့၊ အကယ်၍ ဒီသက္ကာယဒိဋ္ဌကို အခိုင်းသမားနဲ့ အလုပ်သမားအတူ တူဘဲ ထင်နေသေးယင်လဲ နာမ်ရုပ်မကွဲဘူးနော်... (မှန်ပါ့)။

ဦးဘသန်း နာမ် ရုပ် မကွဲဘူးတဲ့၊ အခိုင်းသမားက နာမ် သက်သက်ဘဲ၊ အလုပ်သမားက...(ရုပ်သက်သက်ပါဘုရား)။

ကြောင်....သူတို့နှစ်ခုပေါင်းပြီးသကာလ သွားကြ လာကြတာ ပြောကြဆိုတာကိုး၊ နာမ်က အခိုင်းသမား, ရုပ်ကအလုပ်သမား၊ နာမ်က အပြောခိုင်းတော့ ရုပ်က အသံထွက်လာတယ် (မှန်ပါ့) နမ်းက အသွားခိုင်းတော့ ရုပ်ကလှမ်းတယ်....(မှန်ပါ့)သွားချင်တဲ့ စိတ်ကြောင့် သွားရုပ်ဖြစ်တာပေါ့ဗျာ....(မှန်ပါ့ဘုရား)။

စားချင်တဲ့စိတ်ကြောင့်....(စားရုပ်ဖြစ်ပါတယ်)စားရုပ်ဖြစ်လာတယ်၊ လှုပ်ကာ လှည့်ကာနဲ့....(မှန်ပါ့)နောက်က တကာ တကာမတွေ့ ဒီအတိုင်းမှတ်ထားနော်....(မှန်ပါ့) ဩော်....နာမ်ရုပ်သာရှိပါကလားဆိုတော့ သက္ကာယဒိဋ္ဌိ ပါသေးသလား .... (မပါ-ပါဘုရား)။

ကောင်းပြီ ဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိ ယနေ့ည ကဲ့သားပြီ၊ သက္ကာယက ရုပ်နာမ်ကိုဆိုတယ်၊ ဒိဋ္ဌိက ငါထင်လိုက်မှု ဒိဋ္ဌိဖြစ်တာကိုး... (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ အသိအားဖြင့်ပြုတ်ပြီဆိုတော့ ပွားပြီ ပြုတ်တာသာကောင်းတယ်၊ ဒါက အသိဉာဏ်နဲ့ ပြုတ်တာ၊စာရုးနာရင်း ပြုတ်သွားတာ၊ ပြုတ်သွားတာနော်....(မှန်ပါ့) ရှုပွားပြီး ပြုတ်တာသာကောင်းတယ်နော်....(မှန်ပါ့ဘုရား)။

ရှုပွားပြီးပြုတ်တော့ ဝမ်းထဲမှာ လောဘစိတ်ကလေးပေါ်လာတယ်၊သူ့ကိုဦးအောင်ဇံဝေက သူလဲ အခုမှပေါ်တဲ့ည့ည်ကလေးဘဲ၊ ကြည့်နေရင်းမတ္တာနဲ့ဖြစ်ပြီး ပျက်သွားတာဘဲ(မှန်ပါ့) ဒီကျတော့ သက္ကာယဒိဋ္ဌိဝင်နိုင်သေးရဲ့လား (မဝင်နိုင်ပါဘုရား) ငါ ဟုတ်ကဲ့လား(မဟုတ်ပါ) ငါ့ဥစ္စာကော(မဟုတ်ပါဘုရား)။

မဟုတ်တော့ဘူးတဲ့၊ ဒါ ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်လို့.... ကိုယ့်ရှေ့တွင်ပေါ်ပြီး၊ကိုယ့်ခရှေ့တွင် ပျောက်သွားတော့ မောင်အောင်ချိုတို့....လှည့ဖန်တို့က မှတ်၊ ဩော်....ည့ည်တယောက်လာပြီး ည့ည်တယောက် သေသွားတာကိုး....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ညှဉ့်သည်တယောက် ပေါ်လာပြီးတော့ - (ညှဉ့်သည်တယောက် သေသွားပါတယ်ဘုရား) ငါနဲ့ ဘာဆိုင်သတုံး.... (မဆိုင်ပါဘုရား)ဘာမှ မဆိုင်ဘူး၊ ဦးဘသန်း....ဆိုင်သေးသလား (မဆိုင်ပါဘုရား)။

ညှဉ့်သည်တယောက်ဆိုတဲ့ဥစ္စာ လောဘစိတ်က မင်းတို့ အမြဲရှိနေတာလား၊ အခု ကျောက်ကလေးမြင်မှ ပေါ်လာတာလား၊ ကျောက်ကလေး အရောင် အဆင်း အချိန်ကလေး ကိုက်တာနဲ့ ပေါ်လာတာလား၊ ဝယ်မှ ထင်ပါရဲ့ ဆိုတဲ့....လောဘကလေးဟာ အခု ပေါ်လာတာ... (မှန်ပါ့)။

ဒါဖြင့် အိမ်သည်လား... ညှဉ့်သည်လား မေးယင်.... (ညှဉ့်သည်ပါဘုရား) ညှဉ့်သည်ကလေးတယောက် ဝမ်းထဲရောက်တာ (မှန်ပါ့ဘုရား) နောက်က တကာတကာမတွေ့နေ့ .... (မှန်ပါ့ဘုရား)။

ဒီညှဉ့်သည်ကလေးကိုဘဲ မြဲမြဲနေပါလို့ ပြောလို့ရရဲ့လားတဲ့ (မရပါဘုရား)တော်တော်ကြာ ဖြစ်ပြီး ပျက်သွားတာဘဲ၊ မပျက်ဘူးလား - (ပျက်ပါတယ်ဘုရား)။

ဒေါသကလေး ပေါ်လာတယ်ဆိုတော့ ဒေါသဖြစ်စရာကလေး အကြောင်းရှိလို့ ပေါ်လာတာ၊ သားကလေးတွေ ဆော့လွန်းလို့ ဟုတ်လား....၊ သမီးကလေးတွေ အချိုးမကျလို့ ဒေါသကလေး ပေါ်လာတယ်၊ အိမ်သည်လား... ညှဉ့်သည်လား မေးယင်... (ညှဉ့်သည်ပါဘုရား)။

ညှော့်သည်ဖြင့် ကြည့်နေပါလား.... စောင့်ပြီးတော့နော် .... (မှန်ပါ!) ကြည့်နေတော့ ဒီနေရာတွင် သေမသွားပေဘူးလား.... (သေသွားပါတယ်ဘုရား)။

အဲဒီလို မိမိနဲ့ မဆိုင်ပါကလား..၊ ညှော့်သည်တယောက် လာယင် ညှော့်သည်တယောက် သေတာပါကလားလို့ ပွားလိုက်လို့ ရှိယင် ဒီဌိုပြုတ်တာဘဲ....(မှန်ပါ!) မပြုတ်ဘူးလား.... (ပြုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဒီဌိုပြုတ်တော့ ဒီဌိ·ဒီဌုပါဒါန်, ဥပါဒါနပစ္စယာ ကမ္မဘဝေါ, ကမ္မဘဝပစ္စယာ ဇာတိဆိုပြီးတော့ အပါယ်ဇာတိ အပါယ်ပဋိသန္ဓေတွေ့ လာသေးရဲ့.လား... (မလာပါဘုရား)။

သြော်....ဒါဖြင့် ညှော့်သည်ကလေး ပေါ်လာပြီး ညှော့်သည်ကလေး ပျောက်သွားတာကို အမြဲတမ်း ရှုပေးရမယ်.... (မှန်ပါ!ဘုရား)။

နောက်ပြီး သံသယကလေး ရှိလာတယ်ဆိုတော့ သံသယရှိတယ်ဆိုတာ မောဟ....(မှန်ပါ!) ဒါကလေး ပေါ်လာတာလဲ ဒီကျောက်ကလေး မြင်မှာဘဲ ဒီအဖြစ်ကလေးဟာတော့ မဒေါ်ပျောက်ပါဘူး တိုက်လို့ ခိုက်နေတယ်၊ မိုးကုတ်ပြော-ပြောယင်ပေါ့... (မှန်ပါ!ဘုရား)။

ဒါ အခုမှ ပေါ်တာလား...၊ ကျောက်မြင်မှ ပေါ်တာလား၊ နဂိုရှိကတည်းက ရှိနေတာလား....(အခုမှပေါ်လာတာပါဘုရား) ဒါဖြင့် ညှော့်သည်စိတ်ကလေးပေါ့၊ မဟုတ်ဘူးလား .... (မှန်ပါ!ဘုရား)။

ဒါကလေး စောင့်ကြည့်လိုက်တော့ ဘယ့်နှယ်ဖြစ်သွားသတုံး (ပျောက်သွားပါတယ်) ညည့်သည်ကလေး အခု အကြောင်းတိုက်ဆိုင်လို့ လွှာတယ် ညည့်သည်ကလေး သေသွားတယ်လို့... မခင်စိန်တို့ မှတ်လိုက်၊ မသန်းတို့ မှတ်လိုက်....(မှန်ပါ!) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါ အမှတ်ခိုင်းနေတာဘာ၊ အဲဒါ အရှုခိုင်းနေတာဘာ၊ ညည့်သည်လာတိုင်း ရှု၊ ညည့်သည်မရှိယင် အိမ်သည်ရှုဆိုတာ ပြောထားတယ်မဟုတ်လား....(မှန်ပါ!)။

အိမ်သည်ဆိုတာ ထုက်စိတ်,ဝင်စိတ်၊သူကတော့ သူမျှားထက်စာယင် မြဲလို့ အိမ်သည်လို့ခေါ်တာပါ၊ စင်စစ် သူလဲ မြဲတော့ မြဲတာ မဟုတ်ဘူး၊ သို့သော် သူမျှားထက် အချိန်မျှားတယ် ခန့်ကိုယ်ထဲမှာ...(မှန်ပါ!ဘုရား) မမျှားဘူးလား... (မျှားပါတယ်ဘုရား)။

ရှုစိတ်, ရှိုက်စိတ်ကလေးကတော့ အိပ်နေတောင် ဖြစ်နေတာကိုး...(မှန်ပါ!)စကားပြောရင်းလဲ....(ဖြစ်နေပါတယ်ဘုရား) ဖြစ်နေတော့ ညည့်သည်မလာယင် သူ့ကို ရှုပေး...(မှန်ပါ!)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ညည့်သည်လာယင် ဘာရှုကြမယ်... (ညည့်သည်ရှုရပါမယ်) ညည့်သည်ကိုဘဲရှု မြင်စိတ်,ကြားစိတ် ခုနင်က ဒီနှစ်ခုမှတပါးကျန်တာ ညည့်သည်ချည်ဘဲ....(မှန်ပါ!)။

ရှုစိတ်, ရှိုက်စိတ်မှ တပါး ကျန်တဲ့စိတ်,ဘာစိတ်ပေါ်ပေါ် ဘာခေါ်ကြမယ်....(ညည့်သည်ပါဘုရား)။

ညှော်သည်လာတိုင်း-လာတိုင်းလဲ မင်းတို့က ညှော်သည်ကလေး လာပြီး ညှော်သည်ကလေး သေသွားတာဘဲ၊ ညှော်သည်ကလေး ပေါ်ပြီး ညှော်သည်ကလေး ပျောက်သွားတာဘဲ... (မှန်လှပါဘုရား)။

ဒီလို ရှုလိုက်တော့ လာတိုင်း-လာတိုင်း ရှုပေးတော့ ဘယ်မှာ ငါ-ငါ့ဥစ္စာ ရှိသေးရဲ့လား....(မရှိတော့ပါဘုရား)မရှိတော့ဘူးဆိုယင် အဲဒီဟာက ပွားပြီး ပြုတ်တာ ဖြစ်လေသောကြောင့် ကောင်းတယ်နော်.... (မှန်ပါ့) ဒါ ပွားပြီး ပြုတ်တာဘဲနော်.... (မှန်ပါ့)။

ဦးဘသန်း- ဘယ်လိုပြုတ်တာတုံး-(ပွားပြီးပြုတ်တာပါဘုရား) ဒါက ပွားပြီးပြုတ်တာ၊ ခုနင်ကဟာက သိပြီးပြုတ်တာ .... (မှန်ပါ့)အခုဟာက....(ပွားပြီးပြုတ်တာပါဘုရား)။

အဲဒီတော့ အသိပြုတ် မပါဘဲနဲ့လဲ အပွားမပြုတ်နိုင်ဘူး၊ ဒါ့ကြောင့် အသိပြုတ်ကို ရှေ ထားဟောတယ်နော်.... (မှန်ပါ့)။

ပရိညာလို့ သုံးတော့ ဉာတပရိညာဆိုတာ သိမှု၊ တီရဏပရိညာဆိုတာ ပွားမှု ...(မှန်ပါ့ဘုရား)။

ပွားပြီးတော့ ပြုတ်အောင်လုပ်ပါတဲ့၊ နို့, ဒါပွားပြီးတော့ စိတ်ထဲမှာ သံသယကင်းသွားတယ်၊ ဖြေသွာ် .... ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါလားဆိုတာ မောင်အောင်ချိုတို့ လှည့်ဖြားတို့လဲ မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

ရှင်းတယ်၊ အဲဒီ ရှင်းနေတဲ့အချိန်မှာတော့ ပဋ္ဌိစ္စသမုပ္ပါဒ်

ပြတ်နေတယ်....(မှန်ပါ့) မပြတ်ဘူးလား... (ပြတ်ပါတယ်ဘုရား) နောက်ဘဝသွားဘို့ကိစ္စ ရှိသေးရဲ့လား....(မရှိတော့ပါ)အပါယ် လေးပါးသွားဘို့ကိစ္စလေ....(မရှိတော့ပါဘုရား)။

ဒီဋ္ဌိက အပါယ်လေးပါးသွားမလို့ လာတာကိုး .... (မှန်ပါ့) အဖေါ်သဟဲတွေနဲ့ ဒီဋ္ဌိ, ဒီဋ္ဌပါဒါန်, ကံ, ဇာတိ, ဇရာ, မရဏ, အဲဒီဘက်သွားမလို့လာတာ.... (မှန်ပါ့) လာသေးရဲ့လား.... (မလာတော့ပါဘုရား) အဲ .... ပွဲကြပါဆိုတဲ့ဥစ္စာ ပြောလိုက်တယ်....(မှန်ပါ့ဘုရား)။

မသေမခြင်း ပွဲကရမှာလားဘုရား- မင်းတို့ကာ မေးနော်.... (မှန်ပါ့) ဟ....မသေမခြင်းပွဲကားဘို့ မလိုပါဘူး.... (မှန်ပါ့ဘုရား) မသေမခြင်းပွဲကားဘို့မလိုပါဘူးလို့ ဆရာဘုန်းကြီးက ပြောလိုက်တယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် ဘယ်အခြေအနေရောက်တော့ မပွဲကရမှာ တုံးဆိုတဲ့ မေးခွန်းထွက်လာတယ်....(မှန်ပါ့) ပွဲကနေရင်းမတ္တန့် ဖြစ်ပျက်ကလေးတွေ တခါတည်း သြော်.... ဒါ-ဖြစ်ဒုက္ခ,ပျက်ဒုက္ခ ကနေလေးတွေဘဲ၊ ကိုယ့်ခန္ဓာ၏ ဒုက္ခကလေးတွေဘဲလို့ မသိပေဘူးလား....(သိပါတယ်ဘုရား) ပေါ်လဲ ဒုက္ခ, ပျက်လဲဒုက္ခ....(သိပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်ခန္ဓာထဲမှာ ရူပ်ပေါ်-ရူပ်ပျက်ရှိတာဘဲ-(မှန်ပါ့) ဝေဒနာပေါ် ဝေဒနာပျက်၊ စိတ်ပေါ် စိတ်ပျက်.... (မှန်ပါ့) ဒါရှိတော့ ကိုယ့်ခန္ဓာထဲပေါ်သ၍ကလေးတွေဟာက သြော်....

ဖြစ်ဒုက္ခ,ပျက်ဒုက္ခကလေးဘဲ ရှိပါကလား၊ မလာပေဘူးလား....(လာပါတယ်ဘုရား) ဖြစ်ဒုက္ခ, ပျက်ဒုက္ခမှတပါး ခန္ဓာကိုယ်ထဲ ဘာရှိသေးသတုံး....(မရှိပါဘုရား)။

အဲဒီတော့ ဘာမှုမရှိဘူးဆိုပြီး မင်းတို့က ဥာဏ်တက်လာပြီး ရှုပစ်လိုက်....(မှန်ပါ့) သြော်ဒါလဲ ဒုက္ခဘဲ· ဒါလဲ ဒုက္ခဘဲ၊ ပေါ်တာလဲ ဒုက္ခဘဲ၊ ပျက်တာလဲ ဒုက္ခဘဲ။

ပေါ်တာ ဘယ်နှယ်ကြောင့် ဒုက္ခလုပ်ရသတုံးဆိုတော့ သေပြီးလို့ ပေါ်လာတာ...(မှန်ပါ့) ပျက်တာ ဘယ်နှယ်ကြောင့် ဒုက္ခဆိုရသတုံးဆိုတော့ ပျက်ဒုက္ခဖြစ်သွားလို့ ...(မှန်ပါ့) သေခြင်းဒုက္ခမှာ လမ်းဆုံးသွားတယ်၊ သေခြင်းဒုက္ခထက်ကြီးတာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် သေမလို့ ပေါ်တာလဲ ဒုက္ခသစ္စာဘဲ...(မှန်ပါ့)သေသွားတာလဲ....(ဒုက္ခပါဘဲဘုရား)။

အဲဒီလို ဒုက္ခနှစ်ခုကို မင်းတို့စိတ်ထဲမှာ ရှင်းပြီဆိုတော့မှ ရှုရင်းမတ္တာနဲ့ ဒုက္ခတွေ အကုန်ပျောက်သွားတယ်၊ ခန္ဓာထဲမှာ ဖြစ်ပျက်ကို ရှာမတွေ့တော့ဘူး .. (မှန်ပါ့)။

တကာတကာမတွေ့ ချုပ်ငြိမ်းတော့ ရှာတွေ့သေးရဲ့လား (မတွေ့ပါဘုရား) ဖြစ်ပျက် ရှာတွေ့သေးရဲ့လား .... (မတွေ့ပါဘုရား)။

အဲ... မတွေ့တဲ့အခါကျတော့မှ သြော်....ဒုက္ခသိမ်းသွားတယ်၊ ဒုက္ခသိမ်းပြီးတော့ ဝမ်းထဲမှာ မဂ်ဥာဏ်ကျန်နေရစ်တယ်...(မှန်

လှပါဘုရား)မင်ဉာဏ်, ဖိုလ်ဉာဏ်ကျွန်နေရစ်တယ်နော်....(မှန်ပါ့ ဘုရား)။

အဲဒါကျတော့ သောတာပန်တည်ပြီလို့, လှည့်ဆန့်တို့က မှတ်ရမယ်၊ ဆုံးပြီးပြီနော်....(မှန်ပါ့) အဲဒီကျတော့ နောက်တော့ကွာ ဒိဋ္ဌိခွါတဲ့ အလုပ်တော့ မလုပ်နဲ့တော့ဟေ့.... ဆရာဘုန်းကြီးက မင်းတို့ ဒိဋ္ဌိပယ်ပြီးပြီ...(မှန်ပါ့)။

မင်းတို့ အပါယ်လေးပါး စိတ်ချရတော့မယ်၊ ဘာမှ မပူနဲ့တော့၊ ငါသေ ဘာဖြစ်ဦးမလဲ- အပါယ်လေးပါးမျှား ရောက်ဦးမှာလားဆိုတာ မလာတော့ဘူး၊ ဆုံးအောင် လိုက်ရမယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ့်နှယ်လိုက်ကြမယ်.... (ဆုံးအောင်လိုက်ကြရပါမယ်) ဆုံးအောင်လိုက်ရမယ် ဦးပြန့်-ဇာကာမကြီးတို့-ဒေါ်အေးရင်တို့ ဟင်....(မှန်ပါ့)။

ဘယ်လိုလိုက်မလဲ....(ဆုံးအောင်လိုက်ရပါမယ်ဘုရား)။

ဆုံးချင်တော့ သူ ဒုက္ခသစ္စာကို ဖြစ်ပျက်မယူနဲ့တော့ ညြော်-ဖြစ်တာလဲ ဒုက္ခဘဲ, ပျက်တာလဲ ဒုက္ခဘဲလို့, လှည့်ဆန့်တို့ ယူရှုပေးလိုက်...(မှန်ပါ့) ဟိုရှုလိုက်ယင် 'ဖျတ်'ကနဲ ချုပ်သွားတာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါ....နည်းပေးနေတာ ရှုနည်းပေးနေတာ....(မှန်ပါ့) အဲဒါတွေ ဆုံးသွားတဲ့အခါကျတော့မှ ညြော်....ဘာတွေမျှားပျောက်သွားပါလိမ့်မတုံး....လို့ မောင်အောင်ချို မေးယင် ဘယ့်နှယ်

ပြောမတုံး၊ ဒုက္ခနှစ်ခုပျောက်တယ်....(မှန်ပါ့) မပျောက်ဘူးလား... (ပျောက်ပါတယ်ဘုရား) ဒုက္ခတွေ ပျောက်သွားတာဟာ နိဗ္ဗာန်ဘဲ....(မှန်ပါ့ဘုရား) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ဒုက္ခတွေ ပျောက်တာဟာ....(နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်ဘဲတဲ့၊ သြော်....အခုမှဘဲ အေးပေတော့တယ် ဒုက္ခဟူသ၍ သွားပေါ့လို့ မသိဘူးလား .. (သိပါတယ်ဘုရား)။

အဲ...ဒုက္ခဟူသ၍ သွားပြီလို့ အသိခံရတာက နိဗ္ဗာန်၊ သိတာက မဂ်ဉာဏ်....(မှန်ပါ့)။

အသိခံရတာက(နိဗ္ဗာန်ပါဘုရား) သိတာက...(မဂ်ဉာဏ်ပါဘုရား) အဲဒီ ဉာဏ်နဲ့ နိဗ္ဗာန်နဲ့ သွားတဲ့လို့ ရှိယင် ဒါဟာ သောတာပန်တည်တာဘဲ...(မှန်ပါ့)။

ဒါကလေးလောက်တော့ဖြင့် အကုန်လုပ်ထားရမယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ... လုပ်ထားလို့ ရှိယင်ဖြင့် နောက်က တကာတကာမတွေ ပူစရာရှိသေးရဲ့ လား....(မရှိပါဘုရား) မရှိဘူး။

အဲဒီ ဒုက္ခဆုံးတဲ့ ဉာဏ်ကလေးဟာ ဘယ်လောက်ထိအောင် ကောင်းတယ်ဆိုတာ မင်းတို့ နောက်တုန်းက ဘာအကုသိုလ်တွေ လုပ်ခဲ့,လုပ်ခဲ့ အဲဒီ အကုသိုလ်တွေလဲ အကုန် အားဟာသိုက် ဖြစ်သွားတာဘဲ၊ ပဋ္ဌိသန္ဓေအကျိုးမပေးတော့ဘူး....၊ ဦးဘသန်း အကုန် အဟောသိုက်ဖြစ်သွားတယ်....(မှန်ပါ့)။

နောက်တုန်းက မင်းတို့ စိတ်ဆိုးခဲ့တာတွေ, လိမ်ခဲ့တယ်, ကောက်ခဲ့တယ်, ကျွေစ်ခဲ့တယ်, ခိုးခဲ့တယ်, ဝှက်ခဲ့တယ်, သတ်ခဲ့တယ်, ဖြတ်ခဲ့တယ်၊ ပဉ္စာနန္တရိယကံမှုတပါးပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

အဲဒီကံတွေကို ခုနင်က ဒုက္ခကို မြင်တဲ့ဉာဏ်က ဒုက္ခအဆုံးကို မြင်တဲ့ဉာဏ်က လှည့်ပြန် ဖြတ်ချလိုက်တယ်_(မှန်ပါ့) အကျိုးကို မပေးနိုင်ဘူး၊ ဘယ်လောက်ကောင်းသတုံး.... (ကောင်းပါတယ်ဘုရား) အဲဒီတော့ ဒါ....မလုပ်ထိုက်ဘူးလား- လုပ်ထိုက်သလား- (လုပ်ထိုက်ပါတယ်ဘုရား)။

လုပ်ထိုက်တယ်၊ အဲဒီတော့ လူဆိုတာ မသိခဲ့လို့ မှားခဲ့တာတွေကတော့ မောင်အောင်ချိုတို့- လှည့်ပြန်တို့ တပုံကြီးပေါ့ကွာ_(မှန်ပါ့)။

အို....ဒို့အကုသိုလ်တွေကဖြင့် ဒုနဲ့ ဒေးဘဲလို့ ကြောက်မနေပါနဲ့၊ ဒါ-မြင်လိုက်ယင် ပြီးတာပါဘဲ၊ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို တခါ မြင်လိုက်လို့ရှိယင် ဟိုဟာတွေပါ မင်္ဂ အကုန်ဖြတ်ချလိုက်တာဘဲ...(မှန်ပါ့ဘုရား) ကဲ_မင်းတို့အရှုံးမပေးနဲ့ တော့၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီအလုပ်,မလုပ်ထိုက်ဘူးလား- လုပ်ထိုက်သလား.... (လုပ်ထိုက်ပါတယ်ဘုရား) အကုသိုလ်မရှိတဲ့ပုဂ္ဂိုလ် ဒီအထဲပါကြရဲ့လား....(မပါ-ပါဘုရား) မပါဘူး၊ ဒါဖြင့် ခန္ဓာနဲ့ဆပ်မလား၊ မင်္ဂနဲ့ဆပ်မလားမေးယင် ဘယ့်နှယ်ဖြေမလဲ....(မင်္ဂနဲ့ဆပ်ပါမယ်

ဘုရား) မဂ်နဲ့ဆပ်လိုက်တော့ ခန္ဓာနဲ့ဆပ်တဲ့အလုပ် မရှိဘူး.... (မှန်ပါ)။

ခန္ဓာနဲ့ အပါယ်ကျရမည့်အလုပ် ဘယ့်နှယ်တုံး... (မရှိပါ ဘုရား) မရှိဘူး။

ဒါဖြင့် ဦးဘသန်း ခင်ဗျားတို့ ရှေ့နေလိုက်လာတယ်၊ ဒီကလဲ တာဝန်ကြီးတွေအမျိုးမျိုးလုပ်လာခဲ့တယ်ဆိုတော့ ဆန္ဒာဂတိလိုက်စားတာလဲ တခုခုနေရာ ပါသွားတာဘဲ....(မှန်ပါ) ပါသွားတာဘဲ၊ ဘယ်သူက အမျိုးတော်တယ်ကွ....၊ ဘယ်သူကတော့ ဒို့အကျိုးကျေးဇူးများဘူးတယ်ကွ၊ ဒီမှာ ဦးဘသန်းကလဲ ကိုယ့်အမှုနိုင်အောင် အရေးကြီးနေတာဘဲ... (မှန်ပါဘုရား) အဲဒါ အကုသိုလ်က မရှိဘူးလို့ ဆိုလို့ရပါ့မလား....(မရပါဘုရား)။

သို့သော်...အပါယ်ကျမည့် အကုသိုလ်တော့ရှိတယ်၊မဂ်တားတဲ့ အကုသိုလ်တော့ မရှိဘူး.... (မှန်ပါ) အဲဒီတော့ မဂ်ရအောင် လုပ်လိုက်....(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဘာမှ မကြောက်နဲ့ ဒါကလေးရအောင်လုပ်လိုက်ယင်ပြီးတာဘဲ....(မှန်ပါ)။

ဒါ... ဆရာဘုန်းကြီးက အားပေးတာလားလို့ မေးတဲ့အခါ ကျတော့မှ အားပေးတာမဟုတ်ပါဘူးတဲ့၊ ဖြစ်စဉ်ဝတ္ထုသက်သေ သာဓကတွေနဲ့ ဘုရားက တာဝန်ခံပါတယ်-နော်... (မှန်ပါ)။

ဖြစ်စဉ်သက်သေသာဓကတွေနဲ့ တသက်လုံး လူသတ်သမားကြီး လုပ်နေတယ်-တမ္ဘဒါဋ္ဌိက ဟာ....(မှန်ပါ)။

ရှင်သာရိတ္တရာက ဒါတော့ မတွေးနဲ့တော့ကွာ ငါပြောတာ တာ အားထုတ်ပါ၊ ဒီလို ဖြစ်ပျက် အားထုတ်ခိုင်းတယ်၊ လုတ်သွားတယ်... (မှန်ပါ့)။

ကဲ... တသက်လုံး လူသတ်ယောကျ်ားလုပ်နေတယ်၊ ခင်ဗျားတို့ ဒီအပြစ်မျိုးမရှိပါဘူး....(မရှိပါဘုရား) နောက်က တကာတကာမတွေ့လဲ မရှိပါဘူး... (မှန်ပါ့) အဲဒီပုဂ္ဂိုလ်တောင် လုတ်သွားတယ်၊ အနုလောမခန္ဓာ ဥာဏ်ရောက်အောင် ဟောချလိုက်တာ....(မှန်ပါ့) ဖြစ်ပျက်မြင်အောင်ပေါ့ဗျာ.... (မှန်ပါ့) အဲ.... နောက် နတ်ပြည်ရောက်သွားတယ်၊ ရှင်းပလား... (ရှင်းပါပြီ) ပူစရာ လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ့ အခု သြော်... ရှင်းရှင်းလင်းလင်း ဆရာဘုန်းကြီးက ဆုံးမနေတာ...၊ ငါတို့ ဒီအလုပ်တခုသာ လုပ်ဘို့လိုတယ်၊ ဒီ့ပြင် ဘာမှ တွေးနေဘို့ မလိုဘူး...(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) မခင်စိန်တို့ကော သဘောကျရဲ့လား....(ကျပါတယ်ဘုရား)။

ဒါဖြင့် ဘာလုပ်ရမလဲ၊ ဖြစ်ပျက်ဆုံးအောင် လုပ်ရမယ်နော်--(မှန်ပါ့) မသန်းတို့ကော ဒါ-လုပ်ရမှာဘဲ....(မှန်ပါ့) အဖွားကြီး ဖြစ်ပျက်ဆုံးအောင်လုပ်ရမယ်။

အဲဒီတော့ သြော်.... အနာရှိလို့ ဆေးရှိသေးတယ် ဆိုတဲ့ အဓိပ္ပါယ်ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား) အကုသိုလ် အနာတွေတော့ လူတိုင်းရှိကြတာဘဲ၊ မဂ်ဆေး မလာဘူးဆိုလို့

ရှိယင် ဒီလူတွေဟာ ဒီအနာနဲ့ သေသွားမှာဘဲ.... (မှန်ပါ့) အပါယ်ရောက်သွားကြမှာဘဲ မဟုတ်ဘူးလား...(မှန်ပါ့)။

အဲဒီတော့ ဒီတလုံးဟာ ကယ်မည့်,ယူမည့်လူ ရှိသေးတယ် ဆိုပြီး ဒါကလေးတော့ ကိုယ်ပိုင်ရအောင် လုပ်လိုက်မှာဘဲ .... (မှန်ပါ့)ဒီစိတ်တော့ ပြောင်းကြရမယ်.... (မှန်ပါ့)မပြောင်းလို့ တော်ပါ့မလား (မတော်ပါ) ခန္ဓာနဲ့ဆပ်မလား- ဥာဏ်နဲ့ ဆပ်မလား.... (ဥာဏ်နဲ့ဆပ်ပါမယ်ဘုရား)အဲ....ဥာဏ်နဲ့ဆပ် ပြီးသွားတာဘဲ၊ ရှင်းကြပြီနော်....(မှန်ပါ့ဘုရား)။

ဥာဏ်နဲ့ ဆပ်ပါတဲ့၊ ဖြစ်ပျက်အဆုံးကို မြင်တဲ့ဥာဏ်နဲ့ဆပ် လိုက်ယင် တကာကြီးလို့ဘာမှုမကြောက်နဲ့တော့ ကြောက်စရာ လိုသေးသလား... (မလိုပါဘုရား)။

အဲဒါကြောင့် ဒါကလေးဟာကလဲ နောက်မကျစေနဲ့ တခါ ဆတိပေးပြန်တယ်။

နောက်မကျစေနဲ့ဆိုတာ ဘယ်သူ့နောက် မကျရ မှာတုံးဆိုတော့ အို... အသေနောက် မကျစေနဲ့ ပြောတာ (မှန်ပါ့) အသေကဦးသွားလို့ ဥဒ္ဓက်က နောက်ကျသွား ယင်လဲ ဒုက္ခရောက်တာဘဲ.... (မှန်ပါ့)ရှင်းသွားပြီ .... (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကိုယ်က အခုအသက်ရှင်တုန်းဥာဏ်ကနောက်ကျမ အောင်ဟာ ဆိုပြီး ဒီဥာဏ်ပိုင်ပြီးလို့ ရှိယင် ဂျမ်းထိုးနေ ကိစ္စမရှိ ဘူး....(မှန်ပါ့)ဦးဘသန်း ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ရိပ်မိပြီတဲ့ အဲဒီတော့ကို ဒို့မှာ အားကိုးအားထား ရှိပါသေး သလားဆိုတာ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်) ပေါ်လာတယ်။

ကိုင်း... ဒါဖြင့် မဂ်ဉာဏ်ဟာ ဘယ်လောက်ထိအောင် ကျေးဇူးများသတုံးလို့ မေးတော့ ဘုန်းကြီးရှင်းပြမယ်၊ ဒီရဟန်းမေးတဲ့ အထဲမှာ ဘုန်းကြီးရှင်းပြတာတွေ အများကြီး အကျိုးကျေးဇူးတွေ ပေါ်လာလိမ့်မယ်။

လူ့ပြည်မှာ ကျောင်းဆောက်တယ်, နတ်ပြည်မှာမသေခင်က ဘုံပေါက်တယ်၊ ဒီဝတ္ထုရှိတယ်နော်....(မှန်ပါ့) နန္ဒီယ လူ့ပြည်မှာ ကျောင်းဆောက်တယ်၊ ရှင်မောဂ္ဂလ္လာန်ကြီးက နတ်ပြည်ဒေသ စာရိုက်ကြသွားတယ်၊ဟာ-ဒီဘုံဟာ အယင်ကမတွေ့ပါဘူး၊အခုတော့ ဘုံတွေ,နတ်သမီးဗိမာန်တွေ, အခြေအရံဥယျာဉ်တွေနဲ့ ဘာဖြစ်တာတုံးလို့ မေးတယ်၊နတ်သမီးတွေက အရှင်ဘုရား တပည့်တော်တို့က အကြိုအဆို အခြေအရံတွေပါ၊ လူ့ပြည်မှာ နန္ဒီယ ကျောင်းဆောက်လို့ ဒီမှာဘုံပေါက်နေတာပါ..တဲ့၊ သြော်.... မသေခင်က ဘုံပေါက်နေသကိုးလို့ ရှင်မောဂ္ဂလ္လာန်ကသိခဲ့တယ်၊ နန္ဒီယကတော့ မသေသေးဘူး လူ့ပြည်မှာဘဲရှိသေးတယ် .... (မှန်ပါ့ဘုရား)။

အဲဒီမှာ နတ်သမီးတွေက မှာလိုက်ကြတယ်၊ အရှင်ဘုရား.... အရှင်ဘုရားလူ့ပြည်ကြသွားလို့ ရှိယင် နန္ဒီယကို လူ့ပြည်မှာရှိတဲ့ မြေအိုးနဲ့တူတဲ့ စည်းစိမ်တွေစွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ပြည်စည်း

စိမ်တွေကို သုံးဆောင်ပါဆိုတာ ပြောလိုက်စမ်းပါ .... (မှန်ပါ့ဘုရား)။

လူ့ပြည်က စည်းစိမ်က မြေအိုးနဲ့တူသပေါ့လေ-နတ်ပြည်ကာ စည်းစိမ်က ရွှေအိုးနဲ့တူတယ် မှာတောင်မှာလိုက်သေးတယ် .... (မှန်ပါ့ဘုရား)။

မှာလိုက်တော့ ရှင်မောဂ္ဂလ္လာန်ကြီးလဲ ပြန်ကြွလာခဲ့တယ်၊ ပြန်လာပြီး ဘုရားဆီကို သွားလျှောက်တယ်၊ အရှင်ဘုရား လူမျှားဟာ မသေခင်ကကုသိုလ်ပြုထားတယ်၊ မသေခင်ကနတ်ပြည်မှာ အစောကြီး ဘုံပေါက်နေတယ်ဆိုတာ ဟုတ်ပါရဲ့လား၊ မသိချင်ယောင်ဆောင်မေးတယ်၊ ဘုရားကသိပြီးသားဘဲ၊ ကွာ.... မင်းကိုယ်တိုင်သိပြီးသားဘဲ၊ ငါ့မေးနေဘို့ မလိုပါဘူး .... တဲ့၊ ဘုရားက သိပြီးသားကိုး....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ) မသေခင်က ဘုံပေါက်တယ်နော်....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့လုပ်ထားတဲ့ အကုသိုလ်တွေလဲ မသေခင်က ငရဲမီးတွေက ဟုန်းဟုန်းတောက်နေတယ်....(မှန်ပါ့) ကိုယ်သွားယင် အဆင်သင့်ဖြစ်ဘို့ရာ....(မှန်ပါ့)ဒယ်အိုးကြီးတွေကလဲ ဆီပူတွေကဆူလို့ ၊ မသေခင်က ဘုံပေါက်နေတာဘဲ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဘယ်နှယ် ကုသိုလ်တော့ဘုံပေါက်တယ်၊ အကုသိုလ်တော့ မပေါက်ရဘူးဆိုတော့ ဖြစ်ပါ့မလား....(မဖြစ်နိုင်ပါ)အတူတူဘဲ၊ အကုသိုလ်အတွက် ဘုံပေါက်တာဘဲ၊ "အကုသလံကမ္မ ဝိပါ

အာသာ ကမ္မပစ္စယေန ပစ္စယော၊ ကုသလံကမ္မ ဝိပါကာ ၊ကမ္မ ပစ္စယေန ပစ္စယော”ဆိုပြီး ပဋ္ဌာန်းကျမ်းကြီးမှာမလာဘူးလား....(လာပါတယ်ဘုရား)။

မကောင်းတာလုပ် မကောင်းကျိုးပေးတာဘဲ ဟိုမှာအဆင်သင့် စောင့်နေတယ်....(မှန်ပါ)ရိပ်မိပလား—(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေမှာ မဂ်ဉာဏ်မရသေးလို့ ရှိယင် ဟိုမှာမီးတွေကတောက်လျက်၊ငရဲအိုးတွေကလဲဆူလျက်ဘဲ၊ ဒီလူလာယင် အဆင်သင့်ဖြစ်ဘို့....(မှန်ပါ)သဘောပါကြပလား.(ပါ.ပါပြီဘုရား)။

အဲဒီတော့ ဒါကို ခင်ဗျားတို့ ဒီကနေငြိမ်းယင် ရသေးတယ်၊ ဒီကနေငြိမ်းယင်ရတယ်....(မှန်ပါ) ဒီကနေပြီး မဂ်နဲ့ ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကို တခါမြင်လိုက်၊ ဟိုမှာ အကုန်ပျောက်သွားတာဘဲ၊ ငရဲမီးတွေငြိမ်း, ငရဲအိုးတွေသိမ်းသွားတာဘဲ.... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီလိုသာ မလုပ်တော့ဘူးဆိုယင် ဟိုကလဲ အဆင်သင့် နတ်ပြည်ဘုံပေါက်သလို ငရဲကလဲ ဘုံပေါက်နေတာဘဲ....(မှန်ပါ) စောင့်မနေပေဘူးလား....(စောင့်နေပါတယ်ဘုရား)။

အဲဒီတော့ ငရဲအိုးဆူလျက်နဲ့ ငရဲအိုးပွက်ပွက်နဲ့စောင့်နေတာ ဆရာဘုန်းကြီးပြောလို့ တကာတကာမတွေကသိတော့မှ ဒီကနေ စာညှိတဲ့ငရဲမီး ဒီကနေတည်တဲ့ငရဲအိုးကိုဒီကနေဖျက်ယင်ရတယ်....(မှန်ပါ)ရှင်းပလား(ရှင်းပါပြီဘုရား)။

အခု ဘုန်းကြီးကျောင်းပေါ်မှာ မီးတွေအကုန်လာနေတယ်။ ဟိုနားမှာ ဒိုင်နမိုရှိတယ်၊ ဒိုင်နမိုကြောင့်လာနေတာ... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဒိုင်နမိုကနေပြီး ရပ်လိုက် မောင်အောင်ချို ဒီမီးတွေဘယ့်နှယ်တုံး...(မလာတော့ပါ) အကုန်ငြိမ်းရမယ်....(မှန်ပါ့)။

လူ့ပြည်က ဒိုင်နမိုနဲ့တူတယ်၊ ဒီဇရဲမီးတွေပွင့်အောင်လဲ လူ့ပြည်က လုပ်ထားတာဘဲ... (မှန်ပါ့)မဟုတ်ဘူးလား၊ လူ့ပြည်ကငြိမ်းလိုက်ယင်....(ငြိမ်းပါတယ်)ကဲ....မဂ်ဉာဏ်နဲ့ငြိမ်းလိုက် ယင်မရဘူးလား...(ရပါတယ်ဘုရား)။

အဲဒီတော့ နောက်က တကာတကာမတွေ ပေါ့ပေါ့တန်တန်နေဘို့အချိန်လားတဲ့၊ ဒါတွေငြိမ်းသတ်ဘို့ အချိန်ရောက်ပလားဆိုတာလဲ ကိုယ်တိုင်စဉ်းစားစမ်း.... (ငြိမ်းသတ်ဘို့အချိန် ရောက်ပါပြီ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

မရှိသေးတဲ့ ပုဂ္ဂိုလ်ဖြင့်လဲ မောင်အောင်ချို ငါက မင်းတို့ တပည့်သားမြေးတွေဘဲ ပြောဘို့ မလိုပါဘူး၊ ရှိတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေတော့လဲ ငြိမ်းကြဟေ့၊ ဦးဘသန်းပြောရမယ်...(မှန်ပါ့) ငြိမ်းကြဟေ့-ဆိုတာ မပြောရပေဘူးလား-(ပြောပါမယ်ဘုရား)။

ပြောတော့ ခုနင်က အလုပ်စဉ်အတိုင်း ဖြစ်ပျက်ဆုံးအောင်လိုက်လိုက်၊ ဖြစ်ပျက်ဆုံးတော့ သြော်.... ဒုက္ခတွေချုပ်ပေါ့လို့ ကိုယ်တိုင်သိပြီးသကာလ ဒုက္ခရှာမတွေ့ပါဘူးလို့ ငါးမိနစ်ဘဲ သိသိ၊ သုံးမိနစ်ဘဲသိသိ၊ခဏွာပျောက်ပြီးတော့ပေါ့လေ...(မှန်ပါ့ဘုရား)။

ဒါဟာ ဟိုမှာ အကုန်သိမ်းတာဘဲ၊ ငရဲမှာရှိတဲ့ မီးတွေ ငြိမ်းပြီး အိုးတွေ ဘာတွေ အကုန်သိမ်းတာဘဲ၊ သဘောပါကြပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် အနာရှိယင် ဆေးရှိတယ်ဆိုတာကော ပေါ်ပလား-(ပါ-ပါပြီဘုရား)။

ကိလေသာ အနာတွေရှိလို့ မဂ်ဆေးနဲ့ ကုလိုက်ယင် ပျောက်-မပျောက်....(ပျောက်ပါတယ်ဘုရား)။

အေး_ဒီ့ပြင် လောဘ ဒေါသ မောဟတွေကတော့ ကျန်မှာဘဲ၊ ဒိဋ္ဌိဝိစိကိစ္ဆာ သေသွားတယ် တခါ မြင်လိုက်လို့ရှိယင် (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါ ရဟန်းက မေးလို့ ဒိဋ္ဌိပြုတ်အောင် ဘယ်လိုလုပ်ရမှာ တုံးဘုရားဆိုတော့ အို....မင်းကွာ ဖြစ်ပျက်ရှုရုံပေါ့....(မှန်ပါ့) ခန္ဓာကြီးထဲမှာ စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်က စိတ်ဖြစ်ပျက်ရှုရုံဘဲ၊ ဝေဒနာကြိုက်တဲ့ ပုဂ္ဂိုလ်က....(ဝေဒနာဖြစ်ပျက်ရှုရုံပါဘုရား) ရှုရုံဘဲကွ ..။

အဲဒါ ဆုံးအောင်လိုက်ရုံဘဲ၊ ဆုံးအောင်လိုက်တော့ ငါ့ကိုယ် ငါ့ဟာ ရှိသေးရဲ့လား....(မရှိတော့ပါဘုရား) ဒါဖြင့် ဒိဋ္ဌိပြုတ်သွားတယ်... (မှန်ပါ့)။

ဒိဋ္ဌိပြုတ်သွားတယ်ဆိုကတည်းက ခုနင်က ငရဲမီးတောက်နေတာတွေ ငရဲအိုးတွေ ဗွက်ဗွက်-ဗွက်ဗွက်ဆူနေတာတွေ လှည့်....ရှိသေးရဲ့လား_ (မရှိတော့ပါဘုရား) ဒါတွေ ဒိဋ္ဌိက သွားတည်ထားတာ....(မှန်ပါ့)။

ဦးဘသန်း ဘယ်သူက သွားတည်ထားတာတုံး .... (ဒီဌိုက သွားတည်ထားတာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အခု ဒီမှာ အေးအေးချမ်းချမ်းနေ လို့ တော်ပါ့မလား....(မတော်ပါဘုရား)ဒီကနေ သိမ်းဘို့အချိန် မရောက်သေးဘူးလား... ရောက်ပလား....(ရောက်ပါပြီဘုရား)။

ဒါဖြင့် မောင်အောင်ချို....လုပ်ရလိမ့်မယ်... (မှန်ပါ့ဘုရား) မဟုတ်ဘူးလား...(မှန်ပါ့)။

ယုတ်စွအဆုံး ပြောကြပါစို့.... စီးပွားရေးတောင် နောက်ထားရမယ်...(မှန်ပါ့) မဆိုထိုက်ဘူးလား...(ဆိုထိုက်ပါတယ်ဘုရား)။

စီးပွားရေး နောက်ထား၊ ငရဲအိုးသိမ်း ငရဲမီး ငြိမ်းတာကို ရှေ့ထားရမယ်....(မှန်ပါ့) မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဘာ့ကြောင့်တုံးဆိုတော့ စီးပွားလုပ်နေတုန်း သေသွားတော့ကို ဟိုမှာ အဆင်သင့်ဆီ ကိုယ်က ရောက်သွားတာဘဲ....(မှန်ပါ့) မရောက်ပေဘူးလား...(ရောက်ပါတယ်ဘုရား)။

ဒါ့ကြောင့် စီးပွားရေး နောက်ထား ငရဲမီးသိမ်းတာ ရှေ့ထားလို့ဆိုတာ နောက်က တကာတကာမတွေ့ မတိုက်တွန်းသင့်ဘူးလား....(တိုက်တွန်းသင့်ပါတယ်ဘုရား) တိုက်တွန်းသင့်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အလွန်အရေးကြီးတဲ့ စကားကို ဆရာဘုန်းကြီးစာ ယနေ့ ဟောနေတယ်ဆိုတာလဲ သိသွားပြီ...(မှန်ပါ)။

ဒါဖြင့် တကာတစာမတွေ့ လူ့ပြည်မှာ ကျောင်းဆောက် နတ်ပြည်ဘုံပေါက်၊ လူ့ပြည်မှာ အကုသိုလ်လုပ် ငရဲဘုံပေါက်၊ မဟုတ်ဘူးလား...(မှန်ပါ)။

ကုသိုလ်တော့ ခင်ဗျားတို့က ယုံတယ်၊ အကုသိုလ်တော့ မယုံ ဘူးဆိုလို့လဲ ကောင်းမှာမဟုတ်ဘူး၊ မဟုတ်ဘူးလား... (မှန်ပါ) ယုံရမှာဘဲ၊ ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒီဟာ မယုံလို့ရှိယင်တဲ့ ခင်ဗျားတို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရ ဘဲ နေမယ်...(မှန်ပါဘုရား)သေကြည့်ပါတဲ့....ဟုတ်လား....(မှန် လှပါဘုရား)။

သေကြည့်လိုက်တဲ့အခါ မသေခင်ကို ဒီဟာတွေ မြင်ရမယ်၊ ဝိညာဏ်မချုပ်ခင် မြင်ရလိမ့်မယ်...(မှန်ပါဘုရား) ဘယ်လောက် ကြောက်စရာကောင်းသတုံး၊ သြော်....ငါ ဒီသွားရမှာပါကလား ဆိုပြီးတော့ အဲဒီအချိန်ကျမှ မျက်ရည်ကြီးငယ် ကျတတ်တယ်.... (မှန်ပါ)။

မငြိမ်းထားတဲ့ ပုဂ္ဂိုလ်ကျတော့ ဒါတွေ အကုန်မြင်ရမှာပေါ့၊ ကိုယ်ဆောက်ထားတဲ့ ဘုံကိုး၊ မမြင်ရပေဘူးလား .... (မြင်ရပါ တယ်ဘုရား) အဲဒီကျတော့ မနစ်နာပေဘူးလား.... (နစ်နာပါ တယ်ဘုရား)။

ငါ သားကိစ္စ, မယားကိစ္စ, ဆွေမျိုးကိစ္စတွေနဲ့ အချိန်ကုန်ခဲ့

တာ ကိုယ်ကျိုးနည်းပြီ၊ အခု ငါသွားရမည့်လမ်း ငါသိနေပြီဆို တော့မှ သိပြီးတော့မှ ဝိညာဏ်ချုပ်တာ....(မှန်ပါ) ချုပ်သည်နဲ့ တပြိုင်နက်တည်း ဟိုအိုးထဲ ရောက်တယ်...(မှန်ပါ)မနာဘူးလား (နာပါတယ်ဘုရား)။

အဲဒါကြောင့် ပြင်ချိန်,ဆင်ချိန်ရှိတုန်းကို ပြင်မှ,ဆင်မှ တော်မယ်....(မှန်ပါ)နောက်မှ ပြင်မယ်ဆိုတဲ့စိတ်ကို မမှေးနဲ့-(မှန်ပါ ဘုရား)။

လှည့်နဲ့ ဘယ်နှယ်တုံး နောက်မှ....(မမှေးထိုက်ပါ) မမှေး ထိုက်ဘူးဆိုတာ နောက်က တကာတကာမတွေ့လဲ ပေါ်ပလား-(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ယနေ့ လုပ်ရမယ်ဆိုတဲ့ဥစ္စာ ညာဲ ပြီးအောင်လုပ်ကြ (မှန်ပါ)သဘက်ခါ ပြီးအောင်လုပ်မဟလို့....ဒီ စိတ်ကို သန်သန် ထွားထွား မွေးလို့ရှိယင်ဖြင့် ခင်ဗျားတို့ ကိုယ့်ကိုယ် သနားတဲ့ အထဲမှာ ပါတယ်....(မှန်ပါ)။

မလုပ်ဘူး၊ အလကားဘဲ ဟင်းခကောင်း, ကျွေးကောင်းတွေ ချက်ပြီး တိုက်ကောင်း, တာကောင်းတွေနဲ့ နေမယ်ဆိုယင် အဲဒါ ကိုယ့်ကိုယ် ကိုယ်သနားတာမဟုတ်ဘူး၊ မဟုတ်ဘူးလား.... (မှန်ပါ)။

ကိုယ့်ကိုယ် သနားတဲ့ ပုဂ္ဂိုလ်ဖြစ်ယင် ငရဲမီးငြိမ်းရမယ်၊ ငရဲ အိုး သိမ်းရမယ်၊ ဒါ ကိုယ့်ကိုယ် သနားတာဘဲ....(မှန်လှပါ ဘုရား)။

ဘယ်လို သိမ်းရမှာတုံး....ဖြစ်ပျက်ဆုံးအောင် ရှုရမယ်၊ ခန္ဓာ ပျောက်အောင် ရှုရမယ်....(မှန်ပါ့ဘုရား) နိဗ္ဗာန်တွေ့အော င်ရှုရ မယ်....(မှန်ပါ) ရှုလိုက်ယင် ကိစ္စပြီးမသွားဘူးလား....(ပြီးသွား ပါတယ်ဘုရား) သဘောပါပလား....(ပါပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြာဦးစို့။

သာဓု...သာဓု...သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

ခန္ဓာစဲ့လမ်းမူကြောင့် တဏှာ, မာန, ဒိဋ္ဌိ ဖြစ်ပုံ

ညအလုပ်ပေး တရားတော်

(၂၀ - ၄ - ၆၂)

ရှင်အာနန္ဒာဟာ ဘုရား၏ ညီတော်ဆိုတာ လူတိုင်း သိပါတယ်၊ သိပင် သိကြားသော်လဲ ဘုရားဆီမှာ သောတာပန် တည်တာ မဟုတ်ဘူးဆိုတာ မှတ်ထားရမယ်....(မှန်ပါ)။

သူ့ဆရာက ပုဏ္ဏဆိုတာရှိတယ်၊ ပုဏ္ဏက တခါတည်း ဟောလိုက်တာနဲ့ သီတင်းငယ်များစွာ သောတာပန်တည်ကြတယ်၊ တခါတည်း ဟောတာ....(မှန်ပါ)။

တရားဟာ အင်မတန်ကောင်းတယ်...၊ ထင်မြင်လောက်တဲ့ ဥပမာ အင်မတန် ပြတတ်တဲ့ပုဂ္ဂိုလ် ဖြစ်သောကြောင့် ဘုရားလက်ထက်တုန်းက အခုအခါလိုတော့ ဝိဇ္ဇာဘွဲ့ထူး ရတာပေါ့၊ ဒါလောက်ထိအောင်ဘဲ စွမ်းရည်သတ္တိရှိတယ်။

အဲဒီမှာ ရှင်အာနန္ဒာက တခါ ဆက်ဟောပြန်တယ်၊ ဒို့ဆရာ မန္တိုဝနိပုဏ္ဏားမ၏သား ပုဏ္ဏဆိုတာ ရှိတယ်ကွာ....တဲ့၊ အဲဒီ ပုဏ္ဏဟာ ဒို့ကို ဆုံးမတာဖြင့် အင်မတန်ကောင်းတယ်ဟေ့၊ တခါ

တည်းနဲ့ဘဲ ရှုပ္ဓားယူလိုက်လို့ ရှိယင် သောတာပန် တည်တာဘဲ၊ အပါယ်လေးပါး တံခါး ပိတ်တဲ့ အလုပ် စိတ်ချရတယ်ဟေ့.... (မှန်ပါ)။

ဒို့ဆရာက ဘယ်လိုဟောတယ်ဆိုတာ မင်းတို့ကို ဟောပြ ဦးမယ်ဆိုပြီး ရှင်အာနန္ဒာက တဆင့် ဟောတယ်နော်။

"အမှာကံ နဝကာနံ ဗဟုပကာရော ဟောတိ" ငါတို့သီတင်း ငယ်တို့အား တခါတည်းနဲ့ သောတာပန်တည်အောင် ဟော နိုင်တာတော့ကွာ-အရှင်ပုဏ္ဏပါဘဲ၊ ငါ့ဆရာပါဘဲ၊ ဘယ်လိုဟော တယ်ဆိုတာ မင်းတို့မှတ်ထားပါဦး။

"ဥပါဒါယ အသ္မိ ဟောတိ၊နော အနုပါဒါယ"ဥပါဒါယ= စွဲလမ်းသည်ရှိသော်၊ အသ္မိ= ငါဆိုတဲ့ တဏှာ, မာန, ဒိဋ္ဌိသည်၊ ဟောတိ=ဖြစ်၏၊ နော အနုပါဒါယ=မစွဲလို့ရှိယင် ဖြစ်ကိုမဖြစ် ဘူးတဲ့၊ ဒါကလေးဟောတာဘဲ။

"ဥပါဒါယ အသ္မိ ဟောတိ" ဥပါဒါယ=စွဲလမ်းမှုကြောင့်၊ အသ္မိ=တဏှာ,မာန, ဒိဋ္ဌိဆိုတဲ့တရားသည်၊ ဟောတိ=ဖြစ်၏၊နော အနုပါဒါယ=မစွဲလို့ရှိယင် ဖြစ်ကို မဖြစ်နိုင်ပါဘူးလို့ သူဟော တယ်ကွ ဆိုတော့ ဒါက ပါဠိဖြစ်နေတယ်။

ဒီတကာတကာမတွေ နားလည်မှုကို ပြောရမှာက မိမိခန္ဓာ ကိုယ်ကို မစွဲလို့ရှိယင်ဖြင့် ခန္ဓာငါးပါးရှိတဲ့အနက်က ဦးဘသန်း တခုမှ မစွဲလို့ရှိယင် တဏှာ,ဥပါဒါန်ဟာ လာကိုမလာဘူးတဲ့.... (မှန်ပါ) တဏှာ,ဥပါဒါန်ဟာ လာကို မလာဘူးတဲ့ ခန္ဓာငါးပါး ဘယ်ဟာမှ မစွဲဘူး၊ ဆံပင်လဲ ငါ့ဆံပင်လို့ မစွဲဘူး၊သွားကလေး

ကိုလဲ ငါ့သားလို့ မစ္စဲဘူး၊ အရေထူ,အရေးပါးတော့ကိုလဲ ငါ့အရေထူ အရေပါးရယ်လို့ မစ္စဲလို့ရှိယင် ဥပါဒါန်ပြုတ်တယ်ကို့ ဆိုတော့ ဒီတင် မမှတ်လိုက်ပါနဲ့....တဲ့ ဥပါဒါနပစ္စယာ ကမ္မဘဝေါလဲ ပြုတ်တယ်....(မှန်ပါ့) မပြုတ်ဘူးလား....(ပြုတ်ပါတယ်ဘုရား) ကမ္မဘဝပစ္စယာ ဇာတိရော မပြုတ်ဘူးလား....(ပြုတ်ပါတယ်ဘုရား) ဇာတိပစ္စယာ ဇရာ မရဏကော....(ပြုတ်ပါတယ်ဘုရား)။

အင်း... မစ္စဲယင် ပြုတ်တာဘဲ၊ မစ္စဲယင် ဥပါဒါန်ပြုတ်ယင် ကံပြုတ်၊ ကံပြုတ်လို့ရှိယင် ဇာတိ,ဇရာ,မရဏပြုတ်တယ်၊ သြော်-ဒါဖြင့် စ့ဲနေလို့ မပြုတ်ကြတာကိုး၊ စ့ဲနေယင် တဏှာ,မာန,ဒိဋ္ဌိ အကုန်လာတာဘဲ....(မှန်ပါ့)။

အခု တကာတကာမတွေ ဖြစ်နေတာက ကိုယ်ခန္ဓာ ကိုယ်စ့ဲနေတာ၊ ဟိုနားကျမှ မျက်စောင်းကလေး ထိုးကြည့်သွားယင်လဲ ငါ့ဘာမှတ်လို့ပါလိမ့်၊ ကိုယ်ခန္ဓာကို တခါ ငါ့ဘာမှတ်လို့ ပါလိမ့်မတုံးဆိုပြီး ငါ့ခန္ဓာလို့စ့ဲနေတော့ သူ့ဘဲ အသံ အယင် ထွက်လာတယ်... (မှန်ပါ့) မထွက်ဘူးလား ... (ထွက်ပါတယ်ဘုရား)။

ငါ့ မျက်စောင်းထိုးသွားတယ်....၊ ငါ့ ဘာမျှားမှတ်နေလို့ ပါလိမ့်၊ ဟိုစ့ဲတာလား-ဒီစ့ဲတာလား၊ ကိုယ်ခန္ဓာ ကိုယ်စ့ဲတာ....(မှန်ပါ့) ကိုယ်ခန္ဓာစ့ဲတာ....(မှန်ပါ့)။

နောက်ဏ တကာတကာမတွေ ဘယ်သူ့စ့ဲတာတုံး....(ကိုယ်ခန္ဓာ ကိုယ်စ့ဲတာပါဘုရား)။

ငါ့ဘာမှတ်လို့ပါလိမ့်မတုံးဆိုတော့ ဟိုလူကို ပြောနေတာလား... ကိုယ့်ခန္ဓာ စဲ့နေတာလား.... (ကိုယ့်ခန္ဓာ စဲ့နေတာပါဘုရား)။

ဘယ်လို အခြေအနေမျိုးမှတ်လို့ ဘာပါလိမ့်မတုံး.... မျက်စောင်းထိုးသွားတာ....၊ ဒီနားကျမှ ဘိုနပ်မြည်အောင် စီးသွားတယ်၊ ငါ့မျှား ဘာမျှားမှတ်နေလို့ပါလိမ့်မလဲ....၊ တခါတည်းခန္ဓာ ရောက်,ရောက်သွားတယ်.... (မှန်ပါ့) ဟိုလူ့ဆီ ရောက်သလား- ကိုယ့်ခန္ဓာဆီ ရောက်-ရောက်လာသလား... (ကိုယ့်ခန္ဓာဆီ ရောက်-ရောက်လာပါတယ်ဘုရား) ဒါဖြင့် ကိုယ့်ခန္ဓာ စဲ့-မစဲ့ အကဲခတ်စမ်း... (စဲ့ပါတယ်ဘုရား)။

မှသန်းတို့လူစု - မခင်စိန်တို့လူစုကော မစဲ့ဘူးလား.... (စဲ့ပါတယ်ဘုရား)။

ဒီအတိုင်းနေတော့ စဲ့တယ်လို့ မထင်ဘူး၊ မျက်စောင်းကလေးထိုးသွားမှ ဘိုနပ်ကလေး ဆောင့်နင်းသွားမှ မကြည့်ချင်လို့ ထီးကလေးကွယ်သွားမှ အံမာ.... ငါ့မျှား ဘာမျှားမှတ်နေလို့ပါလိမ့်မတုံး... တဲ့၊ အင်း....ဟိုမသွားဘူးဗျ....(မသွားပါဘုရား) ဘယ်သွားသတုံး....(ကိုယ့်ခန္ဓာ ကိုယ်စဲ့ပါတယ်ဘုရား) ကိုယ့်ခန္ဓာဘက် လှည့်လာတယ် လှည့်ရန်,ရ....(မှန်ပါ့)။

ဒါနဲ့ အရေးကြီး ကိုယ့်ခန္ဓာဘက်ဘဲ စဲ့လာတာဘဲ-(မှန်ပါ့) မစဲ့တယ်-စဲ့တယ် နောက်က တကာမ့ကြွေ ဖွားငြိမ်းတို့ မှတ်စမ်း၊ အားကြီးစဲ့တယ်ဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အံမာလေး.... ဘယ်လောက်မျှား စဲ့စာယ်-မစဲ့တယ် မပြောနဲ့. နော်... အိပ်ပျော်နေတုန်းမျှား အိမ်မီးလောင်တယ်ဆို ကိုယ့်ခန္ဓာ အယင်ဆဲ့ထုတ်တယ်....(မှန်ပါ့)ခလေးတွေ့ နောက်မှ သတိရတယ် (မှန်ပါ့) ကိုယ့်ခန္ဓာ ကိုယ်အယင်ဆဲ့ထုတ်တယ်၊ တွေ့ဘူးကြ, မြင်ဘူးကြ,ကြားဘူးကြရဲ့လား....(ကြားဘူးပါတယ်ဘုရား)။

ဘယ်သူ့အယင်ဆဲ့ထုတ်သလဲ-(ကိုယ့်ခန္ဓာကိုယ်အယင်ဆဲ့ထုတ် ပါတယ်ဘုရား) ဟ....မစဲ့လို့လား စဲ့လို့လားဟေ့.... (စဲ့လိုပါ့ ဘုရား)။

မီးရှို့ကြည့်မှ သာပြီးသိသာတယ် ဟင်....(မှန်ပါ့) ပစ္စည်းနဲ့ ခန္ဓာ ဘယ်ဟာကိုသာစဲ့သတုံးလို့ မေးတဲ့အခါကျတော့မှ အို.... လူမသေ ငွေမရှားပေါ့-ဆိုတော့ ဘယ်သူ့သာစဲ့သတုံး...(ခန္ဓာ ကိုသာစဲ့ပါတယ်ဘုရား) ခန္ဓာသာစဲ့တယ်ဆိုတာ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

ဒေါ်အေးရင်ကြီး ဘာကိုသာစဲ့သလဲ .... (ခန္ဓာကိုသာစဲ့ပါ တယ်ဘုရား)။

ဒါဖြင့် ဒါ... ဥပါဒါန်ဖြစ်နေတာပေါ့၊ ခန္ဓာ့အပေါ်မှာ ဥပါဒါန်ရှိတယ်.... (မှန်ပါ့) ပြီးတော့မှ သူက အလန့်တကြား မျှား ပြောလိုက်သေးတယ် ငါ့မှာ ကံကောင်းလို့ လွတ်သွား တယ်... တဲ့....(မှန်ပါ့) ငါ့မှာ ကံကောင်းလို့ လွတ်သွားတယ် ဆိုတော့ တခါတည်း ဒီဌိုက ဝင်လာတာပေါ့... (မှန်ပါ့)မလာ ဘူးလား...(လာပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာ ဘယ်လောက်စဲ့တယ်-မစဲ့တယ်ဆိုတာ မိုးရှိ့ကြည့်လဲ သိတာဘဲ၊ မျက်စောင်းထိုးကြည့်လဲ သိတာဘဲ၊ ဟင်.... (မှန်ပါ့)။

ဘိုနပ်ဆောင့်နင်း, ထိုးကွယ်ပြီးသွားလို့ ရှိယင်လဲ သိတာဘဲ၊ ငါ့မျှား ဘာမျှားမှတ်နေသတုံး၊ အဖက်မတန်တဲ့ လူမျိုးမျှား မှတ်နေသလား၊ တခါတည်း ကိုယ့်ခန္ဓာကိုစဲ့တဲ့သဘောတွေက ချက်ချင်းပေါ်လာတယ်....(မှန်ပါ့)။

အဲဒါ့ကြောင့် "ဥပါဒါယ အသို့ ဟောတိ" ဥပါဒယ= မိမိခန္ဓာကိုယ်ကို စဲ့လမ်းမှကြောင့်၊ အသို့=ငါ-ဆိုတဲ့ တဏှာ,မာန, ဒိဋ္ဌသည်၊ ဟောတိ=ဖြစ်၏၊ ခန္ဓာစဲ့ဖြစ်တာတဲ့....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တဏှာ,မာန,ဒိဋ္ဌဟာ ဘယ်သူ့စဲ့ဖြစ်တာပါလိမ့်... (ခန္ဓာစဲ့ဖြစ်ပါတယ်ဘုရား) ခန္ဓာကို စဲ့ဖြစ်တာလို့ ဩဩချာချာ မှတ်ကြပါ....(မှန်ပါ့)။

အဲဒီတော့.... ဒီခန္ဓာကို သူ့ စဲ့ဖြစ်ခြင်းကြောင့် ရှင်ပုဏ္ဏကရှင်အာနန္ဒာတို့ကို ဟော့ပုံ၊ ရှင်အာနန္ဒာက တဆင့်လဲ ဒီအတိုင်း ဟောတာဘဲနော် (မှန်ပါ့)။

"ဥပါဒါယ အသို့ ဟောတိ၊နော အနုပါဒါယ" စဲ့လမ်းလို့ ရှိယင် တဏှာ မာန ဒိဋ္ဌဖြစ်တယ်၊ အသို့ဆိုတဲ့ တဏှာ မာန ဒိဋ္ဌ ဖြစ်တာဘဲ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်မှာ....(မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာက အရေးကလေးမို့ နည်းနည်းကြုံလို့ ရှိယင်

ဖြင့် ဒီခန္ဓာ အရေးကြီးလာတာဘဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အရေးကြုံယင် ဘယ်သူ့ကို အရေးကြီးလာသလဲ.... (ဒီခန္ဓာ အရေးကြီးလာပါတယ် ဘုရား) ခန္ဓာ အရေးကြီးလာတော့ နောက်က တကာတကာမတွေ ခန္ဓာကော မစ္စဲဘူးလား... (စ္စဲပါ့ တယ်ဘုရား) စ္စဲဘယ်။

အဲဒီတော့ ဥပေက္ခာ ထားလိုက်တာပါဘဲဆိုတာ အလကား ပြောနေတာ၊ ဝိပဿနာမလုပ်သေးတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာဥပေက္ခာ ထားလိုက်တာပါဘဲဆိုတာ အလကားပြောနေတာ.... (မှန်ပါ့) အရေးကြုံယင် စ္စဲတာဘဲ.. (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိ ဘယ်ကလာသတုံးမေးယင်ကော ဖြေတတ်ကြပလား.... (ဖြေတတ်ပါပြီ) ဘယ်ကလာသတုံး.... (ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာက လာတာနော်... (မှန်ပါ့) ခန္ဓာက လာတာတဲ့။

သြော် ဒီခန္ဓာကြောင့် တဏှာ မာန ဒိဋ္ဌိလာတယ်၊ ဂါ... ဥပမာပြမယ်ဟေ့....တဲ့ ရှင်ပုဏ္ဏက၊ မှန်တခု မောင်အောင်ချိုတို့ ရှေ့မှာ ထောင်ထားပါ ပြဒါးသုတ်ထားတဲ့ မှန်ထောင်ထားပါ၊ ထောင်ပြီး ကိုယ်က သွားမယ်·လာမယ်လို့ ပြောင်ဆင်ပြီး မှန်ရှေ့ ရပ်လိုက်တာပေါ့- ထိုင်လိုက်တာပေါ့....တဲ့။ ဂါ.... အချိုးကျ

သားဘဲ....တဲ့....(မှန်ပါ)ဟ .. ဘာကြည့်ပြောဘာတုံးဆို မှန်ထဲက အရိပ်ကြည့်ပြောတာ ... (မှန်ပါ)။

ကိုယ့်ကိုယ်ကြည့်ပြောတာလား- မှန်ထဲကအရိပ် ကြည့်ပြော တာလား....(မှန်ထဲကအရိပ် ကြည့်ပြောတာပါဘုရား)။

မှတ်ထားပါ- မှတ်ထားပါ ခင်ဗျားတို့အိမ်မှာ မှန်ရှိနေတဲ့ ပုဂ္ဂိုလ်တွေဘဲ မှန်ဟာ အိမ်တိုင်းရှိကြတာဘဲ၊ မှန်သွားကြည့် လိုက်တဲ့အခါကျတော့ မှန်ကြည့်ပြီးတော့မှ ငါဖြစ်လာတယ်၊ ငါနေရာကျသားဘဲ အကောင်းအဆိုးလဲ သင့်သားဘဲ၊ အောက် ထည်နဲ့ အပေါ်ထည်နဲ့လဲ အလိုက်သားဘဲ။

အင်း....အခက်သားဘဲ သူ့ခန္ဓာကြည့်ပြောတာလား- အရိပ် ကြောင့် ဒီအသံတွေထွက်လာတာလား မေးယင် ဘယ့်နှယ်ပြော ကြမလဲ.... (အရိပ်ကြောင့်ထွက်လာတာပါ) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

နောက်က တကာတကာမတွေ့ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ပြော တာလား မှန်ထဲက အရိပ်ကြည့်ပြောတာလား... (မှန်ထဲက အရိပ် ကြည့်ပြောတာပါဘုရား)။

ဟင်....မှန်ထဲကအရိပ်ကြည့်ပြီးသကာလ ငါနေရာကျသားဘဲ ငါသွားဘို့ တော်ပါပြီ၊ ဒါလောက်ဆိုယင် တိုးပါပြီ လူထဲ အောက်တော့ မကျတော့ပါဘူး၊ မာနကလေးကလဲ လာတယ်၊ အဝတ်အစားလဲ အောက်မကျတော့ပါဘူး ဆိုတော့ မာနသံလဲ ပါမလာဘူးလား...(ပါလာပါတယ်ဘုရား)။

အင်း ကိုယ့်ခန္ဓာကြည့်ပြောတာလား-အရိပ်ကြောင့်ဖြစ်လာတာလား....(အရိပ်ကြောင့် ဖြစ်လာတာပါ) ငါ့ခန္ဓာဆိုတဲ့ ဒိဋ္ဌိကလဲ ဘယ်သူ့ကြောင့်ဖြစ်လာတာတုံး.... (အရိပ်ကြောင့်ဖြစ်လာတာပါ)အရိပ်ကြောင့်ဖြစ်တာ။

ငါဒါလောက်ဆိုယင်ဖြင့် လူထဲတိုးပါပြီဆိုတဲ့ မာန်ကလေးကကော....(အရိပ်ကြောင့်ပါဘဲ) အရိပ်ကြောင့်ဘဲ။

ဩော်... ကိုယ့်ခန္ဓာကိုယ် မှန်ကြည့်လိုက်တဲ့ အခါကျတော့ ကိုယ့်ဟာကိုယ်ပေမဲ့ လှတယ်,ပတယ် ထင်နေတာဘဲ၊ တဏှာကပါတာကိုး.. (မှန်ပါ) တခါကြည့်လိုက်ရတယ် တဏှာ, မာန,ဒိဋ္ဌိသုံးခုစလုံးလာတယ်... (မှန်ပါဘုရား)။

တခါကြည့်လိုက်တာနဲ့.... (သုံးခုစလုံးလာပါတယ်ဘုရား) နောက်က တကာတကာမတွေ့ တခါကြည့်လိုက်တာနဲ့ ဘယ်နှစ်ခုလာသတုံး....(သုံးခုလာပါတယ်) တဏှာရော,မာနရော, ဒိဋ္ဌိရော လာတယ်။

ဒါဖြင့် အရိပ်ကြည့်ပြီးသကာလ ဖြစ်ပေါ်လာတဲ့ဓမ္မသုံးခုဘဲ၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဩော် တကာတကာမတွေ့တော့ဖြင့် အရိပ်နှိပ်စက်နေတယ်၊ သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘယ်သူနှိပ်စက်သတုံး(အရိပ်နှိပ်စက်ပါတယ်) အရိပ်နှိုက်စက်နေတာ၊ ဦးဘသန်းကြီးတို့ အရိပ်နှိပ်စက်နေတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ခန္ဓာက နှိပ်စက်တာလား- အရိပ်က နှိပ်စက်တာလား .... (အရိပ်က နှိပ်စက်တာပါဘုရား)။

ရော .... ခက်နေပြီ ခင်ဗျားတို့ဟာ လူကြီးစိတ်မရှိပါဘူး၊ ဦးအောင်ဇံဝေတို့ အသက်သာကြီးနေတယ် လူကြီးစိတ်မရှိပါဘူး (မှန်ပါ)အရိပ်နှိပ်စက်တယ်ဆိုတော့ ခန္ဓာကနှိပ်စက်တာမှမဟုတ်ဘဲ....(မှန်ပါ) ဘယ်သူကနှိပ်စက်နေတာတုံး.... (အရိပ်ကနှိပ်စက်နေတာပါဘုရား) ဒါဖြင့် ခင်ဗျားတို့ဟာ ခလေးဖြစ်နေပြီ... (မှန်ပါ)။

ခလေးဟာ မှန်ကို တခါမှမကြည့်ဘူးတဲ့ ခလေးဟာ မှန်ကြည့်ပြီးတဲ့အခါ လန့်ဇိုတယ် ... (မှန်ပါ) လန့်တယ် ဇိုချင်လဲ ဇိုလိုက်တယ်၊ မသိသေးတဲ့ခလေးမှာလေ....(မှန်ပါ)။

ခြသေ့်မျိုး မှန်ကြည့်ပြီးဟောက်တာတော့ တွေ့ဘူးမှာပေါ့ဟင်....(မှန်ပါ) မှန်ကြည့်ပြီးသကာလ သူ့အရိပ်နဲ့သူနဲ့ ရန်ဖြစ်တာတွေကော မတွေ့ဘူးလား .... (တွေ့ပါတယ်ဘုရား) ရင်ကွဲသေတာဘဲ။

သူကဟောက်လဲ မှန်ထဲကလဲ ဒီလိုပါးစပ်ဖြဲလျက်ဘဲ ဆိုတော့ ခြသေ့်သေရတာဟာ သေချင်လို့သေရတာလား- သူ့အရိပ်နှိပ်စက်လို့ သေရတာလား....(သူ့အရိပ်နှိပ်စက်လို့ သေရတာပါ) နောက်က တကာတကာမတွေ့ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခြသေ့်ဘာဖြစ်လို့သေပါလိမ့်....(အရိပ်နှိပ်စက်လို့ပါဘုရား) ဒီမှာလဲ တဏှာ,မာန,ဒိဋ္ဌကြောင့် အပါယ်လေးပါးကျရတာဟာ

ဘယ်သူ့ကြောင်ပါလိမ့်(အရိပ်နှိပ်စက်လို့ပါ)ဒါဖြင့် ခင်ဗျားတို့ ခြေသေ့စိတ်မပျောက်သေးပါဘူး။

နောက်က တကာတကာမတွေ ခြေသေ့ဆိုတာ လူလား-တိရစ္ဆာန်လား... (တိရစ္ဆာန်ပါဘုရား) ခင်ဗျားတို့မှာ ဘာစိတ်ရှိနေတယ်ထင်သတုံး.... (တိရစ္ဆာန်စိတ်ရှိနေပါတယ်) တိရစ္ဆာန်စိတ်ရှိနေတယ်၊လှည့်နဲ့ ဦး၊လူစိတ်ကိုမပေါ်သေးဘူး၊ရိပ်မိတယ်နော်... (မှန်ပါ့ဘုရား)။

ဦးဘသန်းကြီးတို့မျိုး အရိပ် နှိပ် စက် ထားလိုက် တာကို ခုထက်ထိ ငါ ကိုယ့်ဟာ ကိုယ်နေတာက၊ လူတလုံးလုပ်နေတာ ဘာမျိုးထင်နေကြသတုံးဆိုတော့ အရိပ်ကြည့်ပြီးသူပြောနေတာ (မှန်ပါ့ဘုရား)။

ငါသွားနိုင်သေးတယ်ကွ....၊ ဘယ်သားသမီးလက်အောက်မှ ငါမခံဘူးကွ၊ မင်းတို့ ကျွေးတာ,မွေးတာမျိုး ငါစားချင်တဲ့စိတ် မရှိဘူး၊ ဟိုမှာမှန်ထဲကြည့်ပြီးသကာလ ဖြစ်ပေါ်သေးတယ်.... (မှန်ပါ့ဘုရား)။

လှည့်တို့လဲ တခါတခါပြောတာပေါ့၊ ကိုယ်ကသာ ကျွေးချင်, မွေးချင်ပါတယ်၊ သူတို့ သားသမီးများလုပ်တာများစားကို မ်ိစားချင်ဘူး။ အံမာ....အရိပ်တွေကြည့်ပြီးသကာလ ကိုယ့်မှာ လေးလုံးခြောက်ဖက်ဘဲ လုပ်နိုင်,ကိုင်နိုင်သေးတာဘဲအစရှိသည်နဲ့ အရိပ်ကြည့်ပြီး ဦးအောင်ဇံဝေတို့လဲ ကြီးပြီ ဟင်....(မှန်ပါ့)။

ဂျာမဏီက သားပြန်လာလဲ သူတို့ဟာ မစားချင်ပါဘူး။ အိမ်ကသမီးပစ္စည်းကော....(မစားချင်ပါဘုရား)မစားချင်ဘူး။

ဘာဖြစ်လို့ မစားချင်ဘူးဆိုသတုံး ဆိုလို့ရှိယင်ဖြင့် ကိုယ့်မှာလဲ တိုက်နဲ့, တာနဲ့,မြေနဲ့,ရှေနဲ့ဆိုသလို သွားလဲသွားနိုင်သေးတယ်ငါကာ၊ ပြောလဲပြောနိုင်သေးတယ် ငါကာ။ အရိပ်ကြည့်ပြီးတော့ ဒီအတိုင်းလာနေတာ....(မှန်ပါ့)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ဩော် ... ဘယ်သူနှိပ်စက်နေပါလိမ့်မတုံးမေးတော့မှ လက်သည်မေါ်လာတယ်....(မှန်ပါ့) ဘာတွေ့ကြသတုံး.... (အရိပ်နှိပ်စက်နေပါတယ်) ခန္ဓာ၏အရိပ်။ ခန္ဓာကမနှိပ်စက်ဘူး။ ဘယ်သူကနှိပ်စက်သတုံး .... (ခန္ဓာ၏ အရိပ်ပါဘုရား)။

* ခန္ဓာကတော့ မနှိပ်စက်ပါဘူး။ သူ့ကြည့်ကတည်းက ခန္ဓာကိုယ်ကြည့်ပြောတာ၊ အရိပ်ကိုကြည့်ပြောတာနော်(မှန်ပါ့) အဲဒီတော့ အရိပ်နဲ့ အထည်နဲ့မကွဲဘူး၊ ကွဲခဲးရဲ့လား....(မကွဲပါဘုရား)။

နောက်က တကာတကာမတွေ ဘယ်နှယ်တုံး....(မကွဲပါ) အရိပ်နဲ့ အထည်နဲ့မကွဲဘူး။

အရိပ်နဲ့ဘဲ ဒီကအနာကလေးပေါက်တယ်။ မှန်ထဲကြည့်လိုက်တော့ ဒီအနာကလေးမြင်တယ်။ မှန်ထဲကအရိပ်မှာလဲ ဒီအနာကလေးပေါ်တော့ ဒီအနာနဲ့ ငါသေမှာထင်ပါရဲ့။ အုံမာ...

---

* အရိပ်ကြောင့် အသွေ့မာနတရား ပေါ်လာပုံ ပြဆိုခဏ်းဖြစ်၍ ပေါ်လွင်လာအောင် မိန့်ဆိုခြင်းဖြစ်သည်။

အရိပ်ကြောင့်များ မျက်ရည်ကျတယ်။မကျဘူးလား.... (ကျပါတယ်ဘုရား)။

ဟာ ... ဘယ့်နှယ်ဖြစ်ကြတာတုံး. ဘယ်သူက ရိုက်ထားလို့ မျက်ရည်ကျတာတုံးမေးယင် ဘယ်.နှယ်ဖြေမလဲ ....(အရိပ်ကနှိပ်စက်လို့ပါ) အရိပ်ကနှိပ်စက်လို့... (မှန်ပါ့ဘုရား)။

အံမာလေး... ခြသေ့ဘာဖြစ်လို့သေ .... (အရိပ်ကြောင့်ပါ) အရိပ်နှိပ်စက်လို့သေတာ။ ရိပ်မိပလားကွ....(မှန်ပါ့ဘုရား)။

ခြသေ့ဟာ လူလား၊ တိ့ရစ္ဆာန်လား... မေးပြန်တော့ ဘယ်.နှယ်ဖြေသတုံး... (တိရစ္ဆာန်ပါ)တိရစ္ဆာန်ဖြစ်နေတော့ သြော်.... တိရစ္ဆာန်မို့ မသိရှာလို့ သြော်... တိရစ္ဆာန်ဆိုတာ တယ်မိုက်ပါလားဆိုတာ ခင်ဗျားတို့ ပါးစပ်တွေက ထွက်နေတာ... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဦးဘသန်းကြီးတို့ ဘယ်လိုမျှား ဆုံးဖြတ်ချက်ချမယ် ထင်သတုံး... ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အေး....ဒါ့ကြောင့် ခင်ဗျားတို့ အားလုံး အပါယ်သွားတာ အရိပ်ကြောင့် သွားတာ၊ ခန္ဓာ၏ အရိပ်ကြောင့်၊ ရှင်းပလား.... (မှန်ပါ့)။

အဲဒီတော့ကို တဏှာနဲ့ ခင်တာနဲ့ သြော်....ငါ့မှာ လုပ်နိုင်ကိုင်နိုင်တဲ့ အခြေအနေ ရှိသေးတာဘဲ၊ မှန်ကြည့်လိုက်တဲ့အခါကျတော့၊ အင်း... တဏှာနဲ့ ခင်လိုက်တယ်၊ အရိပ်ဘဲ မဟုတ်ဘူးလား....(မှန်ပါ့)။

ညြော်... ငါတော့ ဘယ်သားသမီးအောက်မှ အခုအခါမှာ မကျသေးပါဘူး၊ မာနကလဲ လာပစ်လိုက်တာဘဲ....(မှန်ပါ့) ငါ ဆိုတဲ့ ဒိဋ္ဌိကကော....(ပါလာပါတယ်ဘုရား)။

ပါနေတော့ ဦးအောင်ဇံဝေ...တဏှာ မာန ဒိဋ္ဌိဟာ ဘယ်က လာတာတုံးဆိုတော့ ခန္ဓာအရိပ်က လာတာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်က လာတာတုံး .... (ခန္ဓာအရိပ်က လာတာပါဘုရား) ခန္ဓာအရိပ်က လာတာ၊ နောက်က တကာတကာမတွေကော ရိပ်မိကြရဲ့လား....(မှန်ပါ့) ဘယ်က လာတာတုံး....(ခန္ဓာကလာတာပါဘုရား)။

ခန္ဓာကြီးက လာလို့ရှိယင် ခန္ဓာနဲ့ ကိုင်ရိုက်ရလို့ရှိယင် နာတယ်၊ အခုတော့ အရိပ်နဲ့ မျက်ရည်ကျနေလိုက်သေးတယ်၊အရိပ်နဲ့များ ပြုံးနေလိုက်သေးတယ်....(မှန်ပါ့) ဟာ...ဘာဖြစ်ကြတာတုံး မေးယင် ဖြေတတ်ကြပလား....၊ မပြောတတ်ပါဘူး ဘုရား-လူစိတ်မရှိလို့ ထင်ပါရဲ့၊ ဦးအောင်ဇံဝေ... ဒါဘဲ ပြောရမယ်....(မှန်ပါ့) ဒီအတိုင်းပြောရမှာဘဲ နောက်က တကာတကာမတွေ နော်....(မှန်ပါ့)။

ဒီ့ပြင် မိုပြောစရာရှိသေးသလား....(မရှိပါ) အဲဒါ ခင်ဗျားတို့ ဟိုအိမ်နဲ့ ဒီအိမ် မတည့်တာလဲ ဘာတုံးဗျ....(မှန်ပါ့) အရိပ်နှိပ်စက်တာနော်....(မှန်ပါ့)။

မျက်နှာကြော မတည့်ပါဘူးကွာ...၊ သွားပုံ-လာပုံ မျက်နှာ

ကြော မတည့်ပါဘူးဆိုတော့ သူ့အရိပ် ကြည့်ပြောတာဘဲ .... (မှန်ပါ့)။

ဒီတော့ ဒီစိတ်မျိုး မရှိပါဘူး၊ အံမာ ဖုံးများဖုံးလိုက်သေးတယ်၊ ဒီ့တော့ဖြင့် သူတို့လို မာန်မာနတော့ မထားပါဘူး....။ မထားသာ မထားတယ် သူ့ဟာက အရေးကြုံလာလို့ရှိယင် ခန္ဓာချည့် ဆဲထုတ်တာဘဲ....(မှန်ပါ့)။

မီးလောင်ကြည့်တော့မှ ခန္ဓာဆဲထုတ်တယ်၊ ဘာဖြစ်လို့တုံး-ခင်လို့ဆိုတော့ တဏှာက ဆဲထုတ်တယ်....(မှန်ပါ့) မထုတ်ဘူးလား....(ထုတ်ပါတယ်ဘုရား)။

ခက်ပကော ဒါဖြင့် ဒီခန္ဓာသည်ကားလို့ ဆိုယင် တဏှာ မာန ဒိဋ္ဌိ ချုပ်မှလဲ နိဗ္ဗာန်ရောက်မှာကိုး....(မှန်ပါ့) ဒီအရိပ် နှိပ်စက်နေတော့ တဏှာ မာန ဒိဋ္ဌိကလဲ အချိန်တိုင်း လာနေတယ် ဆိုတော့ တဏှာလာလဲ တဏှာ ဥပါဒါန် ကံ ဇာတိ ဇရာ မရဏာဘက် သွားမှာဘဲ၊ ဒိဋ္ဌိလာလဲ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်ဘဲ့ ကံ ဇာတိ ဇရာ မရဏာဘက် မသွားပေဘူးလား .... (သွားပါတယ်ဘုရား)။

မာနလာပြန်လဲ မာနရယ် မာနနဲ့ ပတ်သက်တဲ့ဥပါဒါန်ရယ် မလာပေဘူးလား.. (လာပါတယ်) ဇာတိ ဇရာ မရဏကော.... (လာပါတယ်) သေသည်၏ အခြားမဲ့ဌ ဒါတွေ့ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အင်း... ဒီသုံးခုကဖြင့် အနာဂတ်ဆက်တာချည့်ဘဲ၊ အနာဂတ်

ဆိုတာ နောက်ဆက်တာဘဲ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)အနာဂတ်မဆက်ဘူးလား....(ဆက်ပါတယ်) သူတို့သုံးခု မသေယင်လေ ... (ဆက်ပါတယ်) သေယင်လဲ နိဗ္ဗာန်ဘဲ... (မှန်ပါ့ ဘုရား) မသေယင်လဲ ဆက်တာဘဲ....(မှန်ပါ့)။

နောက်က တကာ့တကာမတွေ့ သူတို့သုံးခုဒသယင်.... (နိဗ္ဗာန် ပါ) သေယင် နိဗ္ဗာန်ဆိုတော့ ဟိုဘက်မှာ ဇာတိ ဇရာ မရဏ ချုပ်သွားတယ်၊ မဟုတ်ဘူးလား....(မှန်ပါ့)မသေတော့လဲ သံသ ရာလှည့်သွားတာဘဲ၊ မလှည့်ဘူးလား... (လှည့်ပါတယ်ဘုရား)။

သြော်....ဒါဖြင့် ဒီ တကာတကာမတွေ့ ဇာတိ ဇရာ မရဏ ချုပ်တဲ့ နိဗ္ဗာန်ကို ရောက်ဘို့အရေးဟာက ဘာကြောင့် မရောက် ကြပါလိမ့်မတုံးဆိုတော့ ခန္ဓာအရိပ်နှိပ်စက်နေလို့၊ သဘောကျ ပလား... (မှန်ပါ့)။

ဘယ်သူနှိပ်စက်နေတာတုံး....(ခန္ဓာအရိပ် နှိပ်စက်နေတာပါ) ခန္ဓာအရိပ်နှိပ်စက်နေတာနော်(မှန်ပါ့)ခန္ဓာအရိပ် နှိပ်စက်နေပြီး သကာလ နေတယ်တဲ့... ။

ဝေဒနာဆိုလဲ့ မင်းတို့ မြင်ရတာ မဟုတ်ဘူး၊ သညာလဲ မြင် ရတာ မဟုတ်ဘူးနော်....(မမြင်ရပါ)မမြင်ရဘူး။

မမြင်ရပေမဲ့ သြော်....ဒါဖြင့် ကိုယ်.ခန္ဓာ ကြည့်ပြန်လဲ ရူပကွန္ဓာကြည့်လိုက်ပြန်လဲ ငါထွက်လာတယ်၊ ဝေဒနာကွန္ဓာ ကြည့်လိုက်ပြန်လဲ ငါ ထွက်လာတယ်၊ သညာ, သင်္ခါရ, ဝိညာဏ် တွေ့ ကြည့်လိုက်ပြန်လဲ(ငါ ထွက်လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခန္ဓာကိုယ်ကြီးက မှန်-နော်....(မှန်ပါ့) ငါတွေက အရိပ်၊ သဘောကျပလား....(ကျေပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးက ဘာနဲ့ တူသလဲ....(မှန်နဲ့ တူပါတယ်ဘုရား) ငါတွေက....(အရိပ်ပါဘုရား) အရိပ်တွေထွက်လာတယ်၊ တဏှာ ရိပ်, မာနရိပ်, ဒိဋ္ဌိရိပ်၊ အရိပ်သုံးမျိုး ထွက်လာတယ်.... (မှန်ပါ့ ဘုရား)။

တကာတကာမတို့ ဘယ်နှစ်မျိုးထွက်လာသတုံး.... (သုံးမျိုး ထွက်လာပါတယ်ဘုရား) ကိုယ့်မှန် ကိုယ်ကြည့်ပြီးတော့လေ.... (မှန်ပါ့)။

အို....ရန်ဖြစ်မှု သာသိတယ်၊ တခါတည်း ငါ့ဘာမှတ်လို့ တုံးလို့ ရင်ပတ်မျှား ပုတ်ပြလိုပြ၊ အမျိုးမျိုးအဖုံဖုံ တခါတည်း ငါရော-မာနရော ဟင်....(မှန်ပါ့) ကိုယ့်ကိုယ် ကိုယ်အခင်ဆုံး၊ ဘယ်သူ့မှ မကြည့်နိုင်ဘူး၊ အံမာလေး ... ရန်မျှားဖြစ်မှ စုံထွက်လာတာဘဲ၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ရန်ဖြစ်တော့ ဘယ့်နှယ်တုံး....(စုံထွက်လာပါတယ်ဘုရား) ကြမ်းကြမ်းတမ်းတမ်း စုံထွက်လာတယ်။

ဒီအတိုင်းနေတော့ မောင်အောင်ချိုတို့က ပြောလိုက်သေး တယ်၊ ငါရှိနေယင် မင်း-ဘာပူစရာရှိသေးသတုံးတဲ့၊ မပြောကြ ဘူးလား... (မှန်ပါ့) အားပေးတဲ့သဘောပေါ့ကွာ....(မှန်ပါ့) ဘယ်အားပေးတာတုံး- အပါယ်အားပေးချလိုက်တာ.... (မှန်ပါ့ ဘုရား)။

ငါ့ ဆိုတဲ့ဒိဋ္ဌိဟာ မပြုတ်ပါလား၊ ဒိဋ္ဌိနဲ့ ကြုံတဲ့ကံဆိုယင် သူ အပါယ်ရောက်သွားတယ်....(မှန်ပါ့) အဲဒီတော့ အပါယ်ရောက်အောင် အားပေးတာမျိုး ဦးဘသန်း အုံ့စရာကြီးပါလား (မှန်ပါ့) ခင်ဗျားလဲ အားပေးဘူးရဲ့လား....(ပေးဘူးပါတယ်) သွားပြီပေါ့ ခင်ဗျားလဲ ဒါဖြင့် အပါယ်ရောက်ပြီပေါ့။

အဲဒီတော့ ခင်ဗျားတို့ကလဲ ကိုယ့်ဟာကိုယ် အားပေးတာ အပါယ်ရောက်တယ်....၊ ငါ့ ဒိဋ္ဌိနဲ့ အားပေးလိုက်တာရယ်လို့ မသိဘူး....(မှန်ပါ့) ရမ်းပြီးသကာလ သားတွေ, သမီးတွေ, ခင်ပွန်းမတွေကလဲ တဏှာနဲ့ ဝမ်းသာလိုက်သေးတယ်၊ဒါ့ကြောင့် သူ့ဘဲ မေတ္တာပို့နေရတယ်တဲ့.... (မှန်ပါ့) မေတ္တာပို့တယ် ဆိုပေမဲ့ ခင်လို့ သူ့ဟာက.... (မှန်ပါ့) တဏှာနဲ့ပို့နေတာ၊ မေတ္တာသက်သက်ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) မဟုတ်ဘူးဆိုတော့ သူတို့က တဏှာဖြစ်တယ်၊ ကိုယ်က ဒိဋ္ဌိဖြစ်တယ်.... (မှန်ပါ့)။

ဘယ်ဟာကောင်းသေးသတုံး.... (ဘယ်ဟာမှ မကောင်းပါ) ဒါကို အမျှဝေနေကြတာဘဲ ခင်ဗျားတို့က....(မှန်ပါ့) မဝေဘူးလား.... (ဝေပါတယ်ဘုရား) ရိပ်မိကြရဲ့လား ခင်ဗျားတို့.... (ရိပ်မိပါတယ်ဘုရား)။

အိမ်ထောင်နဲ့နေတဲ့လူမှန်လို့ရှိယင် ဒီအသုံးထုတ်တာချည့်ဘဲ၊ မထုတ်ပေဘူးလား....(ထုတ်ပါတယ်ဘုရား)။

ငါရှိနေယင် မင်းတို့ ဘာပူစရာရှိသလဲဆိုတာ ဒီကလဲ ခန္ဓာ

အရိပ် ကြည်ပြီးသကာလ ငါ-ဖြစ်လာတယ်....(မှန်ပါ့) သူကလဲ ဒီဋ္ဌိ ဒိဋ္ဌပါဒါန်နဲ့. သွားပြန်ရော.... (မှန်ပါ့) မသွားဘူးလား ပဋ္ဌိစ္စသမုပ္ပါဒ်က... (သွားပါတယ်ဘုရား)။

ဟိုပုဂ္ဂိုလ်ကလဲ ရမ်းပြီးဝမ်းသာလိုက်တဲ့အတွက် ခင်ပွန်းခန္ဓာ သားသမီးခန္ဓာကြည့်ပြီး ရမ်း ဝမ်းသာလိုက်တယ်၊ ဟိုခန္ဓာအရိပ်ကို ကြည့်ပြီး ဝမ်းသာလိုက်တော့ တဏှာ ဥပါဒါန် ကံ မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဒါလဲ မင်းတို့ အစည်းအဝေးဖွင့်နေတာဘဲ အိမ်မှာ.(မှန်ပါ့) ဒေါ်အေးရင် ရိပ်မိရဲ့.လား....(ရိပ်မိပါတယ်ဘုရား) ဘာလုပ်ကြသတုံး- အပါယ်သွား အစည်းအဝေးဖွင့်တယ်ဘုရာ့.... (မှန်ပါ့) ဒီ.ပြင် ဘာရှိသေးသတုံး....(ဘာမှ မရှိပါဘုရား) အံမာလေး.... ကြောက်စရာလူတွေ့ပါကလား။

ဒီ.ပြင်ကုသိုလ် အမျှဝေတာကတော့ သားကြီးမှ ရှင်ပြုတော့ ဝေနေတာကိုးဗျ၊ အခုဟာကတော့ဖြင့် အမျှချည့်ဝေနေတာဘဲ အပါယ်သွားဘို့၊ ဟင်.... ငါရှိဘာပူစရာရှိသတုံး....တဲ့ ဟိုကလဲ ဝမ်းသာနေတာဘဲ၊ ဒီက ဒိဋ္ဌိနဲ့ပြောတယ်၊ ဟိုက တဏှာနဲ့.ဖြစ်နေတယ်.... (မှန်ပါ့) ဆိုတော့ လူတသိန်းသေလို့ တယောက်သုဂတိ မရောက်ပါဘူးကွ....လို့ ဘုရားက သစ္စသံယုတ်မျှားမှာ ဟောထားတယ်....(မှန်ပါ့) ဟောသင့်-မဟောသင့်... (ဟောသင့်ပါတယ်ဘုရား)။

ငါရှိ ဘာပူစရာရှိသတုံးလို့ ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်, ခေါင်း

ဆောင်လုပ်တဲ့ပုဂ္ဂိုလ်က ပြောလိုက်တဲ့အခါကျတော့ သူက ဒီဌိုနဲ့ ပြောလိုက်တာ....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့) ဟိုကလဲ ရမ်းပြီးသာယာတဲ့သဘောနဲ့ မယုံဘူးလား.... (ယုံပါတယ်ဘုရား) ဟိုကလဲ တဏှာ, ဥပါဒါန်, ကံဘက် လှည့်သွားတယ်၊ ဒီကလဲ ဒီဌိ ဒီဌုပါဒါန် ဒီဌိအုပ်ချုပ်တဲ့ကံဘက် လှည့်သွားတယ်(မှန်ပါ့) ဘယ်သူ လွတ်ရေး-ကျတ်ရေးရှိသတုံး.... (မရှိပါဘုရား)။

သို့သော်လဲ မင်းတို့က ဒီလိုမှ မပြောလို့ရှိယင် မျက်စိ,မျက်နှာ ငယ်ကုန်မှာပေါ့တဲ့၊ ကိုယ်ငယ်တာတော့ ကြည့်တာ မဟုတ်ဘူး၊ သားမယားနဲ့ သားသမီးများငယ်မှာသာ ကိုယ်က ကြည့်နေတယ်....၊ ကိုယ် အပါယ်ရောက်လို့ မျက်နှာငယ်ရမှာတော့.... (မကြည့်ပါဘုရား) မမြင်ဘူးကွ။

သူများမျက်နှာငယ်မှာသာ စိုးရိမ်နေတယ်- ကိုယ်ငယ်မှာကို နည်းနည်းမှ မစိုးရိမ်ဘူး။

ဦးဘသန်းကြီးလဲ ဆိုးဝါးခဲ့တာ ဒီလိုဘဲ....(မှန်ပါ့)နောက်ကတကာတကာမတွေကော ဆိုးဝါးပြီးပလား....(ဆိုးဝါးပြီးပါပြီဘုရား) အံမာလေး... အတော် ကြောက်စရာကောင်းပါလား.... (မှန်ပါ့) ကြောက်စရာ သိပ်ကောင်းတာ။

ဦးအောင်ဇံဝေ ဒီလိုတရားတွေ မနာရလို့ရှိယင် ခင်ဗျားတို့ လောကွတ်ဟာ မသေးဘူးနော်....(မှန်ပါ့) အပါယ်ကျအောင်သွားတဲ့လောကွတ်....(မှန်ပါ့)။

လှည့်ဖြန့် ဘယ်ကျအောင်သွားသလဲ.... (အပါယ်ကျအောင်သွားပါတယ်ဘုရား)။

ရမ်းများ ယုံသေးသလားလို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ (ယုံပါတယ်ဘုရား) အံမာလေး....ဒုက္ခဘဲ- ယုံတာလဲ တဏှာ, ဥပါဒါန်,ကံဘဲ... (မှန်ပါ့) ပြောတာကလဲ ဒိဋ္ဌိ,ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိ အုပ်ချုပ်တဲ့ကံဘဲ.... (မှန်ပါ့) ဘယ်သူ အန္တရာယ်ကင်းသတုံး... (ဘယ်သူမှ မကင်းပါဘုရား)။

အတော်ဆိုးနေပါပေါ့လား.... (မှန်ပါ့. ဆိုးပါတယ်ဘုရား) အိမ်တွင်းတွင်လှည့်တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်၊ အိမ်တွင်းကနေပြီး အပါယ်သွားတာကိုးဗျ....(မှန်ပါ့)။

ပြောရင်း,ဆိုရင်း,ထင်ရင်းနဲ့ အပါယ်သွားတော့ ဒါတွေကို မရိပ်မိဘူး....တဲ့၊ အခု သေသေချာချာ ဖေါ်ပြောလို့သာ ရိပ်မိတာ....(မှန်ပါ့) ဒါ....အရိပ်ကြည့်ပြီးထွက်လာတဲ့ အသံချည့်ဘဲ (မှန်ပါ့) သဘောပါကြရဲ့လား....(ပါ-ပါတယ်ဘုရား)။

ဒီအထဲများ အသက်ကြီးတဲ့လူက ကြွားလုံးများ ထုတ်လိုက်သေးတယ်၊ ငါမရှိယင် သိရစ်လိမ့်မယ်....တဲ့.... (မှန်ပါ့ဘုရား) ကြောက်ဘို့ကောင်းလိုက်တာ....(မှန်ပါ့)။

ငါက ရှိမှ မရှိတဲ့ဥစ္စာကို ငါမရှိယင် သိရစ်လိမ့်မယ်လို့ ကြွားလုံးများ ထုတ်တဲ့အခါ ပါသေးတယ်....(မှန်ပါ့) မပါဘူးလား.. (ပါ-ပါတယ်ဘုရား)။

အင်း....သူ့ကိုယ်သူ ငါထင်တယ်လေ ငါများသေသွားလို့ ရှိယင် နင်တို့ အကုန်ခက်ကုန်မယ် - ဆိုတော့ သူတို့ခက်မှာက နောက်မှ ကိုယ်ခက်တာက ရှေးကျလိမ့်မယ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်.... (ကိုယ်ခက်တာက ရှေးကျပါတယ် ဘုရား)။

သူခက်တာက ကိုယ်က သေမယ်လို့လဲပြောတယ်၊ မာနနဲ့ ပြောတော့ မာနရယ်, ဥပါဒါန်ရယ်, ကံရယ်ဆိုတော့ ကိုယ်က အပါယ်သွားမယ်လို့ ပြောလိုက်ဘာ...(မှန်ပါ့)။

ဦးအောင်ဇံဝေ ဘယ့်နှယ်တုံး.... (မလိမ်မာလို့ပြောတာပါ ဘုရား) မလိမ်မာလို့ပြောတာ.. (မှန်ပါ့) ဘယ်လောက်ထိ အောင် အပြစ်ကြီးတယ်လို့ ခင်ဗျားတို့က သိကို မသိဘူး.... (မသိပါဘုရား) သိကြရဲ့လား....(မသိပါ) ဦးအောင်ဇံဝေ အခု ရိပ်မိပလား... (ရိပ်မိပါပြီ)လောကွတ်ချော်ချင်သေးသလား ခင်ဗျားတို့.. (မချော်ချင်ပါဘုရား)။

ဟော့....စကားပေါတဲ့ လူညွှန့်တို့က လောကွတ်ချည့်ချော် မနေနဲ့နော် လောကွတ်ချော်တာ အပြစ်ကြီးကို အတော်ကြီး သွားတာဘဲ....(မှန်ပါ့ဘုရား)။

ငါနဲ့ ချော်လိုက်တဲ့အခါရှိသေးတယ်....(မှန်ပါ့) မရှိဘူးလား (ရှိပါတယ်) တကယ် ငါထင်တာမဟုတ်ဘူးလား... (တကယ်ထင် ပါတယ်)တကယ်ထင်တာပေါ့၊ မဆိုးဝါးဘူးလားတဲ့- (ဆိုးဝါး ပါတယ်ဘုရား)။

ဒါ ဘယ်ကြည့်ပြောနေကြတာတုံး၊ ခန္ဓာရိပ်ကို ကြည့်ပြော နေတာ၊ ခန္ဓာ၏ အရိပ်ကိုကြည့်ပြောတာ ဒါကြောင့် 'ဥပါဒါယ အသို့ ဟောတိ' ဥပါဒါယ= ခန္ဓာကိုစွဲလမ်းခြင်းကြောင့်၊ အသို့=

ငါဟူသောအသံသည်၊ ဟောတိ = ဖြစ်၏၊ မလာဘူးလား .... (လာပါတယ်ဘုရား)။

နောက်က တကာတကာမတွေ့ ဒါက ပုတီးစိပ်ရင်းတောင် လာတတ်တယ်နော်... (မှန်ပါ့)ဝိပဿနာမရှုယင်တော့ လာမှာဘဲ ဟင်....(မှန်ပါ့)။

ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဖြင့်လဲ သေမှု, ပျက်မှု ကြည့်နေလို့ ဩော်... ဒီအထဲ ငါမပါဘူး၊ငါ့ဥစ္စာလဲမပါဘူး၊ ခင်စရာလဲမပါဘူးဆိုတာ ဝိပဿနာရှုလို့ သုံးခုစလုံးစင်သွားတယ် ... (မှန်ပါ့ဘုရား)။

မရှုဘဲနဲ့သာ နေမယ်ဆိုယင် ဒီသုံးခုက ပြိုင်တူဝင်လာတယ်- (မှန်ပါ့)နှစ်ခုယင်လဲ ဝင်လာမှာဘဲ၊ သုံးခုစလုံးယင်လဲ ဝင်လာမှာဘဲ- ဟင်....(မှန်ပါ့ဘုရား)။

ကဲ .. ဒီတရားတွေနာရတော့မှ ဩော် .... အပါယ်က လွတ်စရာမျှား ရှိသေးရဲ့လားဆိုတာ တွေးကြည့်-ဟင်....(မှန်ပါ့)အမြဲသုံးနေတာဘဲ၊ မသုံးကြဘူးလား .. (သုံးပါတယ်ဘုရား)။

ပါးစပ်ကမပြောလဲ သူမျှားဆီကျတော့ပြောတာဘဲ(မှန်ပါ့) ကျုပ်မသွား ဘယ်နှယ်လုပ်မလဲဗျ၊ ကျုပ် အားကိုးနေကြတာတွေ၊ ကျုပ်ဆိုတာနဲ့ ငါဆိုတာနဲ့ ထူးတာမဟုတ်ဘူး၊ ထူးသေးရဲ့လား....(မထူးပါ)ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

ဟို မသန်းတို့လူစုတွေ့ သိပ်ကြားလုံးထုတ်မနေနဲ့ဦး၊ ကြားလုံးဟူသ၍ဟာ အပါယ်သွားတာချည်ဘဲ... (မှန်ပါ့) ရိပ်မိပြီနော်(ရိပ်မိပါပြီဘုရား)။

ဒါ ဘယ်ကလာတာတုံးဆိုတော့ "ဥပါဒါယ အသ္မိ ဟောတိ" တဲ့ ခန္ဓာစုံလမ်းမှကြောင့်လာတာ....(မှန်ပါ) တဏှာ, မာန, ဒိဋ္ဌိ လာတာက ခန္ဓာကြောင့်လာတာ....(မှန်ပါဘုရား)။

ဒါဖြင့် မောင်အောင်ချိုတို့ ငါပြောတယ်၊ သြော်....တသိန်းသေလို့ တယောက် သုဂတိမရောက်ပါဘူးဆိုတာ ဒါတွေက တယ်များတာကိုး....(မှန်ပါ) မင်းတို့ ဘုန်းကြီးလာလို့ ဆွမ်းကလေး ဘာကလေးကျွေးတာက တခါတလေ၊ ဒါက နေ့တိုင်း အချိန်တိုင်း....(မှန်ပါ)က....ကုသိုလ်နဲ့ အကုသိုလ်ချိန်လို့ကိုရဲ့ လား....(မရပါဘုရား)။

သို့သော် မင်းတို့က အခုလို ဆရာကောင်-, သမားကောင်း မကိုးကွယ်ရတော့ မကြားဘူးတော့ ပြောရိုးပြောစဉ်လို့ မှတ်လိုက်ကြတယ်....(မှန်ပါဘုရား)။

ဘယ့်နှယ်မှတ်ကြသတုံး.... (ပြောရိုး ပြောစဉ်လို့ မှတ်ကြပါတယ်ဘုရား)။

ကိုယ့်ကိုယ်-ကိုယ် ငါထင်လို့ ပြောတာလား- ငါမထင်လို့ ပြောတာလား၊ တခါ အကဲခတ်ဦး.... (ထင်လို့ပါ) ထင်လို့ ပြောတာ....(မှန်ပါ) ဒိဋ္ဌိလာပြီ .. (မှန်ပါ)။

ဒိဋ္ဌိလာယင် သူ့ပဋိစ္စသမုပ္ပါဒ်က ရပ်သေးရဲ့လား.... (မရပ်ပါဘုရား) ဒိဋ္ဌုပါဒါန်ပေါ်လာတော့မယ် ဟင်....(မှန်ပါ) ဒိဋ္ဌိဦးစီးတဲ့ကံကော....(လာပါတော့မယ်) လာရမှာဘဲ။

မရှုမ်စမ်းပါနဲ့၊ မင်းတို့ အေးအေးနေစမ်းပါ၊ ငါရှိနေယင်

ဘာပူစရာရှိသလဲ၊ ဟာ....လောကွတ်ကတော့ အပါယ်သွားမည့် လောကွတ်က သိပ်များတာဘဲ....(မှန်ပါ့ဘုရား)။

ဦးဘသန်း သိပ်ကြောက်စရာကောင်းပါလား၊ ဒါ ဝိပဿနာ ကင်းတဲ့ပုဂ္ဂိုလ်မှန်ယင် ဒါ လာနေမှာဘဲ ... (မှန်ပါ့) မလာပေ ဘူးလား....(လာပါတယ်) လာတော့ ဒါ အိမ်တွင်းကနေပြီး အပါယ်သွားတာ...(မှန်ပါ့ဘုရား)။

သူများသတ်လို့ ဖြတ်လို့သွားတဲ့ အပါယ်မဟုတ်ဘူး .... (မဟုတ်ပါ) သူများဟာခိုးလို့သွားတဲ့ သီလပျက်လို့ သွားတဲ့ အပါယ်မဟုတ်ဘူး၊ ဝိပဿနာပျက်လို့ သွားတဲ့အပါယ်(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သီလပျက်လို့သွားတဲ့ အပါယ်လေးပါးလား၊ ဝိပဿနာ ပျက်လို့လား....(ဝိပဿနာပျက်လို့ပါ) ဘယ်လောက်ကြောက် စရာကောင်းသတုံး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမတုံးဆိုတော့ ဒီလိုပြင်မှ ဆင်မှ ရတော့မှယ်ဆိုတဲ့ အကြောင်းကို ဆရာဘုန်းကြီးက လမ်းခင်း ပြောမယ်နော်... (မှန်ပါ့ဘုရား)။

ကိုင်း .... ဒီခန္ဓာငါးပါးကို မှန်ရှု့ကနေထောင် ဒီကနေ မောင်အောင်ချိုတို့ကရပ် ဦးအောင်ဇံဝေက မှန်ရှု့ရပ်၊ မှန်ထဲ ထင်တဲ့အရိပ်ဟာ ငါ့လားလို့ မေးလို့ရှိယင် အရိပ်မှန်းသိပါစေ နော်....(မှန်ပါ့)။

ဘာသိရမတုံး....(အရိပ်မှန်းသိရပါမယ်) ငါမဟုတ်ဘူးနော်-(မဟုတ်ပါ)သေချာပြီနော် ...(သေချာပါပြီဘုရား)။

ငါမဟုတ်ပါဘူး၊ ခန္ဓာကထွက်တဲ့ အရိပ်ပါ....(မှန်ပါ့) သဘောကျပလား....(မှန်ပါ့ဘုရား)။

သူတပါးလာလို့ မေးလို့ရှိယင်လဲ ဒီအတိုင်း ကြည့်ရတယ်၊ ဟိုထဲမှာ မျက်နှာက မိမိနဲ့တူနေတယ်....(မှန်ပါ့)မတူဘူးလဲ့ား.... (တူပါတယ်ဘုရား)။

ဒါဖြင့် ငါလား-သူတပါးလားလို့ မေးလို့ရှိယင်ဖြင့် ငါလဲ မဟုတ်ဘူးနော် ..(မှန်ပါ့)သူတပါးကော.... (သူတပါးလဲမဟုတ်ပါဘုရား)သူတပါးလဲ မဟုတ်ဘူး၊ ဒါ အရိပ်သက်သက်ဘဲ.... (မှန်ပါ့ဘုရား)။

သူတပါးဆိုယင်လဲ ကိုယ့်မျက်နှာနဲ့ မတူရဘဲကိုးဗျ(မှန်ပါ့) သဘောကျရဲ့လား....(ကျပါတယ်) ငါလို့ဆိုရမှာလဲ အရိပ်ဖြစ်နေတယ်၊ သူတပါးဆိုရမှာလဲ မိမိနှင့်သွားတူနေတယ်- (မှန်ပါ့) မတူဘူးလား....(တူပါတယ်) ကြည့်တဲ့ပုဂ္ဂိုလ်မျက်နှာနဲ့ အရိပ်နဲ့ မတူဘူးလား....(တူပါတယ်ဘုရား)။

ဒါဖြင့် ငါလားလို့မေးပြန်တော့ ဘယ့်နှယ်ဖြေကြသလဲ.... (မဟုတ်ပါ) အရိပ်ဘဲနော် .... (မှန်ပါ့) သူတပါးလားဆိုလို့ ရှိယင်လဲ မိမိနဲ့အလားတူနေတယ်နော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြပါစို့တဲ့ သက်သက် ခန္ဓာကထွက်လာတဲ့ ဏာဏ,မာန, ဒိဋ္ဌိသာမှတ်ပေတော့....(မှန်ပါ့)သဘောကျပလား

(ကျေပါပြီဘုရား) ခန္ဓာငါးပါးက ထွက်လာတဲ့ တဏှာ,မာန, ဒိဋ္ဌိအရိပ်လို့ မှတ်လိုက်....(မှန်ပါ့ဘုရား)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးက ထွက်လာတဲ့ တဏှာ, မာန, ဒိဋ္ဌိအရိပ်ကို ခန္ဓာငါးပါးကို ခင်ဗျားတို့က တပါးပါးကို ဝိပဿနာရှုမှသာလျှင် သူ့အရိပ် ပျောက်ထွက်သွားမယ်....(မှန်ပါ့ဘုရား) နို့မဟုတ်ယင် ပျောက်ပါ့မလား....(မပျောက်ပါဘုရား)။

ဝေဒနာကြိုက်ယင် ဝေဒနာရှုပေါ့လေ....(မှန်ပါ့) စိတ်ကြိုက်ယင်....(စိတ်ရှုရပါမယ်)ရှုလိုက်တော့ သူ ဖြစ်မှု,ပျက်မှုတွေ့ တွေ့လာမယ်....(မှန်ပါ့)။

တွေ့လာတဲ့အခါကျလို့ရှိယင် အရိပ်ထဲမှာ ငါလဲ မပါတော့ဘူး၊ ငါ့ဥစ္စာဆိုတဲ့ တဏှာကော...(မပါ·ပါ)ငါကိုယ်ဆိုတဲ့ မာနတွေကော....(မပါ·ပါ) အဲ....ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ သိမ်းမသွားဘူးလား... (သိမ်းသွားပါတယ်ဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့ ဝိပဿနာ မရှုလို့ရှိယင် ဒီသုံးခုသေကို-မသေဘူး.... (မှန်ပါ့ဘုရား) သေပါ့မလား...(မသေပါဘုရား)။

ဒီသုံးခု အရိပ်ထွက်နေမယ်တဲ့၊ ငါအရိပ်, ငါ့ဥစ္စာအရိပ်, ငါ့ကိုယ်ဆိုတဲ့ အရိပ်တွေ ထွက်မှာဘဲ....(မှန်ပါ့)။

ဒါဖြင့် လက်ရှိခန္ဓာ ရှုလိုက်တော့ ထွက်နိုင်သေးရဲ့လား...

(မထွက်နိုင်ပါ)မထွက်နိုင်လို့ရှိယင်ဖြင့် တဏှာ မာန ဒိဋ္ဌိ မသေ ဘူးလား....(သေပါတယ်ဘုရား)။

သေလို့ရှိယင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်ဘယ်နှယ်နေသတုံး.... (ပြတ် ပါတယ်ဘုရား) ပြတ်သွားလို့ရှိယင် ဒါ ပြတ်တာဟာ နိဗ္ဗာန် ဘဲ....(မှန်ပါ့)ရှင်းပလား...(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
မြေးလာကတည်းက ခန္ဓာကြီးက အို,နာ,သေဘေးဆိုသို့
ပြေးနေပုံ

ည အလုပ်ပေးတရားတော်

(၂၉ - ၄ - ၆၂)

အားလုံး မှတ်ကြတဲ့၊ လူတဦးတယောက်ဟာ မြေးလာတဲ့ အချိန်က စပြီး သူ ဘယ်အလုပ်ကို အမြဲလုပ်သတုံးလို့ မေးဘို့ ဝတ္တရားရှိတယ်။

လူတဦးတယောက်ဟာ မြေးလာတယ်၊ အမိဝမ်းခေါင်းထဲက ပြင်ဘက်ရောက်လာတယ်၊ သူ့အလုပ် ဘာရှိသတုံးလို့ မေးတဲ့ အခါကျတော့ တခြားသော အလုပ်တွေ စားတဲ့အလုပ်, ဝတ်တဲ့ အလုပ် ရှိပါတယ်၊ ရှိပင်ရှိငြားသော်လဲ ဒါတွေ မြဲတယ်လို့.... ဦးသံဒိုင်ကြီးက မယူနဲ့နော်....(မှန်ပါ့)။

ဒါတွေ မယူနဲ့၊ ဦးအောင်ဇံဝေ.... မယူနဲ့... (မှန်ပါ့) ရင့်ကျက်ပြီးသကာလ ခန္ဓာကိုယ်ဟာ တနေ့တခြား ရင့်ကျက်ပြီး သကာလ သေမည့်ဆီ သွားတာသာ သူ အမြဲလုပ်လေ့ ရှိပါတယ်....။

ဘယ်သွားတာ အမြဲလုပ်လေ့ရှိသတုံး.... (သေမည့်ဆီသွား

တာ အမြဲလုပ်လေ့ရှိပါတယ်)သေမည့်ဆီသွားတဲ့အလုပ်ကတော့ ထမင်းစားနေရင်းလဲ လုပ်တယ်....(မှန်ပါ့) အိပ်နေရင်းကော .... (လုပ်ပါတယ်) လုပ်တာဘဲ။

ဩော်....ဒါဟာ လူတို့၏ အလုပ် ဘယ်ဟာတုံးလို့ စစ်ဆေးလိုက်တဲ့အခါကျတော့ မသိတဲ့ ပုဂ္ဂိုလ်ပြောတော့ ပရိယေသန အလုပ်လို့ ပြောချင်ပြောမယ်နော်....(မှန်ပါ့)။

မဟုတ်ပါဘူးတဲ့....၊ ပရိယေသန အလုပ်ဆိုတာ ခလေးတုန်းက သူ လုပ်တာမဟုတ်ပါဘူး၊ အမေ့အဖေလုပ်တာ စားတာပါ။ ပရိယေသနအလုပ် မဟုတ်ပါဘူး။

သူ့အလုပ်ဟာ လေးဘက်သွားတုန်းကလဲ ဘယ်သွားတာ တုံးလို့ မေးလို့ရှိယင် ရင့်ရော်တဲ့ဆီ သွား၊ သေတဲ့ဆီ သွား.... (မှန်ပါ့) ဒါ သူ့ခန္ဓာ၏ အလုပ်လို့ တကာတကာမတွေ့ကမှတ်ထားလိုက်တာပေါ့။

ဩော်...ဒါဖြင့် တဘဝ တခန္ဓာရပြန်လဲ ဒီအလုပ် အမြဲလုပ်ရုံဘဲ၊ နောက်ဘဝဆုတောင်းလို့ ခန္ဓာရပြန်လဲ ဒီအလုပ် အမြဲလုပ်ရုံဘဲဆိုတော့ ဉာဏ်နဲ့ မတွေ့တဲ့ ပုဂ္ဂိုလ်မှာတော့ မသိဘူးပေါ့ဗျာ....(မှန်ပါ့)။

ဉာဏ်နဲ့ တွေ့တဲ့ပုဂ္ဂိုလ်ကျတော့ တော်ပြီဟေ့ ဘယ်တော့မှ ဒီခန္ဓာတော့ မဖြစ်ချင်တော့ဘူး၊ ဒီလမ်းချည့် သွားတာဘဲဆိုတဲ့ ဉာဏ်နဲ့ တွေ့တဲ့ပုဂ္ဂိုလ်မှာတော့ ပျင်း,မုန်း,ငြီးငွေ့လာမှာဘဲ.... (မှန်လှပါဘုရား)။

ဉာဏ်နဲ့ မတွေ့တဲ့ ပုဂ္ဂိုလ်အတွက်ကို ဟောတာမဟုတ်ဘူး

ဥာဏ်နဲ့ တွေးကြည့်ပါဆိုတာ သိစေချင်လို့ ပြောနေတာ....(မှန်ပါ့)။

အခု တရားနာနေတာ ဆိုပြားသော်လဲ ခန္ဓာကတော့ ဦးသံ ဒိုင်....သွားလျက်ဘဲ....(မှန်ပါ့) ဦးအောင်ဇံ ဝေ...(သွားနေပါ တယ်ဘုရား) သွားလျက်ဘဲ၊ ရပ်ကဲ့လားမေးယင် ဘယ့်နှယ် ဖြေ ကြမလဲ....(မရပ်ပါဘုရား)။

မရပ်တော့ ဒီခန္ဓာ၏ အမြဲတမ်း အလုပ်ပေါ်ပြီပေါ့....(မှန် လှပါ) တိုတိုပြောကြပါစို့ ဆိုတော့ သေရာသွားတဲ့ အလုပ်ဟာ ခန္ဓာ၏ အမြဲတမ်းအလုပ်....(မှန်ပါ့)။

သေရာသွားဘဲ့အလုပ်ဟာ... (ခန္ဓာ၏ အမြဲတမ်းအလုပ်ပါ) ခန္ဓာ၏ အမြဲတမ်းအလုပ်....(မှန်ပါ့)။

နောက်က တကာတကာမတွေ့ မှတ်ပါ၊သေရာသွားတဲ့အလုပ် ဟာ ခန္ဓာ၏ အမြဲတမ်း အလုပ်ပါ၊ ခန္ဓာ၏ အမြဲတမ်း အလုပ်ဆို တာ သေသေချာချာမှတ်ထားပါ။

အဲဒီတော့ နောက်ဘဝ နတ်ဖြစ်ရပါလို့၏ ဆိုလဲ ဒီလမ်း အတိုင်း အမြဲတမ်း သွားရပါလို့၏၊ နောက်ဘဝ ပြဟ္မာဖြစ်ရပါ လို့၏ဆိုတော့ကော...(ဒီလမ်းအတိုင်း သွားရပါလို့၏ဘုရား)။

ဒီလမ်းအတိုင်း သွားရပါလို့၏လို့ ဒီလိုချည့် ဖြစ်နေတော့ ခင်ဗျားတို့ဟာ သတိပေးလိုက်ပါတယ် လမ်းခွဲ မရှာတတ်တဲ့ လူနဲ့ တယ်တူတယ်....(မှန်ပါ့ဘုရား) လမ်းခွဲမရှာတတ်တဲ့ လူနဲ့ တယ် တူတယ်ဆိုတာကို ယနေ့ ထူးထူးခြားခြားမှတ်ပါ. (မှန်ပါ့

လမ်းခွဲမရှာတတ်တဲ့ ပုဂ္ဂိုလ်ဟူသ၍မှာဖြင့် ဒီလမ်းချည့်သွားနေမှာဘဲ၊ နတ်ဖြစ်ပြန်လဲ ဒီလမ်းဘဲ၊ ဗြဟ္မာဖြစ်ပြန်လဲ ဒီလမ်းဘဲ၊ တိရစ္ဆာန်ဘက် အကြောင်းမသင့်လို့ ရောက်သွားပြန်လဲ .... (ဒီလမ်းပါဘဲဘုရား)။

ဒီလမ်းချည့်သွားနေတော့ ခင်ဗျားတို့ကလဲ မသိဘူး၊ ဟိုဟာဖြစ် ကောင်းနိုးနိုး၊ ဒီဟာဖြစ် ကောင်းနိုးနိုး၊သူ့မှာ သွားလျက် လမ်းခရီးက ဒီ့ထက်မှန်တာရှိသေးသလား....(မရှိပါဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေမှာတဲ့ လမ်းခွဲပြတဲ့ ဆရာရှိတုန်း ခင်ဗျားတို့မလိုက်တော့ဘူးဆိုလို့ရှိယင်ဖြင့် အသေလမ်းအားပေးနေတဲ့လူတွေဘဲ၊ မဆိုထိုက်ဘူးလား.... (ဆိုထိုက်ပါတယ်ဘုရား)။

အသေလမ်း အားပေးနေတဲ့ လူစုတွေဘဲ၊ ဘာကလေးဆုတောင်း ဆုတောင်း ဦးသံဒိုင်တို့လူစုတွေက အတော်ရှော်တဲ့လူတွေ- မသိခင်တုန်းက....(မှန်ပါ) မသိခင်တုန်းက "မရဏမှ ဒုက္ခ" မသိခင်တုန်းကတော့ ... ဒီဘဝဆင်းရဲ၊ နောက်ဘဝချမ်းသာရပါလို့ဆိုတော့ ချမ်းသာလား-အသေလမ်းသွားဘို့ရာ မှုမှန်တောင်းတာလား မေးကြယင် ဘယ်နှယ်ဖြေကြမလဲ .... (အသေလမ်းသွားဘို့ရာ မှုမှန်တောင်းတာပါဘုရား) အသေလမ်းသွားဘို့တောင်းနေတာ။

အဲဒါတွေကို တကာတကာမတွေက မသိတော့ မသိတာကဘာဖြစ်လို့ မသိတာတုံးမေးတဲ့အခါကျတော့ အသေဆိုတာ

ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာမသိတာနဲ့ တောင်းယူလိုက်တာဘဲ.... (မှန်ပါ့)။

လက်သည်တွေ့ပလား.... (မှန်ပါ့) ဘာမသိလို့ တောင်းယူလိုက်ပါလိမ့်.... (ဒုက္ခသစ္စာမသိလို့ တောင်းယူလိုက်ပါတယ်ဘုရား)။

"မရဏမ္ပိ ဒုက္ခံ"ကို တကာတကာမတွေ့က မသိတာနဲ့ ဒီဘဝဆင်းရဲတယ်၊ နောက်ဘဝ ချမ်းသာအောင်တဲ့.... (မှန်ပါ့) ဘဝပါလာကတည်းက ဒီလမ်းသွားတော့မယ်ဆိုတဲ့ဥစ္စာ ငြင်းဘို့လို့သေးသလား....(မလိုပါဘုရား)။

အဲဒါ့ကြောင့် ဒီလမ်းချည့်ဘဲ သွားမနေကြပါနဲ့ ဆိုတဲ့ဥစ္စာ ဘုန်းကြီးက အခု ခေါင်းဆောင်လုပ်ပြီး ပြောနေတာက တခြားမဟုတ်ပါဘူး၊ ဦးအောင်ဇံဝေတို့ ဦးသံဒိုင်တို့နော်.... (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ ခလေးကလေး လေးဘက် သွားကလေး ပမာ မီးခဲမြင်ယင် ကိုင်တော့မယ်၊ အမေ,အဖေနဲ့တူတဲ့ ဆရာသမားက ဆဲလိုက်ရတယ်... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီ ဘုရား)။

ခင်ဗျားတို့က ဘာတုံး- လေးဘက်သွားခလေး.... (မှန်ပါ့) မီးခဲကလေးမြင်ယင် သူက စားစရုကလေးမှတ်တာနဲ့ ဆဲမယ်၊ ဆဲတော့ အမေမိဘနဲ့ တူတဲ့ဆရာသမားက ဒီဥစ္စာ လောင်ချည်ရဲ့- ဒုက္ခရောက်ချည်ရဲ့ ဆိုပြီးတော့ မဆဲရပေဘူးလား.... (ဆဲရပါ့တယ်ဘုရား)။

အဲ.... တရားဟောတယ်ဆိုတဲ့ဥစ္စာဟာ ဦးသံဒိုင် ဒါဘဲ....၊ ဦးအောင်ဇ ဝ ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားဟောတယ်ဆိုတာ ဒါဘဲ၊ ခင်ဗျားတို့က အရမ်းသွား နေတာဘဲ... (မှန်ပါ) ဟိုဘက်မှာ ကျင်းတွေ,ချောက်တွေ သေ မည့် ကျင်းတွေ,ချောက်တွေ, ဒုက္ခရောက်မှာ မျက်ရည်ကြီးငယ် ကျရမှာတွေ ရှိတယ်၊ အဲဒီဘက်ဘဲ သွားနေကြတာဘဲ။

သွားနေတော့ ဘုန်းကြီးက တရားနဲ့ဆွဲရတယ်၊ခင်ဗျားတို့က မသိလို့သွားနေတာ၊ ခလေးစိတ်နဲ့သွားနေတာ၊ မသိစိတ်နဲ့ သွားနေတာဆိုပြီးသကာလ ဒါ တားနေတာဟာ တရားဟော တာချည်မှတ်ပါ....(မှန်ပါ(။

တရားဟောတာလား - ခင်ဗျားတို့၏ အသွားမှားတား တာလား... (အသွားမှားတားတာပါ) ရိပ်မိကြပလား....(ရိပ်မိ ပါပြီဘုရား)။

ဘာတားကြတာတုံး-(အသွားမှားတားတာပါ) အသွားမှား တားတာကို တရားဟောတယ်ဖြစ်တာ၊ ခင်ဗျားတို့က တရား နာချည်ရဦးမယ် ကုသိုလ်ရအောင်လို့ အောက်မေ့မနေနဲ့ ဒီလိုဟောတဲ့ ဘုန်းကြီး မဟုတ်ဘူးလို့ဆိုတာ မှတ်ပါ...(မှန်ပါ) ကုသိုလ်ရရုံလောက်ဟောနေတာမဟုတ်ဘူး၊ ခင်ဗျားတို့ ချောက် ထဲချည်သွားမလို့ အိုချောက်, နာချောက်, သေချောက် သွား မလို့ လုပ်နေလို့ဟေ့... မင်းတို့ အသွားမှားလိမ့်မယ်ကွ၊ ငါဆွဲ ရာ လိုက်ကွ....ဆိုပြီးသကာလ ဒါဟောနေတာ....(မှန်ပါ့ဘုရား) သဘောပါလား...(ပါ-ပါတယ်ဘုရား)။

ခင်ဗျားတို့ အလိုသာဖြင့်ကွာ... ဒီဘဝ ဆင်းရဲတယ်ကွာ....၊ နောက်ဘဝ ချမ်းသာမှာပေါ့ကွ၊ ဘယ်ချမ်းသာရမတုံး ဒီခန္ဓာကြီးက ဒီလမ်းသွားဦးမှာဘဲ၊ မသွားပေဘူးလား.... (သွားပါတယ်ဘုရား) နောက်ဘဝ ချမ်းသာဆိုတာ ရှိရဲ့လား... (မရှိပါဘုရား)။

ဒါဖြင့် မရှိတာကို မသိတော့ ဘာဖြစ်လို့ မသိသတုံးမေးတဲ့ အခါကျတော့ 'ဇရာပိ ဒုက္ခာ' ဆိုတဲ့ အိုမှုလဲ သူမသိဘူး...၊ 'ဗျာဓိပိ ဒုက္ခော'ဆိုတဲ့ နာမှုလဲ သူမသိဘူး၊ 'မရဏမ္ပိ ဒုက္ခ'' ဆိုတဲ့ သေမှုလဲ ဒုက္ခသစ္စာဆိုတာ သူမသိတော့ ဘဝတွေ ဆက်ဆက် ဆုတောင်းတယ်၊ တောင်းတော့ ဦးအောင်ဇံဝေကြီး အိုခြင်းဆိုးနဲ့ အခုလဲ ကြုံနေပြီ၊ နောက်သေခြင်းဆိုးက လာဦးမှာ (မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ နောက်ထပ် မတွေ့အောင်လို့ ဒီဆရာဘုန်းကြီးကဘဲ ဆွဲပြီး ဒီကမလိုက်နဲ့ ဦးအောင်ဇ ဝေ,ရ၊ ဦးသံဒိုင် ဒီလမ်းမလိုက်နဲ့၊ ဒုါပြောနေတာ....(မှန်ပါ့)။

အဲဒီတော့ကို ဩော်....ဒီဥစ္စာ တရားဟောတာလား- အမှားပြင်ပေးနေတာလားဆိုတာကော ပေါ်ကြပလား... (ပေါ်ပါပြီဘုရား) ဘာပေါ်လာသတုံး... (အမှား ပြင်ပေးနေတာပါဘုရား)။

အမှားကလဲ သေးသေးမှားလား- ကြီးကြီးမှားလားဆိုတာ တခါ ပြောပါဦး... (ကြီးကြီးမှားပါဘုရား)။

ကြီးကြီးမှားဖြစ်နေတယ်.... (မှန်ပါ) အဲဒီ ကြီးကြီးမှားကို ပြင်ပေးနေတော့ သြော်... ဒို့ကို ဘုန်းကြီးက ညလာခဲ့ကြဦးလို့ ပြောလိုက်တဲ့ဥစ္စာ ကြီးကြီးမှားပြင်ပေးမလို့ ခေါ်လိုက်တာ.... (မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာအမှား ပြင်ပေးမလို့လဲ.... (ကြီးကြီးမှား ပြင်ပေးမလို့ပါ) ကြီးကြီးမှားက ဆည်မရတဲ့အမှား...(မှန်ပါ)။

ကြီးကြီးမှားက ဘယ့်နှယ်တုံး....(ဆည်မရတဲ့အမှားပါဘုရား) ဆည်မရတဲ့ အမှားဖြစ်နေလို့ ခင်ဗျားတို့ ဦးသံဒိုင် လာခဲ့ဦး....၊ ဒီဘက်က မင်းကြီးလဲလာခဲ့ဦးဆိုပြီးသကာလ ဘုန်းကြီးတို့က ဒါ....လက်ဆောင်ပေးလိုက်တာ၊ လမ်းပြင်ပေးနေတာ.... (အင်မတန်ကောင်းတဲ့ လက်ဆောင်ပါဘုရား) အင်မဘန်ကောင်းတဲ့ လက်ဆောင်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး... ခင်ဗျားတို့ မိုးကုတ်လာတာ သဘော်သဲ့ဆောက်ပြီး တက်လိုက်ရတာ ဥတုရာသီက ဘယ်လို့ညာလို့လုပ်မနေစမ်းနဲ့ ဒါတွေ အပိုထား၊ ဒါတွေ အပိုထားပါ ဘာမှ မဟုတ်ပါဘူး။

ကဲ....ဒါဖြင့် ပြင်ကြပါစို့တဲ့၊ ပြင်ကြဘို့ ခင်ဗျားတို့ ရှေးဦးစွာ ရှေ့ပိုင်းမှာ သံဝေဂကလေး နည်းနည်း ဥာဏ်ကခလေး ထက်အောင် ပြောလိုက်ပါဦးမယ်။

ဥပမာ - လူတဦးတယောက်က ဦးသံဒိုင်ကြီး ဘယ်သွားနေသတုံးမေးယင် ဘယ်နှယ်ဖြေပါ့မလဲ....(သေရာသွားနေပါတယ်ဘုရား) ဦးအောင်ဇံဝေ ဘယ်သွားနေသလဲ.... (သေရာသွားနေ

ပါတယ်ဘုရား) ထိုင်လျက်ကော.... (ထိုင်လျက်လဲ သေရာသွားနေပါတယ်ဘုရား) အိပ်နေတော့ကော.... (အိပ်နေလဲ သွားတာပါဘဲဘုရား)နိုးပြန်တော့ကော...(နိုးလဲ သွားတာပါဘဲဘုရား)။

သြော်... ဒါဖြင့် ခင်ဗျားတို့ လမ်းကဖြင့်ဗျာ ကြက်သရေမင်္ဂလာမရှိတဲ့လမ်းချည့် ဒီကိုယ်ကြီး သွားနေတာဘဲ.... (မှန်ပါ့) မဆိုထိုက်ဘူးလား....(ဆိုထိုကပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဒီလမ်းချည့်မသွားစေချင်လို့ ခဏလာခဲ့ကြဦး ခင်ဗျားတို့၊ ယောင်ချာချာနဲ့ ပြန်မသွားကြနဲ့ အစ ရှိသည်နဲ့ ဒါပြောနေတာ ဦးအောင်ဇံ ဝေ၊ ကဲ....မြေစာရင်းမင်းကြီးကော ရိပ်မိပလား....(မှန်ပါ)။

သေသေချာချာမှတ်ပါ ဒီဥစ္စာ သြော်....ဒို့ ပြင်ပေးတဲ့ဆရာ ရှိသေးပါကလားဆိုတာ ဒါ.... တွေ့ဘို့ရာလဲ လွယ်မှ-မလွယ်ဘဲ.... (မှန်ပါ့)။

ကဲ....ဒါဖြင့် ပြင်ပါတော့မယ်တဲ့၊ လူတဦးတယောက်ဟာ ဆရာဝန်ကလဲ လက်လှတ်တယ်၊ ကိုယ် ခန္ဓာကိုယ်လဲ ကိုယ်မသိမ်းဆည်းနိုင်၊ သေဘို့ရာကိစ္စက တကယ်ကြုံလာမှာက လူတိုင်းလာမည့် အလုပ်ဖြစ်နေတော့ ဒီအတိုင်း စိတ်ဝိညာဏ်က ချုပ်မသွားဘူး၊ ကိုယ် သူတော်ကောင်းအလုပ်ကို ဘုန်းကြီးပြောတဲ့ အလုပ်ကို နားမထောင်ဘဲနဲ့ မလုပ်ဘဲနေလို့ ရှိယင် သွားမည့်လမ်းကို မြင်ရသေးတာကိုးဗျ....(မှန်ပါ့)။

သွားမည့်လမ်းက ဘာမြင်ရသတုံးဆိုတော့ ကိုယ်က သား

ကျွန်းမှ, မယားကျွန်းမှနဲ့ အချိန်ကုန်၊ ဒီလိုကုန်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ အဘိုးတန်အလုပ်ကလဲ မလုပ်ရသေးတော့ တခါ တခါ ခွေးနက်ကြီးတွေမြင်လာတယ်၊ မသေသေးဘူး....(မှန်ပါ့ဘုရား) ဒယ်အိုးကြီးတွေမြင်လာတယ်၊ ငရဲထိန်းတွေ,ငရဲမီးလျှံတွေ မြင်လာတယ်ဆိုတော့ ဒါ....သေတော့မယ်ဆိုတော့ မသေခင် မြင်ရတဲ့အလုပ်၊ မကောင်းမှုလုပ်နေတဲ့ ပုဂ္ဂိုလ်မျှားပေါ့ဗျာ-(မှန်ပါ့ဘုရား) ဆိုတော့ ဒီဥစ္စာဟာ အဲဒီအချိန်မှာ ကိုယ့်မှာ သားရှိတယ်, သမီးရှိတယ်,ပစ္စည်းရှိတယ်၊ ဒါတွေကလဲ ကယ်မည့်, ယူမည့်လူ မရှိဘူး ။ ကိုယ်က တယောက်တည်း မြင်နေရတယ်....(မှန်ပါ့)။

ကိုယ်တယောက်တည်း မြင်ပြီးသကာလနေရတော့ မျက်ရည်ကြီးငယ်ကျတယ်၊ ခေါင်းအုံးပေါ် မျက်ရည်တွေ စီးကျတယ်....(မှန်ပါ့)။

ဟ.... ဘာဖြစ်တာတုံးလို့ မေးနေစရာမလိုဘူး- သူမြင်နေပြီ၊ ငါ... အမှားနေခဲ့လို့ အသေမှားတော့ ရောက်ပဟ....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်.... (အနေမှားလို့ အသေမှားတော့ ရောက်ပါပြီ) အနေမှားလို့ သေတော့ဖြင့် မကောင်းတော့ဘူးဆိုတာ လာလိမ့်မယ်....(မှန်ပါ့)။

အဲ... ဒါဟာ လူတိုင်းအလုပ်လို့ မြေဘဝရင်းမင်းကြီးကလဲ မှတ်ထားရမယ်.... (မှန်ပါ့) လူတိုင်းမြင်ရမည့်အလုပ်၊ လူတိုင်းမြင်ရမည့်အလုပ်လို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဟေ့... မောင်ထွန်းရင်ကြီး ကြားရလား-မင်း.... (ကြားပါတယ်ဘုရား) အေး.... ကြားအောင်လုပ်ပါကွ မင်းတစ်

ကိုင်း....ဒါနဲ့ 'ဖျတ်'ဆို ဒီဘက်က စိတ်ဝိညာဏ်လဲ ချုပ်ပါရော ဟိုမှာ အထည်ကြီးကို သွားဖြစ်တယ်....(မှန်ပါ့)ငရဲကောင်ကြီး သွားဖြစ်တယ်... (မှန်ပါ့) အနေမှားလို့ - အနေကို တော်အောင်နေခဲ့လို့ ပေါ့ဗျာ.... (မှန်ပါ့) အသေကို တခါတည်း ဒုက္ခရောက်သွားတာဟာ အခု ကယ်မည့်သူ ရှိသေးသလား.... (မရှိပါဘုရား)။

သားတွေ, သမီးတွေ, ပစ္စည်းတွေရှာထားတာ တပုံကြီးဘဲ.... (မှန်ပါ့) သူတို့က ဘာတတ်နိုင်သေးသတုံး .... (မတတ်နိုင်ပါဘုရား)။

အဲဒီတော့ ဘာမှုမတတ်နိုင်တော့ ဦးသံဒိုင်တို့ကလဲ အလုပ်ကြီးလို့ ဟာ....ဒီက မြေစာရင်းမင်းကြီးကလဲ အလုပ်ကြီးလိုက်တာ၊ ခင်ဗျားတို့က ဒီဟာဂုဏ်ယူမနေနဲ့၊ ဒီဥစ္စာ သားကျွေးမှု, မယားကျွေးမှုတွေ၊ ဒါ ကိုယ့်အရေးမှုမဟုတ်ဘဲ... (မှန်ပါ့) ကိုယ့်အရေးမဟုတ်ပါဘူး။

အဲဒီလို မြင်ရတဲ့အခါကျတော့ ခင်ဗျားတို့ ကိုယ်ကျိုးနည်းပေါ့ဆိုတာ ခင်ဗျားတို့ တယောက်တည်း မျက်ရည်ကျတယ်.... (မှန်ပါ)အပါယ်သွားရတော့မယ်.... (မှန်ပါ့) သိပ်ကြောက်စရာမကောင်းဘူးလား....(ကြောက်စရာကောင်းပါတယ်ဘုရား)။

အဲဒါ ပြင်ပေးနေတာ....(မှန်ပါ့) ခင်ဗျားတို့ သေတဲ့လမ်းလဲ

သွားသေးတယ်၊ အနေဆိုးဘက်ကိုလဲ အလှည့်သွားသေးတယ် ဆိုတော့ကို ပြင်မပေးထိုက်ဘူးလား....(ပြင်ပေးထိုက်ပါတယ်) ကိုယ်ကမ္မ မသိဘဲကိုးဗျ - (မှန်ပါ့ဘုရား)။

အဲဒါကို ဝတ္ထုသက်သေသာဓကထုတ်နေယင် နာရီပိုသွားမှာ စိုးလို့ မထုတ်ပါဘူး၊ ပြင်ပေးတဲ့အလုပ်ဘဲ ပေးမယ် ... (မှန်ပါ့ဘုရား)။

ပြင်ပေးတဲ့အလုပ်ကို ပေးတော့မယ်ဆိုတော့ ခင်ဗျားတို့ ဒီလို လုပ်ကြပါတဲ့၊ သြော် - ငါ့အခု တသက်လုံးအနေမှာဟာ ဘာကြောင့်ပါလိမ့်မတုံး၊ ငါ့ကိုယ်ငါ စားဘို့, သောက်ဘို့ဆိုတဲ့ ခင်မှုဘဲ၊ ငါ့သားမယားများ ဝ,ဘို့ဘဲ။

လူချင်းတူတူ သူချင်းမျှမျှ သူများကားစီးယင် စီးနိုင်အောင် သူများစိန်ဝယ်ယင် ဝယ်နိုင်အောင်ဆိုပြီးသကာလဒီလိုနေတော့ကို ဒီခန္ဓာကြီးအတွက်နဲ့ ပတ်သက်ပြီးသကာလ လောဘတွေ,ဒေါသတွေ လာတာကိုးဗျ ... (မှန်ပါ့) မလာဘူးလား.... (လာပါတယ် ဘုရား)။

အဲဒီတော့ ဒီခန္ဓာကြီးကလဲ သူ့ကို ကြည့်လိုက်လို့ ရှိယင် လောဘ, ဒေါသတွေ လာတာဘဲ ခင်ဗျားတို့က၊ သူ့ခင်မှ, သူနဲ့ ပတ်သက်တာတွေ ကျေးချင်, မေ့ချင်မှ၊ ဒါတွေကလာတဲ့ အခါကျလို့ ရှိယင်ဖြင့် ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ တွဲလိုက်တော့ ကိုယ့်ကိုယ်ခင်လဲ တဏှာ,ဥပါဒါန်, ကံလာမှာဘဲ....(မှန်ပါ့ဘုရား)။

သူတပါးခင်ကော.... (တဏှာ,ဥပါဒါန်, ကံလာမှာပါဘဲ)

တဏှာ, ဥပါဒါန်, ကံလာမှာဘဲ၊ ကံလာယင် အပါယ် ဇာတိ ဇရာ, မရဏဆိုတာ လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

မလွတ်နိုင်တော့ ဘုန်းကြီးတို့ တကာတကာမတွေက သြော်-ဒါဖြင့် ကိုယ့်ကိုယ် ခင်မှုကနေရောက်တဲ့ အပါယ်ဘဲဟေ့၊ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကရောက်သလဲ .... (ကိုယ့်ကိုယ်- ကိုယ်ခင်မှုကရောက်ပါတယ်) ကိုယ့်ကိုယ်-ကိုယ်ခင်မှုကြောင့်၊ ကိုယ့်သားမယားမျှားကို ခင်မှုကြောင့် ဒါကြောင့် သြော်.... ဒီခင်တယ်ဆိုတော့တဏှာ။

တဏှာလာယင် ဥပါဒါန်က မရပ်တော့ဘူး၊ ဥပါဒါန်လာလို့ရှိယင် ကံကကော .... (လာပါတယ်) ကမ္မဘဝပစ္စယာ သေသည်၏အခြားမဲ့၌ ဇာတိဆိုတော့ အပါယ်ကောင်ကြီးသွားဖြစ်တယ်....(မှန်ပါ)မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါတွေသိတော့မှ သြော် ... ငါတို့ကို ခန္ဓာက အပါယ်ချနေတာပါကလား .... (မှန်ပါ) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ဘယ်သူက ချတာတုံး....(ခန္ဓာကချတာပါ)ခန္ဓာက အပါယ်ချနေတာဘဲဆိုတာ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒီခန္ဓာကို ခင်ဗျားတို့က ကိုယ်ပိုင်မှုတ်ပြီး ခင်နေလို့ သူ့ခင်မှုကနေပြီး ထိုးချလိုက်တာဘဲ....(မှန်ပါ) တဏှာ, ဥပါဒါန်,ကံက မချဘူးလား....(ချပါတယ်ဘုရား)။

အဲဒါကြောင့် ဒီခန္ဓာပေါ်မှာ ခင်ဗျားတို့ ဒုက္ခသစ္စာမတွေ့သေးလို့ရှိယင် ကိုယ်ကျိုးနည်းပေါ့လို့မှတ် ... (မှန်ပါဘုရား)။

ဒီခန္ဓာပေါ်မှာ ဒုက္ခသစ္စာမတွေ့သေးယင်... (ကိုယ်ကျိုးနည်းပါပြီ)ကိုယ်ကျိုးနည်းပြီဆိုတာ သေသေချာချာမှတ်ပါ- (မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် ဒီခန္ဓာကို ဒုက္ခသစ္စာလို့ ဒုက္ခက ဆင်းရဲတာ၊ သစ္စာက မှန်တာ....(မှန်ပါ့)ဆင်းရဲတာအမှန်ကို မတွေ့သေးသ၍ ကာလပတ်လုံး ဒီခန္ဓာကို ခင်နေမှာဘဲ(မှန်ပါ့ဘုရား)။

ခင်လို့ရှိယင် ခင်တာကတဏှာ, စွဲလမ်းတာက ဥပါဒါန်၊ "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဆိုတော့ ဒါက ဘုရားတားလို့ မရဘူး၊ ရပ်လို့မရဘူး.... (မရပါ) ကမ္မဘဝပစ္စယာ ဇာတိဆိုတာ မလာပေဘူးလား....(လာပါတယ်) အဲ....ဇာတိဆိုတာ ပဋိသန္ဓေ ဘယ်ပဋိသန္ဓေရယ်လို့ ဆိုလို့မရပါဘူး...(မှန်ပါ့)။

အဲဒါကြောင့် ဒီတကာတကာမတွေ့မှာ ဩော် .... ဒီခန္ဓာ ခင်မှုက လာတာကိုးလို့ သေသေချာချာမှတ်ပါနော်- (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာကို ဘယ်နှယ်ကြောင့် ခင်နေသတုံးဆိုတော့ ငါ့ကိုယ်, ငါ့ဟာထင်နေလို့လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒီခန္ဓာကြီးကို....(ငါ့ကိုယ်, ငါ့ဟာထင်နေလို့ပါ)ငါ့ကိုယ်, ငါ့ဟာထင်နေလို့ .... နောက်က တကာတကာမတွေ့လဲ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ငါ့ကိုယ်, ငါ့ဟာ ထင်နေလို့ရှိယင်ဖြင့် ငါ့ကိုယ်မှ ငါမချစ်ယင် ခက်တယ် ဆိုပြီးသကာလ တဏှာ,ဥပါဒါန်, ကံ မလာပေဘူးလား...(လာပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးက ပြောရမှာက ဒါ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးလို့ပြောရမယ်... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ငါ့ကိုယ်,ငါ့ဟာ မဟုတ်ဘူးက သေသေချာချာပြောရမယ်၊ ငါ့ကိုယ်,ငါ့ဟာ မဟုတ်ဘူးဆိုတာ သေသေချာချာပြောတော့မှ ခင်ဗျားတို့ ရှင်းသွားမယ်တဲ့။

ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာမဟုတ်ဘူးဆိုတော့ ဘာတုံးလို့ အမေးထုတ်ဘို့လိုတယ်....(မှန်ပါ့)ခန္ဓာကြီးဟာ ငါ့ကိုယ်လဲမဟုတ်ဘူး၊ ငါ့ဟာလဲမဟုတ်ဘူး, ငါ့ဥစ္စာလဲမဟုတ်ဘူး၊ သူ့ပြုပြင်ထားတာက ဘယ်သူတုံးဆိုတော့ ခင်ဗျားတို့ အကြောင်းရှိယင်တ,တဲ့ ကံကလုပ်ထားတာ... (မှန်ပါ့)ကံကလုပ်ထားတော့ အလုပ်သမားကကံ၊ ထင်တာက ငါထင်နေတယ်၊ ငါ့ကိုယ်လို့ ထင်နေတယ်၊လုပ်ထားတာက ကံက လုပ်ထားတာ....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

လုပ်ထားတာက... (ကံကလုပ်ထားတာပါ) ကံကလုပ်ထားတယ်တဲ့၊ ခင်ဗျားတို့က ဒါကိုကြားကနေပြီး ငါ့ကိုယ်လို့ လုပ်ထားတော့ တည့်ပါ့မလား... (မတည့်ပါဘုရား) အလုပ်သမားက တယောက် ဟုတ်လား- ပိုင်ရှင်ကတမျိုးဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

ပိုင်ရှင်က တမျိုးဖြစ်နေတော့ကို ခင်ဗျားတို့ အလုပ်သမားကသာ ပိုင်ရမယ်မဟုတ်ဘူးလား .... (မှန်ပါ့) ကြားသမားက (မပိုင်ပါ) ကြားသမားက မပိုင်ရဘူး။

ကြားသမားက မပိုင်ရတော့ကို ခင်ဗျားတို့က ကြားရှုပ်နေတာ....(မှန်ပါ့) ရှင်းပလား(ရှင်းပါပြီဘုရား)ကြားရှုပ်နေတာက ဘာတုံးမေးတော့ ဒီဌ၊ ဒုါဖြင့် ဒီဌလာလို့ရှိယင် ဒီဌပါဒါန်, ဒီဌအုပ်ချုပ်တဲ့ကံနဲ့ အပါယ်မသွားဘူးလား .... (သွားပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကြားမရှုပ်စေတဲ့ သဘောကလေးကို ကိုယ့်ခန္ဓာကို သိထားရမယ်၊ ကိုယ့်ခန္ဓာကြီးကိုပေါ့ဗျာ.... (မှန်ပါ့)။

ကြားရှုပ်တဲ့ ဒီဌကို ဖြုတ်ပစ်ရလိမ့်မယ်....(မှန်ပါ့) ဒီဌဖြုတ်လိုက်ယင် အပါယ်လေးပါး လွတ်သွားမယ်_ (မှန်ပါ့)ဒီဌဖြုတ်လိုက်ယင်လဲ သောတာပန်တည်ထာဘဲ_(မှန်ပါ့)။

အဲဒါ့ကြောင့် ဒီ တကာတကာမတွေမှာ ဒီခန္ဓာကြီး ဘယ်သူ လုပ်ထားသတုံးဆိုလို့ရှိယင် ကံက လုပ်ထားတယ်...(မှန်ပါ့) ရှင်းပလား_ (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကြီး ဘယ်သူလုပ်ထားသတုံး .... (ကံက လုပ်ထားပါတယ်) သူတင်ဘဲလားလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ မန္တလေးတုန်းကတော့ ပူရုပ်တွေ၊ ဒီကျတော့ အေးရုပ်တွေ ဖြစ်နေတယ်၊ အေးရုပ်တွေ ဖြစ်တော့လဲ ဒီကျမှဖြစ်တာ၊ အေးရုပ်တွေကလဲ မန္တလေးက ပါလာတာ မဟုတ်ဘူး၊ဥတုက လုပ်ထားတယ်....(မှန်ပါ)။

ဒီခန္ဓာကြီး ဘယ်သူက လုပ်ထားပြန်သတုံး...(ဥတုက လုပ်

ထားပါတယ်) ဥတုက လုပ်ထားတော့ ဥတုကဘဲ ပိုင်နေတယ်... (မှန်ပါ) မဟုတ်ဘူးလား....(မှန်ပါ)။

ဒီကျတော့ ခင်ဗျားတို့ စိတ်ကလေးတွေကော မပျော်ကြဘူးလား....(ပျော်ပါတယ်)ပျော်ခြင်းကြောင့်လဲ မျက်နှာကလေး ပြုံးကာ ရှင်ကာနဲ့ ပျော်ရွှင်ကလေးတွေကော ဖြစ်မလာဘူးလား...(ဖြစ်လာပါတယ်ဘုရား)။

ဒါဖြင့် စိတ်က လုပ်တာ...(မှန်ပါ) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ခင်ဗျားတို့ အစာမစားခင်တုန်းကနဲ့ ထမင်းမစားမင်တုန်းကနဲ့ ထမင်းစားပြီး နေကြ,ထိုင်ကြတဲ့အခါမှာ ဝမ်းပြုံးလာတာကော မထူးခြားဘူးလား...(ထူးခြားပါတယ်ဘုရား)။

ကိုယ်ဟာ ကိုယ်လဲ ဝမှန်း သိပါတယ်... (မှန်ပါ) ကျုပ်ဝမ်းပြီလို့ ပြောနေကြတာဘဲ...(မှန်ပါ) အဲဒါက အာဟာရကြောင့် ဖြစ်တဲ့ရုပ်...(မှန်ပါ)။

ဒါဖြင့် ဒီတကာတကာမတွေမှာ ကံ,စိတ်, ဥတု,အာဟာရကြောင့် ဖြစ်တဲ့ရုပ်....(မှန်ပါ) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်သူက လုပ်ထားတာတုံး.... (ကံ စိတ် ဥတု အာဟာရက လုပ်ထားပါတယ်ဘုရား)။

ဒါဖြင့် ငါ့ကိုယ်ဟုတ်ကဲ့လား...(မဟုတ်ပါဘုရား) ငါ့ဟာကော....(မဟုတ်ပါဘုရား) ငါ့ဥစ္စာကော... (မဟုတ်ပါဘုရား)

ဒါဖြင့် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဆိုတော့ သြော်.... ဒီဥစ္စာသည်ကားလို့ .... ဆိုလို့ရှိယင် ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်တဲ့... ခန္ဓာကြီးပါလားဆိုတာ ပေါ်မသွားဘူးလား ... (ပေါ်သွားပါတယ်ဘုရား)။

ပေါ်သွားတဲ့အခါကျတော့မှ သြော်....အခုတော့ဖြင့် ဆရာ ဘုန်းကြီးက အကြောင်းပြလို့ ကံက လုပ်ထားတာတွေ, ဥတုက လုပ်ထားတာတွေ, စိတ်က လုပ်ထားတာတွေ, အာဟာရဆိုတဲ့.... အစာ အာဟာရက လုပ်ထားတာတွေ စုပြီးသကာလ ခန္ဓာကြီး ဖြစ်နေတာကိုးဗျ....(မှန်ပါ)။

ခန္ဓာကြီး ဖြစ်နေတော့ ဒီဥစ္စာ သူတို့အရှင်သခင် ခန္ဓာ၏ အရှင်သခင် လျှောက်ရှာလို့ရှိယင် ဒီလေးခု တွေ့တယ်... (မှန်ပါ ဘုရား)။

ခန္ဓာ၏ အရှင်သခင် ရှာလို့ရှိယင်....(ကံ စိတ် ဥတု အာဟာ ရ တွေ့ပါတယ်ဘုရား) လေးခုဘဲ တွေ့တယ်....(မှန်ပါ)အဲဒီတော့ သူတို့လုပ်ထားတာ ဆိုတဲ့ဥစ္စာ ခန္ဓာကြီးဟာ မသေချာဘူးလား- (သေချာပါတယ်ဘုရား)။

အဲဒါကို ခင်ဗျားတို့က ငါ ဘာမှတ်လို့တုံး ငါ့ကိုယ် ငါပိုင်တယ်, ငါဆိုင်တယ်ဆိုပြီး အရမ်းကြားနေတာ....(မှန်ပါ)ဘာဖြစ်တာတုံး....(အရမ်းကြားနေတာပါ) အရမ်းကြားနေတာဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အရမ်းကြားနေတော့ ဘာနဲ့ကြားတာတုံး-မေးလိုက်တဲ့အခါ ကျမှ ဒီဌိုနဲ့ ကြားနေတာ....(မှန်ပါ)။

ဦးအောင်ဇံ ဝေကြီး... ကြားလာခဲ့တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ဘာနဲ့ကြားလာခဲ့တာတုံး....(ဒီဌိုနဲ့ ကြားလာတာပါဘုရား)။

အဲဒီတော့ ဒီဌိုနဲ့ကြားခဲတာ့ ဒီအကြောင်းလေးခု မသိလို့ ကြားတာ....(မှန်ပါ) အကြောင်းလေးခုသိယင် ဒီဒီဌိုနဲ့ကြားလို့ ဖြစ်သေးရဲ့လား... (မဖြစ်ပါ)ကြားစရာအကွက် ရှိသေးရဲ့လား-(မရှိတော့ပါဘုရား)။

အဲဒါကြောင့် သြော်... ဒီခန္ဓာကြီးဟာ ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းလေးပါးစုပြီးသကာလ ဒီခန္ဓာငါးပါးကြီး ဖြစ်နေတာ၊ သဘောကျပြီနော်....(ကျပါပြီဘုရား)။

ခန္ဓာငါးပါးကြီး ဖြစ်ပြီးသကာလ နေတော့ ကံ စိတ် ဥတု အာဟာရ အာရုံဒွါရတွေကြောင့် ခန္ဓာငါးပါးကြီး ဖြစ်ပြီးသကာလ နေတော့ ဒီ ခန္ဓာငါးပါးကြီးဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဆိုတာ သိထားရမယ်နော်....(မှန်ပါ)။

ကိုယ်ပူချင်လို့ ပူတာလား... ဥတုကြောင့် ပူတာလား....(ဥတုကြောင့် ပူတာပါဘုရား)ကိုယ်အေးချင်လို့ အေးရတာလား....၊ ဥတုက အအေးခိုင်းလို့ အေးရုပ်တွေ ဖြစ်ရတာလား....(ဥတုကြောင့် ဖြစ်ရတာပါဘုရား)။

အဲဒီတော့ ကိုယ်ဟာက ဒီအထဲမှာ ဆံပင် မွေးညှင်းတပင် မပါဘူး မှတ်လိုက်....(မှန်ပါ) ဒီခန္ဓာထဲမှာ ပါသေးရဲ့လား.... (မပါ-ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာကလေးတွေဟာ သြော် ... သူ့အကြောင်း တိုက်ဆိုင်လို့ အကြောင်းလေးပါးက ပြုပြင်လိုက်လို့ ပေါ်လာတယ်....(မှန်ပါ)။

အကြောင်းလေးပါးမျှားတပါးပါးဇာတ်သိမ်းယင် ခင်ဗျား တို့ ဗိုင်းကနဲလဲတယ်....(မှန်ပါ)။

အကြောင်းလေးပါးမှာ ကံက ကဲ...မင့်ကို ၇၂ အစားမထိုး တော့ဘူးလို့ ဆိုလိုက်လို့ရှိယင် ဘယ်နှယ်ဆိုမလဲ... (ဗိုင်းကနဲ လဲပါတယ်ဘုရား) ဗိုင်းကနဲ လဲတယ်။

ဥပမာ... ပက်ထရိုကြောင့် မီးတောက်နေတဲ့ဥစ္စာ ပက်ထရိုက အစားမထိုးတော့ဘူးဆိုတော့ မီးသေမလား·မသေရဘူးလား.... (သေရမှာပါဘုရား)။

ဒါဖြင့် မီးနဲ့တူတဲ့ ခန္ဓာကြီးသည် ပက်ထရို အားကိုးနေတာ (မှန်ပါ) မဆိုနိုင်ဘူးလား _ (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ သိတော့မှ သြော်_ ကံပြုပြင်ထားလို့ စိတ်ပြုပြင် ထားလို့ ဥတုပြုပြင်ထားလို့ အာဟာရပြုပြင်ထားလို့ ဖြစ်နေတဲ့ ခန္ဓာကြီး၊ သူတပါးလက်အောက်ခံကြီးဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကံက ကဲ... မင့်ကို မထောက်ပံ့ဘူးဆိုလဲ သေတာဘဲ (မှန်ပါ) ဥတုက မထောက်ပံ့ယင်လဲ...(သေတာပါဘုရား) အာဟာရက မထောက်ပံ့ယင်လဲ....(သေပါတယ်ဘုရား) စိတ်က မထောက်ပံ့ယင်လဲ... (သေပါတယ်ဘုရား) သေတာဘဲဆိုတော့

သေခြင်းအကြောင်း ခင်ဗျားတို့မှာ ဘယ်နှစ်ကြောင်းရှိသတုံး.... (လေးပါးပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မင်းကြီးကလဲ ဗန်းမော်ကျအောင် သွားမလို့တဲ့သူ၊ သူ့လေးကြောင်း သူမေးကြည့်ရဲ့လား၊ ကျုပ် ဗန်းမော်ကျအောင်ဘဲဆိုတာ မေးကြည့်ဘို့ အတော်ခဲယဉ်းတယ်.... (မှန်ပါ့ဘုရား)။

ဦးသံဒိုင်ကလဲ ဗန်းမော်လိုက်မလို့တဲ့... (မှန်ပါ့) ဟော့ကံ.... ငါ့ကို ဗန်းမော်ကျအောင်မျှား မင်းပို့မှာလား၊မေးမြန်းကြည့်ပြီး ခင်ဗျားထွက်လာတာ ဟုတ်ကဲ့လား၊ မဟုတ်ဘူး- ခင်ဗျားတို့ ရှောင်တောင်တောင်ထဲကပါ၊ မမေးဘူး သူ အလကား ရမ်းလိုက်လာတာ.... (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒီတော့ကို ကိုယ့်ကိုယ်- ကိုယ်ပိုင်တယ်ဆိုပြီး ဒီဌိုနဲ့ထွက်လာတာ....(မှန်ပါ့)ပိုင်တာက ဘယ်နှစ်ခုလဲ....(လေးခုပါ) လေးခုက ပိုင်တယ်။

လေးခုက ပိုင်နေတော့ တချို့ကံကုန်လို့ သေသွားရှာပြီဆိုတာ ကြားဘူးမှာပေါ့....(မှန်ပါ့ဘုရား)တချို့ သူ့စိတ်နဲ့သူ သေတယ်လို့ကော....(မှန်ပါ့)။

တချို့ဥတု သတ်သွားတာဘဲ မသေဘူးလား၊ ဌက်ဖျားတို့ဆိုတာ ဥတုသတ်သွားတာဘဲ....(မှန်ပါ့ဘုရား) တချို့ကျတော့ အာဟာရကြောင့် မစားနိုင်တာနဲ့ သေသွားတယ် ဆိုတာ အာဟာရက မထောက်ပံ့တော့ဘူး....(မှန်ပါ့ဘုရား)သူ့ဒါဖြင့် သေခြင်းအကြောင်း ဘယ်နှစ်ကြောင်းရှိသလဲ.... (လေးကြောင်း ပါဘုရား)လေးကြောင်းရှိတယ်။

အဲဒီတော့ လေးကြောင်းရှိနေတော့ သြော်...လက်အောက်ခံ ခန္ဓာကိုယ်ကြီးဆိုတာ မပေါ်လာဘူးလား- (ပေါ်လာပါတယ်) ကံ,စိတ်,ဥတု, အာဟာရတည်းဟူသော လေးကြောင်းတို့ လက်အောက်ခံခန္ဓာကိုယ်ကြီး...(မှန်ပါ့ဘုရား)။

ဒီလက်အောက်ခံ ခန္ဓာကိုယ်ကြီးဖြစ်နေတော့ ကံမြော်ရတာ တမျိုး၊ စိတ်မြော်ရတာ တမျိုး၊ အာဟာရမြော်ရတာ တမျိုးဆိုတော့ ခင်ဗျားတို့ သေသေချာချာ အခုသိသွားတော့ အတော်အောက်ကျတဲ့ ခန္ဓာကိုယ်ကြီး...(မှန်ပါ့ဘုရား)။

ကံအောက်လဲ သူကျတယ်.... (မှန်ပါ့) စိတ်အောက်ကော.... (ကျပါတယ်ဘုရား) ဥတုအောက်ကော .... (ဥတုအောက်လဲ ကျပါတယ်ဘုရား) အာဟာရအောက်ကော.... (ကျပါတယ်ဘုရား)။

ဘာဖြစ်လို့ ကျနေရတာတုံးဆိုတော့ သူတို့က ဘယ်ဆိုသေ၊ ရှင်ဆိုရှင်ဘဲ... (မှန်ပါ့) သူတို့က နေဆိုနေဘဲ၊ သူတို့က သေဆိုသေဘဲ၊ ကိုယ်ပိုင်ရယ်လို့ ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဒါဖြင့် တကိုယ်လုံးမှာ ကိုယ်ပိုင် ဘယ်ဟာ ပြကြမလဲ.... (ကိုယ်ပိုင်မရှိပါဘုရား) ကိုယ်ပိုင်မပါတော့ဘူး၊ မဟုတ်ဘူးလား (မှန်ပါ့)။

ဒါဖြင့် ကြားဝါပြီး မာန်မူနေတဲ့ ပုဂ္ဂိုလ်များ အင်္ဂါးနဲ့ ပေါ့ဗျာ...(မှန်ပါ့) ဒီအဓိပ္ပါယ် ဒီမရောက်ဘူးလား(ရောက်ပါတယ်ဘုရား)။

ကံ,စိတ်,ဥတု,အာဟာရက လုပ်ထားတဲ့ခန္ဓာကြီးကို အကြားသူများဟာနဲ့ မာန်မူနေတယ်ဆိုယင်ကော ငါ့ဘာမှတ်လို့တုံးဆိုယင် သူများဟာနဲ့ မာန်မူနေတာ.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ဒီလိုမလုပ်ပါနဲ့....တဲ့ တကာတကာမတွေ ဒီအမြင်မှားကြီးကိုလဲ ပြင်ပေးလိုက်စမ်းပါဆိုတာကိုလဲ သတိပေးတယ်နော်.... (မှန်ပါ့) ဒီအမြင်မှားကို ပြင်ဘို့ရာ သတိပေးတယ်။

အဲဒီတော့ ဒီခန္ဓာကြီးထဲမှာ လုံးဝ ကိုယ်ပိုင်တခုမှ မရှိဘူး၊ ယားလာတာဟာ ကိုယ်ယားချင်လို့ ယားလာတာလား၊ သူ့သဘောနဲ့သူ ယားလာတာလား....(သူ့သဘောနဲ့သူ ယားတာပါဘုရား)။

ဒါဖြင့် ကိုယ်ပိုင်မဟုတ်ဘူး-(မဟုတ်ပါဘုရား) နေမကောင်းလာတာကော.... (သူ့သဘောနဲ့သူပါဘုရား) သူ့သဘောနဲ့သူဘဲ ဟိုအကြောင်းလေးပါး စိမ်သလို ခံနေရတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား) ဒါဖြင့် အစားပျက်သွားတာကော.... (အကြောင်းလေးပါး စိမ်သလိုပါဘုရား)။

အကြောင်းလေးပါး စိမ်သလိုဆိုတော့ ဒီအထဲမှာ လက်အောက်ခံဆိုတာ မသေချာသေးဘူးလား.... (သေချာပါတယ်) လက်အောက်ခံဆိုတော့ ကိုယ်ပိုင်ဆိုမလားတဲ့- ကိုယ်မပိုင်တာလို့ ဆိုမလား.... (ကိုယ်မပိုင်တာပါဘုရား) ဒါဖြင့် ဒီခန္ဓာကြီးဟာ တကိုယ်လုံး အနတ္တချည့်မှတ်....(မှန်ပါ့)။

ဒီခန္ဓာကြီးဟာ တကိုယ်လုံး ဘယ့်နှယ်ဆိုကြမလဲ... (အနတ္တ ပါဘုရား) အနတ္တာဘဲ။

ဦးအောင်ဇ ဝေကြီး ဆံပင်ဖြူချင်လို့ ဖြူတာလား-မပိုင်လို့ ဖြူတာလား... (မပိုင်လို့ ပါဘုရား) မပိုင်လို့ ဖြူနေတာနော်... (မှန်ပါ) အိုလာတာကော....(မပိုင်လို့ ပါဘုရား) မပိုင်လို့ ဘဲ၊ ဦးသံဒိုင်ကြီးတို့ကော... (မပိုင်လို့ ပါဘုရား) မပိုင်တဲ့ သဘော ချည့်ဘဲရတယ်။

အဲဒါ့ကြောင့် ဒီခန္ဓာကြီးကို ခင်ဗျားတို့က မပိုင်တာ မြင်အောင် ကြည့်ပေးနော်....(မှန်ပါ)။

သြော်....ဒါဖြင့် ဘယ်လိုကြည့်ရမှာတုံးဘုရာ့၊ မပိုင်တာကို တပည့်တော်တို့ ကြည့်နည်းလဲ သင်လိုက်ပါဆိုတော့ မပိုင်တာ ကြည့်နည်းကို ခင်ဗျားတို့ ကျကျနနသိသွားလို့ ရှိယင်ဖြင့် မပိုင်တာဟာ အနတ္တ၊ သိတာဟာ မဂ်ရတယ်....(မှန်ပါ)ရှင်းပလား-(ရှင်းပါပြီဘုရား)။

မပိုင်တာက....(အနတ္တပါ) အနတ္တမှန်းသိတာက.... (မဂ္ဂပါ) ဒါ....မဂ်ကို ရလာတာဘဲ.... (မှန်ပါ) မဂ်ရယင် အပါယ်မသွားတော့ဘူး....(မှန်ပါ) သောတာပန်တည်တာဘဲ....(မှန်ပါ့ဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အချိန်တိုတောင်းတဲ့အထဲမှာ သြော်.... မပိုင်တာသိဘို့တလုံးကို ဒို့ယနေ့ ပြောနေတာကိုး--(မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာပြောနေတာတုံး- (မပိုင်တာသိဘို့ပြောနေတာပါဘုရား) မပိုင်တာသိဘို့ ပြောနေတယ်ဆိုတာ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ယားတာလဲ မပိုင်တာကလေး ပေါ်လာတာဘဲ၊ နာလာပြန်ယင်ကော... (မပိုင်တာ ပေါ်တာပါဘုရား) မပိုင်တာ ပေါ်တာဘဲ...(မှန်ပါ!) ရှင်းပြီနော်....(ရှင်းပါပြီ) ကျင်လာပြန်ယင်ကော....(မပိုင်တာ ပေါ်တာပါဘုရား)။

ဒါ... မပိုင်တာ ပေါ်လာတယ်သိ၊ ပျောက်သွားပြန်တော့ကော မပိုင်လို့ပျောက်သွားတာဘဲ....၊ နေပါဆိုပြီး တခားလို့ ရရဲ့လား....(မရပါဘုရား)။

ဒါဖြင့် ဘယ်နေရာမှာ ဝေဒနာပေါ်ပေါ် မပိုင်တာကလေး ကြည့်ပေးပါ၊ ချမ်းသာတာပေါ်လဲ.... (မပိုင်တာကြည့်ရမယ်) မပိုင်တာဘဲ၊ ဒါ....မပိုင်တဲ့အနတ္တာဘဲ၊ ဆင်းရဲတာကလေး ပေါ်လာယင်ကော...(မပိုင်တာသိရပါမယ်) စိတ်ဆင်းရဲခြင်းလာယင်လဲ မပိုင်တာဘဲ၊ ရုပ်ဖေါက်ပြန်လာလဲ..... (မပိုင်တာပါဘုရား)။

အဲဒီ့မပိုင်တာတော့ချည့် ခင်ဗျားတို့က မြင်နေတော့မှ ဩော်-မပိုင်တာက အနတ္တာ- မြင်တာက မဂ္ဂ၊ မြင်တာဟာ မဂ်ရတာဘဲ- (မှန်ပါ!)။

မပိုင်တာက....(အနတ္တပါ) မြင်တာက....(မဂ်ရတာပါ) အဲဒါ ခန္ဓာကိုယ်ထဲမှာ ဝေဒနာသုံးမျိုးရှိတယ်တဲ့၊ အနာသုံးမျိုးရှိတယ်၊ ချမ်းသာတဲ့အနာ၊ ချမ်းသာတာလဲ ဝေဒနာဘဲ၊ ဆင်း

ရဲတာကော .... (ဝေဒနာပါ) အလတ်စားကော... (ဝေဒနာ ပါဘုရား)။

အဲဒီ ဝေဒနာသုံးမျိုးကို ခင်ဗျားတို့က ကြည့်ပြီးသကာလ ပြော... ဝေဒနာကွန်ရှာကြီးဆိုတာ ဒါပါကလား၊ ဒီဝေဒနာတွေ သည်ကားလို့ ဆိုယင် မပိုင်တာတွေချည့်ပါလား တကိုယ်လုံးထဲ မှာ....(မှန်ပါ့)။

နေကောင်းသလား... လို့ ဦးသံဒိုင် မေးယင် ဘယ့်နှယ်ပြော မလဲ ကောင်းတယ်...၊ ခင်ဗျားသွားနိုင်လို့ ကောင်းတာလား ဒီတရားဟာ ဟုတ်လား- မပိုင်တဲ့ဝေဒနာပေါ်တာလား ဆိုယင် ဘယ့်နှယ်ပြောမလဲ... (မပိုင်တဲ့ဝေဒနာပေါ်တာပါဘုရား)။

ကောင်းရုံကနေ တခါ ခေါင်းကိုက်, လည်နာကလေးက လာပြန်တယ်ဆိုတော့ကော ဒါ... ပိုင်တာလား-မပိုင်တာလား.... (မပိုင်တာပါဘုရား) မပိုင်တာ လာတယ်။

ဒီမပိုင်တာကလေးဟာလဲ ကိုယ်ခေါ်လို့ လာတာမဟုတ်ဘူး၊ ကိုယ်က နှင်ထုတ်လို့ သွားမှာလဲ မဟုတ်ဘူး...၊ သူ့သဘောနဲ့ သူဖြစ်ပြီး သွားတာဘဲ....(မှန်ပါ့) ဒါဖြင့် အနတ္တဘဲ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

တခါ အလတ်စားကလေး ပေါ်လာပြန်တယ်- နေကောင်း တယ်လဲ မဟုတ်ဘူး-မကောင်းဘူးလဲ မဟုတ်ဘူးဘုရာ့၊ ဒီလိုနေရ တာဘဲ ဆိုတော့ အဲဒီ့ အလတ်စားကလေး ပေါ်လာယင်လဲ ခင်ဗျားတို့ ပေါ်ချင်လို့ပေါ်တာလား-မပိုင်လို့ပေါ်တာလား-

(မပိုင်လို့ ပေါ်တာပါဘုရား) ပျောက်သွားပြန်တော့ကော ပိုင်လို့ ပျောက်တာလား- မပိုင်လို့ ပျောက်တာလား.... (မပိုင်လို့ ပျောက်တာပါဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ဝေဒနာသုံးပါးကို လမ်းသွားရင်း သဘော်ပေါ်မှာ လှည့်ရှုပေး....(မှန်ပါ့) ရှုသွားတော့ မပိုင်တာက အနုတ္တ၊ မပိုင်တဲ့ဝေဒနာတွေက အနုတ္တပေါ့.... (မှန်ပါဘုရား)။

ဒါကလေး ရှုပါဆိုတော့ ရှုလိုက်တဲ့အခါကျလို့ ရှိယင် မြင်တယ်၊ ဩော်.... ဒါကလေးဟာ အခုပေါ် အခုပျောက်တာဘဲ၊ ချမ်းသာတာပေါ်လဲ အခုပေါ်-အခုပျောက်တာဘဲ၊ ဆင်းရဲတာကလေးပေါ်ယင်ကော....(အခုပေါ် အခုပျောက်တာပါဘဲ) အလတ်စားကလေးပေါ်ယင်ကော.... (အခုပေါ် အခုပျောက်တာဘဲဘုရား)။

အခုပေါ်အခုပျောက်တာဘဲလို့ သိသိ-သိသိပြီးသကာလသွားတော့ခင်ဗျားတို့မှာတဲ့အနုတ္တ၊သဘော်ပေါ်သွားယင်းဘဲမပိုင်တာက အနုတ္တ၊မပိုင်မှန်းသိတာက မဂ္ဂဆိုတော့ ဩော်....သဘော်ပေါ်တွင်ဘဲ ဒုံ-မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရနိုင်ပါကလားဆိုတာ နှလုံးသွင်းသွားရမယ်....(မှန်ပါ့)။

ဒီအတိုင်း မသွားလိုက်ပါနဲ့၊ မြေစာရင်းမင်းကြီးလဲ ဒီအတိုင်း မသွားပါနဲ့နော်....(မှန်ပါ့ဘုရား) မပိုင်တာကြည့်သွားကြပါ... (မှန်ပါ့)။

သွားတဲ့အခါကျလို့ရှိယင်ဖြင့် ညြော်.... မပိုင်တာက ခန္ဓာကိုယ်ထဲမှာချမ်းသာတာ,ဆင်းရဲတာ,အလတ်စား ဒီသုံးခုဘဲပေါ်မယ်၊ဒီ့ပြင် ပိုပြီးပေါ်စရာမရှိဘူး၊ ဝေဒနာသုံးပါးရှိတာကိုး... (မှန်ပါ့)ချမ်းသာတာရယ်, ဆင်းရဲဘာရယ်, အလတ်စားရယ်။

ဒါပေါ်တိုင်း- ပေါ်တိုင်း ခင်ဗျားတို့ ပေါ်ချင်လို့ပေါ်တာလား- သူ့သဘောနဲ့သူ ပေါ်တာလား.... (သူ့သဘောနဲ့သူပေါ်လာတာပါ)ဒါဖြင့် သူ့သဘောနဲ့သူ ပေါ်လာလို့ရှိယင် ခင်ဗျားတို့လုပ်ထားတာ မဟုတ်သောကြောင့် ခင်ဗျားတို့နဲ့ မဆိုင်သောကြောင့် ခင်ဗျားတို့မပိုင်တဲ့ အနတ္တ... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ သူက အနတ္တ၊ သူ့ကိုသိတဲ့ဉာဏ်က မဂ္ဂသွားဖြစ်မယ်....(မှန်ပါ့)မဂ္ဂဖြစ်သွားတဲ့အခါ ကျလို့ရှိယင်ဖြင့် ညြော်.... အနတ္တသိမှ မဂ်ရသကိုး၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘာတဲ့တုံး.... (အနတ္တသိမှ မဂ်ရပါတယ်) အနတ္တသိမှမဂ်ရမယ်၊ အဲဒီတော့ အနတ္တတွေက မရှိလို့လားတဲ့- မသိလို့လား.... (မသိလို့ပါ)ရှိလျက်နဲ့ မသိဘူး....(မှန်ပါ့)သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါ မရှိတာလား- မသိတာလား....(မသိတာပါ) ဒါဖြင့် ရှိတာကို မသိတာ....(မှန်ပါ့) မဆိုနိုင်ကြဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

ရှိတာကိုမသိလို့ရှိယုင် ခင်ဗျားတို့သည် ရှိတာကဘယ်မှာတုံးဆိုတော့ ဒီခန္ဓာထဲမှာ....(မှန်ပါ့) မသိတာက ဘာ့ကြောင့်ဆိုတော့

ခင်ဗျားတို့ခန္ဓာထဲမှာ အဝိဇ္ဇာက မသိတာ... (မှန်ပါ့) အဝိဇ္ဇာက မသိတော့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာဏံ" သူဟာ အပါယ်ကျအောင်သွားတာဘဲ....(မှန်ပါ့ဘုရား)။

ရှိတာကို မသိတာဟာ ဘယ်လောက် ဆိုးသွားတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရှိတာသိပြန်တော့လဲတဲ့ ဒါဟာ မပိုင်တာရှိတယ် ဆိုပြီး နောက်က ဉာဏ်အသိကလေး လိုက်လိုက်ပေးပါ၊ မပိုင်တာက အနတ္တ၊ သိတာက မဂ္ဂသွားဖြစ်တဲ့ အခါကျတော့ ကို မဂ်ဆိုတာက အဝိဇ္ဇာလား-ဝိဇ္ဇာလား မေးယင် ဦးသုံ့ဒိုင်.... ဘယ့်နှယ်ဖြေမလဲ....(ဝိဇ္ဇာပါ) ဝိဇ္ဇာဆိုတော့ အဝိဇ္ဇာချုပ်တယ် (မှန်ပါ့ဘုရား)။

အဝိဇ္ဇာချုပ်ကတည်းက 'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော' ဆိုတော့ ဟိုဘက်မှာ နိဗ္ဗာန်ဘဲရှိတော့တယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သဘော်ပေါ်စီးပြီး ဒီလိုဘဲ စကားတအေးအေးနဲ့ ပြောပြီးသွားကြမလား၊ ဝေဒနာသုံးပါးလှည့်ရှုကြမှလား....(ဝေဒနာသုံးပါး လှည့်ရှုကြပါမယ်ဘုရား)။

လှည့်ရှုရမယ်၊ သုခပေါ်လဲ ဒါမပိုင်တာဘဲ၊ ဒုက္ခပေါ်ကော (မပိုင်တာပါ) ယားတာ, နာတာတွေ ပေါ်လဲ ဒုက္ခတွေကိုးဗျ၊ ဒါမပိုင်တာတွေဘဲ... (မှန်ပါ့) အလတ်စားကလေး နေမိ, ထိုင်မိ ပြန်ယင်ကော...(မပိုင်တာပါ) မပိုင်တာဘဲ ဒါဥပေက္ခာပေါ့ဗျာ နော်....(မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့ရှုရှု ရှုရှုပြီးသကာလ သွားလို့ရှိယင်ဖြင့် အနတ္တနဲ့ မဂ္ဂနဲ့ကိုက်တယ် (မှန်ပါ့)သဘောပါပလား ... (ပါ-ပါပြီဘုရား)။

အနတ္တနဲ့ မဂ္ဂနဲ့....(ကိုက်ပါတယ်) ကိုက်အောင်သွားပါ ... (မှန်ပါ့ဘုရား)သွားတဲ့အခါကျလို့ရှိယင် ခင်ဗျားတို့ဗန်းမော်မရောက်ခင် ကသာမရောက်ခင် အပါယ်လေးပါး တံခါးပိတ်နိုင်တယ်....(မှန်ပါ့) သိပ်ကျေးဇူးများပါတယ်နော် .... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီဟာကလေး နှလုံးသွင်းသွားလို့ရှိယင် ခင်ဗျားတို့မှာ ဘာဖြစ်သလဲလို့ မေးတဲ့အခါကျတော့ မဂ်ကလေးပေါ်လာတယ်ဆိုယင် နောက်ကပြုထားတဲ့ အကုသိုလ်တွေဘာတွေကို ဘာမှုမကြောက်နဲ့၊ မဂ်ကနေပြီး ကြေးဆပ်သွားတာဘဲ .... (မှန်ပါ့ဘုရား)။

အပါယ်သွားမည့်ဥစ္စာကို... (မဂ်ကကြေးဆပ်ပါတယ်) နတ်ပြည်,ဗြဟ္မာ့ပြည်သွားမည့် ဒုက္ခသစ္စာတွေကော(မဂ်က ကြေးဆပ်သွားပါတယ်ဘုရား)။

မဂ်ကဘဲ ကြေးဆပ်သွားတယ်၊အဲဒီဒုက္ခတွေလဲ လူ့ချမ်းသာ, နတ်ချမ်းသာဆိုတာ ဒုက္ခသစ္စာတွေ၊ အဲဒါတွေကိုလဲ မဂ်ကဘဲ ဖြတ်ပေးသွားမယ်။

ဒါ့ကြောင့် ခင်ဗျားတို့ သြော်....ဒီခန္ဓာကြီးဟာ အကြောင်းလေးပါးက ပြုပြင်ထားလို့ ပေါ်နေတဲ့ဓမ္မတွေဖြစ်သောကြောင့်

အနတ္တ....(မှန်ပါ့)အဲ့ဒီအနတ္တပေါ်တိုင်း ပေါ်တိုင်း အနတ္တဉာဏ် နောက်ကလိုက်ပါ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(အနတ္တပေါ်တိုင်း- ပေါ်တိုင်း အနတ္တ ဉာဏ်နောက်က လိုက်ရပါမယ်ဘုရား)။

အနတ္တဉာဏ် နောက်ကလိုက်လို့ရှိယင်ဖြင့် ဒီတကာတကာမ တွေ့မှာ အနတ္တ- အနတ္တဉာဏ် (မှန်ပါ့) အနတ္တ-မဂ္ဂဆိုယင်ကော အတူတူဘဲ(မှန်ပါ့) အနတ္တနဲ့-အနတ္တဉာဏ်လိုက်ယင်လဲ ပြီးတာဘဲ (မှန်ပါ့ဘုရား)။

အနတ္တနဲ့- မဂ္ဂနဲ့ဖြစ်သွားယင်လဲ.... (ပြီးပါတယ်) ပြီးတာဘဲ ဆိုတော့ နောက်ခန္ဓာလာမည့် ပဋိစ္စသမုပ္ပါဒ် ရှိသေးရဲ့လား.... (မရှိပါဘုရား)။

မရှိလို့ရှိယင် အပါယ်လေးပါး ခန္ဓာကော လာစရာရှိသေး ရဲ့လား....(မရှိပါ) ဒါလဲ မလာဘူး၊ အပါယ်ဒုက္ခတွေလဲကျတ် သွားပြီ၊ သုဂတိဒုက္ခတွေကော....(ကျတ်သွားပါပြီဘုရား)။

ကျတ်သွားတယ်ဆိုသဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင် ဩော်....အသွားကောင်းပါကလား၊မဆိုနိုင်ဘူးလား - (ဆိုနိုင်ပါ တယ်ဘုရား)။

အပါယ်လေးပါး တံခါးပိုတ်တဲ့လမ်းကို ဒို့ဘုရားဟောလဲ ဒီဟာဟောမှာဘဲ... (မှန်ပါ့)အခုဆရာသမားတွေ့လို့ ပြောပြန်လဲ ဒါဘဲပြောတယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ခန္ဓာကိုယ်ထဲမှာ ယားလဲ အနတ္တရှု.... (မှန်ပါ့) နာယင်ကော....(အနတ္တရှုရပါမယ်) ခံသာတာကလေး ပေါ်လာ

ယင်ကော....(အနတ္တရှုရပါမယ်) အလတ်စားကလေး ပေါ်လာ ယင်ကော....(အနတ္တရှုရပါမယ်)အနတ္တချည်ဘဲ၊ဒါ-ကိုယ်လုပ်လို့ တခုမှ ပေါ်လာတာမဟုတ်ဘူးဆိုတာ သိပြီးသားဖြစ်နေတယ် (မှန်ပါ့ဘုရား)။

အဲဒီ အနတ္တဉာဏ်နဲ့ကြည့်လိုက်ယင် ခန္ဓာကိုယ်ကြီးမှာ ကိုယ်ပိုင်, ကိုယ်ဆိုင်ရှိသေးရဲ့လား....(မရှိပါ) မရှိတော့ ဒီခန္ဓာကိုယ်ကြီးကို ကိုယ်ပိုင်, ကိုယ်ဆိုင်မရှိတဲ့ပုဂ္ဂိုလ်က လိုချင်သေးရဲ့လား (မလိုချင်ပါ) မလိုချင်ယင် တဏှာချုပ်တယ်....(မှန်ပါ့)။

တဏှာချုပ်ယင် ဥပါဒါန်ကဒီကော.... (ချုပ်ပါတယ်ဘုရား) ဥပါဒါန်ချုပ်ယင်....(ကံချုပ်ပါတယ်) ကံချုပ်သွားယင် ဟိုဘက် ဇာတိ,ဇရာ,မရဏကကော .... (မလာတော့ပါ) အဲဒါ နိဗ္ဗာန်ဘဲ ဆိုတာကော မဒေသချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ သေသေချာချာ ကြိုးစားယင် ဒီဥစ္စာ သဘော်ပေါ်မှာဘဲ ကိစ္စပြီးနိုင်တယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာဒပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြား ဆုံးမတော်မူသော

လူမိုက်နဲ့ လူလိမ်မာထူခြားပုံ

မဂ္ဂပြဟ္မစံရိယ အကျင့်မှတပါး အားကိုးစရာ မရှိကြောင်း

ညအလုပ်ပေး တရားတော်

(၃၀ - ၄ - ၆၂)

ဒီနေ့တော့ ဥပုသ်နေ့ကြီးမို့ မှန်မှန်ကန်ကန်နဲ့ နက်နက်နဲနဲဘဲ ပြောရမယ်... (မှန်ပါ့)။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ကြီးမှာ တကာ တကာမတွေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သိစေချင်တာနဲ့ ရဟန်းတွေကို မေးလိုက်တယ်၊ကဲ့... တဲ့ လောကကြီးမှာ လူမိုက်ဆိုတဲ့ပုဂ္ဂိုလ်လဲ နောက်ဘဝက မသိတဲ့ အဝိဇ္ဇာ,သစ္စာမသိတဲ့ အဝိဇ္ဇာကြောင့် တဏှာနဲ့ ဆုတောင်းပြီးတော့ ထိုက်တန်တဲ့ အလှူကလေး လှူပြီး လှူဖြစ်လာကြတယ်ကဲ့....တဲ့။

အဝိဇ္ဇာက သစ္စာမသိဘူးဆိုပါ့ဗျာ... ၊ အနာဂတ်ဘဝ ဘာဖြစ်လိမ့်မယ်လို့ သိရဲ့လား... (မသိပါဘုရား)။

အနာဂတ်ဘဝမှာ အို, နာ, သေ လာလိမ့်မယ်လို့ သူ မသိဘူး၊ မသိတာနဲ့ဘဲ အဝိဇ္ဇာနဲ့ မသိတာနဲ့ တဏှာက လှူ့ဘဝတော့ သားရေး, သမီးရေး ရှုပ်လှတယ်၊ နတ်ဘဝ အေးပါတယ်ဆိုပြီး

သကဲ့သ နတ်ဘဝရောက်ခြောင်း ကုသိုလ်တွေ့ လုပ်တဲ့ပြီး သကာလ နတ်ပြည်ဆုတောင်းတယ်၊ သေသည်၏ အခြားမဲ့ဌ် နတ်ကောင် ဖြစ်လာတယ်၊ ဒါ သစ္စာမသိတဲ့ လူတဲ့....၊ ဦးအောင် ဇံဝေ....ရိပ်မိပလား....သစ္စာမသိလို့ ဖြစ်ရတယ်.... (မှန်လှပါ ဘုရား)။

ကဲ....လူလိမ်မာမှာလဲကွာ...တဲ့ နောက်ဘဝက ဒီလိုဘဲ သစ္စာ မသိဘူး၊ မသိတာနဲ့ဘဲ ကုသိုလ်ပြုပြီးသကာလ လူ့ဘဝ လိုချင် လို့ လူ့ဘဝရတာဘဲ။

ဒီဘဝတော့ သူ လိမ်မာပါတယ်တဲ့၊လိမ်မာပင် လိမ်မာငြား သော်လဲ နောက်ဘဝကတော့ အဝိဇ္ဇာ တဏှာကြောင့် သူဒီဘဝ လူဖြစ်တာဘဲတဲ့....(မှန်ပါ)။

လူမိုက်မှာလဲ နောက်ဘဝကမသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်တဲ့ ကုသိုလ် ပြုလာပြီး ဆုတောင်းတဲ့ တဏှာကြောင့် လူဖြစ်လာ တာဘဲ၊ အဲဒီလူနှစ်ယောက် ဘာထူးသတုံး....တဲ့ (မထူးပါ ဘုရား)။

မထူးဘူး၊ ဒီဘဝမှာသာ ထူးတယ်၊ ဗာလပဏ္ဍိတသုတ်တဲ့၊ ဗာလက လူမိုက်၊ ပဏ္ဍိတက ပညာရှိ၊ သူတို့နှစ်ယောက်ဟာ လာပုံက နောက်ဘဝကတော့ အတူတူဘဲဟေ့ တဲ့....၊ ဒီဘဝကျမှ တယောက်က လူမိုက် ဖြစ်လာတယ်၊ ဘာမှမသိဘဲ့ လူမိုက်၊ တ ယောက်က လူလိမ်မာဖြစ်လာတယ်တဲ့...၊ နောက်ဘဝကတော့ မထူးခဲ့ကြဘူးတဲ့၊ ထူးသေးရဲ့လား....(မထူးပါဘုရား)။

အဝိဇ္ဇာ တဏှာကြောင့် ဖြစ်တာဘဲ၊လူလိမ်မာလဲ ဒါကြောင့် ဖြစ်တာဘဲ၊ ခန္ဓာ ရလာတာ၊ လူမိုက်လဲ အဝိဇ္ဇာ တဏှာကြောင့်

ဒီဘဝ လူခန္ဓာရကြတာဘဲဆိုတော့ ကဲ....အခုဘဲ ရှင်းကြပါစို့ ရှာထဲမှာ တေလေလုပ်ပြီး ဘိန်းရှူနေတဲ့ လူတွေလဲ အဝိဇ္ဇာ တဏှာကြောင့် သူတို့ လူဖြစ်လာတာဘဲ၊ အခု တရားနာနေတဲ့ ဘုန်းကြီးတို့ လူလိမ်မာတွေလဲ နောက်ဘဝကတော့ အဝိဇ္ဇာ တဏှာနဲ့ ဆုတောင်းလာကြလို့ ဒီခန္ဓာကြီး ရကြတာဘဲ-(မှန်ပါ့ ဘုရား) ဘာထူးသတုံးကွာ....တဲ့ ခန္ဓာရပုံချင်း ဘာထူးသတုံးတဲ့၊ ခန္ဓာရပုံချင်းတော့ မထူးပါဘူးတဲ့။

ကဲ...ဒါဖြင့် လာပုံမှာ တူနေကြတယ်ဆိုတာ ရိပ်မိကြပြီနော် (မှန်ပါ) လူမိုက်လဲ အဝိဇ္ဇာ တဏှာကြောင့် လာခဲ့တာဘဲ .... (မှန်ပါ) လူလိမ်မာကော...(အဝိဇ္ဇာ တဏှာကြောင့် လာပါတယ်ဘုရား) အဝိဇ္ဇာ တဏှာကြောင့် လူဖြစ်လာတာဘဲဆိုတာ မောင်မြတို့... မှတ်ထားရမယ်....(မှန်ပါ့)။

ဒီဘဝကျမှ လူမိုက်နဲ့ လူလိမ်မာ နှစ်မျိုးကွဲလာတာတဲ့...၊ နောက်ဘဝက လာပုံကတော့ အတူတူဘဲတဲ့....(အတူတူပါဘဲ ဘုရား) မောင်အောင်ချိုကော ရိပ်မိရဲ့လား....(ရိပ်မိပါတယ် ဘုရား)။

ကွာ....တဲ့ လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးလို့... မင်းတို့ ရဟန်းတွေ ငါ မေးလိုက်ပါတယ်....တဲ့၊ ရဟန်းတွေက မဖြေနိုင်ဘူး၊ ဦးအောင်ဇံ ဝေ....မဖြေနိုင်ဘူး....(မှန်ပါ့)။

တပည့်တော်များဘုရား .... တဲ့၊ ကာယပဿဒ္ဓိ လက်ထက် စိတ္တဝိသုဒ္ဓိ ကာယပဿဒ္ဓိ လက်ထက်ဆိုတော့ ဂေါဘမဘုရား မပဋ္ဌင်ခင်ပေါ့ဗျာ....(မှန်ပါ့ဘုရား) တရားတွေက ကွယ်ပျောက်ပြီး လာတာ မြေကြီးဘဲ ပျမ်းမျှကြေး ဆဲ့သုံးမိုင် တက်လာခဲ့တာ့ တရားကွယ်လာတာက ကြာလှပြီ၊ အခုမေးတဲ့ တရားကို တပည့်

တော်တို့ ဖြေတတ်ဘို့ အင်မတန် ခဲယဉ်းပါတယ်တဲ့၊ အဲဒီတော့ အရှင်ဘုရားဘဲ ဖြေပါ၊ အရှင်ဘုရားဘဲ အားကိုးရာ ရှိတယ်, အရှင်ဘုရားမှ တပါးလဲထုတ်ဖေါ်ပေးမည့်သူ မရှိပါဘူးတဲ့....။

အေး....ဒါဖြင့် ကောင်းကောင်း နာကြားကွာ....တဲ့၊ ရိုရိုသေသေ နာကြားဟေ....ဆိုပြီး ဘုရားက သူဟောမယ်တဲ့....(မှန်ပါ) ရဟန်းတွေကတော့ အဖြေမထွက်နိုင်တော့ဘူး....(မှန်ပါ)။

ဦးဘသန်း...ရိပ်မိပလား...(မှန်ပါ) ကွယ်တာ ကြာခဲ့ပြီတဲ့--စာသာပဘုရားလက်ထက်ကတည်းက ကွယ်ခဲ့တာ၊ အဲဒီတော့... မောင်အောင်ချိုတို့....လှညွှန့်တို့....နောက်က တကာတကာမတွေ သြော်...ကွယ်တာဟာ အခု ပေါ်လာတာဘဲ၊ ပေါ်လာတာကလေး အချိန်မီလိုက်မှ တော်မယ်၊ မဟုတ်ဘူးလား....(မှန်လှပါဘုရား)။

ပေါ်လာတာကလေး မမီလိုက်ယင် သွားရောပေါ့....(မှန်ပါ့ဘုရား) နောက်က တကာတကာမတွေ ပေါ်တာ မမီလိုက်ယင် သွားပြီနော်...(မှန်ပါ) ခင်ဗျားတို့ အခုအချိန်ကလေး မိတယ်လို့ ယူပါ...(မှန်ပါ)။

ကဲ....ငါဟောမယ်ကွာ.. တဲ့၊ လူမိုက်က ဒီဘဝမှာ မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ဘူးကွ....တဲ့၊ လူလိမ်မာက မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်တယ်-တဲ့၊ ဒါ ထူးတယ်ကွ....တဲ့....(မှန်လှပါဘုရား)။

ဒီဘဝမှာ မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်တာက မောင်အောင်ချို....လူလိမ်မာနော်...(မှန်ပါ) မဂ္ဂဗြဟ္မစရိယ အကျင့်ကို မကျင့်တာက....(လူမိုက်ပါဘုရား)။

နောက်က တကာတကာမတွေ့ မှတ်လိုက်ပါ၊ မဂ္ဂဗြဟ္မစရိယ အကျင့်ဆိုတာ အခု ဦးအောင်ဇ ဝတ္ထု....လုပ်နေတဲ့ မင်နဲ့ ရှုနေတဲ့ အလုပ်ဘဲ.... (မှန်ပါ့)ဦးဘသန်း ရိပ်မိပလား .... (မှန်ပါ့) ဒါကိုဟောလာတာ။

အဲဒီတော့ ဒီဘဝမှာ မဂ္ဂဗြဟ္မစရိယအကျင့်ဆိုတဲ့ ဖြစ်ပျက်နဲ့ မင်နဲ့ကိုက်အောင် လုပ်နိုင်တဲ့လူဟာဖြင့် သူကလူလိမ်မာကဲ့တဲ့... (မှန်ပါ့)ဒါရှိမှန်းတောင် မသိတဲ့ပုဂ္ဂိုလ်က(လူမှုက်ပါ)လူမိုက်ဘဲ၊ နောက်က တကာမကြီးတွေ သေသေချာချာမှတ်ပါ....(မှန်ပါ့) အေး... သေသေချာချာမှတ်ကြပါနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မင်းတို့အခု ဆရာဘုန်းကြီးက နေ့တိုင်းခေါ်ပြီး ဆုံးမတယ်၊ မဂ္ဂဗြဟ္မစရိယအကျင့် မကျင့်ဘဲနေတဲ့ အချိန်ဟာ ဘာချိန်ဘာလိမ်မတုံးလို့ ကိုယ့်ကိုယ် ကိုယ် နာရီနဲ့ဝေဘန်လိုက်တာပေါ့နော်....(မှန်ပါ့) မိုက်ချိန်ဘဲ...(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ပြီးသကာလ ဖြစ်ပျက်နဲ့ မင်နဲ့ ကိုက်အောင်လုပ်တဲ့ အချိန်ဟာ လိမ်မာတဲ့အချိန်.... (မှန်ပါ့) ရှင်းကြပလား ... (ရှင်းပါပြီ) ဒါဖြင့် မိုက်ချိန်- လိမ်မာချိန်လဲ မင်းတို့ခွဲတတ်ကြပလား....(ခွဲတတ်ပါပြီဘုရား)။

မိုက်ချိန်-လိမ်မာချိန်လဲ ခွဲတတ်ပါပြီတဲ့၊ဒါဖြင့် လိမ်မာတော့ ဘယ်လိုအကျိုးရှိသတုံး- မိုက်တော့ ဘယ်လိုအကျိုးပျက်စီးသတုံး လို့ ဟခါမေးဘို့လိုလာသေးတယ်....(လိုပါတယ်ဘုရား)။

လိမ်မာတဲ့ပုဂ္ဂိုလ်ကကဲ့သာတဲ့ မဂ္ဂဗြဟ္မစရိယအကျင့်ကိုကျင့်လိုက်တော့ နောက်အပါယ်ပဋိသန္ဓေ အပါယ်နေဘို့၊ နတ်ပြည် ပဋိသန္ဓေနေဘို့၊ ဗြဟ္မာ့ပြည်ပဋိသန္ဓေနေဘို့မရှိဘူးကဲ့တဲ့.... (မှန်ပါ)

ဇာတိ ဒုက္ခသစ္စာတွေ ရှိသေးရဲ့လား....(မရှိပါဘုရား) မရှိတော့ ဇရာ ဗျာဓိတွေလောဉီးမလား....(မလာပါဘုရား)။

သြော်....ဒါဖြင့် လူမိုက်က နောက်ပဋိသန္ဓေနေတယ်-(မှန်ပါ့ဘုရား) လူလိမ်မာက....(မနေပါဘုရား) နောက်ပဋိသန္ဓေ မနေဘူးတဲ့... (မှန်ပါ့ဘုရား)ကဲ....ရှင်းမသွားဘူးလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီနားလည်မှု အကျယ်တဝင့် ပြောကြပါစို့ဆိုတဲ့ အခါကျတော့ လူမိုက်က နောက်ဒုက္ခရတယ်...၊ လူလိမ်မာက နောက်ဒုက္ခမရဘူး (မှန်ပါ့) ဦးဘသန်း ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

နောက်က တကာတကာမတွေ ဘာတဲ့တုံး.... (လူမိုက်က နောက်ပဋိသန္ဓေဒုက္ခရပါတယ်) အေး....လူမိုက်က နောက် ပဋိသန္ဓေဒုက္ခရမယ်....၊ လူလိမ်မာက ဒုက္ခဇာတ်သိမ်းသွားတယ်....(မှန်ပါ့) မကွာခြားဘူးလား. (ကွာခြားပါတယ်ဘုရား)။

အဲဒါ ... မဂ္ဂဗြဟ္မစရိယအကျင့်- ကျင့်တဲ့ပုဂ္ဂိုလ်နဲ့ မကျင့်တဲ့ပုဂ္ဂိုလ် ကွာခြားတယ်ကွာ....တဲ့ (မှန်ပါ့) ကဲ ...မောင်အောင်ချိ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သြော်....ဒါဖြင့် ဒို့ဆရာဘုန်းကြီးပြောနေတာ ဒို့ဒုက္ခသိမ်းဘို့ သူပြောနေရှာတာကိုး၊ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား) ဒုက္ခသိမ်းဘို့ဟောနေတာ။

နောက်က တကာတကာမတွေ ဘာဟော့နေတာတုံး၊ ဒုက္ခသစ္စာသိမ်းဘို့နော်....(မှန်ပါ့) ဒုက္ခက ဆင်းရဲတာ၊ သစ္စာက

မှန်တာဆိုသဖြင့် ဆင်းရဲတာ အမှန်ကြီးမလာယင် ဒါ-ပြီးသွားတာဘဲ၊ ၁ ၁ ၁ ၁ ၁ ၁ း ...(မှန်ပါ့)။

သြော်.... ဒါဖြင့် ဒီလမ်းဟာ လမ်းမှန်ဘဲ....၊ မဂ္ဂဗြဟ္မစရိယ အလုပ်ကို လုပ်မှသာလျှင် လူလိမ်မာဖြစ်ပြီး နောက်ဇာတ်သိမ်းမှာဘဲ....(မှန်ပါ့) မောင်အောင်မြ မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ယင် မင်း-လူလိမ်မာလဲ မဖြစ်ဘူး၊ နောက်ဒုက္ခကော.... (လာဦးမှာပါဘဲဘုရား) နောက်ဒုက္ခလဲ မသိမ်းနိုင်တော့ဘူး၊ ရိပ်မိကြပလား... (ရိပ်မိပါပြီဘုရား)။

သြော်....ဒါဖြင့် ယနေ့ ဆရာဘုန်းကြီးက အားကိုးရာအစစ် ပေးနေတာပါကလား.... (မှန်ပါ့) ဦးဘသန်း ဘယ့်နှယ်ဆိုပါ့မလဲ.... (အားကိုးရာအစစ်ပေးနေတာပါဘုရား)အားကိုးရာအစစ် ပေးနေတာ၊ အားကိုးရာအစစ်နဲ့ ချမ်းသာအစစ်ကို ပေးနေတာ-(မှန်ပါ့)။

အားကိုးရာအစစ်နဲ့ ချမ်းသာအစစ်ကို ဒီလိုလုပ်ပါက...လို့ ပေးပြီးနေတော့ အင်း .... တော်သေးရဲ့ .... တော်သေးရဲ့၊ ဘယ်တော့မှ မသိမ်းနိုင်တဲ့ဒုက္ခကို သိမ်းဘို့ရာ နည်းလမ်းပြပြီး ထားတော့ မဂ္ဂဗြဟ္မစရိယအကျင့်- ကျင့်ရမတဲ့၊ နို့မဟုတ်လို့ ရှိယင်ဖြင့် ဒီဘဝသေပြီးလဲ နောက်ဘဝကျလဲ သေရုံဘဲ....(မှန်ပါ့ဘုရား) ဒီဘဝနာပြီးကော....(နောက်ဘဝနာရမှာပါဘဲဘုရား) ဒီဘဝအိုပြီးတော့ကော.... (နောက်ဘဝလဲ အိုရမှာပါဘဲဘုရား) အိုရမှာဘဲ၊ ဒီဘဝ ပဋ္ဌိသန္ဓေဆင်းရဲ့နဲ့ကြုံပြီးပြန်ကော...(နောက်

လဲ ကြုံရမှာပါဘုရား) နောက်လဲ ကြုံရဦးမှာဘဲ... (မှန်ပါ့ဘုရား) သူ့မှာ ဆင်းရဲလက်စပြတ်ကဲ့လား.... (မပြတ်ပါဘုရား) ဆင်းရဲလက်စ မပြတ်ဘူး။

အဲဒီတော့ကို ဆင်းရဲလက်စပြတ်ချင်ကြလို့ရှိယင်ဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်-ကျင့်မှ ပြတ်မယ်... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘာလုပ်ကြရမလဲ....(မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်ရပါမယ်) **မဂ္ဂ,က=မင်၊ဗြဟ္မစရိယ,က=မြတ်တာ၊ မြတ်တဲ့မင်အကျင့်ကိုကျင့်**ပါ....(မှန်ပါ့) ဆိုတော့ လှည့်ဖွဲ့တို့ ကျေနပ်ဘို့ကောင်းပါတယ်-(မှန်ပါ့)။

သြော်... ဒါဖြင့် မဂ္ဂဗြဟ္မစရိယ အကျင့်မှုတုပါး ဒို့ကို ကယ်မည့်သူ, ယူမည့်သူမရှိဘူးဆိုတာ ယနေ့ ပေါ်သွားတယ်(မှန်ပါ့) မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် နောက်ပိုင်း တွင်းတူးသလို ဖြစ်နေမှာ စိုးရတယ်၊ နောက်ပိုင်း တွင်းတူးတာ ဒီနှစ်တူးပြန်တော့လဲ ဒီကွေ့ဘဲတူးတာဘဲ၊ နောက်နှစ် ဘယ်နေရာတူးမှာတုံးက လို့မေးပြန်တော့ ဒီမြေထပ်တင်မှာဘဲ၊ ပြိုကျတဲ့မြေထပ်တင်ဘာဘဲ ဆိုတော့ သူဟာ မောသာမောနေရတယ် လိုရင်းကိုစပြီးပါ့မလား (မပြီးပါဘုရား)။

မောင်အောင်မြ မင်းလဲ မြင်မှာပေါ့ကွာ.... တနှစ်တော့လဲ ဒီစာတိုက်ကွေ့တူးနေတာဘဲ၊ နောက်တနှစ် လာပြန်တော့ကော ဒီစာတိုက်ဘဲ ဒါ-ထပ်တူးနေတာဘဲ။

အဲဒီလိုဖြစ်ပြီးသကာလနေတော့ ဒီတကာတကာမတွေ့မှာလဲ တနေ့သေသလဲ အမိဝမ်းခေါင်းထဲရောက်လိုက်, အိုလိုက်, နာလိုက်, သေလိုက်၊ နောက်ဘဝကျပြန်တော့လဲ အမိ ဝမ်းခေါင်းထဲ ရောက်လိုက်, အိုလိုက်, နာလိုက်, သေလိုက်ဆိုတော့ သြော်....ဒီမှာ ချို့ယွင်းချက် ရှိလို့ဘဲဆိုတာ ပေါ်ရမယ်.... (ပေါ်ပါတယ် ဘုရား)။

ဒီအိုလမ်း, နာလမ်း, သေလမ်းကို မသိမ်းနိုင်တာ, ပူဆွေးလမ်းကို မသိမ်းနိုင်တာ, စိုးရိမ်လမ်းတွေ့ မသိမ်းနိုင်တာ, သားဒုက္ခ-သမီးဒုက္ခတွေနဲ့ အမျိုးမျိုးကြုံပြီးသကာလ စိတ်မချမ်းသာခြင်း, လက်မချမ်းသာခြင်းကြုံရတာတွေဟူသ၍ ခန္ဓာရှိလို့ ခန္ဓာပွားတာ (မှန်ပါ) ခန္ဓာပွားလို့ ဒုက္ခလားတာ....(မှန်ပါ) ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်ဘုရား)၊

ဒါဖြင့် မြေးမိလို့ ဒုက္ခရောက်တာ၊ မဆိုနိုင်ကြဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (မြေးမိလို့ ဒုက္ခရောက်တာပါဘုရား) မြေးမိလို့ ဒုက္ခရောက်တာ....(မှန်ပါ)။

မြေးမိအောင် ဘယ်သူက လုပ်သတုံးလို့ မေးတဲ့အခါကျတော့ မိမိကဘဲ လူဖြစ်ရပါလို့၏၊ နတ်ဖြစ်ရပါလို့၏ ဆုတောင်းတယ် သားသမီးပွားလာအောင်....(မှန်ပါ)။

ဒါဖြင့် ခလေးအပြစ်လား-လူကြီးအပြစ်လား(လူကြီးအပြစ်ပါဘုရား) ပေါ်ပြီကွ။

နောက်က တကာတကာမတွေ့ ခလေးအပြစ်လား- လူကြီးအပြစ်လား .. (လူကြီးအပြစ်ပါဘုရား) ကိုယ်ကခန္ဓာရအောင် တောင်းမိလို့ ခန္ဓာပ့ားပေါ်လာတာ... (မှန်ပါ့)။

ခန္ဓာပ့ားပေါ်လို့ဘဲ ဒုက္ခရောက်ရတယ်ဆိုတော့ မင်းတို့က တေ့းနေတာက ခလေးတွေ့ကဘုရား....အခုကာလ ခလေးတွေ့က မလိမ်မာဘူး... တဲ့၊ ကိုယ်မလိမ်မာတာကိုတော့လဲ ထည့်စဉ်းစားတာမဟုတ်ဘူး... (မှန်ပါ့ဘုရား) ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်ဘုရား)။

ကဲ.... ဘယ်သူကစ,ပြီး မလိမ်မာတာတုံ့း....၊ ကိုယ်ကစ,ပြီး မလိမ်မာတာ မောင်အောင်မြရဲ့...၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရာ)။

နောက်က တကာမကြီးတွေကော... (ကိုယ်ကစ,ပြီးမလိမ်မာတာပါဘုရား) ကိုယ်ကစ,ပြီး မလိမ်မာတာကို အို....အခု သားသမီးတွေ ခလေးတွေများတော့ တပည့်တော်တို့ ရုံပါ့· မ့ုံးပါ့၊ အမေမီဘ ဆရာသမားစကား တလုံးမှ နားတောင်တာ မဟုတ်ဘူး၊ ထင်ရာသွားနေကြတာဘဲ....။ ဒုက္ခဘဲ သူတို့နဲ့ နေရတာ၊ နောက်များ မတွေ့ပါရစေနဲ့။

ဟာ....မလုပ်ကြနဲ့ လေကွာ၊ မင်းတို့က ခန္ဓာဆုတောင်းတော့ တွေ့ဦးမှာဘဲ... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ .. (ခန္ဓာဆုတောင်းယင် တွေ့ဦးမှာပါ)ခန္ဓာဆုတောင်း တွေ့ဦးမှာဘဲ။

ဒါ့ကြောင့် ယနေ့ည လှည့်ဖြန့်တို့ မန္တလေးကိစ္စရှိတယ်၊ မောင်

အောင်မြက မန္တလေးကိုစွဲရှိတယ်၊ အဲဒါ သူတို့အပြစ်ကို ဆိုကို မဆိုနဲ့....(မှန်ပါ့)ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘယ်သူ့အပြစ်လဲ....(ကိုယ့်အပြစ်ပါ) ကိုယ့်အပြစ်ပါကွ၊ ဒါဖျောက်ပစ်ကြပါလို့ဆိုတာ နှစ်ဦးစလုံးဘဲ သတိပေးတယ် .... (မှန်ပါ့ဘုရား)။

ကိုယ်ကမဂ္ဂဗြဟ္မစရိယအကျင့် မကျင့်လို့ ကိုယ့်ခန္ဓာပေါ်လာတယ်၊ ကိုယ့်ခန္ဓာပေါ်လို့ မနေနိုင်ကြတော့ ခန္ဓာအပ္ပားတွေက မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာတွေဟာ ဘယ်သူက စ,မိုက်လို့ မိုက်တာတွေ တိုးလာတာတုံးဆိုတော့ ရှင်းသွားတယ်....(မှန်ပါ့) မရှင်းသေးဘူးလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ကိုယ်ကစပြီး မိုက်ပြီး ခန္ဓာဆုတောင်းမိတဲ့ အတွက် ခန္ဓာပ္ပားတွေလာတယ်.... (မှန်ပါ့)ခန္ဓာပ္ပားတွေအတွက် စိတ်မချမ်းသာ,လက်မချမ်းသာ ထိုက်တန်သလောက် ဖြစ်ကြရတယ်-(မှန်ပါ့)မဖြစ်ကြရဘူးလား... (ဖြစ်ကြရပါတယ်ဘုရား)။

ဖြစ်ကြတော့ မင်းတို့က တဖက်စောင်းကြီး ရန်တွေ့တယ်.... (မှန်ပါ့) တဖက်စောင်းဆိုတာ ရိပ်မိလား၊ ကိုယ့်အကောင်းထားတယ်၊ သူတို့အဆိုးထားတယ် .... (မှန်ပါ့) စင်စစ်တော့ဖြင့် ကိုယ်ဆိုးပြစ်ကြောင့် ဆိုးမှုတမျိုးပေါ်တယ်....(မှန်ပါ့)။

မောင်အောင်မြ ရိပ်မိပလား... (ရိပ်မိပါပြီ)အဲဒါ နှလုံးသွင်းပါဆိုတာကို ဆရာသမားကလဲ ယနေ့သတိပေးတယ် (မှန်ပါ့)

မပေးရဘူးလား....(ပေးရပါတယ်) နင်တို့လဲ ဒုက္ခလက်စမသတ်သေးပါဘူး၊ မောင်အောင်မြလဲ ဒုက္ခတွေ့နေတာဘဲ၊ဟာ....ဘာဖြစ်လို့ တွေ့တာတုံးမေးတော့ ဟာ....ကိုယ့်မိုက်ပြစ် .. (မှန်ပါ့)။

ဦးအောင်ဇံ၀ ရိပ်မိပလား....(ရိပ်မိပါပြီ)ခင်ဗျား ဂျာမဏီရှိတဲ့သားအတွက် တခါတခါလှမ်းပူချင်ပူတယ်-ဟင်... (မှန်ပါ့) အိမ်ရှိတဲ့သမီးအတွက်လဲ ပူချင်ပူလိုက်သေးတယ်....(မှန်ပါ့)။

အင်း....သူက မလိမ်မာလို့ ခင်ဗျားက ဘုန်းကြီးလျှောက်ချင် လျှောက်ဦးမှာ....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အခုမှ လက်သည်ပေါ်လာတာ.... (မှန်ပါ့) မောင်အောင်ချို တို့ကော ဘယ့်နှယ်တုံး- လက်သည်ပေါ်ပလား.... (ပေါ်ပါပြီ) ပေါ်ပြီ၊ အရင်းကျကျရှာမှက္ခ၊ နို့မို့ တဖက်စောင်းကြီး မင်းတို့ဥစ္စာက၊ လှည့်ဖြားတို့မျှဲ့ တဖက်စောင်းကြီးဖြစ်နေလို့ ပြောရတာ၊ တဖက်စောင်းဟာ ကြည့်လို့ကိုမကောင်းဘူး၊ကောင်းရဲ့လား....(မကောင်းပါဘုရား)။

ဒါဖြင့် တဖက်မစောင်းကြပါနဲ့တဲ့၊ ကိုယ့်ဟာကိုယ် အယင်တည့်လိုက်ယင် ဟိုဟာစောင့်စရာ မလိုတော့ဘူး.... (မှန်ပါ့) လိုသေးသလား....(မလိုပါ) သားတွေ,သမီးတွေ တည့်စရာလို့သေးသလား.... (မလိုပါ့) ကိုယ့်ဟာ အယင်တည့်ပစ်လိုက်....(မှန်ပါ့ဘုရား)။

ကိုယ်ကနေ မဂ္ဂဗြဟ္မစရိယအယင်ကျင့်ပစ်လိုက်တော့ မောင်အောင်မြ ခန္ဓာပ,ားလာသေးရဲ့လား .... (မလာပါ)မလာလို့

ရှိယင်ဖြင့် ကိုယ်ကတည့်ပစ်လိုက်တဲ့အတွက် သူဇာတ်သိမ်းသွားတာ ဘဲ(မှန်ပါ့)သူက စိတ်ယုတ်ပေါ် လာသေးရဲ့လား(မပေါ်ပါ) ကိုယ်ကစ,မိုက်လို့ မိုက်တာတွေ....(မှန်ပါ့)ရှင်းကြပလား...(ရှင်း ပါပြီဘုရား)။

ဦးဘသန်းကော သားနဲ့,သမီးနဲ့ဘဲမဟုတ်လား.... (မှန်ပါ့) ဘယ်သူကစ,မိုက်တာတုံး.... (တပည့်တော်က စ,မိုက်ပါတယ်) အဲ... သေချာပြီပေါ့၊ ရိပ်မိပြီနော်... (မှန်ပါ့) ဒေါ်အေးရင်ကြီး ကော ရိပ်မိရဲ့လား....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဘယ်သူက စ,မိုက်တာတုံး၊ သမီးနဲ့ ကိုယ်နဲ့ဟာ... (ကိုယ်ကပါ) ကိုယ်ကစ,မိုက်တယ်။

အဲဒီလို အရင်းကျကျရှာတတ်ပြန်တော့လဲ ဦးဘသန်းအဆင် ပြေသွားတယ်၊ တရားတည့်သွားရမယ်၊ တရားမတည့်ခင်ဆိုလို့ ရှိယင်တော့ဖြင့် အို ဟုန်းကနဲ- ဘယ်လို, ညာလို အစရှိသည်နဲ့ အမျိုးမျိုးရှိသလောက် ဒီဌိတွေ့လဲ့ပွားလာတာဘဲ၊ မပွားဘူးလား (ပွားပါတယ်ဘုရား)။

ဒီဌိပွားတော့ကို သူတို့က ကိစ္စမရှိဘူး၊ သူတို့က ပျော်လို့ ပါးလို့ဘဲ၊ အမေမိဘက အပါယ်သွားနေတယ်၊ ခက်နေတယ်- (မှန်ပါ့ဘုရား)။

သူတို့ကတော့ ပျော်လို့ ပါးလို့ဘဲ၊ အမေမိဘကတော့ အပါယ်သွားနေတယ်၊ ဒီဌိ, ဒီဌိပါဒါန်,ဒီဌိအုပ်ချုပ်တဲ့ကံတွေက ဇာတိ,ဇရာ,မရဏဘက် မောင်အောင်မြ မလှည့်ပေဘူးလား....

(လှည့်ပါတယ်ဘုရား) ဒါဖြင့် သူတို့ကပျော်၊ ကိုယ်ကအပါယ်သွားနေတယ်၊ မင်းတို့ဖြစ်စဉ်လေကွာ....(မှန်ပါ့ဘုရား)။

သူတို့ကပျော်....(မှန်ပါ့)ဘာဖြစ်လို့တုံး- ပခုံးလက်နှစ်သစ်ကတော်တော်ရှာကျေးခဲ့ရလို့ သွားရတာလား၊ မဆိုထိုက်ဘူးလား ဆိုထိုက်သလား .. (ဆိုထိုက်ပါတယ်) တော်တော်ကျေးခဲ့ မြေးခဲ့လို့....(မှန်ပါ့ဘုရား)။

ဒါ သေသေချာချာရှင်းမှ လှည့်ရှုဝါပြောတာ သေသေချာချာမှတ်၊ ဒီထက်မှန်တဲ့တရား မောင်အောင်ချို ရှိသေးရဲ့လား (မရှိပါဘုရား)။

အေး .... ဒါ့ကြောင့် ဆရာသမားပြောတာသာ အမှန်ယူ၊ ရပ်က ရှာကပြောတာဟာ အို....အပိုချည့်ဘဲ၊ မသိတဲ့လူက ပြောတာကို မယောင်နဲ့....(မှန်ပါ့ဘုရား)။

ဦးဘသန်း ဘာတဲ့တုံး (မသိတဲ့လူကပြောတာယောင်မနေနဲ့) မယောင်ရပါဘူးတဲ့၊ ဘာဖြစ်လို့တုံး လက်သည်အစစ်မဖမ်းတတ်လို့ကိုဖြစ်နေတာ၊ လက်သည်အစစ် ဖမ်းတတ်သို့ရှိယင် မောင်အောင်ချို ဖြစ်ဘို့လိုသေးသလား....(မလိုပါဘုရား)။

သြော် .... ကိုယ့်မိုက်ပြစ်ကြောင့် မိုက်ညှဉ်တက်တာကိုးဟုတ်လား...(မှန်ပါ့) အခုလဲ မိုက်ပင်ကြီးကနေ မိုက်ညှဉ်ထွက်လာတာ....(မှန်ပါ့ဘုရား)။

လှည့်ရှု ဒီ.ပြင်ဘာဆိုချင်သေးသတုံး(မဆိုချင်ပါဘုရား) ဆိုစရာမလိုတော့ပါဘူးဆိုတာ မောင်အောင်မြ ပေါ်ပလားကွ (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် အကုန်ဆောင် မင်းတို့အားလုံး၊ဆရာသမားက ဒါဟာ အင်မတန်အကြောင်းအကျိုးလဲ ဆက်ပါတယ်တဲ့၊ဒီဥစ္စာ မဆက်ဘူးလား ဆက်သလား....(ဆက်ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ကိုယ်က မဂ္ဂဗြဟ္မစရိယအကျင့်ကိုနောက်ဘဝက ကျင့်ခဲ့လို့ရှိယင်လဲ ဒီဟာတွေနဲ့ ကြုံဘို့ရှိသေးရဲ့လား....(မရှိပါ ဘုရား)။

သူက မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်တော့ ဘုရားက လူလိမ်မာတဲ့လား- လူမိုက်တဲ့လား.... (လူမိုက်ပါ)ဟာ....ဒါဖြင့် မင်းတို့ မိုက်လို့ တွေ့ကြတာဟေ....(မှန်ပါ)။

လှည့်ဆန်....ဘာဖြစ်လို့ တွေ့တာတုံး.... (မိုက်လို့ပါ) မိုက်လို့ တွေ့တာဆိုတာ မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ခဲ့တာက(မှန်ပါ) သဘောကျကြရဲ့လား....(ကျေပါတယ်) ဘယ်လိုကျင့်သတုံး .... မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်ခဲ့တာ....(မှန်ပါ)။

ဒါ့ကြောင့် ဒီနေ့ ဒီတရား ထုတ်လာတော့ ဦးဘသန်း....ရိပ်မိပြီ....(မှန်ပါ) လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးက....၊ အို.... နောက်က သူ မဂ္ဂဗြဟ္မစရိယမကျင့်ခဲ့တဲ့အတွက် သူ ဒီဘဝ လူမိုက်လာဖြစ်တယ်၊ ဒါ့ကြောင့်မိုက်ညှန့်တွေ တိုးလာတယ်၊ဆိုထိုက်သလား...(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒီတော့ကို ဩော်....သူတို့က မသိမလိမ်မာသေးလို့ မိုက်တာလား၊ ကိုယ်မိုက်ထားတာက မိုက်ညှန့်တလူလူ ဖြစ်တာလား ဆိုတာ အကဲခတ်လိုက်ယင် တည့်သွားပြီ၊ ဘယ့်နှယ်ဆိုကြမလဲ—

(ကိုယ်မိုက်ခဲ့ဓာဝပါ) ကိုယ်မိုက်ထားတာက မိုက်ညှဉ့်တလှလှဖြစ်လာလို့ ဒီခန္ဓာကြီး ရတယ်....(မှန်ပါ့)။

ကဲ...မောင်အောင်မြ.... ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဒါဖြင့် ခန္ဓာ ရ,ထားကတည်းက ကိုယ်ကမိုက်ပြစ်သင့်ထားပြီ.... (မှန်ပါ့ဘုရား)။

ဦးအောင်ဇံဝေ....ဘယ့်နှယ်ဆုံးဖြတ်ချက်ချမတုံး.. (ကိုယ်မိုက်ထားတာပါဘုရား) အဲ....ကိုယ်မိုက်ထားလို့ ကိုယ့်ခန္ဓာ ရနေတာ၊ ကိုယ့်ခန္ဓာ ရ,ထားလို့ မနေနိုင်လို့ သားတွေ, သမီးတွေ ပွားကြတယ်၊ မပွားဘူးလား... (ပွားပါတယ်ဘုရား)။

ထိုကဲ့သို့ ပွားတော့ကို အင်း... သူတို့က မိုက်တယ်လို့ ဆိုမလား ကိုယ်က မိုက်ပင်ကြီး စမ်းကြည့်လို့ မိုက်ညှဉ့်တွေ သန်လာတာလားဆိုတာ အကဲခတ်လိုက်ယင် တည့်နေတာဘဲ၊ လှညှဉ့်....တည့်ပလား....(တည့်ပါပြီဘုရား)။

ဒါဖြင့် ဒါတွေ တွေးနေဘို့ မလိုတော့ဘူး.... (မှန်ပါ့ဘုရား) နောက်က တကာတကာမတွေ ဒါတွေ တွေးနေဘို့ မလိုတော့ဘူး....(မလိုပါဘုရား)။

မလိုတော့ဘူး၊ မလိုတော့ ဘုန်းကြီးက ဒီတကာတကာမတွေ အင်မတန် ရင်းရင်းနှီးနှီးနဲ့ အကျိုးစီးပွား အလိုရှိလို့ မနေ့ကလဲ ပြောခဲ့ပါတယ်၊ ခင်ဗျားတို့က လေးဘက်သွား၊ မီးခဲကလေး မြင်လို့ရှိယင် သွားကိုင်မှာစိုးလို့ လက်လှမ်းဆွဲတာပါ ဆိုတာကော မနေ့က ပါသွားတယ်...(မှန်ပါ့)။

ဒီမှာလဲတဲ့ ထိုနည်းအတူဘဲတဲ့... ၊ မင်းတို့ နောက်ထပ် ဒုက္ခ ဒေါမနဿတွေ ဖြစ်ကြဦးမယ်ဆိုလို့ရှိယင် မြေပါလည်းဆုံ,သားလည်းဆုံ ဖြစ်မယ်... (မှန်ပါ့)။

မြေပါလည်းဆုံ, သားလည်းဆုံ ဆိုတာက သားသမီးလဲ အဖတ်ဆည်မရဘူး၊ အမေမိဘလဲ အပါယ်သွားရမယ်.... (မှန်ပါ့ဘုရား) ဆိုတော့ ဘယ်ဟာ အမြတ်ထွက်သလဲ .... (မထွက်ပါဘုရား)။

ဘယ်ဟာမှ အမြတ်မထွက်ဘဲ ကျောက်ဝါးကြီးတော့ ရမ်းပြီးတော့ မစ္စန့်ပါနဲ့တော့၊ လိုသေးသလား....(မလိုပါ) ဝါးတာကလဲ သိသိသာသာ ဝါးနေတာ... (မှန်ပါ့)။

ဒီအထဲက အရမ်းစ္စန့်ဦးမလားကွ. ၊ အရမ်းစ္စန့်ပြီး ဝယ်လိုက်ဦးမယ်....(မှန်ပါ့) မလိုတော့ပါဘူးကွ... ၊ ကျောက်ဝါး အရမ်းစ္စန့်လို့ရှိယင် မိုက်တာ ပိုရှုရှိမှာဘဲ၊ မိုးကုတ်ပြော-ပြောလို့ရှိယင်-(မှန်ပါ့)။

နည်းနည်းမှ အသားကို မမြင်ရဘဲ့ ကျောက်ကို မောင်အောင်မြက အရမ်းစ္စန့်လို့ရှိယင် အလကားဘဲကွ... (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

အဲဒီတော့ ဒီသား,ဒီသမီးတွေက ကျောက်ဝါးတွေနဲ့ တူလို့ကိုယ်က အရမ်းစ္စန့်ဘို့ မလိုဘူး၊ မဟုတ်ဘူးလား....(မှန်ပါ့)မဝယ်ဘဲ ထားလိုက်ရုံဘဲ၊ သူတို့ကို မစဉ်းစားဘဲ ထားလိုက်ရုံဘဲ၊ ထိုက်တန်တဲ့ လောကီဝတ္ထုရားအတိုင်း ကဲ... ဖြစ်လာယင် ဖြစ်သလိုပေါ့

ကဘ..၊ ကျောက်ဝါးတော့ မစုန်တော့ပါဘူး၊ ဒီကျောက်ဝါးကြီးနဲ့ နေလို့ရှိယင် အိမ်ရောက်သည့်နေ့က စပြီး ဂ္ဂိုဟ်မှေ့တော့ မယ်ဆိုတာ သေချာနေပြီ၊ မခေသချာဘူးလား....(သေချာပါတယ် ဘုရား)။

ကြပ်ကြပ်ကွမ်းညှပ်နဲ့ ညှပ်လေလေ မျက်ရည်ကျလေလေ.... ဖြစ်နေဦးမှာပေါ့ကွာ (မှန်ပါ့ဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီ ဘုရား)။

ကြပ်ကြပ်မှတ်ကလေး တိုက်လေလေ သူက ဆီစိမ်လို့ မရတဲ့ ကျောက်မျိုး ဖြစ်နေပြီကွ....၊ ရိပ်မိပလား....(ရိပ်မိပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် လူမိုက်နဲ့ လူလိမ်မာ ဘာထူးသတုံးကွ....ဆိုတော့ ဒီဘဝကွာ....တဲ့၊ မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်လို့ရှိယင် သူကတော့ နောက် သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿ အကုန် သိမ်းတယ်....(မှန်ပါ့)။

သောက=စိုးရိမ်ခြင်း၊ ပရိဒေဝ=ငိုကျွေးတာ၊ ဒုက္ခတွေက ကိုယ်၏ ဆင်းရဲခြင်း၊ ဒေါမနဿတွေက စိတ်၏ ဆင်းရဲခြင်း၊ ဥပါယာသ=အသက်မရှူနိုင်အောင် ပြင်းစွာ ပင်ပန်းခြင်း၊ အဲဒါတွေဟာတဲ့ မဂ္ဂဗြဟ္မစရိယအကျင့် ဒီဘဝကျင့်လိုက်လို့ရှိယင် သူ အကုန် ဇာတ်သိမ်းပါတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) မကျင့်ဘဲနေလို့ရှိယင်....(မသိမ်းပါဘုရား)။

အခုဟာက ပျက်ကယ်,ပျက်ကယ်ရှိသေးတယ်၊ ဒီ့ထက်ကြီးတဲ့ ကိုယ်ကိုယ်တိုင် အနှစ်သုံးသောင်းမှ တခါပေါ်တဲ့ ကြေးရည် အိုးကြီးထဲမှာ တခါ ရောက်ရဦးမယ်....(မှန်ပါ့)။

ကြေးရည်ပူအိုးကြီးထဲမှာ အနှစ်သုံးသောင်းမှ တခါပေါ်တယ်ဆိုတော့ ခံနိုင်ရည်ရှိပါ့မလား....(မရှိပါ) အောက်သို့ မြုပ်သွားတာက သုံးသောင်း၊ အပေါ်တက်လာတာက သုံးသောင်းဆိုတော့ ဒီကြားထဲ ကြေးရည်ပူတွေထဲမှာ လောင်နေတာ .... (မှန်ပါ့)။

အဲဒီဒုက္ခနဲ့စာလို့ ရှိယင်ဖြင့် ဒီဒုက္ခဟာ ဘာဖြစ်လောက်သတုံး မဆိုလောက်ပါဘူး....(မှန်ပါ့)။

အဲဒီတော့ ဟိုဒုက္ခကြောက်ပြီးသကာလ ဒီက သူတို့အတွက်နဲ့ ဒုက္ခ ဒေါမနဿဖြစ်ယင် ဟိုဒုက္ခ လိုက်ရမှာကိုးကွ...(မှန်ပါ့ဘုရား)။

ကြေးရည်အိုးထဲရောက်တဲ့ ဒုက္ခ ကိုယ်ရမှာ ဖြစ်နေတော့ ဒါအားလုံးဟာ ကကာရင်း,ဆရာရင်း ဖြစ်နေလို့ ဟင်... အကုသိုလ်တော့ နောက်ထပ် မလိုက်ဘူး... (မှန်ပါ့)။

လှည့်ဖွဲ့တို့လဲ စဉ်းစားရမယ်....(မှန်ပါ့) မောင်အောင်မြလဲ စဉ်းစားရမယ်နော်....(မှန်ပါ့)အကုသိုလ် နောက်ထပ် မလိုက်ဘူး (မှန်ပါ့)မကောင်းဘူးလား...(ကောင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်လို့ ရှိယင် ဒုက္ခ, ဒေါမနဿ အကုန်သိမ်းတယ်နော်၊ ပဋိသန္ဓေက စ,ပြီးတော့.... (မှန်ပါ့) မဂ္ဂဗြဟ္မစရိယအကျင့်ကို မကျင့်လို့ ရှိယင်တော့(မသိမ်းနိုင်ပါ) မသိမ်းနိုင်ဘူး၊ ဒီ.ထက်ကြီးတဲ့ ဒုက္ခလာမယ်....(မှန်ပါ့ဘုရား)။

အခုကိုယ်က လူဒုက္ခရှိသေးတာကိုးဗျ.... (မှန်ပါ) အပါယ် ဒုက္ခနဲ့စာတော့ ပြောလောက်ကဲ့လား ....(မပြောလောက်ပါ) မပြောလောက်ပါဘူး၊ အပါယ်ဒုက္ခဆိုတာ ငါဘုရားသခင်ကိုယ် တော်မြတ်ကြီးကွာတဲ့၊ အပါယ်အကြောင်းကို....(မှန်ပါ)ရဟန်း တပါးကမေးတယ် အပါယ်ရောက်သွားတဲ့ပုဂ္ဂိုလ် ဘယ်လိုမျိုး ခံရသတုံး၊ ဘယ်လိုမျိုးနေရပါသတုံး တဲ့။

ငါ့ရှင်တို့· မမေးနဲ့ ၊ငါဘုရားဖြစ်တဲ့နေ့ကစ,ပြီး ငါပရိနိဗ္ဗာန် စံသည်တိုင်အောင် အပါယ်အကြောင်းချည့်ဟော၊ အပါယ်မှာ ခံရတဲ့ဒုက္ခ ငါဆုံးအောင် မဟောနိုင်ဘူး၊ * တိမ်းသွားလို့ ကျသွားယင်ပေါ့လေ၊ ဒုက္ခဘယ်လောက်မျိုးလို့ ဆုံးအောင် မဟောနိုင်ဘူးဆိုတာကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

အဲ....ဒါကြောင့် ဒီဒုက္ခတွေတော့ ကိုယ်ပိုင်မလုပ်တော့ပါဘူး ဆိုတာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

ဒါ အင်မတန်မှန်တဲ့တရားဆိုတာကော မောင်အောင်မြ ရိပ်မိ ပလား....(ရိပ်မိပါပြီဘုရား)နောက်က တကာတကာမတွေကော ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့က အလကားနေရင်း ပုတီးစိပ်နေတာ သားတွေ, သမီးတွေကို စိပ်နေဘို့မလိုဘူး... (မှန်ပါ့ဘုရား)။

စိပ်နေဘို့မလိုဘူး၊ ပညာသင်ပေးရမယ်၊ ထမင်းကျွေးရမယ်၊ ဒါနမြောက်အောင်ကျွေး၊ အဟောသိကံ မဖြစ်နိုင်ဘူး....(မှန်ပါ့

---

* ငရဲဒုက္ခကို ဆိုလိုတော်မူရင်းဖြစ်သည်။

ဘုရား) ဒါနဆိုတာ သူတို့ကျေးတာလဲ ဒါနကိုးကွ.... (မှန်ပါ့ ဘုရား)။

ဒါတွေလဲ အဟောသိကံမဖြစ်စေနဲ့၊ မင်းတို့ ထမင်းကျေးမှု တာ မှားတယ်ဆိုယင် သွားပြီ၊ နင်တို့မေ့မိတာမှားတယ်ဆိုယင် ကော.... (သွားပါတယ်ဘုရား) သွားပြီပေါ့....(မှန်ပါ့)ခင်ကျေး-မင်ကျေးကလဲ ဒါနဖြစ်သေးတာကိုးကွ....(မှန်ပါ့)။

အဲဒါတွေတောင်မှ အကုန်ပျက်စီးသွားမယ်ဆိုတော့ အရှုံး မှာ တန်းကုန်နေပြီ.... (မှန်ပါ့ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ကဲ.... ဒါဖြင့် အားကိုးရာအစစ် တွေ့ကြပလား...တဲ့၊ ဘာ အားကိုးမှသာလျှင် ဒုက္ခသိမ်းမလဲ....(မဂ္ဂဗြဟ္မစရိယအကျင့် အား ကိုးရပါမယ်ဘုရား) အဲ... ဒီတရားပဲမှာ ဒါ....လိုရင်းဘဲ....(မှန်ပါ့ ဘုရား)။

မဂ္ဂဗြဟ္မစရိယအကျင့်တဲ့၊ ဗြဟ္မစရိယက မြတ်တာ၊ မဂ္ဂက မဂ်၊ ကိလေသာဖြတ်တဲ့ မြတ်သောအကျင့်ကို ကျင့်ပါ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိလေသာဖြတ်တဲ့ မြတ်သောအကျင့်- ကျင့်ပါ ဆိုတဲ့ဥစ္စာ တခါတည်း ဒီဥစ္စာက ဟ.... မင်းတို့ ဘာဖြစ်ကြတာတုံး၊ အို.... ခင်လို့ ပူတာပေါ့....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)မခင်တဲ့ ပုဂ္ဂိုလ်ဖြင့်.... (မပူပါဘုရား) တခြားလူ မြေမျိုသွားတော့ မင်းတို့ ပူသေးသလားကွ....၊ ဘာမှ အခင်မရှိတော့.... (မပူပါ ဘုရား) ကိုယ့်အထဲက ဖြစ်လာတော့ ထော်လော်ကန့်လန့် ဖြစ်

လာလို့ရှိယင်ဖြင့် ပူလာပြီ.... (မှန်ပါ့) ဒါ့ကြောင့် ဒီနေရာမှာ ကြားကလေး နည်းနည်းညှပ်လိုက်ပါဦးမယ်- မင်းတို့ ကျေးဇူး မျှားအောင်....(မှန်ပါ့)။

ပုဏ္ဏားတယောက်မှာ သားသေတယ်....၊ ဒီတယောက်တည်း ရှိတယ်.... (မှန်ပါ့) ဒါနဲ့ သူ့သားသေလို့ သုသာန်သွားငိုရ, မစားနိုင်, မသောက်နိုင်, မဝတ်နိုင် ရေမချိုးနိုင် ဖြစ်ပြီးနေလို့ ဟေ့.... ငါတော့ ဂေါတမဘုရားဆီ သွားမှာပဲဆိုပြီး ဘုရားဆီ သွားတယ်။ *

သွားတော့ ဘုရားကလဲ ဆီးပြီးမေးလိုက်တယ်၊ ပုဏ္ဏား.... မင့်မှာ ရုပ်ရေတွေ,ဘာတွေ ပိန်ချုံးလို့ ပါလားကွ၊ အဝတ်အစား တွေကလဲ မဲတူလို့ပါကလား၊ မင့်မှာ စိတ်လက် မချမ်းသာဘူး ထင်တယ်၊ ဘုရားက ကောက်မေးလိုက်တယ် (မှန်ပါ့)။

ဘယ်ချမ်းသာမှာတုံးဘုရား.... သားကလေးတယောက်ရှိတာ ပက်ကနဲသေသွားတယ်၊ တပည့်တော်က သုသာန်သွားငိုတယ်၊ အိပ်လဲမအိပ်နိုင် မစားနိုင်,မသောက်နိုင်ဖြစ်နေတာဘဲ။

အို....ဒါ....မင်း-အခြားကြောင့်မဟုတ်ပါဘူးကွာ၊ "ပိယဇာ တိကာ ဟိ ဂဟပတိ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ ပိယပဗာဝိကာ " ပိယဇာတိကာ = ချစ်တဲ့ သဘောရှိခြင်း ကြောင့်ဖြစ်တာ....၊ ပိယပဗာဝိကာ = ချစ်ခြင်းကြောင့် ဖြစ် တာပါကွာ၊ ချစ်ခြင်းကြောင့် ဖြစ်တာပါလို့ ဘုရားက ဟော လိုက်ဘယ်။

---

* ပိယဇာတိကသုတ်၊ မဇ္ဈိမပဏ္ဏာသပါဠိတော်။

ပုဏ္ဏားက အယူလွဲနေတယ်....၊ ချစ်တယ်, ခင်တယ်ဆိုတာ ပျော်ပျော်ပါးပါးနေရမှာ၊ အခုတော့ ချစ်ခြင်းကြောင့် ကိုယ့်မှာ မျက်ရည်ကြီးငယ်ကျနေတာဆိုတာ မဟုတ်ပါဘူး၊ ဒီဘုရားဟောတာကို မယုံနိုင်ပါဘူး.... (မှန်ပါ့) အင်း....ဘုရားတောင် ရန်တွေ့ပကော....(မှန်ပါ့)။

ဘုရားက ချစ်ခြင်းကြောင့်ဖြစ်တာတဲ့.... (မှန်ပါ့) သူက မဟုတ်ဘူး....တဲ့၊ ချစ်တယ်ဆိုတာ ပြုံးပြုံးရွှင်ရွှင် ဖြစ်ရမတဲ့ဆိုတော့ သူ ဘုရားကျောင်းတော်မှာ ဒီတရားနဲ့ မတည့်ဘူး...၊ တရားကတော့ အမှန်ဟောလိုက်တာဘဲ၊ မတည့်ဘူး။

မတည့်တော့ ဇေတဝန်ကျောင်းတော်အနီးမှာ မူးယစ်ပြီး ကြွကစားနေကြတဲ့ လူမိုက်အုပ်ကြီးတခုနဲ့ သွားတွေ့တယ်။

သွားတွေ့တဲ့အခါကျတော့ ပုဏ္ဏားက ဒီလမ်းဘဲ လာပြီး ကြွကစားတာ သူကြည့်တာပေါ့လေ· စိတ်ပျောက် လက်ပျောက်။

ဟေ....ပုဏ္ဏား ဘယ်ကပြန်လာသတုံးကွ၊ ကွာ... ငါ·ဂေါတမဆီ သွားတယ်ကွာ... သားသေလို့။

ဟိုက ဘောက်ပြောလွှတ်တယ်ကွ၊ ဘောက်ပြောလွှတ်တယ်၊ ချစ်လို့ဖြစ်တာလို့ ပြောလွှတ်တယ်ကွ၊ ဘယ်မှာ ချစ်ယင် ပြုံးနေမှာပေါ့ကွ..၊ ဘယ် ဒီလို မျက်ရည်စက်လက်နဲ့ မစားနိုင် မသောက်နိုင် ဘယ်ဖြစ်ရမတုံးဆိုတော့ အေး.... ဟုတ်တယ် ရှင်ဂေါတမလွဲတယ်ဆိုပြီး မြောက်ပေးလိုက်ကြတာပေါ့.... (မှန်ပါ့ ဘုရား)။

မြောက်ပေးတော့ ဒီစကားဟာ ပြန့်ပြန့်-ပြန့်ပြန့်ပြီး ကောသလတိုင်းပြည်တပြည်လုံး ပျံ့နှံ့သွားတယ်....(မှန်ပါ့)။

ဒါနဲ့ ကောသလမင်းကြီးကလဲ သူ့နား ရောက်လာတယ်...၊ ဒီအသံတွေ သူ့နားရောက်လာတယ်၊ သူ့နားရောက်လာတော့ မလ္လိကာမိဖုရားကိုခေါ်တယ်၊ မလ္လိကာမိဖုရားကြီးလာဦးဟေ့၊ ဒီစကားဟာ ဒို့ဘုရားဟောတာ လဲတယ်ထင်တယ်....၊ သူကလဲ ပုဏ္ဏားလိုစိတ်ဘဲကိုး တခါတခါ....(မှန်ပါ့)။

ပုဏ္ဏားက သွားသတ္တဲ့ကွ၊ ဟာ.... မင့်ဟာ ချစ်လို့ဖြစ်တာပါကွာ၊ ဒါကြောင့် မင့်မှာ ဒုက္ခဒေါမနဿတွေ ဖြစ်နေတာပါလို့ ပြောလိုက်တယ်တဲ့၊ ငါဖြင့် ပုဏ္ဏားဘက်က ပါတာတာဘဲကွ-ချစ်ယင် ပြုံးရမယ်....တဲ့၊ ဘယ်မှာ မျက်ရည်ကြီးငယ်ကျရမတုံးကွ-မစားနိုင်,မသောက်နိုင် ဖြစ်ရမတုံးဆိုတော့ မလ္လိကာကလဲ ရိပ်မိတယ် (မှန်ပါ့)။

ရိပ်မိတာနဲ့ အမတ်တယောက်ကိုခေါ်ပြီးတော့ ကဲ...အမတ်တယောက် လာစမ်းပါ၊ ဘုရားကို သွားလျှောက်စမ်းပါ ဒီလိုဟောသလားလို့ လွှတ်လိုက်တယ်၊ လွှတ်လိုက်တော့ ဘုရားဆီ သွားလျှောက်တော့ အေး... ငါ ဒီလိုဘဲ ဟောလိုက်တယ်တဲ့ ဘုရားက၊ ချစ်လို့ဖြစ်တာ ငါ....ဒီလိုဘဲ ဟောလိုက်တယ်။

မလ္လိကာကတော့ ရိပ်မိတယ်၊ သူက ပညာရှိတာကိုး၊ ဒါနဲ့ သူက အရှင်မင်းကြီး· ကျုပ်မေးပါရစေ....၊ အရှင်မင်းကြီးမှာ ဝါသနာ မင်းသမီးဆိုဘာ ရှိတယ်မဟုတ်လား....၊ အဲဒီခလေးမ ကလေးများ သေသွားသော်ရင်း၊ ဖေါက်ဖေါက်ပြန်ပြန်ဖြစ်သွား

မယ်ဆိုလို့ရှိယင် အရှင်မင်းကြီး ဘယ့်နှယ်နေမတုံး....တဲ့၊ ဟာ.... မစားနိုင် မသောက်နိုင်ဖြစ်မှာပေါ့ကွ....တဲ့၊ လာပြီနော်....(မှန်ပါ့ ဘုရား) မစားနိုင် မသောက်နိုင်ဖြစ်မှာပေါ့ကွ...တဲ့။

ဒါဖြင့် ဝဇီရာဆိုတဲ့ သမီးကလေးတယောက် ရှိသေးတယ်၊ အဲဒီ ဝဇီရာသေယင်ကော တကယ်လို့ မျှားဖေါက်ပြန်သွားယင် ဘယ့်နှယ်လုပ်မလဲ၊ အို....မစားနိုင်,မသောက်နိုင်ဖြစ်မှာပေါ့ကွ.... (မှန်ပါ) အဖြေက ပါနေပြီကွ၊ မပါသေးဘူးလား....(ပါ-ပါပြီ ဘုရား) ဘာလို့ဖြစ်တာတုံး- ခင်လို့ဖြစ်တာ....(မှန်ပါ့)သဘောကျပလား .. (ကျပါပြီဘုရား)။

ဒါနဲ့ အရှင်မင်းကြီးပိုင်ထားတဲ့ ကာသိတိုင်း, ကောသလတိုင်းကြီးရှိတယ်၊ အဲဒါ တပါးသော ပုဂ္ဂိုလ်တွေက တိုင်းပြည်တိုက်ယူသွားမယ်တဲ့၊ အရှင်မင်းကြီး ဘယ့်နှယ်ဖြစ်မတုံး၊ ဟာ.... သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿဖြစ်မှာပေါ့ကွာ၊ ဘယ်နေနိုင်လိမ့်မတုံး....တဲ့။

ဒါနဲ့ နောက်ဆုံးပိတ်ကျမှ သူ့ကိုယ်တိုင်မေးတာဘဲ၊နို့-ကျုပ်လဲတဲ့ မလ္လိကားမိဖုရားလဲ တခုခုနဲ့သေသွားမယ် ဝေဒနာရမယ်-ဆိုလို့ရှိယင် အရှင်မင်းကြီး ဘယ့်နှယ်နေမလဲတဲ့၊ ဟာ.... ဘယ်နေနိုင်တော့မတုံး၊ ငါလဲ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿဖြစ်မှာပေါ့....တဲ့။

အဲဒါကို ဟောတာ ဘုရားက၊ ချစ်လို့ဖြစ်တာ.... (မှန်ပါ့) အရှင်မင်းကြီး ခင်တဲ့ပုဂ္ဂိုလ်တွေကြောင့် သောက ပရိဒေဝ

လိုက်မှာချည့် ပြောနေတာဘဲ....(မှန်ပါ့) မတည့်ဘူးလား.... (တည့်ပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဒီခင်မှုတလုံးကြောင့် သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿလိုက်တာ ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတွင်မှ တခါတည်း ကဲကွာ ... ရေကယားယူခဲ့စမ်းပါဆိုပြီး သူ နှုတ်ကျင်းပြီးတော့ နန်းတော်ကနေပြီး နဂေမာတဿ သုံးခေါက်ဆိုပြီး ဘုရားကို ကန်တော့တာဘဲ၊ တယ်လဲ ဥာဏ်ပညာ မြင်တော်မူပါကလား၊ ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

မျက်နာတွေ ဘာတွေ ညိုးညိုးငယ်ငယ်နဲ့ မပြောချင် မဆိုချင် ဖြစ်နေတာ ဟာ....ဘာ့ကြောင့်တုံးဟာ... လို့မေးယင် ဖြေတတ်ကြ ပလား....(ဖြေတတ်ပါပြီဘုရား)ဘယ့်နှယ်ဖြေကြမလဲ ခင်လို့ဖြစ် တာ၊ ရိပ်မိကြပလား (ရိပ်မိပါပြီဘုရား) ဘာ့ကြောင့်တုံး.... (ခင်လို့ဖြစ်တာပါဘုရား)။

"ပိယဇာတိကာ သောကပရိဒေဝ ဒုက္ခဒေါမနဿုပါယာသာ ပိယပဗာဝိကာ" ပိယဇာတိကာ = ချစ်တတ်တဲ့သဘောရှိသော ကြောင့် ဖြစ်ကုန်၏၊ ပိယပဗာဝိကာ = ချစ်ခြင်းကြောင့် ဖြစ် ကုန်၏.... (မှန်ပါ့) သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဟာ ဘယ်ကလာတာတုံး....(ချစ်ခြင်းကြောင့်လာတာပါဘုရား)။

ချစ်ခြင်းကြောင့် လာတာဆိုတော့ ဒါဖြင့်.... မင်းတို့မှာ တဏှာနှိပ်စက်တာ၊ ဒါ့ကြောင့် ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ မောင်အောင်မြ က ထောက်ကြည့်တော့ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာ,

မရဏ, သောက, ပရိဒေ၀, ဒုက္ခ, ဒေါမနဿ မလာဘူးလား... (လာပါတယ်ဘုရား)။

ဒါဖြင့် သူက စ,လာတာ....(မှန်ပါ့) လက်သည်မိပလား.... (မိပါပြီဘုရား) ရှင်းကြပါလား-နောက်က တကာမတွေ့ကော.... (ရှင်းပါပြီဘုရား)။

အေး.... ဒါကြောင့် ဒီမခင်တဲ့နည်းကို လုပ်ရလိမ့်မယ် .... (မှန်ပါ့)မလုပ်ရဘူးလား....(လုပ်ရပါတယ်ဘုရား)။

လုပ်ရတော့ကို ဒီသားသမီးတွေ့ မလုပ်နဲ့,ကိုယ့်ခန္ဓာကို-ကိုယ် နေရာတိုင်းမှာ လျှောက်ကြည့်တော့ ဖြစ်မှုနဲ့,ပျက်မှုမှတပါး ဘာ ရှိသေးသတုံး....(မရှိပါ)ခင်စရာ, မင်စရာပါသေးသလား...(မပါ ပါဘုရား)။

ဒါဖြင့် တပါးသောခန္ဓာကျတော့ မောင်အောင်မြက ဘယ့် နှယ်တွေးမလဲ- ဒီအတိုင်းသွားမယ်.... (မှန်ပါ့) သူတို့ခန္ဓာလဲ မနေ့ကပြောသလိုဘဲ ကံ,စိတ်,ဥတု,အာဟာရကြောင့်ဖြစ်တာဘဲ၊ အာရုံဒွါရကြောင့် ဖြစ်တာဘဲဆိုတော့ သူတို့နာမ်ရုပ်လဲ ဖြစ်ပျက် မှုတပါး ဘာရှိသေးသုတုံး....(ဘာမှုမရှိပါဘုရား)။

အဲဒီတော့ သူတို့ကိုအသာထား၊ကိုယ့်ဟာကိုယ် ဖြစ်ပျက်ကို ပိုင်ပိုင်ရှုရမယ်၊ဖြစ်ပျက်ပိုင်ပိုင်ရှုတော့ မဂ္ဂဗြဟ္မစရိယအကျင့် ဖြစ် လာတယ်မဂ္ဂဗြဟ္မစရိယအကျင့်ဖြစ်လာတော့သူတို့ကြောင့်သောက ပရိဒေ၀လာသေးသလား-(မလာပါ)သောက, ပရိဒေ၀ချုပ်ပြီး သကာလတဲ့ ဇာတိ,ဇရာ,မရဏ ဇာတ်မသိမ်းဘူးလား....(သိမ်းပါ တယ်ဘုရား)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ့မှာ ဘာချို့ယွင်းချက် ရှိတယ်ဆိုတဲ့ဥစ္စာ ဒုဿဒုက္ခပေးလေသမျှ သမုဒယသစ္စာက.... (မှန်ပါ့) ဒုက္ခကိုဖြစ်စေတာ သမုဒယသစ္စာကကိုး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

အေး.... ဒုက္ခပေးလေသမျှ ဘယ်သစ္စာကတုံး .... (သမုဒယသစ္စာကပါ)အဲ....မနေ့ကလဲ ဒုက္ခသစ္စာဟောခဲ့တယ်နော်(မှန်ပါ့) ဒုက္ခပေးလေသမျှ.... (သမုဒယသစ္စာကပါဘုရား) သမုဒယသစ္စာကြောင့်ဘဲ။

ဒါဖြင့် သမုဒယသစ္စာဆိုတာ လောဘဘဲ၊ လောဘဆိုတာ အကုသိုလ်၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်က ပူဆွေးဒုက္ခ အလိုမကျဖြစ်ခဲ့သော် ဒီချစ်ခြင်းကြောင့်ဘဲ....(မှန်ပါ့) ချစ်တာဟာ ကုသိုလ်လား- အကုသိုလ်လား....(အကုသိုလ်ပါ) အကုသိုလ်လောဘဘဲ၊ ဆိုနိုင်ပလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် အကုသိုလ်လောဘဆိုသဖြင့် လောဘဟာ မိုက်တဲ့တရားလား- လိမ်မာတဲ့တရားလား.... (မိုက်တဲ့တရားပါဘုရား)။

ဒါဖြင့် ခလေးမိုက်သလားတဲ့၊ခလေးကမိုက်ပြီးလို့ လူကြီးက နောက်ထပ်မိုက်သလားလို့ မေးကြယင် မင်းတို့ ဘယ့်နှယ်ဖြေကြမယ်....(လူကြီးက နောက်ထပ်မိုက်ပါတယ်ဘုရား)။

ခုနင်တုန်းက တရားမှာလဲ လူကြီးကစ,တယ်.... (မှန်ပါ့) အခုတော့ ခလေးကတခါမိုက်ပြီး ကိုယ်က နောက်ထပ်မိုက်ဘယ်၊ ဒီအဓိပ္ပါယ်ကော မရဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့်ဒို့မှာမဂ္ဂဗြဟ္မစရိယအကျင့်မှတပါးဦးဘသန်း အားကိုးစရာမရှိဘူး....(မရှိပါ)နောက်က တကာမကြီးတွေ ပေါ်ပလား(ပေါ်ပါပြီ)ဘာအားကိုးရမတုံ....(မဂ္ဂဗြဟ္မစရိယအကျင့်ပါ) မဂ္ဂဗြဟ္မစရိယအကျင့်ဘဲ ကျင့်ရမယ်ဆိုတာ သေချာကြပလား....(သေချာပါပြီဘုရား)။

သေချာတော့ မဂ္ဂဗြဟ္မစရိယ အကျင့်ကို ကျင့်လိုက်တော့ မောင်ဆောင်မြက ကျင့်လဲ မနေ့ကပြောတဲ့ ခန္ဓာအနတ္တသွားမြင်တာဘဲ....(မှန်ပါ)ကဲ.... ပိုင်တယ်, ဆိုင်တယ်လို့လာသေးရဲ့လား....(မလာပါဘုရား)။

သားသမီးခန္ဓာ ကြည့်လိုက်ပြန်တော့ကော အို,နာ,သေတတ်နိုင်ကြရဲ့လား... (မတတ်နိုင်ပါ) မတတ်နိုင်ဘူး၊ သူတို့လဲအနတ္တတော့ဘဲ၊ ကိုယ်နဲ့လဲမဆိုင်ဘူး၊ ကိုယ့်ခန္ဓာကိုယ်လဲအနတ္တမို့ကိုယ်နဲ့ဆိုင်သေးရဲ့လား....(မဆိုင်ပါဘုရား)။

ဒါဖြင့် မဆိုင်တဲ့လူချင်းရန်ဖြစ်တာဟာ ရူးတာဖြစ်ရမယ်....(မှန်ပါ)တွေးမိကြရဲ့လား....(တွေးမိပါတယ်ဘုရား)။

သားသမီးခန္ဓာလဲ သားသမီးက ပိုင်တယ်,ဆိုင်တယ်လို့ရှိရဲ့လား....(မရှိပါ) သူတို့ခန္ဓာလဲ အနတ္တဘဲ....(မှန်ပါ့ဘုရား)။

အမေမိဘရယ်လို့ ပညတ်ထားပြန်တော့ အမေ မိဘခန္ဓာလဲ ဘာဆိုကြမလဲ... (အနတ္တပါ) အနတ္တဘဲ၊ ကိုယ့်ကိုယ်လဲ ကိုယ်မပိုင်ဘူး....(မှန်ပါ) သားသမီးခန္ဓာကိုယ်ကော.... (မပိုင်ပါဘုရား)။

ဒါဖြင့် ကိုယ်မပိုင်တာကြောင့် မပိုင်တာချင်း ရန်ဖြစ်နေတဲ့ အဓိပ္ပါယ်ရောက်တယ်၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

မြေကြီးကအလယ်ထား၊ ဒီမြေကလဲ တရားလို၏မြေလဲမဟုတ်ဘူး၊ တရားခံ၏မြေလဲမဟုတ်ဘူး၊ ရုံးတင်တရားစွဲနေတာ၊ ဘယ့်နှယ်ဆိုကြမလဲ- ဒီဟာအမှုသွားမှန်ပါ့မလား....(မမှန်ပါဘုရား) အမှုသွားမမှန်ဘူး။

အဲဒီလိုဥဒေါ်နဲ့ နှလုံးသွင်းလိုက်တော့မှ အမှန်ရောက်လာတယ်၊ သားသမီးခန္ဓာကလဲ အနတ္တ၊ အမေမိဘခန္ဓာကကော.... (အနတ္တပါ) ဘယ်သူပိုင်တယ်, ဘယ်သူ့ဆိုင်တယ်လို့ကော .... (မရှိပါဘုရား)။

ဒါဖြင့် ဒီသားသမီးနဲ့ ဒီအမေမိဘနဲ့ မတည့်တော့ဘူး၊ မျက်နှာကြောကို မတည့်တော့ဘူး ဆိုလို့ရှိယင် ဒီတရားလို့, တရားခံ ကိုက်သေးရဲ့လား....(မကိုက်ပါဘုရား)။

မြေကြီး အခုမှတ်ထားလေ.... (မှန်ပါ့) တရားလို၏မြေလဲမဟုတ်ဘူး၊ တရားခံ၏မြေလေ.... (မဟုတ်ပါ) ရုံးကဘယ်လိုလုပ်ပြီး စီရင်ချက်ချမလဲ၊ အရှုံးနှစ်ယောက်ရန်ဖြစ်တာ ရုံးမလာခဲ့နဲ့ ၊ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီမှာလဲ မင်းတို့ရန်ဖြစ်တာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ဘယ်လို ရန်ဖြစ်ကြပါလိမ့်.... (သားသမီးခန္ဓာလဲ အနတ္တ, မိဘခန္ဓာလဲ အနတ္တပါဘုရား)။

အဲ... အလွဲချည့်ဘဲ၊ အမြင်မှားနဲ့ ရန်ဖြစ်နေတဲ့ အဝိပ္ပါယ်မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲ....အမြင်မှားနဲ့ ရန်ဖြစ်တော့ကို ဘုရားကဟောလိုက်တယ်၊ ပဌမရန်ဖြစ်တဲ့လူကိုယ်က ထစ်ကနဲဆို တိုသွားတယ်ဆိုပါတော့၊

တိုသွားတယ်ဆိုလို့ ရှိယင်ဖြင့် ဦးအောင်ဇံဝေကမ္မတ်၊ ကိုယ်ကအယင်ဒေါသဖြစ်တယ်နော်....(မှန်ပါ့ဘုရား)။

လူတယောက်ကို ဒေါသဖြစ်တာနဲ့ ကိုယ်ကဒီအနားမှာ ခဲနဲ့ပေါက်ချင်တာနဲ့ ကျင်ကြီးပုံကြီးသွားပြီးဆုပ်မိတယ်၊ ခဲမှတ်ပြီးတော့... (မှန်ပါ့ဘုရား)။

ဘယ်သူ အယင်လူးသတုံး၊ ဟိုလူအယင်လူးသလား- ကိုယ့်အယင်လူးသလား....(ကိုယ့်အယင်လူးပါတယ်) ဘာဖြစ်လို့တုံး (ဒေါသသတ္တိပါ) ဒေါသ သတ္တိဘဲ၊ ရိပ်မိကြပလား .... (ရိပ်မိပါပြီဘုရား)။

ဒီမှာလဲ သားသမီးတွေ အယင်လူးသလား-ကိုယ့်အယင် လူးသလား ပြောကြစမ်းပါဦး.... (ကိုယ့်အယင်လူးပါတယ်ဘုရား)။

ဒါဖြင့် ကိုယ့်လက်အယင်ဆေးပါဦး၊ သားသမီး နောက်မှဆေးတာပေါ့(မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သြော်....တော်တော်ဆိုးတဲ့ အလုပ်ပါကလားလို့ သိ၊ ဒါ ဘုရားပေးတဲ့ဥပမာကွ... (မှန်ပါ့) အတော်မဆိုးဘူးလား.... (ဆိုးပါတယ်ဘုရား)။

ပြီးတော့ လေလာတဲ့ဘက်ကိုတဲ့ ဒီကသူ လူတဦးတယောက်ကို ဖုံတွေနဲ့ဆုပ်ပြီးတော့ လေတင်ကိုပစ်လိုက်တယ်၊ ဟိုတော့ရောက် မရောက် မပြောတတ်ဘူး လေကကိုယ့်ဘက်လာနေတော့ ကိုယ့်မျက်လုံး အယင်ဝင်မှာဘဲ....(ဝင်မှာပါဘုရား) ဟိုကိုတော့ ရောက်မှ-ရောက်ပါ့မလား... (မရောက်ပါဘုရား)။

ဟိုတော့ မသေချာဘူး၊ ကိုယ့်ကိုယ်အတွက်က....(သေချာပါတယ်ဘုရား) မောင်အောင်မြ....ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ်အတွက်တော့ အသေချာမခံနိုင်ဘူးဟေ့၊ အပါယ်သေချာတာ မခံနိုင်ဘူး....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်မှတပါး ကိုးစားစရာ,အားထားစရာ မရှိဘူး သံသရာစခန်းသတ်တာ....(မှန်ပါ့ဘုရား)ကိုယ်ကလဲ နောက်ကို စ,ပြီး မမိုက်ရအောင်....(မှန်ပါ့) ဒီလိုလဲ ကျင်ကြီးလဲ မဆုပ်မိရအောင်.... (မှန်ပါ့ဘုရား) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုယ်ကလဲ စ,ပြီးတော့...(မမိုက်အောင်ပါ) ခန္ဓာမရအောင်လုပ်ရမယ်... (မှန်ပါ့)ခန္ဓာရယင် ကိုယ်ကစ,ပြီး မိုက်တာ ... (မှန်လှပါဘုရား)။

ကျင်ကြီးလဲ မဆုပ်မိရအောင်ဆိုတော့ ခန္ဓာရပြီးလဲ နောက်ထပ်က ကျင်ကြီးဆုပ်သေးတာကိုးကဲ့ (မှန်ပါ့)မဆုပ်ဘူးလား-- (ဆုပ်ပါတယ်ဘုရား) သူတို့ကို ဒေါသဖြစ်တော့လေ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ်ကလဲ စ,မမိုက်နဲ့၊ ကျင်ကြီးလဲ မဆုပ်နဲ့ဆိုတာတော့ ရိပ်မိကြပြီ... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်မဂ္ဂဗြဟ္မစရိယမှတပါး အားကိုးစရာမရှိဘူးဆိုတာယနေ့ည ဆုံးဖြတ်ချက်ချပလား....(မှန်ပါ့)မင်းတို့ ခန္ဓာကိုယ် ဖြစ်ပျက်

ရှုတဲ့ မဂ်မှတပါး ဒီဒုက္ခ မသိမ်းနိုင်ဘူး၊ ကျွင်ကြီးဆုပ်တဲ့ ဒုက္ခလဲ သူမှ သိမ်းပေးမှာဘဲ....(မှန်ပါ့) ကိုယ် စ,မိုက်တဲ့ ဒုက္ခကော (ဒီမဂ်က သိမ်းပါတယ်) ဒီမဂ်ကဘဲ သိမ်းရမယ်၊ ဒါဖြင့် တရားက သိမ်းလို့,ဆည်းလို့ ရရဲ့လား...(မရပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူအပ်သော
နှလုံးသွင်းမှုန်မှ နိဗ္ဗာန်ရမည်
(ဥပရိပဏ္ဏာသပါဠိတော် ဘူမိဇသုတ်)
ည အလုပ်ပေးတရားတော်
(၃၁ - ၄ - ၆၂)

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ဓကျောင်းမှာ သီတင်းသုံးနေတယ်၊ ရှင်ဘူမိဇဆိုတဲ့ ကိုယ်တော်ကလဲ ရှိတယ်၊ ရှင်ဘူမိဇကမြို့ထဲ ဆွမ်းခံသွားတယ်၊ ဆွမ်းခံသွားတော့ သူ တခြားကို မသွားဘူး၊ဗိမ္မ ိသာရမင်းကြီးရဲ့သား အင်ယမ်ဆုံး အဇာတသတ်တို့ရဲ့ညီ ဇယသေနမင်းသားအိမ် သွားပြီး ဆွမ်းခံတယ်၊ ရှင်ဘူမိဇကနော်....(မှန်ပါ့)။

ရှင်ဘူမိဇက နန်းတော်ထဲ ဗိမ္မ ိသာရမင်းကြီးရဲ့သား ဇယသေနမင်းသားအိမ် အဲဒီသွားပြီး ဆွမ်းခံတယ်။

ဆွမ်းခံသွားတော့ သူ့ကို ဇယသေနက မေးတယ်၊ ရှင်ဘူမိဇတဲ့...ဘုရားဟာ ဘယ်လိုမျိုး ဟောဘူးသတုံးတဲ့..၊ တချို့ပြောနေကြတယ်တဲ့...၊ ဘယ်လိုပြောနေသတုံးဆိုလို့ရှိယင် ဆုတောင်းပြီးသကာလ လုပ်လဲ နိဗ္ဗာန်မရဘူး၊ဆုမတောင်းဘဲနဲ့ လုပ်လဲ နိဗ္ဗာန်မရဘူး၊ ဆုတခါတလေတောင်းတယ်၊ တခါတလေ

မတောင်းဘဲနဲ့ နေတဲ့အခါမှာလဲ နိဗ္ဗာန်မရဘူး၊ ဆုကိုမတောင်းသည်မဟုတ်, တောင်းသည်မဟုတ်လုပ်ပြန်လဲ မရဘူးတဲ့၊ဘယ်နှစ်မျိုးပါလိမ့်....(**လေးမျိုးပါ**ဘုရား)။

သေသေချာချာမှတ်ကြနော်.... ဆုတောင်းပြီးလုပ်လဲ နိဗ္ဗာန်မရဘူးတဲ့....ဇယသေနက မေးနေတာ၊ ဆုမတောင်းဘဲနဲ့ လုပ်လဲ နိဗ္ဗာန်မရဘူးတဲ့....၊ တချို့ ပြောနေတယ်၊ ဆုကို တောင်းချည် တလှည့်, မတောင်းချည် တလှည့်နဲ့ နေပြန်လဲ နိဗ္ဗာန်တော့ မရဘူးတဲ့၊ ဆုကို မတောင်းသည်မဟုတ်, တောင်းသည်မဟုတ် ဒီလိုလုပ်ပြန်လဲ နိဗ္ဗာန်မရဘူးတဲ့၊ ဘယ်နှစ်ချက်ရှိသွားပလဲ.... (လေးချက်ပါဘုရား)လေးချက် မှတ်ထားကြပါ၊ ဒီနေ့ ဆုတောင်းခန်းတော့ ရှင်းအောင် ပြောလိမ့်မယ်....(မှန်ပါ့)။

၁.နံပါတ်ပြန်ပြောလိုက်ပါမယ်၊ဆုတောင်းပြီးသကာလ လုပ်ငြားသော်လဲ နိဗ္ဗာန်မရပါဘူးတဲ့၊ ဆုမတောင်းဘဲနဲ့ လုပ်နေလဲ နိဗ္ဗာန်မရဘူးတဲ့....၊ ဆုတောင်းချည်တလှည့်, မတောင်းချည် တလှည့် နေပြန်လဲ နိဗ္ဗာန်မရနိုင်ဘူးတဲ့၊ ဆုကို မတောင်းသည်မဟုတ်, တောင်းသယောင်ယောင် လုပ်တာလဲ နိဗ္ဗာန်မရဘူးလို့ တခြားသော ဆရာကြီးတွေက ဟောကြတယ်။

အဲဒါ ရှင်ဘုရားမိဇရဲ့ ဆရာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုမျိုး ဟောဘူးပါလိမ့်မတုံးတဲ့...၊ အရှင်ဘုရား ဘယ်လိုမျိုး မှတ်ဘူးပါလိမ့်မလဲတဲ့ မေးလိုက်တယ်၊ မေးချက်က လေးချက်နော်....(မှန်ပါ့)။

အဲဒါ အရှင်ဘုရားကတော့ ဘုရားနဲ့ နေတာ၊ အဲဒီတော့

ဒီလေးချက်ကို ဘုရားဘယ်လိုမျှား ဟောဘူးတာကို, အရှင်ဘုရား ဘယ်လိုမျှား နှလုံးသွင်းဘူးပါသလဲလို့ မေးလိုက်တယ်။

ဘုရားဟာ တခါမှ မဟောဘူးဘူးကွာတဲ့၊ မင်းပြောတဲ့အမေးကို ဖြေတဲ့ အဖြေဘုရားဘယ်တော့မှ မဟောဘူးဘူးတဲ့၊ သို့သော်လဲတဲ့ ငါပြောရမှာဖြင့် ငါ့အမြင်အတိုင်း ပြောရမှာဆိုလို့ ရှိယင် နိဗ္ဗာန်ရ-ရပါလို့၏လို့ ဆုတောင်းနေကြားသော်လဲ ယောနိသောမနသိကာရ နှလုံးသွင်းမမှန်ယင်လဲ မရပါဘူးကွာ....တဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဆုတောင်းပြီး နေကြားသော်လဲ နိဗ္ဗာန်ရအောင် တောင်းပြီးနေကြားသော်လဲ နှလုံးသွင်းမမှန်ယင်....(မရပါ)ငါတော့ ဒီလို သဘောရတယ်လို့ ရှင်ဘူမိုဇက ဖြေတယ်....(မှန်ပါ့)။

မတောင်းဘဲနဲ့ နေလဲ နိဗ္ဗာန်မရဘူးတဲ့....၊ အဲ့ဒါလဲ နှလုံးသွင်း မမှန်လို့ဘဲ မရမှာဘဲကွ....။

တောင်းချည်တလှည့်, မတောင်းချည်တလှည့်နဲ့ နေပြန်လဲ နှလုံးသွင်းမမှန်ယင် မရပါဘူး၊ ဦးဘသန်းနော်....(မှန်ပါ့)။

မတောင်းသည်လည်း မဟုတ်, တောင်းသယောင်ယောင်နဲ့ နေပြီး လုပ်ကြပြန်လဲ နှ'လုံးသွင်းမမှန်ယင်တော့ မရပါဘူးတဲ့-နိဗ္ဗာန်ကို....(မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်မရောက်ခြင်း၏ အကြောင်းဟာ ဘယ်လိုဘဲ တောင်းတောင်း မောင်အောင်ချိတ္တိ၊ မောင်အောင်မြတ္တိ နှလုံးသွင်း မမှန်ယင်.... (မရပါ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) မတောင်းဘဲနေလဲ နှလုံးသွင်းမမှန်ယင်....(မရပါဘုရား)။

တခါတလေတောင်းတယ်၊ တခါတလေမတောင်းဘူး၊ ဒီလို နေပြန်လဲ နှလုံးသွင်းမမှန်တော့....(မရပါ)မတောင်းသည်မဟုတ် တောင်းသယောင်ယောင်နဲ့ နေပြန်တော့ကော .... (နှလုံးသွင်း မမှန်ယင် မရပါဘုရား)နှလုံးသွင်းမမှန်ယင် မရဘူး။

နောက်က တကာတကာမတွေ ဒီစကား လေးခွန်းဟာ ဆရာတုတ် အရေးကြီးတယ်....(မှန်ပါ)ခင်ဗျားတို့ နင်းတောင်း နေတာတော့ ဘုန်းကြီးကြားတယ်.... (မှန်ပါ) ဝဋ္ဌဘဝတိုတိုနဲ့ နိဗ္ဗာန်ရရပါလို၏လို့ မောင်အောင်မြတို့ ကြားဘူးမှာပေါ့.... (မှန်ပါဘုရား)။

တောင်းနေတာဘဲ၊ အခုပ္ပုံ့နဲ့ သေသေချာချာ ကောက် နှုတ်ချက်ထုတ်လိုက်တော့ နှလုံးသွင်းမမှန်ယင် ဘယ်လိုတောင်း တောင်းမရဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နှလုံးသွင်းမမှန်ယင်....(မရပါ) ဩော်....ဒါဖြင့် နိဗ္ဗာန်ရဘို့ အလုပ်ဟာ တောင်းမှ·မတောင်းမှက လိုရင်းမဟုတ်ပါကလား၊ နှလုံးသွင်းမှန်မှက လိုရင်းပါကလား.... (မှန်ပါ) ဘာပေါ်လာ ကြလဲ....(နှလုံးသွင်းမှန်ဘို့လိုရင်းပါဘုရား)။

ဥပမာမယ်·ဘုန်းကြီးကဘဲ ကြား ဥပမာနဲ့ ပြောလိုက်ပါမယ်၊ ဒီကနေပြီးသကာလ ပိုတ်စုယ်သွားမယ်၊ သူ့နှလုံးသွင်းက ပိုတ် စုယ်ဟာ ဗန်းမော်လမ်းမှာရှိ မယ်ထင်လို့ ရှိယင်ဖြင့် ရောက်ရပါ လို၏လို့ ဆိုသွား မရောက်ဘူး၊ ပိတ်စုယ် ရောက်ရပါလို၏လို့ ဆို သွစ်း ရောက်နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား)။

သူ့နှလုံးသွင်းက မှားနေပြီ၊ သူက ဟိုဘက်မှာ ရှိတယ်ထင် တာကိုး၊ ဗန်းမော်ဘက် ရှိတယ်ထင်တယ်ဆိုတော့ နှလုံးသွင်း

မမှားသေးဘူးလား... (မှားပါတယ်) ရောက်နိုင်ပါ့မလား... (မရောက်နိုင်ပါဘုရား)။

အဲဒီတော့ ဆုတောင်းတဲ့ တကာတကာမတွေ ယနေ့ အရေးတကြီး သတိပေးလိုက်ပါတယ်နော်....(မှန်ပါ့) နှလုံးသွင်း မမှန်ဘဲနဲ့ တောင်းနေလို့ရှိယင်ဖြင့် နိဗ္ဗာန်မရပါဘူးနော်... (မှန်ပါ့ဘုရား)။

နှလုံးသွင်းမမှန်ဘဲနဲ့ တောင်းနေယင်.... (မရပါ) နှလုံးသွင်းမမှန်ဘဲနဲ့ တောင်းနေတယ်ဆိုတာက တခြားမဟုတ်ဘူး၊ ဒီခန္ဓာကြီးက လူခန္ဓာကြီးထား၊ ဒီလူခန္ဓာကြီးက နောက်ခန္ဓာ ရ,ရပါလို့၏..၊ နောက်ကျွတော့ကို နောက်ခန္ဓာ အဆုံးဘဝကျွတော့ နိဗ္ဗာန်ရ,ရပါလို့ တောင်းကြတယ်၊ မဟုတ်ဘူးလား.... (မှန်ပါ့) ပဌမလူခန္ဓာကြီး ရ,ရပါလို့၏...၊ နောက် အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရ,ရပါလို့၏၊ မတောင်းကြဘူးလား.... (တောင်းပါတယ်ဘုရား)။

အဲဒီတော့ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရ,ရပါလို့၏ဆိုတော့ သူက အဆုံးစွန်သောဘဝကိုလဲ လိုချင်သေးတယ်....၊ နိဗ္ဗာန်လဲ ထည့်လိုက်ချင်သေးတယ်ဆိုတော့ နှလုံးသွင်းက ဘဝကို လိုချင်တဲ့ တဏှာက နိဗ္ဗာန်မပို့နိုင်ဘူး... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘဝ လိုချင်တဲ့တဏှာက.... (နိဗ္ဗာန်မပို့နိုင်ပါ) နောက်ကတကာတကာမတွေ သတိထား နားထောင်ပါ၊ ဒါ...ပြင်ပေးနေတာ ဦးအောင်ဇံဝေ...(မှန်ပါ့)။

ဘာလုပ်ပေးနေတာတုံး.... (ပြင်ပေးနေတာပါ) ပြင်ပေးနေတာ၊ လူ.ပြည်,နတ်ပြည် အစုံအဆန်ခံစားပြီး၍ အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်ရ,ရပါလို၏၊ ဒါ....တော်တော် နှုတ်တက်နေတယ် ဦးဘသန်း၊ မတက်ကြဘူးလား....(တက်ပါတယ်ဘုရား)။

ဒီဘဝပါနေယင် နိဗ္ဗာန်ရပါ့မလား.... (မရပါ) ဘဝဆိုတာ ခန္ဓာကိုဆိုတာ...(မှန်ပါ့) အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရ,ရပါလို၏၊ သူတို့ကတော့ သူတို့ဟာ သူတို့ ထင်သပေါ့လေ၊ နှလုံးသွင်းက ဘဝသွင်းထားတာဗျ.... (မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နှလုံးသွင်းက....(ဘဝသွင်းထားတာပါ) ဘဝဆိုတာက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား) ဘဝဟာ ဒုက္ခသစ္စာပါ။

လူ.ဘဝ,နတ်ဘဝဆိုတာတွေ့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အဲဒီတော့ ဒုက္ခသစ္စာဆုံးမှ နိဗ္ဗာန်ရမည့်ဥစ္စာဘဲ၊ အဆုံးစွန်သော ဘဝ နိဗ္ဗာန်ရ,ရပါလို၏ဆိုတော့ ဒုက္ခသစ္စာကြီးနဲ. မရနိုင်ဘူး.... (မှန်ပါ့)။

ဒုက္ခသစ္စာလိုချင်တဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို... (မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ ဒေါတုတ်တို့, မောင်အောင်မြတို့ သေချာပလား... (သေချာပါပြီဘုရား)။

ဘယ်လိုမျှားကျက်ထားတယ်မပြောတတ်ဘူး- ဦးခအောင်ဇံဝေတို့ လူစု ဟင်... (မှန်ပါ့) ဘဝပါနေယင် နိဗ္ဗာန်နဲ့တွဲလို.ရရဲ.လား (မရပါဘုရား)။

မရဘူး....တဲ့၊ ဘဝပါလားယင် ဘဝဟာ ဇာတိဘဲ၊ ဇာတိပစ္စယာ မရဏ,ထိုအောင် သွားမယ်၊ မဟုတ်ဘူးလား... (မှန်ပါ့)

ဦးဘသန်း နိုဗ္ဗာန်သွားပါ့မလား.... (မသွားပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီ) သူ့နှလုံးသွင်းမှားနဲ့ တောင်းနေတာ ဒါဖြင့်....(မှန်ပါ့ဘုရား)ဘယ့်နှယ်ဆိုကြမလဲ.... (နှလုံးသွင်းမှားနဲ့ တောင်းနေတာပါဘုရား)။

နောက်က တကာမကြီးတွေ ငိုက်နေလို့ လဲမဖြစ်ဘူး၊သေသေချာချာလဲ နားထောင်ရတယ်နော်....(မှန်ပါ့)ဒါက ဘာဟောတဲ့ တရားတုံးလို့ မေးတဲ့အခါ အမှားပြင်ပေးနေတယ်လို့ မှတ်ပါ (မှန်ပါ့)။

ဘာဟောနေတာတုံး... (အမှားပြင်ပေးနေတာပါ)အမှားပြင်ပေးနေတယ်ဆိုတာ သေသေချာချာမှတ်ပါ)။

ကိုင်း....ဒါဖြင့် ခုနင်က ဝတ္ထုကို ပြန်ဆက်ကြစို့နော်၊ဒီအထဲကမှ အသားထွက်လာမှာဘဲ။

မင်းငါမဖြေတာဇယသေနမင်းနားလည်လောက်ပါပြီတဲ့၊နှလုံးသွင်းမှားတဲ့ ပုဂ္ဂိုလ်ဟာဖြင့် တောင်းနေလဲ နိုဗ္ဗာန်မရပါဘူးတဲ့နော်...(မှန်ပါ့) မတောင်းဘဲနေလဲ .... (နိုဗ္ဗာန်မရပါဘုရား) တောင်းချည်တလှည့်, မတောင်းချည်တလှည့်နဲ့ နေပြန်ကော...(မရပါဘုရား) မတောင်းသည်လည်းမဟုတ်, တောင်းသယောင်ယောင်နဲ့ နေပြန်ယင်ကော....(မရပါ) ဘာဖြစ်လို့တုံး (နှလုံးသွင်းမှားလို့ပါ) နှလုံးသွင်းမှားတယ်....(မှန်ပါ့)။

ငါတော့ ဒါ-အဖြေဘဲ...တဲ့၊ ဒါ- ငါ့အမြင်နဲ့ ဖြေတာဘဲတဲ့ ရှင်ဘုရားဇာ ဖြေလိုက်တယ်၊ ဇယသေနမင်းသားကလေးကိုနော် (မှန်ပါ့)။

သို့သော်ကွာ ငါရှင်းပြပါဦးမယ်တဲ့၊ ဒုတိယရှင်းပြပါမယ်၊ နှလုံးသွင်းမှားနဲ့တောင်းလို့ ရှိယင် မရဘူး....(မှန်ပါ့) ကဲကွာ-တဲ့ နှလုံးသွင်းမှန်နဲ့ ဆိုယင်တော့ဖြင့် မတောင်းလဲရမှာဘဲ၊တောင်းလဲ ရမှာဘဲ....(မှန်ပါ့)။

နှလုံးသွင်းမှန်ယင်... (မနေတောင်းလဲ ရမှာဘဲ၊ တောင်းလဲရမှာ ပါဘဲ) တောင်းချည်တလှည့်, မတောင်းချည်တလှည့်နဲ့ နေယင် ကော....(ရမှာပါဘဲ) မတောင်းသည်မဟုတ်,တောင်းသယောင် ယောင်ဆိုယင်ကော....(ရမှာပါဘဲဘုရား)။

ဒါဖြင့်.... ဆုတောင်းက လိုရင်းလား- နှလုံးသွင်းမှန်ဘို့ကာ လိုရင်းလား....(နှလုံးသွင်းမှန်ဘို့က လိုရင်းပါဘုရား)။

ဒါကခေါ်းတလုံး ခင်ဗျားတို့ သိလိုက်ရတာ သိပ်အဘိုးတန် တယ်....(မှန်ပါ့) ဒါကလေးတလုံးသိလိုက်ရတာ သိပ်အဘိုးတန် ပါတယ်။

အဲဒီတော့ ဆုတောင်းနေဘို့ မလိုဘူးဆိုတဲ့အဓိပ္ပါယ် ဘုန်း ကြီးက ပြောလိုက်တယ်.. (မှန်ပါ့) ဒီခန္ဓာထဲမှာ နှလုံးသွင်းမှန် ဘို့ဘဲ အရေးကြီးတယ်.... (မှန်ပါ့) ဒီခန္ဓာကို ပဌမရှေးဦးစွာ ဖြစ်ပျက်အနိစ္စရှာဘို့ အရေးကြီးတယ်....(မှန်ပါ့) ဖြစ်ပျက်အနိစ္စ တွေ့အောင်ရှာတဲ့အခါ ရှာဖန်မျှားယင် ဒီခန္ဓာရှုမှုန်းလာမှာဘဲ (မှန်ပါ့) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒီခန္ဓာ ရှုမှုန်း လာပြီးသည်နောက် သူ ဒုက္ခသစ္စာရယ်လို့ သိလုံး တိုးမလာဘူးလား...(တိုးလာပါတယ်) တိုးလာလို့ ရှိယင် နှလုံးသွင်းမှန်ကိုက ဒုက္ခသစ္စာမှန်းသိသွားတော့ကို နှလုံးသွင်းမှန်

နေတဲ့အတွက် ဒီဒုက္ခမကြိုက်ပါဘူး- မလိုချင်ပါဘူးဆိုတဲ့ ဥာဏ် မလာပေဘူးလား.... (လာပါတယ်ဘုရား) လာယင်ဖြင့် ဒုက္ခ ချုပ်ပြီး နိဗ္ဗာန်ပေါ်လာမယ်....(မှန်ပါ)။

ဒါကတော့ ဘယ်နှယ်ကြောင့် နိဗ္ဗာန်ပေါ်လာပါလိမ့်မလဲ လို့ ဦးအောင်ဇံ ဝေတို့ မေးလို့ရှိယင် ဘယ်နှယ်ဖြေပါ့မလဲ.... (နှလုံးသွင်းမှုန်လို့ပါဘုရား) နှလုံးသွင်းမှုန်သွားပြီ ... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် နှလုံးသွင်းမှုန်တဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် တောင်းလုပ်လဲ ရမှာဘဲ၊ မတောင်းဘဲနေလဲ... (ရမှာပါဘုရား) တောင်းချည်တလှည့်- မတောင်းချည်တလှည့် နေကော.... (ရမှာပါဘုရား)။ မတောင်းသည်မဟုတ်၊ တောင်းသယောင်ယောင်နဲ့ အလုပ်လုပ်နေယင်ကော....(ရမှာပါဘုရား)။

ဒါဖြင့် ဆုတောင်းက လိုရင်းလား- နှလုံးသွင်းမှုန်မှုကလိုရင်းလားဆိုတဲ့ ဆုံးဖြတ်ချက်ဟာ ယနေ့ကျသွားပြီ....(မှန်ပါ)ဘယ်လိုကျသွားသလဲ....(နှလုံးသွင်းမှုန်မှုက လိုရင်းပါ) နှလုံးသွင်းမှုန်မှုက လိုရင်းနော်....(မှန်ပါ့ဘုရား)။

ပိတ်စွယ်ရှိတဲ့နေရာကိုကိုယ်ကပိတ်စွယ်ရှိတဲ့နေရာကိုဘဲဟိုနေရာမှာ ပိတ်စွယ်ရှိဘယ်လို့ ထင်ပြီးသွားလိုက်လို့ ရှိယင်ဗန်းမော်ဘက်မလှည့်ယင်တော့ ရောက်ရမှာဘဲ....(မှန်ပါ) မရောက်ပေဘူးလား (ရောက်ပါဘယ်) နှလုံးသွင်းမှုန်ယင်တော့ ရောက်မယ်....(မှန်ပါ့ဘုရား)၊

ဒါဖြင့်နောက်က တကာတကာမတွေ့ ဆုတောင်းလိုရင်းလား၊ နှလုံးသွင်းမှုန်ဘို့ လိုရင်းလား(နှလုံးသွင်းမှုန်ဘို့လိုရင်းပါဘုရား)။

သြော်....ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ တရားဟာဖြင့် နှလုံးသွင်းမှုန်မှုပေါ် မှီနေတယ်....(မှုန်ပါ့)ဒီ့ပြင်ဘုံဘဝတွေတောင်းတာတော့ ဘုန်းကြီးမဆိုလိုပါဘူး၊ နိဗ္ဗာန်ဖြင့် နှလုံးသွင်းမှုန်မှု ရမယ် .... (မှုန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ငါတော့ ဒီသဘောဘဲရတယ်ကွလို့ ရှင်ဘုရားမိဇက ဇယသေနကို ဖြေလိုက်တယ်၊ နှလုံးသွင်းမမှုန်လို့ ရှိယင် လေးချက်စလုံးမရဘူး (မှုန်ပါ့ဘုရား)။

နှလုံးသွင်းမှုန်လို့ ရှိယင်ဖြင့် ဆုမတောင်းလဲရတယ်၊တောင်းလဲ (ရပါတယ်)တောင်းချည်တလှည့်-မတောင်းချည်တလှည့်နေလဲ.... (ရပါတယ်) မတောင်းသည်မဟုတ် တောင်းသယောင်ယောင်နဲ့ နေယင်ကော....(ရပါတယ်)ရတာဘဲတဲ့။

ဒါဖြင့် ဒီတကာတကာမတွေ ယနေ့ဆုံးဖြတ်ချက်ချကြပေတော့နော်....(မှုန်ပါ့)သြော်...နိဗ္ဗာန်ဆိုတာဟာ ဘယ်လိုအပေါ်မှာ မှီနေပါလိမ့်မတုံးမေးတော့မှ နှလုံးသွင်းမှုန်မှုပေါ်မှာ မှီနေတယဲ၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘယ်ပေါ်မှီနေသလဲ(နှလုံးသွင်းမှုန်မှုပေါ်မှာ မှီနေပါတယ်) နှလုံးသွင်းမှုန်မှုပေါ်မှာ တည်နေတယ်၊တောင်း-မတောင်းလိုရင်း မဟုတ်တော့ဘူး....(မှုန်ပါ့ဘုရား)။

ဆရာတုတ် ဘယ့်နှယ်တုံး၊ တောင်း-မတောင်းက....(တောင်းမတောင်းက လိုရင်းမဟုတ်ပါ)ဘာတုံး.... (နှလုံးသွင်းမှုန်ဘို့ လိုရင်းပါဘုရား)။

နောက်က တကာတကာမတွေ ခင်ဗျားတို့ တရားထိုင်မည့်ကြံလို့ ရှိယင်ဖြင့် ဘုရားကိုဝတ်ချပြီး နိဗ္ဗာန်ကိုအများကြီးသနား

တော်မူပါဘုရား၊ မြန်မြန်သနားတော်မူပါ သွားလုပ်မနေနဲ့.... (မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

နှလုံးသွင်းမှားနဲ့သာ ဆိုလို့ရှိယင်ဖြင့် ဘယ်လို လုပ်လုပ်... (မရပါဘုရား)။

ပင်ကိုက တောင်းယူရတဲ့တရားလား...တဲ့၊ တကာတရာမ တို့ သူ့အဖုံးခတ္တကိုဖွင့်နိုင်မှ ပေါ်တဲ့တရားလားဆိုတာလဲ အကဲ ခတ်ဘို့အရေးကြီးတယ်(မှန်ပါ) သူ့ဖုံးနေတာက ပဋ္ဌိလောမဘဲ ယနေ့ရှင်းပြပါ့မယ်နော်...(မှန်ပါ) ပဋ္ဌိလောမရှင်းပြပါမယ်။

နိုဗ္ဗာန်ဟာ ဒီဘက်ကနိုဗ္ဗာန်ဆိုယင် ခန္ဓာက ရှေ့က ကွယ်နေ တယ်....(မှန်ပါ)ကွယ်မနေဘူးလား....(ကွယ်နေပါတယ်)ခန္ဓာ ဆုံးမှ နိုဗ္ဗာန်ကိုးဗျ...(မှန်ပါ)ခန္ဓာဆုံးမှနိုဗ္ဗာန်ဆိုတော့ နိုဗ္ဗာန်ကို ဘယ်သူကွယ်နေသတုံး....(ခန္ဓာကွယ်နေပါတယ်ဘုရား)။

ဒီခန္ဓာကြီးတောင်မှ အနိစ္စ,ဒုက္ခမမြင်ပြန်ဘူးဗျ....(မှန်ပါ) တခါ အဝိဇ္ဇာက ခန္ဓာကိုရှေ့ကနေ ကွယ်ထားပြန်တယ် (မှန်ပါ) ဘယ်သူကကွယ်သတုံး....(အဝိဇ္ဇာကကွယ်ပါတယ်) ဒါဖြင့်နိုဗ္ဗာန် ကွယ်နေတာ ဘယ့်နှစ်ထပ်ကွယ်နေသတုံး... (နှစ်ထပ်ကွယ်နေပါ တယ်ဘုရား) နှစ်ထပ်ရှိသွားပြီ....(မှန်ပါဘုရား)။

ဒီအထဲမှာက အယောနိသော မနသိကာရဆိုတဲ့ နှလုံးသွင်းက မှားနေပြန်တော့ တခြားထပ်ကွယ်တယ်...(မှန်ပါ)မထပ်ဘူးလား (ထပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒါတွေဖယ်လိုက်ရလို့ ရှိယင်တော့ဖြင့် နှလုံးသွင်း အမှားကိုလဲ အမှန်လုပ်လိုက်· ဟုတ်လား၊ အဝိဇ္ဇာကိုလဲ ဝိဇ္ဇာ

ဖြစ်အောင် လုပ်လိုက်၊ ခန္ဓာကိုလဲ ဒုက္ခသစ္စာဖြစ်အောင် လုပ်လိုက်၊ ချုပ်သွားလို့ရှိယင် နိဗ္ဗာန်သွားတော့တယ်....(မှန်ပါ့) မတော့ဘူးလား...(တော့ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်တော့ဘုံရာ ဘယ်နှစ်ထပ် ကွယ်နေသတုံးလို့မေးလို့ရှိယင်ဖြင့် ခန္ဓာတချက်ကွယ်တယ်.... (မှန်ပါ့) ခန္ဓာမမြင်အောင် အဝိဇ္ဇာက တချက်ကွယ်တယ်၊ ဟုတ်လား....(မှန်ပါ့)အဲဒီအပေါ်မှာ နှလုံးသွင်းမှားက တချက်ထပ်လိုက်ပြန်တော့ ဘယ်နှစ်ချက်ကွယ်သလဲ....(သုံးချက်ကွယ်ပါတယ်ဘုရား)။

သုံးချက်ကွယ်တော့ကို ကျုပ်တို့က နှလုံးသွင်းမှန်နဲ့ကြည့်မှအဝိဇ္ဇာကချုပ်သွားမယ်၊ အဝိဇ္ဇာချုပ်တော့မှ ခန္ဓာနဲ့ သွားတော့မယ်...(မှန်ပါ့)ခန္ဓာကို သေသေချာချာတွေ့တဲ့ အခါကျတော့မှ ဖြစ်ပျက်ဒုက္ခသစ္စာဆက်တွေ့တယ်....(မှန်ပါ့ဘုရား) ၎င်းဒုက္ခသစ္စာချုပ်သွားတော့မှ နိဗ္ဗာန်က ပေါ်လာမယ်... (မှန်ပါ့)ရှင်းပလား(ရှင်းပါပြီ)။

ဒါဖြင့် ဒို့ရှေ့ဦးစွာနှလုံးသွင်းမှန်ဘုံရာ အရေးကြီးတယ်ဆိုတာ ယနေ့ပေါ်သွားတယ်.... (ပေါ်ပါတယ်) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

သြော်... တော်ဘော်အရေးကြီးပါကလားဆိုတာ ခင်ဗျားတို့ဘာမှလုပ်မနေကြနဲ့ဆိုတာ တကာတကာမတွေ့ သတိုးပေးလိုက်တယ်....(မှန်ပါ့) ဆုကောင်းတွေ့ ဘာတွေ့လုပ်မနေနဲ့-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) နှလုံးသွင်းမှန်မှန်နဲ့ ခန္ဓာကိုသာကြည့်နေယင် ရမယ်....(မှန်ပါ့)သဘောပါပလား...(ပါ-ပါပြီ)။

နှလုံးသွင်းမှန်မှန်နဲ့ (ခန္ဓာကြည့်နေယင် ရပါမယ်) ခန္ဓာကြည့်နေလို့ ရှိယင်ဖြင့် ခင်ဗျားတို့ နှလုံးသွင်းကလေ့မှန်တော့ ခန္ဓာက အနိစ္စ, ဒုက္ခ, အနတ္တကို ပြောတော့မှာဘဲ... (မှန်ပါ့) မပြောပေဘူးလား... (ပြောပါတယ်ဘုရား)။

ပြောပါမျှားတာကြာတော့ ဒုက္ခသစ္စာကျအောင် သူပြောမယ်... (မှန်ပါ့) ပြောတဲ့အခါကျတော့ ခင်ဗျားတို့က နှလုံးသွင်းမှန်တဲ့ပုဂ္ဂိုလ်က လိုချင်သေးရဲ့လား..... (မလိုချင်ပါဘုရား) မလိုချင်ယင် ဒီခန္ဓာချုပ်သွားတာဘဲ... (မှန်ပါ့) ချုပ်သွားယင် ဘာပေါ်လာမလဲ... (နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် တောင်း-မတောင်းက လိုရင်းလားကဲ့၊ နှလုံးသွင်းမှန်-မမှန်ကလိုရင်းလား.... (နှလုံးသွင်းမှန်- မမှန်ကလိုရင်းပါ) ရှင်းပြီနော် - (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါကဒလေးမှတ်ထားတော့ ဩော်....ယနေ့ဒို့ ဆရာဘုန်းကြီး ဘာတွေသတိ အကြီးအကျယ်ပေးလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျမှ ဆုံးတောင်းဟူသ၍ဟာ နှလုံးသွင်းမှားနဲ့ တောင်းနေယင် အလကားဘဲ၊ ရှင်းပလား....(ရှင်းပါပြီ) နိဗ္ဗာန်တော့ မရနိုင်ဘူး၊ နှလုံးသွင်းမှန်မှန်နဲ့ လုပ်နေယင် တောင်းကို မနေနဲ့ နိဗ္ဗာန်ရမယ်....(မှန်ပါ့) ရှင်းပပါ... (ရှင်းပါပြီဘုရား)။

တောင်းကိုမနေနဲ့တော့ နိဗ္ဗာန်ရတယ်....(မှန်ပါ့) နှလုံးသွင်းမှန်ဘို့ဘဲအရေးကြီးတယ်....(မှန်ပါ့ဘုရား)။

အဲဒါ ရှင်ဘူမိုဇက နှလုံးသွင်းမှန်ယင်ကွာ....မတောင်းလဲ ရပါတယ်၊ တောင်းလဲ ရဘာဘဲကွ...၊ တောင်းချည်တလှည့်,

မတောင်းချည်တလှည့်ဆိုယင်ကော... (ရပါတယ်)မတောင်းသည် မဟုတ်,တောင်းသယောင်ယောင်လုပ်နေလဲ... (ရပါတယ်)ဒါဖြင့် ဟိုဟာလေးချက်က လိုရင်းလား....နှလုံးသွင်းမှုန်မှုက လိုရင်းလား (နှလုံးသွင်းမှုန်မှုက လိုရင်းပါဘုရား)။

သြော်... ဒါတွေကို ဆရာသမားက ခင်ဗျားတို့အပေါ်ဌ ပြင်မပေးတော့ပါဘူးဆိုယင်ဖြင့် တော်တော့ဆရာသမားတွေနဲ့ တွေ့ယင်ဖြင့် တောင်းဟေ....တောင်းမှ ရတယ် ဖြစ်နေဦးမှာဘဲ.... (မှုန်ပါ) ရပါတယ်ကဲ့... တောင်းလို့ရတာက ပန်းတပွင့်နဲ့ လူ့ပြည်,နတ်ပြည် အစုန်,အဆန် ခံစားရပါလို့ဆိုတော့ ရတာပေါ့၊ တောင်းလို့ရတာက လောကီမှာ ရတာ၊ ခွဲခြားမှုတ်လိုက်ပါ... (မှုန်ပါ) နှလုံးသွင်းမှုန်မှု ရတာက လောကုတ္တရာနိဗ္ဗာန်မှာ ရနိုင်တယ်....(မှုန်ပါ)။

ဦးဘသန်း ခင်ဗျား ဒီဥစ္စာ မှုတ်ပုံကို သေသေချာချာ သဘောပါအောင်လုပ်ပါ... (မှုန်ပါ) သေသေချာချာ သဘောပါအောင် လုပ်ပါတဲ့....၊ နို့မဟုတ်လို့ရှိယင် နှလုံးသွင်းမမှုန်ဘဲနဲ့ တောင်းနေတာက အများကြီး၊ မများဘူးလား... (များပါတယ်ဘုရား)။

သြော်... ဒါဖြင့် ပြင်စရာ,ဆင်စရာတွေကော မောင်အောင်ချိုတို့....မောင်အောင်မြတို့....သိပ်များပါကလားဆိုတာ ပေါ်လာတယ် (မှုန်ပါ) မများဘူးလား....(များပါတယ်) ဘာဖြစ်လို့ ဒါလောက် ပြင်စရာ,ဆင်စရာများရသတုံးလို့ မေးတော့ အမှားတွေ ပုံနေလို့....(မှုန်ပါ)။

ဘယ်နှယ်ဆိုကြမလဲ(အမှားတွေ့ပုံနေလို့ပါဘုရား)အမှားတွေ့ပုံနေတယ်၊ ရှင်းကြပလား...(ရှင်းပါပြီ)ဘာတွေ့ မျှားနေသလဲ....(အမှားတွေ့ မျှားနေပါတယ်ဘုရား)။

အမှားတွေ့ မျှားနေတော့ ဒီဥစ္စာ အကုန်ပြင်ရမှာဘဲ၊ မပြင်ယင် ရပါ့မလား....(မရပါဘုရား)။

အဲ့ဒါ့ကြောင့် ပြင်ပေးနေတယ်ဆိုတော့ နှလုံးသွင်းမှန်ယင် တောင်းမနေနဲ့၊ ရမှာဘဲ....(မှန်ပါ့) တောင်းချင်လဲ တောင်းပါ လောကွတ်ချော်ပြီးတော့ နှလုံးသွင်းမှန်ယင်တော့ ရမှာဘဲ .... (မှန်ပါ့) မတောင်းဘဲ နေလဲ နှလုံးသွင်းမှန်ယင်...(ရမှာပါ) ရမှာပါဘဲတဲ့၊ နှလုံးသွင်း မှားနဲ့သာဖြင့် တောင်းလဲ မရ၊ မတောင်းလဲ မရလို့ မှတ်လိုက်တာပေါ့ (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

နှလုံးသွင်းမှားနဲ့သာဆိုယင်....(မရနိုင်ပါဘုရား) တောင်းလဲ မရဘူး၊ မတောင်းလဲ မရဘူး၊ ရှင်းပလား....(ရှင်းပါပြီ) နှလုံးသွင်းမှန်နဲ့ဆိုယင်ဖြင့်....(တောင်းလဲ ရပါတယ်၊မတောင်းလဲ ရပါတယ်ဘုရား) ရတာဘဲဆိုတာ သေချာပလား...(သေချာပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် နိဗ္ဗာန်မြင်တဲ့ ကိစ္စကို နည်းနည်း ဘုန်းကြီး ကြားသွင်းလိုက်ပါမယ်နော် ...(မှန်ပါ့) နိဗ္ဗာန်ဆိုတဲ့ မအို, မသေ အမြဲနေတဲ့ နိဗ္ဗာန်, ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာ"မဂ္ဂဿ နိယျာနဋ္ဌော, ဟေတုဋ္ဌော, ဒဿနဋ္ဌော" (မှန်ပါ့) ဒဿနဋ္ဌောဆိုတာက တခြားမဟုတ်ဘူး၊ နိဗ္ဗာန်မြင်တယ် ပြော

တားနော်--(မှန်ပါ့)ဒါဖြင့် မဂ္ဂင်အလုပ်-လုပ်လို့ရှိယင်ဖြင့် နိဗ္ဗာန်မြင်မှာဘဲ....(မှန်ပါ့) သဘောကျပလား ... (ကျေပါပြီဘုရား)။

မဂ္ဂင်အလုပ် လုပ်လို့ရှိယင်... (နိဗ္ဗာန်မြင်ပါတယ်)မဂ္ဂင်အလုပ်မလုပ်ဘဲနဲ့ တောင်းနေကြယင်တော့ .. (မမြင်ပါ) မရဘူး၊ ဘာဖြစ်လို့တုံး.... ဒဿနဌေါလို့ ဟောထားတယ်၊ ဒဿနဌေါ=မြင်တတ်တဲ့ တရားသည် ဘယ်သူပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဘဲကွတဲ့... ဆိုတော့ နိဗ္ဗာန်မြင်တာ ဘယ်သူက မြင်တာတုံး...(မဂ္ဂင်က မြင်တာပါဘုရား)။

ဒါဖြင့် ဒီ မဂ္ဂင်သာ ကျုပ်တို့က ပွားပေးလိုက်လို့ရှိယင် မဂ္ဂင်ရင့်ကျက်လာလို့ရှိယင် မြင်မှာပါဘဲ၊ ရောက်လဲ ရောက်မှာဘဲ... (မှန်ပါ့)သဘောကျပလား... (ကျေပါပြီဘုရား)။

ဒါဖြင့် ပွားယူရမည့်အလုပ်ကို တောင်းယူလို့ မရဘူး.... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)ဘယ်လို ပေါ်ကြသလဲ... (ပွားယူရမည့်အလုပ်ကို တောင်းယူလို့ မရပါဘုရား)။

ဘာလုပ်ယူရမတုံး... (ပွားယူရပါမယ်)ပွားယူမှ ရမယ် ဦးဘသန်း... (မှန်ပါ့) ပွားယူရမည့်အလုပ်ကို တောင်းယူလို့တော့ (မရပါဘုရား)ဆိုတော့ အလဲအခဲချင်တွေ လုပ်နေကြတယ်ဆိုတာ လှည့်ဖြားတို့....မှတ်ရလိမ့်မယ် .. (မှန်ပါ့) နင်တို့လဲ နဂိုရ်ကန္ဒတ်တက်နေတာပေါ့ဟာ....(မှန်ပါ့) နောက်က တကာ့ဘကာမတွေလဲ နွတ်တက်နေကြတာဘဲ၊ ဖွားငြိမ်းကြီးတို့ကော ဖွားမြတို့ကော မတက်ဘူးလား....(မှန်ပါ့)။

နိဗ္ဗာန် ရ-ရပါလို့ဟုဘုရား၊ ဝဋ်ဘဝတိုတိုနဲ့ ဤဆွမ်း, ဤကွမ်းကြောင့်ဆိုပြီး ခန္ဓာတော့ နည်းနည်းမှ မလှည့်ဘူး၊ လှည့်သေး

ရဲ့လား.... (မလှည့်ပါ) မလှည့်ဘဲနဲ့ ဆိုတော့ နှလုံးသွင်းက မှန်ရဲ့လား....(မမှန်ပါ) မမှန်ယင် မရပါဘူး....(မှန်ပါ) မရပါဘူး၊ လိုချင်မှန်း လူသိရှိမယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒါနဲ့ အရှင်ဘုမိဇက အခုအပြေအတိုင်း ပြေပြီး သည်၏ အခြားမဲ့ဌ ကျောင်းတော်ပြန်သွားပြီး ဘုရားကို သွားလျှောက်တယ်၊ တပည့်တော် မြို့ထဲ ဆွမ်းခံသွားတုန်းဘုရား.... ဇယသေန မင်းသားက တိတ္ထိတော့ဆီက သူ နည်းရပြီးတော့ မေးပါတယ်တဲ့၊ တောင်းပြီးသကာလ ယူလဲ နိဗ္ဗာန်မရဘူးတဲ့၊ မတောင်းဘဲ ယူလဲ နိဗ္ဗာန်မရဘူး၊ တောင်းချည်တလှည့်, မတောင်းချည်တလှည့်နဲ့ နေလဲ နိဗ္ဗာန်မရနိုင်ဘူး....၊ မတောင်းသည် မဟုတ်, တောင်းသယောင်နဲ့ နေလ နိဗ္ဗာန်မရနိုင်ဘူး၊ အဲဒါ အရှင်ဘုရား ဘုရားက ဘယ်လိုမျှားဟောဘူးသတုံး....လို့ တပည့်တော်ကို မေးလိုက်ပါတယ်၊ တပည့်တော်လဲ ကိုယ့်ဉာဏ်ရှိသလောက် ဖြေလိုက်ပါတယ်၊ နှလုံးသွင်းမှားလို့ မရတာ ဖြစ်ပါလိမ့်မယ်၊ နှလုံးသွင်းမှန်လို့ ရှိယင်ဖြင့် တောင်းလဲ ရမှာဘဲ, မတောင်းလဲ ရမှာဘဲ၊ တပည့်တော် ဒီလိုဖြေခဲ့ပါတယ်.... (မှန်ပါ) ဒါ....တပည့်တော် အဖြေဟာ မှားပါသလား....တဲ့၊ ခုံတင်သေးတာကိုး....(မှန်ပါ) ဘုရားဆီသွားပြီး ခုံတင်တယ် ... (မှန်ပါ)။

ဘုရားက ကွာ....ငါ-ဥပမာကလေးတခုပြောပါမယ်ကွာ တဲ့၊ ဘုရားကိုယ်တိုင်ထွက်လာတာဘဲ ... (မှန်ပါ) ဆီဆုံတခုဘည်းမှာ သဲတွေကို ရေတွေနဲ့ဆေးပြီးတော့ထည့်ပြီး နွားနဲ့လှည့်ပြီး ကြိတ်ချင်ကြိတ်, စက်နဲ့ ကြိတ်ချင်ကြိတ်၊ ဆီထွက်စေသတည်း....လို့

ဆုတောင်းပြီးကြိုတ်၊ မထွက်ပါဘူး...တဲ့....(မှန်ပါ့) ရိုပ်မိပလား (ရိုပ်မိပါပြီဘုရား) ဆိမထွက်စေသတည်းဆိုယင်လဲ.... (မထွက်ပါဘုရား)မထွက်ဘူး၊ ဟုတ်လား.... (မှန်ပါ့) ဆိထွက်ချင်လဲ ထွက်မထွက်ချင်လဲနေဆိုလဲ....(မထွက်ပါဘုရား)ဘယ်နည်းနဲ့မှ မထွက်နိုင်ဘူး၊ ထွက်နိုင်စရာအကြောင်း မြင်သေးရဲ့လား.... (မမြင်ပါဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် အခုဘုရားကပေးလိုက်တဲ့ ဥပမာဟာ သိပ်ကောင်းပါတယ်၊ မောင်အောင်မြ မကောင်းဘူးလား(ကောင်းပါတယ်ဘုရား)။

ဆိဆုံထဲမှာ သဲတွေ့ရေဆေးပြီး ဆိထွက်စေ သတည်းလို့ကြိုတ်လဲ မထွက်ပါဘူးတဲ့၊ မထွက်စေသတည်း ဆိုယင်ကော...(မထွက်ပါ)ထွက်ချိတလှည့်- မထွက်ချိတလှည့်ဖြစ်ပါစေသတည်းဆိုယင်ကော....(မထွက်ပါ) ဘာ့ကြောင့်တုံးဆိုတော့ ဆိထွက်တဲ့အမျိုးမဟုတ်ဘူး၊ ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုပါလိမ့်....(ဆိထွက်တဲ့အမျိုးမဟုတ်ပါဘုရား) ဒါဖြင့်တောင်း- မတောင်းတာ လိုရင်းဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

ကဲ... ငါတခုဥပမာပြမယ်ကွာတဲ့၊ နွားနို့လိုချင်တဲ့ပုဂ္ဂိုလ်ဟာ နွားချိုကိုသွားညှစ်မယ်တဲ့၊ နို့ကိုတော့မညှစ်ဘူး၊ ချိုကိုသွားညှစ်မယ်၊ နို့ထွက်ခစသတည်းဆိုပြီး ညှစ်လဲ မရပါဘူးကွာတဲ့၊ ရိုပ်မိပလား... (ရိုပ်မိပါပြီ)မထွက်စေသတည်းလို့ ညှစ်လဲ.... (မရပါ) ဘယ်လိုညှစ်ညှစ်....(မရပါ) တောင်းညှစ်-မတောင်းညှစ်....(မရပါဘုရား)။

နောက်က တကာတကာမတွေ့ ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် သူ့နှလုံးသွင်းလဲ့နေလို့.... (မှန်ပါ) သဘောပါပလား... (ပါ-ပါပြီဘုရား)။

ကောင်းပြီ....တဲ့၊ ဒါဖြင့် မောင်အောင်ချိုတို့-မောင်အောင်မြတို့- ဦးအောင်ဇ ဝေတို့က နှမ်းကို ရေဆေးပြီး ထည့်ကြပေတော့ သဲတွေ့ထုတ်ပစ်... (မှန်ပါ) နှမ်းကို ရေဆေးပြီးထည့်ကာ၊ ရေနွေးကလေး ဘာကလေးနဲ့ ထည့်ကာ၊ စက်နဲ့လှည့်လှည့်- နှားနဲ့လှည့်လှည့်,လှည့်ကာ၊ မထွက်စေသတည်း တောင်းကာ....(ထွက်မှာပါဘဲဘုရား) ထွက်စေသတည်း တောင်းယင်လဲ...(ထွက်မှာပါဘုရား) ဘာ့ကြောင့်တုံး...(မှန်လို့ပါ) ဆီထွက်တဲ့အမျိုးမို့ (မှန်ပါ) သဘောပါကြပလား...(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဆီမထွက်တဲ့အမျိုးတုန်းကလဲ ဘယ်လို ဆုတောင်းတောင်း မထွက်ခဲ့ဘူး...(မှန်ပါ) ဆီထွက်တဲ့ အမျိုးကျတော့လဲ တောင်းလဲ ထွက်မှာဘဲ၊ မတောင်းလဲ... (ထွက်မှာပါဘုရား)။

ဒါဖြင့် ဘုရားပေးတော်မူတဲ့ဥပမာ မောင်အောင်ချိ တယ်ကောင်းတယ်....(မှန်ပါ) အမျိုးမှန်ယင်တော့ ရမှာဘဲဟေ့....တဲ့ (မှန်ပါ) တောင်း-မတောင်း လိုရင်းမဟုတ်ဘူး....(မှန်ပါဘုရား) အမျိုးမမှန်ယင်တော့....(မရပါဘုရား)။

ဒါဖြင့် ရှင်ဘူမိဇဖြေတာ တည့်တာပေါ့.... (မှန်ပါ) နှလုံးသွင်း မမှန်လို့ ရှိယင်ဖြင့် တောင်းလဲ နိဗ္ဗာန် မရပါဘူး....တဲ့၊ မတောင်းလဲ...(မရပါဘုရား) သဘောကျပလား.... (ကျပါပြီ) နှလုံးသွင်းသာမှန်မယ်ဆိုလို့ ရှိယင်ဖြင့်....တဲ့ တောင်းလဲ....(ရမှာ

ပါဘုရား) ရမ္မာဘဲနော်.... (မှန်ပါ) ဘာဖြစ်လို့တုံး· ဆိုဆုံထဲ နှမ်းထည့်ကြိတ်သကိုးဗျ၊ ထွက်စေသတည်းဆိုလဲ ထွက်ရမ္မာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ) မထွက်စေသတည်းဆိုလဲ... (ထွက်ရမ္မာပါဘဲဘုရား)။

ထွက်မှာဘဲဆိုတော့ ဒါဖြင့် ယနေ့ညတရားမှာ အမျိုးမှန်ဘို့ အရေးကြီးတယ်....(မှန်ပါ) နှလုံးသွင်းမှန်ဘို့.... (အရေးကြီးပါတယ်ဘုရား)နောက်က တကာတကာမတွေ နားလည်ကြရဲ့လား (နားလည်ပါတယ်) ဘာအရေးကြီးပါလိမ့် (နှလုံးသွင်းမှန်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် နှလုံးသွင်းမှန်ဘို့အရေးကြီးတယ်ဆိုတာလဲ ဘုရားကလဲ ဘုံပါတ် ဥပမာနဲ့ကို ပြလိုက်တယ်....(မှန်ပါ) ရှင်ဘုရားမိုးကို ဒီအတိုင်းသာ မင်းပြောကွ...တဲ့၊ ဒီလိုမျိုး ပြောလိုက်လို့ရှိယင် မင်းတို့ ဆွမ်းအုပ်တအုပ် အယင်တည်နေတဲ့ဥစ္စာ ဆထက်တံပိုးတိုးတက်ပြီး ကြည်ညိုလို့ ပိုတည်သိမ့်ဦးမယ်တဲ့ (မှန်ပါဘုရား) သဘောကျပလား....(ကျပါပြီ) အမျိုးမှန်ယင် ပြီးတာဘဲ။

ဒါကြောင့် တကာတကာမတွေ ကြားဖြတ် ဆုံးမလိုက်ပါတယ်၊ ဘာကြောင့်ညာတွေ ဆုကောင်းမနေနဲ့တော့ ၊ ဒီနေ့ဖြင့် တရားထိုင်ပြီး တရားထူး,တရားမြတ်နဲ့ တွေ့ရပါလို့၏လုပ်မနေနဲ့၊ ရှည်မနေနဲ့၊ လျှာတော့ရှည်တာ မောတာဘဲ... (မှန်ပါ) ဟုတ်ပလား....(မှန်ပါ) ဒီခန္ဓာထဲမှာ အနိစ္စရှိလို့ အနိစ္စတွေလို့ရှိယင် ဒါ... နှလုံးသွင်းမှန်ပြီ.... (မှန်ပါ) ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်နဲ့ ညာဏ်နဲ့တွေ့ယင် .. (နှလုံးသွင်းမှန်ပါတယ်ဘုရား)။

နှလုံးသွင်းမှန်သွားပြီ၊ နဂိုရ်က ဒါရှိတာကိုး၊ နဂိုရ်က အနိစ္စ ကိုးဗျ.... (မှန်ပါ) အနိစ္စရှိလို့ အနိစ္စသိပြီဆိုယင် ဦးဘသန်း ဆုတောင်းနေဘို့လိုသေးသလား.... (မလိုပါဘုရား) တော်တော် ကြာကျတော့ အနိစ္စမြင်ပြီး တော်တော်ကြာ အနိစ္စမှန်းတဲ့ဉာဏ် တက်မှာဘဲ.... (မှန်ပါ) တော်တော်ကြာ အနိစ္စဆုံးတော့ နိစ္စ နိဗ္ဗာန်မလာပေဘူးလား.... (လာပါတယ်ဘုရား) ဒါဖြင့် နှလုံး သွင်းမှန်ဘို့ရာသာ အဓိက....(မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်.... (နှလုံးသွင်းမှန်ဘို့ရာသာ အဓိကပါ) အေး... အသက်အရွယ်ကြီးကုန်ပြီ နောက်က အဖွားကြီးတွေလဲ၊ ဒို့ ဆုတောင်းတွေဟာ နှလုံးသွင်းမမှန်ဘဲနဲ့....၊ ဘုရားရှေ့မှာ ဘာမှ နှလုံးမသွင်းဘဲနဲ့ဆုတောင်းနေတာ.... (မှန်ပါ) ဘာမျှား နှလုံးသွင်းပြီး တောင်းသလဲ - မောင်အောင်မြတို့ မင်းတို့ ဆွမ်းတော်ပဲ့ ကိုင်ပြီးတော့....၊ ဆွမ်းတော်ပဲ့ဟာ ဆွမ်း တော် ဘုဉ်းပေးပါလို့ပြောတာ...၊ ခန္ဓာကိုယ် နှလုံးသွင်းဘာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)သဘောကျပလား....(ကျပါပြီ ဘုရား)။

ဒါဖြင့်.... နှလုံးသွင်းက ဆွမ်းကို အရှင်ဘုရား လှူဒါန်းပါ၏ ဆိုတော့ ဆွမ်းကို နှလုံးသွင်းပြီးလှူတာ.... (မှန်ပါ) ခန္ဓာထဲမှာ ရှိတာကို နှလုံးသွင်းတည့်တာ ဟုတ်ကဲ့လား....(မဟုတ်ပါဘုရား) မဟုတ်လို့ရှိယင်ဖြင့် ကုသိုလ်ကတော့ ရမှာဘဲ၊ နိဗ္ဗာန်တော့ ... (မရပါဘုရား) နှလုံးသွင်းမတည့်သေးဘူး....(မှန်ပါ) ရှင်းပြီ နော်....(ရှင်းပါပြီဘုရား)။

ဒီနေရာမှာဘဲ သဒ္ဓါ,သီလ,သုတ,စာဂ,ပညာဆိုတဲ့ ခင်ဗျားတို့ ဆွမ်းလှူတာတောင် သဒ္ဓါ သီလ သုတ စာဂ ပညာနဲ့ ဒီငါးခုနဲ့ ပြည့်စုံမှ ကိုယ်လိုချင်တဲ့ဆီ လောကီကြောင်းပြည့်တာ....(မှန်ပါ) ဒါမပါယင် ပြည့်ဘို့တောင် ခဲယဉ်းသတဲ့....(မှန်ပါ)။

ကဲ... လောကီတောင်းတာတောင်မှ အင်္ဂါဘယ်နှစ်ချက်တုံး-(ငါးချက်ပါ) သဒ္ဓါ,သီလ,သုတ,စာဂ,ပညာ... (မှန်ပါဘုရား) ဒီငါးချက်နဲ့ ပြည့်စုံမှ လောကီကြောင်းပြည့်တယ်၊ ဒါ....ဥပရိ ပဏ္ဏာသမှာ လာတယ်နော်(မှန်ပါ) ရှင်းကြပလား(ရှင်းပါပြီ)။

ဒီဟာလဲ မပါဘူး- နှလုံးသွင်းကလဲ မှားနေဦးမယ် ဆိုယင် တော့ဖြင့် ဘယ်လို ဆုတောင်းပြည့် သွားသွား ခဲယဉ်းတယ်.... (မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ) သဘောကျပြီ....(ကျပါပြီ ဘုရား)။

ဒါဖြင့် ဆီဆုံထဲ နှမ်းထည့်ကြိတ်ပါ၊ မတောင်းနဲ့ ဆီထွက် စေသတည်းလို့၊ ဘယ်နှယ်တုံး....(ဆီထွက်ပါတယ်) ထွက်မှာဘဲ၊ သူ့အမျိုးမှန်နေတာကိုး...(မှန်ပါ)။

ဘယ်လိုဆိုကြမလဲ....(သူ့အမျိုးမှန်ပါတယ်)အဲ .. သူ့အမျိုး မှန်ဘို့ တကာ တကာမတွေ့ကို ဘုန်းကြီးက ပေးထားတယ်....၊ ခင်ဗျားတို့ ခန္ဓာထဲမှာ အနိစ္စဟာ အမျိုးမှန်ဘဲ....(မှန်ပါ)အနိစ္စမှ တပါး ခန္ဓာကိုယ်ထဲမှာ ဘာရှိသေးသတုံး....(မရှိတော့ပါဘုရား) အဲဒါကိုသာ ခင်ဗျားတို့က ဉာဏ်နဲ့ ကြည့်ပြီးသကာလ အနိစ္စ မြင်အောင်ကြည့်ဘို့ဟာ နှလုံးသွင်းမှန်အောင်ကြည့်ပါ (မှန်ပါ) ကျုပ် နိဗ္ဗာန်ရ,ရပါလို့၏လို့ ဆုတောင်းမနေနဲ့...(မှန်ပါဘုရား)

နိဗ္ဗာန်ရ,ရပါလိုလို ဆုတောင်းမနေနဲ့၊ နှလုံးသွင်းမှန်လို့ရှိယင် နိဗ္ဗာန်ရ,ရမယ်....(မှန်ပါ့)။

ဦးဘသန်း နှလုံးသွင်းမှန်ယင်.... (နိဗ္ဗာန်ရပါတယ်ဘုရား) အနိစ္စတွေ့ယင် နှလုံးသွင်း မှန်·မမှန်....(မှန်ပါတယ်ဘုရား)ဒါဖြင့် ရတော့မှာဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်များ နိဗ္ဗာန်မှ ရပါ့မလား ဆိုတာ ယနေ့ ဒီသုံသယဖျောက်နော်....(မှန်ပါ့ဘုရား) တွေ့ယင် ရတော့မယ်....(မှန်ပါ့) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

ဖြစ်ပျက်တွေ့ယင်ဖြင့်....(နိဗ္ဗာန်ရပါမယ်ဘုရား)နိဗ္ဗာန်ရတော့ မယ်၊ ဘာဖြစ်လို့ တုံး· နှလုံးသွင်းမှန်သွားလို့ ၊ မတောင်းဘဲနေ လဲ ရမှာဘဲ...(မှန်ပါ့) တောင်းလဲ...(ရမှာပါဘုရား)ဒီဥာဏ်က တက်သွားအောင် လုပ်လိုက်တာပေါ့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ယထာဘူတဥာဏ်ဆိုတာ ဖြစ်ပျက်မြင်တဲ့ ဉာဏ်ဘဲ...(မှန်ပါ့) နိဗ္ဗာန်ဥာဏ်ဆိုတာ ဖြစ်ပျက်မုန်းတဲ့ ဉာဏ်ဘဲ ဆိုတော့ တက်သွား ပြီပေါ့ .... (မှန်ပါ့ဘုရား) မဂ်ဉာဏ်ဆိုတာတော့ ဖြစ်ပျက် အဆုံးမြင်တဲ့ဉာဏ်ဆိုတာ တက်မသွားဘူးလား...(တက်သွားပါ တယ်ဘုရား) ပဋ္ဌမအတက်လဲမှန်တော့ ဟိုဘက် မဂ်စစ်ကျအောင် တက်သွားတာဘဲ....(မှန်ပါ့) ဝိပဿနာမဂ်က သောကုတ္တရာ မဂ် ကျအောင် တက်သွားတယ် ကိုယ့်ဉာဏ်ထဲမှာ....(မှန်ပါ့) မတက် ဘူးလား....(တက်ပါတယ်ဘုရား)။

ဒါတော့ မောင်အောင်ချိုတို့၊ မောင်မြတို့က ဘယ်လို ဆုံးဖြတ်ချက်ချမတုံး၊ ဘယ့်နှယ်ကြောင့် မဂ်ဉာဏ်ကျအောင်

တက်သွားပါလိမ့် နိဗ္ဗာန်မြင်တဲ့ဆိုးရောက်အောင် .... (နှလုံးသွင်းမှန်လို့ပါဘုရား)နဂိုရ်က ဥာဏ်နဲ့ စိုက်ကြည့်လိုက် ကတည်းက ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်တွေ့ခေ့ပါ့တဲ့.. (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှိလို့.... (ဖြစ်ပျက်တွေ့ပါတယ်ဘုရား) ဖြစ်ပျက်တွေ့ ကတည်းက ဒါ ယောနိသော မနသိကာရဖြစ်ပြီ၊ ယောနိသော မနသိကာရဆိုတာ အနိစ္စကိုအနိစ္စ,ဒုက္ခကိုဒုက္ခ,အနတ္တကိုအနတ္တလို့ သိလို့ရှိယင် ဒါ ယောနိသော မနသိကာရချည့်မှတ်ပါ....(မှန်ပါ့ဘုရား)။

အယောနိသောမနသိကာရကတော့ အနိစ္စကို နိစ္စထင်တယ်၊ ဒုက္ခကို သုခထင်တယ်၊ အနတ္တကို အတ္တထင်တယ်၊ဒါက အယောနိသောမနသိကာရ ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် အယောနိသောမနသိကာရနဲ့ဆိုယင် ဘယ်လိုဘဲ တောင်းတောင်းမရဘူး၊ မတောင်းလဲ မရဘူး....(မှန်ပါ့)။

ဖြစ်ပျက်တွေ့တဲ့ ပုဂ္ဂိုလ်မှန်က ယောနိသောမနသိကာရ ၁.နံပါတ်က စ,တည့်တယ်....(မှန်ပါ့)မတည့်ဘူးလား....(တည့်ပါတယ်ဘုရား)အဲဒီပုဂ္ဂိုလ်ကျတော့ တကာတကာမတွေ့က ဘယ်လိုဆုံးဖြတ် ချက်ချမလဲ.... (ဆုတောင်းဘို့မလိုပါ) ဒီဆုတောင်းတွေ့ ဖြုတ်လိုက်....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ....(နိဗ္ဗာန်ရပါတယ်) နိဗ္ဗာန်သေသေချာချာ ရမယ်.... (မှန်ပါ့) ဘာဖြစ်လို့ကုံး- နှလုံးသွင်းမှန်သွားလို့....(မှန်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဆုတောင်းနေဘို့ လို့ မလို့.... (မလိုပါ) မတောင်းဘဲနေလဲ (ရပါတယ်) မတောင်းလဲရမှာဘဲ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ)တောင်းလဲ... (ရပါတယ်ဘုရား)။

ဒါဖြင့် တောင်းတာ လေတောင်ကုန်သေးဘယ်.... (မှန်ပါ့) နှလုံးသွင်းမှန်ယင် ပြီးတာဘဲ....(မှန်ပါ့) ဦးဘသန်း ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(နှလုံးသွင်းမှန်ယင် ပြီးပါတယ်)တောင်းနေဘို့ (မလိုပါဘုရား)။

ခုနင်က ဥပမာမှာ မြတ်စွာဘုရားဟောတာ သိပ်ပြီးတော့ ဟပ်သွားတယ်နော်(မှန်ပါ့) နှမ်းထည့်ကြိတ်နေတာ မတောင်းလဲ ထွက်မှာဘဲ တောင်းလဲ ထွက်မှာဘဲ၊ ဟုတ်လား.... (မှန်ပါ့)။

ဒါဖြင့် ထွက်မည့်အတူတူဖြင့် လေကုန်မခံနဲ့တော့ ဆီထွက်စေသတည်းလို့ တောင်းဘို့လိုသေးသလား .... (မလိုတော့ပါ) ဘာဖြစ်လို့တုံး ထွက်မှာကသေချာတယ် ... (မှန်ပါ့) အမျိုးမှန်ထည့်တယ် .. (မှန်ပါ့)။

ဒီမှာလဲ နှလုံးသွင်း အမျိုးမှန်ထည့်ပြီးလို့ ရှိယင် နိဗ္ဗာန်ရှာဘဲ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

နှလုံးသွင်း အမျိုးမှန်ကိုသာ ခင်ဗျားတို့ ထည့်ကြိတ်တော့ နိဗ္ဗာန်တည်းဟူသော ဆီကတော့ ထွက်ရမှာဘဲ၊မထွက်ပါနဲ့ဆိုလို့ (မရပါ)အဲ.. လျှာရှည်နေပြီး နှလုံးသွင်းမမှန်ယင်တော့ .... (မရနိုင်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှေ့.မှာသွားပြီး လျှာရှည်မနေပါနဲ့၊ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ်က ခန္ဓာနှလုံးသွင်းမှန်ယင် ရပါလိမ့်မယ် (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘယ်လိုပါလိမ့် .... (နှလုံးသွင်းမှန်ယင် ရမှာပါ) ဆရာတုတ်တို့မျှား လျှာရှည်သေးတယ်နော်....(မှန်ပါ့) မရှည်ဘူးလား.... (ရှည်ပါတယ်) ရှည်လိုက်တဲ့ လျှာမှ နည်းတဲ့လျှာမဟုတ်ဘူး၊ ဦးအောင်ဇံဝေကြီးတို့ ဘုရားရှိခိုးတော့ ဘုရားရှိခိုးရှည်တာလား-ဆုတောင်းရှည်တာလားသာ မေးကြည့်တော့....(ဆုတောင်းရှည်တာပါဘုရား) ဆုတောင်းရှည်တာ....(မှန်ပါ့ဘုရား)။

ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ရှိခိုးပါ၏ဆိုတော့ ဘုရားရှိခိုးဆုံးပါတယ်....(မှန်ပါ့) ရှိခိုးရသော အကြောင်းအားကြောင့် ဆိုတော့ ဟိုဘက်ဘုရားရှိခိုးလား-ဆုတောင်းလား....(ဆုတောင်းပါဘုရား) အဲဒီတော့ ဘုရားရှိခိုးနဲ့ ဆုတောင်း ဘယ်ဟာက ရှည်ထားသတုံး....(ဆုတောင်းက ရှည်ထားပါတယ်ဘုရား)။

ဟာ....ခင်ဗျားတို့ဟာ ခက်နေပြီကော-ဟင်... (မှန်ပါ့ဘုရား) အင်မတန်ခက်နေပြီ....(ခက်ပါတယ်) ပြီးဘော့ ခင်ဗျားတို့ကနောက်ကမျှားနေပြီး သာဓုခေါ်လိုက်သေးတယ်၊ ဘုရားရှိခိုးသိပ်ရတာဘဲတဲ့....(မှန်ပါ့) ဘုရားရှိခိုးသိပ်ရတာဘဲတဲ့ သူတို့လဲ ဘယ်တော့မျှား ရရပါ့မတုံးတဲ့၊ဘယ်ဘုရားရှိခိုးတာမှသိပ်မပါဘဲ ဆုတောင်းကရှည်နေတာ(မှန်ပါ့) ကိုယ်လိုချင်တာတွေ လျှောက်ပြောနေတာက ရှည်နေတာ.... (မှန်ပါ့) ဘုရားရှိခိုးတာကတော့ ရှိခိုးပါ၏တွင် ဆုံးတယ်....(မှန်ပါ့)။

ကဲ....မယုံယင် ရှိခိုးကြည့် ဦးဘသန်းကြီး....(မှန်ပါ့) ဘယ်မှာ ဆုံးသတုံး .... (ရှိခိုးပါ၏တွင် ဆုံးပါတယ်)ဒီ့ပြင် နောက်ကဟာတွေက ဘာတွေဆိုမတုံး....(ဆုတောင်းတွေပါ) ဆုတောင်းတွေ၊ နှလုံးသွင်းမှန်ရဲ့လား....(မမှန်ပါဘုရား)။

မမှန်ဘူးတဲ့၊အဲဒီတော့ ခင်ဗျားတို့ဟာခင်ဗျားတို့ချင်း ချီးမွမ်းနေတာကလဲ မျက်စိမမြင်တဲ့လူကို မျက်စိမမြင်တဲ့လူကတခါတည်း ပညာသင်နေတာနဲ့ သိပ်တူတယ်....(မှန်ပါ့ဘုရား)။

မျက်စိမမြင်တဲ့လူကို .... (ပညာသင်နေတာနဲ့ တူပါတယ်) တယောက်ကဘာတုံး၊ မမြင်တဲ့လူ၊ မမြင်တဲ့လူကို မမြင်တဲ့လူက သင်နေလို့ရှိယင်ဖြင့် အထပြောက်စရာ မြင်သေးရဲ့လား .... (မမြင်ပါဘုရား)။

ဒီမှာလဲ ရှေ့ကလူကလဲ ဘုရားရှိခိုးဘဲ မှတ်နေတာဘဲ ဟိုမှာ ရှည်နေတာကိုး မဟုတ်ဘူးလား... (မှန်ပါ့) ငါလဲနောက်ကို ဒီလို ခိုးတတ်အောင်တော့ ရှည်ဦးမှာဆိုတော့ ဘုရားရှိခိုး ရှည်တာ လား- ဆုတောင်းထပ်သင်တာလား .... (ဆုတောင်းထပ်သင်တာ ပါဘုရား) ဘုရားရှိခိုးတော့ အတူတူဘဲ၊ ရှိခိုးပါ၏တွင် လမ်းဆုံး ကြတာဘဲ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်မှာလမ်းဆုံးသတုံး....(ရှိခိုးပါ၏တွင် လမ်းဆုံးပါတယ်) ရှိခိုးပါ၏ဆိုကတည်းက မောင်အောင်ချို ကုန်နေပြီကွ-(မှန်ပါ့) အရှင်ဘုရားအား ကာယကံ, ဝစီကံ, မနောကံ တို့ဖြင့် ရိုသေ လေးမြတ်စွာ ရှိခိုးပါ၏ဆိုယင် မောင်မြ ပြီးသွားတာဘဲ(မှန်ပါ့) နောက်ရှည်တာတွေဟူသ၍ကား ဘာဆိုကြမယ်(ဆုတောင်းပါ) အဲဒါပါ ခင်ဗျားတို့က ဘုရားရှိခိုးထဲထည့်နေတာ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ဦးဘသန်းကြီးတို့ ဒါတွေ ဘုရားရှိခိုးထဲထည့်သေးသလား... (ထည့်ပါတယ်ဘုရား)။

ထည့်တုန်းဘဲ(မှန်ပါ)အံ့မာလေး...အဲဒါ ဘုရားရှိခိုး မဟုတ်ဘူးတဲ့၊ ဒီဥစ္စာက တောင်းတတဲ့ တဏှာပါ.... (မှန်ပါ) 'ဘုရားရှိခိုးက ဘာတုံးမေးတော့ ယုံကြည်တဲ့သဒ္ဓါနဲ့ ကမ္မဿကတ ဉာဏ်ဘဲပါတယ်၊ တဏှာမပါဘူး....(မှန်ပါ)ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

ဘုရားကိုယုံကြည်တဲ့ သဒ္ဓါနဲ့ဟုတ်လား၊ ကောင်းတာလုပ်-ကောင်းကျိုးပေးတယ်ဆိုတဲ့ကမ္မဿကတဉာဏ်နဲ့ဒီနှစ်ခုဘဲပါတယ် တဏှာမပါဘူး....(မှန်ပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီမှာ ခင်ဗျားတို့က အဝိဇ္ဇာနားမလည်တော့ ဆုတောင်းတဏှာကို ဘုရားရှိခိုးထဲထည့်ထားတယ်....(မှန်ပါ) ရှင်းမနေဘူးလား... (မှန်ပါ) ဘာထည့်ထားသတုံး.... (ဆုတောင်းတဏှာကို ထည့်ထားပါတယ်)ဘုရားရှိခိုးထဲထည့်ထားတယ်၊ မဟုတ်ဘူးလား (မှန်ပါ)အဲဒီတော့ မလွဲဘူးလားလွဲသလား(လွဲပါတယ်ဘုရား)။

ဒါဖြင့် အားလုံး တပုဒ်လုံး ဘုရားရှိခိုးဘဲလား... ဟုတ်လား-မေးဘို့ လိုလာတယ်၊ ဆုတောင်းရှည်နေတာလား...၊ ဘုရားရှိခိုးရှည်နေတာလား....မေးယင် ဘယ်နှယ်ဖြေကြမလဲ...(တဏှာ ဆုတောင်းရှည်နေတာပါဘုရား)။

ဦးအောင်ဇံဝေ....ဘုရားရှိခိုးရှည်နေတာလား....၊ တဏှာချဲ့နေတာလား....(တဏှာချဲ့နေတာပါဘုရား)။

အဲဒါ ခင်ဗျားတို့က နေ့ကိုက်ကနေမျှား တယ်ရတဲ့လူဟေ့-- သာခုခေါ်လို့ရှိယင်ဖြင့် သားခုခေါ်တော့ ဘယ်နှယ်တုံး တည့်ရဲ့လား....(မတည့်ပါဘုရား) ဘုရားရှိခိုးမှတ်နေလို့ သူက ရမ်း

ခေါ်လိုက်တာ....(မှန်ပါ့)မဟုတ်ဘူးလား-(မှန်ပါ့)ကဲ....သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိုဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်,ဒုက္ခခပ်သိမ်း ငြိမ်းချင်တဲ့ ပုဂ္ဂိုလ်ဟုတ်လား....၊ ဒုက္ခဟူသ၍ မြူမျှ မတွေ့ချင်တဲ့ ပုဂ္ဂိုလ်ဟာ နိုဗ္ဗာန်ရောက်မှာဘဲ မတွေ့မှာဘဲ....(မှန်ပါ့) မဟုတ်ဘူး လား....(မှန်ပါ့)။

အဲဒီ နိုဗ္ဗာန်ရောက်ချင်လို့ ရှိယင် တခြားဘာမှအရေးမကြီးဘူး၊ နှလုံးသွင်းမှန်ဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့) မပေါ်ကြသေး ဘူးလား... (ပေါ်ပါပြီဘုရား)။

နိုဗ္ဗာန်ရောက်ချင်ယင်....(နှလုံးသွင်းမှန်ဘို့အရေးကြီးပါတယ်) နှလုံးသွင်းမှန်ဆိုတာ ခန္ဓာဥာဏ် စိုက်လိုက်သည်နဲ့ တပြိုင်နက် အာည်း ငါးမိနစ်နဲ့ဘဲ တွေ့တွေ့ ဟုတ်လား၊ ဆယ်မိနစ်နဲ့ဘဲ တွေ့ တွေ့ ဖြစ်ပျက်တွေ့မှ နှလုံးသွင်း မှန်တော့မပေါ့....(မှန်ပါ့)။

ဘာ့ကြောင့်တုံး ဆိုတော့ .... "ယောနိသောမနသိကာရန္တိ အနိစ္စေ အနိစ္စန္တိ ဒုက္ခေ ဒုက္ခန္တိ အနတ္တေ အနတ္တန္တိ" ဆိုတော့ သြော်....အနိစ္စ ဒုက္ခ ဖြစ်ပျက် စ,မြင်မှ နှလုံးသွင်းက မှန်တာကိုး (မှန်ပါ့)သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါ့ကြောင့် နှလုံးသွင်းမမှန်လို့ ရှိယင် ခင်ဗျားတို့ ဆုတောင်း လဲ မရပါဘူး နိုဗ္ဗာန်ကို....(မှန်ပါ့) ဆုမတောင်းလဲ... (မရပါ) ဘာလဲနေသတုံး....(နှလုံးသွင်း လဲနေပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားရှိခိုးနေတဲ့အဓိပ္ပါယ်,ဆုတောင်းနေ

တဲ့ အဓိပ္ပါယ်ကဖြင့် ဆီဆုံထဲ သဲထည့်ကြိတ်နေတာဘဲ- (မှန်ပါ) လို့ချင်တာက ဆီ မဟုတ်ဘူးလား....(မှန်ပါ)။

လို့ချင်တာက....(ဆီပါဘုရား)ဆီနဲ့ တူတဲ့ နိဗ္ဗာန်၊ ထည့်ကြိတ်တာက သဲဆိုတဲ့ နှလုံးသွင်းမှားကို ထည့်ကြိတ်တယ်....(မှန်ပါ)။

ဘာထည့်ကြိတ်သလဲ....(သဲထည့်ကြိတ်ပါတယ်) သဲက နှလုံးသွင်းမှားပေါ့ဗျာ...(မှန်ပါ) ဆီထွက်လိမ့်မယ်မှတ်ပြီး ထည့်တာကို....(မှန်ပါ) နှလုံးသွင်းမမှားဘူးလား...(မှားပါတယ်)။

ဒါဖြင့် အဖွားငြိမ်းတို့....အဖွားမြတို့.... ရနိုင်ပါ့မလား-(မရနိုင်ပါဘုရား) သဲကိုထည့်ပြီး တနေလုံးကြိတ်၊ မီးတောင် ဖြစ်လာလိမ့်ဦးမယ်၊ ဆီတော့ မထွက်ပေဘူး....(မှန်ပါ) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဆရာဘုန်းကြီးက ဘာပြင်ပေးပါလိမ့်မတုံးဆိုတာတော့ ပေါ်လောက်ပါပြီ....(ပေါ်ပါပြီဘုရား-နှလုံးသွင်းပြင်ပေးတာပါ)နှလုံးသွင်းပြင်ပေးတာ၊ တောင်းဘို့, မတောင်းဘို့ကို လို့ရင် မထားကောဘူး....(မှန်ပါ) ရှင်းကြပလား(ရှင်းပါပြီ)ဘာအရေးကြီးထားသတုံး.... (နှလုံးသွင်းမှန်ကို အရေးကြီးထားပါတယ်ဘုရား)။

နှလုံးသွင်းမှန်ကို အရေးကကြီးထားတယ်ဆိုတော့ နှလုံးသွင်းမှန်ဆိုတာက ဘယ်က စ,ရမှာတုံးဆိုတော့ ခန္ဓာကို ဥာဏ်နဲ့ တည့်လိုက် ဖြစ်ပျက်တွေ့ယင် နှလုံးသွင်းမှန်ပြီ။

ခန္ဓာကို ဥာဏ်နဲ့ တည့်လိုက်လို့....(ဖြစ်ပျက်တွေ့ယင် နှလုံးသွင်း မှန်ပါတယ်)ဖြစ်ပျက်တွေ့ယင် မှန်တယ်၊နှလုံးသွင်းမှန်ကိုလဲ

စကေးကိုက်ပြောလိုက်ပါတယ်....(မှန်ပါ့) နှလုံးသွင်းမှန်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာကိုယ် ဖြစ်ပျက်တွေ့ယင် နှလုံးသွင်းမှန်ပြီ....မောင်မြ....(မှန်ပါ့) ဖြစ်ပျက် မတွေ့သေးဘူး လှလိုက်တာ, ချောလိုက်တာဆိုလို့ရှိယင် နှလုံးသွင်းမှားပြီ....(မှန်ပါ့)။

နှလုံးသွင်းမှန်တာနဲ့ မမှန်တာဟာ အခုတော် ခြားနားသွားပြီ-(မှန်ပါ့) မခြားနားဘူးလား... (ခြားနားပါတယ်ဘုရား)။

ဘယ်လောက်ထိအောင် ခြားနားသတုံးလို့ အမေးထုတ်တော့မှ ဟုတ်လား... နိဗ္ဗာန် ရ-မရ ခြားနားတယ်... (မှန်ပါ့) ဘယ်လိုခြားနားသတုံး... (နိဗ္ဗာန် ရ-မရခြားနားပါတယ်ဘုရား)။

အဲဒါ့ကြောင့် မင်းတို့ ဆွမ်းတကာတွေ့ မနက်ကို ဆွမ်းကျွေးမည့်သူတွေ့ နှလုံးသွင်း မှန်မှန်သွင်းထားပါ၊ ရှင်းပလား.... မောင်ဘဦး....(ရှင်းပါပြီဘုရား)။

အေး....နှလုံးသွင်း မှန်မှန်သွင်းထားလို့ရှိယင်တော့ ရမှာဘဲ-(မှန်ပါ့) နှလုံးသွင်း မှန်မှန်မသွင်းလို့ရှိယင် ...(မရပါ) မရနိုင်ဘူးဆိုတာ သေချာပလား....(သေချာပါပြီ) ကဲ....ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားနဲ့ ဘာနဲ့ တူသတုံးဆိုတော့ ဆီဆုံထဲ သဲထည့်ကြိတ်တာနဲ့ တူတယ် ..(မှန်ပါ့)ဘယ်တော့မှ ဆီမထွက်ဘူး....(မှန်ပါ့) နှလုံးသွင်းမှန်တဲ့ ပုဂ္ဂိုလ်ဟာ ဆီဆုံထဲ နှမ်းထည့်ကြိတ်တာနဲ့....(တူပါတယ်)တူတော့ ထွက်စေသတည်း, မထွက်စေသတည်း လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ "စေသတည်း" ဆိုတဲ့ ဆုတောင်းကလိုရင်းလား- နှလုံးသွင်းမှန်ဘို့က လိုရင်းလား....(နှလုံးသွင်းမှန်ဘို့ကလိုရင်းပါ ဘုရား)ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် နှလုံးသွင်းမှန်ဆိုတာ ဒီလိုလုပ်ပါတဲ့၊ ခန္ဓာကိုယ်ပေါ်မှာ အနိစ္စဆိုတာလဲ သူဘဲ၊ ဖြစ်ပျက်ဘဲ၊ ဒုက္ခဆိုတာကော (ဖြစ်ပျက်ပါဘဲ) အနတ္တဆိုတာကော....(ဖြစ်ပျက်ပါဘဲဘုရား) ရောဂါရယ်လို့ ရှိဆိုတာကော....(ဖြစ်ပျက်ပါဘဲ)ရောဂါရယ်လို့ ဖြစ်ပြီး သေနေတာဘဲ၊ မဟုတ်ဘူးလား.... (မှန်ပါ့) အနာတွေ့ရယ်လို့ ကြည့်လိုက်ပြန်တော့လဲ ခဏခဏအနာပေါက်ပြီး သေခြင်းဆိုး သေနေတာဘဲ... (မှန်ပါ့)သဘောကျပလား- (ကျပါပြီဘုရား)။

အဲဒီတော့ ဖြစ်ပျက်တလုံး မိလို့ရှိယင် ဒီတောလေးဆယ် အကုန်ပါသွားတာဘဲ... (မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်တွေ့မှ နှလုံးသွင်းမှန်မယ်၊ နှလုံးသွင်းမှန်မှ နိဗ္ဗာန်ရမယ်... (မှန်ပါ့) နှလုံးသွင်းမှားနဲ့ ဆိုယင်(မရပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှားသည် ဆိုဆုံထဲသဲထည့် ကြိတ်တာနဲ့ တူတယ်....(မှန်ပါ့)ထွက်ပါစေသတည်းလို့ ဆုတောင်းလဲမထွက်ပါဘူး၊ မထွက်ပါစေသတည်းဆိုယင်လဲ.... (မထွက်ပါဘုရား) ဘာဖြစ်လို့ တုံး-နှလုံးသွင်းမှားပြီ(မှန်ပါ့ဘုရား)။

နှမ်းထည့်ကြိတ်တဲ့ပုဂ္ဂိုလ်သည် တကာတကာမတို့ မထွက်စေသတည်းဆိုလဲ....(ထွက်ပါ့တယ်ဘုရား) ထွက်စေသတည်းဆိုလဲ.... (ထွက်ပါတယ်ဘုရား) သူက ဘာတုံး... (နှလုံးသွင်းမှန်ပါတယ်ဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ယနေ့ညဆုံးမတဲ့သည် ဟိုကျတော့ ကိုင်ကြပါ....တဲ့၊ နှလုံးသွင်းမှန်ဟာ ဘယ်အခြေအနေ ငါရောက် တယ်ဆိုတာ သိတော့ ခန္ဓာထဲမှာ ဟိုနေရာက ယားတာလဲ ဖြစ် ပျက်ဘဲ၊ ဒီနေရာက နာတာလဲ ဖြစ်ပျက်ဘဲ၊ မြင်စိတ်ကလေးလဲ ဖြစ်ပျက်ဘဲ၊ ကြားစိတ်လဲ ဖြစ်ပျက်ဘဲ၊ ဖြစ်ပျက်တွေ့တွေ့ယင် နှလုံးသွင်းမှန်ပြီ၊ ဆုမတောင်းနဲ့တော့ တခါတည်း သူ နိဗ္ဗာန် ရောက်တော့မယ်....(မှန်ပါ)။

တော်တော်ကြာ ဖြစ်ပျက်မှုန်းတဲ့ဥာဏ် လိုက်မလာဘူးလား (လိုက်လာပါတယ်ဘုရား) တော်တော်ကြာ ဖြစ်ပျက်ကို မလို ချင်တဲ့ဥာဏ်ကော.... (လိုက်လာပါတယ်) မလိုချင်တဲ့ဥာဏ်လာ တော့ နိဗ္ဗာန်မမြင်ပေဘူးလား.... (မြင်ပါတယ်ဘုရား) အဲဒါ ဘာပြုလို့ တုံးမေးယင် ဘယ်နှယ်ဖြေကြမလဲ.... (နှလုံးသွင်းမှန်လို့ ပါဘုရား)။

ဒါဖြင့် နှလုံးသွင်းမှန်ယင် ဆုမတောင်းနဲ့... (မှန်ပါ) ပါးစပ် က မနေနိုင်လို့ တောင်းနေကျမို့တောင်းလဲ နှလုံးသွင်းမှန်ပြီး တောင်းယင်တော့ ရမှာဘဲ... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား) မတောင်းဘဲနေကော.... (ရမှာပါဘဲဘုရား) ရမှာဘဲ ဆိုတာ၊ ယနေ့ သေချာပလား.... (သေချာပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြာခဏ်းစို့။

သာဓု....သာဓု...သာဓု

ဤတွင် အမှတ်စဉ် (၂၃) ပြီးပါပြီ။

ရန်ကုန်ခရိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသည့် သာစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက်-၁၃၀-ဗိုလ်ချုပ်လမ်း
(၂) ဗုဒ္ဓဓမ္မလောက စာစောင် - ရွှေတိုဏ်ဘုရားလမ်း။
(၃) ရွှေတိုဏ်ဘုရားတောင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ။
(၄) တံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း။
(၅) တင်ဆွေအေး စာအုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့။
(၆) သစ်ဘရားသားအယ်(လ်)ရုံစျေးချိုတော်မန္တလေး။
(၇) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းစျေးချို၊ ရင်း။
(၈) ဦးဘထွေး-ဂျစ်ကားဝံဆိပ် အထည်တိုက်မှ ရှာမြို့။
(၉) ဦးဘအုန်း-ဒေါ်ကျင်လွမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့။
(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်သီဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့။
(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ဘာမြို့။
(၁၂) ဦးမောင်ရှန်၊ ၁ - စကာဝ၀ါလမ်း၊ ရွှေတောင်ရပ်မော်လမြိုင်မြို့။
(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်စျေးအနီးဆင်ဖြူကျွန်း။
(၁၄) ဦးအုန်းမောင်၊မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၅) ဦးတင်၊ ဇမ္ဗူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၆) ဦးထွန်းလူ၊ အနော်မာလမ်းဒေါင့်၊ ဖျာပုံမြို့။